http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# ပရိဝါပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

မြန်မာပြန်ပရိဝါပါဠိ

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်စာတော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# ပရိဝါပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# ပရိဝါပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ဖိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇) –၃ | (၁၂) –၇ | (လျော့) |
| | | (သုတ္တန်) င–၃ | (၁၈) –၄ | (၁၁) –၄ | (လျော့) |
| | (၅) ရပ် | (၃) ပုံ | (၅၂) –၇ | (၄၀) –၁၁ | (လျော့) |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က-ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁

၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

---

## ခ-မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]

၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ-သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)

၇၇၆၂ သုတ်

---

## ဃ-အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း

၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊
ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄–ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄–၁) ခုဒ္ဒကနိကာယ် ဝိနည်း ပိဋက

( ၅ ကျမ်း - ၅ အုပ် )


| | | | |
|---|---|---|---|
| ၁၃.၄–၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကကဏ်) |
| ၁၄.၄–၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄–၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄–၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄–၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |


### (၄–၂) ခုဒ္ဒကနိကာယ် အဘိဓမ္မ ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )


| | | | |
|---|---|---|---|
| ၁၈.၄–၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄–၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| – | | ၃ ဓါတုကထာ | x |
| ၂၀.၄–၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄–၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄–၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (ဂ-၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | | |
|---|---|---|---|---|
| ၂၃. ဂ-၃. | ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ဂ-၃. | ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ဂ-၃. | ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ဂ-၃. | ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | ———— | ၁ |
| ၂၇. ဂ-၃ | ၅/၇ - | ၁၀ မိလိန္ဒပဉှာ | ———— | ၁ |
| ၂၈. ဂ-၃. | ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | ———— | ၁ |
| ၂၉. ဂ-၃. | ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | ———— | ၁ |
| | | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

ပရိတ်ပါဠိတော် မြန်မာပြန်

# မာတိကာ

အကြောင်းအရာ မျက်နှာအမှတ်

## အင်္ဂုတ္တိုရ်နိကာယ်

## ၁-ကဏ္ဍဗလဝါဒ


၁-ပါရာဇိကလေးပါး .... .... .... .... .... .... ၁
၂-သံဃာဒိသိသ်တဆယ့်သုံးပါး .... .... .... .... .... ၈
၃-အနိယတသိက္ခာပုဒ်နှစ်ပါး .... .... .... .... .... ၁၇
၄-နိဿဂ္ဂိပါစိတ်သုံးဆယ် .... .... .... .... .... .... ၂၄
(၁) ကထိနဝဂ် .... .... .... .... .... .... ၂၄
(၂) ကောသိယဝဂ် .... .... .... .... .... .... ၂၈
(၃) ပတ္တဝဂ် .... .... .... .... .... .... ၃၂
၅-ပါစိတ်ကိုးဆယ့်နှစ်ပါး .... .... .... .... .... .... ၃၆
(၁) မုသာဝါဒဝဂ် .... .... .... .... .... .... ၃၆
(၂) ဘူတဂါမဝဂ် .... .... .... .... .... .... ၄၀
(၃) ဩဝါဒဝဂ် .... .... .... .... .... .... ၄၄
(၄) ဘောဇနဝဂ် .... .... .... .... .... .... ၄၇
(၅) အစေလကဝဂ် .... .... .... .... .... .... ၅၁
(၆) သုရာပါနဝဂ် .... .... .... .... .... .... ၅၅
(၇) သပ္ပါဏကဝဂ် .... .... .... .... .... .... ၅၈
(၈) သဟဓမ္မိကဝဂ် .... .... .... .... .... .... ၆၂
(၉) ရာဇဝဂ် .... .... .... .... .... .... ၆၆
၆-ပါဋိဒေသနီလေးပါး .... .... .... .... .... .... ၇၂
၇-သေခိယခုနစ်ဆယ့်ငါးပါး .... .... .... .... .... ၇၄
(၁) ပရိမဏ္ဍလဝဂ် .... .... .... .... .... .... ၇၄
(၂) ဥဇ္ဇဂ္ဃိကဝဂ် .... .... .... .... .... .... ၇၅
(၃) ခမ္ဘကတဝဂ် .... .... .... .... .... .... ၇၇
(၄) ပိဏ္ဍပါတဝဂ် .... .... .... .... .... .... ၇၉
(၅) ကဗဠဝဂ် .... .... .... .... .... .... ၈၀
(၆) သုရုသုရုဝဂ် .... .... .... .... .... .... ၈၁
(၇) ပါဒုကဝဂ် .... .... .... .... .... .... ၈၃

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-ကတာပတ္တိဝါရ** | |
| ၁-ပါရာဇိကလေးပါး | .... | ၈၇ |
| ၂-သံဃာဒိသိသ်တဆယ့်သုံးပါး | .... | ၈၈ |
| ၄-နိဿဂ္ဂိပါစိတ်သုံးဆယ် | .... | ၉၁ |
| (၁) ကထိနဝဂ် | .... | ၉၁ |
| (၂) ကောသိယဝဂ် | .... | ၉၂ |
| (၃) ပတ္တဝဂ် | .... | ၉၃ |
| ၅-ပါစိတ်ကိုးဆယ့်နှစ်ပါး | .... | ၉၅ |
| (၁) မုသာဝါဒဝဂ် | .... | ၉၅ |
| (၂) ဘူတဂါမဝဂ် | .... | ၉၆ |
| (၃) ဩဝါဒဝဂ် | .... | ၉၈ |
| (၄) ဘောဇနဝဂ် | .... | ၉၉ |
| (၅) အစေလကဝဂ် | .... | ၁၀၀ |
| (၆) သုရာပါနဝဂ် | .... | ၁၀၂ |
| (၇) သပ္ပါဏကဝဂ် | .... | ၁၀၃ |
| (၈) သဟဓမ္မိကဝဂ် | .... | ၁၀၄ |
| (၉) ရာဇဝဂ် | .... | ၁၀၆ |
| ၆-ပါဋိဒေသနီလေးပါး | .... | ၁၀၈ |
| ၇-သေခိယခုနစ်ဆယ့်ငါးပါး | .... | ၁၀၈ |
| (၁) ပရိမဏ္ဍလဝဂ် | .... | ၁၀၈ |
| (၂) ဥဇ္ဇဂ္ဃိကဝဂ် | .... | ၁၀၉ |
| (၃) ခမ္ဘကတဝဂ် | .... | ၁၁၀ |
| (၄) ပိဏ္ဍပါတဝဂ် | .... | ၁၁၁ |
| (၅) ကဗဠဝဂ် | .... | ၁၁၂ |
| (၆) သုရုသုရုဝဂ် | .... | ၁၁၂ |
| (၇) ပါဒုကဝဂ် | .... | ၁၁၃ |
| | **၃-ဝိပတ္တိဝါရ** | ၁၁၄ |
| | **၄-သင်္ဂဟိတဝါရ** | ၁၁၅ |
| | **၅-သမုဋ္ဌာနဝါရ** | ၁၁၅ |
| | **၆-အဓိကရဏဝါရ** | ၁၁၅ |
| | **၇-သမထဝါရ** | ၁၁၆ |
| | **၈-သမုစ္စယဝါရ** | ၁၁၆ |

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်


### ၁-ကတ္တပညတ္တိဝါရ

၁-ပါရာဇိကလေးပါး .... .... .... .... .... ... ၁၁ဂ
၂-သံဃာဒိသိသ်စသည် .... .... .... .... .... .... ၁၂၁

### ၂-ကတာပတ္တိဝါရ

၁-ပါရာဇိကလေးပါး .... .... .... .... .... .... ၁၂၇
၂-သံဃာဒိသိသ်အခဏ်းစသည် .... .... .... .... .... ၁၂၉

### ၃-ဝိပတ္တိဝါရ .... .... .... ၁၃၂
### ၄-သင်္ဂဟိတဝါရ .... .... .... ၁၃၃
### ၅-သမုဋ္ဌာနဝါရ .... .... .... ၁၃၃
### ၆-အဓိကရဏဝါရ .... .... .... ၁၃၄
### ၇-သမထဝါရ .... .... .... ၁၃၄
### ၈-သမုစ္စယဝါရ .... .... .... ၁၃၅


## ဘိက္ခုနီဝိဘင်း


### ၁-ကတ္တပညတ္တိဝါရ

၁-ပါရာဇိကရှစ်ပါး .... .... .... .... .... .... ၁၃၉
၂-သံဃာဒိသိသ်ဆယ်ပါး.... .... .... .... .... .... ၁၄၅
၃-နိဿဂ္ဂိပါစိတ်တဆယ့်နှစ်ပါး .... .... .... .... .... ၁၅၀
၄-ပါစိတ်အာပတ်များ .... ... .... .... .... .... ၁၅၅
(၁) လသုဏဝင် .... .... .... .... .... .... ၁၅၅
(၂) ရတ္တန္ဓကာရဝင် .... .... .... .... .... .... ၁၅ဂ
(၃) နဟာနဝင် .... .... .... .... .... .... ၁၆၂
(၄) တုဝဋ္ဋဝင် .... .... .... .... .... .... ၁၆၅
(၅) စိတ္တာဂါရဝင် .... .... .... .... .... .... ၁၆၉
(၆) အာရာမဝင် .... .... .... .... .... .... ၁၇၂
(၇) ဂဗ္ဘိနီဝင် .... .... .... .... .... .... ၁၇၆
(၈) ကုမာရိဘူတဝင်.... .... .... .... .... .... ၁ဂ၀
(၉) ဆတ္တုပါဟနဝင်.... .... ... .... .... .... ၁ဂ၄
၅-ပါဋိဒေသနီအာပတ်များ .... .... .... .... .... ၁၉၀

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်


**၂-ကတာပတ္တိဝါရ**

၁-ပါရာဇိကအာပတ် .... ၁၉၃
၂-သံဃာဒိသိသ်အာပတ်များ .... ၁၉၅
၃-နိဿဂ္ဂိပါစိတ်အာပတ်များ .... ၁၉၇
၄-ပါစိတ်အာပတ်များ .... ၁၉၈
(၁) လသုဏဝဂ် .... ၁၉၈
(၂) ရတ္တန္ဓကာရဝဂ် .... ၂၀၀
(၃) နဟာနဝဂ် .... ၂၀၁
(၄) တုဝဋ္ဋဝဂ် .... ၂၀၂
(၅) စာရိတ္တဝဂ် .... ၂၀၃
(၆) အာရာမဝဂ် .... ၂၀၅
(၇) ဂဗ္ဘိနီဝဂ် .... ၂၀၆
(၈) ကုမာရိဘူတဝဂ်.... ၂၀၇
(၉) ဆတ္တုပါဟနဝဂ်.... ၂၀၉
၅-ပါဋိဒေသနီအာပတ် .... ၂၁၁

**၃-ဝိပတ္တိဝါရ** .... ၂၁၂
**၄-သင်္ဂဟဝါရ** .... ၂၁၃
**၅-သမုဋ္ဌာနဝါရ** .... ၂၁၃
**၆-အဓိကရဏဝါရ** .... ၂၁၄
**၇-သမထဝါရ** .... ၂၁၄
**၈-သမုစ္စယဝါရ** .... ၂၁၅

**၁-ကတ္ထပညတ္တိဝါရ** ....

၁-ပါရာဇိက .... ၂၁၇
၂-သံဃာဒိသိသ်စသည် .... ၂၂၀

**၂-ကတာပတ္တိဝါရ**

၁-ပါရာဇိကအာပတ် .... ၂၂၅
၂-သံဃာဒိသိသ်စသည် .... ၂၂၇
(၃) ဝိပတ္တိဝါရ .... ၂၂၉
(၄) သင်္ဂဟဝါရ .... ၂၃၉
(၅) သမုဋ္ဌာနဝါရ .... ၂၃၀
(၆) အဓိကရဏဝါရ .... ၂၃၀
(၇) သမထဝါရ .... ၂၃၁
(၈) သမုစ္စယဝါရ .... ၂၃၁

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## သမုဋ္ဌာန်ခေါင်းစဉ်အကျဉ်းချုပ်

## အာပတ္တိသမုဋ္ဌာန်အကျဉ်းချုပ်


သမုဋ္ဌာန်တဆယ့်သုံးပါး—
(၁) ပဌမပါရာဇိကသမုဋ္ဌာန် .... .... .... .... .... ၂၃၅
(၂) ဒုတိယပါရာဇိကသမုဋ္ဌာန်.... .... .... .... .... ၂၃၅
(၃) သဉ္စရိတ္တသမုဋ္ဌာန် .... .... .... .... .... ၂၃၆
(၄) သမနုဘာသနသမုဋ္ဌာန် .... .... .... .... .... ၂၃၇
(၅) ကထိနသမုဋ္ဌာန် .... .... .... .... .... ၂၃၈
(၆) ဧဠကလောမသမုဋ္ဌာန် .... .... .... .... .... ၂၃၈
(၇) ပဒသောဓမ္မသမုဋ္ဌာန် .... .... .... .... .... ၂၃၉
(၈) အဒ္ဓါနသမုဋ္ဌာန် .... .... .... .... ... ၂၃၉
(၉) ထေယျသတ္တသမုဋ္ဌာန် .... .... .... .... .... ၂၄၀
(၁၀) ဓမ္မဒေသနာသမုဋ္ဌာန် .... .... .... .... .... ၂၄၀
(၁၁) ဘူတာရောစနသမုဋ္ဌာန် .... .... .... .... .... ၂၄၁
(၁၂) စောရီဝုဋ္ဌာပနသမုဋ္ဌာန် .... .... .... .... ... ၂၄၁
(၁၃) အနနုညာတသမုဋ္ဌာန် .... .... .... .... .... ၂၄၁


# အဋ္ဌကထာပေယျာလ


ကတိပုစ္ဆာဝါရ .... ... .... .... .... .... ၂၄၃

**၁-ဆအာပတ္တိသမုဋ္ဌာနဝါရ**

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးကိုပြဆိုရာ .... .... .... ၂၄၉
**၂-ကတာပတ္တိဝါရ** .... .... .... .... .... .... ၂၅၁
**၃-အာပတ်သင့်ခြင်းအကြောင်းဂါထာများ** .... .... .... ၂၅၇
**၄-ဝိပတ္တိပစ္စယဝါရ** .... .... .... .... .... .... ၂၅၉
**၅-အဓိကရဏပစ္စယဝါရ** .... .... .... .... .... ၂၆၂

သမထဘေဒ

**၆-အဓိကရဏ ပရိယာယဝါရ** .... .... .... .... .... ၂၆၇
**၇-သာဓာရဏဝါရ** .... .... .... .... .... .... ၂၇၀
**၈-တဗ္ဘာဂိယဝါရ** .... .... .... .... .... .... ၂၇၁
**၉-သမထာသမထဿ သာဓာရဏဝါရ** .... .... .... ... ၂၇၂
**၁၀-သမထာသမထဿ တဗ္ဘာဂိယဝါရ** .... .... .... .... ၂၇၂

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **သမထဘေဒ** | |
| ၁၁-သမထသမ္မုခါဝိနယဝါရ | | ၂၇၃ |
| ၁၂-ဝိနယဝါရ | | ၂၇၄ |
| ၁၃-ကုသလဝါရ | | ၂၇၅ |
| ၁၄-ယတ္ထဝါရပုစ္ဆာဝါရ | | ၂၇၆ |
| ၁၅-သမထဝါရ ဝိဿဇ္ဇနာဝါရ | | ၂၇၇ |
| ၁၆-သံသဋ္ဌဝါရ | | ၂၇၉ |
| ၁၇-သမ္မတိဝါရ | | ၂၇၉ |
| ၁၈-သမ္မန္တိန သမ္မန္တိဝါရ | | ၂၈၁ |
| ၁၉-သမထာဓိကရဏဝါရ | | ၂၈၄ |
| ၂၀-သမုဋ္ဌာပနဝါရ | | ၂၈၇ |
| ၂၁-ဘဇတိဝါရ | | ၂၈၈ |
| | ခန္ဓကပုစ္ဆာဝါရ | ၂၉၁ |
| | **ဧကုတ္တရိကနယ** | |
| (၁) ဧကကဝါရ | | ၂၉၅ |
| (၂) ဒုကဝါရ | | ၂၉၆ |
| (၃) တိကဝါရ | | ၃၀၃ |
| (၄) စတုက္ကဝါရ | | ၃၁၁ |
| (၅) ပဉ္စကဝါရ | | ၃၁၉ |
| (၆) ဆက္ကဝါရ | | ၃၂၇ |
| (၇) သတ္တကဝါရ | | ၃၃၀ |
| (၈) အဋ္ဌကဝါရ | | ၃၃၄ |
| (၉) နဝကဝါရ | | ၃၃၅ |
| (၁၀) ဒသကဝါရ | | ၃၃၆ |
| (၁၁) ဧကာဒသကဝါရ | | ၃၃၉ |
| | **ဥပုသ်စသည်ကို မေးဖြေခြင်း** | |
| အစ အလယ် အဆုံး အမေး | | ၄၄၃ |
| အစ အလယ် အဆုံး အဖြေ | | ၃၄၄ |
| အတ္ထဝသ ပကရဏ | | ၃၄၅ |

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

# ဂါထာသင်္ဂဏိက


၁-ခုနစ်ပြည့်၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ် .... .... .... ၃၄၈
၂-ဝိပတ္တိလေးပါး .... .... .... .... .... .... ၃၅၀
၃-ဆေဒနက အာပတ် စသည် .... .... .... .... .... ၃၅၁
၄-အသာခာရဏ အာပတ် စသည်.... .... .... .... .... ၃၅၁
၅-ပါရာဇိက အာပတ် စသည် .... .... .... .... .... ၃၅၃


# အဓိကရဏဘေဒ


၁-ဥက္ကောဋနဘေဒ စသည် .... .... .... .... ... ၃၅၆
၂-အဓိကရဏ်း၏အကြောင်း စသည် .... .... .... .... ၃၅၇
၃-အဓိကရဏ်း၏မူလ စသည် .... .... .... .... .... ၃၅၉
၄-အဓိကရဏ်းဟူသော အကြောင်းကြောင့် သင့်သောအာပတ် .... .... ၃၅၉
၅-အဓိကရဏ်း၏အစိပ်ပွါယ် .... .... .... .... .... ၃၆၃
၆-ပုစ္ဆာဝါရ .... .... .... .... .... .... ၃၆၅
၇-ဝိဿဇ္ဇနာဝါရ .... .... .... .... .... .... ၃၆၆
၈-သံသဋ္ဌဝါရ .... .... .... .... .... .... ၃၆၆
၉-သမထ ခုနစ်ပါး၏နိဒါန်း .... ... .... .... .... ၃၆၇
၁၀-သမထခုနစ်ပါး၏ အထူးအပြား စသည် .... .... .... .... ၃၇၀


# တပါးသောဂါထာသင်္ဂဏိက


၁-စောဒနာခြင်းစသည် အမေးအဖြေ .... .... .... .... ၃၇၄


### စောဒနာအခဏ်း


၁-ဝိနည်းဓိုရ်၏ မေးစိစစ်ခြင်း .... .... .... .... .... ၃၇၆
၂-စောဒကစသည်တို့၏ ကျင့်ဝတ်.... .... .... .... .... ၃၇၈
၃-စောဒက၏ မိမိကိုယ်ကို ရှုမြင်ခြင်း .... .... .... .... ၃၈၀


# စူဠသင်္ဂါမ


၁-ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ကျင့်ဝတ် .... .... .... .... .... ၃၈၃

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## မဟာသင်္ဂါမ


၁-ဆုံးဖြတ်သောရဟန်း သိအပ်သော အရာ စသည် .... .... .... ၃၇၅
၂-အဂတိသို့ မလိုက်သင့်ပုံ .... .... .... .... .... ၃၇၇
၃-အဂတိသို့ မလိုက်ခြင်း .... .... .... .... .... ၃၇၉
၄-သိစေအပ်သောအရာ စသည် .... .... .... .... .... ၃၉၁
၅-သုတပါး အသင်းအပင်းစသည်ကို မထီမဲ့မြင်ပြုခြင်း .... .... .... ၃၉၂
၆-ဝိနည်းဓိုရ်၏ မေးစိစစ်ခြင်း .... .... .... .... .... ၃၉၃
၇-အမေးပုစ္ဆာကို ဝေဖန်ခြင်း .... .... .... .... .... ၃၉၅


## ကထိနဘေဒ


၁-ကထိန်ခင်းခြင်း စသည် .... .... .... .... .... ၃၉၈
၂-ကထိန်၏ အနန္တရပစ္စည်း စသည် .... .... .... .... ၃၉၉
၃-ပုဗ္ဗကရဏနိဒါန်း စသည် ဝေဖန်ခြင်း .... .... .... .... ၄၀၁
၄-ကထိန်စသည် သိအပ်ပုံကို ဝေဖန်ခြင်း .... .... .... .... ၄၀၅
၅-ပုဂ္ဂိုလ်၏သာလျှင် ကထိန်ခင်းခြင်း .... .... .... .... ၄၀၇
၆-ပလိဗောဓ အမေးအဖြေ .... .... .... .... .... ၄၀၈


## ဥပါလိပဉ္စက


၁-အနိဿိတဝဂ် .... .... .... .... .... .... ၄၁၁
၂-နပ္ပဋိပ္ပဿမ္ဘနဝဂ် .... .... .... .... .... .... ၄၁၆
၃-ဝေါဟာရဝဂ် .... .... .... .... .... .... ၄၂၀
၄-ဒိဋ္ဌာဝိကမ္မဝဂ် .... .... .... .... .... .... ၄၂၄
၅-အတ္တာဒါနဝဂ် .... .... .... .... .... .... ၄၃၀
၆-ဓုတင်္ဂဝဂ် .... .... .... .... .... .... ၄၃၇
၇ မုသာဝါဒဝဂ် .... .... .... .... .... .... ၄၃၉
၈-ဘိက္ခုနောဝါဒဝဂ် .... .... .... .... .... ၄၄၂
၉-ဥဗ္ဗာဟိကဝဂ် .... .... .... .... .... .... ၄၄၆
၁၀-အဓိကရဏ ဝူပသမဝဂ် .... .... .... .... .... ၄၅၀
၁၁-သံဃဘေဒကဝဂ် .... .... .... .... .... .... ၄၅၃
၁၂-ဒုတိယ သံဃဘေဒကဝဂ် .... .... .... .... .... ၄၅၅
၁၃-အာဝါသိကဝဂ် .... .... .... .... .... ၄၅၈
၁၄-ကထိနတ္ထာရဝဂ် .... .... .... .... .... ၄၆၀

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## အတ္ထုပ္ပတ္တိသမုဋ္ဌာန်


၁-ပါရာဇိက ၄၆၃
၂-သံဃာဒိသိသ် ၄၆၄
၃-ပါရာဇိကစသည် ၄၆၆


## ဒုတိယဂါထာသင်္ဂဏိက


၁-ကာယဒွါရစသည်၌ ဖြစ်သောအာပတ် ၄၆၈
၂-ဒေသနာဂါမိစသော အာပတ် ၄၆၉
၃-ပါစိတ် ၄၇၁
၄-ရှိမခိုးအပ်သော ပုဂ္ဂိုလ် စသည် ၄၇၃
၅-သောဠသက စသည် ၄၇၅


## သေဒမောစနဂါထာ


၁-အဝိပ္ပဝါသပဉ္ဟာ ၄၇၈
၂-ပါရာဇိကာဒိပဉ္ဟာ ၄၇၉
၃-ပါစိတ္တိယာဒိပဉ္ဟာ ၄၈၁


## ပဉ္စဝဂ်


၁-ကမ္မဝဂ် ၄၈၄
၂-အတ္ထဝသဝဂ် ၄၈၉
၃-ပညတ္တဝဂ် ၄၉၁
၄-အပညတ္တေပညတ္တဝဂ် ၄၉၁
၅-နဝသင်္ဂဟဝဂ် ၄၉၃


မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက်ပြုလုပ် ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

* ဤကဲ့သို့ ချရားပွင့်ကိုပြလျှင် ၎င်းချရားပွင့်ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဖော်ပြထားသည်ဟု သိမှတ်ရန်။ အချို့နေရာ၌ ချရားပွင့်အစား ဂဏန်းဖြင့် ပြထားသည်—အဓိပ္ပါယ်အတူပင် ဖြစ်၏။

http://www.dhammadownload.com

## ဝိနည်းပိဋကတ်

# ပရိဝါပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-သောဠသ မဟာဝါရ

## မဟာဝိဘင်း

### ၁-ကတ္ထပညတ္တိဝါရ

#### ၁-ပါရာဇိက လေးပါး

၁။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တော်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ပဌမပါရာဇိက သိက္ခာပုဒ်ကို အဘယ်အရပ်ဒေသ၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူပါသနည်း။ ထိုပဌမ ပါရာဇိကသိက္ခာပုဒ်၌ (မူလ) ပညတ်သည် ရှိသလော၊ အနုပညတ် 'နောက်ထပ်ပညတ်'သည် ရှိသလော၊ အနုပ္ပန္နပညတ် 'ဖြစ်မှုမပေါ်သေးမီ သိစေအပ်သောပညတ်' သည် ရှိသလော၊ ထိုပဌမ ပါရာဇိကသိက္ခာပုဒ်သည် မဇ္ဈိမဒေသ ပစ္စန္တိမဇနပုဒ်အရပ်နှစ်ပါးလုံး၌ သိစေအပ်သော ပညတ်လော၊ ပဒေသပညတ် 'မဇ္ဈိမဒေသအရပ်၌သာ သိစေအပ်သော ပညတ်'လော၊ သာဓာရဏပညတ် 'ရဟန်းယောကျ်ား ရဟန်းမိန်းမနှစ်ဦးတို့အား ဆက်ဆံသော ပညတ်'လော၊ အသာဓာရဏပညတ်'ရဟန်းမိန်းမတို့နှင့်မဆက်ဆံပဲ ရဟန်းယောကျ်ားတို့အားသာ၊ ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံပဲ ရဟန်းမိန်းမတို့အားသာ ဆက်ဆံသော ပညတ်'လော၊ ဧကတောပညတ် 'ရဟန်းယောကျ်ားအတွက်သာ သက်သက်သိစေအပ်သော၊ ရဟန်းမိန်းမအတွက်သာ သက်သက် သိစေအပ်သော ပညတ်'လော၊ ဥဘတောပညတ် 'ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဦးတို့အား သိစေအပ်သောပညတ်'လော။

http://www.dhammadownload.com



ထိုပဌမပါရာဇိကသိက္ခာပုဒ်သည် ငါးပါးသော ပါတိမောက်ပြခြင်းတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း၊ အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်သနည်း၊ လေးပါးသောဝိပတ္တိ 'ပျက်စီးခြင်း' တို့တွင် အဘယ်ဝိပတ္တိ'ပျက်စီးခြင်း' နည်း၊ အာပတ်ခုနစ်ပုံတို့တွင် အဘယ်အာပတ်အပုံနည်း၊ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း၊ အဓိကရုဏ်း လေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းနည်း၊ ငြိမ်းစေအကြောင်း 'သမထ' ခုနစ်မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း 'သမထ' တို့ဖြင့် ငြိမ်းအေးသနည်း။

ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ ဝိနယဟူသည် အဘယ်နည်း၊ အဘိဝိနယဟူသည် အဘယ်နည်း၊ ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ အဓိပါတိမောက်ဟူသည် အဘယ်နည်း၊ ထိုပဌမပါရာဇိကသိက္ခာပုဒ်၌—

ဝိပတ္တိ 'ပျက်စီးခြင်း' ကား အဘယ်နည်း။

သမ္ပတ္တိ 'ပြည့်စုံခြင်း' ကား အဘယ်နည်း။

ပဋိပတ္တိ 'ပြုကျင့်ခြင်း' ကား အဘယ်နည်း။

အဘယ်မျှလောက်ကုန်သော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ပဌမပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်သနည်း၊ အဘယ်သူတို့သည် ကျင့်ကုန်သနည်း၊ အဘယ်သူတို့သည် ကျင့်အပ်ပြီးသော သိက္ခာရှိကုန်သနည်း၊ အဘယ်သူတို့၌တည်သနည်း၊ အဘယ်သူတို့သည် နှုတ်တက်အာဂုံဆောင်ကုန်သနည်း၊ အဘယ်သူ၏ စကားနည်း၊ အဘယ်ဆရာသည် ဆရာစဉ် ဆက်ဆောင်ခဲ့သနည်း၊ (ဤကား အမေး စကားရပ်တည်း)။

၂။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တော်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ပဌမပါရာဇိကသိက္ခာပုဒ်ကို အဘယ် အရပ်ဒေသ၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ကလန္ဒသူဌေးသား သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ကလန္ဒသူဌေးသား သုဒိန်၏ မယားဟောင်း၌ မေထုန်မှီဝဲခြင်း အကြောင်းကြောင့် ပညတ် တော်မူအပ်ပါသည်။

ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ (မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္န ပညတ် ရှိသလော။

ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ (မူလ) ပညတ်တမျိုး အနုပညတ်နှစ်မျိုးတို့သည် ရှိကုန်၏၊ ထိုပဌမ ပါရာဇိကသိက္ခာပုဒ်၌ အနုပ္ပန္နပညတ်မရှိ။

ထိုပဌမပါရာဇိကသိက္ခာပုဒ်သည် သဗ္ဗတ္ထ ပညတ်လော၊ ပဒေသပညတ်လော။

သဗ္ဗတ္ထပညတ်တည်း။

http://www.dhammadownload.com



ထိုပဌမပါရာဇိကသိက္ခာပုဒ်သည်---

သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။

သာဓာရဏပညတ်တည်း။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။

ဥဘတောပညတ်တည်း။

ပါတိမောက်ပြခြင်း ငါးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ် ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။

နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏ အဖြစ်သို့ ရောက်သနည်း။

ဒုတိယအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏ အဖြစ်သို့ ရောက်၏။

ဝိပတ္တိ 'ပျက်စီးခြင်း' လေးမျိုးတို့တွင် အဘယ်ဝိပတ္တိနည်း။

သီလဝိပတ္တိ 'သီလပျက်စီးခြင်း' တည်း။

အဘယ်အာပတ်အစုဖြစ်သနည်း။

ပါရာဇိကအာပတ်အစုဖြစ်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ ကြောင့် ဖြစ်သနည်း။

အကြောင်းတပါးကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်း ဖြစ်သနည်း။

အာပတ္တာဓိကရုဏ်းဖြစ်၏။

ငြိမ်းအေးကြောင်း 'သမထ' ခုနစ်မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း 'သမထ' တို့ဖြင့် ငြိမ်းအေးသနည်း။

သမ္မုခါဝိနယ ပဋိညာတကရဏနှစ်မျိုးတို့ဖြင့် ငြိမ်းအေး၏။

ပဌမပါရာဇိကသိက္ခာပုဒ်၌ ဝိနယဟူသည် အဘယ်နည်း၊ အဘိဝိနယဟူသည် အဘယ်နည်း။

ပညတ် 'အကြင်ရဟန်းသည် အစရှိသဖြင့်ဟောအပ်သောမာတိကာ'သည် ဝိနယမည်၏၊ ဝိဘင်း 'ပုဒ်ကိုခွဲခြားဝေဘန်ခြင်း ပဒဘာဇနီ'သည် အဘိဝိနယမည်၏။

ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ အဓိပါတိမောက်ဟူသည် အဘယ်နည်း။

ပညတ်သည် ပါတိမောက်မည်၏၊ ဝိဘင်းသည် အဓိပါတိမောက်မည်၏။

ဝိပတ္တိ 'ပျက်စီးခြင်း'ကား အဘယ်နည်း။

သိက္ခာပုဒ်ကို မစောင့်စည်းခြင်း 'လွန်ကျူးခြင်း'သည် ဝိပတ္တိ 'ပျက်စီးခြင်း' မည်၏။

http://www.dhammadownload.com



သမ္ပတ္တိ 'ပြည့်စုံခြင်း'ကား အဘယ်နည်း။

သိက္ခာပုဒ်ကို စောင့်စည်းခြင်း 'မလွန်ကျူးခြင်း'သည် သမ္ပတ္တိ 'ပြည့်စုံခြင်း'မည်၏။

ပဋိပတ္တိ 'အကျင့်'ကား အဘယ်နည်း။

"ဤသို့သဘောရှိသော မကောင်းသော အကျင့်ကို အသက်ရှည်သရွေ့ ကာလပတ်လုံး အသက်ဆုံးသည်တိုင်အောင် ငါမပြုလုပ်တော့အံ့"ဟု ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်သုံးခြင်းသည် ပဋိပတ္တိအကျင့်မည်၏။

မြတ်စွာဘုရားသည် အဘယ်မျှလောက်ကုန်သော အကျိုးထူးတို့ကို အကြောင်းပြု၍ ပဌမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသနည်း။

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်။ (၂) သံဃာတော်များ ချမ်းသာစေရန်။ (၃) အကျင့်သီလဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်။ (၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန်။ (၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်။ (၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်။ (၇) မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန်။ (၈) ကြည်ညိုပြီးသောသူတို့ကို တိုး၍ကြည်ညိုစေရန်။ (၉) သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန်။ (၁၀) ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ရန် ဟူသော ဤအကျိုးထူးဆယ်ပါးကို အကြောင်းပြု၍ ပဌမပါရာဇိကသိက္ခာပုဒ်ကို မြတ်စွာဘုရားပညတ်တော်မူအပ်ပါသည်။

အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်သနည်း။

သေက္ခပုဂ္ဂိုလ် 'ရဟန္တာကို ကြည်၍ ကျင့်ဆဲဖြစ်သော အရိယာခုနစ်ယောက်' ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်၏။

အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်သနည်း။

ရဟန္တာပုဂ္ဂိုလ်တို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်၏။

အဘယ်ပုဂ္ဂိုလ်တို့၌ တည်သနည်း။

ကျင့်ခြင်း၌ အလိုရှိကုန်သော ပုဂ္ဂိုလ် 'ကျင့်လိုသောပုဂ္ဂိုလ်' တို့၌ တည်၏။

အဘယ်ပုဂ္ဂိုလ်တို့သည် ပဌမပါရာဇိကသိက္ခာပုဒ်ကို ဆောင်ကုန်သနည်း။

အကြင်ပုဂ္ဂိုလ်တို့သည် ပဌမပါရာဇိကသိက္ခာပုဒ်ကို လေ့လာကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဆောင်ကုန်၏။

ပဌမပါရာဇိကသိက္ခာပုဒ်သည် အဘယ်သူ၏ စကားဖြစ်သနည်း၊ ပဌမပါရာဇိကသိက္ခာပုဒ်သည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တော်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ စကားတော်ဖြစ်၏။

အဘယ်သူသည် ဆောင်ခဲ့သနည်း။

ဆရာအဆက်ဆက်သည် ဆောင်ခဲ့၏။

http://www.dhammadownload.com



၃။ ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တကွ ထိုရဟန္တာအသျှင်မြတ်ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠ်နက်အာဂုံဆောင်၍) ပို့ချတော်မူကြကုန်၏။

ထို့နောက် မဟိန္ဒမထေရ် ဣဋ္ဋိယမထေရ် ဥတ္တိယမထေရ် ထိုမှတပါး၊ သမ္ဗလမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌သိသော) ပညာရှိသော ဘဒ္ဒနာမမထေရ်။

ကြီးသောပညာရှိကုန်သော ထိုရဟန္တာအသျှင်တို့သည် ဇမ္ဗူဒိပ်ကျွန်းမှ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြကုန်၏။

(မဟိန္ဒမထေရ်စသော) ထိုရဟန္တာတို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို ပို့ချတော်မူကုန်၏၊ နိကာယ်ငါးရပ်တို့ကိုလည်း အဘိဓမ္မာခုနစ်ကျမ်းတို့ကိုလည်း ပို့ချတော်မူကြကုန်၏။

ထို့နောက် ထိုးထွင်းသော ပညာရှိသော အရိဋ္ဌမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော တိဿဒတ္တမထေရ် ရွံရှာခြင်းကင်း ရဲတင်းသော ပညာရှိသော ကာဠသုမနမထေရ် ဒီဃအမည်ရှိသောမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌သိသော) ပညာရှိသော ဒီဃသုမနမထေရ်။

တဖန်တုံ ကာဠသုမနမထေရ် နာဂမထေရ် ဗုဒ္ဓရက္ခိတမထေရ် ထိုးထွင်းသော ဉာဏ်ပညာရှိသော တိဿမထေရ် (ပစ္စုပ္ပန်သံသရာကျိုးနှစ်ဖြာ၌သိသော) ပညာရှိသော ဒေဝမထေရ်။

တဖန်တုံ ဝိနည်းပိဋကတ်၌ ရွံရှာခြင်းကင်း ရဲတင်းသော ထိုးထွင်း၍ သိသော ဉာဏ်ပညာရှိသော သုမနမထေရ် ဖျက်ဆီးထိုးပစ်နိုင်ခဲသော ဆင်ပြောင်ကြီးကဲ့သို့ များသော အကြားအမြင်ရှိသော စူဠနာဂမထေရ်။

ရေဟာဏဇနပုဒ်၌ သူတော်ကောင်းတို့သည် ကိုးကွယ်ပူဇော်အပ်သော ဓမ္မပါလိတ အမည်ရှိသော မထေရ် ထိုဓမ္မပါလိတမထေရ်၏တပည့် ပိဋကတ်သုံးပုံ နှုတ်တက် အာဂုံဆောင်ပြီးလျှင် ကြီးသော ပညာရှိသည်ဖြစ်၍ နက္ခတ်တာရာကြယ်တကာတို့၏ မင်းဖြစ်သော လကဲ့သို့ သီဟိုဠ်ကျွန်း၌ ပညာရောင်ဖြင့် အလွန်တင့်တယ်သော ခေမမည်သော မထေရ်၊ ထိုးထွင်းသော ဉာဏ်ပညာရှိသော ဥပတိဿမထေရ် တရားဟောပုဂ္ဂိုလ်ကြီး ဖြစ်သော ဖုဿဒေဝမထေရ်။

တဖန်တုံ ထိုးထွင်းသော ဉာဏ်ပညာရှိသော သုမနမထေရ် များသောအကြားအမြင် ရှိသော မဟာပဒုမမထေရ် (သို့မဟုတ်မဟာသုမနမထေရ်) ပိဋကတ်သုံးပုံအလုံးစုံ၌ လိမ္မာ နိုင်နင်းသော တရားဟောပုဂ္ဂိုလ်ကြီးဖြစ်သော မဟာသိဝမထေရ်။

တဖန်တုံ ဝိနည်း ပိဋကတ်၌ ရွံရှာခြင်းကင်း ရဲတင်းသော ထိုးထွင်းသော ဉာဏ်ပညာ ရှိသော ဥပါလိမထေရ် သူတော်ကောင်းတရားအနွယ်၌ လိမ္မာသော ကြီးသော ပညာရှိသော မဟာနာဂ မထေရ်။

တဖန်တုံ ပိဋကတ်သုံးပုံ အလုံးစုံ၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာရှိသော အဘယမထေရ် ဝိနည်းပိဋကတ်၌ ရွံရှာခြင်းကင်း ရဲတင်းသော ထိုးထွင်းသော ဉာဏ် ပညာရှိသော တိဿမထေရ်။

http://www.dhammadownload.com



ထိုတိဿမထေရ်၏ တပည့် ကြီးသော ပညာရှိသော များသောအကြားအမြင်ရှိသော ဇမ္ဗူဒိပ်ကျွန်း၌ သာသနာတော်ကို စောင့်ရှောက်လျက်တည်နေတော်မူသော သုမနအမည်ရှိသောမထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်းပိဋကတ်၌ ရွှံ့ရှာခြင်းကင်း ရဲဘင်းသော စူဠာဘယမထေရ် သူတော်ကောင်းတရားအနွယ်၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာရှိသော တိဿမထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်းပိဋကတ်၌ ရွှံ့ရှာခြင်းကင်း ရဲတင်းသော စူဠဒေဝမထေရ် ထိုးထွင်းသော ဉာဏ်ပညာရှိသော အလုံးစုံသော ဝိနည်းပိဋကတ်၌ လိမ္မာကျွမ်းကျင်သော သိဝမထေရ်။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန် လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာအသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံဆောင်၍) ပြသတော်မူကြကုန်၏။

၄။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဒုတိယပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အိုးထိန်းသည်၏သား အသျှင်ဓနိယကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အိုးထိန်းသည်၏သား အသျှင်ဓနိယ၏ ဗိမ္ဗိသာရမင်းကြီး၏ သစ်တို့ကို မပေးလှူပဲ ခိုးယူခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။ (မူလ) ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

သုံးပါးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၅။ တတိယ ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များပြားလှစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



**အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။**

များပြားလှစွာသော ရဟန်းတို့၏ အချင်းချင်းသတ်ဖြတ်မှု အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး အနုပညတ်တပါးရှိ၏၊ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။ သုံးပါးသောအကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ ရံခါ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

၆။ စတုတ္ထပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

**ဝေသာလီပြည်၌** ပညတ်တော်မူအပ်ပါသည်။

**အဘယ်သူကို** အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

**ဝဂ္ဂုမုဒါမြစ်ကမ်းအနီးအနား၌** နေကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဝဂ္ဂုမုဒါမြစ်ကမ်း၏ အနီးအနား၌ နေကုန်သော ရဟန်းတို့၏ အချင်းချင်း၏ ဥတ္တရိမနုဿဓမ္မ ဂုဏ်ကျေးဇူးကို လူတို့အား ပြောဆိုကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး အနုပညတ်တပါး ရှိ၏၊ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

သုံးပါးသောအကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

ပါရာဇိကလေးပါး ပြီး၏။

ထိုပါရာဇိကလေးပါး၏ အကျဉ်းချုပ်—

မေထုန်မှီဝဲခြင်း 'မေထုန' သိက္ခာပုဒ်၊ အရှင်မပေးသော သူတပါးပစ္စည်းကို ခိုးယူခြင်း 'အဒိန္နာဒါန' သိက္ခာပုဒ်၊ လူကို သတ်ဖြတ်ခြင်း 'မနုဿဝိဂ္ဂဟ' သိက္ခာပုဒ်၊ ချွန်မင်ဖိုလ် တရားကို လူတို့အား ပြောကြားခြင်း 'ဥတ္တရိမနုဿဓမ္မ' သိက္ခာပုဒ်၊ ဤလေးပါးသော ပါရာဇိကသိက္ခာပုဒ်တို့သည် ရဟန်းအဖြစ်ကို ဖြတ်ခြင်းအကြောင်းတို့တည်း၊ ယုံမှားသံသယ မရှိအပ်ကုန်။

ဤခွေကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com



## ၂-သံဃာဒိသိသ် တဆယ့်သုံးပါး

၇။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် လုံ့လပြု၍ သုတ်ကိုလွှတ်သော (လွှတ်စေသော)ရဟန်းအား သံဃာဒိသိသ် အာပတ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထိုသိက္ခာပုဒ်၌ (မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

ထိုသိက္ခာပုဒ်သည် သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော၊ သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။

ထိုသိက္ခာပုဒ်သည် ငါးပါးသော ပါတိမောက်ပြခြင်းတို့တွင်အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း၊ အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏အဖြစ်သို့ ရောက်သနည်း၊ လေးပါးသောဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိနည်း၊ ခုနစ်ပါးသောအာပတ်အစုတို့တွင် အဘယ်အာပတ်အစုနည်း၊ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းနည်း၊ ငြိမ်းအေးကြောင်း 'သမထ' ခုနစ်မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း'သမထ'တို့ဖြင့် ငြိမ်းအေးသနည်း၊ ထိုသိက္ခာပုဒ်၌ ဝိနယဟူသည် အဘယ်နည်း၊ ထိုသိက္ခာပုဒ်၌ အဘိဝိနယဟူသည် အဘယ်နည်း။

ထိုသိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ ထိုသိက္ခာပုဒ်၌ အဓိပါတိမောက်ဟူသည် အဘယ်နည်း။

ထိုသိက္ခာပုဒ်၌ ဝိပတ္တိကား အဘယ်နည်း၊သမ္ပတ္တိကား အဘယ်နည်း၊ ပဋိပတ္တိကား အဘယ်နည်း။

အဘယ်မျှလောက်ကုန်သော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် လုံ့လပြု၍ သုတ်ကို လွှတ်သော (လွှတ်စေသော) ရဟန်းအား သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသနည်း။

အဘယ်သူတို့သည် ကျင့်ကုန်သနည်း၊ အဘယ်သူတို့သည် ကျင့်အပ်ပြီးသော အကျင့် 'သိက္ခာ' ရှိကုန်သနည်း၊ အဘယ်သူတို့၌ တည်သနည်း၊ အဘယ်သူတို့သည် နှုတ်တက်အာဂုံ (ပါဠ်အနက်) ဆောင်ကုန်သနည်း၊ အဘယ်သူ၏ စကားနည်း၊ အဘယ်ဆရာသည် ဆရာစဉ်ဆက် ဆောင်ခဲ့သနည်း။ (ဤကား အမေးစကားစုတည်း)။

၈။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် လုံ့လပြု၍ သုတ်ကို လွှတ်သော (လွှတ်စေသော) ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်သေယျသကကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်သေယျသက၏ လုံ့လပြု၍ သုတ်ကို လွှတ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထိုသိက္ခာပုဒ်၌ မူလပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

ထိုသိက္ခာပုဒ်၌ (မူလ) ပညတ်တမျိုး အနုပညတ်တမျိုးရှိ၏၊ အနုပ္ပန္နပညတ်မရှိ။

ထိုသိက္ခာပုဒ်သည် သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော၊ သဗ္ဗတ္ထပညတ်တည်း။

သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော၊ အသာဓာရဏပညတ်တည်း။

ဧကတောပညတ်လော၊ ဥဘတော ပညတ်လော။ ဧကတောပညတ်တည်း။

ပါတိမောက်ပြခြင်းငါးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။

နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏ အဖြစ်သို့ ရောက်သနည်း။

တတိယ အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏ အဖြစ်သို့ ရောက်၏။

ဝိပတ္တိလေးမျိုးတို့တွင် အဘယ်ဝိပတ္တိနည်း။

သီလဝိပတ္တိ 'သီလပျက်စီးခြင်း'တည်း။

အာပတ်အစု ခုနစ်မျိုးတို့တွင် အဘယ်အာပတ်အစုဖြစ်သနည်း။

အာပတ်အစု ခုနစ်မျိုးတို့တွင် သံဃာဒိသိသ်အာပတ်အစုဖြစ်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အကြောင်းတပါးကြောင့်ဖြစ်၏၊ ကိုယ်ကြောင့်ငင်း စိတ်ကြောင့်ငင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းဖြစ်သနည်း။

အဓိကရုဏ်းလေးမျိုးတို့တွင် အာပတ္တာဓိကရုဏ်းဖြစ်၏။

ငြိမ်းအေးကြောင်း 'သမထ' ခုနစ်မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း 'သမထ' တို့ဖြင့် ငြိမ်းအေးသနည်း။

မျက်မှောက်မေးမြန်းစိစစ်ခြင်းတည်းဟူသော 'သမ္မုခါဝိနယ'၊ ဟုတ်မှန်ပါသည်ဟု ဝန်ခံခြင်း 'ပဋိညာတကရဏ' ဤသမထ နှစ်မျိုးတို့ဖြင့် ငြိမ်းအေး၏။

သိက္ခာပုဒ်၌ ဝိနယဟူသည် အဘယ်နည်း၊ အဘိဝိနယဟူသည် အဘယ်နည်း။

ပညတ်သည် ဝိနယမည်၏၊ ဝိဘင်းသည် အဘိဝိနယမည်၏။

http://www.dhammadownload.com



ထိုသိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ အဓိပါတိမောက်ဟူသည် အဘယ်နည်း။ ပညတ်သည် ပါတိမောက်မည်၏၊ ဝိဘင်းသည် အဓိပါတိမောက် မည်၏။

ဝိပတ္တိကား အဘယ်နည်း။

သိက္ခာပုဒ်ကို မစောင့်စည်းခြင်း 'ကျူးလွန်ခြင်း'သည် ဝိပတ္တိမည်၏။

သမ္ပတ္တိကား အဘယ်နည်း။

သိက္ခာပုဒ်ကို စောင့်စည်းခြင်း 'မလွန်ကျူးခြင်း' သည် သမ္ပတ္တိမည်၏။

ပဋိပတ္တိကား အဘယ်နည်း။

"ဤသို့ သဘောရှိသော (မကောင်းသော) အကျင့်ကို အသက်ရှည်သရွေ့ကာလပတ်လုံး အသက်ဆုံးသည်တိုင်အောင် ငါမပြုလုပ်တော့အံ့" ဟု ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်သုံးခြင်းသည် ပဋိပတ္တိမည်၏။

မြတ်စွာဘုရားသည် အဘယ်မျှလောက်ကုန်သော အကျိုးထူးတို့ကို အကြောင်းပြု၍ လုံ့လပြုလျက် သုက်ကို လွှတ်သော ရဟန်းအား သံဃာဒိသိသ်သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသနည်း။

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန် (၂) သံဃာတော်များ ချမ်းသာစေရန် (၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိပ်နင်းရန် (၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေထိုင်ရန် (၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန် (၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် (၇) မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန် (၈) ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန် (၉) သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန် (၁၀) ဝိနည်း 'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ရန်ဟူသော ဤအကျိုးထူးဆယ်ပါးကို အကြောင်းပြု၍ လုံ့လပြုလျက် သုက်ကို လွှတ်သော ရဟန်းအား (သုက္ကဝိဿဋ္ဌိ) သံဃာဒိသိသ် သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည်။

အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်သနည်း။

သေက္ခပုဂ္ဂိုလ် ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်၏။

အဘယ် ပုဂ္ဂိုလ်တို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်သနည်း။

ရဟန္တာပုဂ္ဂိုလ်တို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်၏။

အဘယ်ပုဂ္ဂိုလ်တို့၌ တည်သနည်း။

ကျင့်ခြင်း၌ အလိုရှိကုန်သော ပုဂ္ဂိုလ် 'ကျင့်လိုသောပုဂ္ဂိုလ်' တို့၌ တည်၏။

အဘယ်သူတို့သည် ဆောင်ကုန်သနည်း။

အကြင်ပုဂ္ဂိုလ်တို့သည် (သုက္ကဝိဿဋ္ဌိ) သံဃာဒိသိသ် သိက္ခာပုဒ်ကို လေ့လာကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဆောင်ကုန်၏။

http://www.dhammadownload.com



**အဘယ်သူ၏** စကားဖြစ်သနည်း။

**လူနတ်ပြဟ္မာ** သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော (**အလုံးစုံသော** တရားတို့ကို) **ကိုယ်တိုင်**မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ စကားတော်ဖြစ်၏။

**အဘယ်**သူသည် ဆောင်ခဲ့သနည်း၊ ဆရာအဆက်ဆက်သည် ဆောင်ခဲ့၏။

ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿ မထေရ်နှင့် တကွ ထိုရဟန္တာ အသျှင်မြတ် ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံဆောင်၍) ပို့ချတော်မူကြကုန်၏။

ထိုနောက် မဟိန္ဒမထေရ် ဣဋ္ဋိယမထေရ် ဥတ္တိယမထေရ် ထိုမှတပါး အမ္ဗလမထေရ် (ပစ္စုပ္ပန်သံသရာကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော ဘဒ္ဒနာမမထေရ် ကြီးသော ပညာရှိကုန်သော ထိုရဟန္တာ အသျှင်တို့သည် ဇမ္ဗူဒိပ်ကျွန်းမှ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြကုန်၏။

(မဟိန္ဒမထေရ်စသော) ထိုရဟန္တာတို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို ပို့ချတော်မူကုန်၏၊ နိကာယ်ငါးရပ်တို့ကိုလည်း အဘိဓမ္မာခုနစ်ကျမ်းတို့ကိုလည်း ပို့ချတော်မူကြကုန်၏။

ထို့နောက် ထိုးထွင်းသော ပညာရှိသော အရိဋ္ဌမထေရ် (ပစ္စုပ္ပန်သံသရာကျိုးနှစ်ဖြာ၌ **သိသော**) ပညာရှိသော တိဿဒတ္တမထေရ် ရွံရှာခြင်းကင်း ရဲတင်းသော ပညာရှိသော **ကာဠသုမနမထေရ်** 'ဒီဃအမည်ရှိသော မထေရ် (ပစ္စုပ္ပန်သံသရာကျိုးနှစ်ဖြာ၌ **သိသော**) **ပညာ**ရှိသော ဒီဃသုမနမထေရ်။

တဖန်တုံ ကာဠသုမနမထေရ် နာဂမထေရ် ဗုဒ္ဓရက္ခိတမထေရ် ထိုးထွင်းသော ဉာဏ်**ပညာ**ရှိသော တိဿမထေရ် (ပစ္စုပ္ပန်သံသရာကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော ဒေဝ**မထေရ်**။

တဖန်တုံ ဝိနည်းပိဋကတ်၌ ရွံရှာခြင်းကင်း ရဲတင်းသော ထိုးထွင်း၍ သိသော **ဉာဏ်** **ပညာ**ရှိသော သုမနမထေရ် ဖျက်ဆီးထိုးပစ်နိုင်ခဲသော ဆင်ပြောင်ကြီးကဲ့**သို့ များသော** အကြားအမြင်ရှိသော စူဠနာဂမထေရ်။

ရောဟဏဇနပုဒ်၌ သူ့တော်ကောင်းတို့သည် ကိုးကွယ်ပူဇော်အပ်သော ဓမ္မပါလိတ အမည်ရှိသော မထေရ် ထိုဓမ္မပါလိတမထေရ်၏ တပည့် ပိဋကတ်သုံးပုံနှုတ်တက်အာဂုံဆောင်ပြီးလျှင် ကြီးသောပညာရှိသည်ဖြစ်၍ နက္ခတ်တာရာ ကြယ်တာရာတို့၏ မင်းဖြစ်သောလကဲ့သို့ သီဟိုဠ်ကျွန်း၌ ပညာရောင်ဖြင့် အလွန်တင့်တယ်သော ခေမအမည်ရှိသော မထေရ်။ ထိုးထွင်းသော ဉာဏ်ပညာရှိသော ဥပတိဿမထေရ် တရားဟောပုဂ္ဂိုလ်ကြီး ဖြစ်သော ဖုဿဒေဝမထေရ်။

တဖန်တုံ ထိုးထွင်းသော ဉာဏ်ပညာရှိသော သုမနမထေရ် များသော အကြားအမြင်ရှိသော မဟာပဒုမမထေရ် (**သို့မဟုတ်**မဟာသုမနမထေရ်) ပိဋကတ်သုံးပုံ အလုံးစုံ၌ **လိမ္မာနိုင်နင်းသော တရားဟောပုဂ္ဂိုလ်ကြီးဖြစ်သော** မဟာသိဝမထေရ်။

http://www.dhammadownload.com



တဖန်တို့ ဝိနည်းပိဋကတ်၌ ရွှံ့ရှားခြင်းကင်း ရဲတင်းသော ထိုးထွင်းသော ဉာဏ်ပညာ ရှိသော ဥပါလိမထေရ် သူတော်ကောင်းတရားအနွယ်၌ လိမ္မာသော ကြီးသော ပညာ ရှိသော မဟာနာဂ မထေရ်။

တဖန်တို့ ပိဋကတ်သုံးပုံအလုံးစုံ၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာရှိသော အဘယမထေရ် ဝိနည်းပိဋကတ်၌ ရွှံ့ရှားခြင်းကင်း ရဲတင်းသော ထိုးထွင်းသော ဉာဏ်ပညာ ရှိသော တိဿမထေရ်။

ထိုတိဿမထေရ်၏တပည့် ကြီးသောပညာရှိသော များသောအကြားအမြင်ရှိသော ဇမ္ဗူဒိပ်ကျွန်း၌ သာသနာတော်ကို စောင့်ရှောက်လျက် တည်နေတော်မူသော သုမန အမည်ရှိသော မထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်းပိဋကတ်၌ ရွှံ့ရှားခြင်းကင်း ရဲတင်းသော စူဠာဘယမထေရ် သူတော်ကောင်းတရားအနွယ်၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာ ရှိသော တိဿမထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်းပိဋကတ်၌ ရွှံ့ရှားခြင်းကင်း ရဲတင်းသော စူဠဒေဝမထေရ် ထိုးထွင်းသော ဉာဏ်ပညာရှိသော အလုံးစုံသော ဝိနည်းပိဋကတ်၌ လိမ္မာ ကျွမ်းကျင်သော သိဝမထေရ်။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန်လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာအသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠ်နက်အာဂုံဆောင်၍) ပြတော်မူကြကုန်၏။

၉။ (ထိုထိုသိက္ခာပုဒ်ပညတ်ခြင်း၏ အခါကို) သိတော်မူသော (ထိုထိုသိက္ခာပုဒ်ပညတ်ခြင်း အကျိုးထူးတို့ကို) မြင်တော်မူသော (ကိလေသာရန်သူတို့ကို) ပယ်သတ်တော်မူသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် မာတုဂါမနှင့် အတူ တကွ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်သော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ မာတုဂါမနှင့် အတူ တကွ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်ခြင်းအကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏၊ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တပါးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

http://www.dhammadownload.com



၁၀။ မာတုဂါမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြောဆိုသော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ မာတုဂါမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြောဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်၊ (မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အကြောင်းသုံးမျိုးတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း၊ နှုတ်ကြောင့်ရင်း၊ စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၁။ မာတုဂါမထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုသော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ မာတုဂါမထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။ (မူလ) ပညတ်တပါးရှိ၏၊ အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် သုံးပါးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရင်း၊ စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း၊ စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း၊ နှုတ်ကြောင့်ရင်း၊ စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၂။ အောင်တမန်သွားလာခြင်း 'အောင်သွယ်ခြင်း'သို့ ရောက်သော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ အောင်တမန်သွားလာခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ စိတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်၊ စိတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၃။ ကိုယ်တိုင် တောင်းယူအပ်သော ပံခွပ်စသော အဆောက်အဦဖြင့် ကျောင်းကို ပြုစေသောရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့၏ ကိုယ်တိုင် တောင်းယူအပ်သော ပံခွပ်စသော အဆောက်အဦဖြင့် ကျောင်းတို့ကို ဆောက်လုပ်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးဘို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၄။ ကြီးသော ကျောင်းကို ပြုစေသော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နမထေရ်၏ ကျောင်းမြေဘာကို သုတ်သင်သောအခါ အမှတ်မရှိပူဇော်ရာဟူ၍ သမှတ်အပ်သော သစ်ပင်ကို ခုတ်ဖြတ်စေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၁၅။ ရဟန်းတပါးပါးကို (မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း)အရင်းမရှိပဲ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲနှိပ်စက်ဖျက်ဆီးသော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇက ရဟန်းတို့၏ မလ္လာမင်း၏သားဖြစ်သော အသျှင်ဒဗ္ဗကို (မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း) အရင်းမရှိပဲ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲနှိပ်စက်ဖျက်ဆီးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အကြောင်းသုံးမျိုး တို့ကြောင့် ဖြစ်၏။ပ။

၁၆။ ရဟန်းတပါးပါးကို မနုဿဇာတ် ရဟန်းအဖြစ်မှ တပါးသော တိရစ္ဆာန်ဇာတ်စသော အဖို့ရှိသော တိရစ္ဆာန်ဇာတ်၏ တည်ရာဖြစ်သော ဆိတ်ဖို၏ တစုံတခုသော အမြွက်မျှကို စွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲနှိပ်စက်ဖျက်ဆီးသော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇက ရဟန်းတို့၏ မလ္လာမင်း၏သား အသျှင်ဒဗ္ဗကို မနုဿဇာတ် ရဟန်းအဖြစ်မှ တပါးသော တိရစ္ဆာန်ဇာတ်စသော အဖို့ရှိသော တိရစ္ဆာန်ဇာတ်၏ တည်ရာဖြစ်သော ဆိတ်ဖို၏ တစုံတခုညွှန်အပ်သော အမြွက်မျှကို စွဲ၍ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အကြောင်းသုံးမျိုး တို့ကြောင့် ဖြစ်၏။ပ။

၁၇။ သုံးကြိမ်မြောက်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမပါလျက် အယူကို မစွန့်ပဲ သံဃာကို သင်းခွဲသော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်၏ ညီညွတ်သော သံဃာကို ကွဲပြားစိမ့်သောငှါ လုံ့လပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တပါးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၈။ သုံးကြိမ်မြောက်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမပါလျက် အယူကို မစွန့်ပဲ သံဃာကို သင်းခွဲသော ရဟန်းသို့ အစဉ်လိုက်ကြကုန်သော ရဟန်းတို့အား သံဃာဒိသိသ်အာပတ်ကို မြတ်စွာ ဘုရားသည် အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များပြားလှစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သံဃာကွဲပြားစိမ့်သောငှါ လုံ့လပြုသော ဒေဝဒတ်၏ နောက်သို့ လိုက်ကြကုန်သော များပြား လှစွာသော ရဟန်းတို့၏ မညီညွတ်သော စကားကို ပြောဆိုခြင်း အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တပါးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၉။ သုံးကြိမ်မြောက်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်ပါလျက် အယူကို မစွန့်မူ၍ အပြောခက်သော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ် ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နရဟန်းကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတို့သည် မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမသောအခါ အသျှင်ဆန္နရဟန်း၏ မိမိကိုယ်ကို မဆိုအပ် မဆုံးမအပ်သည်ကို ပြုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တပါးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၂၀။ သုံးကြိမ်မြောက်အောင် ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်ပါလျက် အယူကို မစွန့်ပဲ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်းအား သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သံဃာက နှင်ထုတ်ခြင်း 'ပဗ္ဗာဇနီယ' ကံပြုထားသော အဿဇိပုနဗ္ဗသုက ရဟန်းတို့၏ နှင်ထုတ်ခြင်း 'ပဗ္ဗာဇနီယ' ကံပြုသောရဟန်းဘို့ကို ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိ လိုက်သည်၏ အဖြစ်သို့ ရောက်စေသော အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တပါးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

သံဃာဒိသိသ်တဆယ့်သုံးပါး ပြီး၏။

ထိုသံဃာဒိသိသ် အာပတ်တဆယ့်သုံးပါး၏ အကျဉ်းချုပ်—

သုက်ကို စွန့်လွှတ်ခြင်း 'သုက္ကဝိဿဋ္ဌိ' သိက္ခာပုဒ်၊ ကိုယ်လက်နှိုးနှောသော 'ကာယသံသဂ္ဂ' သိက္ခာပုဒ်၊ ရှုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုသော 'ဒုဋ္ဌုလ္လဝါစာ' သိက္ခာပုဒ်၊ ကာမဂုဏ်ဖြင့် လုပ်ကျွေးရန် ပြောဆိုသော 'အတ္တကာမပါရိစရိယ' သိက္ခာပုဒ်၊ အောင် တမန်သွားလာသော 'သဉ္စရိတ္တ' သိက္ခာပုဒ်၊ ကိုယ်ဘိုင် တောင်းယူအပ်သော ပဲခွပ်စသည် ဖြင့် ကျောင်းကိုပြုသော 'သညာစိကာယ' သိက္ခာပုဒ်၊ ကြီးသော ကျောင်းကို ပြုသော 'မဟလ္လကဝိဟာရ' သိက္ခာပုဒ်၊ မြင်ခြင်း ကြားခြင်း ရှိရှာခြင်း အရင်းမရှိပဲ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲပြောဆိုသော ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ အမြွက်မျှကို စွဲ၍ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲပြောဆိုသော ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ သံဃာကို သင်းခွဲသော 'သံဃဘေဒက' သိက္ခာပုဒ်၊ သံဃာကို သင်းခွဲသော ရဟန်းသို့ အစဉ်လိုက်သော 'ဘေဒါနုဝတ္တက' သိက္ခာပုဒ်၊ ဆိုဆုံးမခက်ခဲသော 'အပြောမခံသော' 'ဒုဗ္ဗစ' သိက္ခာပုဒ်၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော 'ကုလဒူသက' သိက္ခာပုဒ်၊ ဤသို့ တဆယ့်သုံး ပါးကုန်သော သံဃာဒိသိသ် အာပတ်တို့သည် ဖြစ်ကုန်၏။

ဤကား အကျဉ်းချုပ်တည်း။

http://www.dhammadownload.com



## ၃-အနိယတသိက္ခာပုဒ်နှစ်ပါး

၂၁။ (ထိုထိုသိက္ခာပုဒ်ပညတ်ခြင်း၏ အခါကို) သိတော်မူသော (ထိုထိုသိက္ခာပုဒ်ပညတ်ခြင်း၏ အကျိုးထူးတို့ကို) မြင်တော်မူသော (ကိလေသာရန်သူတို့ကို) ပယ်သတ်တော်မူပြီးသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ပဌမအနိယတ 'ဤအာပတ်တည်းဟု အမြဲမှတ်အပ်သော အာပတ်မရှိသော' သိက္ခာပုဒ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထိုပဌမအနိယတ သိက္ခာပုဒ်၌ (မူလ) ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

(ထိုပဌမအနိယတ သိက္ခာပုဒ်သည်) သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော၊ သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။

ငါးပါးသော ပါတိမောက်ပြခြင်းတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း၊ အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်သနည်း၊ လေးပါးသော ဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိနည်း၊ ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်အာပတ် အစုနည်း၊ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း၊ အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းနည်း၊ ငြိမ်းအေးကြောင်း 'သမထ' ခုနစ်မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း 'သမထ' တို့ဖြင့် ငြိမ်းအေးသနည်း။

ထိုပဌမအနိယတ သိက္ခာပုဒ်၌ ဝိနယဟူသည် အဘယ်နည်း၊ အဘိဝိနယဟူသည် အဘယ်နည်း၊ ထိုပဌမအနိယတသိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ အဓိပါတိမောက်ဟူသည် အဘယ်နည်း၊ ထိုပဌမအနိယတသိက္ခာပုဒ်၌—

ဝိပတ္တိကား အဘယ်နည်း။

သမ္ပတ္တိကား အဘယ်နည်း။

ပဋိပတ္တိကား အဘယ်နည်း။

အဘယ်မျှလောက်ကုန်သော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ပဌမအနိယတသိက္ခာပုဒ်ကို ပညတ်တော်မူအပ်သနည်း။

အဘယ်သူတို့သည် ကျင့်ကုန်သနည်း၊ အဘယ်သူတို့သည် ကျင့်အပ်ပြီးသော သိက္ခာရှိကုန်သနည်း၊ အဘယ်သူတို့၌ တည်သနည်း၊ အဘယ်သူတို့သည် နှုတ်တက်အာဂုံ 'ပါဠိအနက်' ဆောင်ကုန်သနည်း၊ အဘယ်သူ၏ စကားနည်း၊ အဘယ်သူသည် ဆောင်ခဲ့သနည်း၊ (ဤကား အမေးစကားစုံတည်း)။

၂၂။ (ထိုထိုသိက္ခာပုဒ်ပညတ်ခြင်း၏ အခါကို) သိတော်မူသော (ထိုထိုသိက္ခာပုဒ်ပညတ်ခြင်း၏ အကျိုးထူးတို့ကို) မြင်တော်မူသော (ကိလေသာရန်သူတို့ကို) ပယ်သတ်တော်မူပြီးသော (အလုံး

http://www.dhammadownload.com



စုံသော တရားတို့ကို) ကိုယ်ဘိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် **ပဌမအနိယတ** သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ မာတုဂါမနှင့် အတူ တယောက်အချင်းချင်း မျက်စိ၏ ဆိတ်ကွယ်ရာဖြစ်သော နံရံစသည်တို့ဖြင့် ဖုံးလွှမ်းအပ်သော မေထုန်မှီဝဲခြင်းအမှုကို ပြုခြင်းငှါ သင့်လျော်သော နေရာ၌ ထိုင်နေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထိုပဌမအနိယတသိက္ခာပုဒ်၌ (မူလ) ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ် ရှိသလော။

(မူလ) ပညတ်တပါးရှိ၏။ ထိုသိက္ခာပုဒ်၌ အနုပညတ် အနုပ္ပန္နပညတ် နှစ်ပါးမရှိ။

(ထိုပဌမအနိယတသိက္ခာပုဒ်သည်) သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော။ သဗ္ဗတ္ထပညတ် တည်း။

သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။ အသာဓာရဏပညတ်တည်း။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။ ဧကတောပညတ်တည်း။

ပါတိမောက်ပြခြင်း ငါးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ် ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။

နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်သနည်း။

စတုတ္ထအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်၏။

ဝိပတ္တိ လေးမျိုးတို့တွင် အဘယ်ဝိပတ္တိနည်း။

ရံခါ သီလဝိပတ္တိ။ ရံခါ အာစာရဝိပတ္တိဖြစ်၏။

ခုနစ်မျိုးသော အာပတ်အစုတို့တွင် အဘယ်အာပတ်အစုနည်း။

ရံခါ ပါရာဇိကအာပတ်အစု၊ ရံခါ သံဃာဒိသိသ်အာပတ်အစု၊ ရံခါ ပါစိတ်အာပတ်အစု ဖြစ်၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ ကြောင့် ဖြစ်သနည်း။

တပါးသောအကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

http://www.dhammadownload.com



အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်း ဖြစ်သနည်း။

အဓိကရုဏ်းလေးမျိုးတို့တွင် အာပတ္တာဓိကရုဏ်း ဖြစ်၏။

ငြိမ်းအေးကြောင်း 'သမထ'ခုနစ်မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း 'သမထ'တို့ဖြင့် ငြိမ်းအေးသနည်း။

ငြိမ်းအေးကြောင်း 'သမထ'ခုနစ်မျိုးဘို့တွင် သုံးမျိုးသော ငြိမ်းအေးကြောင်းဘို့ဖြင့် ငြိမ်းအေး၏၊ ရုံခါသမ္မုခါဝိနယ 'မျက်မှောက်မေးမြန်း စီစစ်ခြင်း' ဖြင့်၎င်း ပဋိညာတကရဏ 'ဟုတ်မှန်ပါသည် ဟု ဝန်ခံခြင်း' ဖြင့်၎င်း ငြိမ်းအေး၏၊ ရုံခါ သမ္မုခါဝိနယ 'မျက်မှောက်မေးမြန်း စီစစ်ခြင်း' ဖြင့်၎င်း တိဏဝတ္ထာရက 'မစင်ကို မြက်ဖြင့်ဖုံးလွှမ်းသကဲ့သို့ အဓိကရုဏ်းကို ဖုံးလွှမ်းကြောင်းဖြစ်သော' ဝိနည်းကံဖြင့်၎င်း ငြိမ်းအေး၏။

ထိုပဌမအနိယတသိက္ခာပုဒ်၌ ဝိနယသည် အဘယ်နည်း၊ အဘိဝိနယသည် အဘယ်နည်း။ ပညတ်သည် ဝိနယမည်၏၊ ဝိဘင်းသည် အဘိဝိနယမည်၏။

ထိုပဌမအနိယတသိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ အဓိပါတိမောက်ဟူသည် အဘယ်နည်း။

ပညတ်သည် ပါတိမောက်မည်၏၊ ဝိဘင်းသည် အဓိပါတိမောက်မည်၏။

ဝိပတ္တိကား အဘယ်နည်း။

သိက္ခာပုဒ်ကို မစောင့်စည်းခြင်းသည် ဝိပတ္တိမည်၏။

သမ္ပတ္တိကား အဘယ်နည်း။

သိက္ခာပုဒ်ကို စောင့်စည်းခြင်းသည် သမ္ပတ္တိမည်၏။

ပဋိပတ္တိကား အဘယ်နည်း။

"ဤသို့ သဘောရှိသော (မကောင်းသော) အကျင့်ကို ငါမပြုလုပ်တော့အံ့" ဟု အသက်ရှည်သရွေ့ကာလပတ်လုံး အသက်ဆုံးသည်တိုင်အောင် ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်သုံးခြင်းသည် ပဋိပတ္တိမည်၏။

မြတ်စွာဘုရားသည် အဘယ်မျှလောက်ကုန်သော အကျိုးထူးတို့ကို အကြောင်းပြု၍ ပဌမအနိယတသိက္ခာပုဒ်ကို ပညတ်တော် မူအပ်ပါသနည်း။

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊ (၂) သံဃာတော်များ ချမ်းသာစေရန်၊ (၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်၊ (၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်၊ (၅) မျက်မှောက်၌ ဖြစ်ကုန်သောဆင်းရဲအထူးတို့ကို စောင့်စည်းရန်၊ (၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်၊ (၇) မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန်၊ (၈) ကြည်ညိုပြီးသောသူတို့ကို တိုး၍ကြည်ညိုစေရန်၊ (၉) သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန်၊ (၁၀) ဝိနည်း 'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ရန်ဟူသော ဤအကျိုးထူးဆယ်ပါးတို့ကို အကြောင်းပြု၍ ဤပဌမ အနိယတသိက္ခာပုဒ်ကို မြတ်စွာဘုရားသည် ပညတ်တော်မူ၏။

အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်သနည်း။

သေက္ခပုဂ္ဂိုလ် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်၏။

http://www.dhammadownload.com



အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်သနည်း။

ရဟန္တာပုဂ္ဂိုလ်တို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်၏။

အဘယ်ပုဂ္ဂိုလ်တို့၌ တည်သနည်း။

ကျင့်ခြင်းငှါ အလိုရှိကုန်သော ပုဂ္ဂိုလ်တို့၌ တည်၏။

အဘယ်သူတို့သည် ဆောင်ကုန်သနည်း။

အကြင်ပုဂ္ဂိုလ်တို့သည် (ပဌမအနိယတသိက္ခာပုဒ်ကို) လေ့လာကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် (ပါဠိနက်အာဂုံ) ဆောင်ကုန်၏။

(ပဌမအနိယတသိက္ခာပုဒ်သည်) အဘယ်သူ၏ စကားနည်း၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ စကားတော်တည်း။

အဘယ်သူသည် ဆောင်ခဲ့သနည်း။

ဆရာအဆက်ဆက်သည် ဆောင်ခဲ့၏။

ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿ မထေရ်နှင့်တကွ ထိုရဟန္တာအသျှင်မြတ်ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံ ဆောင်၍) ပို့ချတော်မူကြကုန်၏။

ထို့နောက် မဟိန္ဒမထေရ် ဣဋ္ဋိယမထေရ် ဥတ္တိယမထေရ် ထိုမှတပါး သမ္ဗလမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌သိသော) ပညာရှိသော ဘဒ္ဒသာလမထေရ် ကြီးသော ပညာရှိသော ထိုရဟန္တာအသျှင်တို့သည် ဇမ္ဗူဒိပ်ကျွန်းမှ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြကုန်၏။

(မဟိန္ဒမထေရ်စသော) ထိုရဟန္တာတို့သည် သီဟိုဠ်ကျွန်း၌ဝိနည်းပိဋကတ်ကို ပို့ချတော်မူကြကုန်၏၊ နိကာယ် ငါးရပ်တို့ကိုလည်း အဘိဓမ္မာခုနစ်ကျမ်းတို့ကိုလည်း ပို့ချတော်မူကြကုန်၏။

ထို့နောက် ထိုးထွင်းသော ပညာရှိသော အရိဋ္ဌမထေရ် (ပစ္စုပ္ပန်သံသရာကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော တိဿဒတ္တမထေရ် ရွံရှာခြင်းကင်း ရဲတင်းသော ပညာရှိသော ကာဠသုမနမထေရ် ဒီဃအမည်ရှိသောမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော ဒီဃသုမနမထေရ်။

တဖန်တုံ ကာဠသုမနမထေရ် နာဂမထေရ် ဗုဒ္ဓရက္ခိတမထေရ် ထိုးထွင်းသော ဉာဏ်ပညာရှိသော တိဿမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော ဒေဝမထေရ်။

တဖန်တုံ ဝိနည်းပိဋကတ်၌ ရွံရှာခြင်းကင်း ရဲတင်းသော ထိုးထွင်း၍ သိသော ဉာဏ်ပညာရှိသော သုမနမထေရ် ဖျက်ဆီးထိုးဖစ်နိုင်ခဲသော ဆင်မပြောင်ကြီးကဲ့သို့ များသော အကြားအမြင်ရှိသော စူဠနာဂမထေရ်။

http://www.dhammadownload.com



ရောဟဏဇနပုဒ်၌ သူတော်ကောင်းတို့သည် ကိုးကွယ်ပူဇော်အပ်သော ဓမ္မပါလိတ အမည်ရှိသော မထေရ်၊ ထိုဓမ္မပါလိတ မထေရ်၏ တပည့် ပိဋကတ်သုံးပုံ နှုတ်တက်အာဂုံ ဆောင်ပြီးလျှင် ကြီးသော ပညာရှိသည်ဖြစ်၍ နက္ခတ်တာရာ ကြယ်တကာတို့၏ မင်းဖြစ်သောလကဲ့သို့ သီဟိုဠ်ကျွန်း၌ ပညာရောင်ဖြင့် အလွန်တင့်တယ်သော ခေမမည်သော မထေရ်၊ ထိုးထွင်းသော ဉာဏ်ပညာရှိသော ဥပတိဿမထေရ် တရားဟောပုဂ္ဂိုလ်ကြီးဖြစ်သော ဖုဿဒေဝမထေရ်။

တဖန်တုံ ထိုးထွင်းသော ဉာဏ်ပညာရှိသော သုမနမထေရ် များသော အကြားအမြင်ရှိသော မဟာပဒုမ မထေရ် (သို့မဟုတ် မဟာသုမန မထေရ်) ပိဋကတ်သုံးပုံ အလုံးစုံ၌ လိမ္မာနိုင်နင်းသော တရားဟောပုဂ္ဂိုလ်ကြီးဖြစ်သော မဟာသိဝမထေရ်။

တဖန်တုံ ဝိနည်းပိဋကတ်၌ ရွှံရှာခြင်းကင်းရဲတင်းသောထိုးထွင်းသော ဉာဏ်ပညာရှိသော ဥပါလိမထေရ် သူတော်ကောင်း တရားအနွယ်၌ လိမ္မာသော ပညာရှိကြီးဖြစ်သော မဟာနာဂမထေရ်။

တဖန်တုံ ပိဋကတ်သုံးပုံ အလုံးစုံ၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာရှိသော အဘယမထေရ် ဝိနည်းပိဋကတ်၌ ရွံ့ရှာခြင်းကင်း ရဲတင်းသော ထိုးထွင်းသော ဉာဏ်ပညာရှိသော တိဿမထေရ်။

ထိုတိဿမထေရ်၏ တပည့် ကြီးသော ပညာရှိသော များသော အကြားအမြင်ရှိသော ဇမ္ဗူဒိပ်ကျွန်း၌ သာသနာတော်ကို စောင့်ရှောက်လျက် တည်နေတော်မူသော သုမနအမည်ရှိသော မထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်းပိဋကတ်၌ ရွံ့ရှာခြင်းကင်း ရဲတင်းသော စူဠာဘယ မထေရ် သူတော်ကောင်း တရားအနွယ်၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာရှိသော တိဿမထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်းပိဋကတ်၌ ရွံ့ရှာခြင်းကင်း ရဲတင်းသော စူဠဒေဝမထေရ် ထိုးထွင်းသော ဉာဏ်ပညာရှိသော အလုံးစုံသော ဝိနည်းပိဋကတ်၌ လိမ္မာကျွမ်းကျင်သော သိဝမထေရ်။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန် လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာအသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက် အာဂုံဆောင်၍) ပြတော်မူကြကုန်၏။

၂၃။ (ထိုထို သိက္ခာပုဒ်ပညတ်ခြင်း၏ အခါကို) သိတော်မူသော (ထိုထို သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူးတို့ကို) မြင်တော်မူသော (ကိလေသာရန်သူတို့ကို) ပယ်သတ်တော် မူပြီးသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဒုတိယ အနိယတသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။
အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီသည် မာတုဂါမနှင့် အတူ တယောက်ချင်းချင်း ရှုန့်ရင်းသောစကားကို ပြောဆိုခြင်းငှါ သင့်လျော်သော နား မျက်စိ ဆိတ်ကွယ်ရာ အရပ်၌ ထိုင်နေခြင်းကို ပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထို ဒုတိယ အနိယတ သိက္ခာပုဒ်၌ (မူလ) ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

(မူလ) ပညတ်တပါးရှိ၏။ အနုပညတ် အနုပ္ပန္နပညတ် နှစ်ပါးမရှိ။

(ထို ဒုတိယ အနိယတသိက္ခာပုဒ်သည်)သဗ္ဗတ္ထ ပညတ်လော၊ပဒေသပညတ်လော။သဗ္ဗတ္ထပညတ်တည်း။

သာဓာရဏပညတ်လော၊အသာဓာရဏပညတ်လော။ အသာဓာရဏပညတ်တည်း။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။ ဧကတောပညတ်တည်း။

ပါတိမောက်ပြခြင်း ငါးပါးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။
နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်သနည်း။
စတုတ္ထအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်၏။

ဝိပတ္တိလေးမျိုးတို့တွင် အဘယ်ဝိပတ္တိနည်း။
ခါရံသီလဝိပတ္တိ၊ ရံခါ အာစာရဝိပတ္တိတည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်အာပတ်အစုနည်း။
ရံခါ သံဃာဒိသိသ်အာပတ်အစု၊ ရံခါ ပါစိတ်အာပတ်အစုဖြစ်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

သုံးပါးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။

အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းဖြစ်သနည်း။
အဓိကရုဏ်းလေးမျိုးတို့တွင် အာပတ္တာဓိကရုဏ်း ဖြစ်၏။

http://www.dhammadownload.com



ငြိမ်းအေးကြောင်း'သမထ'ခုနစ်မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း'သမထ'တို့ဖြင့် ငြိမ်းအေးသနည်း။

ငြိမ်းအေးကြောင်း 'သမထ'ခုနစ်မျိုးတို့တွင် သုံးမျိုးသော ငြိမ်းအေးကြောင်း 'သမထ'တို့ဖြင့် ငြိမ်းအေး၏၊ ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း ငြိမ်းအေး၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရကဝိနည်းကံဖြင့်၎င်း ငြိမ်းအေး၏။ပ။

အနိယတသိက္ခာပုဒ်နှစ်ပါး ပြီး၏။

ထို အနိယတသိက္ခာပုဒ်၏ အကျဉ်းချုပ်—

ဆိတ်ကွယ်ရာအရပ်၌ မေထုန်အမှုကို ပြုခြင်းငှါ ခံ့သော အလံကမ္မနိယေဟူသော ပုဒ်ဖြင့် မှတ်အပ်သော ပဌမအနိယတသိက္ခာပုဒ်၊ ဆိတ်ကွယ်ရာအရပ်၌ မာတုဂါမနှင့်အတူ ထိုင်နေခြင်း တည်းဟူသော နဟေဝခေါဟူသော ပုဒ်ဖြင့် မှတ်အပ်သော ဒုတိယအနိယတ သိက္ခာပုဒ်၊ ဤနှစ်ပါးသော အနိယတသိက္ခာပုဒ်တို့ကို သည်းခံခြင်း ဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားမြတ်သည် ကောင်းစွာ ပညတ်တော်မူအပ်ကုန်၏။

ဤကား အကျဉ်းချုပ်တည်း။

---

## ၄- နိဿဂ္ဂိပါစိတ်သုံးဆယ်

### ၁-ကထိနဝဂ်

၂၄။ (ထိုထို သိက္ခာပုဒ်ပညတ်ခြင်း၏ အခါကို) သိတော်မူသော (ထိုထို သိက္ခာပုဒ်ပညတ်ခြင်း၏ အကျိုးထူးတို့ကို) မြင်တော်မူသော (ကိလေသာရန်သူတို့ကို) ပယ်သတ်တော်မူသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် အတိရေက 'အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုအပ်သေးသော' သင်္ကန်းကို ဆယ်ရက်ထက် လွန်စေသော ရဟန်းအား နိဿဂ္ဂိယ 'စွန့်ခြင်းဝိနည်းကံ ရှေးရှိသော' ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုအပ်သေးသော (အငိရေက) သင်္ကန်းကို ဆောင်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ) ပညတ်တပါး အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၂၅။ တညဉ့်မျှ တိစီဝရိတ် 'သင်္ကန်းသုံးထည်' နှင့် ကင်း၍နေသော ရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ ရဟန်းတို့၏လက်၌ သင်္ကန်းကို ထား၍ သင်းပိုင် ကိုယ်ဝတ်နှင့်တကွ ဇနပုဒ်သို့ လှည့်လည်သွားလာခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသောအကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၂၆။ အကာလသင်္ကန်းကို ခံယူ၍ တလကို လွန်စေသောရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ အကာလသင်္ကန်းကို ခံယူ၍ တလကို လွန်စေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၂၇။ အဆွေအမျိုးမတော်သော ရဟန်းမိန်းမအား သင်္ကန်းဟောင်းကို ဖွပ်လျှော်ခိုင်းသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ အဆွေအမျိုးမတော်သော ရဟန်းမိန်းမအား သင်္ကန်းဟောင်းကို ဖွပ်လျှော်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၂၈။ အဆွေအမျိုးမတော်သော ရဟန်းမိန်းမ၏ လက်မှ သင်္ကန်းကို ခံယူသောရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ အဆွေအမျိုးမတော်သော ရဟန်းမိန်းမ၏ လက်မှ သင်္ကန်းကို ခံယူခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၂၉။ အဆွေအမျိုးမတော်သော ဒါယကာယောကျ်ားကိုရင်း ဒါယိကာမိန်းမကိုရင်း သင်္ကန်းတောင်းသောရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ အဆွေအမျိုးမတော်သော သူဌေးသားကို သင်္ကန်းတောင်းခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၃၀။ အဆွေအမျိုးမတော်သော ဒါယကာယောကျ်ားကိုရင်း ဒါယိကာမိန်းမကိုရင်း ထိုသင်းပိုင်ကိုယ်ဝတ်ထက် အလွန် သင်္ကန်းကို တောင်းသောရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အဘိုင်းအရှည်ကို မသိကြကုန်ပဲ များစွာသော သက်န်းကိုဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၃၁။ ရှေးအခါက မဖိတ်ကြားဘူးပဲ အဆွေအမျိုးမတော်သော ဒါယကာယောကျ်ားသို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်သောရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ရှေးအခါက မဖိတ်ကြားဘူးပဲ အဆွေအမျိုးမတော်သော ဒါယကာယောကျ်ားသို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၃၂။ ရှေးအခါက မဖိတ်ကြားဘူးပဲ အဆွေအမျိုးမတော်ကုန်သော ဒါယကာယောကျ်ားတို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်သော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ရှေးအခါက မဖိတ်ကြားဘူးပဲ အဆွေအမျိုးမတော်ကုန်သော ဒါယကာယောကျ်ားတို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၃၃။ သုံးကြိမ်ထက် အလွန်တောင်းခြင်း ခြောက်ကြိမ်ထက် အလွန်ရပ်ခြင်းဖြင့် သင်္ကန်းကို ပြီးစေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ဒါယကာက "အသျှင်ဘုရား ယနေ့တရက်မျှ စောင့်ဆိုင်းပါဦး" ဟု လျှောက်ထားသည်ရှိသော် မစောင့်ဆိုင်းခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ပဌမ ကထိနဝဂ် ပြီး၏။

---

## ၂-ကောသိယဝဂ်

၃၄။ ပိုးချည်နှင့်ရောသော အခင်းကို ပြုစေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ပိုးချည်လုပ်သူတို့သို့ ချဉ်းကပ်၍ "ဒါယကာတို့ သင်တို့သည် များစွာကုန်သော အအိမ်လုပ်သော ပိုးတို့ကို ပြုတ်ကြကုန်လော့၊ ငါတို့အားလည်း ပေးလှူကြကုန်၊ ငါတို့သည်လည်း ပိုးချည်နှင့် ရောသောအခင်းကို ပြုခြင်းငှါ အလိုရှိကုန်၏" ဟု ပြောဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၃၅။ အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုစေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

၃၆။ (သိုးမွေး) အဖြူတချိန် (လေးပုံတပုံ)၊ သိုးမွေးအကြောင် တချိန် (လေးပုံတပုံ)ကို မယူမူ၍ အခင်းသစ်ကို ပြုလုပ်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ သိုးမွေးအဖြူကို အစွန်အဖျား၌ အနည်းငယ်မျှသာ ယူ၍ ထိုရှေးနည်းအတူသာလျှင် အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

၃၇။ နှစ်စဉ်နှစ်တိုင်း သိုးမွေးအခင်းကို ပြုလုပ်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသောရဟန်းတို့၏ နှစ်စဉ် နှစ်တိုင်း သိုးမွေးအခင်းကို ပြုလုပ်စေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

http://www.dhammadownload.com



၃၈။ အခင်းပေါင်း၏ ထက်ဝန်းကျင်မှ ဖြတ်စွာဘုရား၏ တသွာ အတိုင်းအရှည်ကို မယူမူ၍ နိသီဒိုင်အခင်းသစ်ကို ပြုလုပ်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသောရဟန်းတို့၏ အခင်းဟိုကို စွန့်ပစ်ကုန်၍ အရညကင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပံ့သကူဓုတင် ဆောက်တည်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

၃၉။ သိုးမွေးတို့ကို ခံယူ၍ သုံးယူဇနာခရီးကို လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ သိုးမွေးတို့ကို ခံယူ၍ သုံးယူဇနာခရီးကို လွန်စေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ရံခါ ကိုယ်ကြောင့်ဖြစ်၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်၊ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

၄၀။ အဆွေအမျိုးမတော်သော ရဟန်းမိန်းမအား သိုးမွေးတို့ကို ဖွပ်လျှော်ခိုင်းသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကဘိုင်းတိုင်း၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အဆွေအမျိုးမတော်သော ရဟန်းမိန်းမတို့အား သိုးမွေးတို့ကို ဖွပ်လျှော်ခိုင်းကြခြင်း အကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ) ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၄၁။ ရွှေငွေကို ခံယူသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ရွှေငွေကို ခံယူခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

၄၂။ အထူးထူးအပြားပြားသော ရွှေငွေကို ဖလှယ်ခြင်းသို့ရောက်သော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အထူးထူး အပြားပြားသော ရွှေငွေကို ဖလှယ်ခြင်းသို့ ရောက်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

၄၃။ အထူးထူးအပြားပြား ကုန်ရောင်း ကုန်ဝယ် ပြုသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ပရိဗိုဇ်နှင့်အတူ ကုန်ရောင်းကုန်ဝယ်ပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

ဒုတိယ ကောသိယဝဂ် ပြီး၏။

---

## ၃-ပတ္တဝဂ်

၄၄။ အတိရေက 'အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုအပ်သေးသော'သပိတ်ကို ဆယ်ရက်ထက် လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အတိရေကသပိတ်ကို သိုးဆောင်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၄၅။ အဖွဲ့ငါးခု မပြည့်သေးသော သပိတ်ရှိလျက် အခြားသပိတ်သစ်ကို တောင်းသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အနည်းငယ်သော အက်ခြင်းဖြင့် အနည်းငယ်သော ကွဲခြင်းဖြင့် အနည်းငယ် ခြစ်မိကာမျှဖြင့် များစွာသော သပိတ်တို့ကို တောင်းကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ် ပါသည်။

http://www.dhammadownload.com



မူလပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၄၆။ (ထောပတ် ဆီဥ ဆီ ပျား တင်လဲ)ဆေးတို့ကို အကပ်ခံ၍ (သိုမှီးသိမ်းဆည်းလျက်) ခုနစ်ရက်ကို ကျော်လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ ဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက်ကို လွန်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ကထိနသမုဋ္ဌာန်တည်း။ပ။

၄၇။ တလထက် အလွန်ကြွင်းကျန်သေးသော နွေလ၌ မိုးရေခံ သင်္ကန်းကို ရှာမှီးသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ တလထက် အလွန် ကြွင်းကျန်သော နွေလ၌ မိုးရေခံသင်္ကန်းကို ရှာမှီးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၄၈။ ရဟန်းတပါးအား ကိုယ်တိုင် သင်္ကန်းကို ပေးပြီး၍ အမျက်ထွက်ကာ မနှစ်သက်သဖြင့် (ပြန်၍)လုယက်ယူဆောင်သော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သျှာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ရဟန်းတပါးအား ကိုယ်တိုင်သင်္ကန်းကို ပေးပြီး၍ အမျက်ထွက်ကာ မနှစ်သက်သဖြင့် (ပြန်၍) လုယက်ယူခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

၄၉။ •ချည်ကို ကိုယ်တိုင် တောင်း၍ ရက်ကန်းသည်တို့ကို သင်္ကန်းအရက်ခိုင်းသော ရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ချည်ကို ကိုယ်တိုင်တောင်း၍ ရက်ကန်းသည်တို့ကို သင်္ကန်းရက်ခိုင်းခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

၅၀။ ရှေးအခါက မဖိတ်ကြားဘူးပဲ ဆွေမျိုးမတော်သော ဒါယကာ၏ ရက်ကန်းသည်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်သော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ရှေးအခါက မဖိတ်ကြားဘူးပဲ ဆွေမျိုးမတော်သော ဒါယကာ၏ ရက်ကန်းသည်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

http://www.dhammadownload.com



၅၁။ အဆောတလျင် လှူအပ်သော သင်္ကန်းကို အလှူခံ၍ သင်္ကန်းအခါကာလကို လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ အဆောတလျင် လှူအပ်သော သင်္ကန်းကို အလှူခံကြကုန်၍ သင်္ကန်းအခါကာလကို လွန်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

၅၂။ သင်္ကန်းသုံးထည်တို့တွင် တထည်သော သင်္ကန်းကို ရွာတွင်း၌ ထား၍ ခြောက်ညဉ့်ထက်အလွန် ထိုသင်္ကန်းနှင့် ကင်း၍နေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ သုံးထည်သော သင်္ကန်းတို့တွင် တထည်သော သင်္ကန်းကို ရွာတွင်း၌ ထား၍ ခြောက်ညဉ့်ထက်အလွန် (ထိုသင်္ကန်းနှင့်)ကင်း၍ နေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

၅၃။ သံဃာအား ညွတ်လေပြီးသော သံဃာပိုင်'သံဃိက'ဖြစ်သော လာဘ်ကို သိပါလျက် မိမိအား ညွတ်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သံဃာအား ညွတ်လေပြီးသော သံဃာပိုင် 'သံဃိက'ဖြစ်သောလာဘ်ကို မိမိအား ညွတ်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တတိယပဏ္ဏက် ပြီး၏။

နိဿဂ္ဂိပါစိတ်အာပတ်သုံးဆယ် ပြီး၏။

---

ထိုနိဿဂ္ဂိပါစိတ် သုံးဆယ်၏ အကျဉ်းချုပ်—

ဒသသဒ္ဒါဖြင့် မှတ်အပ်သော ပဌမကထိနသိက္ခာပုဒ်၊ ဧကရတ္တသဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယကထိန သိက္ခာပုဒ်၊ မာသသဒ္ဒါဖြင့် မှတ်အပ်သော တတိယကထိန သိက္ခာပုဒ်၊ သင်္ကန်းဟောင်းကို ဖွပ်လျှော်ခိုင်းသော သိက္ခာပုဒ်၊ သင်္ကန်းကို ခံယူသော သိက္ခာပုဒ်၊ ဆွေမျိုးမတော်သောသူကို တောင်းသောသိက္ခာပုဒ်၊ သင်းပိုင်ကိုယ်ဝတ်ထက်လွန်၍ တောင်းသော သိက္ခာပုဒ်၊ ဥဒ္ဒိဿသဒ္ဒါဖြင့် မှတ်အပ်သောသင်္ကန်း၌ အထူးကြံစည်သော ပဌမဥပက္ခဋသိက္ခာပုဒ်၊ ဥဘိန္နံ သဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယဥပက္ခဋသိက္ခာပုဒ်၊ ဒူတေနဟူသော ပုဒ်ဖြင့် မှတ်အပ်သော ရာဇသိက္ခာပုဒ်။

သိုးမွေးဖြင့် မှတ်အပ်သော သိက္ခာပုဒ်၊ အမည်းသက်သက်ဖြစ်သော သိုးမွေးဖြင့်မှတ်အပ်သော သိက္ခာပုဒ်၊ (သိုးမွေးဖြူသိုးမွေးကြောင်နှစ်ဖို့) ဒွေဘာဂသိက္ခာပုဒ်၊ ဆဗ္ဗဿသိက္ခာပုဒ်၊ နိသီဒိုင်အခင်းသိက္ခာပုဒ်၊ နှစ်ပါးကုန်သော သိုးမွေးသိက္ခာပုဒ်၊ သိုးမွေးဖွပ်ခိုင်းသော သိက္ခာပုဒ်၊ ဥဂ္ဂဏှသဒ္ဒါဖြင့် မှတ်အပ်သော ရွှေငွေကို ခံယူသောသိက္ခာပုဒ်၊ နှစ်ပါးကုန်သော အထူးထူးအပြားပြားရှိသော ရွှေငွေတို့ကို ဖလှယ်သော သိက္ခာပုဒ်၊ အထူးထူးအပြားပြားသော ကုန်ရောင်း ကုန်ဝယ်သိက္ခာပုဒ်။

နှစ်ပါးကုန်သော ပဌမသပိတ် သိက္ခာပုဒ်၊ ဒုတိယသပိတ်သိက္ခာပုဒ်၊ (ငါးဖွဲ့အောက် ယုတ်သော သပိတ်သိက္ခာပုဒ်)၊ ဆေးကို ပညတ်သော သိက္ခာပုဒ်၊ မိုးရေခံသင်္ကန်းသိက္ခာပုဒ်၊ ငါးခုမြောက်လှူခြင်းဖြင့် မှတ်အပ်သော သိက္ခာပုဒ်၊ ချည်ကို ကိုယ်တိုင်တောင်းသောသိက္ခာပုဒ်၊ သင်္ကန်းကို ရက်စေသော သိက္ခာပုဒ်၊ အဆောတလျင် လှူသော သင်္ကန်းသိက္ခာပုဒ်၊ သင်္ကန်းကို ရွာတွင်း၌ ထားသော သိက္ခာပုဒ်၊ သံဃာ၏ လာဘ်ကို မိမိသို့ ညွတ်စေသော သိက္ခာပုဒ်။

ဤကား အကျဉ်းချုပ်တည်း။

---

## ၅-ပါစိတ်ကိုးဆယ့်နှစ်ပါး

## ၁-မုသာဝါဒဝဂ်

၅၄။ (ထိုထိုသိက္ခာပုဒ် ပညတ်ခြင်း၏ အခါကို) သိတော်မူသော (ထိုထိုသိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးအထူးတို့ကို) မြင်တော်မူသော (ကိလေသာရန်သူတို့ကို) ပယ်သတ်တော်မူသော (အလုံးစုံသော

http://www.dhammadownload.com



တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သိလျက်မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဟတ္ထကကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဟတ္ထက၏ တိတ္ထိတို့နှင့် စကားပြောဆိုသော အခါ ပယ်ပြီးသော စကားကို ဝန်ခံခြင်း၊ဝန်ခံပြီးသော စကားကို ပယ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။ပ။

၅၅။ ဆဲဆို ကဲ့ရဲ့စကားကို ဆိုခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူ အပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ သီလချစ်ခင်သော ရဟန်းတို့နှင့် ခိုက်ရန်ဖြစ်ကုန်သော သီလချစ်ခင်သော ရဟန်းတို့ကို ဆဲဆိုကဲ့ရဲ့သောစကားကို ဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၅၆။ ရဟန်းတို့ကို ချောပစ်ကုန်းတိုက်ခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ် တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ တိုင်ပင်ခြင်း ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်းသို့ ရောက်ကုန်သော ရဟန်းတို့အား ကုန်းတိုက်သော စကားကို ဆောင်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၅၇။ လူသာမဏေကို အဖွဲ့အဖွဲ့အားဖြင့် (ပုဒ်ပြိုင်) တရားစာပေကို ပို့ချသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ (ရတနာသုံးပါး၌ ကိုးကွယ်ဆည်းကပ်သူ) ဥပါသကာတို့ကို အဖွဲ့အဖွဲ့အား ဖြင့် (ပုဒ်ပြိုင်)တရားစာပေကို ပို့ချခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း မဖြစ်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ပ။

၅၈။ လူသာမဏေနှင့်(တမိုးတရံတည်းသော ကျောင်း၌) နှစ်ညဥ့်သုံးညဥ့်ထက် အလွန် အတူ တကွ အိပ်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ လူသာမဏေနှင့် တမိုးတရံတည်းသော ကျောင်း၌ အတူတကွ အိပ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

၅၉။ မာတုဂါမနှင့် အတူတကွ (တမိုးတရံတည်းသော ကျောင်း၌) အိပ်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်အနုရုဒ္ဓါကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်အနုရုဒ္ဓါ၏ မာတုဂါမနှင့် အတူတကွ တမိုးတရံတည်းသော ကျောင်း၌ အိပ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း[၁]။ပ။

၆၀။ မာတုဂါမအား ငါးပုဒ် ခြောက်ပုဒ်ထက်အလွန် တရားကို ဟောသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ မာတုဂါမအား ငါးပုဒ် ခြောက်ပုဒ်ထက်အလွန် တရားကို ဟောခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် နှစ်ပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ပဒသောဓမ္မသမုဋ္ဌာန်တည်း။ပ။

၆၁။ လူသာမဏေအား ကေန် အမှန်ဖြစ်သော ဈာန်မဂ်ဖိုလ်တရား 'ဥတ္တရိမနုဿဓမ္မ' ကို ပြောသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဝဂ္ဂုမုဒါ မြစ်ကမ်းအနီး၌ နေကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဝဂ္ဂုမုဒါ မြစ်ကမ်း အနီး၌ နေကုန်သော ရဟန်းတို့၏ အချင်းချင်း ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို လူတို့အား ပြောကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။ ရံခါ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ပ။

၆၂။ ရဟန်းယောကျ်ား၏ ရုန့်ရင်းကြမ်းတမ်းသော (သံဃာဒိသိသ်)အာပတ်ကို လူသာမဏေကို ပြောကြားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

---

၁- ဧဠကလောမသမုဋ္ဌာန်တည်း၊ ကထိနသမုဋ္ဌာန်တည်း -စသော စကား၏ ဆိုလိုရင်းမှာ အာပတ်သင့်ခြင်းအကြောင်း ဟူသမျှ ထုတ်ဖော်လျက် မဟောရာ၌ ညွှန်းပြသော စကားတည်း၊ ဥပမာ ဤဒုတိယသဟသေယျသိက္ခာပုဒ်သည် အာပတ်သင့်ခြင်းအကြောင်းကို ရှာသော် အကြောင်းနှစ်မျိုး ဖြစ်၏၊ ဧဠကလောမသိက္ခာပုဒ်လည်း အကြောင်းနှစ်မျိုးပင် ဖြစ်၏၊ အကြောင်းနှစ်မျိုးမှာ—

(၁) ကိုယ်ကြောင့်ဖြစ်၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။

(၂) ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

ဤကား သိက္ခာပုဒ်နှစ်ပါး၏ အကြောင်းနှစ်ပါးတည်း၊ ဤသို့ တူမျှ၍ ထုတ်ဖော်လျက် မဟောရာဝယ် ညွှန်းပြသောစကားတည်း။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရဟန်း၏ ရှုန့်ရင်းကြမ်းတမ်းသော (သံဃာဒိသိသ်)အာပတ်ကို လူသာမဏေအား ပြောကြားခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၆၃။ မြေကိုတူးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီ ပြည်သား ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့၏ မြေကို တူးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ရှေးဦးစွာသော မုသာဝါဒဝဂ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ်

၆၄။ ဘူတဂါမ် ဗီဇဂါမ်တို့ကို ဖျက်ဆီးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့၏ သစ်ပင်ခုတ်ဖြတ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၆၅။ တပါးသော စကားဖြင့် တပါးသော စကားကို ဖုံးလွှမ်း၍ ပြောဆိုခြင်းကြောင့် (မေးသည်ကို မပြောပဲ) ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္န၏ သံဃာအလယ်၌ အာပတ်ဖြင့် မေးမြန်း စိစစ်သော အခါ တပါးသော စကားဖြင့် တပါးသော စကားကို ဖုံးလွှမ်းကာကွယ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၆၆။ ကဲ့ရဲ့ရှုတ်ချခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇကရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇကရဟန်းတို့၏ မလ္လာမင်း၏သား အသျှင်ဒဗ္ဗကို ကဲ့ရဲ့ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၆၇။ သံဃာ၏ပစ္စည်းဖြစ်သော ညောင်စောင်း အင်းပျဉ် ဘုံလျှိုကပ်ကျစ်အခင်း 'ခုံအခင်း' ကို လွင်တီးခေါင်၌ ခင်းပြီးလျှင် မသိမ်းဆည်း မပန်ကြားမူ၍ ဖဲသွားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ သံဃာ၏ ဥစ္စာဖြစ်သော အိပ်ရာနေရာကို လွင်တီးခေါင်၌ ခင်းပြီးလျှင် မသိမ်းဆည်း မပန်ကြားမူ၍ ဖဲသွားကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



၆၈။ သံဃိကကျောင်း၌ အိပ်ရာနေရာကို ခင်းပြီးလျှင် မသိမ်းဆည်း မပန်ကြားမူ၍ ဖဲသွားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သတ္တရသဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သတ္တရသဝဂ္ဂီ ရဟန်းတို့၏ သံဃိကကျောင်း၌ အိပ်ရာ နေရာကို ခင်းပြီးလျှင် မသိမ်းဆည်း မပန်ကြားမူ၍ ဖဲသွားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

၆၉။ သံဃိက ကျောင်း၌ သိလျက် ရှေးဦးစွာ ရောက်နေသော ရဟန်းကို တိုးဝှေ့လုယက်ကာ အိပ်ခြင်းကိုပြုသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ထိုမထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့လုယက်၍ အိပ်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

၇၀။ အမျက်ထွက်ကာ မနှစ်သက်သဖြင့် တပါးသော ရဟန်းကို သံဃိကကျောင်းမှ နှင်ထုတ်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အမျက်ထွက်ကာ မနှစ်သက်သဖြင့် တပါးသော ရဟန်းကို သံဃိကကျောင်းမှ နှင်ထုတ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ပ။

http://www.dhammadownload.com



၇၁။ သံဃိကကျောင်းဝယ်( အလယ် အလတ်တန်းစား ယောကျ်ားဓ၏ ဦးခေါင်းမလွတ်သော) အထက်ဟင်းလင်းကောင်းကင်ရှိသော ကုဋီ၌ အပေါင်၌ အခြေတပ်သော ညောင်စောင်းကိုဎင်း အင်းပျဉ်ကိုဎင်း ဖိ၍ထိုင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်၌အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ သံဃိကကျောင်းဝယ်(အလယ်အလတ်တန်းစား ယောကျ်ား၏ဦးခေါင်းမလွတ်သော) အထက်၌ ဟင်းလင်းကောင်းကင်ရှိသော ကုဋီ၌ အပေါင်၌ အခြေတပ်သော ညောင်စောင်းကို အဆောတလျင်ဖိ၍ထိုင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်ဎင်း စိတ်ကြောင့်ဎင်း မဖြစ်။ ရံခါ ကိုယ်ကြောင့် ဎင်း စိတ်ကြောင့်ဎင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

၇၂။ နှစ်ထပ် သုံးထပ်(ကျောင်းကို)မိုးပြီး၍ ထိုနှစ်ထပ် သုံးထပ်ထက်အလွန် ထပ်၍မိုးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နမထေရ်၏ အလှန်လေးသောကြောင့် ကျောင်းသည် ပြိုကျအောင် မိုးပြီးသော ကျောင်းကို အဖန်တလဲလဲ (ထပ်ကာ ထပ်ကာ)မိုးစေခြင်း အဖန်တလဲလဲ(ထပ်ကာ ထပ်ကာ)လိမ်းကျံစေခြင်း အကြောင်းကြောင့်ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၇၃။ ပိုးရှိသောရေဟု သိလျက် ပိုးရှိသောရေကို မြက်၌ဎင်း မြေ၌ဎင်း သွန်းလောင်းသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အာဋ္ဌဝီပြည်သား ရဟန်းတို့၏ ပိုးရှိသောရေဟု သိပါလျက် ပိုးရှိသော ရေကို မြက်၌၎င်း မြေ၌၎င်း သွန်းလောင်းခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

နှစ်ခုမြောက် ဘူတဂါမဝဂ် ပြီး၏။

---

## ၃-ဩဝါဒဝဂ်

၇၄။ (ဉ တ်ကမ္မဝါစာဖြင့်)မသမုတ်အပ်ပဲ 'သမ္မုတိမရပဲ'ရဟန်းမိန်းမတို့ကို ဆုံးမသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ (ဉ တ်ကမ္မဝါစာဖြင့်) မသမုတ်အပ်ပဲ 'သမ္မုတိမရပဲ'ရဟန်းမိန်းမတို့ကို ဆုံးမခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထိုဩဝါဒသိက္ခာပုဒ်၌(မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ ထိုဩဝါဒသိက္ခာပုဒ်၌ အနုပ္ပန္နပညတ်မရှိ။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ နှုတ်ကြောင့် ဖြစ်၏၊ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း မဖြစ်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

၇၅။ နေဝင်သည်ရှိသော် ရဟန်းမိန်းမတို့ကို ဆုံးမသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်ပေယာ်မူအပ်ပါသနည်း။

အသျှင်စူဠပန္ထကမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်စူဠပန္ထကမထေရ်၏ နေဝင်သည်ရှိသော် ရဟန်းမိန်းမတို့ကို ဆုံးမခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ပဒသောဓမ္မသမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



၇၆။ ရဟန်းမိန်းမကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမသော ရဟန်းအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရဟန်းမိန်းမကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမခြင်းအကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ကထိနသမုဋ္ဌာန်တည်း။ပ။

၇၇။ "(ဆွမ်း သင်္ကန်း စသော)အာမိသ ဟူသော အကြောင်းကြောင့် ရဟန်းတို့သည် ရဟန်း မိန်းမတို့ကို ဆုံးမကြကုန်၏"ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ် တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့၏"(ဆွမ်းသင်္ကန်း စသော)အာမိသ ဟူသော အကြောင်းကြောင့် ရဟန်းတို့ သည် ရဟန်းမိန်းမတို့ကို ဆုံးမကြကုန်၏"ဟု ပြောဆိုကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ် ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၇၈။ ဆွေမျိုးမတော်သော ရဟန်းမိန်းမကို သင်္ကန်းပေးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ ဆွေမျိုးမတော်သော ရဟန်းမိန်းမအား သင်္ကန်းကို ပေးခြင်း အကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၇၉။ ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ချုပ်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ချုပ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၈၀။ ရဟန်းမိန်းမနှင့် အတူတကွ တိုင်ပင်‘ချိန်းချက်’၍ တကြောင်းတည်းသော ခရီးသို့ သွားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရဟန်းမိန်းမတို့နှင့်အတူ တကွ တိုင်ပင်‘ချိန်းချက်’၍ တကြောင်းတည်းသော ခရီးသို့ သွားကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း မဖြစ်။ ရံခါကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်မကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။ပ။

၈၁။ ရဟန်းမိန်းမနှင့် အတူတကွ တိုင်ပင်‘ချိန်းချက်’၍ လှေတစင်းတည်းစီးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရဟန်းမိန်းမတို့နှင့်အတူ တိုင်ပင်'ချိန်းချက်'၍ လှေတစင်းတည်း စီးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၇၂။ ရဟန်းမိန်းမ စီရင်အပ်သော ဆွမ်းကို သိလျက် ဘုဉ်းပေးသုံးဆောင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်၏ ရဟန်းမိန်းမ စီရင်အပ်သော ဆွမ်းကို သိလျက် ဘုဉ်းပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၇၃။ ရဟန်းမိန်းမနှင့်အတူ တယောက်ချင်းချင်း (မျက်စိ နား နှစ်ပါး၏)ဆိတ်ကွယ်ရာ၌ ထိုင်နေခြင်းကို ပြုသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ ရဟန်းမိန်းမနှင့်အတူ တယောက်ချင်းချင်း(မျက်စိနားနှစ်ပါး၏)ဆိတ်ကွယ်ရာ၌ ထိုင်နေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

သုံးခုမြောက် ဩဝါဒဝဂ် ပြီး၏။

## ၄-ဘောဇနဝဂ်

၇၄။ ညှော်သည်တို့တည်းခိုရာ စရပ်စသည်၌ ဝတ်တည်ထားအပ်သောဆွမ်းကို တနေ့ထက်အလွန် ဘုဉ်းပေးသုံးဆောင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ နေ့စဉ်နေ့တိုင်း နေ၍ ညှော်သည်တို့ တည်းခိုရာ စရပ် စသည်၌ ဝတ်တည်ထား အပ်သော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ပ။

၈၅။ ဂဏဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ် ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်၏ ပရိသတ်နှင့်တကွ ဒါယကာအိမ်၌ တောင်း၍ တောင်း၍စားခြင်းအကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် ခုနစ်ပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့ တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ပ။

၈၆။ ပရမ္ပရဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူ အပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ အရပ်တပါး၌ ပင့်ဖိတ်အပ်ပါကုန်လျက် အရပ်တပါး၌ 'ပင့်ဖိတ်အပ် သည်မှ တပါးသောအရပ်၌' စားခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်လေးပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

၈၇။ နှစ်သပိတ် သုံးသပိတ် အပြည့်မုန့်တို့ကို ခံယူပြီး၍ ထို့ထက်အလွန် ခံယူသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ အတိုင်းအရှည်ကို မသိကုန်မူ၍(မုံ့တို့ကို) ခံယူကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၀၀။ ဆွမ်းစားစဉ် တန်ပြီဟု 'တော်ပြီဟု'မြစ်မိပါလျက် အတိရိက် စိနည်းကံ မပြုပဲ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း စားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ ဆွမ်းစားစဉ် တော်ပြီဟု မြစ်မိကြပါကုန်လျက် အရပ်တပါး၌ စားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ ပ ။

၀၉။ ဆွမ်းစားစဉ် တော်ပြီဟု မြစ်မိသော ရဟန်းကို အတိရိက်ဝိနည်းကံ မပြုအပ်သော ခဲဖွယ်ဖြင့်ရင်း ဘောဇဉ်ဖြင့်ရင်း ယူစေခြင်းငှါ ဖိတ်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ ဆွမ်းစားစဉ် တော်ပြီဟု မြစ်မိသော ရဟန်းကို အတိရိက် ဝိနည်းကံ မပြုအပ်သော ခဲဖွယ်ဖြင့်ရင်း ဘောဇဉ်ဖြင့်ရင်း ယူစေခြင်းငှါ ဖိတ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၉၀။ နေလွဲသောကာလ၌ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း စားသောရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သတ္တရသဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သတ္တရသဝဂ္ဂီရဟန်းတို့၏ နေလွဲသော ကာလ၌ ဘောဇဉ်ကို စားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမ သမုဋ္ဌာန်တည်း။ပ။

၉၁။ သိမ်းခြင်းကို ပြု၍ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း စားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဗေလဋ္ဌသီသကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဗေလဋ္ဌသီသ၏ သိုမှီးခြင်းကို ပြု၍ ဘောဇဉ်ကို စားခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ပ။

၉၂။ မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၉၃။ အကပ်မခံရသေးသော အာဟာရကို ခံတွင်းဝသို့ ဆောင်သော ရဟန်းအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ အကပ်မခံရသေးသော အာဟာရကို ခံတွင်းဝသို့ ဆောင်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ ပ။

လေးခုမြောက် ဘောဇနဝဂ် ပြီး၏။

---

## ၅-အစေလကဝဂ်

၉၄။ အဝတ်မဝတ်သော တိတ္ထိ 'တက္ကတွန်း' အားငှင်း ပရိဗိုဇ်ယောကျ်ားအားငှင်း ပရိဗိုဇ်မအားငှင်း မိမိလက်ဖြင့် ခဲဖွယ်ကိုငှင်း ဘောဇဉ်ကိုငှင်း ပေးသောရဟန်းအား ပါစိတ်အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်အာနန္ဒာကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်အာနန္ဒာ၏ တယောက်သော ပရိဗိုဇ်မအား မုံ့တချပ် 'မုံ့တရွက်' သာ ထင်မှတ်၍ မုံ့နှစ်ချပ်တို့ကို ပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ ပ။

၉၅။ ရဟန်းကို "ငါ့သျှင်လာလော့၊ ရွာသို့ငှင်း နိဂုံးသို့ငှင်း ဆွမ်းအလို့ငှါ ဝင်ကုန်အံ့" ဟု ခေါ်၍ ထိုရဟန်းအား (တစုံတခုသော အာမိသကို)ပေးစေ၍ငှင်း မပေးစေ၍ငှင်း (ပြန်)လွှတ်လိုက်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင် မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ရဟန်းကို "ငါ့သျှင်လာလော့၊ ရွာသို့ ဆွမ်းအလို့ငှါ ဝင်ကုန်အံ့"ဟု ခေါ်၍ ထိုရဟန်းအား (တစုံတခုသော အာမိသကို)မပေးပဲ (ပြန်)လွှတ်လိုက်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၉၆။ လင်မယားနှစ်ယောက် အတူရှိသော 'စည်းစိမ်ခံဘော်ရှိသော'အိမ်၌ တိုးဝှေ့၍ ထိုင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ လင်မယားနှစ်ယောက် အတူရှိသော အိမ်၌ တိုးဝှေ့၍ ထိုင်နေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

၉၇။ မာတုဂါမနှင့် အတူ ဆိတ်ကွယ်သော (နံရံစသည်ဖြင့်)ဖုံးလွှမ်းသော နေရာ၌ နေခြင်းကို ပြုသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ မာတုဂါမနှင့် အတူ ဆိတ်ကွယ်သော (နံရံစသည်ဖြင့်) ဖုံးလွှမ်းသော နေရာ၌ နေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၉၈။ မာတုဂါမနှင့်အတူ တယောက်ချင်းချင်း (မျက်စိ နား နှစ်ပါး)ဆိတ်ကွယ်ရာ၌ ထိုင်နေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင် မင်းသား အသျှင်ဥပနန္ဒ၏ မာတုဂါမနှင့်အတူ တယောက်ချင်းချင်း (မျက်စိနား နှစ်ပါး)ဆိတ်ကွယ်ရာ၌ ထိုင်နေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၉၉။ ပင့်ဖိတ်အပ်သော ဆွမ်းရှိလျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ဆွမ်းစားရာ ကာလမှ ရှေး၌ရင်း ဆွမ်းစားရာကာလမှ နောက်၌ရင်း အိမ်တို့၌ သွားလာလှည့်လည်သော ရဟန်း အား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ပင့်ဖိတ်အပ်သော ဆွမ်းရှိသည်ဖြစ်လျက် ဆွမ်းစားရာ ကာလမှ ရှေး၌ရင်း ဆွမ်းစားရာကာလမှ နောက်၌ရင်း အိမ်တို့၌ သွားလာလှည့်လည်ခြင်း အကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်လေးပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ ပ ။

၁၀၀။ ထိုဖိတ်အပ်သော ဆေးအပိုင်းအခြား ညဥ့်အပိုင်းအခြားထက်အလွန် ဆေးကို တောင်း သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကဘိုင်းအို၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား ဖြစ်သော မဟာနာမ်သည် "အသျှင်ဘုရားတို့ ယနေ့တရက်မျှ ဆိုင်းငံ့တော် မူကြပါကုန်လော့" ဟု ဆိုသည်ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့၏ မဆိုင်းငံ့ခြင်း အကြောင်းကြောင့် ပညတ် တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၀၁။ ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌကလောမသမုဋ္ဌာန်တည်း။ ပ။

၁၀၂။ သုံးညဥ့်ထက်အလွန် စစ်တပ်၌ နေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ သုံးညဥ့်ထက်အလွန် စစ်တပ်၌ နေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌကလောမသမုဋ္ဌာန်တည်း။ ပ။

၁၀၃။ စစ်တိုက်ရာ အရပ်သို့ သွားသောရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ စစ်တိုက်ရာအရပ်သို့ သွားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌကလောမသမုဋ္ဌာန်တည်း။ ပ။

ငါးခုမြောက် အစေလကဝဂ် ပြီး၏။

http://www.dhammadownload.com



## ၆-သုရာပါနဝဂ်

၁၀၄။ (သုရာငါးပါး၊ မေရယငါးပါး) သေအရက်တို့ကို သောက်ခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်သာဂတကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်သာဂတ၏ အရက်ကို သောက်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၁၀၅။ ချိုင်းထိုးကစားခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရဟန်း(တဦး)ကို ချိုင်းထိုးကစားသဖြင့် ရယ်မွှူးစေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၁၀၆။ ရေ၌ မြူးထူးပျော်ပါး ကစားခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သတ္တရသဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သတ္တရသဝဂ္ဂီ ရဟန်းတို့၏ အစိရဝတီ မြစ်ရေ၌ ကစားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၁၀၇။ (ပုဂ္ဂလဓမ္မ နှစ်ပါးတို့ကို)မရှိသေခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္န၏ (ပုဂ္ဂလဓမ္မ နှစ်ပါးကို)မရှိမသေပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ပ။

၁၀၈။ ရဟန်းကိုချောက်သော (ကြောက်စေသော)ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့်ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရဟန်းကို ကြောက်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၀၉။ မီး(ကို)ညှိ၍ လှုံသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဘဂ္ဂတိုင်း၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ မီးကို ညှိ၍ လှုံကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် နှစ်ပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၁၁၀။ (ရေချိုးပြီးသည်မှ) လခွဲအတွင်း၌ ရေချိုးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ (ရေချိုးလိုသော)မင်းကိုမြင်၍သော်လည်း အတိုင်းအရှည်ကို မသိကြကုန်ပဲ ရေချိုးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် ခြောက်ပါးရှိ၏။

သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော။

ပဒေသပညတ်တည်း။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဠေကလောမသမုဋ္ဌာန်တည်း။ပ။

၁၁၁။ သုံးပါးသော ကပ္ပဗိန္ဒု 'အဆင်းပျက်ခြင်းကိုပြုကြောင်း' တို့တွင် တပါးပါးသော ကပ္ပဗိန္ဒုကိုမယူမူ၍ သင်္ကန်းသစ်ကို သုံးဆောင် 'ဝတ်ရုံ'သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ မိမိ၏သင်္ကန်းကို မသိကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဠေကလောမ သမုဋ္ဌာန်တည်း။ပ။

၁၁၂။ ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း သိက္ခမာန်အားရင်း သာမဏေယောကျ်ားအားရင်း သာမဏေမိန်းမအားရင်း ကိုယ်ပိုင်သင်္ကန်းကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိုရ်မပြုပဲ သုံးဆောင် 'ဝတ်ရုံ'သော ရဟန်းအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ရဟန်းအား ကိုယ်တိုင် သက်န်းကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိုရ် မပြုပဲ သုံးဆောင်'ဝတ်ရုံ'ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

၁၁၃။ ရဟန်း၏သပိတ်ကိုရင်း သက်န်းကိုရင်း နိသီဒိုင်ကိုရင်း အပ်ကျည်'အပ်ဗူး'ကိုရင်း ခါးပန်းကြိုးကိုရင်း ဝှက်ထားသော ရဟန်းအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတို့၏ သပိတ်ကိုရင်း, သက်န်းကိုရင်း ဆဗ္ဗဂ္ဂီရဟန်းတို့၏ ဝှက်ထားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ခြောက်ခုမြောက် သုရာပါနဝဂ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ်

၁၁၄။ (သတ္တဝါဟူသော အမှတ်နှင့်တကွ သတ်လိုသော စေတနာဖြင့်)စေ့ဆော်၍(တိရစ္ဆာန်) သတ္တဝါကို ဇီဝိတိန္ဒြေမှ ချသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏(သတ္တဝါဟူသော အမှတ်နှင့်တကွ သတ်လိုသော စေတနာဖြင့်)စေ့ဆော်၍ (တိရစ္ဆာန်)သတ္တဝါကို ဇီဝိတိန္ဒြေမှ ချခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၁၅။ သိလျက် ပိုးရှိသော ရေကို သုံးဆောင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ သိလျက် ပိုးရှိသော ရေကို သုံးဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၁၆။ သိလျက် တရားအားလျော်စွာ ငြိမ်းပြီးသော အဓိကရုဏ်းကို တဖန် ကံပြုခြင်းငှါ လှုံ့ဆော်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ သိလျက် တရားအားလျော်စွာ ငြိမ်းပြီးသော အဓိကရုဏ်းကို တဖန်ကံပြုခြင်းငှါ လှုံ့ဆော်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၁၇။ သိလျက် ရဟန်း၏ ရှုန့်ရင်းကြမ်းတမ်းသော (သံဃာဒိသိသ်)အာပတ်ကို ဖုံးလွှမ်းသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ သိလျက် ရဟန်း၏ရှုန့်ရင်းကြမ်းတမ်းသော (သံဃာဒိသိသ်)အာပတ်ကို ဖုံးလွှမ်းခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၁၈။ သိလျက်(ပဋိသန္ဓေမှစ၍)အသက်နှစ်ဆယ် မပြည့်သော ပုဂ္ဂိုလ်ကို (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ သိလျက်(ပဋိသမ္ဘိဒာမှစ၍)အသက်နှစ်ဆယ် မပြည့်သော ပုဂ္ဂိုလ်ကို (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၁၉။ သိလျက် ခိုးသူ ကုန်သည်နှင့် အတူတိုင်ပင်၍ တကြောင်းတည်းသော ခရီးရှည်သွားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ သိလျက် ခိုးသူ ကုန်သည်နှင့် အတူတကွ တိုင်ပင်၍တကြောင်းတည်း ခရီးရှည် သွားခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊နှုတ်ကြောင့် မဖြစ်။ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၂၀။ မာတုဂါမနှင့် အတူတကွ တိုင်ပင်၍ တကြောင်းတည်း ခရီးရှည်သွားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ မာတုဂါမနှင့် အတူတကွ တိုင်ပင်၍ တကြောင်းတည်း ခရီးရှည်သွားခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၂၁။ သုံးကြိမ်တိုင်တိုင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် ယုတ်မာသော အယူကို မစွန့်သောရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်း၏ သုံးကြိမ်သိုင်တိုင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် ယုတ်မာသော အယူကို မစွန့်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

၁၂၂။ သိလျက် ထိုသို့ အယူရှိသော (သံဃာဘောင်သို့)သွင်းခြင်းကို မပြုရသေးသော ထိုမှားသောအယူကို မစွန့်သော ရဟန်းနှင့်အတူ(အာမိသဓမ္မသံဘောဂ နှစ်ပါးကို)သုံးဆောင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ သိလျက် ထိုသို့ အယူရှိသော (သံဃာဘောင်သို့) သွင်းခြင်းကို မပြုရသေးသော ထိုမှားသောအယူကို မစွန့်သော အရိဋ္ဌရဟန်းနှင့်အတူ သုံးဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၂၃။ သိလျက် ထိုသို့ ဖျက်ဆီးအပ်ပြီးသော သာမဏေကို ဖြားယောင်းသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ သိလျက် ထိုသို့ ဖျက်ဆီးအပ်ပြီးသော ကဏ္ဍကသာမဏေကို ဖြားယောင်းကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

**ခုနစ်ခုမြောက် သပ္ပါဏကဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၈-သဟဓမ္မိကဝဂ်

၁၂၄။ ရဟန်းတို့က သိက္ခာပုဒ်တော်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော်"ငါ့သျှင် ငါသည်ကျွမ်းကျင်လိမ္မာ၍ ဝိနည်းကို ဆောင်သော အခြား,ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ထိုသိက္ခာပုဒ်၌ မကျင့်အံ့" ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတို့က သိက္ခာပုဒ်တော်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် "ငါ့သျှင် ငါသည် ကျွမ်းကျင်လိမ္မာ၍ ဝိနည်းကိုဆောင်သော အခြားရဟန်းကို မမေးရသေးသမျှကာလပတ်လုံး ထိုသိက္ခာပုဒ်၌မကျင့်အံ့" ဟု အသျှင်ဆန္နပြောဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၂၅။ ဝိနည်းကို ကဲ့ရဲ့သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဝိနည်းကို ကဲ့ရဲ့ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၂၆။ မသိဟန်ဆောင်ခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ မသိဟန်ဆောင်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၂၇။ ရဟန်းအား စိတ်ဆိုးသဖြင့် မနှစ်သက်သဖြင့် ပုတ်ခတ်သော ရဟန်းအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် စိတ်ဆိုးကြကုန်သည်ဖြစ်၍ မနှစ်သက်ကြကုန်သည်ဖြစ်၍ ရဟန်းတို့အား ပုတ်ခတ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

၁၂၈။ ရဟန်းအား စိတ်ဆိုးသဖြင့် မနှစ်သက်သောကြောင့် လက်ဝါးပြင်ကို မိုးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် စိတ်ဆိုးကြကုန်သည်ဖြစ်၍ မနှစ်သက်ကြကုန်သည်ဖြစ်၍ ရဟန်းတို့အား လက်ဝါးပြင်ကို မိုးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

၁၂၉။ ရဟန်းကို (မြင်ခြင်း ကြားခြင်း ရှိရှာခြင်း)အကြောင်းရင်း မရှိသော သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရဟန်းကို (မြင်ခြင်း ကြားခြင်း ရှိရှာခြင်း)အကြောင်းရင်း မရှိသော သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၃၀။ ရဟန်းကို(မချမ်းသာစေလိုသော)စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေသော ရဟန်းအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့အား(မချမ်းသာစေလိုသော)စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၃၁။ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြားသော ရဟန်းတို့၏ အသံကြားလောက်ရာ အရပ်၌ ရပ်တည်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြားသောရဟန်းတို့၏ အသံကြားလောက်ရာ အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ ရပ်တည်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ ရံခါကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၃၂။ တရားနှင့်လျော်သော ကံတို့အား ဆန္ဒပေးပြီးနောက် ရှုတ်ချသော ရဟန်းအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ တရားနှင့်လျော်သော ကံတို့အား ဆန္ဒပေးပြီးနောက် ရှုတ်ချခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၃၃။ သံဃာ၌ အဆုံးအဖြတ် စကားဖြစ်စဉ် ဆန္ဒမပေးပဲ နေရာမှ ထ၍ ဖဲသွားသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ သံဃာ၌ အဆုံးအဖြတ်စကားဖြစ်စဉ် ဆန္ဒမပေးပဲ နေရာမှထ၍ ဖဲသွားခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၃၄။ ညီညွတ်သောသံဃာနှင့် (အတူတကွ) သင်္ကန်းကို ပေးပြီး၍ နောက်မှ ရှုတ်ချသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ညီညွတ်သော သံဃာနှင့်(အတူတကွ)သင်္ကန်းကို ပေးပြီးနောက် ရှုတ်ချခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။

၁၃၅။ (သံဃာအား) ညွတ်ပြီးသော သံဃာ၏ဥစ္စာ 'သံဃိက'ဖြစ်သော (သင်္ကန်းစသော) လာဘ်ကို (သံဃာအား ညွတ်ပြီးဟု)သိလျက် ပုဂ္ဂိုလ်အား ညွတ်စေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ (သံဃာအား)ညွတ်ပြီးသော သံဃာ၏ဥစ္စာ 'သံဃိက'ဖြစ်သော (သင်္ကန်းစသော)လာဘ်ကို (သံဃာအား ညွတ်ပြီးဟု)သိလျက် ပုဂ္ဂိုလ်အား ညွတ်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ရှစ်ခုမြောက် သဟဓမ္မိကဝဂ် ပြီး၏။

---

## ၉-ရာဇဝဂ်

၁၃၆။ ရှေးဦးစွာ မိမိလာသည်၏ အဖြစ်ကို မသိစေပဲ မင်း၏နန်းတော်တွင်းသို့ ဝင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်အာနန္ဒာကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်အာနန္ဒာ၏ ရှေးဦးစွာ မိမိလာသည်၏ အဖြစ်ကို မသိစေပဲ မင်း၏ နန်းတော်တွင်းသို့ ဝင်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

၁၃၇။ ရတနာ (ဆယ်ပါး)ကို ကောက်ယူသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါး၏ ရတနာ(ဆယ်ပါး)ကို ကောက်ယူခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် နှစ်ပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသောအကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၁၃၈။ ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ နေလွှဲသော အခါ၌ ရွာတွင်းသို့ ဝင်သော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ နေလွှဲသောအခါ၌ ရွာတွင်းသို့ ဝင်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် သုံးပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

၁၃၉။ အရိုးဆင်စွယ်သားချိုဖြင့် ပြီးသော အပ်ကျည်'အပ်ဗူး'ကို ပြုစေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ အတိုင်းအရှည်မသိကြကုန်ပဲ များစွာသော အပ်ကျည်'အပ်ဗူး'တို့ကို တောင်းကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၄၀။ ပမာဏကိုလွန်သော ညောင်စောင်းအင်းပျဉ်ကို ပြုစေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ မြင့်သော ညောင်စောင်း၌ အိပ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၁၄၁။ လဲသွတ်သောညောင်စောင်း အင်းပျဉ်ကို ပြုစေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ လဲသွတ်သော ညောင်စောင်းအင်းပျဉ်ကို ပြုစေခြင်း အကြောင်းတို့ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၄၂။ ပမာဏကို လွန်သော နိသီဒိုင် အခင်းကို ပြုစေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ပမာဏနှင့် မယှဉ်သော နိသီဒိုင်အခင်းတို့ကို ဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၄၃။ ပမာဏကို လွန်သော အမာလွှမ်းသင်္ကန်းကို ပြုစေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အတိုင်းအထွာ 'ပမာဏ'နှင့် မယှဉ်သော အမာလွှမ်းသင်္ကန်းတို့ကို ဆောင်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



၁၄၄။ ပမာဏကိုလွန်သော မိုးရေခံသင်္ကန်းကို ပြုစေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ အတိုင်းအထွာ 'ပမာဏ'နှင့် မယှဉ်ကုန်သော မိုးရေခံသင်္ကန်းတို့ကို ဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၁၄၅။ မြတ်စွာဘုရားသင်္ကန်းတော်၏ အတိုင်းအထွာ'ပမာဏ'ရှိသော သင်္ကန်းကို ပြုစေသော ရဟန်းအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်နန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်နန္ဒ၏ မြတ်စွာဘုရား သင်္ကန်းတော်အတိုင်းအထွာ 'ပမာဏ'ရှိသော သင်္ကန်းကို ဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ကိုးခုမြောက် ရတနဝဂ် ပြီး၏။
ပါစိတ်အာပတ် ကိုးဆယ့်နှစ်ပါး ပြီး၏။

---

ထိုသုဒ္ဓပါစိတ် ကိုးဆယ့်နှစ်ပါး၏ အကျဉ်းချုပ်—

ချွတ်ယွင်းသော စကားကိုဆိုသော (မုသာဝါဒ)သိက္ခာပုဒ်၊ နှုတ်လှံထိုးသော (ဩမသဝါဒ) သိက္ခာပုဒ်၊ လူသာမဏေနှင့် အတူတကွ အိပ်သော (ပဌမသဟသေယျ)သိက္ခာပုဒ်၊ မိန်းမနှင့် အတူတကွ အိပ်သော (ဒုတိယသဟသေယျ)သိက္ခာပုဒ်၊ အညတြဝိညုနာ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော တရားဟောသော (ဓမ္မဒေသနာ) သိက္ခာပုဒ်၊ ဟုတ်မှန်သော ဈာန်မဂ်ဖိုလ်ကို ပြောကြားသော (ဘူတာရောစန)သိက္ခာပုဒ်၊ ဒုဋ္ဌုလ္လာပတ္တိ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော ရှုန့်ရင်းသော အာပတ်ကို ပြောကြားသော (ဒုဋ္ဌုလ္လာရောစန) သိက္ခာပုဒ်၊ မြေကိုတူးသော (ပထဝီခဏန)သိက္ခာပုဒ်။

ဤကား မုသာဝါဒဝဂ်၏ အကျဉ်းချုပ်တည်း။

http://www.dhammadownload.com



သစ်ပင်မျိုးစေ့ ဖျက်ဆီးသော(ဘူတဂါမ)သိက္ခာပုဒ်၊ တပါးသော စကားကို ဆိုသော (အညဝါဒက)သိက္ခာပုဒ်၊ ကဲ့ရဲ့ရှုတ်ချသော (ဥဇ္ဈာပနက)သိက္ခာပုဒ်၊ ညောင်စောင်းဖြင့် မှတ်အပ်သော (ပဌမသေနာသန)သိက္ခာပုဒ်ကိုလည်းကောင်း၊ အိပ်ရာဖြင့် မှတ်အပ်သော (ဒုတိယသေနာသန)သိက္ခာပုဒ်ကိုလည်းကောင်း၊ ဆိုအပ်၏၊ ပုဗ္ဗ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (အနုပခဇ္ဇ)သိက္ခာပုဒ်၊ နှင်ထုတ်သော (နိက္ကဍ္ဍန)သိက္ခာပုဒ်၊ အာဟစ္စ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော ဝေဟာသကုဋိသိက္ခာပုဒ်၊ ဒွါရ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (မဟလ္လကဝိဟာရ)သိက္ခာပုဒ်၊ ပိုးရှိသော ရေကို သွန်းလောင်းသော (သပ္ပါဏက)သိက္ခာပုဒ်။

ဤကား-ဘူတဂါမဝဂ်၏ အကျဉ်းချုပ်တည်း။

သမ္မုတိမရပဲ ရဟန်းမိန်းမတို့ကို ဆုံးမသော (ဩဝါဒ)သိက္ခာပုဒ်၊ နေဝင်သောအခါ ရဟန်းမိန်းမတို့ကို ဆုံးမသော (အတ္ထင်္ဂတ)သိက္ခာပုဒ်၊ ရဟန်းမိန်းမကျောင်းသို့ သွားသော(ဘိက္ခုနုပဿယ)သိက္ခာပုဒ်၊ သက်နိုးစသော အာမိသကြောင့် ဟုဆိုသော (အာမိသ)သိက္ခာပုဒ်၊ သင်္ကန်းပေးသော (စီဝရဒါန)သိက္ခာပုဒ်၊ သင်္ကန်းချုပ်သော (စီဝရသိဗ္ဗန)သိက္ခာပုဒ်၊ ညီညွတ်တိုင်ပင်၍ သွားသော (သံဝိဓာန)သိက္ခာပုဒ်၊ လှေစီးသော (နာဝါဘိရုဟန)သိက္ခာပုဒ်၊ ဘုဉ္ဇေယျ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (ဘိက္ခုနီပရိပါစိတ)သိက္ခာပုဒ်၊ အတူတကွနေသော (ရဟောနိသဇ္ဇ)သိက္ခာပုဒ်။

ဤကား ဘိက္ခုနောဝါဒဝဂ်၏ အကျဉ်းချုပ်တည်း။

ဧည့်သည်တို့အား ရည်၍ထားသော ဆွမ်းစသော (အာဝသထပိဏ္ဍ) သိက္ခာပုဒ်၊ ဂဏဘောဇနသိက္ခာပုဒ်၊ ပရမ္ပရဘောဇနသိက္ခာပုဒ်၊ နှစ်သပိတ် သုံးသပိတ်ပြည့်အောင် မုံ့ကို ခံသော (ကာဏမာတာ)သိက္ခာပုဒ်၊ ပဌမပဝါရိတ်(ပဌမပဝါရဏာ)သိက္ခာပုဒ်၊ ဒုတိယပဝါရိတ်(ဒုတိယပဝါရဏာ)သိက္ခာပုဒ်၊ နေလွဲညစာ စားသော (ဝိကာလဘောဇန)သိက္ခာပုဒ်၊ သိုမှီးသိမ်းဆည်းသော (သန္နိဓိကာရက)သိက္ခာပုဒ်၊ ခီရံ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (ပဏီတဘောဇန) သိက္ခာပုဒ်၊ အကပ်မခံသော အာဟာရကို ခံတွင်းဝသို့ ဆောင်သော (ဒန္တပေါဏ)သိက္ခာပုဒ်နှင့် တကွ ထိုဘောဇနဝဂ်၌ သိက္ခာပုဒ်တို့သည် ဆယ်ပါးတို့တည်း။

ဤကား ဘောဇနဝဂ်၏ အကျဉ်းချုပ်တည်း။

အဝတ်မဝတ်သော တက္ကတွန်းတို့အား ခဲဖွယ်ဘောဇဉ်တို့ကို ပေးသော( အစေလက)သိက္ခာပုဒ်၊ ရဟန်းကိုခေါ်၍ ပြန်လွှတ်လိုက်သော (ဥယျောဇန)သိက္ခာပုဒ်၊ အနုပခဇ္ဇဟူသော ပုဒ်ဖြင့် မှတ်အပ်သော လင်မယား နှစ်ယောက်အိမ်တွင်းသို့ ဝင်ထိုင်သော (သဘောဇန) သိက္ခာပုဒ်၊ မိန်းမနှင့်အတူ ဆိတ်ကွယ်ရာ ဖုံးလွှမ်းရာ အရပ်၌ နေသော (ရဟောပဋိစ္ဆန္န) သိက္ခာပုဒ်၊ မာတုဂါမနှင့် အတူ ဆိတ်ကွယ်ရာ အရပ်၌ နေထိုင်သော (ရဟောနိသဇ္ဇ) သိက္ခာပုဒ်၊ နိမန္တိတော ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (စာရိတ္တ)သိက္ခာပုဒ်။ ပစ္စယဟူသောပုဒ်ဖြင့် မှတ်အပ်သော (မဟာနာမ)သိက္ခာပုဒ်၊ စစ်သည်တို့ကို ကြည့်ရှုခြင်းငှါ သွားသော (ဥယျုတ္တ

http://www.dhammadownload.com



သေန)သိက္ခာပုဒ်၊ စစ်သည်ဘောင်၌ နေသော (သေနာဝသန)သိက္ခာပုဒ်၊ တက်၍ တက်၍ ထိုးပစ်ရာအရပ်သို့ သွားသော (ဥယျောဓိက)သိက္ခာပုဒ်။

ဤကား အစေလကဝဂ်၏ အကျဉ်းချုပ်တည်း။

သေကို သောက်သော (သုရာပါန)သိက္ခာပုဒ်၊ လက်ချောင်းတို့ဖြင့် ထိုး၍ ကစားသော (အင်္ဂုလိပတောဒက)သိက္ခာပုဒ်၊ ရေ၌ ရှင်မြူးကစားသော(သဟဓမ္မ)သိက္ခာပုဒ်၊ မရိုသေသော (အနာဒရိယ)သိက္ခာပုဒ်၊ ရဟန်းတို့ကို ချောက်သော (ဘိံသာပန)သိက္ခာပုဒ်၊ မီးညှိ၍ လှုံသော (ဇောတိသမာဒဟန)သိက္ခာပုဒ်၊ ရေချိုးသော (နှာန)သိက္ခာပုဒ်၊ အဆင်းပျက်ခြင်းကို မယူသော(ဒုဗ္ဗဏ္ဏကရဏ)သိက္ခာပုဒ်၊ သာမံ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (ဝိကပ္ပန) သိက္ခာပုဒ်၊ သင်္ကန်း စသည်ကို ဝှက်သော (စီဝရအပနိဓာန)သိက္ခာပုဒ်။

ဤကား သုရာပါနဝဂ်၏ အကျဉ်းချုပ်တည်း။

သေစေလိုသော စေတနာရှိသည်ဖြစ်၍ တိရစ္ဆာန်၏ အသက်ကို သတ်သော (သဉ္စိစ္စပါဏ) သိက္ခာပုဒ်၊ ဉဒကဟူသောပုဒ်ဖြင့် မှတ်အပ်သော ပိုးရှိသောရေကို သုံးဆောင်သော(သပ္ပါဏက) သိက္ခာပုဒ်၊ ကမ္မဟူသော ပုဒ်ဖြင့် မှတ်အပ်သော လှုံ့ဆော်ချွန်းသော(ဥက္ကောဋန)သိက္ခာပုဒ်၊ ရှုန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းသော (ဒုဋ္ဌုလ္လ)သိက္ခာပုဒ်၊ အသက် နှစ်ဆယ်မပြည့်သော ပုဂ္ဂိုလ်ကို ရဟန်းခံသော(ဦနဝီသတိဝဿ)သိက္ခာပုဒ်၊ ခိုးသူ ကုန်သည်နှင့် အတူတကွသွားသော (ထေယျသတ္ထ)သိက္ခာပုဒ်၊ မိန်းမနှင့် ချိန်းချက်၍ သွားသော (သံဝိဓာန)သိက္ခာပုဒ်၊ ဒိဋ္ဌိ အယူကို ကျင့်သော အရိဋ္ဌသိက္ခာပုဒ်၊ တကွ ပေါင်းသင်းသော(ဥက္ခိတ္တကသံဘောဂ)သိက္ခာပုဒ်၊ နာသိတ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော ဖြားယောင်းသော (ကဏ္ဋက)သိက္ခာပုဒ်။

ဤကား သပ္ပါဏကဝဂ်၏ အကျဉ်းချုပ်တည်း။

တရားအားလျော်စွာ ဆိုသော(သဟဓမ္မိက)သိက္ခာပုဒ်၊ ဝိနည်းကို ကဲ့ရဲ့သော(ဝိလေခန) သိက္ခာပုဒ်၊ မသိဟန်ဆောင်သော(မောဟန)သိက္ခာပုဒ်၊ ရဟန်းကို ပုတ်ခတ်သော(ပဟာရ) သိက္ခာပုဒ်၊ ရဟန်းကို လက်ဝါးပြင် မိုးသော ဥဂ္ဂိရေဟူသော ပုဒ်ဖြင့် မှတ်အပ်သော(တလသတ္တိက)သိက္ခာပုဒ်၊ အရင်းမရှိသော သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲသော(အမူလက)သိက္ခာပုဒ်၊ စေတနာနှင့်တကွ ကုက္ကုစ္စဖြစ်စေသော သဉ္စိစ္စသိက္ခာပုဒ်၊ သောဿာမိ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (ဥပဿုတိ)သိက္ခာပုဒ်၊ ခိယျန ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (ကမ္မပဋိဗာဟန) သိက္ခာပုဒ်၊ ပက္ကမေယျ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော ဆန္ဒမပေးပဲ ပြန်သွားသော(ဆန္ဒံ အဒတွာ ဂမန)သိက္ခာပုဒ်၊ သံဃာနှင့် အတူတကွ သင်္ကန်းကို ပေးပြီး၍ နောက်ကာလမှ ရှုတ်ချသော(ဒုဗ္ဗလ)သိက္ခာပုဒ်၊ ပုဂ္ဂလဿ ပရိဏာမေယျ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော(ပရိဏာမန) သိက္ခာပုဒ်။

ဤကား သဟဓမ္မိကဝဂ်၏ အကျဉ်းချုပ်တည်း။

ရညောဟူသော ပုဒ်ဖြင့် မှတ်အပ်သော(အန္တေပုရ)သိက္ခာပုဒ်၊ ရတနာကို ခံယူသော(ရတန) သိက္ခာပုဒ်၊ သန္တံ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော(ဝိကာလဂါမပဝေသန)သိက္ခာပုဒ်၊ အပ်ကျည်

http://www.dhammadownload.com



'အပ်ဖူး'ကို ပြုသော သိက္ခာပုဒ်၊ ညောင်စောင်းကို ပြုသော (မဉ္စ)သိက္ခာပုဒ်၊ လဲဖြင့် စီရင်သော (တုလောနဒ္ဓ)သိက္ခာပုဒ်၊ အမာလှမ်း သက်န်းကို ပြုသော (ကဏ္ဍုပဋိစ္ဆာဒိ)သိက္ခာပုဒ်၊ မိုးရေခံ သင်္ကန်းကို ပြုသော (ဝဿိကသာဋိက)သိက္ခာပုဒ်၊ သုဂတေန ဟူသော ပုဒ်ဖြင့် မှတ်အပ်သော (နန္ဒထေရ) သိက္ခာပုဒ်။

ဤကား ရတနဝဂ်၏ အကျဉ်းချုပ်တည်း။

သိက္ခာပုဒ် အကျဉ်းချုပ် ဤရွေ့အပြီးတည်း။

ထိုဝဂ်တို့၏ အကျဉ်းချုပ်ကား—

မုသာဝါဒဝဂ်၊ ဘူတဂါမဝဂ်၊ ဩဝါဒဝဂ်၊ ဘောဇနဝဂ်၊ အစေလကဝဂ်၊ သုရာပါနဝဂ်၊ သပ္ပါဏကဝဂ်၊ သဟဓမ္မိကဝဂ်၊ ရတနဝဂ်နှင့်တကွ ထိုဝဂ်တို့သည် ကိုးပါးတို့တည်း။

ဝဂ်အကျဉ်းချုပ် ဤရွေ့အပြီးတည်း။

---

၆-ပါဋိဒေသနီလေးပါး

၁၄၆။ (ထိုသို့ သိက္ခာပုဒ် ပညတ်ခြင်း၏ အခါကို)သိတော်မူသော (ထိုထိုသိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးတို့ကို) မြင်တော်မူသော (ကိလေသာရန်သူတို့ကို), ပယ်သတ်တော်မူသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ရွာတွင်းသို့ ဝင်သော ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏လက်မှ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းအား ပါဋိဒေသနီအာပတ်ကို အဘယ်အရပ်၌ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရွာတွင်းသို့ ဝင်သော ဆွေမျိုးမတော်သော ရဟန်းမိန်းမလက်မှ (ဆွမ်းစသော) အာမိသကို ရဟန်းတပါးခံယူခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။ ရံခါ ကိုယ်ကြောင့် ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၁၄၇။ စီရင်သော ရဟန်းမိန်းမအား မတားမြစ်မူ၍ စားသော ရဟန်းအား ပါဋိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည် ။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

စီရင်သော ရဟန်းမိန့်မတို့ကို ဆဗ္ဗဂ္ဂီရဟန်းတို့ မတားမြစ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ ရံခါကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၄၇ သေက္ခဟု သမုတ်အပ်သော 'သဒ္ဓါပွါးများ ဥစ္စာပါးသော'အမျိုးတို့၌ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းအား ပါဋိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အတိုင်းအရှည်ကို မသိကြကုန်ပဲ (ခဲဖွယ်ဘောဇဉ်တို့ကို)များစွာသော ရဟန်းတို့ ခံယူခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် နှစ်ပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

၁၄၈။ တောကျောင်းတို့၌ ရှေးဦးက ဘေးရှိသည်၏အဖြစ်ကို မသိစေအပ်ပဲ(ဆောင်လာသော) ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း အရံတွင်း၌ မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းအား ပါဋိဒေသနီ အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ အရံတွင်း၌ ခိုးသူတို့နေသည်ကို (လူတို့အား)မပြောကြားခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

ပါဋိဒေသနီလေးပါး ပြီး၏။

http://www.dhammadownload.com



ထိုပါရာဒေသနီအာပတ်လေးမျိုး၏ အကျဉ်းချုပ်—

အဆွေမတော်သော (အညာတိက)ပုဒ်ဖြင့် မှတ်အပ်သော ပဌမပါဋိဒေသနီ သိက္ခာပုဒ်၊ ရဟန်းမိန်းမသည် စီရင်သော(ဘိက္ခုနီယာဝေါသာသန္တိယာ)ပုဒ်ဖြင့် မှတ်အပ်သော ဒုတိယ ပါဋိဒေသနီသိက္ခာပုဒ်၊ သေက္ခဟု သမုတ်အပ်သော (သေက္ခသမ္မတ)ပုဒ်ဖြင့် မှတ်အပ်သော တတိယပါဋိဒေသနီ သိက္ခာပုဒ်၊ တောကျောင်း (အာရညကသေနာသန)ဟူသော ပုဒ်ဖြင့် မှတ်အပ်သော စတုတ္ထပါဋိဒေသနီသိက္ခာပုဒ်၊ ဤသို့ လေးပါးကုန်သော ပါဋိဒေသနီ သိက္ခာပုဒ် တို့ကို မြတ်စွာဘုရားသည် ပြတော်မူအပ်ကုန်၏။

ဤရွေ့အကျဉ်းချုပ် အပြီးတည်း။

---

## ၇-သေခိယခုနစ်ဆယ့်ငါးပါး

### ၁-ပရိမဏ္ဍလဝဂ်

၁၅၀။ (ထိုထိုသိက္ခာပုဒ် ပညတ်ခြင်း၏ အခါကို)သိတော်မူသော (ထိုထိုသိက္ခာပုဒ် ပညတ်ခြင်း ၏ အကျိုးထူးတို့ကို)မြင်တော်မူသော(ကိလေသာ ရန်သူတို့ကို)ပယ်သတ်တော်မူသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် မရိုသေခြင်းကိုစွဲ၍ ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချသဖြင့်(သင်းပိုင်ကို)ဝတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။ /

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချကုန်လျက် (သင်းပိုင်ကို) ဝတ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုမသေခြင်းကို စွဲ၍ ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချသဖြင့် (သက်န်းကို)ရုံသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညဘ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချလျက်(သင်္ကန်းကို)ရုံကြခြင်း အကြောင်း ကြောင့် ပညဘ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း မြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ ။

မရိုသေခြင်းကို စွဲ၍ ပုဆစ် ဒူး ရင်ဟု ဆိုအပ်သော ကိုယ်ကို ဖွင့်၍ ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ ပုဆစ် ဒူး ရင်ဟု ဆိုအပ်သော ကိုယ်ကို ဖွင့်၍ ရွာတွင်း 'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။

(မူလ)ပညတ် တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ လက်ကိုရင်း ခြေကိုရင်း ကစားစေသဖြင့် ရွာတွင်း'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို ။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ လက်ကိုရင်း ခြေကိုရင်း ကစားစေသဖြင့် ရွာတွင်း'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို ။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ ထိုထိုအရပ်မျက်နှာကို ကြည့်သဖြင့် ရွာတွင်း'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ် တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ ထိုထိုအရပ်မျက်နှာကို ကြည့်သဖြင့် ရွာတွင်း 'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ သင်္ကန်းကို ပင့်လျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ သင်္ကန်းကို ပင့်လျက် ရွာတွင်း 'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

ရှေးဦးစွာသော ပရိမဏ္ဍလဝဂ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ်

၁၅၁။ မရိုသေခြင်းကို စွဲ၍ ပြင်းစွာရယ်လျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပြင်းစွာရယ်ကြလျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

မရိုသေခြင်းကိုစွဲ၍ ပြင်းစွာရယ်လျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ပြင်းစွာ ရယ်ကြလျက် ရွာတွင်း 'ဂေါစရဂါမ်'၌ နေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

မရိုသေခြင်းကို စွဲ၍ စူးရှကျယ်လောင်သော အသံကိုပြုလျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည်စူးရှကျယ်လောင်သော အသံကိုပြုကြကုန်လျက် ရွာတွင်း'ဂေါစရဂါမ်'၌ သွားခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

မရိုသေခြင်းကို စွဲ၍ စူးရှကျယ်လောင်သော အသံကို ပြုလျက် ရွာတွင်း 'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် စူးရှကျယ်လောင်သော အသံကို ပြုကြလျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

မရိုသေခြင်းကိုစွဲ၍ ကိုယ်ကို လှုပ်ကာ လှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ) ပညတ် တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကိုစွဲ၍ ကိုယ်ကို လှုပ်ကာ လှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ လက်မောင်းကို လှုပ်ကာ လှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ လက်မောင်းကို လှုပ်ကာ လှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါး ရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကိုစွဲ၍ ဦးခေါင်းကို လှုပ်ကာ လှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်း အား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ် တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ ဦးခေါင်းကို လှုပ်ကာ လှုပ်ကာ ရွာတွင်း'ဂေါစရဂါမ်'၌ နေသော ရဟန်း အား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

နှစ်ခုမြောက် ဥဇ္ဇဂ္ဃိကဝဂ် ပြီး၏။

---

### ၃-ခမ္ဘကတဝဂ်

၁၅၂။ မရိုသေခြင်းကို စွဲ၍ ခါးထောက်လျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

http://www.dhammadownload.com



မရှိသေခြင်းကိုစွဲ၍ ခါးထောက်လျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဦးခေါင်းခြုံလျက် ရွာတွင်း'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခေါင်းမြီးခြုံ၍ ရွာတွင်း 'ဂေါစရဂါမ်'၌ သွားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဦးခေါင်းခြုံလျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခေါင်းမြီးခြုံ၍ ရွာတွင်း၌ နေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကိုစွဲ၍ ဘဝါးစွန်းဖြင့် နင်းလျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ) ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။

မရှိသေခြင်းကိုစွဲ၍ လက်အာယောဂပတ် [၁] ပုဆိုးအာယောဂပတ် [၂] ဖွဲ့လျက်ရွာတွင်း 'ဂေါစရဂါမ်' ၌ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်း ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

---

၁။ လက်နှစ်ဖက်ကိုရှက်၍ ဒူးနှစ်ဖက်ကို ပိုက်ထားခြင်း။

၂။ သင်္ကန်း(အဝတ်)ဖြင့် ဒူးနှစ်ဖက်ကို ရစ်သိုင်းထားခြင်း။

http://www.dhammadownload.com



မရှိသေခြင်းကို စွဲ၍ သတိကို မဖြစ်စေပဲ ဆွမ်းကို ခံယူသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ပ။

မရှိသေခြင်းကို စွဲ၍ ထိုထိုအရပ်မျက်နှာကို ကြည့်လျက် ဆွမ်းကို ခံယူသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဟင်းကိုသာလျှင် များစွာခံယူသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဆွမ်းကို မောက်တက်လာအောင် ခံသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

သုံးခုမြောက် ခမ္ဘကတဝဂ် ပြီး၏။

## ၄-ပိဏ္ဍပါတဝဂ်

၁၅၃။ မရှိသေခြင်းကို စွဲ၍ သတိကို မဖြစ်စေပဲ ဆွမ်းကို စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။(မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ထိုထိုအရပ်မျက်နှာကို ကြည့်လျက် ဆွမ်းကိုစားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ထိုထိုဝတ္ထုကို သုံးသပ်လျက် ဆွမ်းကို စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။(မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကိုစွဲ၍ ဟင်းကိုသာလျှင် များစွာ စားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဆွမ်းကို အလယ်ထိပ်မှ နှိပ်လျက် စားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဟင်းကိုရင်း ငါး အမဲဟင်းလျာကိုရင်း ဆွမ်းဖြင့် ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

http://www.dhammadownload.com



မရှိသေခြင်းကို စွဲ၍ ဟင်းကိုဒင်း ဆွမ်းကိုဒင်း မနာမဖျားပဲ မိမိ၏အကျိုးငှါ တောင်း၍ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းကိုဒင်း ဆွမ်းကိုဒင်း မိမိ၏အကျိုးငှါ တောင်း၍ စားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးဘိုဘင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ရံခါ ကိုယ်ကြောင့်ဒင်း စိတ်ကြောင့်ဒင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ဒင်း နှုတ်ကြောင့်ဒင်း စိတ်ကြောင့်ဒင်း ဖြစ်၏။ပ။

မရှိသေခြင်းကို စွဲ၍ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍ တပါးသောသူတို့၏ သပိတ်ကို ကြည့်ရှုသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ဒင်း စိတ်ကြောင့်ဒင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ကြီးသော ဆွမ်းလုပ်ကို ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ကိုယ်ကြောင့်ဒင်း စိတ်ကြောင့်ဒင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ရှည်စွာသော ဆွမ်းလုပ်ကို ပြုသောရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ဒင်း စိတ်ကြောင့်ဒင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

လေးခုမြောက် ပိဏ္ဍပါတဝဂ် ပြီး၏။

## ၅-ကဗဠဝဂ်

၁၅၄။ မရှိသေခြင်းကို စွဲ၍ ဆွမ်းလုပ်သည် ခံတွင်းဝသို့ မရောက်မီ ခံတွင်းဝကို ဖွင့်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့် ဒင်း စိတ်ကြောင့်ဒင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဆွမ်းစားစဉ် လက်ငါးချောင်းလုံးကို ခံတွင်း၌ ထည့်သွင်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ကိုယ်ကြောင့်ဒင်း စိတ်ကြောင့်ဒင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဆွမ်းလုပ်နှင့် တကွသော ခံတွင်းဖြင့် စကားပြောသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်နှင့် တကွသော ခံတွင်းဖြင့် ဇကားပြောကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။ပ။

မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်ကို မြှောက်ကာ မြှောက်ကာ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်ကို ဖြတ်ကာ ဖြတ်ကာ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ မျောက်ကဲ့သို့ ပါးစောင်၌ ထားလျက် စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ လက်ကို ခါလျက် ခါလျက် စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကိုစွဲ၍ ဆွမ်းလုံးကို ကြဲလျက် ကြဲလျက် စားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ လျှာကို ထုတ်ကာ ထုတ်ကာ စားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရိုသေခြင်းကို စွဲ၍ စပ်စပ် မြည်အောင် ပြုလျက် စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

ငါးခုမြောက် ကဗဠဝဂ် ပြီး၏။

## ၆-သုရုသုရုဝဂ်

၁၅၅။ မရိုသေခြင်းကို စွဲ၍ ရှုတ်ရှုတ် အသံပြုလျက် ပြုလျက် စားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းတို့၏ရှုတ်ရှုတ်အသံပြုလျက် နို့ရည်ကို သောက်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။ (မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ လက်ကိုလျက်ကာလျက်ကာ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသောအကြောင်းကြောင့် ဖြစ်၏။ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ သပိတ်ကို ခြစ်လျက် ခြစ်လျက် စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏။ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ နှုတ်ခမ်းကို လျက်ကာ လျက်ကာ စားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါးရှိ၏၊ တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဆွမ်းစသော အာမိသနှင့် တကွသော လက်ဖြင့် ရေသောက်ခွက်ကို ကိုင်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဘဂ္ဂတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းတို့သည် ဆွမ်းစသော အာမိသနှင့်တကွသော လက်ဖြင့် ရေသောက်ခွက်ကို ကိုင်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း'ဂေါစရဂါမ်'၌ စွန့်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဘဂ္ဂတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းတို့၏ ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း 'ဂေါစရဂါမ်' ၌ စွန့်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ထီးကိုင်ထားသူကို တရားဟောသောရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်၌ ထီးကိုင်ထားသူကို တရားဟောကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ် သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။နှုတ်ကြောင့်ရင်း စိတ်ကြောင့် ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ တုတ်ကိုင်ထားသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုး သော အကြောင်းကြောင့် ဖြစ်၏။ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဓားသန်လျက်ကိုင်ထားသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ်အာပတ် ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့ တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ လေးလက်နက် ကိုင်ထားသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက် မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ် ကြောင့် မဖြစ်။ပ။

ခြောက်ခုမြောက် သုရသုရဝဂ် ပြီး၏။

## ၇ ပါဒုကာဝဂ်

၁၅၆။ မရှိသေခြင်းကို စွဲ၍ ခြေနင်းစီးသောသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ်အာပတ် ကို။ပ။(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင်

http://www.dhammadownload.com



တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ဘိနပ်စီးသောသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ယာဉ်စီးသောသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ အိပ်ရာ၌ နေသောသူကိုတရားဟောသောရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ လက်အာယောဂပတ် ပုဆိုးအာယောဂပတ်ဖွဲ့လျက် နေသောသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ။ပ။ (မူလ)ပညတ်တပါး၊အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ (ဆံအဆုံးမထင်အောင်)ဦးရစ်ပေါင်းသော ဦးခေါင်းရှိသော သူကို တရားဟောသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ခေါင်းမြီးခြုံသော သူကို တရားဟောသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ မြေ၌ ထိုင်နေလျက် နေရာ၌ ထိုင်နေသော သူကို တရားဟောသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

မရှိသေခြင်းကို စွဲ၍ နိမ့်သောနေရာ၌ ထိုင်လျက် မြင့်သောနေရာ၌ ထိုင်သူကို တရားဟောသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ မူလပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

မရှိသေခြင်းကို စွဲ၍ ထိုင်သောသူကို ရပ်လျက် တရားဟောသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့

http://www.dhammadownload.com



တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

မရှိသေခြင်းကို စွဲ၍ နောက်မှ သွားလျက် ရှေ့မှသွားသောသူကို တရားဟောသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

မရှိသေခြင်းကို စွဲ၍ ခရီးမဟုတ်သဖြင့် သွားလျက် ခရီးဟုတ်သဖြင့် သွားသော သူကို တရားဟောသောရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

မရှိသေခြင်းကို စွဲ၍ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း ရပ်လျက် စွန့်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက် မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ စိမ်းသော မြက်သစ်ပင်ရှိရာ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကို ရင်း စွန့်သောရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ (မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ် ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မရှိသေခြင်းကို စွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကုရင်း စွန့်ခြင်းအကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

**ခုနစ်ခုမြောက် ပါဒုကဝဂ် ပြီး၏။**

**သေခိယခုနစ်ဆယ့်ငါးပါး ပြီး၏။**

http://www.dhammadownload.com



ထို သေဒိယခုနစ်ဆယ့်ငါးပါး၏ အကျဉ်းချုပ်—

ပရိမဏ္ဍလသိက္ခာပုဒ်နှစ်ပါး၊ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် နှစ်ပါး၊ သုသံဝုတသိက္ခာပုဒ် နှစ်ပါး၊ ဩက္ခိတ္တစက္ခုသိက္ခာပုဒ်နှစ်ပါး၊ ဥက္ခိတ္တကာယသိက္ခာပုဒ် နှစ်ပါး၊ ဥဇ္ဇဂ္ဃိကသိက္ခာပုဒ် နှစ်ပါး၊ အပ္ပသဒ္ဒသိက္ခာပုဒ် နှစ်ပါး၊ သုံးပါးကုန်သော ကာယပ္ပစာလကသိက္ခာပုဒ်နှစ်ပါး၊ ဗာဟုပ္ပစာလက သိက္ခာပုဒ် နှစ်ပါး၊ သီသပ္ပစာလကသိက္ခာပုဒ် နှစ်ပါး။

ခမ္ဘကတသိက္ခာပုဒ် နှစ်ပါး၊ ဩဂုဏ္ဌိတ သိက္ခာပုဒ် နှစ်ပါး၊ ဥက္ကုဋိက သိက္ခာပုဒ်၊ ပလ္လတ္ထိက သိက္ခာပုဒ် ၊သက္ကစ္စပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ပတ္တသညီပဋိဂ္ဂဟဏသိက္ခာပုဒ်၊ သမသူပကပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ သမတိတ္ထိကသိက္ခာပုဒ်။

သက္ကစ္စဘုဉ္ဇနသိက္ခာပုဒ်၊ ပတ္တသညီဘုဉ္ဇနသိက္ခာပုဒ်၊ သပဒါနသိက္ခာပုဒ်၊ သမသူပကဘုဉ္ဇန သိက္ခာပုဒ်၊ ထူပကတသိက္ခာပုဒ်၊ ဩဒနပဋိစ္ဆန္နသိက္ခာပုဒ်၊ ဝိညတ္တိသိက္ခာပုဒ်၊ ဥဇ္ဈာနသညီ သိက္ခာပုဒ်။

နာတိမဟန္တ သိက္ခာပုဒ်၊ ပရိမဏ္ဍလ အာလောပသိက္ခာပုဒ်၊ မုခဒွါရသိက္ခာပုဒ်၊ သဗ္ဗဟတ္ထ သိက္ခာပုဒ်၊ နဗျာဟရသိက္ခာပုဒ်၊ ပိဏ္ဍုက္ခေပကသိက္ခာပုဒ်၊ ကဗဠာဝစ္ဆေဒက သိက္ခာပုဒ်၊ အဝဂဏ္ဍ ကာရကသိက္ခာပုဒ်၊ ဟတ္ထနိဒ္ဓုနကသိက္ခာပုဒ်၊ သိတ္ထာဝကာရကသိက္ခာပုဒ်၊

ဇိဝှါနိစ္ဆာရကသိက္ခာပုဒ်၊ စပု စပု ကာရကသိက္ခာပုဒ်၊ သုရုသုရုကာရကသိက္ခာပုဒ်၊ ဟတ္ထ နိလ္လေဟကသိက္ခာပုဒ်၊ ပတ္တနိလ္လေဟကသိက္ခာပုဒ်၊ ဩဋ္ဌနိလ္လေဟကသိက္ခာပုဒ်၊ သာမိသသိက္ခာ ပုဒ်၊ သသိတ္ထကသိက္ခာပုဒ်။

မြတ်စွာဘုရားတို့သည် လက်၌ ထီးရှိသောသူအား သူတော်ကောင်းတို့၏ တရားကို မဟော ကုန်၊ (ဆတ္တပါဏိသိက္ခာပုဒ်)၊ဤအတူပင် လက်၌ တုတ် တောင်ဝှေး ရှိသောသူအားငှင်း လက်၌ ဓားသန်လျက်ရှိသောသူ, လက်၌ လက်နက်ရှိသော သူတို့အားငှင်း (သူတော်ကောင်းတို့၏ တရားကို)မဟောကုန်၊ (ဒဏ္ဍပါဏိ သတ္တပါဏိ အာဝုဓပါဏိ သိက္ခာပုဒ်)။

ပါဒုကာရုဠှသိက္ခာပုဒ်၊ ဥပါဟနာရုဠှသိက္ခာပုဒ်၊ ယာနဂတသိက္ခာပုဒ်၊ သယနဂတသိက္ခာပုဒ်၊ ပလ္လတ္ထိကာနိသိန္နသိက္ခာပုဒ်၊ ဝေဌိတသီသသိက္ခာပုဒ်၊ ဩဂုဏ္ဌိတသီသသိက္ခာပုဒ်။

ဆမာသိက္ခာပုဒ်၊ နီစာသနသိက္ခာပုဒ်၊ ဌိတနိသိန္နသိက္ခာပုဒ်၊ ပစ္ဆတောဂစ္ဆန္တသိက္ခာပုဒ်၊ ဥပ္ပထသိက္ခာပုဒ်၊ ရပ်သော ရဟန်းသည်ငှင်း စိမ်းသော မြက်သစ်ပင်ရှိရာ၌ငှင်း ရေ၌ငှင်း မစွန့် မထွေးအပ်။

ဤမျှ သိက္ခာပုဒ် အကျဉ်းချုပ် အပြီးတည်း။

**ထိုဝဂ်တို့၏ အကျဉ်းချုပ်—**

ပရိမဏ္ဍလဝဂ်၊ ဥဇ္ဇဂ္ဃိကဝဂ်၊ ခမ္ဘကတဝဂ်၊ ထိုမှကပါးလည်း ပိဏ္ဍပါတဝဂ်၊ ကဗဠဝဂ်၊ သုရုသုရု ဝဂ်၊ ခုနစ်ခုမြောက် ပါဒုကဝဂ်။

**ဤမျှဝဂ်အကျဉ်းချုပ် အပြီးတည်း။**

**မဟာဝိဘင်း၌ ကတ္ထပညတ္တိဝါရ ပြီး၏။**

http://www.dhammadownload.com



## ၂-ကတာပတ္တိဝါရ

### ၁-ပါရာဇိကလေးပါး

၁၅၇။ မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သေ၍ ခွေးစသည် မစားအပ်သေးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

သေ၍ များသောအားဖြင့် ခွေးစသည် စားအပ်ပြီးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

ဟင်းလင်းဖွင့်သော ခံတွင်း၌ မထိစေပဲ(မြိမ်၏)အင်္ဂါဇာတ်ကို သွင်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် ဤသုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

၁၅၈။ (အရှင်သည် ကိုယ်နှုတ်ဖြင့်)မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

(အရှင်သည် ကိုယ်နှုတ်ဖြင့်)မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ငါးပဲထိုက်သော ဥစ္စာကိုဖြင့်း ငါးပဲထက် အလွန်ထိုက်သော ဥစ္စာကိုဖြင့်း (အရှင်သည် ကိုယ်နှုတ်ဖြင့်)မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

တပဲထက် အလွန်ထိုက်သော ဥစ္စာကိုဖြင့်း ငါးပဲအောက် အယုတ် ထိုက်သော ဥစ္စာကိုဖြင့်း(အရှင်သည် ကိုယ်နှုတ်ဖြင့်)မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

တပဲထိုက်သော ဥစ္စာကိုဖြင့်း တပဲအောက်အယုတ်ထိုက်သော ဥစ္စာကိုဖြင့်း (အရှင်သည် ကိုယ်နှုတ်ဖြင့်)မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

(အရှင်သည် ကိုယ်နှုတ်ဖြင့်) မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူသော ရဟန်းသည် ဤသုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

၁၅၉။ သေစေလိုသော စိတ်ရှိသည်ဖြစ်၍ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို ဇီဝိတိန္ဒြေမှ ချသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

သေစေလိုသော စိတ်ရှိသည်ဖြစ်၍ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို ဇီဝိတိန္ဒြေမှ ချသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

"ကျ၍ သေလတ္တံ့"ဟု လူကို ရည်၍ တွင်းကိုတူးအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

(လူ)ကျသော အခါ ဆင်းရဲခံစားခြင်း 'ဒုက္ခဝေဒနာ'သည် ဖြစ်အံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



(လူ)သေအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

သေစေလိုသော စိတ်ရှိသည်ဖြစ်၍ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို ဇီဝိတိန္ဒြေမှ ချသော ရဟန်းသည် ဤသုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

၁၆၀။ ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါ့ရ၏ဟု ဝါကြွား၍ ပြောဆိုသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ဟု ဝါကြွား၍ ပြောဆိုသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ယုတ်မာသော အလိုရှိသည်ဖြစ်၍ ယုတ်မာသော အလိုရမ္မက် နှိပ်စက်သည်ဖြစ်၍ ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ဟု ပြောအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

သင့်ကျောင်း၌နေသော ရဟန်းသည် ရဟန္တာတည်းဟု ပြောဆိုအံ့၊ (အပြောခံရသူ)သိသည်ရှိသော် ထုလ္လစ္စည်း အာပတ်သို့ ရောက်၏။

(အပြောခံရသူ)မသိသည်ရှိသော် ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ ဟု ပြောဆိုသော ရဟန်းသည် ဤသုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

လေးပါးကုန်သော ပါရာဇိကတို့သည် ပြီးကုန်၏။

---

## ၂-သံဃာဒိသိသ်တဆယ့်သုံးပါး

၁၆၁။ လှုံ့လပြု၍ သုက်ကို လွှတ်စေသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

စေ့ဆော်အံ့ လှုံ့လပြုအံ့ သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

စေ့ဆော်အံ့ လှုံ့လပြုအံ့ သုက်မလွှတ်အံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။

အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မာတုဂါမနှင့်အတူတကွ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်သော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ရောက်၏။

ကိုယ်ဖြင့် ကိုယ်ကို သုံးသပ်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မာတုဂါမကို ရှုန့်ရင်းကြမ်းတမ်းကုန်သော စကားတို့ဖြင့် ပြောသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ရောက်၏။

http://www.dhammadownload.com



ဝစ္စမဂ် ပဿာဝမဂ်ကို ရည်ရွယ်၍ ချီးမွမ်းသော စကားကို လည်း ပြောအံ့၊ ကဲ့ရဲ့သော စကားကို လည်း ပြောအံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ဝစ္စမဂ် ပဿာဝမဂ်ကိုထား၍ ညှပ်ရိုးမှအောက် ပုဆစ်ဒူးဝန်းမှ အထက်ကို ရည်ရွယ်၍ ချီးမွမ်းသော စကားကိုလည်း ပြောအံ့၊ ကဲ့ရဲ့သော စကားကိုလည်း ပြောအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုကို ရည်ရွယ်၍ ချီးမွမ်းသော စကားကိုလည်း ပြောအံ့၊ ကဲ့ရဲ့သောစကားကိုလည်း ပြောအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

မာတုဂါမထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောအံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ပဏ္ဍုက်ထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏။

တိရစ္ဆာန်ထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အောင်တမန်သွားလာခြင်း 'အောင်သွယ်ခြင်း'သို့ ရောက်သော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ရောက်၏။

ဝန်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ဝန်ခံအံ့ စုံစမ်းအံ့ တဖန် မဆောင်အံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ဝန်ခံအံ့ မစုံစမ်းအံ့၊ တဖန်မဆောင်အံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ကိုယ်တိုင် တောင်းယူအပ်သော ပဲ့ခွပ်စသော အဆောက်အဦဖြင့် ကျောင်းကို ပြုစေသော ရဟန်းသည်'ကျောင်းဆောက်သော ရဟန်းသည်' သုံးပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

(နောက်ဆုံး)မြေစိုင်ခဲတခုသို့ မရောက်မီ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

(နောက်ဆုံး)မြေစိုင်ခဲ ရောက်သည်ရှိသော် သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ကြီးသော ကျောင်းကို ပြုစေသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

(နောက်ဆုံး)မြေစိုင်ခဲတခုသို့ မရောက်မီ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

(နောက်ဆုံး)မြေစိုင်ခဲ ရောက်သည်ရှိသော် သံဃာဒိသိသ် အာပတ်သို့ရောက်၏။

ရဟန်းကို(မြင်ခြင်း ကြားခြင်း ရွံရှာခြင်း)အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲ'နှိပ်စက်ဖျက်ဆီး'သော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ခွင့်မပြုစေပဲ 'ခွင့်မတောင်းပဲ' (သာသနာတော်မှ) ရွေ့လျောစေလိုသည်ဖြစ်၍ ဆိုအံ့၊ သံဃာဒိသိသ်အာပတ်နှင့်တကွ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ခွင့်ပြုစေ၍ 'ခွင့်တောင်း၍' ဆဲရေးလိုသည်ဖြစ်၍ ဆိုအံ့၊ ဩမသဝါဒ ပါစိတ်အာပတ်သို့ ရောက်၏။

(တပါးသော)ရဟန်းကို မနုဿဇာတ်ဘိက္ခုဘောမှ တပါးသော တိရစ္ဆာန်ဇာတ်၏ တည်ရာဖြစ်သော ဆိတ်ဖို၏ တစုံတခု ညွှန်းအပ်သော အမြွက်မျိုးကိုစွဲ၍ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲ 'နှိပ်စက်ဖျက်ဆီး' သော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ခွင့်မပြုစေပဲ 'ခွင့်မတောင်းပဲ' (သာသနာတော်မှ)ရွေ့လျောစေလိုသည်ဖြစ်၍ ဆိုအံ့၊ သံဃာဒိသိသ် အာပတ်နှင့်တကွ ဒုက္ကဋ် အာပတ် သို့ ရောက်၏။

ခွင့်ပြုစေ၍ 'ခွင့်တောင်း၍' ဆဲရေးလိုသည်ဖြစ်၍ ဆိုအံ့၊ ဩမသဝါဒ ပါစိတ်အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို)မစွန့်သော သံဃာကို သင်းခွဲသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို) မစွန့်ကြကုန်သော သံဃာကို သင်းခွဲသော 'သံဃဘေဒက' ရဟန်းသို့ လိုက်ကုန်သော ရဟန်းတို့သည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်ကုန်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆိုဆုံးမပါလျက် (အယူကို)မစွန့်သော ဆိုနိုင်ခက်သော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင်(ဉတ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို) မစွန့်သော ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ် အာပတ်တို့သည် ပြီးကုန်၏။

http://www.dhammadownload.com



## ၄-နိဿဂ္ဂိပါစိတ်သုံးဆယ်၊ ၁-ကထိနဝဂ်

၁၆၂။ (အဓိဋ္ဌာန်မတင်, ဝိကပ္ပနာမပြုအပ်သေးသော) အတိရေက သင်္ကန်းကို ဆယ်ရက်လွန်စေသော ရဟန်းသည် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

သင်္ကန်းသုံးထည်နှင့် တညဉ့်ကင်း၍ နေသော ရဟန်းသည် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

အကာလသင်္ကန်းကို ခံယူ၍ တလကို လွန်စေသော ရဟန်းသည် စွန့်ခြင်း ဝိနည်းကံ ရှိသော အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။ ဆွေမျိုးမတော်သော ရဟန်းမိန်းမအား သင်္ကန်းဟောင်းကို ဖွပ်လျှော်ခိုင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဖွပ်ခိုင်းအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဖွပ်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ဆွေမျိုး မတော်သော ရဟန်းမိန်းမ၏ လက်မှ သင်္ကန်းကို ခံယူသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ခံယူအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ယူပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ဆွေမျိုးမတော်သော ဒါယကာကိုဖြစ်စေ ဒါယိကာမကိုဖြစ်စေ သင်္ကန်းတောင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

တောင်းအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

တောင်းယူပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ဆွေမျိုးမတော်သော ဒါယကာကိုဖြစ်စေ ဒါယိကာမကိုဖြစ်စေ ထိုသင်းပိုင်ကိုယ်ဝတ်ထက် အလွန်သင်္ကန်းကို တောင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

တောင်းအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

တောင်းပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ရှေးအခါက မဖိတ်ပဲ ဆွေမျိုးမတော်သော ဒါယကာသို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

အထူးစီရင်ခြင်းသို့ ရောက်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အထူးစီရင်ခြင်းသို့ ရောက်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ရှေးအခါက မဖိတ်ပဲ ဆွေမျိုးမတော်သော ဒါယကာတို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

အထူးစီရင်ခြင်းသို့ ရောက်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



အထူးစီရင်ခြင်းသို့ ရောက်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

သုံးကြိမ်ထက် အလွန်တောင်းခြင်းဖြင့် ခြောက်ကြိမ်ထက် အလွန်ရပ်ခြင်းဖြင့် သက်န်းကို ပြီးစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြီးစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ပြီးစေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ရှေးဦးစွာသော ကထိနဝဂ် ပြီး၏။

---

## ၂-ကောသိယဝဂ်

၁၆၃။ ပိုးချည်နှင့် ရောသော အခင်းကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြုစေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

အမည်းသက်သက် ဖြစ်သော သိုးမွေးအခင်းကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊-အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြုစေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

သိုးမွေးအဖြူတချိန်'တပုံ'သိုးမွေးအကြောင်တချိန်'တပုံ'ကို မယူမူ၍ အသစ်ဖြစ်သော အခင်းကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ပြုစေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

နှစ်စဉ် နှစ်တိုင်း အခင်းကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြုစေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား တထွာ[၁] အတိုင်းအရှည်ကို မယူမူ၍ အသစ်ဖြစ်သော နိသီဒိုင် အခင်းကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြုစေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

---

၁။ မြတ်စွာဘုရား၏ တထွာသည် မဇ္ဈိမပုရိသ၏ တတောင့်ထွာနှင့်ရင်း ယခုလက်ရှိ ပကတိလူတို့၏ နှစ်တောင့်လက် ခြောက်သစ်နှင့်ရင်း ညီမျှ၏။

http://www.dhammadownload.com



သိုးမွေးတို့ကို ခံယူ၍ သုံးယူဇနာကို လွန်စေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပဌမဖဝါးလှမ်း သုံးယူဇနာကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ဒုတိယဖဝါးလှမ်း သုံးယူဇနာကို လွန်စေအံ့၊ စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ဆွေမျိုးမတော်သော ရဟန်းမိန်းမအား သိုးမွေးတို့ကို ဖွပ်လျှော်ခိုင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဖွပ်လျှော်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဖွပ်လျှော်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ရွှေငွေစသည်ကို ခံယူသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ခံယူအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ခံယူပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

(အထူးထူး အပြားပြား)များသော အပြားရှိသော ရွှေငွေ စသည်တို့ဖြင့် ဖလှယ်ခြင်းသို့ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဖလှယ်ခြင်းသို့ ရောက်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

(ဖလှယ်ခြင်းသို့)ရောက်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ် အာပတ်သို့ ရောက်၏။

(အထူးထူး အပြားပြား)များသော အပြားရှိသော ရွှေငွေ စသည်တို့ဖြင့် ဝယ်ခြင်း ရောင်းခြင်းသို့ ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဝယ်ခြင်း ရောင်းခြင်းသို့ ရောက်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။
ရောက်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

နှစ်ခုမြောက် ကောသိယဝဂ် ပြီး၏။

---

## ၃-ပတ္တဝဂ်

၁၆၄။ (အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုအပ်သေးသော) အတိရေကသပိတ်ကို ဆယ်ရက် လွန်စေသော ရဟန်းသည် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

ငါးဖွဲ့ 'အဖွဲ့အစပ်ငါးခု'အောက်ယုတ်သော 'အဆက်ငါးခု မပြည့်သေးသော' သပိတ်ဖြင့် တပါးသော အသစ်ဖြစ်သော သပိတ်ကို 'သပိတ်သစ်ကို' တောင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

တောင်းအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏။

တောင်းပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက်ကို လွန်စေသော ရဟန်းသည် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

တလသက် အလွန် ကြွင်းကျန်သေးသော နွေလ၌ မိုးရေခံသင်္ကန်းကို ရှာမှီးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ရှာမှီးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ရှာမှီးပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းတပါးအား ကိုယ်တိုင် သင်္ကန်းကို ပေးပြီး၍ အမျက်ထွက်ကာ မနှစ်သက်သဖြင့်(ပြန်၍) လုယက်ယူသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

လုယက်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

လုယက်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ချည်ကို ကိုယ်တိုင် တောင်း၍ ရက်ကန်းသည်တို့ကို သင်္ကန်းရက်ခိုင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

(သင်္ကန်း)ရက်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

(သင်္ကန်း)ရက်စေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ရှေးအခါက မဖိတ်ကြားဘူးပဲ ဆွေမျိုးမတော်သော ဒါယကာ၏ ရက်ကန်းသည်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

အထူးစီရင်ခြင်းသို့ ရောက်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အထူးစီရင်ခြင်းသို့ ရောက်ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

အဆောတလျင် လှူအပ်သော သင်္ကန်းကို အလှူခံ၍ သင်္ကန်း အခါ'ကာလ'ကုန်လွန်စေသော ရဟန်းသည် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ထား၍ ခြောက်ညဉ့်ထက် အလွန် (ထိုသင်္ကန်းနှင့်)ကင်း၍နေသော ရဟန်းသည် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

သံဃာအား ညွတ်လေပြီးသော သံဃာပိုင်'သံဃိက'ဖြစ်သော လာဘ်ကို သိပါလျက် မိမိအား ညွတ်စေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ညွတ်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ညွတ်စေပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

သုံးခုမြောက် ပတ္တဝဂ် ပြီး၏။

စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်သုံးဆယ်တို့သည် ပြီးကုန်၏။

http://www.dhammadownload.com



## ၅-ပါစိတ်ကိုးဆယ့်နှစ်ပါး၊ ၁-မုသာဝါဒဝဂ်

၁၆၅။ သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုသော ရဟန်းသည် ငါးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုရမ္မက် နှိပ်စက်သည်ဖြစ်၍ ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ (ဟု) ပြောဆိုအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံရှာခြင်း)အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲ 'နှိပ်စက်ဖျက်ဆီး'အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

သင်၏ကျောင်း၌ နေသော ရဟန်းသည် ရဟန္တာတည်း ဟု ပြောအံ့၊ သိသည်ရှိသော် ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

မသိသည်ရှိသော် ဒုက္ကဋ်အာပတ်သို့ ရောက်၏။

သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သို့ ရောက်၏။

သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုသော ရဟန်းသည် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

ဆဲဆို'ကဲ့ရဲ့'သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ရဟန်းကို ဆဲရေးအံ့၊ ပါစိတ် အာပတ်သို့ ရောက်၏။

လူသာမဏေကို ဆဲရေးအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ချောပစ် ကုန်းတိုက်သော စကားကို ဆောင်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ရဟန်းအား ချောပစ်ကုန်းတိုက်သော စကားကို ဆောင်အံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

လူသာမဏေအား ချောပစ် ကုန်းတိုက်သော စကားကို ဆောင်အံ့၊ ဒုက္ကဋ် အာပတ်သို့ရောက်၏။

လူသာမဏေကို အဖွဲ့အဖွဲ့အားဖြင့် (ပုဒ်ပြိုင်)တရားကို ပို့ချသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပို့ချအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ပုဒ်တိုင်း ပုဒ်တိုင်း ပါစိတ် အာပတ်သို့ ရောက်၏။

လူသာမဏေနှင့်(တမိုးတရံတည်းသော ကျောင်း၌)နှစ်ညဥ့် သုံးညဥ့်ထက် အလွန် အတူတကွ အိပ်ခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သောအာပတ်တို့သို့ ရောက်၏။

အိပ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အိပ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



မာတုဂါမနှင့် (တမိုးတရံတည်းသော ကျောင်း၌) အတူတကွ အိပ်ခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

အိပ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အိပ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

မာတုဂါမအား ငါးပုဒ် ခြောက်ပုဒ်ထက် အလွန်တရားဟောသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဟောအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပုဒ်တိုင်း ပုဒ်တိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

လူသာမဏေအား အဟုတ်အမှန် ဖြစ်သော လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော စျာန်မဂ်ဖိုလ်တရားကို ပြောဟောသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြောကြားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြောကြားပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ား၏ ရုန့်ရင်းကြမ်းတမ်းသော (သံဃာဒိသိသ်)အာပတ်ကို လူသာမဏေအား ပြောကြားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပြောကြားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြောကြားပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

မြေကို တူးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

တူးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အချက်တိုင်း အချက်တိုင်း 'တူးဆွတိုင်း တူးဆွတိုင်း'ပါစိတ်အာပတ်သို့ ရောက်၏။

ရှေးဦးစွာသော မုသာဝါဒဝဂ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ်

၁၆၆။ ဘူတဂါမ်ကို ဖျက်ဆီးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။ ဖျက်ဆီးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အချက်တိုင်း အချက်တိုင်း 'ဖျက်ဆီးတိုင်း ဖျက်ဆီးတိုင်း'ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော စကားဖြင့် တပါးသော စကားကို ဖုံးလွှမ်း၍ ပြောဆိုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

အညဝါဒကကံသို့ မတင်မီ တပါးသော စကားဖြင့် တပါးသော စကားကို ဖုံးလွှမ်းပြောဆိုအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



အညဝါဒကကံသို့ တင်ပြီးသည်ရှိသော် တပါးသော စကားဖြင့် တပါးသော စကားကို ဖုံးလွှမ်းပြောဆိုအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းကို ကဲ့ရဲ့ရှုတ်ချသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ကဲ့ရဲ့ရှုတ်ချအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ကဲ့ရဲ့ရှုတ်ချပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

သံဃာ၏ဥစ္စာဖြစ်သော ညောင်စောင်း အင်းပျဉ် ဘုံလျို ဖျာပ်ကျစ်အခင်း 'ခတ်အခင်း'ကို လွင်တီးခေါင်၌ ခင်း၍ ပြန်မသိမ်းပဲ မပန်ကြားမူ၍ ဖဲသွားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပဌမဖဝါးလှမ်း ခဲတကျကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ဒုတိယဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

သံဃိကကျောင်း၌ အိပ်ရာနေရာကို ခင်း၍ ပြန်မသိမ်းပဲ မပန်ကြားမူ၍ ဖဲသွားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့ သို့ ရောက်၏။

ပဌမဖဝါးလှမ်း ကျောင်းအရံကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ဒုတိယဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ရောက်၏။

သံဃိကကျောင်း၌ သိလျက် ရှေးဦးစွာရောက်နေသော ရဟန်းကို တိုးဝှေ့လှယက်ကာ အိပ်ခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

အိပ်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

အိပ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

အမျက်ထွက်ကာ မနှစ်သက်သဖြင့် တပါးသော ရဟန်းကို သံဃိကကျောင်းမှ နှင်ထုတ်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

နှင်ထုတ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

နှင်ထုတ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

သံဃိကကျောင်း (အလယ် အလတ်တန်းစား ယောကျ်ား၏ ဦးခေါင်း မလွတ်သော) အထက်ဟင်းလင်းပြင်ဖြစ်သော ကုဋီ၌ အပေါင်၌ အခြေတပ်သော ညောင်စောင်းကိုဖြစ်စေ အင်းပျဉ်ကိုဖြစ်စေ ဖိ၍ထိုင်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဖိ၍ ထိုင်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ဖိ၍ ထိုင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နှစ်ထပ် သုံးထပ်(ကျောင်းကို)မိုးပြီး၍ ထိုနှစ်ထပ်သုံးထပ်ထက် အလွန်ထပ်၍ မိုးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စီရင်အံ့'မိုးအံ့'၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

စီရင်၍ ပြီးသည်ရှိသော် 'မိုးပြီးသော်' ပါစိတ်အာပတ်သို့ ရောက်၏။

ပိုးရှိသော ရေဟု သိပါလျက် ပိုးရှိသော ရေကို မြက်၌ဖြစ်စေ မြေ၌ဖြစ်စေ သွန်းလောင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



သွန်းလောင်းအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။
သွန်းလောင်းပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နှစ်ခုမြောက် ဘူတဂါမဝဂ် ပြီး၏။

---

## ၃-ဩဝါဒဝဂ်

၁၆၇။ သမ္မုတိမရပဲ ရဟန်းမိန်းမတို့ကို ဆုံးမသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဆုံးမအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏။

ဆုံးမပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နေဝင်သည်တိုင်အောင် ရဟန်းမိန်းမတို့ကို ဆုံးမသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ဆုံးမအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဆုံးမပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဆုံးမအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဆုံးမပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

(ဆွမ်း သင်္ကန်း စသော)အာမိသဟူသော အကြောင်းကြောင့် ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကြကုန်၏ ဟု ပြောသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြောဆိုအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ပြောဆိုပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

ဆွေမျိုးမတော်သော ရဟန်းမိန်းမအား သင်္ကန်းကို ပေးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ချုပ်ပေးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ချုပ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အပ်နှုတ်တိုင်း အပ်နှုတ်တိုင်း ပါစိတ် အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမနှင့် အတူ တိုင်ပင် 'ချိန်းချက်'၍ တကြောင်းတည်း အခွန့်ရှည်သော ခရီးသို့ သွားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



သွားပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမနှင့် အတူတကွ တိုင်ပင်'ချိန်းချက်'၍ လှေတစင်းတည်း စီးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

စီးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

စီးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမ စီရင်အပ်သောဆွမ်းကို (ရဟန်းမိန်းမ စီရင်အပ်သော ဆွမ်းဟု) သိလျက် စားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟုခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မျိုတိုင်း မျိုတိုင်း ပါစိတ် အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမနှင့်အတူ တယောက်ချင်းချင်း(မျက်စိ နား နှစ်ပါး၏)ဆိတ်ကွယ်ရာ၌ နေခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ထိုင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ထိုင်ပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

သုံးခုမြောက် ဩဝါဒဝဂ် ပြီး၏။

---

## ၄-ဘောဇနဝဂ်

၁၉၈။ ညွှန်သည်တို့တည်းခိုရာစရပ်စသည်၌ ဝတ်တည်ထားအပ်သော ဆွမ်းကို တရက်ထက် အလွန်စားသောရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စားအံ့ဟုခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

ဂဏဘောဇဉ်ကို စားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟုခံယူအံ့၊ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

ပရမ္ပရဘောဇဉ်ကို စားသောရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သို့ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သို့ရောက်၏။

နှစ်သပိတ် သုံးသပိတ်အပြည့် မုံ့တို့ကို ခံယူပြီးနောက် ထို နှစ်သပိတ် သုံးသပိတ်ထက် အလွန် ခံယူသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ခံယူအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ခံယူပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ဆွမ်းစားစဉ်တန်ပြီးဟု 'တော်ပြီးဟု' မြစ်မိပါလျက် အတိရိတ်ဝိနည်းကံ မပြုပဲ ခဲဖွယ်ဘောဇဉ် ကိုစားသောရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သို့ရောက်၏။

ဆွမ်းစားစဉ် တော်ပြီဟု မြစ်မိသော ရဟန်းကို အတိရိတ်ဝိနည်းကံ မပြုအပ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ယူစေခြင်းငှါ ရှေးရှုဆောင်၍ ဖိတ်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ထိုရဟန်း၏စကားဖြင့် ခဲအံ့ စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

စားပြီးသည်၏အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။

နေလွဲသောအခါ ကာလ၌ ခဲဖွယ်ဘောဇဉ်ကို စားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ခဲအံ့ စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

သိုမှီခြင်းပြု၍ ခဲဖွယ်ဘောဇဉ်ကိုစားသောရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ခဲအံ့ စားအံ့ ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သို့ရောက်၏။

အကပ်မခံရသေးသော အာဟာရကို ခံတွင်းဝသို့ ဆောင်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

လေးခုမြောက် ဘောဇနဝဂ် ပြီး၏။

## ၅-အစေလကဝဂ်

၁၆၉။ အဝတ်မရှိသောတိတ္ထိ 'တက္ကတွန်း' အား ၎င်း ပရိဗိုဇ်ယောကျ်ားအား၎င်း ပရိဗိုဇ်မအား ၎င်း မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ပေးပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

ရဟန်းကို 'ငါ့သျှင် လာလော့ ရွာသို့၎င်း နိဂုံးသို့၎င်း ဆွမ်းအလို့ငှါဝင်ကြကုန်အံ့'ဟုခေါ်၍ ထို ရဟန်းအား (တစုံတခုသောအာမိသကို)ပေးစေ၍၎င်း မပေးစေ၍၎င်း (ပြန်) လွှတ်လိုက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

လွှတ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

http://www.dhammadownload.com



လွှတ်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

လင်မယားနှစ်ယောက် အတူတကွရှိသော 'စည်းစိမ်ခံဘော်ရှိသော'အိမ်၌အိမ်းတွင်းသို့ ဝင်၍ ထိုင်နေခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ထိုင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ထိုင်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

မာတုဂါမနှင့် အတူ ဆိတ်ကွယ်သော(နံရံစသည်ဖြင့်)ဖုံးလွှမ်းသော နေရာ၌ နေခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ် တို့သို့ရောက်၏။

နေထိုင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

နေထိုင်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

မာတုဂါမနှင့်အတူတကွ တယောက်ချင်းချင်း (မျက်စိနားနှစ်ပါး) ဆိတ်ကွယ်ရာ၌ထိုင်နေခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ထိုင်နေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ထိုင်နေပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

(ဘောဇဉ်ဖြင့်)ပင့်ဖိတ်အပ်သော ဆွမ်းရှိလျက် (ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ) ဆွမ်းစားရာကာလမှရှေး၌၎င်း ဆွမ်းစားရာကာလမှ နောက်၌၎င်း အိမ်တို့၌သွားလာလှည့်လည်ခြင်းသို့ ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပဌမခြေဖဝါးလှမ်း တံခါးခုံကို လွန်စေအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဒုတိယ ခြေဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ထိုဖိတ်အပ်သော ဆေးအပိုင်းအခြား ညဥ့်အပိုင်းအခြားထက် အလွန် ဆေးကို တောင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

တောင်းအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

တောင်းပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်း အလို့ငှါ သွားသော ရဟန်းသည် နှစ်ပါးကုန်သောအာပတ်တို့သို့ ရောက်၏။

သွားအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အကြင်အရပ်၌ ရပ်(တည်)လျက် မြင်အံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

သုံးညဥ့်ထက် အလွန် စစ်တပ်၌ နေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

နေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

နေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

တက်၍ တက်၍ ထိုးပစ်ရာအရပ်သို့ သွားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အကြင် အရပ်၌ ရပ်(တည်) လျက် မြင်အံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ငါးခုမြောက် အစေလကဝဂ် ပြီး၏။

http://www.dhammadownload.com



## ၆-သုရာပါနဝဂ်

၁၇၀။ သေအရက်ကို သောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သောက်အံ့ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းကို လက်ချောင်းတို့ဖြင့် (လက်ကတီးကြားကို) ထိုးကစားသဖြင့် ရယ်မွှူးစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ရယ်မွှူးစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ရယ်မွှူးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရေ၌ မြူးထူးပျော်ပါး ကစားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဖမျက်မနစ် (မမြုပ်) သော ရေ၌ ကစားအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ဖမျက်နစ် (မြုပ်) သော ရေ၌ ကစားအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ပုဂ္ဂိုလ်တရား 'ပုဂ္ဂလဓမ္မ' နှစ်ပါးတို့ကို မရိုသေခြင်းကို ပြုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

(မရိုသေခြင်းကို) ပြုအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြုပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းကို ခြောက်သော 'ကြောက်စေသော' ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ခြောက်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ခြောက်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

မီးကို ညှိ၍ လှုံသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

မီးညှိအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

မီးညှိပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

(ရေချိုးပြီးသည်မှ) လခွဲအတွင်း၌ ရေချိုးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ရေချိုးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ရေချိုးပြီးသည်၏ အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။

အဆင်းပျက်ခြင်းကို ပြုကြောင်း 'ကပ္ပဗိန္ဒု' သုံးပါးတို့တွင် တပါးပါးသော အဆင်းပျက်ခြင်းကို ပြုကြောင်း 'ကပ္ပဗိန္ဒု' ကို မယူမူ၍ သင်္ကန်းသစ်ကို သုံးဆောင် 'ဝတ်ရုံ' သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သုံးဆောင် 'ဝတ်ရုံ' အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

သုံးဆောင် 'ဝတ်ရုံ' ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း သိက္ခမာန်အားရင်း သာမဏေယောကျ်ားအားရင်း သာမဏေမိန်းမအားရင်း ကိုယ်ဘိုင်သက်န်းကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရုံမပြုပဲ သုံးဆောင် 'ဝတ်ရုံ'သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သုံးဆောင်'ဝတ်ရုံ'အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

သုံးဆောင်'ဝတ်ရုံ'ပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

ရဟန်း၏သပိတ်ကိုရင်း သင်္ကန်းကိုရင်း နိသီဒိုင်ကိုရင်း အပ်ကျည်'အပ်ဗူး'ကိုရင်း ခါးပန်းကြိုးကိုရင်း ဝှက်ထားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဝှက်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဝှက်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ခြောက်ခုမြောက် သုရာပါနဝဂ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ်

၁၇၁။ (သတ္တဝါ ဟူသော အမှတ်နှင့်တကွ သတ်လိုသော စေတနာဖြင့်) စေ့ဆော်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ ချသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

(သတ္တဝါဟူသော အမှတ်နှင့်တကွ သတ်လိုသော စေတနာဖြင့်) စေ့ဆော်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ ချသော ရဟန်းသည် လေးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

"တစုံတယောက်သောသူသည် ကျ၍ သေလတ္တံ့"ဟု(ကြံ၍)မရည်ရွယ်မူ၍ တွင်းကို တူးအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

လူသည် ထိုတွင်း၌ကျ၍သေအံ့၊ ပါရာဇိကအာပတ်သို့ရောက်၏။

ဘီလူးသည်ရင်း ပြိတ္တာသည်ရင်း လူယောင်ဖန်ဆင်းသော တိရစ္ဆာန်သည်ရင်း ထိုတွင်း၌ကျ၍ သေအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏။

တိရစ္ဆာန်သည် ထိုတွင်း၌ ကျ၍ သေအံ့၊ ပါစိတ်အာပတ်သို့ရောက်၏။

(သတ္တဝါဟူသော အမှတ်နှင့်တကွ သတ်လိုသောစေတနာဖြင့်)စေ့ဆော်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှချသော ရဟန်းသည် ဤလေးပါးကုန်သော အာပတ်တို့သို့ရောက်၏။

(ပိုးသေအံ့ဟု)သိလျက် ပိုးရှိသောရေကို သုံးဆောင်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

သုံးဆောင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

သုံးဆောင်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

သိလျက်တရားအားလျော်စွာငြိမ်းပြီးသော (လေးပါးသော)အဓိကရုဏ်းကို တဖန်ကံပြုခြင်းငှါလှုံ့ဆော်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

လှုံ့ဆော်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

လှုံ့ဆော်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

http://www.dhammadownload.com



သိလျက် ရဟန်း၏ ရှန့်ရင်းကြမ်းတမ်းသော (သံဃာဒိသိသ်)အာပတ်ကို ဖုံးလွှမ်းသော ရဟန်းသည် ပါစိတ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

သိလျက်(ပဋိသန္ဓေမှစ၍) အသက်နှစ်ဆယ်မပြည့်သော ပုဂ္ဂိုလ်ကို (ဥပဇ္ဈာယ်ပြု၍) ရဟန်းခံပေးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ရဟန်းခံပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ရဟန်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

သိလျက် ခိုးသူကုန်သည်နှင့် အတူတကွတိုင်ပင်၍ တကြောင်းတည်း ခရီးရှည်သို့သွားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

သွားပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

မာတုဂါမနှင့် အတူတကွ တိုင်ပင်၍ တကြောင်းတည်း ခရီးရှည်သို့ သွားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

·သွားပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

သုံးကြိမ်တိုင်တိုင်(ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက်ယုတ်မာသော အယူကိုမစွန့်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ကမ္မဝါစာ၏အဆုံး၌ ပါစိတ်အာပတ်သို့ရောက်၏။

ထိုသို့သဘောရှိသော စကားကို ဆိုတတ်သော သွင်းခြင်းကို မပြုရသေးသော ထိုမှားသော အယူကို မစွန့်သော ရဟန်းနှင့်အတူ (အာမိသဓမ္မသံဘောဂနှစ်ပါးကို)သိလျက် သုံးဆောင်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

သုံးဆောင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

သုံးဆောင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

သိလျက် ထိုသို့ သဘောရှိသော ဒဏ်အမှုဖြင့် ဖျက်ဆီးအပ်သော သာမဏေကို ဖြားယောင်းသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ဖြားယောင်းအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဖြားယောင်းပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

**ခုနစ်ခုမြောက် သပ္ပါဏကဝဂ် ပြီး၏။**

---

## ၈-သဟဓမ္မိကဝဂ်

၁၇၂။ ရဟန်းတို့သည် သိက္ခာပုဒ်တော်ဖြင့် ဆိုအပ်သည်ရှိသော် "ငါ့သျှင် ငါသည် ကျွမ်းကျင်လိမ္မာ၍ ဝိနည်းကို ဆောင်သော တပါးသော ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ထိုသိက္ခာပုဒ်၌ မကျင့်အံ့" ဟု ပြောဆိုသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ပြောဆိုအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြောဆိုပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ဝိနည်းကို ကဲ့ရဲ့သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ကဲ့ရဲ့အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ကဲ့ရဲ့ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

မသိဟန်ဆောင်သောရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

မောဟာရောပနကံသို့ မတင်မီ မသိဟန်ဆောင်အံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

မောဟာရောပနကံသို့ တင်ပြီးသည်ရှိသော် မသိဟန်ဆောင်အံ့၊ ပါစိတ်အာပတ်သို့ရောက်၏။

ရဟန်းအား စိတ်ဆိုးကာ မနှစ်သက်သည်ဖြစ်၍ ပုတ်ခတ်ခြင်းကို ပေးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပုတ်ခတ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏။

ပုတ်ခတ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

ရဟန်းအား စိတ်ဆိုးကာ မနှစ်သက်သည်ဖြစ်၍ လက်ငါးပြင်ကို မိုးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်ဘို့သို့ရောက်၏။

မိုးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

မိုးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းကို(မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အကြောင်းရင်းမရှိသော သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စွပ်စွဲနှိပ်စက်ဖျက်ဆီးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏။

စွပ်စွဲနှိပ်စက်ဖျက်ဆီးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

ရဟန်းအား (မချမ်းသာစေလိုသော) စေတနာရှိသည်ဖြစ်၍ တွေးတောမှု'သံသယကုက္ကုစ္စ'ကို ဖြစ်စေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

(တွေးတောမှု'သံသယကုက္ကုစ္စ'ကို) ဖြစ်စေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

(တွေးတောမှု'သံသယကုက္ကုစ္စ'ကို) ဖြစ်စေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြားခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၏ အသံကို ကြားလောက်ရာအရပ်၌ ရပ်တည်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

နားထောင်အံ့ဟုသွားအံ့၊ ဒုက္ကဋ် အာပတ်သို့ရောက်၏။

အကြင်အရပ်၌ ရပ်လျက်ကြားအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ဟုတ်မှန်သော သဘောရှိကုန်သော (လေးပါးသော) ကံတို့အား အလို'ဆန္ဒ'ကို ပေးပြီး၍ နောက်မှ ရှုတ်ချခြင်း သဘောသို့ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ရှုတ်ချအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ရှတ်ချပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

သံဃာ၌ အဆုံးအဖြတ် စကားဖြစ်စဉ် ဆန္ဒမပေးပဲ နေရာမှထ၍ ဖဲသွားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပရိသတ်၏ နှစ်တောင့်ထွာ'ဟတ္ထပါသ်'ကို စွန့်စဉ် ဒုက္ကဋ်အာပတ်သို့ ရောက်၏။

(နှစ်တောင့်ထွာ'ဟတ္ထပါသ်'ကို)စွန့်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

ညီညွတ်သော သံဃာနှင့်အတူတကွ သင်္ကန်းကို ပေးပြီး၍ နောက်မှ ရှတ်ချခြင်းသဘောသို့ ရောက်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ရှတ်ချအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။ ရှတ်ချပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

(သံဃာအား)ညွတ်ပြီးသော သံဃာ၏ဥစ္စာ'သံဃိက'ဖြစ်သော (သင်္ကန်းစသော)လာဘ်ကို သိလျက် ပုဂ္ဂိုလ်အား ညွတ်စေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ညွတ်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ ညွတ်စေပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရှစ်ခုမြောက် သဟဓမ္မိကဝဂ် ပြီး၏။

---

## ၉-ရာဇဝဂ်

၁၇၃။ ရှေးမဆွက မိမိလာသည်၏ အဖြစ်ကို မသိစေပဲ မင်း၏နန်းတော်တွင်းသို့ ဝင်သော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပဌမဖဝါးလှမ်းတခါးခုံကို လွန်စေအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။ ဒုတိယဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ရတနာဆယ်ပါးကို ကောက်ယူသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

(ကောက်)ယူအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။(ကောက်)ယူပြီး သည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ နေလွဲသော အခါကာလ၌ ရွာတွင်းသို့ ဝင်သောရဟန်း သည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပဌမဖဝါးလှမ်း အရံကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။ ဒုတိယဖဝါးလှမ်း(အရံ)ကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

အရိုးဆင်စွယ် ဦးချိုတို့ဖြင့် ပြီးသော အပ်ကျည်'အပ်ဗူး'ကို ပြုစေသော ရဟန်းသည် နှစ်ပါး ကုန်သော အာပတ်တို့သို့ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ပြုပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

အတိုင်းအထွာ(ပမာဏ)ကို လွန်သော ညောင်စောင်း အင်းပျဉ်ကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

http://www.dhammadownload.com



ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။ ပြုပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

လဲသွတ်သော ညောင်စောင်း အင်းပျဉ်ကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။ ပြုစေပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

အတိုင်းအထွာ(ပမာဏ)ကိုလွန်သော နိသီဒိုင်ကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။ ပြုစေပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ရောက်၏။

အတိုင်းအထွာ(ပမာဏ)ကိုလွန်သော အမာလွှမ်းသင်္ကန်းကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏။ ပြုစေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

အတိုင်းအထွာ(ပမာဏ)ကိုလွန်သော မိုးရေခံသင်္ကန်းကို ပြုစေသောရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ ပြုစေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

မြတ်စွာဘုရား သင်္ကန်းတော်၏အတိုင်းအထွာ(ပမာဏ)ရှိသောသင်္ကန်းကို ပြုစေသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ရောက်သနည်း။

မြတ်စွာဘုရားသင်္ကန်းတော်၏ အတိုင်းအထွာ(ပမာဏ)ရှိသောသင်္ကန်းကို ပြုစေသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ပြုစေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

မြတ်စွာဘုရားသင်္ကန်းတော်၏အတိုင်းအထွာ(ပမာဏ)ရှိသော သင်္ကန်းကိုပြုစေသော ရဟန်းသည် ဤနှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ကိုးခုမြောက် ရတနဝဂ် ပြီး၏။

သေးငယ်သော 'ခုဒ္ဒက' အာပတ်တို့သည် ပြီးကုန်၏။

http://www.dhammadownload.com



## ၆-ပါဋိဒေသနီလေးပါး

၁၇၄။ ရွာတွင်းသို့ဝင်သော ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့်ခံယူ၍ စားသောရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ရောက်သနည်း။

ရွာတွင်းသို့ဝင်သော ဆွေမျိုးမတော်သောရဟန်းမိန်းမ၏လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီအာပတ်သို့ရောက်၏။

ရွာတွင်းသို့ဝင်သော ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ စားသောရဟန်းသည် ဤနှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စီရင်သော ရဟန်းမိန်းမအား မတားမြစ်မူ၍ စားသောရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စားအံ့ဟုခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီအာပတ်သို့ရောက်၏။

သေက္ခဟုသမုတ်အပ်ကုန်သော 'သဒ္ဓါပွါးများ၊ဥစ္စာပါးကုန်သော' အမျိုးတို့၌ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စားအံ့ဟုခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီအာပတ်သို့ရောက်၏။

တောကျောင်းတို့၌(ဘေးရှိသည်၏အဖြစ်ကို)ရှေးဦးစွာမသိစေအပ်ပဲ (ဆောင်လာသော)ခဲဖွယ်ဘောဇဉ်ကို အရံတွင်း၌ မိမိလက်ဖြင့်ခံယူ၍ စားသောရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ရောက်သနည်း။

တောကျောင်းတို့၌ (ဘေးရှိသည်၏အဖြစ်ကို) ရှေးဦးစွာမသိစေအပ်ပဲ (ဆောင်လာသော) ခဲဖွယ်ဘောဇဉ်ကို အရံတွင်း၌ မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းသည် နှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

စားအံ့ဟုခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီအာပတ်သို့ ရောက်၏။

တောကျောင်းတို့၌ (ဘေးရှိသည်၏အဖြစ်ကို) ရှေးဦးစွာမသိစေအပ်ပဲ (ဆောင်လာသော) ခဲဖွယ်ဘောဇဉ်ကို အရံတွင်း၌ မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းသည် ဤနှစ်ပါးကုန်သော အာပတ်တို့သို့ရောက်၏။

ပါဋိဒေသနီ အာပတ် လေးပါးတို့သည် ပြီးကုန်၏။

---

## ၇-သေခိယခုနစ်ဆယ့်ငါးပါး

### ၁-ပရိမဏ္ဍလဝဂ်

၁၇၅။ မရိုသေခြင်းကို စွဲ၍ ရှေ့မှဒင်း နောက်မှဒင်း တွဲရရွဲချသည်ဖြစ်၍ (သင်းပိုင်ကို)ဝတ်သောရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ရောက်သနည်း။

http://www.dhammadownload.com



မရိုသေခြင်းကိုစွဲ၍ ခွေမှုရင်း နောက်မှုရင်း တွဲရရွဲချသည်ဖြစ်၍ (သင်းပိုင်ကို)ဝတ်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကိုစွဲ၍ ရှေ့မှုရင်း နောက်မှုရင်း တွဲရရွဲချသည်ဖြစ်၍ (သင်းပိုင်ကို)ဝတ်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ ရှေ့မှုရင်း နောက်မှုရင်း တွဲရရွဲချသည်ဖြစ်၍ (သင်္ကန်းကို)ရုံသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ (ပုဆစ် ဒူး ရင်ဟု ဆိုအပ်သော) ကိုယ်ကိုဖွင့်၍ ရွာတွင်း'ဂေါစရဂါမ်'၌ သွားသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသောအာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ (ပုဆစ် ဒူး ရင်ဟု ဆိုအပ်သော)ကိုယ်ကို ဖွင့်၍ ရွာတွင်း 'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ လက်ကိုရင်း ခြေကိုရင်း ကစားစေသည်ဖြစ်၍ ရွာတွင်း'ဂေါစရဂါမ်'၌သွားသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ လက်ကိုရင်း ခြေကိုရင်း ကစားစေသည်ဖြစ်၍ ရွာတွင်း 'ဂေါစရဂါမ်' ၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ ထိုထိုအရပ်မျက်နှာကိုကြည့်သည်ဖြစ်၍ ရွာတွင်း'ဂေါစရဂါမ်'၌ သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ် ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ ထိုထိုအရပ်မျက်နှာကို ကြည့်သည်ဖြစ်၍ ရွာတွင်း 'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ သင်္ကန်းကိုပင့်လျက်ရွာတွင်း 'ဂေါစရဂါမ်'၌သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ သင်္ကန်းကိုပင့်လျက် ရွာတွင်း 'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

ရှေးဦးစွာသော ပရိမဏ္ဍလဝဂ် ပြီး၏။

## ၂-ဥဇ္ဇဂ္ဃိကဝဂ်

၁၇၆။ မရိုသေခြင်းကိုစွဲ၍ ပြင်းစွာရယ်လျက် ရွာတွင်း'ဂေါစရဂါမ်'၌ သွားသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကိုစွဲ၍ ပြင်းစွာရယ်လျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေထိုင်သောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ စူးရှကျယ်လောင်သော အသံကိုပြု၍ ရွာတွင်း'ဂေါစရဂါမ်'၌သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

http://www.dhammadownload.com



မရှိသေခြင်းကိုစွဲ၍ စူးရှကျယ်လောင်သော အသံကိုပြု၍ ရွာတွင်း 'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ကိုယ်ကိုလှုပ်ကာလှုပ်ကာရွာတွင်း'ဂေါစရဂါမ်'၌ သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ကိုယ်ကို လှုပ်ကာလှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကို စွဲ၍ လက်မောင်းကို လှုပ်ကာလှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကို စွဲ၍ လက်မောင်းကို လှုပ်ကာလှုပ်ကာ ရွာတွင်း'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဦးခေါင်းကိုလှုပ်ကာလှုပ်ကာ ရွာတွင်း'ဂေါစရဂါမ်'၌ သွားသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကို စွဲ၍ ဦးခေါင်းကို လှုပ်ကာလှုပ်ကာ ရွာတွင်း 'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

နှစ်ခုမြောက် ဥဇ္ဇဂ္ဃိကဝဂ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ်

၁၇၇။ မရှိသေခြင်းကိုစွဲ၍ ခါးထောက်လျက် ရွာတွင်း'ဂေါစရဂါမ်'၌ သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ခါးထောက်လျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဦးခေါင်းခြုံလျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဦးခေါင်းခြုံလျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဘဝါးစွန်းနင်းလျက် ရွာတွင်း 'ဂေါစရဂါမ်'၌ သွားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ လက်အာယောဂပတ်[၁] ပုဆိုးအာယောဂပတ်[၂] ဖွဲ့လျက် ရွာတွင်း'ဂေါစရဂါမ်'၌ နေထိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

---

၁။ လက်နှစ်ဖက်ကိုရှက်၍ ဒူးနှစ်ဖက်ကို ပိုက်ထားခြင်း။
၂။ သင်္ကန်း 'အဝတ်'ဖြင့် ဒူးနှစ်ဖက်ကို ရစ်သိုင်းထားခြင်း။

http://www.dhammadownload.com



မရှိသေခြင်းကိုစွဲ၍ သတိကိုမဖြစ်စေပဲ ဆွမ်းကိုခံယူသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ထိုထိုအရပ်မျက်နှာကိုကြည့်လျက် ဆွမ်းကိုခံယူသော ရဟန်းသည် ဒုက္ကဋ် အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဟင်းကိုသာလျှင် များစွာ ခံယူသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆို အပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ မောက်တက်လာအောင် ဆွမ်းကိုခံယူသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

သုံးခုမြောက် ခမ္ဘကတဝဂ် ပြီး၏။

## ၄-ပိဏ္ဍပါတဝဂ်

၁၇၈။ မရှိသေခြင်းကိုစွဲ၍ သတိကိုမဖြစ်စေပဲ ဆွမ်းကိုစားသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ထိုထိုအရပ်မျက်နှာကိုကြည့်လျက် ဆွမ်းကိုစားသော ရဟန်းသည် ဒုက္ကဋ် အာပတ်ဟုဆိုအပ်သော တပါးသောအာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ထိုထိုဝတ္ထုကိုသုံးသပ်၍ ဆွမ်းကိုစားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဟင်းကိုသာလျှင်များစွာစားသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ် သော တပါးသောအာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဆွမ်းကိုအလယ်ထိပ်မှနှိပ်လျက်စားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဟင်းကိုရင်း စမဲဟင်းလျာကိုရင်း ဆွမ်းဖြင့်ဖုံးလွှမ်းသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသောအာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဟင်းကိုရင်း ဆွမ်းကိုရင်း မနာမဖျားပဲမိမိ၏အကျိုးငှါတောင်း၍ စားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ကဲ့ရဲ့လိုသည်ဖြစ်၍ တပါးသော သူတို့၏သပိတ်ကိုကြည့်ရှုသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ကြီးသောဆွမ်းလုပ်ကိုပြုသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ရှည်စွာသော ဆွမ်းလုပ်ကိုပြုသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ် သော တပါးသော အာပတ်သို့ရောက်၏။

လေးခုမြောက် ပိဏ္ဍပါတဝဂ် ပြီး၏။

http://www.dhammadownload.com



## ၅-ကဗဠဝဂ်

၁၇၉။ မရိုသေခြင်းကိုစွဲ၍ ဆွမ်းလုပ်သည် ခံတွင်းဝသို့ မရောက်မီ (ခံတွင်းဝကို)ဖွင့်သော ရဟန်းသည် ဒုက္ကဋ အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကိုစွဲ၍ ဆွမ်းစားသောအခါ လက်ငါးချောင်းလုံးကို ခံတွင်း၌ ထည့်သွင်းသော ရဟန်းသည် ဒုက္ကဋအာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်နှင့်တကွသော ခံတွင်းဖြင့် စကားပြောသော ရဟန်းသည် ဒုက္ကဋ အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်ကို မြှောက်ကာ မြှောက်ကာ စားသော ရဟန်းသည် ဒုက္ကဋ အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်ကို ဖြတ်ကာ ဖြတ်ကာ စားသော ရဟန်းသည် ဒုက္ကဋအာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကို စွဲ၍ မျောက်ကဲ့သို့ ပါးစောင်၌ ထားလျက် စားသော ရဟန်းသည် ဒုက္ကဋ အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကို စွဲ၍ လက်ကို ခါလျက် ခါလျက် စားသော ရဟန်းသည် ဒုက္ကဋအာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကို စွဲ၍ ဆွမ်းလုံးကို ကြဲလျက် ကြဲလျက် စားသော ရဟန်းသည် ဒုက္ကဋ အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကို စွဲ၍ လျှာကို ထုတ်ကာ ထုတ်ကာ စားသော ရဟန်းသည် ဒုက္ကဋ အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကိုစွဲ၍ စပ်စပ်မြည်အောင် ပြု၍ စားသော ရဟန်းသည် ဒုက္ကဋအာပတ်ဟု ဆိုအပ် သော တပါးသော အာပတ်သို့ရောက်၏။

ငါးခုမြောက် ကဗဠဝဂ် ပြီး၏။

---

## ၆-သုရုသုရုဝဂ်

၁၈၀။ မရိုသေခြင်းကိုစွဲ၍ ရှုရှုရှုမြည်အောင်ပြုလျက်စားသောရဟန်းသည် ဒုက္ကဋအာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရိုသေခြင်းကိုစွဲ၍ လက်ကိုလျက်ကာလျက်ကာစားသော ရဟန်းသည် ဒုက္ကဋအာပတ်ဟုဆို အပ်သော တပါးသော အာပတ်သို့ရောက်၏။

မရိုသေခြင်းကိုစွဲ၍ သပိတ်ကိုခြစ်လျက်ခြစ်လျက်စားသော ရဟန်းသည် ဒုက္ကဋအာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

http://www.dhammadownload.com



မရှိသေခြင်းကိုစွဲ၍ နှုတ်ခမ်းကိုလျက်ကာလျက်ကာစားသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကို စွဲ၍ (ဆွမ်းစသော) အာမိသနှင့်တကွသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း'ဝေါစရဂါမ်'၌ စွန့်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ထီးကိုင်သူအား တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ တုတ်ကိုင်သူအား တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသောအာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဓားသန်လျက် ကိုင်သူအား တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ် ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ လေး လက်နက်ကိုင်သူအား တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ် ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

ခြောက်ခုမြောက် သုရုသုရုဝဂ် ပြီး၏။

## ၇-ပါဒုကဝဂ်

၁၇၁။ မရှိသေခြင်းကိုစွဲ၍ ခြေနင်းစီးသောသူအား တရားဟောသောရဟန်းသည် ဒုက္ကဋ် အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကို စွဲ၍ ဘိနပ်စီးသောသူအား တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ယာဉ်ထက်မှနေသောသူအား တရားဟောသောရဟန်းသည် ဒုက္ကဋ်အာပတ် ဟုဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရှိသေခြင်းကိုစွဲ၍ အိပ်ရာ၌နေသောသူအား တရားဟောသောရဟန်းသည် ဒုက္ကဋ်အာပတ် ဟုဆိုအပ်သော တပါးသောအာပတ်သို့ ရောက်၏။

မရှိသေခြင်းကိုစွဲ၍ လက်အာယောဂပတ် ပုဆိုးအာယောဂပတ်ဖွဲ့လျက် နေထိုင်သော သူအား တရားဟောသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ဦးရစ်ပေါင်းသော ဦးခေါင်းရှိသောသူအား တရားဟောသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ခေါင်းမြီးခြုံသောသူအား တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ် ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ မြေ၌ နေလျက် နေရာ၌နေထိုင်သောသူအား တရားဟောသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

http://www.dhammadownload.com



မရှိသေခြင်းကိုစွဲ၍ နိမ့်သောနေရာ၌ နေလျက် မြင့်သောနေရာ၌နေထိုင်သောသူအား တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ထိုင်နေသောသူအား ရပ်လျက် တရားဟောသော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ နောက်မှသွားလျက် ရှေ့မှသွားသောသူအား တရားဟောသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ခရီးမဟုတ်သဖြင့်သွားလျက် ခရီးဟုတ်သဖြင့်သွားသောသူအား တရားဟောသောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ရပ်လျက် ကျင်ကြီးကျင်ငယ်ကိုစွန့်သော ရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ စိမ်းသောမြက်သစ်ပင်(စသည်)၌ကျင်ကြီးကျင်ငယ်ကိုငှင်း တံထွေးကိုငှင်း စွန့်သောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသောအာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ရေ၌ကျင်ကြီးကျင်ငယ်ကိုငှင်း တံထွေးကိုငှင်း စွန့်သောရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ရောက်သနည်း။

မရှိသေခြင်းကိုစွဲ၍ ရေ၌ကျင်ကြီးကျင်ငယ်ကိုငှင်း တံထွေးကိုငှင်း စွန့်သောရဟန်းသည် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သောတပါးသော အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ရေ၌ကျင်ကြီးကျင်ငယ်ကိုငှင်း တံထွေးကိုငှင်း စွန့်သောရဟန်းသည် ဤဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

ခုနစ်ခုမြောက် ပါဒုကဝဂ် ပြီး၏။

သေခိယတို့ ပြီးကုန်၏။

နှစ်ခုမြောက် ကတာပတ္တိဝါရ ပြီး၏။

---

## ၃-ဝိပတ္တိဝါရ

၁၈၂။ မေထုန်အကျင့်ကို မှီဝဲသောရဟန်း၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

မေထုန်အကျင့်ကို မှီဝဲသောရဟန်း၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။ ပ ။

မရှိသေခြင်းကိုစွဲ၍ ရေ၌ကျင်ကြီးကိုငှင်း ကျင်ငယ်ကိုငှင်း တံထွေးကိုငှင်း စွန့်သောရဟန်း၏ အာပတ်သည် လေးပါးသောဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

မရှိသေခြင်းကို စွဲ၍ ရေ၌ ကျင်ကြီးကိုငှင်း ကျင်ငယ်ကိုငှင်း တံထွေးကိုငှင်း စွန့်သောရဟန်း၏ အာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်၏။

သုံးခုမြောက် ဝိပတ္တိဝါရ ပြီး၏။

http://www.dhammadownload.com



## ၄-သင်္ဂဟိတဝါရ

၁၈၃။ မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့ကို ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်ကုန်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့ကို ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် သုံးပါးကုန်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိက အာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ထုလ္လစ္စဉ်းအာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်၏။ပ။

မရှိသေခြင်းကို စွဲ၍ ရေဉ္စကျောင်းကြီးကိုရင်း ကျောင်းငယ်ကိုရင်း တံထွေးကိုရင်း စွန့်သောရဟန်း၏ အာပတ်ကို ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်ကုန်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်သနည်း။

မရှိသေခြင်းကို စွဲ၍ ရေဉ္စကျောင်းကြီးကိုရင်း ကျောင်းငယ်ကိုရင်း တံထွေးကိုရင်း စွန့်သော ရဟန်း၏ အာပတ်ကို ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် ဒုက္ကဋ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်အစုဖြင့် ရေတွက်အပ်၏။

လေးခုမြောက် သင်္ဂဟိတဝါရ ပြီး၏။

## ၅-သမုဋ္ဌာနဝါရ

၁၈၄။ မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့်မဖြစ်ကုန်။ပ။

မရှိသေခြင်းကိုစွဲ၍ ရေဉ္စ ကျောင်းကြီးကိုရင်း ကျောင်းငယ်ကိုရင်း တံထွေးကိုရင်း စွန့်သော ရဟန်း၏ အာပတ်သည် အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

မရှိသေခြင်းကို စွဲ၍ ရေဉ္စ ကျောင်းကြီးကိုရင်း ကျောင်းငယ်ကိုရင်း တံထွေးကိုရင်း စွန့်သောရဟန်း၏ အာပတ်သည် အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

ငါးခုမြောက် သမုဋ္ဌာနဝါရ ပြီး၏။

## ၆-အဓိကရဏဝါရ

၁၈၅။ မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

http://www.dhammadownload.com



မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် အဓိကရဏ်းလေးမျိုးတို့တွင် အာပတ္တာဓိကရဏ်းတည်း။ပ။

မရှိသေခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုင်း ကျင်ငယ်ကိုင်း တံထွေးကိုင်း စွန့်သော ရဟန်း၏ အာပတ်သည် အဓိကရဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရဏ်းနည်း။

မရှိသေခြင်းကို စွဲ၍ ရေ၌ကျင်ကြီးကိုင်း ကျင်ငယ်ကိုင်း တံထွေးကိုင်း စွန့်သောရဟန်း၏ အာပတ်သည် အဓိကရဏ်းလေးမျိုးတို့တွင် အာပတ္တာဓိကရဏ်းတည်း။

ခြောက်ခုမြောက် အဓိကရဏဝါရ ပြီး၏။

## ၇-သမထဝါရ

၁၇၆။ မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် သမထခုနစ်ပါးတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် သမထခုနစ်ပါးတို့တွင် သုံးပါးကုန်သော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။ပ။

မရှိသေခြင်းကို စွဲ၍ ရေ၌ ကျင်ကြီးကိုင်း ကျင်ငယ်ကိုင်း တံထွေးကိုင်း စွန့်သော ရဟန်း၏ အာပတ်သည် သမထခုနစ်ပါးတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

မရှိသေခြင်းကိုစွဲ၍ ရေ၌ကျင်ကြီးကိုင်း ကျင်ငယ်ကိုင်း တံထွေးကိုင်း စွန့်သော ရဟန်း၏ အာပတ်သည် သမထခုနစ်ပါးတို့တွင် သုံးပါးကုန်သော သမထတို့ဖြင့် ငြိမ်းအေး၏။

ရံခါ သမ္မုခါ ဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏။

ရံခါ သမ္မုခါ ဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။

ခုနစ်ခုမြောက် သမထဝါရ ပြီး၏။

## ၈-သမုဋ္ဌာနဝါရ

၁၇၇။ မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

သေ၍ ခွေး စသည် မစားအပ်သေးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

သေ၍ များသော အားဖြင့် ခွေးစသည် စားအပ်ပြီးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ဟင်းလင်း ပွင့်သော ခံတွင်း၌ မထိစေပဲ (မိမိ၏) အင်္ဂါဇာတ်ကို သွင်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် ဤသုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးကုန်သော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက် အပ်ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်း လေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

သမထခုနစ်ပါးတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(သုံးပါးကုန်သော)အာပတ်တို့သည် လေးပါးကုန်သော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိ တို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် သုံးပါးသော အာပတ် အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ထုလ္လစ္စဉ်းအာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသောအကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းဖြစ်၏။

သမထ ခုနစ်ပါးတို့တွင် သုံးမျိုးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ· 'မျက်မှောက်'သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။ပ။

မရှိသေခြင်းကို စွဲ၍ ရေ၌ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်သောရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

မရှိသေခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်သောရဟန်းသည် တပါးသော ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မရှိသေခြင်းကို စွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်သောရဟန်း သည် ဤတပါးသော (ဒုက္ကဋ်)အာပတ်သို့ရောက်၏။

ထိုအာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင် သနည်း။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက် အပ်သနည်း။

http://www.dhammadownload.com



အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

သမထခုနစ်ပါးတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

ထိုအာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်၏။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် တပါးသော ဒုက္ကဋ်အာပတ်အစုဟုဆိုအပ်သော အာပတ်အစုဖြင့် ရေတွက်အပ်၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသောအကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။

အဓိကရုဏ်းလေးမျိုးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

သမထခုနစ်ပါးတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။

ရှစ်ခုမြောက် သမုစ္စယဝါရ ပြီး၏။

ရှစ်ပါးကုန်သော ဤဝါရတို့ကို (သံဂါယနာတင်ဆရာတို့)ရွတ်ဘတ်'သရဇ္ဈာယ်'သောအစဉ်ဖြင့် ရေးအပ်ကုန်၏။

ထိုဝါရရှစ်ပါး၏ အကျဉ်းချုပ်—

ကတ္ထပညတ္တိဝါရ ကတာပတ္တိဝါရ ဝိပတ္တိဝါရ သင်္ဂဟဝါရ သမုဋ္ဌာနဝါရ အဓိကရဏဝါရ သမထဝါရ သမုစ္စယဝါရ။

ဤကား အကျဉ်းချုပ်တည်း။

---

## ၁-ကတ္ထပညတ္တိဝါရ

## ၁-ပါရာဇိကလေးပါး

၁၈၈။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။ပ။ အဘယ်သူသည် ဆရာစဉ်ဆက် ဆောင်ခဲ့သနည်း။

သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော

http://www.dhammadownload.com



အကြောင်းကြောင့် ထိုပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။
ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ကလန္ဒသူဌေးသား အသျှင်သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ကလန္ဒသူဌေးသား အသျှင်သုဒိန်၏ မယားဟောင်း၌ မေထုန်အကျင့်ကိုမှီဝဲခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်ရှိသလော၊အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ် ရှိသလော။

(မူလ)ပညတ်တပါး၊ အနုပညတ်နှစ်ပါး ရှိ၏။ အနုပ္ပန္နပညတ်မရှိ။

(ထိုပဌမပါရာဇိကသိက္ခာပုဒ်သည်) သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော။

သဗ္ဗတ္ထ ပညတ်တည်း။

သာဓာရဏ ပညတ်လော၊ အသာဓာရဏပညတ်လော။

သာဓာရဏပညတ်တည်း။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။

ဥဘတော ပညတ်တည်း။

ပါတိမောက်ပြခြင်း ငါးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ် ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။

ပါတိမောက်ပြခြင်း ငါးမျိုးတို့တွင် နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်သနည်း။

ဒုတိယ အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်၏။

ဝိပတ္တိလေးပါးတို့တွင် အဘယ်ဝိပတ္တိနည်း။

သီလဝိပတ္တိတည်း။

အာပတ်အစု ခုနစ်ပါးဘို့တွင် အဘယ်အာပတ်အစုနည်း။

ပါရာဇိကအာပတ်အစုတည်း။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အကြောင်းတပါးကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

အဘယ်သူသည် (ပါဠိနက်အာဂုံ)ဆောင်ခဲ့သနည်း။

ဆရာအဆက်ဆက်သည် (ပါဠိနက်အာဂုံ)ဆောင်ခဲ့၏။

http://www.dhammadownload.com



ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿမထေရ်နှင့်တကွ ထိုရဟန္တာအသျှင်မြတ် ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠ်နက်အာဂုံ)ဆောင်၍ ပို့ချတော်မူကြကုန်၏။ပ။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန်လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာအသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠ်နက်အာဂုံ)ဆောင်၍ ပြတော်မူကြကုန်၏။

ဤရွေကား အဖြေအပြီးတည်း။

---

၁၈၉။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် မပေးသည်ကို ယူခြင်းဟူသော အကြောင်းကြောင့် (ဒုတိယ)ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အိုးထိန်းသည်၏သား အသျှင်ဓနိယကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အိုးထိန်းသည်၏သား အသျှင်ဓနိယ၏(ဗိမ္ဗိသာရ)မင်းကြီး၏ သစ်တို့ကို မပေးပဲ ခိုးယူသော အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။

ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၉၀။ စေတနာနှင့်တကွ စေ့ဆော်၍ လူကိုသတ်ခြင်းကြောင့်(တတိယ)ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ အချင်းချင်း သတ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၁၉၁။ ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ ဟု ဝါကြွား၍ ပြောခြင်းတည်းဟူသော အကြောင်းကြောင့် (စတုတ္ထ)ပါရာဇိက သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဝဂ္ဂုမုဒါ မြစ်ကမ်းအနီးအနားၞ နေကြကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အချင်းချင်း၏ ဥတ္တရိမနုဿဓမ္မ၏ ဂုဏ်ကျေးဇူးကို လူတို့အား ဝဂ္ဂုမုဒါ မြစ်ကမ်းအနီးအနား၌ နေကြကုန်သော ရဟန်းတို့၏ ပြောကြားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

မူလပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသောအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

ပါရာဇိကလေးပါး ပြီး၏။

---

## ၂-သံဃာဒိသိသ်စသည်

၁၉၂။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် လှုံ့လပြု၍ သုက်ကို လွှတ်ခြင်း 'လွှတ်စေခြင်း' တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။ ပ ။ အဘယ်သူသည် ဆောင်ခဲ့ပါသနည်း။

သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် လှုံ့လပြု၍ သုက်ကိုလွှတ်ခြင်း'လွှတ်စေခြင်း' တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း ။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အချင်သေယျသကကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်သေယျသက၏ လုံ့လပြု၍ သုက်ကို လွှတ်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထိုသိက္ခာပုဒ်၌ (မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏၊ အနုပ္ပန္နပညတ်မရှိ။

(ထိုသိက္ခာပုဒ်သည်)သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော။ သဗ္ဗတ္ထ ပညတ်တည်း။

သာဓာရဏ ပညတ်လော၊ အသာဓာရဏ ပညတ်လော။ အသာဓာရဏ ပညတ်တည်း။

ဧကတော ပညတ်လော၊ ဥဘတော ပညတ်လော။ ဧကတောပညတ်တည်း။

ပါတိမောက်ပြခြင်းငါးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။

နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်သနည်း။

တတိယအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်၏။

ဝိပတ္တိလေးမျိုးတို့တွင် အဘယ်ဝိပတ္တိနည်း။ သီလဝိပတ္တိတည်း။

အာပတ်အစုခုနစ်ပါးတို့တွင် အဘယ်အာပတ်အစုဖြစ်သနည်း။

သံဃာဒိသိသ်အာပတ်အစုဖြစ်၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း၊ အကြောင်း တပါးကြောင့်ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

အဘယ်သူသည် ဆရာစဉ်ဆက်(ပါဠိနက်အာဂုံ)ဆောင်ခဲ့သနည်း။

ဆရာအဆက်ဆက်သည် (ပါဠိနက်အာဂုံ)ဆောင်ခဲ့၏။

ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တကွ ထိုရဟန္တာအသျှင်မြတ်ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံ)ဆောင်၍ ပို့ချတော်မူကြကုန်၏။ပ။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန်လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာ အသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံ)ဆောင်၍ ပြတော်မူကြကုန်၏။

မာတုဂါမနှင့်အတူ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏မာတုဂါမနှင့်အတူ ကိုယ်လက်နီးနှောခြင်းသို့ ရောက်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

မာတုဂါမကို ရှုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြောဆိုခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ မာတုဂါမကို ရှုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြောဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

မာတုဂါမထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ မာတုဂါမထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



အောင်တမန်သွားလာခြင်း 'အောင်သွယ်ခြင်း'သို့ ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဥဒါယီ၏ အောင်တမန်သွားလာခြင်းသို့ ရောက်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။ ရံခါ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်းဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

ကိုယ်တိုင် တောင်းယူအပ်သော (ပဲခွပ်စသော)အဆောက်အဦဖြင့် ကျောင်းကို ပြုစေခြင်း 'ကျောင်းဆောက်ခြင်း'တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

အာဠဝီပြည်သား ရဟန်းတို့၏ ကိုယ်တိုင်တောင်းယူအပ်သော (ပဲခွပ်စသော)အဆောက်အဦဖြင့် ကျောင်းတို့ကို ဆောက်လုပ်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ကြီးသော ကျောင်းကို ပြုစေခြင်း'ဆောက်လုပ်စေခြင်း'တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



**အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။**

အသျှင်ဆန္နမထေရ်၏ ကျောင်းဖြေရာကို သုတ်သင်သောအခါ အမှတ်မရှိ ပူဇော်ရာဟူ၍ သမုတ်အပ်သော သစ်ပင်ကို ခုတ်ဖြတ်စေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တပါးသော ရဟန်းကို(မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း) အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲ'နှိပ်စက်ဖျက်ဆီး'ခြင်း ဟူသော အကြောင်းကြောင့် သံဃာဒိသိသ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇကရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇက ရဟန်းတို့၏ မလ္လမင်း၏သားဖြစ်သော အသျှင်ဒဗ္ဗကို (မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း)အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲ'နှိပ်စက်ဖျက်ဆီး'ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အကြောင်းသုံးမျိုးတို့ကြောင့် ဖြစ်၏။ပ။

တပါးသော ရဟန်းကို မနုဿဇာတ်(ရဟန်းအဖြစ်)မှ တပါးသော အဖို့ရှိသော တိရစ္ဆာန်ဇာတ်၏ တည်ရာဖြစ်သော ဆိတ်ဖို၏ တစုံတခု ညွှန်းအပ်သော အမြွက်မျှကို စွဲ၍ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲ'နှိပ်စက် ဖျက်ဆီး'ခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

**ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။**

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇကရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

မေတ္တိယဘုမ္မဇကရဟန်းတို့၏ မလ္လမင်း၏သားဖြစ်သော အသျှင်ဒဗ္ဗကို မနုဿဇာတ် (ရဟန်းအဖြစ်)မှ တပါးသော အဖို့ရှိသော တိရစ္ဆာန်ဇာတ်၏တည်ရာဖြစ်သော ဆိတ်ဖို၏ တစုံတခုညွှန်းအပ်သော အမြွက်မျှကို စွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲ 'နှိပ်စက်ဖျက်ဆီး' ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် အကြောင်း သုံးမျိုးတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



သံဃာကိုသင်းခွဲသော ရဟန်း၏ သုံးကြိမ်မြောက်အောင် (၃ တ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို)မစွန့်ခြင်းတည်းဟူသောအကြောင်းကြောင့် သံဃဘေဒကသံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဒေဝဒတ်၏ ညီညွတ်သောသံဃာကို ကွဲပြားစိမ့်သောငှါ လုံ့လပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။ပ။

သံဃာကိုသင်းခွဲသော ရဟန်းသို့ အစဉ်လိုက်ကြကုန်သော ရဟန်းတို့၏ သုံးကြိမ်မြောက်အောင် (၃ တ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းတို့၏ သံဃာကွဲပြားစိမ့်သောငှါ လုံ့လပြုသော ဒေဝဒတ်သို့ အစဉ်လိုက်ခြင်း မညီညွတ်သော စကားကိုပြောဆိုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။ပ။

အပြောခက်သော ရဟန်း၏ သုံးကြိမ်မြောက်အောင် (၃ တ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို)မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ကောသမ္ဗီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အသျှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းတို့က မြတ်စွာဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် အသျှင်ဆန္နမထေရ်၏ မိမိကိုယ်ကို (မိမိအား) မဆိုအပ် မဆုံးမအပ်သည်ကိုပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

ဒါယကာတို့၏သဒ္ဓါကံ ကံ၏အကျိုးကို ယုံကြည်မှု' တရားကိုဖျက်ဆီးသော ရဟန်း၏ သုံးကြိမ်မြောက်အောင် (၃ တ်ကမ္မဝါစာဖြင့်) ဆိုဆုံးမအပ်ပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

သံဃာကနှင်ထုတ်ခြင်း'ပဗ္ဗာဇနီယ'ကံပြုထားသော အဿဇိပုနဗ္ဗသုကရဟန်းတို့၏ နှင်ထုတ်ခြင်း 'ပဗ္ဗာဇနီယ ကံပြုသော ရဟန်းတို့ကို ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိ လိုက်သည်၏ အဖြစ်သို့ ရောက်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရှင်း နှုတ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏။ပ။

မရှိသေးခြင်းကို စွဲ၍ ရေ၌ ကျင်ကြီးကိုရှင်း ကျင်ငယ်ကိုရှင်း တံထွေးကိုရှင်း စွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် ဒုက္ကဋ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရေ၌ ကျင်ကြီးကိုရှင်း ကျင်ငယ်ကိုရှင်း တံထွေးကိုရှင်း စွန့်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့်ဖြစ်၏။ကိုယ်ကြောင့်ရှင်း စိတ်ကြောင့်ရှင်း ဖြစ်၏၊နှုတ်ကြောင့်မဖြစ်။

ရှေးဦးစွာသော ကတ္ထပညတ္တိဝါရ ပြီး၏။

---

## ၂-ကတာပတ္တိဝါရ

### ၁-ပါရာဇိကလေးပါး

၁၉၃။ မေထုန်အကျင့်ကို မှီဝဲခြင်း တည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

http://www.dhammadownload.com



မေထုန်အကျင့်ကို မှီဝဲခြင်း တည်းဟူသော အကြောင်းကြောင့် လေးပါးသော အာပတ်တို့သို့ ရောက်၏။

ခွေး စသည် မစားအပ်သေးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

များသော အားဖြင့် ခွေးစသည် စားအပ်ပြီးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

ဟင်းလင်းပွင့်သော ခံတွင်း၌ မထိစေပဲ (မိမိ၏)အင်္ဂါဇာတ်ကို သွင်းအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ချိပ်တောင့်ဖြင့် ထိုးခြင်းကြောင့် ပါစိတ်အာပတ်သို့ ရောက်၏။

မေထုန်အကျင့်ကို မှီဝဲခြင်း တည်းဟူသော အကြောင်းကြောင့် ဤလေးပါးသော အာပတ်တို့သို့ ရောက်၏။

မပေးသည်ကို ယူခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

မပေးသည်ကို ယူခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ငါးပဲ ငါးပဲထက်အလွန် ထိုက်သော ဥစ္စာကို မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ပါရာဇိက အာပတ်သို့ရောက်၏။

တပဲထက် အလွန် ငါးပဲအောက် အယုတ်ထိုက်သော ဥစ္စာကို မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

တပဲ တပဲအောက် အယုတ်ထိုက်သော ဥစ္စာကို မပေးပဲ ခိုးလိုသောစိတ် အစုဖြင့် ခိုးယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မပေးသည်ကို ခိုးယူခြင်း တည်းဟူသော အကြောင်းကြောင့် ဤသုံးပါးသော အာပတ်တို့သို့ ရောက်၏။

သေစေလိုသော စိတ်ရှိသည်ဖြစ်၍ လူကိုသတ်ခြင်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

သေစေလိုသော စိတ်ရှိသည် ဖြစ်၍ လူကို သတ်ခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ကျ၍ သေလတ္တံ့ဟု လူကို ရည်၍ တွင်းကိုတူးအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

(လူ)ကျသော အခါ ဆင်းရဲခံစားခြင်း 'ဒုက္ခဝေဒနာ'သည် ဖြစ်အံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

(လူ)သေအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

သေစေလိုသော စိတ်ရှိသည်ဖြစ်၍ လူကိုသတ်ခြင်း တည်းဟူသော အကြောင်းကြောင့် ဤ သုံးပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ဟု ဝါကြွား၍ ပြောခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှ လောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ဟု ဝါကြွား၍ ပြောခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါး ကုန်သော အာပတ်တို့သို့ ရောက်၏။

ယုတ်မာသော အလိုရှိသည်ဖြစ်၍ ယုတ်မာသောအလိုရမ္မက် နှိပ်စက်သည် ဖြစ်၍ ထင်ရှား မရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ငါရ၏ဟု ပြောအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

သင့်ကျောင်း၌ နေသောရဟန်းသည် ရဟန္တာတည်းဟု ပြောဆိုအံ့၊ (အပြောခံရသူ)သိသည် ရှိသော် ထုလ္လစ္စဥ်းအာပတ်သို့ ရောက်၏။

(အပြောခံရသူ)မသိသည်ရှိသော် ဒုက္កဋ်အာပတ်သို့ရောက်၏။

ထင်ရှားမရှိပဲ မဟုတ်မမှန်ပဲ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ငါရ၏ ဟု ဝါကြွား၍ ပြောခြင်းတည်းဟူသော အကြောင်းကြောင့် ဤသုံးပါး ကုန်သော အာပတ်တို့သို့ရောက်၏။

ပါရာဇိကလေးပါး ပြီး၏။

---

## ၂-သံဃာဒိသိသ်အခဏ်းစသည်

၁၉၄။ လုံ့လပြု၍ သုတ်ကို လွတ်စေခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှ လောက်သော အာပတ်တို့သို့ ရောက်သနည်း။

လုံ့လပြု၍ သုတ်ကိုလွတ်စေခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ် တို့သို့ရောက်၏။

စေ့ဆော်အံ့၊ လုံ့လပြုအံ့၊ လွတ်အံ့၊ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

စေ့ဆော်အံ့၊ လုံ့လပြုအံ့၊ (သုက်)မလွတ်အံ့၊ ထုလ္လစ္စဥ်း အာပတ်သို့ ရောက်၏။

အားထုတ်ခြင်း'ပယောဂ'၌ ဒုက္កဋ်အာပတ်သို့ ရောက်၏။

လုံ့လပြု၍ သုက်ကိုလွှတ်စေခြင်း တည်းဟူသော အကြောင်းကြောင့် ဤသုံးပါးသော အာပတ် တို့သို့ ရောက်၏။

ကိုယ်လက်နှီးနှောခြင်းသို့ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက် သော အာပတ်တို့သို့ ရောက်သနည်း။

ကိုယ်လက်နှီးနှောခြင်းသို့ရောက်ခြင်း တည်းဟူသော အကြောင်းကြောင့် ငါးပါးသော အာပတ် တို့သို့ ရောက်၏။

http://www.dhammadownload.com



(ကိလေသာ)စိုစွတ်သော ရဟန်းမိန်းမသည်(ကိလေသာ)စိုစွတ်သောယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ညှပ်ရိုးနှစ်ဖက်၏အောက်, ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အထက်၌ ကိုင်ခြင်းကို သာယာအံ့ ပါရာဇိကအာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် (ရဟန်း၏)ကိုယ်ဖြင့် (မိန်းမ၏)ကိုယ်ကိုသုံးသပ်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

(ရဟန်း၏)ကိုယ်ဖြင့် (မိန်းမ၏)ကိုယ်နှင့်စပ်သော အရာဝတ္ထုကို 'အင်္ကျီလုံချည်စသည်ကို' သုံးသပ်အံ့ 'ပွတ်တိုက်အံ့'၊ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏။

(ရဟန်း၏)ကိုယ်နှင့်စပ်သော (သင်္ကန်းစသော) အရာဝတ္ထုဖြင့် (မိန်းမ၏) ကိုယ်နှင့် စပ်သော (အင်္ကျီလုံချည်စသော) အရာဝတ္ထုကို သုံးသပ်အံ့ 'ပွတ်တိုက်အံ့'၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ကလိထိုး၍ ကစားခြင်းကြောင့် ပါစိတ်အာပတ်သို့ရောက်၏။

ကိုယ်လက်နှီးနှောခြင်းသို့ ရောက်ခြင်း တည်းဟူသော အကြောင်းကြောင့် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

မာတုဂါမကို ရှုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြောခြင်းတည်းဟူသော အကြောင်း ကြောင့် သုံးပါးသောအာပတ်တို့သို့ ရောက်၏။

ဝစ္စမဂ် ပဿာဝမဂ်ကိုရည်၍ ကောင်းသောအခြင်းအရာကိုလည်းပြောအံ့၊ မကောင်းသော အခြင်းအရာကိုလည်းပြောအံ့၊ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ဝစ္စမဂ်ပဿာဝမဂ်ကို ချန်ထား၍ ညှပ်ရိုးနှစ်ဖက်၏အောက်, ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အထက်ကိုရည်၍ကောင်းသော အခြင်းအရာကိုလည်း ပြောအံ့၊ မကောင်းသောအခြင်းအရာ ကိုလည်း ပြောအံ့၊ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏။

(မိန်းမ၏) ကိုယ်နှင့်စပ်သော အရာဝတ္ထုကို ရည်ရွယ်၍ ကောင်းသောအခြင်းအရာကို လည်း ပြောအံ့၊ မကောင်းသော အခြင်းအရာကိုလည်း ပြောအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းဟည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

မာတုဂါမထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ပဏ္ဍုက်ထံ၌ မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။

တိရစ္ဆာန်ထံ၌ မိမိအကျိုးငှါကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အောင်တမန်သွားလာခြင်း'အောင်သွယ်ခြင်း'သို့ရောက်ခြင်းတည်းဟူသောအကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဝန်ခံအံ့၊စုံစမ်းအံ့၊တဖန်ဆောင်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ဝန်ခံအံ့၊ စုံစမ်းအံ့၊ တဖန်မဆောင်အံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ဝန်ခံအံ့၊ မစုံစမ်းအံ့၊ တဖန်မဆောင်အံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

ကိုယ်တိုင် တောင်းယူအပ်သော (ပဲခွပ်စသော)အဆောက်အဦဖြင့် ကျောင်းကို ပြုစေခြင်း 'ကျောင်းကို ဆောက်လုပ်ခြင်း' တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

နောက်ဆုံး မြေစိုင်ခဲတခုသို့ မရောက်မီ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

နောက်ဆုံး မြေစိုင်ခဲသို့ ရောက်သည်ရှိသော် သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ကြီးသော ကျောင်းကို ပြုစေခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏။

နောက်ဆုံး မြေစိုင်ခဲတခုသို့ မရောက်မီ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏။

နောက်ဆုံး မြေစိုင်ခဲသို့ ရောက်သည်ရှိသော် သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံရှာခြင်း)အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးခြင်း တည်းဟူသော အကြောင်းကြောင့် သုံးမျိုးသော အာပတ်တို့သို့ ရောက်၏။

ခွင့်မပြုစေပဲ 'ခွင့်မတောင်းပဲ' (သာသနာတော်မှ)ရွေလျော့စေလိုသည်ဖြစ်၍ ဆိုအံ့၊ သံဃာဒိသိသ် အာပတ်နှင့်တကွ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ခွင့်ပြုစေ၍ 'ခွင့်တောင်း၍' ဆဲရေးလိုသည်ဖြစ်၍ ဆိုအံ့၊ ဩမသဝါဒ ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော ရဟန်းကို မနုဿဇာတ် (ရဟန်းအဖြစ်)မှ တပါးသော အဖို့ရှိသော တိရစ္ဆာန်ဇာတ်၏ တည်ရာဖြစ်သော ဆိတ်ဖို၏ တစုံတခု ညွှန်းအပ်သော အမြွက်မျှကို စွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ခွင့်မပြုစေပဲ 'ခွင့်မတောင်းပဲ'(သာသနာတော်မှ) ရွေလျော့စေလိုသည်ဖြစ်၍ ဆိုအံ့၊ သံဃာဒိသိသ် အာပတ်နှင့်တကွ ဒုက္ကဋ် အာပတ်သို့ရောက်၏။

ခွင့်ပြုစေ၍ 'ခွင့်တောင်း၍' ဆဲရေးလိုသည် ဖြစ်၍ဆိုအံ့၊ ဩမသဝါဒပါစိတ် အာပတ်သို့ ရောက်၏။

သံဃာကို သင်းခွဲသော ရဟန်းသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆိုဆုံးမပါလျက် (အယူကို)မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

နှစ်ကြိမ်သော ကမ္မဝါစာတို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ရောက်၏။

http://www.dhammadownload.com



သံဃာကို သင်းခွဲသော ရဟန်းသို့ လိုက်ကုန်သော ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

နှစ်ကြိမ်သော ကမ္မဝါစာတို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ရောက်၏။

ဆိုနိုင်ခက်သော ရဟန်းသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆိုဆုံးမပါလျက်(အယူကို)မစွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

နှစ်ကြိမ်သော ကမ္မဝါစာတို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်းသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆိုဆုံးမပါလျက် အယူကို မစွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

နှစ်ကြိမ်မြောက်သော ကမ္မဝါစာတို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။ပ။

မရှိသေခြင်းကို စွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

မရှိသေခြင်းကို စွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် တပါးသော ဒုက္ကဋ် အာပတ်သို့ရောက်၏။

မရှိသေခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် ဤတပါးသော (ဒုက္ကဋ်)အာပတ်သို့ရောက်၏။

နှစ်ခုမြောက် ကတာပတ္တိဝါရ ပြီး၏။

---

## ၃- ဝိပတ္တိဝါရ

၁၉၅။ မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် လေးပါးသောဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် လေးပါးကုန်သော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

http://www.dhammadownload.com



ရံခါ သီလဝိပတ္တိသို့ သက်ဝင်၏။

ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။ပ။

မရှိသေခြင်းကိုစွဲ၍ ရေဌ ကျောင်ကြီးကိုရင်း ကျောင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်သနည်း။

မရှိသေခြင်းကိုစွဲ၍ ရေဌ ကျောင်ကြီးကိုရင်း ကျောင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟုဆိုအပ်သော တပါးသောဝိပတ္တိသို့ သက်ဝင်၏။

သုံးခုမြောက် ဝိပတ္တိဝါရ ပြီး၏။

## ၄-သင်္ဂဟိတဝါရ

၁၉၆။ မေထုန်အကျင့်ကိုမှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

မေထုန်အကျင့်ကိုမှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့ကို ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် လေးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ထုလ္လစ္စည်း အာပတ်အစုဖြင့် ရေတွက်အပ်၏၊ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်၏။ပ။

မရှိသေခြင်းကိုစွဲ၍ ရေဌ ကျောင်ကြီးကိုရင်း ကျောင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ် ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်သနည်း။

မရှိသေခြင်းကိုစွဲ၍ ရေဌ ကျောင်ကြီးကိုရင်း ကျောင်ငယ်ကိုရင်း တံထွေး ကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်ကို ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် ဒုက္ကဋ်အာပတ်အစုဟုဆိုအပ်သော တပါးသော အာပတ်အစုဖြင့် ရေတွက်အပ်၏။

လေးခုမြောက် သင်္ဂဟိတဝါရ ပြီး၏။

## ၅-သမုဋ္ဌာနဝါရ

၁၉၇။ မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

http://www.dhammadownload.com



မေထုန်အကျင့်ကိုမှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့်မဖြစ်ကုန်။ပ။

မရှိသေခြင်းကိုစွဲ၍ ရေဌ် ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်သည် အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

မရှိသေခြင်းကိုစွဲ၍ ရေဌ် ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့်(သင့်သော)အာပတ်သည် အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်းဖြစ်၏၊ နှုတ်ကြောင့်မဖြစ်။ပ။

ငါးခုမြောက် သမုဋ္ဌာနဝါရ ပြီး၏။

---

## ၆-အဓိကရဏဝါရ

၁၉၇။ မေထုန်အကျင့်ကိုမှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် အဓိကရဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရဏ်းနည်း။

မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် အဓိကရဏ်း၄ ၁းမျိုးတို့တွင် အာပတ္တာဓိကရဏ်းတည်း။ပ။

မရှိသေခြင်းကိုစွဲ၍ ရေဌ် ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသောအကြောင်းကြောင့်(သင့်သော)အာပတ်သည် အဓိကရဏ်းလေးမျိုးတို့တွင်အဘယ်အဓိကရဏ်းနည်း။

မရှိသေခြင်းကိုစွဲ၍ ရေဌ်ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်သည် လေးမျိုးသော အဓိကရဏ်းတို့တွင် အာပတ္တာဓိကရဏ်းတည်း။

ခြောက်ခုမြောက် အဓိကရဏဝါရ ပြီး၏။

---

## ၇-သမထဝါရ

၁၉၈။ မေထုန်အကျင့်ကိုမှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် ခုနစ်ပါးသောသမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် ခုနစ်ပါးကုန်သော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

http://www.dhammadownload.com



ရုံခါ သမ္ဘုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏၊ ရုံခါသမ္ဘုခါဝိနယ ဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။ပ။

မရှိသေခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်သည် ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

မရှိသေခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့်(သင့်သော) အာပတ်သည် ခုနစ်ပါးကုန်သော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

ရုံခါ သမ္ဘုခါဝိနယဖြင့်ရင်း၊ ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏၊ ရုံခါ သမ္ဘုခါဝိနယ ဖြင့်ရင်း၊ တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။

ခုနစ်ခုမြောက် သမထဝါရ ပြီး၏။

---

## ဂ-သမုစ္စယဝါရ

၂၀၀။ မေထုန်အကျင့်ကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ရောက်သနည်း။

မေထုန်အကျင့်ကိုမှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် လေးပါးသော အာပတ်တို့သို့ ရောက်၏။

ခွေးစသည်မစားအပ်သေးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

များသောအားဖြင့် ခွေးစသည် စားအပ်ပြီးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ထုလ္လစ္စည်းအာပတ်သို့ရောက်၏။

ဟင်းလင်းပွင့်သောခံတွင်း၌ မထိစေပဲ (မိမိ၏) အင်္ဂါဇာတ်ကိုသွင်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ချိပ်တောင့်ဖြင့်ထိုးခြင်းကြောင့် ပါစိတ်အာပတ်သို့ရောက်၏။

မေထုန်အကျင့်ကိုမှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် ဤလေးပါးသော အာပတ်တို့သို့ ရောက်၏။

ထို(လေးပါးသော) အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

(ထိုလေးပါးသော အာပတ်တို့ကို) ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ် အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

http://www.dhammadownload.com



အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သောသမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(လေးပါးကုန်သော)အာပတ်တို့သည် ဝိပတ္တိလေးပါးတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်၏။

ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် လေးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စည်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသောအကြောင်းကြောင့် ဖြစ်ကုန်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့်မဖြစ်ကုန်။

အဓိကရုဏ်း လေးမျိုးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါသမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေးကုန်၏၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။ပ။

မရှိသေးခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံတွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

မရှိသေးခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံတွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် ဒုက္ကဋ်ဟူသော အာပတ်တပါးသို့ ရောက်၏။

မရှိသေးခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံတွေးကိုရင်း စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် ဤတပါးသော အာပတ်သို့ရောက်၏။

ထို(ဒုက္ကဋ်)အာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်သနည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်သနည်း။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ် အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

http://www.dhammadownload.com



ထို(ဒုက္ကဋ်)အာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သောတပါးသော ဝိပတ္တိသို့ သက်ဝင်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ဒုက္ကဋ်အာပတ်အစုဟု ဆိုအပ်သော တပါးသော အာပတ်အစုဖြင့် ရေတွက်အပ်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

ရံခါ သမ္မုခါ ဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏။ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။

ရှစ်ခုမြောက် သမုစ္စယဝါရ ပြီး၏။

ရှစ်ပါးသောပစ္စယဝါရတို့သည် ပြီးကုန်၏။

**မဟာဝိဘင်း၌ ဝါရကြီး တဆယ့်ခြောက်ပါးတို့သည် ပြီးကုန်၏။**

# ဘိက္ခုပါဝိဘင်း မဟာဝါရ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ဘိက္ခုနီဝိဘင်းပါဠိတော်

## ၁-ကဏ္ဍပညတ္တိဝါရ

### ၁-ပါရာဇိက ရှစ်ပါး

၂၀၁။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ရဟန်းမိန်းမတို့အား ငါးခုမြောက် ပါရာဇိကသိက္ခာပုဒ်[၁] ကို အဘယ်အရပ်ဒေသ၌ အဘယ်ရဟန်းမိန်းမကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထိုပဉ္စမပါရာဇိက၌(မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

ထို(ပဉ္စမပါရာဇိကသိက္ခာပုဒ်)သည် သဗ္ဗတ္ထပညတ်လော၊ ပဒေသ ပညတ်လော၊ သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော၊ ဧကတောပညတ်လော၊ ဥဘတောပညတ်လော။

လေးပါးသော ပါတိမောက်ပြခြင်းတို့တွင်[၂] အဘယ်ပါတိမောက် ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း၊ အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်သနည်း၊ လေးပါးသော ဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိနည်း၊ ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်အာပတ်အစုနည်း၊ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အဓိကရုဏ်း လေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းနည်း၊ သမထခုနစ်ပါးတို့တွင် အဘယ်သမထတို့ဖြင့် ငြိမ်းအေးသနည်း။

ထိုပဉ္စမပါရာဇိက သိက္ခာပုဒ်၌ ဝိနယဟူသည် အဘယ်နည်း၊အဘိဝိနယဟူသည် အဘယ်နည်း။

ထိုပဉ္စမပါရာဇိက သိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ အဓိပါတိမောက်ဟူသည် အဘယ်နည်း။

ဝိပတ္တိကား အဘယ်နည်း။

သမ္ပတ္တိကား အဘယ်နည်း။

ပဋိပတ္တိကား အဘယ်နည်း။

အဘယ်မျှလောက်သော အကျိုးထူးတို့ကို အကြောင်းပြု၍ ရဟန်းမိန်းမတို့အား ပဉ္စမပါရာဇိကကို ပညတ်တော်မူအပ်သနည်း။

အဘယ် ရဟန်းမိန်းမတို့သည် ကျင့်ကုန်သနည်း။

အဘယ်ရဟန်းမိန်းမတို့သည် ကျင့်အပ်ပြီးသော အကျင့်'သိက္ခာ'ရှိကုန်သနည်း။

---

၁။ ရဟန်းယောကျ်ားတို့၏ ပါရာဇိကလေးပါးသည် ရဟန်းမိန်းမတို့အား သက်ဆိုင်သဖြင့် ထိုရဟန်းယောကျ်ားတို့၏ ပါရာဇိက လေးပါးကိုထောက်က ယခုဘိက္ခုနီဝိဘင်းအစ ပါရာဇိကသိက္ခာပုဒ်သည် ငါးခုမြောက်(ပဉ္စမပါရာဇိကသိက္ခာပုဒ်)မည်၏။

၂။ ရဟန်းမိန်းမတို့အား အနိယတဒွေသည် မရှိ၊ ထို့ကြောင့် လေးပါးသော ပါတိမောက် ပြခြင်းသို့တွင်ဟု စတုသချာထပ်ထား၏။

http://www.dhammadownload.com



အဘယ်ရဟန်းမိန်းမတို့၌ တည်သနည်း အဘယ်ရဟန်းမိန်းမတို့သည် နှုတ်တက်အာဂုံ(ပါဠိအနက်)ဆောင်ကုန်သနည်း၊ အဘယ်သူ၏ စကားနည်း၊ အဘယ်သူသည် ဆရာစဉ်ဆက် ဆောင်ခဲ့သနည်း။

၂၀၂။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ရဟန်းမိန်းမတို့အား ငါးခုမြောက် ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာ မည်သော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာ မည်သော ရဟန်းမိန်းမ၏ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထိုပဥ္စမပါရာဇိကသိက္ခာပုဒ်၌ (မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

ထိုပဥ္စမပါရာဇိကသိက္ခာပုဒ်၌(မူလ)ပညတ်တပါးရှိ၏၊ အနုပညတ် အနုပ္ပန္နပညတ်သည် မရှိ။

ထို(ပဥ္စမပါရာဇိကသိက္ခာပုဒ်)သည် သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော။

သဗ္ဗတ္ထ ပညတ်တည်း။

သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။

အသာဓာရဏပညတ်တည်း။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။

ဧကတော ပညတ်တည်း။

ပါတိမောက်ပြခြင်း လေးပါးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ် ပါတိမောက် ပြခြင်း၌ အကျုံးဝင်သနည်း။

ပါတိမောက် ပြခြင်း လေးပါးတို့တွင် နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်သနည်း။

ဒုတိယအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်၏။

ဝိပတ္တိလေးပါးတို့တွင် အဘယ်ဝိပတ္တိနည်း။

ဝိပတ္တိ လေးပါးတို့တွင် သီလဝိပတ္တိတည်း။

အာပတ်အစု ခုနစ်ပါးတို့တွင် အဘယ်အာပတ်အစုဖြစ်သနည်း။

ပါရာဇိက အာပတ်အစု ဖြစ်၏။

http://www.dhammadownload.com



အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အကြောင်းတမျိုးကြောင့်ဖြစ်၏။ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊နှုတ်ကြောင့်မဖြစ်။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

သမထ ခုနစ်ပါးတို့တွင် အဘယ်သမထတို့ဖြင့် ငြိမ်းအေးသနည်း။

သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏။

ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ ဝိနယဟူသည် အဘယ်နည်း၊ အဘိဝိနယဟူသည် အဘယ်နည်း။

(မာတိကာ)ပညတ်သည် ဝိနယမည်၏၊ ဝိဘင်းသည် အဘိဝိနယမည်၏။

ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း၊ အဓိပါတိမောက်ဟူသည် အဘယ်နည်း။

(မာတိကာ)ပညတ်သည် ပါတိမောက်မည်၏၊ ဝိဘင်းသည် အဓိပါတိမောက်မည်၏။

ဝိပတ္တိကား အဘယ်နည်း။

သိက္ခာပုဒ်ကို မစောင့်စည်းခြင်း 'လွန်ကျူးခြင်း'သည် ဝိပတ္တိမည်၏။

သမ္ပတ္တိကား အဘယ်နည်း။

သိက္ခာပုဒ်ကို စောင့်စည်းခြင်း'မလွန်ကျူးခြင်း'သည် သမ္ပတ္တိမည်၏။

ပဋိပတ္တိကား အဘယ်နည်း။

"ငါသည် ဤသို့ သဘောရှိသော မကောင်းသော အကျင့်ကို မပြုလုပ်တော့အံ့"ဟု အသက်ရှည်သရွေ့ ကာလပတ်လုံး အသက်ဆုံးသည့်တိုင်အောင် ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်သုံးခြင်းသည် ပဋိပတ္တိ မည်၏။

မြတ်စွာဘုရားသည် အဘယ်မျှလောက်သော အကျိုးထူးတို့ကို အကြောင်းပြု၍ ရဟန်းမိန်းမတို့အား ပဌမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသနည်း။

သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊ သံဃာတော်များ ချမ်းသာစေရန်၊ အကျင့်သီလ ဖောက်ဖျက်သော ရဟန်းမိန်းမတို့ကို နှိမ်နင်းရန်၊ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းမိန်းမတို့ ချမ်းသာစွာ နေနိုင်ရန်၊ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်၊ နောင်ဖြစ်လတ္တံ့ ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်၊ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန်၊ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်၊ သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန်၊ ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ရန် ဟူသော ဤအကျိုးထူး ဆယ်ပါးကို အကြောင်းပြု၍ ပဌမပါရာဇိကသိက္ခာပုဒ်ကို မြတ်စွာဘုရားသည် ရဟန်းမိန်းမတို့အား ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်းမိန်းမတို့သည် ကျင့်ကုန်သနည်း။

သေက္ခရဟန်းမိန်းမနှင့် ကလျာဏပုထုဇဉ် ရဟန်းမိန်းမတို့သည် ကျင့်ကုန်၏။

http://www.dhammadownload.com



အဘယ်ရဟန်းမိန်းမတို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်သနည်း။

ရဟန္တာမတို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်၏။

အဘယ်ရဟန်းမိန်းမတို့၌ တည်သနည်း။

ကျင့်ခြင်းငှါ အလိုရှိကုန်သော ရဟန်းမိန်းမတို့၌ တည်၏။

အဘယ်ရဟန်းမိန်းမတို့သည် (ပါဠိနက်အာဂုံ)ဆောင်ကုန်သနည်း။

အကြင် ရဟန်းမိန်းမတို့သည် ပဉ္စမပါရာဇိက သိက္ခာပုဒ်ကို လေ့လာကုန်၏၊ ထိုရဟန်းမိန်းမတို့သည် (ပါဠိနက်အာဂုံ)ဆောင်ကုန်၏။

(ပဉ္စမပါရာဇိကသိက္ခာပုဒ်သည်)အဘယ်သူ၏ စကားနည်း။

(ပဉ္စမပါရာဇိကသိက္ခာပုဒ်သည်) လူနတ်ပြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ စကားတော်တည်း။

အဘယ်သူသည် ဆောင်ခဲ့သနည်း။

ဆရာအဆက်ဆက်သည် ဆောင်ခဲ့၏။

ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿမထေရ်နှင့်တကွထိုရဟန္တာအသျှင်မြတ် ငါးပါးတို့သည်ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိ နက် အာဂုံဆောင်၍) ပို့ချတော်မူကြကုန်၏။

ထိုနောက် မဟိန္ဒမထေရ် ဣဋ္ဋိယမထေရ် ဥတ္တိယမထေရ် ထိုမှတပါး သမ္ဗလမထေရ် (ပစ္ဆိမပွန် သံသရာကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော ဘဒ္ဒနာမမထေရ် ကြီးသော ပညာရှိကုန်သော ထိုရဟန္တာအသျှင်မြတ်တို့သည် ဇမ္ဗူဒိပ်ကျွန်းမှ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြကုန်၏။

(မဟိန္ဒမထေရ်စသော) ထိုရဟန္တာတို့သည် သီဟိုဠ်ကျွန်း၌ဝိနည်းပိဋကတ်ကိုပို့ချတော်မူကြကုန်၏၊ နိကာယ်ငါးရပ် တို့ကိုလည်း အဘိဓမ္မာခုနစ်ကျမ်းတို့ကိုလည်း ပို့ချတော်မူကြကုန်၏။

ထိုနောက် ထိုးထွင်းသော ပညာရှိသော အရိဋ္ဌမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော တိဿဒတ္တမထေရ် ရွံ့ရှာခြင်းကင်း ရဲတင်းသော ပညာရှိသော ကာဠသုမနမထေရ် ဒီဃအမည်ရှိသော မထေရ် (ပစ္စုပ္ပန် သံသရာ ကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော ဒီဃသုမနမထေရ်။

တဖန်တို့ ကာဠသုမနမထေရ် နာဂမထေရ် ဗုဒ္ဓရက္ခိတမထေရ် ထိုးထွင်းသော ဉာဏ်ပညာရှိသော တိဿမထေရ် (ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာ၌ သိသော) ပညာရှိသော ဒေဝမထေရ်။

တဖန်တို့ ဝိနည်းပိဋကတ်၌ ရွံ့ရှာခြင်းကင်း ရဲတင်းသော ထိုးထွင်း၍သိသော ဉာဏ်ပညာရှိသော သုမနမထေရ် ဖျက်ဆီးသိုးပစ်နိုင်ခဲသော ဆင်ပြောင်ကြီးကဲ့သို့ များသော အကြားအမြင်ရှိသော စူဠနာဂမထေရ်။

ရောဟဏဇနပုဒ်၌ သူတော်ကောင်းတို့သည် ကိုးကွယ်ပူဇော်အပ်သော ဓမ္မပါလိတအမည်ရှိသော မထေရ် ထိုဓမ္မပါလိတမထေရ်၏ တပည့် ပိဋကတ်သုံးပုံ နှုတ်တက်အာဂုံဆောင်ပြီးလျှင် ကြီးသောပညာရှိသည်ဖြစ်၍။ နက္ခတ်တာရာ ကြယ်တကာတို့၏ မင်းဖြစ်သော လကဲ့သို့ သီဟိုဠ်

http://www.dhammadownload.com



ကျွန်း၌ ပညာရောင်ဖြင့် အလွန် တင်တယ်သော ခေမအမည်ရှိသော မထေရ်၊ ထိုးထွင်းသော ဉာဏ်ပညာရှိသော ဥပတိဿမထေရ်၊ တရားဟောပုဂ္ဂိုလ်ကြီးဖြစ်သော ဖုဿဒေဝမထေရ်။

တဖန်တို့ ထိုးထွင်းသောဉာဏ်ပညာရှိသော သုမနမထေရ် များသော အကြားအမြင်ရှိသော မဟာပဒုမမထေရ် (သို့မဟုတ် မဟာသုမနမထေရ်) ပိဋကတ်သုံးပုံ အလုံးစုံ၌ လိမ္မာ နိုင်နင်းသော တရားဟော ပုဂ္ဂိုလ်ကြီးဖြစ်သော မဟာသိဝမထေရ်။

တဖန်တို့ ဝိနည်းပိဋကတ်၌ ရွှံ့ရှာခြင်းကင်း ရဲတင်းသော ထိုးထွင်းသော ဉာဏ်ပညာ ရှိသော ဥပါလိမထေရ်၊ သူတော်ကောင်း တရားအနွယ်၌ လိမ္မာသော ကြီးသော ပညာရှိသော မဟာနာဂမထေရ်။

တဖန်တို့ ပိဋကတ်သုံးပုံ အလုံးစုံ၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာရှိသော အဘယ မထေရ်၊ ဝိနည်းပိဋကတ်၌ ရွှံ့ရှာခြင်းကင်း ရဲတင်းသော ထိုးထွင်းသော ဉာဏ်ပညာရှိသော တိဿမထေရ်။

ထိုတိဿမထေရ်၏တပည့် ကြီးသော ပညာရှိသော များသော အကြားအမြင်ရှိသော ဇမ္ဗူဒိပ်ကျွန်း၌ သာသနာတော်ကို စောင့်ရှောက်လျက် တည်နေတော်မူသော ပုပ္ဖအမည် ရှိသော မထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်းပိဋကတ်၌ ရွှံ့ရှာခြင်းကင်း ရဲတင်းသော စူဠာဘယမထေရ်၊ သူတော်ကောင်း တရားအနွယ်၌ လိမ္မာသော ထိုးထွင်းသော ဉာဏ်ပညာရှိ သော တိဿမထေရ်။

ထိုးထွင်းသော ဉာဏ်ပညာရှိသော ဝိနည်း ပိဋကတ်၌ ရွှံ့ရှာခြင်းကင်း ရဲတင်းသော စူဠဒေဝမထေရ်၊ ထိုးထွင်းသော ဉာဏ်ပညာရှိသော အလုံးစုံသော ဝိနည်းပိဋကတ်၌ လိမ္မာ ကျွမ်းကျင်သော သိဝမထေရ်။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာ နိဗ္ဗာန်လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာအသျှင်မြတ်တို့သည် သီဟိုဠ် ကျွန်း၌ ဝိနည်း ပိဋကတ်ကို(ပါဠိနက်အာဂုံဆောင်၍ )ပြတော်မူကြကုန်၏။

၂၀၃။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရား တို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ရဟန်းမိန်းမတို့အား ဆဋ္ဌပါရာဇိက သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ သိလျက် ပါရာဇိကကျသော ရဟန်းမိန်းမကို မိမိကိုယ်တိုင်လည်း မမေး မစိစစ်ခြင်း ရဟန်းမိန်းမဂိုဏ်းအားလည်း မပြောကြားခြင်း အကြောင်းကြောင့် ပညတ်တော် မူအပ် ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

၂၀၄။ ရဟန်းမိန်းမတို့အား သတ္တမ ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော် မူအပ်ပါသည်။

အဘယ် ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ညီညွတ်သော သံဃာက နှင်ထုတ်ထားသော လင်းထသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းသို့ (အယူကို ယူသောအားဖြင့်)အတုလိုက်ခြင်း အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

၂၀၅။ ရဟန်းမိန်းမတို့အား အဋ္ဌမပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ရှစ်ခုမြောက်သော ဝတ္ထု 'အဋ္ဌမဝတ္ထု'ကိုပြည့်စေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

ပါရာဇိကရှစ်ပါး ပြီး၏။

ထိုပါရာဇိက ရှစ်ပါး၏ အကျဉ်းချုပ်—

မေထုန်သိက္ခာပုဒ်၊ အဒိန္နာဒါန်သိက္ခာပုဒ်၊ မနုဿဝိဂ္ဂဟသိက္ခာပုဒ်၊ ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်၊ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းကြောင့် ပညတ်အပ်သော ဥဗ္ဘဇာဏုမဏ္ဍလိကသိက္ခာပုဒ်၊ ဝဇ္ဇပဋိစ္ဆာဒိက သိက္ခာပုဒ်၊ ဥက္ခိတ္တာနုဝတ္တိကသိက္ခာပုဒ်၊ အဋ္ဌဝတ္ထုကသိက္ခာပုဒ်၊ ယုံမှားသံသယမရှိအပ်ကုန်သော (သာသနာတော်မှ) ဖြတ်ခြင်းအကြောင်းဖြစ်ကုန်သော ပါရာဇိက ရှစ်ပါးတို့ကို ကြီးမားသော လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် ပညတ်တော်မူ၏။

ဤကား အကျဉ်းချုပ်တည်း။

http://www.dhammadownload.com



## ၂-သံဃာဒိသိသ်ဆယ်ပါး

၂၀၆။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် မာန်အမျက်ပွါးသဖြင့် ငြင်းခုံသော တရားတွေ့သော ရဟန်းမိန်းမအား သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ အဘယ်ရဟန်းမိန်းမကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။ ပ ။ အဘယ်သူသည် ဆရာအစဉ်အဆက်ဆောင်ခဲ့သနည်း။

၂၀၇။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် မာန်အမျက်ပွါးသဖြင့် ငြင်းခုံသော တရားတွေ့သော ရဟန်းမိန်းမအား ဥဿယဝါဒိက သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်း ပြု၍ ပညတ်တော် မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမသည် မာန်အမျက်ပွါးသဖြင့် ငြင်းခုံသည်ဖြစ်၍နေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထို(ဥဿယဝါဒိကသံဃာဒိသိသ် သိက္ခာပုဒ်)၌ (မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

ထို(ဥဿယဝါဒိကသံဃာဒိသိသ် သိက္ခာပုဒ်)၌ (မူလ)ပညတ်တပါးရှိ၏၊အနုပညတ်နှင့် အနုပ္ပန္နပညတ်နှစ်ပါးမရှိ။

ထို(ဥဿယဝါဒိကသံဃာဒိသိသ် သိက္ခာပုဒ်သည်) သဗ္ဗတ္ထ ပညတ်လော၊ ပဒေသပညတ်လော။

သဗ္ဗတ္ထပညတ်တည်း။

သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။

အသာဓာရဏပညတ်တည်း။

ဧကတောပညတ်လော၊ ဥဘတောပညတ်လော။

ဧကတောပညတ်တည်း။

ပါတိမောက်ပြခြင်းလေးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။

ပါတိမောက်ပြခြင်းလေးမျိုးတို့တွင် နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်သနည်း။

တတိယအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏ အဖြစ်သို့ရောက်၏။

http://www.dhammadownload.com



ဝိပတ္တိလေးပါးတို့တွင် အဘယ်ဝိပတ္တိနည်း။

သီလဝိပတ္တိတည်း။

အာပတ်အစု ခုနစ်ပါးတို့တွင် အဘယ်အာပတ်အစုဖြစ်သနည်း။

သံဃာဒိသိသ်အာပတ်အစုဖြစ်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

နှစ်ပါးသော အကြောင်းတို့ကြောင့်ဖြစ်၏။ ရံခါကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့်မဖြစ်။ ရံခါကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

အဘယ်သူသည်(ပါဠိနက်အာဂုံ)ဆောင်ခဲ့သနည်း။

ဆရာအဆက်ဆက်သည် (ပါဠိနက်အာဂုံ)ဆောင်ခဲ့၏။

ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့်တကွ ထိုရဟန္တာအသျှင်မြတ် ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံဆောင်၍ )ပို့ချတော်မူကြကုန်၏။ပ။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန်လမ်းခရီး ၌ ကျွမ်းကျင် လိမ္မာတော်မူကြကုန်သော ထိုရဟန္တာ အသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံဆောင်၍ )ပြသတော်မူကြကုန်၏။

၂၀၇။ ခိုးသူမကိုဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံသောရဟန်းမိန်းမအား (စောရီဝုဋ္ဌာပန) သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်းမိန်းမကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ရံခါနှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်းဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ ပ။

၂၀၈။ (အဖော်မပါ)တယောက်ထည်းတည်း ရွာတပါးကိုသွားသော ရဟန်းမိန်းမအား ဝါမန္တရ သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ အဖော်မပါတယောက်ထည်းတည်း ရွာတပါးသို့သွားခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်သုံးပါး ရှိ၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း ။ပ။

၂၁၀။ ညီညွတ်သောသံဃာက ဓမ္မဝိနယ မြတ်စွာဘုရား၏အဆုံးအမဖြင့် နှင်ထုတ်ထားသော ရဟန်းမိန်းမအား ကံပြုသော သံဃာကို မပန်ကြားပဲ ဂိုဏ်း၏အလိုဆန္ဒကိုမသိပဲ (သံဃာဘောင်သို့) သွင်းသော ရဟန်းမိန်းမအား (ဥက္ခိတ္တဩသာရဏ) သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း၊။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ညီညွတ်သောသံဃာက ဓမ္မဝိနယမြတ်စွာဘုရား၏အဆုံးအမဖြင့် နှင်ထုတ်ထားသော ရဟန်းမိန်းမအား ကံပြုသော သံဃာကို မပန်ကြားပဲ ဂိုဏ်း၏အလို (ဆန္ဒ)ကိုမသိပဲ (သံဃာဘောင်သို့)သွင်းခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့်ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

၂၁၁။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ) စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏လက်မှ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း မိမိလက်ဖြင့်ခံယူ၍ စားသော ရဟန်းမိန်းမအား (ပဌမအဝဿုတ)သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်ရဟန်း မိန်းမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာဘိက္ခုနီမ၏ (ကိလေသာ) စိုစွတ်သည်ဖြစ်၍(ကိလေသာ) စိုစွတ်သော ယောကျ်ားဖြစ်သောပုဂ္ဂိုလ်၏လက်မှ (ဆွမ်းစသော) အာမိသကို ခံယူခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့်ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



၂၁၂။ သျှင်မ အကြင့်ကြောင့် သင်သည်(ကိလေသာ)မစိုစွတ်၊ ထိုကြောင့် သင့်အား ဤ ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် (ကိလေသာ)စိုစွတ်သည်လည်းဖြစ်စေ (ကိလေသာ)မစိုစွတ်သည် လည်း ဖြစ်စေ အသို့ပြုနိုင်လတ္တံ့နည်း။

သျှင်မ တိုက်ထွန်း၏ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း သင့် အား ပေးအံ့၊ ထိုခဲဖွယ် ဘောဇဉ်ကို သင်သည် မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်းခဲလော့၊ စားမှုလည်း စားလော့ဟုတိုက်တွန်းသော ရဟန်းမိန်းမအား (ဒုတိယအပဿုတ) သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသောရဟန်းမိန်းမကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သျှင်မ အကြင့်ကြောင့် သင်သည်(ကိလေသာ)မစိုစွတ်၊ထိုကြောင့် သင့်အား ဤသောကျ်ား ဖြစ်သောပုဂ္ဂိုလ်သည် (ကိလေသာ)စိုစွတ်သည်လည်း ဖြစ်စေ (ကိလေသာ)မစိုစွတ်သည်လည်းဖြစ် စေ အသို့ပြုနိုင်လတ္တံ့နည်း။

သျှင်မ တိုက်တွန်း၏၊ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း သင့် အား ပေးအံ့၊ ထိုခဲဖွယ်ဘောဇဉ်ကို သင်သည် မိမိလက်ဖြင့်ခံယူ၍ ခဲမှုလည်း ခဲလော့၊ စားမှုလည်း စားလော့ဟုတပါးသောရဟန်းမိန်းမ၏တိုက်တွန်းခြင်းအကြောင်းကြောင့်ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

၂၁၃။ သုံးကြိမ်တိုင်အောင်(ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်သော အမျက် ထွက်သော ရဟန်းမိန်းမအား (ပဌမကုပိတ) သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ် တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

စိတ်ဆိုးသည် မနှစ်သက်သည် ဖြစ်၍၊ "ငါသည် မြတ်စွာဘုရားကို စွန့်၏၊ တရားတော်ကို စွန့်၏၊ သံဃာတော်ကို စွန့်၏၊ သိက္ခာကို စွန့်၏" ဟု စဏ္ဍကာဠီဘိက္ခုနီမ၏ ဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

မူလပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

၂၁၄။ သုံးကြိမ်တိုင်အောင်(ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက်(အယူကို)မစွန့်သော တစုံတခု သာ ဖြင့်သော အဓိကရုဏ်း၌ ရှုံးသော ရဟန်းမိန်းမအား (ဒုတိယကုပိတ)သံဃာဒိသိသ် သိက္ခာပုဒ်ကို

http://www.dhammadownload.com



အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တစုံတခုသောလျှင် ဖြစ်သော အဓိကရုဏ်း၌ ရှုံးသည်ဖြစ်၍ စိတ်ဆိုးကာ မနှစ်သက်သည်ဖြစ်၍ "ရဟန်းမိန်းမတို့သည် ဆန္ဒာဂတိသို့ (လည်း)လိုက်ကုန်၏၊ ရဟန်းမိန်းမတို့သည် ဒေါသာဂတိသို့ (လည်း)လိုက်ကုန်၏၊ ရဟန်းမိန်းမတို့သည် မောဟာဂတိသို့(လည်း)လိုက်ကုန်၏၊ ရဟန်းမိန်းမတို့သည် ဘယာဂတိသို့(လည်း)လိုက်ကုန်၏"ဟု စဏ္ဍကာဠီဘိက္ခုနီမ၏ ဆိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ခုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

၂၁၅။ သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ပဲ လူတို့နှင့် ရောနှော၍သော ရဟန်းမိန်းမတို့အား (သံသဋ္ဌ)သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ လူတို့နှင့် ရောနှော၍ နေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ခုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

၂၁၆။ သုံးကြိမ်တိုင်အောင်(ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ပဲ "သျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှော၍သာလျှင် နေကြကုန်လော့၊ သင်တို့သည်အသီးအခြား မနေကြကုန်လင့်"ဟု တိုက်တွန်းသော ရဟန်းမိန်းမအား (ဒုတိယသံသဋ္ဌ)သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

"သျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှော၍သာလျှင် နေကြကုန်လော့၊ သင်တို့သည် အသီးအခြား မနေကြကုန်လင့်"ဟု ထုလ္လနန္ဒာဘိက္ခုနီမ၏ တိုက်တွန်းခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

သံဃာဒိသိသ်ဆယ်ပါး ပြီး၏။

ထိုသံဃာဒိသိသ်၏ အကျဉ်းချုပ်—

ဥဿယဝါဒိကသိက္ခာပုဒ်၊ စောရီဝုဋ္ဌာပနသိက္ခာပုဒ်၊ ဂါမန္တရဂမနသိက္ခာပုဒ်၊ ဥက္ခိတ္တသြသာရဏသိက္ခာပုဒ်၊ ဘုဉ္စနကြိယာဖြင့် မှတ်အပ်သော ပဌမအဝဿုတသိက္ခာပုဒ်၊ ကိန္တေ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယအဝဿုတသိက္ခာပုဒ်၊ ပဌမကုပိတသိက္ခာပုဒ်၊ ကိံသုဒ္ဓိ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သောဒုတိယကုပိတသိက္ခာပုဒ်၊ပဌမသံသဋ္ဌသိက္ခာပုဒ်၊ ဒုတိယသံသဋ္ဌသိက္ခာပုဒ် နှင့်တကွ ထိုသံဃာဒိသိသ်တို့သည် ဆယ်ပါးတို့တည်း။

ဤကားအကျဉ်းချုပ်တည်း။

---

## ၃-နိဿဂ္ဂိပါစိတ်တဆယ့်နှစ်ပါး

၂၁၇။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သပိတ်ကို သိုမှီးသိမ်းဆည်းခြင်းကို ပြုသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ သပိတ်ကို သိုမှီးသိမ်းဆည်းခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

"အကာလသင်္ကန်းကို ကာလသင်္ကန်း"ဟူ၍ ဆောက်တည်ကာ ဝေဘန်ခွဲဝေစေသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ "အကာလသင်္ကန်းကို ကာလသင်္ကန်း"ဟူ၍ ဆောက်တည်ကာ ဝေဘန်ခွဲဝေစေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

မူလပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ရဟန်းမိန်းမ(တယောက်)နှင့်အတူ သင်္ကန်းကို (သဘောတူ) လဲလှယ်ပြီးနောက်(မိမိသင်္ကန်းကိုပြန်၍) လုယူသော ရဟန်း မိန်းမအား နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ရဟန်းမိန်းမ(တယောက်)နှင့်အတူ သင်္ကန်းကို (သဘောတူ)လဲလှယ်ပြီးနောက်(မိမိသင်္ကန်းကိုပြန်၍) လုယူခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တပါးသော ထောပတ်စသည်ကို တောင်းပြီး၍ တပါးသောဆီစသည်ကိုတောင်းသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ တပါးသော ထောပတ်စသည်ကို တောင်းပြီး၍ တပါးသော ဆီစသည်ကို တောင်းခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

တပါးသောထောပတ်စသည်ကိုဝယ်စေပြီး၍ တပါးသော ဆီစသည်ကို ဝယ်စေသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ တပါးသော ထောပတ်စသည်ကိုဝယ်စေပြီး၍ တပါးသောဆီစသည်ကို ဝယ်စေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

တပါးသော သက်န်းစသည် အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကို ရည်ညွှန်း၍ လှူအပ်သော သံဃိကဖြစ်သော (အပ်သောသင်္ကန်းစသော)ပရိက္ခရာဖြင့် တပါးသော (ဆေး စသော) ပရိက္ခရာကို လဲလှယ်(ဝယ်)စေသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

မျာ:စွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

မျာ:စွာသောရဟန်းမိန်းမတို့၏ တပါးသော သင်္ကန်းစသည်အကျိုးငှါလှူအပ်သော တပါး သော သင်္ကန်းစသည်ကို ရည်ညွှန်း၍ လှူအပ်သော သံဃိကဖြစ်သော (အပ်သောသင်္ကန်းစသော) ပရိက္ခရာဖြင့် တပါးသော (ဆေးစသော)ပရိက္ခရာကို လဲလှယ်(ဝယ်)စေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တပါးသော သင်္ကန်းစသည် အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကို ရည်ညွှန်း၍ လှူအပ်သော သံဃိကဖြစ်သော ကိုယ်တိုင် တောင်းအပ်သော(အပ်သောသင်္ကန်းစသော)ပရိက္ခရာ ဖြင့် တပါးသော (ဆေးစသော)ပရိက္ခရာကို လဲလှယ်(ဝယ်)စေသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော် မူအပ်ပါသနည်း။

မျာ:စွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

မျာ:စွာသော ရဟန်းမိန်းမတို့၏ တပါးသော သင်္ကန်းစသည်အကျိုးငှါ လှူအပ်သော တပါး သော သင်္ကန်းစသည်ကို ရည်ညွှန်း၍ လှူအပ်သော သံဃိကဖြစ်သော ကိုယ်တိုင်တောင်းအပ်သော (အပ်သောသင်္ကန်းစသော) ပရိက္ခရာဖြင့် တပါးသော (ဆေးစသော) ပရိက္ခရာကို လဲလှယ် (ဝယ်) စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

http://www.dhammadownload.com



တပါးသော သင်္ကန်းစသည် အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကို ရည်ညွှန်း၍ လှူအပ်သော ဂိုဏ်းအား စွန့်(လွှတ်၍ လှူ) အပ်သော (အပ်သောသင်္ကန်းစသော) ပရိက္ခရာဖြင့် တပါးသော (ဆေးစသော) ပရိက္ခရာကို လဲလှယ်(ဝယ်) စေသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ တပါးသော သင်္ကန်းစသည် အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကို ရည်ညွှန်း၍ လှူအပ်သော ဂိုဏ်းအား စွန့်(လွှတ်၍ လှူ)အပ်သော(အပ်သော သင်္ကန်းစသော)ပရိက္ခရာဖြင့် တပါးသော (ဆေးစသော)ပရိက္ခရာကို လဲလှယ်(ဝယ်)စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တပါးသောသင်္ကန်းစသည် အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကို ရည်ညွှန်း၍ လှူအပ်သော ဂိုဏ်းအား စွန့်(လွှတ်၍ လှူ)အပ်သော ကိုယ်တိုင် တောင်းအပ်သော (အပ်သော သင်္ကန်းစသော)ပရိက္ခရာဖြင့် တပါးသော (ဆေးစသော)ပရိက္ခရာကို လဲလှယ်(ဝယ်)စေသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။ များစွာသော ရဟန်းမိန်းမတို့၏ တပါးသော သင်္ကန်းစသည်အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကိုရည်ညွှန်း၍ လှူအပ်သော ကိုယ်တိုင် တောင်းအပ်သော (အပ်သောသင်္ကန်းစသော)ပရိက္ခရာဖြင့် တပါးသော (ဆေးစသော)ပရိက္ခရာကို လဲလှယ်(ဝယ်)စေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တပါးသောသင်္ကန်းစသည်အကျိုးငှါ လှူအပ်သောတပါးသော သင်္ကန်းစသည်ကိုရည်ညွှန်း၍ လှူအပ်သော ပုဂ္ဂလိကဖြစ်သော ကိုယ်တိုင်တောင်းအပ်သော (အပ်သောသင်္ကန်းစသော)ပရိက္ခရာဖြင့် တပါးသော (အပ်သောဆေးစသော)ပရိက္ခရာကိုလဲလှယ်(ဝယ်)စေသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

အဘယ်အကြောင်းကြောင့် ပညတ်တော်မူ အပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ တပါးသောသက်နီးစသည်အကျိုးငှါ လှူအပ်သော တပါးသောသက်နီး စသည်ကို ရည်ညွှန်း၍ လှူအပ်သော ပုဂ္ဂလိကဖြစ်သော ကိုယ်တိုင် တောင်းအပ်သော (အပ်သော သက်နီးစသော) ပရိက္ခရာဖြင့် တပါးသော (အပ်သောဆေးစသော) ပရိက္ခရာကို လဲလှယ် (ဝယ်) စေခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

လေးကံသထက်လွန်၍ အဖိုးထိုက်သော (ချမ်းသောအခါ ခြုံစရာ)လေးသော အရုံကို တောင်း သော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ မင်းကြီးအား ကမ္ဗလာ(အပေါ်ရုံ)ကို တောင်းခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

အခွဲနှင့်တကွ သုံးကံသထက်လွန်၍ (နှစ်ကံသခွဲထွေ တဆယ့်နှစ်ကျပ်ထက် လွန်၍) အဖိုးထိုက် သော (ပူအိုက်သောအခါ ခြုံစရာ)ပေါ့သော အရုံကို တောင်းသော ရဟန်းမိန်းမအား နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ မင်းကြီးအား (ခေါမတိုင်းမှ ဖြစ်သော) ခေါမပုဆိုးကို တောင်းခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်ကပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

**နိဿဂ္ဂိပါစိတ် တဆယ့်နှစ်ပါး ပြီး၏။**

http://www.dhammadownload.com



ထိုနိဿဂ္ဂိပါစိတ်၏ အကျဉ်းချုပ်—

ပတ္တသန္နိစယသိက္ခာပုဒ်၊ အကာလစီဝရသိက္ခာပုဒ်၊ ကာလသက်န်းကို လဲလှယ်ဖလှယ်သော စီဝရပရိဝတ္တနသိက္ခာပုဒ်၊ အညဝိညာပနသိက္ခာပုဒ်၊ စေတာပေတ္တာဟူသော သဒ္ဒါဖြင့် မှတ်အပ်သော အညစေတာပနသိက္ခာပုဒ်၊ အညဒတ္တိကသံဃိကသိက္ခာပုဒ်၊ သံဃိကသညာစိကသိက္ခာပုဒ်၊ မဟာဇနိကသိက္ခာပုဒ်၊ မဟာဇနိကသညာစိကသိက္ခာပုဒ်၊ ပုဂ္ဂလသညာစိကသိက္ခာပုဒ်၊ စတုက္ကံသ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ဂရုပါဝုရဏသိက္ခာပုဒ်၊ အစုတေယျ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော လဟုပါဝုရဏသိက္ခာပုဒ်။

ဤကား အကျဉ်းချုပ်တည်း။

---

## ၄-ပါစိတ်အာပတ်များ

### ၁-လသုဏဝဂ်

၂၁၈။ သိတော်မူမြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကြက်သွန်[၁] ကို စားသောရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်ကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ အတိုင်းအရှည်ကို မသိမူ၍ ကြက်သွန်ကို ဆောင်စေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ပ။

ကျဉ်းမြောင်းသော 'ပဿာဝမဂ်အနီး ပေါင်ကြားလက်ကတီးကြား'အရပ်၌ အမွေးကို ရိတ်နုတ်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

---

၁-ကြက်သွန်ဟူသည် မဂဓတိုင်း၌ဖြစ်သော အမြွှာင်းများသောကြက်သွန်စိမ်း၊ ဝါ-ကြက်သွန်ဖြူတည်း။

http://www.dhammadownload.com



ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ကျဉ်းမြောင်းသော 'ပဿာဝမဂ်အနီး ပေါင်ကြား လက်ကတီးကြား' အရပ်၌ အမွေးကိုရိတ်နုတ်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

(ပဿာဝမဂ်)အပြင်ကို ပုတ်ခတ်ခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းမိန်းမနှစ်ယောက်တို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းမိန်းမနှစ်ယောက်တို့၏ (ပဿာဝမဂ်)အပြင်ကို ပုတ်ခတ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း။ပ။

ချိတ်တောင့်ဖြင့် ထိုးခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသောရဟန်းမိန်းမ၏ ချိပ်တောင့်ကို ယူသော'ထိုးသော'အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း။ပ။

လက်နှစ်သစ် အတိုင်းအရှည်ထက် အလွန် (ပဿာဝမဂ်ကို)ရေဆေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ အလွန်နက်စွာ(ပဿာဝမဂ်ကို)ရေဆေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း။ပ။

ဆွမ်းစားသော ရဟန်းယောကျ်ားအား သောက်ရေဖြင့်ရင်း ယပ်လေခတ်သဖြင့်ရင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌)တည်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ ဆွမ်းစားသော ရဟန်းအား သောက်ရေဖြင့်ရင်း ယပ်လေခတ်သဖြင့်ရင်း(နှစ်တောင့်ထွာဟတ္ထပါသ်၌)တည်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ပ။

စပါးစိမ်းကို တောင်း၍ စားသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ စပါးစိမ်းကို တောင်း၍ စားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း အမှိုက်ကိုရင်း စားကြွင်းကိုရင်း နံရံ၏တဖက်၌ စွန့်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ ကျင်ကြီးကို နံရံ၏ တဖက်၌ စွန့်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း အမှိုက်ကိုရင်း စားကြွင်းကိုရင်း စိမ်းသော ကောက်ပဲရှိရာ အရပ်၌ စွန့်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့၏ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း အမှိုက်ကိုရင်း စားကြွင်း ကိုရင်း စိမ်းသော ကောက်ပဲရှိရာအရပ်၌ စွန့်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ ပ။

ကခြင်းကိုရင်း သီခြင်းကိုရင်း တီးမှုတ်ခြင်းကိုရင်း ကြည့်ရှုနားထောင်ခြင်းငှါ သွားသော ရဟန်း မိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ကခြင်းကိုရင်း သီခြင်းကိုရင်း တီးမှုတ်ခြင်းကိုရင်း ကြည့်ရှုခြင်းငှါ သွားကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ ပ။

ရှေးဦးစွာသော လသုဏဝဂ် ပြီး၏။

## ၂-ရတ္တန္ဓကာရဝဂ်

၂၁၉။ (ဆီမီးရောင်စသော)အရောင်အလင်း မရှိသော ညဥ့်မိုက်သော အခါ၌ ယောကျ်ား တယောက်နှင့် အတူတကွ တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌)ရပ်တည်သော ရဟန်း မိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ ဆီမီးစသော အရောင်အလင်းမရှိသော ညဥ့်မိုက်သောအခါ၌ ယောကျ်ားတယောက်နှင့်အတူတကွ တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌)ရပ်တည်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ထေယျသတ္တကသမုဋ္ဌာန်တည်း။ပ။

(နံရံစသည်ဖြင့်)ဖုံးလွှမ်းသော အရပ်၌ ယောကျ်ားတယောက်နှင့် အတူတကွ တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌) ရပ်တည်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ (နံရံစသည်ဖြင့်) ဖုံးလွှမ်းသော အရပ်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌) ရပ်တည်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ထေယျသတ္တကသမုဋ္ဌာန်တည်း။ပ။

ဟင်းလင်းအပြင် 'လွင်တီးခေါင်' အရပ်၌ ယောကျ်ားတယောက်နှင့် တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌) ရပ်တည်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ ဟင်းလင်းအပြင် 'လွင်တီးခေါင်'အရပ်၌ ယောကျ်ားတယောက်နှင့် အတူ တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌) ရပ်တည်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ထေယျသတ္တကသမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



ခရီးမ၌ရှင်း ထုတ်ချင်းမထွင်းသော လမ်းခရီး၌ရှင်း ခရီးလမ်းဆုံ၌ရှင်း ယောကျ်ားတယောက်နှင့်အတူ တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌)ရပ်တည်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ခရီးမ၌ရှင်း ထုတ်ချင်းမထွင်းသော လမ်းခရီး၌ရှင်း ခရီးလမ်းဆုံ၌ရှင်း ယောကျ်ားတယောက်နှင့်အတူ တယောက်ချင်းချင်း (နှစ်တောင့်ထွာ ဟတ္ထပါသ်၌)ရပ်တည်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ထေယျသတ္ထကသမုဋ္ဌာန်တည်း။ပ။

နံနက်အခါ၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ကာ နေရာ၌ ထိုင်၍ အိမ်ရှင်မတို့ကို မပန်ကြားပဲ ပြန်သွားသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ နံနက်အခါ၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ကာ နေရာ၌ထိုင်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ ပြန်သွားခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

နေလွှဲသောအခါ၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ကာ အိမ်ရှင်တို့ကို မပန်ကြားမူ၍ နေရာ၌ ထိုင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ နေလွှဲသောအခါ၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ကာ အိမ်ရှင်တို့ကို မပန်ကြားမူ၍ နေရာ၌ ထိုင်နေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



နေဝင်သော အခါ၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ကာ အိမ်ရှင်တို့ကို မပန်ကြားမူ၍ အိပ်ရာနေရာကို မိမိခင်း၍ရင်း သူတပါးကို ခင်းစေ၍ရင်း ထိုင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ နေဝင်သောအခါ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ကာ အိမ်ရှင်တို့ကို မပန်ကြားမူ၍ အိပ်ရာနေရာကို ခင်း၍ ထိုင်နေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

အယူအဆလွဲသဖြင့်ရင်း အထင်မှားခြင်းဖြင့်ရင်း (ပဋ္ဌင်းဖြစ်သော) သူတပါးကို ကဲ့ရဲ့သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ အယူအဆလွဲသဖြင့်ရင်း အထင်မှားခြင်းဖြင့်ရင်း (ပဋ္ဌင်းဖြစ်သော) သူတပါးကို ကဲ့ရဲ့ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

မိမိကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း မြတ်သော အကျင့်ဖြင့်ရင်း ကျိန်ဆဲသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမ၏ မိမိကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း မြတ်သောအကျင့်ဖြင့်ရင်း ကျိန်ဆဲခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



မိမိကိုယ်ကို ထု၍ ထု၍ ငိုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမ၏ မိမိကိုယ်ကို ထု၍ ထု၍ ငိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ခုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

နှစ်ခုမြောက် ရတ္တန္ဓကာရဝဂ် ပြီး၏။

---

## ၃-နဟာနဝဂ်

၂၂၀။ (အဝတ်မပါ)အချည်းနှီး ရေချိုးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ (အဝတ်မပါ)အချည်းနှီး ရေချိုးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဠကလောမသမုဋ္ဌာန်တည်း။ပ။

ပမာဏကိုလွန်သော ရေသနုပ်'ရေလဲ'ကို ပြုစေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ပမာဏကို လွန်သော ရေသနုပ်'ရေလဲ'တို့ကို ဆောင်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း မခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ရဟန်းမိန်းမ၏ သင်္ကန်းကို မိမိဖြေ၍ငင်း သူတပါးကို ဖြေစေ၍ငင်း မိမိလည်းမချုပ်၊ သူတပါးကို လည်း ချုပ်စိမ့်သောငှါ လုံ့လမပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ် တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာ ဘိက္ခုနီမ၏ ရဟန်းမိန်းမ၏ သင်္ကန်းကို မိမိဖြေ၍ငင်း သူတပါးကိုဖြေစေ၍ငင်း မိမိလည်း မချုပ်၊ သူတပါးကိုလည်း ချုပ်စိမ့်သောငှါ လုံ့လမပြုခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

သင်္ကန်း ငါးထည် လှည့်လည်၍ ဝတ်ခြင်း၌ ငါးရက်ကို လွန်စေသော ရဟန်းမိန်းမအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ရဟန်းမိန်းမတို့၏လက်၌ သင်္ကန်းကိုထား၍ သင်းပိုင်ကိုယ်ဝတ်နှင့် တကွ ဇနပုဒ်၌ များစွာသော ရဟန်းမိန်းမတို့ ဖဲသွားကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

(ငါးရက်ကိုမလွန်စေပဲ)ပြောင်းရွှေ၍ ဝတ်အပ်သော သင်္ကန်းကို ဆောင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ သင်္ကန်းကို မပန်ကြားပဲ တပါးသော ရဟန်းမိန်းမ၏ ရုံခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

ဂိုဏ်း၏သက်နီးလာဘ်ကို အန္တရာယ်ပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ဂိုဏ်း၏သက်နီးလာဘ်ကို အန္တရာယ်ပြုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တရားနှင့်လျော်သော သက်နီး ဝေဘန်ခြင်းကို တားမြစ်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ တရားနှင့်လျော်သော သက်နီးဝေဘန်ခြင်းကို တားမြစ်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

လူအားရင်း ပရိဗိုဇ်ယောကျ်ားအားရင်း ပရိဗိုဇ်မအားရင်း ရဟန်း၏သက်နီးကို ပေးစေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ လူအား ရဟန်း၏သက်နီးကိုပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



အားနည်းသော သက်န်း ရနိုးခြင်းဖြင့် သက်န်းကာလကိုလွန်စေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော် မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ အားနည်းသော သက်န်းရနိုးခြင်းဖြင့် သက်န်းကာလကို လွန်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တရားနှင့် လျော်သော ကထိန်နုတ်ခြင်းကို တားမြစ်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ တရားနှင့်လျော်သော ကထိန်နုတ်ခြင်းကို တားမြစ်ခြင်းအကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

သုံးခုမြောက် နဟာနဝဂ် ပြီး၏။

## ၄-တုဝဋ္ဋဝဂ်

၂၂၁။ ညောင်စောင်းတခုတည်း၌ အိပ်ကြကုန်သော ရဟန်းမိန်းမနှစ်ဦးတို့အား ပါစိတ်အာပတ် ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ညောင်စောင်းတခုတည်း၌ ရဟန်းမိန်းမနှစ်ဦးတို့ အိပ်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

တခင်း တရံတည်း အိပ်ကြသော ရဟန်းမိန်းမနှစ်ဦးတို့အား ပါစိတ်အာပတ်ကိုအဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ တခင်းတရံတည်း နှစ်ဦးတို့ အိပ်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

(မချမ်းသာစေလိုသော)စေတနာရှိသည်ဖြစ်၍ မချမ်းသာခြင်းကို ပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ရဟန်းမိန်းမအား (မချမ်းသာစေလိုသော)စေတနာရှိသည်ဖြစ်၍ မချမ်းသာခြင်းကို ပြုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

နာသော အတူနေတပည့်မကို မိမိလည်းမလုပ်ကျွေး၊ သူတပါးကိုလည်း လုပ်ကျွေးစေခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ နာသော အတူနေတပည့်မကို မိမိလည်း မလုပ်ကျွေးခြင်း၊ သူတပါးကို လုပ်ကျွေးစေခြင်းငှါ လုံ့လမပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



ရဟန်းမိန်းမအား (မိမိပိုင်) ကျောင်းကိုပေးပြီး၍ စိတ်ဆိုးကာ နှလုံးမသာယာသည်ဖြစ်၍ နှင်ထုတ်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ရဟန်းမိန်းမအား (မိမိပိုင်) ကျောင်းကိုပေးပြီး၍ စိတ်ဆိုးကာ နှလုံးမသာယာသည်ဖြစ်၍ နှင်ထုတ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆိုဆုံးမပါလျက် (အယူကို) မစွန့်သော (လူတို့နှင့်) ရောနှောသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမ၏ (လူတို့နှင့်) ရောနှော၍ နေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရှိသော တိုင်းပြည်အတွင်း၌ [၁] အဖော်ကုန်သည်မပါပဲ ဒေသစာရီ လှည့်လည်သွားလာသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့၏ ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရှိသော တိုင်းပြည်အတွင်း၌ အဖော်ကုန်သည်မပါပဲ ဒေသစာရီ လှည့်လည်သွားလာကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

---

၁-မိမိနေရာ တိုင်းနိုင်ငံအတွင်းကို အဝန္တရဋ္ဌ ဟု ခေါ်သည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ရွံရှာဖွယ် ရှိ၏ဟု သမုတ်အပ်သော ဘေးရှိသော တိုင်းတပါး၌ [၁] အဖော်ကုန်သည်မပါပဲ ဒေသစာရီ လှည့်လည်သွားလာသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရှိသော တိုင်းတပါး၌ အဖော်ကုန်သည်မပါပဲ ဒေသစာရီလှည့်လည်သွားလာခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ဝါတွင်း၌ ဒေသစာရီ လှည့်လည်သွားလာသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူတို့ အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ဝါတွင်း၌ ဒေသစာရီ လှည့်လည်သွားလာကြခြင်း အကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ဝါကျွတ်သော အခါ ဒေသစာရီ လှည့်လည်မသွားသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

---

၁-မိမိနေရာ တိုင်းနိုင်ငံမှ ထပါးသောတိုင်းနိုင်ငံကို ထိရောရဋ္ဌ ဟု ခေါ်သည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့၏ ဝါကျွတ်သောအခါ ဒေသစာရီ လှည့်လည် မသွားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း။ပ။

လေးခုမြောက် တုဝဂ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ်

၂၂၂။ မင်း၏(ကစားရာ)အိမ်ကိုင်း [၁] (ပန်းချီဆေးရေးစသည်ဖြင့်)ဆန်းကြယ်သော(ကစားရာ)စရပ် ကိုင်း [၂] (ကစားရာ)အရံ ကိုင်း [၃] (ကစားရာ)ဥယျာဉ် ကိုင်း [၄] (ကစားရာ)ရေကန် ကိုင်း ကြည့်ရှုခြင်းငှါ သွားသောရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူ အပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ မင်း၏(ကစားရာ)အိမ်ကိုင်း(ပန်းချီဆေးရေး စသည်ဖြင့်)ဆန်းကြယ်သော(ကစားရာ)စရပ်ကိုင်း ကြည့်ရှုခြင်းငှါ သွားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ပ။

အခြေရှည်သော ညောင်စောင်းအင်းပျဉ်ကိုင်း သားရဲရုပ်အခြေရှိသော ပလ္လင်ကိုင်း သုံးဆောင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်

---

၁-ရှင်ဘုရင်များ ပျော်ပါးကစားရန်အတွက် သီးခြားဆောက်လုပ်ထားအပ်သောအိမ်တော်ကို (ရာဇာဂါရ) မင်း၏ကစားရာအိမ်ဟု ခေါ်၏။

၂-တိုင်းပြည်လူထု ပျော်ပါးကစားရန် ထိုထိုအရပ်၌ ဆောက်လုပ်ထားအပ်သောစရပ်ကို (စိတ္တာဂါရ)ဟု ခေါ်၏။

၃-တိုင်းပြည်လူထု ပျော်ပါးကစားရန် မြို့တွင်း၌ထားအပ်သော အရံခြံကြီးကို (အာရာမ)ဟု ခေါ်၏။

၄-တိုင်းပြည်လူထုအတွက် ပျော်ပါးကစားရန် ထားအပ်သောဥယျာဉ်ကို (ဥယျာန)ဟု ခေါ်၏။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ အခြေရှည်သော ညောင်စောင်းအင်းပျဉ်ကိုရင်း သားရဲရုပ်အခြေရှိသော ပလ္လင်ကိုရင်း သုံးဆောင်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ချည်ကိုငင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ချည်ငင်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ဌေကလောမသမုဋ္ဌာန်တည်း။ပ။

လူတို့၏ အမှုကြီးငယ်ကိုပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ လူတို့၏အမှုကြီးငယ်ကို ပြုကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ရဟန်းမိန်းမက "သျှင်မ လာလော့၊ ဤအဓိကရုဏ်းကို ငြိမ်းစေပါလော့"ဟု ဆိုအပ်သောအခါ ကောင်းပါပြီဟု ဝန်ခံ၍ မိမိကိုယ်တိုင်လည်းမငြိမ်းစေ၊ ငြိမ်းစေခြင်းငှါလည်း လုံ့လမပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ရဟန်းမိန်းမက "သျှင်မ လာလော့၊ ဤအဓိကရုဏ်းကို ငြိမ်းစေပါလော့" ဟု ဆိုအပ်သောအခါ ကောင်းပါပြီဟုဝန်ခံ၍ မိမိကိုယ်တိုင်လည်း မငြိမ်းစေ၊ သူတပါးကိုလည်း ငြိမ်းစေခြင်းငှါ လုံ့လမပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

လူအားရင်း ပရိဗိုဇ်ယောကျ်ားအားရင်း ပရိဗိုဇ်မိန်းမအားရင်း မိမိလက်ဖြင့် ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း ပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ လူအား မိမိလက်ဖြင့် ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း ပေးခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဧဠကလောမသမုဋ္ဌာန်တည်း။ပ။

ဥတုနီးသင်္ကန်းကို မစွန့်မူ၍ သုံးဆောင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ဥတုနီးသင်္ကန်းကို မစွန့်မူ၍ သုံးဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

တခါးဖွဲ့ရှိသော ကျောင်းကို မစွန့်မူ၍ (ဒေသစာရီ)လှည့်လည်သွားလာသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ တံခါးဖွင့်ရှိသော ကျောင်းကို မစွန့်မူ၍ ဒေသစာရီ လှည့်လည်သွားလာခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

မင်္ဂလာဖိုလ်မှ ဗီလာဖြစ်သော အတတ်ကို သင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ မင်္ဂလာဖိုလ်မှ ဗီလာဖြစ်သော အတတ်ကို သင်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ပဒသောဓမ္မသမုဋ္ဌာန်တည်း။ပ။

မင်္ဂလာဖိုလ်မှ ဗီလာဖြစ်သော အတတ်ကို ပို့ချသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ မင်္ဂလာဖိုလ်မှ ဗီလာဖြစ်သော အတတ်ကို ပို့ချခြင်း အကြောင်းတို့ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ပဒသောဓမ္မသမုဋ္ဌာန်တည်း။ပ။

ငါးခုမြောက် စိတ္တာဂါရဝဂ် ပြီး၏။

---

## ၆-အာရာမဝဂ်

၂၂၃။ သိပါလျက် ရဟန်းယောကျ်ားရှိသော အရံသို့ မပန်ကြားပဲ ဝင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့၏ အရံသို့ မပန်ကြားပဲ ဝင်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် နှစ်ပါး ရှိကုန်၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ခုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

ရဟန်းယောကျ်ားကို ဆဲရေးတိုင်းထွာသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ အသျှင်ဥပါလိကို ဆဲရေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ကြမ်းတမ်းယုတ်မာသဖြင့် ရဟန်းမိန်းမ သံဃာကို ရေရွတ်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ကြမ်းတမ်းယုတ်မာသဖြင့် ရဟန်းမိန်းမသံဃာကို ရေရွတ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ) ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ပင့်ဖိတ်အပ်သည်ဖြစ်လျက်ငင်း ပဝါရိတ်သင့်သည်ဖြစ်လျက်ငင်း ခဲဖွယ်ကိုငင်း ဘောဇဉ်ကိုငင်း အရပ်တပါး၌ စားသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ဆွမ်းစားကြစဉ် ပဝါရိတ်သင့်ကြကုန်လျက် အရပ်တပါး၌ (ခဲဖွယ်ဘောဇဉ်ကို)စားကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

အမျိုးဒါယကာကို ဝန်တိုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသောရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ အမျိုးဒါယကာကို ဝန်တိုခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ ။

ရဟန်းယောကျ်ားမရှိသော ကျောင်း၌ မိုးလေးလပတ်လုံးနေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ရဟန်းယောကျ်ားမရှိသောကျောင်း၌ မိုးလေးလပတ်လုံး နေကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ဝါကျွတ်ပြီးလျက် ဥဘတောသံဃာ၌ (မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း တည်းဟူသော) သုံးပါးသော အကြောင်းတို့ဖြင့် မဖိတ်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ဝါကျွတ်ပြီးလျက် ရဟန်းယောကျ်ားသံဃာကို (မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း တည်းဟူသော) သုံးပါးသော အကြောင်းတို့ဖြင့် မဖိတ်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

ဂရုဓံတရား ရှစ်ပါးကို နာခြင်းငှါလည်း ဥပုသ်ပဝါရဏာ မေးခြင်းငှါလည်း မသွားသော ရဟန်းမိန်းမ အား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သက္ကတိုင်းတို့၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ဩဝါဒကို ခံယူရန် မသွားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူ အပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း။ပ။

ဥပုသ်ကိုလည်းမမေး၊ ဩဝါဒကိုလည်း မတောင်းသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ဥပုသ်ကိုလည်း မမေးကြခြင်း၊ ဩဝါဒကိုလည်း မတောင်းကြ ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

ခက်မ၌ ပေါက်ရောက်သော အိုင်းအနာကိုလည်း အမာကိုလည်း သံဃာကိုလည်း ဂိုဏ်းကိုလည်း မပြော ကြားမူ၍ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ခွဲစေ ဖောက်စေသော ရဟန်းမိန်းမအား ပါစိတ် အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ ခက်မဥ္စ ပေါက်သောအိုင်းအနာကို ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ခွဲခဲစေဖောက်စေခြင်း အကြောင်းတို့ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

ခြောက်ခုမြောက် အာရာမဝဂ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ်

၂၂၄။ ကိုယ်ဝန်ဆောင် မိန်းမကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့၏ ကိုယ်ဝန်ဆောင် မိန်းမကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

နို့တိုက်သော မိန်းမကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ နို့တိုက်သော မိန်းမကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



နှစ်နှစ်တို့ပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို မကျင့်ရသေးသော သိက္ခမာန်မအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို မကျင့်ရသေးသော သိက္ခမာန်မအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

နှစ်နှစ်တို့ ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံ ပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ နှစ်နှစ်တို့ ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့ဘွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

အသက်တဆယ့်နှစ်နှစ်မပြည့်သေးသော ယောကျ်ားသွားလာဘူးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ အသက်တဆယ့်နှစ်နှစ်မပြည့်သေးသော ယောကျ်ားသွားလာဘူးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

အသက်တဆယ့်နှစ်နှစ်ပြည့်ပြီးသော ယောကျ်ားသွားလာဘူးသော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို မကျင့်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ အသက်တဆယ့်နှစ်နှစ် ပြည့်ပြီးသော ယောကျ်ားသွားလာဘူးသော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကိုမကျင့်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

အသက်တဆယ့်နှစ်နှစ်ပြည့်ပြီးသော ယောကျ်ားသွားလာဘူးသော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ အသက်တဆယ့်နှစ်နှစ်ပြည့်ပြီးသော ယောကျ်ားသွားလာဘူးသော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



အတူနေတပည့်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးလျှင် နှစ်နှစ်တို့ကာလပတ်လုံး မိမိလည်းမချီးမြှောက် သူတပါးကိုလည်း မချီးမြှောက်စေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ အတူနေတပည့်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးလျှင် နှစ်နှစ်တို့ကာလပတ်လုံး မိမိလည်းမချီးမြှောက်ခြင်း၊ သူတပါးကိုလည်း မချီးမြှောက်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပ သမုဋ္ဌာန်တည်း။ပ။

ပဉ္စင်းခံသော ဥပဇ္ဈာယ်မကို နှစ်နှစ်တို့ကာလပတ်လုံး လိုက်၍ မလုပ်ကျွေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသောရဟန်းမိန်းမတို့၏ ပဉ္စင်းခံသော ဥပဇ္ဈာယ်မကို နှစ်နှစ်တို့ကာလပတ်လုံး လိုက်၍ မလုပ်ကျွေးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ပဌမပါရာဇိကသမုဋ္ဌာန်တည်း။ပ။

အတူနေတပည့်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပြီးလျှင် မိမိလည်းခေါ်၍ မသွား၊ သူတပါးကိုလည်း ခေါ်၍မသွားစေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ အတူနေတပည့်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးလျှင် မိမိလည်းခေါ်၍ မသွားခြင်း၊ သူတပါးကိုလည်း ခေါ်၍ မသွားစေခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

**ခုနစ်ခုမြောက် ဂဗ္ဘိနီဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၈-ကုမာရိဘူတဝဂ်

၂၂၅။ အသက်နှစ်ဆယ်မပြည့်သေးသော သတို့သမီးဖြစ်သော သာမဏေမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ အသက်နှစ်ဆယ် မပြည့်သေးသော သတို့သမီးဖြစ်သော သာမဏေမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို မကျင့်ရသေးသော သတို့သမီးဖြစ်သော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို မကျင့်ရသေးသော သတို့သမီးဖြစ်သော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သတို့သမီးဖြစ်သော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ အသက်နှစ်ဆယ်ပြည့်သော ခြောက်ပါးသောတရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သတို့သမီးဖြစ်သော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တဆယ့်နှစ်ဝါမပြည့်မဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသောရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ တဆယ့်နှစ်ဝါမပြည့်ပဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တဆယ့်နှစ်ဝါပြည့်သည်ဖြစ်၍ သံဃာက မသမုတ်အပ်ပဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ တဆယ့်နှစ်ဝါပြည့်သည်ဖြစ်၍ သံဃာက မသမုတ်အပ်ပဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဒုတိယပါရာဇိက သမုဋ္ဌာန်တည်း။ပ။

"သျှင်မ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသဖြင့် သင့်အား မတော်သေးပါ"ဟု ဆိုအပ်သည်ရှိသော် ကောင်းပြီဟူ၍ ဝန်ခံပြီးလျှင် နောက်မှ ရှုတ်ချခြင်းသဘောသို့ ရောက်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

http://www.dhammadownload.com



စဏ္ဍကာဠီဘိက္ခုနီမ၏ “သျှင်မ သင့်အား ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးသဖြင့် မတော်သေး”ဤသို့ ဆိုအပ်သည်ရှိသော် ကောင်းပြီဟူ၍ ဝန်ခံပြီးလျှင် နောက်မှ ရှုတ်ချခြင်း သဘောသို့ ရောက်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

သိက္ခမာန်မကို “သျှင်မ သင်သည် ငါ့အား သင်္ကန်းပေးလျှင် သင့်ကို ငါဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံ ပေးအံ့”ဟုဆို၍ မိမိလည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံမပေး၊ သူတပါးကိုလည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံ ပေးစေခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူ အပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ သိက္ခမာန်မကို “သျှင်မ သင်သည် ငါ့အား သင်္ကန်းကို ပေးလျှင် သင့်ကို ငါဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးအံ့”ဟု ဆို၍ မိမိလည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံမပေးခြင်း၊ သူတပါးကို လည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးစေခြင်းငှါ လုံ့လမပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ် ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

သိက္ခမာန်မကို “သျှင်မ သင်သည် ငါ့ကို နှစ်နှစ်တို့ကာလပတ်လုံး လိုက်၍ လုပ်ကျွေးလျှင် သင့်ကို ငါဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးအံ့”ဟု ဆို၍ မိမိလည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံမပေး၊ သူတပါး ကိုလည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးစေခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ သိက္ခမာန်မကို “သျှင်မ သင်သည် ငါ့ကို နှစ်နှစ်တို့ ကာလပတ်လုံး လိုက်၍ လုပ်ကျွေးလျှင် သင့်ကို ငါဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးအံ့” ဟု ဆို၍ မိမိလည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံမပေးခြင်း၊ သူတပါးကိုလည်း ဥပဇ္ဈာယ်ပြု၍ ပဋ္ဌင်းခံပေးစေခြင်းငှါ လုံ့လမပြုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



(အသက်နှစ်ဆယ် ပြည့်ပြီးသော)ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသည့်ပြင် (ယောကျ်ားတို့၏အတွက်)သောကဝင်လျက်ရှိသော ကြမ်းတမ်းသော သိက္ခမာန်မကို ဥပဋ္ဌာယ်ပြု၍ ပဋ္ဌင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသည့်ပြင် (ယောကျ်ားတို့အတွက်)သောကဝင်လျက်ရှိသော ကြမ်းတမ်းသော သိက္ခမာန်မကို ဥပဋ္ဌာယ်ပြု၍ ပဋ္ဌင်းခံပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

အမိအဖတို့ကရင်း လင်ယောကျ်ားကရင်း ခွင့်မပြုအပ်သော သိက္ခမာန်မကို ဥပဋ္ဌာယ်ပြု၍ ပဋ္ဌင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ အမိအဖတို့ကရင်း လင်ယောကျ်ားကရင်း ခွင့်မပြုအပ်သော သိက္ခမာန်မကို ဥပဋ္ဌာယ်ပြု၍ ပဋ္ဌင်းခံပေးကြသော အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။

ရံခါ နှုတ်ကြောင့်ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်၊ စိတ်ကြောင့်မဖြစ်။

ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့်မဖြစ်။

ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။

ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

သီးလေပြီးသော ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်မကို ဥပဋ္ဌာယ်ပြု၍ ပဋ္ဌင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ သိုးလေပြီးသော ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

နှစ်စဉ်နှစ်တိုင်း ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ နှစ်စဉ်နှစ်တိုင်း ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြခြင်း အကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တနှစ်တည်း၌ နှစ်ယောက်သော သိက္ခမာန်မတို့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်း မိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ တနှစ်တည်း၌ နှစ်ယောက်သော သိက္ခမာန်မတို့ကို ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံပေးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ရှစ်ခုမြောက် ကုမာရိဘူတဝဂ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ်

၂၂၆။ ထီးဘိနပ်(အစုံ)ကို ဆောင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ထီး ဘိနပ် (အစုံ)ကို ဆောင်ကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ယာဉ်ဖြင့် သွားသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ယာဉ်ဖြင့် သွားလာကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါး ရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ခါးဝတ်တန်ဆာကို ဆောင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ ခါးဝတ်တန်ဆာကို ဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဋ္ဌေကလောမသမုဋ္ဌာန်တည်း။ပ။

မိန်းမတို့၏ အဆင်တန်ဆာကို ဆောင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ မိန်းမ (ဦးခေါင်းတန်ဆာစသော) အဆင်တန်ဆာကို ဆောင်ကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

နံ့သာ နံ့သာပျောင်းဖြင့် ရေချိုးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ နံ့သာ နံ့သာပျောင်းဖြင့် ရေချိုးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

နံ့သာဖြင့် ထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ရေချိုးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ နံ့သာဖြင့် ထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ရေချိုးကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

ရဟန်းမိန်းမကို ပွတ်သပ်ဆုပ်နယ်စေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ရဟန်းမိန်းမကို ပွတ်သပ်ဆုတ်နယ်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

သိက္ခမာန်မကို ပွတ်သပ်ဆုပ်နယ်စေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ သိက္ခမာန်မကို ပွတ်သပ်ဆုပ်နယ်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

သာမဏေမကို ပွတ်သပ်ဆုပ်နယ်စေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ သာမဏေမကို ပွတ်သပ်ဆုပ်နယ်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဌေကလောမသမုဋ္ဌာန်တည်း။ပ။

လူမိန်းမကို ပွတ်သပ်ဆုပ်နယ်စေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ လူမိန်းမကို ပွတ်သပ်ဆုပ်နယ်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဥက္ကလောမသမုဋ္ဌာန်တည်း။ပ။

ရဟန်းယောကျ်ား၏ ရှေ့မှ မပန်ကြားပဲ နေရာ၌ ထိုင်နေသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့၏ ရဟန်းယောကျ်ား၏ ရှေ့မှ မပန်ကြားပဲ ထိုင်နေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ကထိနသမုဋ္ဌာန်တည်း။ပ။

ခွင့်မတောင်းပဲ ရဟန်းယောကျ်ားကို အမေးပုစ္ဆာ(ပြဿနာ)ကို မေးသော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာသော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့၏ ခွင့်မတောင်းပဲ ရဟန်းယောကျ်ားကို အမေးပုစ္ဆာ (ပြဿနာ)မေးကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပဒသောဓမ္မသမုဋ္ဌာန်တည်း။ပ။

ရင်လျှမ်းတဘက်မပါပဲ ရွာသို့ ဝင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ ရင်လျှမ်းတဘက်မပါပဲ ရွာသို့ ဝင်ခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ စိတ်ကြောင့် မဖြစ်။

ရံခါ ကိုယ်ကြောင့်ငှင်း စိတ်ကြောင့်ငှင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

ကိုးခုမြောက် ဆတ္တုပါဟနဝဂ် ပြီး၏။

ဝဂ်ယပ်ကိုးခု ပြီး၏။

ထိုဝဂ်ယပ်ကိုးခု၏ အကျဉ်းချုပ်—

လသုဏသိက္ခာပုဒ်၊ လောမသံဟရသိက္ခာပုဒ်၊ တလဃာတကသိက္ခာပုဒ်၊ ဇတုမဋ္ဌက သိက္ခာပုဒ်၊ ဥဒကသုဒ္ဓိကာဒိယနသိက္ခာပုဒ်၊ ဘုဥ္ဇန္တသိက္ခာပုဒ်၊ အာမကဓညသိက္ခာပုဒ်၊ နှစ်ပါး ကုန်သော ပဌမဝိဃာသသိက္ခာပုဒ်၊ ဒုတိယဝိဃာသသိက္ခာပုဒ်၊ ဒဿနာဟူသောပုဒ်ဖြင့် မှတ်အပ်သော ဂိရဂ္ဂသမဇ္ဇသိက္ခာပုဒ်။

ရတ္တန္ဓကာရသိက္ခာပုဒ်၊ ပဋိစ္ဆန္နသိက္ခာပုဒ်၊ အဇ္ဈောကာသသိက္ခာပုဒ်၊ ရထိကသိက္ခာပုဒ်၊ ပုရေဘတ္တသိက္ခာပုဒ်၊ ပစ္ဆာဘတ္တသိက္ခာပုဒ်၊ ဝိကာလသိက္ခာပုဒ်၊ ဒုဂ္ဂဟိတ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ပရံ ဥဇ္ဈာပန သိက္ခာပုဒ်၊ နိရယေနသဒ္ဒါဖြင့် မှတ်အပ်သော အဘိသပန သိက္ခာပုဒ်၊ ဝဓိတွာရောဒနသိက္ခာပုဒ်။

နဂ္ဂသိက္ခာပုဒ်၊ ဥဒကသာဋိကသိက္ခာပုဒ်၊ ဝိသိဗ္ဗေတွာ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော စီဝရသိဗ္ဗနသိက္ခာပုဒ်၊ ပဥ္စာဟိကသိက္ခာပုဒ်၊ စီဝရသင်္ကမနီယသိက္ခာပုဒ်၊ ဂဏစီဝရလာဘ သိက္ခာပုဒ်၊ စီဝရဝိဘင်္ဂသိက္ခာပုဒ်၊ သမဏစီဝရဒါနသိက္ခာပုဒ်၊ ဒုဗ္ဗလစီဝရပစ္စာသာ သိက္ခာပုဒ်၊ ကထိနုဒ္ဓါရသိက္ခာပုဒ်။

ဧကမဥ္စဟူသောပုဒ်ဖြင့် မှတ်အပ်သော ပဌမတုဝဋ္ဋသိက္ခာပုဒ်၊ အတ္ထရဏဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယတုဝဋ္ဋသိက္ခာပုဒ်၊ သဥ္စိစ္စ ဟူသောသဒ္ဒါဖြင့် မှတ်အပ်သော အဖာသုကရဏ သိက္ခာပုဒ်၊ ဒုက္ခိတသဟဇီဝိနီသိက္ခာပုဒ်၊ ဒတွာ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ဥပဿယဒါန သိက္ခာပုဒ်၊ သံသဋ္ဌသိက္ခာပုဒ်၊ အန္တောရဋ္ဌသိက္ခာပုဒ်၊ တိရောရဋ္ဌသိက္ခာပုဒ်၊ အန္တောဝဿ သိက္ခာပုဒ်၊ နပက္ကမနသိက္ခာပုဒ်။

ရာဇ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော စိတ္တာဂါရသိက္ခာပုဒ်၊ အာသန္ဒိသိက္ခာပုဒ်၊ သုတ္တကန္တန သိက္ခာပုဒ်၊ ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်၊ ဝူပသမနသိက္ခာပုဒ်၊ ဒါနကြိယာဖြင့် မှတ်အပ်သော အာဂါရိကသိက္ခာပုဒ်၊ ပဌမအာဝသထသိက္ခာပုဒ်၊ ဒုတိယအာဝသထသိက္ခာပုဒ်၊ ပရိယာပုဏန သိက္ခာပုဒ်၊ ဝါမနသိက္ခာပုဒ်။

အာရာမသိက္ခာပုဒ်၊ အက္ကောသနသိက္ခာပုဒ်၊ စဏ္ဍီကတာသိက္ခာပုဒ်၊အညတြဘုဥ္ဇနသိက္ခာပုဒ်၊ ကုလမစ္ဆရိသိက္ခာပုဒ်၊ အဘိက္ခုကာဝါသသိက္ခာပုဒ်၊ နပ္ပဝါရဏသိက္ခာပုဒ်၊ ဩဝါဒ သိက္ခာပုဒ်၊ ဒွေဓမ္မသိက္ခာပုဒ်၊ ပသာခသိက္ခာပုဒ်။

http://www.dhammadownload.com



ဂဗ္ဘိနီသိက္ခာပုဒ်၊ ပါယန္တီသိက္ခာပုဒ်၊ ဆသုဓမ္မေသု ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ဒွေဝဿသိက္ခာပုဒ်၊ သံဃေနအသမ္မတသိက္ခာပုဒ်၊ ဦနဒွါဒသဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ပဌမဂိဟိဂတသိက္ခာပုဒ်၊ ပရိပုဏ္ဏသဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယဂိဟိဂတသိက္ခာပုဒ်၊ သံဃေန ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော တတိယဂိဟိဂတသိက္ခာပုဒ်၊ ပဌမသဟဇီဝိနီသိက္ခာပုဒ်၊ ဝုဋ္ဌာပိတသိက္ခာပုဒ်၊ ဆပဉ္စဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယသဟဇီဝိနီသိက္ခာပုဒ်။

နှစ်ပါးကုန်သော ပဌမကုမာရိဘူတသိက္ခာပုဒ်၊ ဒုတိယကုမာရိဘူတသိက္ခာပုဒ်၊ သံဃေန ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော တတိယကုမာရိဘူတသိက္ခာပုဒ်၊ ဦနဒွါဒသဝဿဝုဋ္ဌာပန သိက္ခာပုဒ်၊ အသမ္မတ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ပရိပုဏ္ဏဝဿဝုဋ္ဌာပနသိက္ခာပုဒ်၊ အလံတာဝသိက္ခာပုဒ်၊ သစေဟူသော သဒ္ဒါဖြင့် မှတ်အပ်သော စီဝရသိက္ခာပုဒ်၊ ဒွေဝဿ သိက္ခာပုဒ်၊ ပုရိသသံသဋ္ဌသိက္ခာပုဒ်၊ သာမိကေန ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော အနနုညာတ သိက္ခာပုဒ်၊ ပါရိဝါသိကဆန္ဒဒါနသိက္ခာပုဒ်၊ အနုဝဿဝုဋ္ဌာပနသိက္ခာပုဒ်၊ ဒွေဝုဋ္ဌာပနသိက္ခာပုဒ်။

ဆတ္တုပါဟနသိက္ခာပုဒ်၊ ယာနသိက္ခာပုဒ်၊ သံဃာဏိသိက္ခာပုဒ်၊ ဣတ္ထာလင်္ကာရသိက္ခာပုဒ်၊ ဂန္ဓဝဏ္ဏကသိက္ခာပုဒ်၊ ဝါသိတပိညာကသိက္ခာပုဒ်၊ ဘိက္ခုနီဥမ္မဒ္ဒနသိက္ခာပုဒ်၊ သိက္ခမာနဥမ္မဒ္ဒန သိက္ခာပုဒ်၊ သာမဏေရီဥမ္မဒ္ဒနသိက္ခာပုဒ်၊ ဂိဟိနီဥမ္မဒ္ဒနသိက္ခာပုဒ်၊ ဘိက္ခုဿပုရတော သိက္ခာပုဒ်၊ အနောကာသကတပဉှသိက္ခာပုဒ်၊ အသံကစ္စိကသိက္ခာပုဒ်။

ဤကား အကျဉ်းချုပ်တည်း။

ထိုဝဂ်တို့၏ အကျဉ်းချုပ်—

လသုဏဝဂ်၊ အန္ဓကာရဝဂ်၊ နှာနဝဂ်၊[၁] တုဝဋ္ဋဝဂ်၊စိတ္တာဂါရဝဂ်၊ အာရာမဝဂ်၊ ဂဗ္ဘိနီဝဂ်၊ ကုမာရိဘူတဝဂ်၊ ဆတ္တုပါဟနဝဂ်၊[၂] ဤကား အကျဉ်းချုပ်တည်း။

---

## ၅-ပါဋိဒေသနီအာပတ်များ

၂၂၇။ ထောပတ်ကို တောင်း၍ စားသော ရဟန်းမိန်းမအား ပါဋိဒေသနီအာပတ်ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော် မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ထောပတ်ကို တောင်း၍ စားခြင်း အကြောင်းကြောင့် ပညတ် တော်မူအပ်ပါသည်။

---

၁။ နဂ္ဂဝဂ်ဟုလည်း အမည်ပေး၏။ ၂။ ဆတ္တဝဂ်ဟုလည်း အမည်ပေး၏။ (ကင်္ခါအဋ္ဌကထာ)

http://www.dhammadownload.com



(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့်ဖြစ်၏။ပ။

ဆီကိုတောင်း၍ စားသော ရဟန်းမိန်းမအား ပါဠိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော် မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ဆီကိုတောင်း၍ စားကြခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ပျားရည်ကို တောင်း၍ စားသော ရဟန်းမိန်းမအား ပါဠိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော် မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီ ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ပျားရည်ကို တောင်း၍ စားကြခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

တင်လဲကို တောင်း၍ စားသော ရဟန်းမိန်းမအား ပါဠိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော် မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ တင်လဲကို တောင်း၍ စားကြခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



ငါးကိုတောင်း၍ စားသော ရဟန်းမိန်းမအား ပါဋိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ငါးကို တောင်း၍ စားကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်ဘပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသောအကြောင်းတို့ကြောင့် ဖြစ်၏။ပ။

အမဲသားကို တောင်း၍ စားသော ရဟန်းမိန်းမအား ပါဋိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညာတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညာတ်တော် မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ အမဲသားကို တောင်း၍ စားကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်ဘပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

နို့ရည်ကို တောင်း၍ သုံးဆောင်သော ရဟန်းမိန်းမအား ပါဋိဒေသနီ အာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ နို့ရည်ကို တောင်း၍ သုံးဆောင်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

နို့ဓမ်းကို တောင်း၍ စားသော ရဟန်းမိန်းမအား ပါဋိဒေသနီအာပတ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ နို့ဓမ်းကို တောင်း၍ စားခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ စိတ်ကြောင့် မဖြစ်။

ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။

ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။ပ။

ပါဋိဒေသနီ အာပတ်ရှစ်ပါး ပြီး၏။

ထိုပါဋိဒေသနီအာပတ်၏ အကျဉ်းချုပ်—

ထောပတ်ကိုလည်းကောင်း ဆီကိုလည်းကောင်း ပျားရည်ကိုလည်းကောင်း တင်လဲကိုလည်းကောင်း ငါးကိုလည်းကောင်း အသားကိုလည်းကောင်း နို့ရည်ကိုလည်းကောင်း နို့ဓမ်းကိုလည်းကောင်း တောင်း၍(စားသော)ရဟန်းမိန်းမအား ရှစ်ပါးကုန်သော ပါဋိဒေသနီအာပတ်တို့ကို မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဟောတော်မူအပ်ကုန်၏။

ဤကား အကျဉ်းချုပ် အပြီးတည်း။

အကြင်သိက္ခာပုဒ်တို့ကို ဘိက္ခုဝိဘင်း၌ (မြတ်စွာဘုရားသည်)အကျယ်ချဲ့အပ်ကုန်၏၊ ထိုသိက္ခာပုဒ်တို့ကို ဘိက္ခုနီဝိဘင်းပါဠိတော်၌ အကျဉ်းချုံး၍ (မြတ်စွာဘုရားသည် ဟောအပ်ကုန်၏)။

ရှေးဦးစွာသော ကတ္ထပညတ္တိဝါရသည် ပြီး၏။

---

## ၂-ကတာပတ္တိဝါရ

## ၁-ပါရာဇိကအာပတ်

၂၂၈။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

http://www.dhammadownload.com



(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ညှပ်ရိုးနှစ်ဖက်၏အောက် ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အထက်၌ ကိုင်ခြင်းကို သာယာအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

ညှပ်ရိုး နှစ်ဖက်၏အထက် ပုဆစ် ဒူးဝန်းနှစ်ဖက်၏ အောက်၌ ကိုင်ခြင်းကို သာယာအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ကိုယ်နှင့် စပ်သော အရာဝတ္ထု၌ ကိုင်ခြင်းကို သာယာအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက် နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမသည် ဤသုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

အပြစ်'အာပတ်'ကို ဖုံးလွှမ်းသော ဝဇ္ဇပဋိစ္ဆာဒိက မည်သော ရဟန်းမိန်းမသည် အဘယ်မျှ လောက်သော အာပတ်တို့သို့ ရောက်သနည်း။

အပြစ်'အာပတ်'ကို ဖုံးလွှမ်းသော ဝဇ္ဇပဋိစ္ဆာဒိက မည်သော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

သိလျက် ပါရာဇိက အာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

ယုံမှားရှိသည်ဖြစ်၍ (ပါရာဇိကအာပတ်ကို) ဖုံးလွှမ်းအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏။

အကျင့် ပျက်စီးခြင်း'အာစာရဝိပတ္တိ'ကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အပြစ် 'အာပတ်'ကို ဖုံးလွှမ်းသော ဝဇ္ဇပဋိစ္ဆာဒိက မည်သော ရဟန်းမိန်းမသည် ဤသုံးပါး သော အာပတ်တို့သို့ ရောက်၏။

သုံးကြိမ်တိုင်အောင်(ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက်(အယူကို)မစွန့်သော ဥက္ခိတ္တာနုဝတ္တိက မည်သော ရဟန်းမိန်းမသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

သုံးကြိမ်တိုင်အောင်(ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက်(အယူကို)မစွန့်သော ဥက္ခိတ္တာနုဝတ္တိက မည်သော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ရောက်၏။

ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ ပါရာဇိကအာပတ်သို့ရောက်၏။

သုံးကြိမ်တိုင်အောင်(ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်သော ဥက္ခိတ္တာနုဝတ္တိက မည်သော ရဟန်းမိန်းမသည် ဤသုံးပါးသော အာပတ်တို့သို့ ရောက်၏။

ရှစ်ခုမြောက်သောဝတ္ထု 'အဋ္ဌမဝတ္ထု'ကို ပြည့်စေသော ရဟန်းမိန်းမသည် အဘယ်မျှလောက် ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေသော ရဟန်းမိန်းမသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

ယောကျ်ားက "ဤမည်သော အရပ်သို့ လာခဲ့လော့"ဟု ဆိုအပ်သည် ဖြစ်၍ သွားအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



(မှာထားသော) ယောကျ်ားဏ် နှစ်တောင့်ထွာ 'ဟတ္ထပါသ်'အတွင်းသို့ သက်ဝင်ကာမျှ 'ရောက်ကာမျှ'၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေသော ရဟန်းမိန်းမသည် ဤသုံးပါးသော အာပတ်တို့သို့ ရောက်၏။

ပါရာဇိကအာပတ် ပြီး၏။

---

## ၂-သံဃာဒိသိသ် အာပတ်များ

၂၂၉။ တရားတွေ့သော ဉဿယဝါဒိက မည်သော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

တယောက်သော သူအား ပြောကြားအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

နှစ်ယောက်မြောက်သော သူအား ပြောကြားအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏။

တရားတွေ့သည်၏အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ရောက်၏။

အဖော်မပါ တယောက်တည်း ရွာတပါးသို့ သွားသော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ရောက်၏။

သွားအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ပဌမဖဝါးလှမ်းကို (ရွာအပိုင်းအခြား) အရံအတား ကို လွန်စေအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ဒုတိယဖဝါးလှမ်းကို လွန်စေအံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ဟုတ်မှန်သော (မြတ်စွာဘုရား၏)ဝိနည်းဖြင့် မြတ်စွာဘုရား၏ (ဉတ္တိစတုတ္ထကမ္မဝါစာ)အဆုံး အမတော်ဖြင့် ညီညွတ်သော သံဃာက နှင်ထုတ်ထားသော ရဟန်းမိန်းမကို အမှုဆောင်သံဃာ 'ကာရကသံဃာ' ကို မပြောကြားပဲ ဂိုဏ်း၏ အလိုကိုမသိပဲ (သံဃာဘောင်သို့) သွင်းသော ရဟန်း မိန်းမသည် သုံးပါးသော အာပတ်တို့သို့ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏၊ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ လက်မှ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း မိမိလက်ဖြင့် ခံယူ၍ စားသော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ခဲအုံ့ စားအံ့ဟု ခံယူအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏၊ မျိုတိုင်းမျိုတိုင်း သံဃာဒိသိသ် အာပတ်သို့ ရောက်၏၊ ရေဒန်ပူကို ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

"သျှင်မ အကြင့်ကြောင့် သင်သည် (ကိလေသာ)မစိုစွတ်၊ ထိုကြောင့် ကိလေသာစိုစွတ်သည် ဖြစ်စေ (ကိလေသာ)မစိုစွတ်သည် ဖြစ်စေ၊ ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် သင့်အား အသို ပြုလတ္တံ့နည်း၊ သျှင်မ တိုက်တွန်းပါ၏၊ ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် သင့်အား အကြင် ခဲဖွယ်ကိုရင်း အကြင်ဘောဇဉ်ကိုရင်း ပေးအံ့၊ သင်သည် ထိုခဲဖွယ်ကိုရင်း ထိုဘောဇဉ်ကိုရင်း မိမိ လက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲလော့၊ စားမူလည်း စားလော့"ဟု တိုက်တွန်းသော ရဟန်း မိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ထို(တိုက်တွန်းသော) ရဟန်းမိန်းမ၏ ပြောဆိုခြင်းဖြင့် ခဲအံ့ စားအံ့ ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မျိုတိုင်းမျိုတိုင်း ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

စားသည်၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ရောက်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်သော အမျက်ထွက် သော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

တစုံတခုသောလျှင် ဖြစ်သော အဓိကရုဏ်း၌ ရှုံးသည်ဖြစ်၍ သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာ ဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်သော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်ကြသော လူတို့နှင့် ရောနှောသော ရဟန်းမိန်းမတို့သည် သုံးပါးသော အာပတ်တို့သို့ ရောက်ကုန်၏။

ဉတ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာနှစ်ကြိမ်တို့၏အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ရောက်၏၊ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

"သျှင်မတို့ သင်တို့သည် လူတို့နှင့်ရောနှောကုန်သည်ဖြစ်၍သာ နေကြကုန်လော့၊ သင်တို့သည် အသီးအခြား မနေကြကုန်လင့်" ဟု တိုက်တွန်းသည် ဖြစ်၍ သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်သော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

**သံဃာဒိသိသ် ပြီး၏။**

http://www.dhammadownload.com



## ၃-နိဿဂ္ဂိပါစိတ်အာပတ်များ

၂၃၀။ သပိတ်သိုမှီး'သိမ်းဆည်း'ခြင်းကို ပြုသော ရဟန်းမိန်းမသည် တပါးသော စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

အကာလသင်္ကန်းကို ကာလသင်္ကန်းဟု ဆောက်တည်၍ ခွဲခြား 'ဝေဘန်'သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ခွဲခြား'ဝေဘန်'အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ခွဲခြား 'ဝေဘန်'ပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

ဘိက္ခုနီမ(တဦး)နှင့်အတူ သင်္ကန်းကို လဲလှယ်၍ (မိမိသင်္ကန်းကိုပြန်၍) လုယူသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

လုယူအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ လုယူပြီးသည် ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော ထောပတ်စသည်ကို တောင်းပြီး၍ တပါးသော ဆီစသည်ကို တောင်းသောရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

တောင်းအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ တောင်း၍ ရပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော ထောပတ်စသည်ကို ဝယ်စေ၍ တပါးသော ဆီစသည်ကိုဝယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဝယ်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဝယ်၍ ရပြီးသည်ရှိသော် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော သင်္ကန်းစသည်အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကို ညွှန်း၍ လှူအပ်သော သံဃာအား စွန့်အပ်သော အပ်သော ဘဏ္ဍာဖြင့် တပါးသော ဆေးစသည်ကို ဝယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဝယ်စေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဝယ်၍ ရပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော သင်္ကန်း စသည် အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်း စသည်ကို ညွှန်း၍ လှူအပ်သော သံဃာအားစွန့်အပ်သော ကိုယ်တိုင် တောင်းအပ်သော အပ်သော(ကပ္ပိယ)ဘဏ္ဍာဖြင့် တပါးသော ဆေးစသည်ကို ဝယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဝယ်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဝယ်၍ ရရှိပြီးသည် ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော သင်္ကန်း စသည် အကျိုးငှါ လှူအပ်သော တပါးသော သင်္ကန်းစသည်ကို ညွှန်း၍ လှူအပ်သော ဂိုဏ်းအား စွန့်အပ်သော အပ်သော ဘဏ္ဍာဖြင့် တပါးသော ဆေးစသည်ကို ဝယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ဝယ်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ ဝယ်၍ ရပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ် အာပတ်သို့ ရောက်၏။

တပါးသော သက်န်းစသည်အကျိုးငှါ လှူအပ်သော တပါးသော သက်န်းစသည်ကို ညွှန်း၍ လှူအပ်သော ဂိုဏ်းအား စွန့်အပ်သော ကိုယ်တိုင်တောင်းအပ်သော အပ်သော ဘဏ္ဍာဖြင့် တပါးသော ဆေးစသည်ကို ဝယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဝယ်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဝယ်၍ ရပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

တပါးသော သက်န်းစသည် အကျိုးငှါ လှူအပ်သော တပါးသော သက်န်း စသည်ကို ညွှန်း၍ လှူအပ်သော ပုဂ္ဂိုလ်အား စွန့်အပ်သော ကိုယ်တိုင်တောင်းအပ်သော အပ်သော ဘဏ္ဍာဖြင့် တပါးသော ဆေးစသည်ကို ဝယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဝယ်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဝယ်၍ ရပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

လေးကံသ'တဆယ့်ခြောက်ကျပ်'ထက်လွန်၍ အဖိုးထိုက်သော (ချမ်းသောအခါ ခြုံစရာ)လေးသော အရုံကို တောင်းစေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

တောင်းစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ တောင်း၍ ရပြီးသည်ရှိသော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

အခွဲနှင့်တကွ သုံးကံသ'နှစ်ကံသခွဲ ငွေကျပ်တဆယ်'ထက်လွန်၍ အဖိုးထိုက်သော(ပူအိုက်သောအခါ ခြုံစရာ)ပေါ့သော အရုံကို တောင်းစေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

တောင်းစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ တောင်း၍ရပြီးသည်ရှိသော် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သို့ ရောက်၏။

နိဿဂ္ဂိပါစိတ်အာပတ် ပြီး၏။

---

## ၄-ပါစိတ်အာပတ်များ

### ၁-လသုဏဝဂ်

၂၃၁။ ကြက်သွန်ကို စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။ ခံအံ့စားအံ့ ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

ကျဉ်းမြောင်းသော 'ပဿာဝမဂ်အနီး ပေါင်ကြား လက်ကတီးကြား ချိုင်းကြား' အရပ်၌ အမွေးကို ရိတ်နုတ်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ရိတ်နုတ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ရိတ်နုတ်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ပဿာဝမဂ် အပြင်ကို ပုတ်ခတ်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပုတ်ခတ်ခြင်းကိုပြုအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ပုတ်ခတ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ပြေပြစ်ချောမောသော ချိတ်တောင့်ဖြင့်(ပဿာဝမဂ်သို့)ထိုးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

(ချိတ်တောင့်ဖြင့်)ထိုးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ထိုးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

လက်နှစ်သစ် အတိုင်းအရှည်ထက် အလွန် (ပဿာဝမဂ်ကို)ရေဆေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဆေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဆေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ဆွမ်းစားသော ရဟန်းယောကျ်ားအား သောက်ရေဖြင့်ငင်း ယပ်လေခပ်သဖြင့်ငင်း အနီး၌ တည်သော ရဟန်းမိန်းသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

နှစ်တောင့်ထွာ'ဟတ္ထပါသ်'အတွင်း၌ တည်အံ့၊ ပါစိတ်အာပတ်သို့ရောက်၏၊ နှစ်တောင့်ထွာ 'ဟတ္ထပါသ်'ကို စွန့်၍ တည်အံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

စပါးစိမ်းကို တောင်း၍ စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။ စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

ကျင်ကြီးကိုငင်း ကျင်ငယ်ကိုငင်း အမှိုက်ကိုငင်း စားကြွင်းကိုငင်း နံရံတဖက်၌ စွန့်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စွန့်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ စွန့်ပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

ကျင်ကြီးကိုငင်း ကျင်ငယ်ကိုငင်း အမှိုက်ကိုငင်း စားကြွင်းကိုငင်း စိမ်းစိုသော ကောက်ပဲသည် ရှိရာအရပ်၌ စွန့်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

စွန့်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ စွန့်ပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

ကခြင်းကိုငင်း သီဆိုခြင်းကိုငင်း တီးမှုတ်ခြင်းကိုငင်း ကြည့်ရှု(နားထောင်)ခြင်းငှါ သွားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏၊ အကြင်အရပ်၌ တည်လျက် မြင်မူလည်း မြင်အံ့၊ ကြားမူလည်း ကြားအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ရှေးဦးစွာသော လသုဏဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂-ရတ္တန္ဓကာရဝဂ်

၂၃၂။ (ဆီမီးရောင်စသော) အရောင်အလင်းမရှိသော ညဥ့်မိုက်သောအခါ၌ ယောကျ်ားတယောက်နှင့်အတူ တယောက်တည်းနေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

နှစ်တောင့်ထွာ 'ဟတ္ထပါသ်'အတွင်း၌ တည်နေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏၊ နှစ်တောင့်ထွာ 'ဟတ္ထပါသ်'ကို ဖွန့်၍ တည်နေအံ့၊ ဒုက္ကဋ် အာပတ်သို့ရောက်၏။

(နံရံစသည်ဖြင့်)ဖုံးလွှမ်းသော အရပ်၌ ယောကျ်ားတယောက်နှင့် အတူ တယောက်ထည်းတည်းနေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

နှစ်တောင့်ထွာ'ဟတ္ထပါသ်'အတွင်း၌ တည်နေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏၊ နှစ်တောင့်ထွာ'ဟတ္ထပါသ်'ကို စွန့်၍ တည်နေအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဟင်းလင်း အပြင်'လွင်တီးခေါင်'၌ ယောကျ်ားတယောက်နှင့် အတူ တယောက်ထည်းတည်းတည်နေသော ရဟန်းမိန်းမအား နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

နှစ်တောင့်ထွာ 'ဟတ္ထပါသ်'အတွင်း၌ တည်နေအံ့ပါစိတ်အာပတ်သို့ရောက်၏၊နှစ်တောင့်ထွာ 'ဟတ္ထပါသ်'ကို စွန့်၍ တည်နေအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ခရီးမဥ္စ္စင်း၊ ထုတ်ချင်းမထွင်းသော ခရီး၌၎င်း ခရီးလမ်းဆုံ၌၎င်း ယောကျ်ားတယောက်နှင့် အတူ တယောက်ထည်းတည်းနေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

နှစ်တောင့်ထွာ'ဟတ္ထပါသ်'အတွင်း၌ တည်နေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏၊ နှစ်တောင့်ထွာ'ဟတ္ထပါသ်'ကို စွန့်၍ တည်နေအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

နံနက်အခါ၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ပြီးသော် နေရာ၌ ထိုင်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ ဖဲသွားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပဌမဖဝါးလှမ်း တံစက်ကြောင်းကို လွန်စေအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဒုတိယဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

နေလွဲသောအခါ၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်ပြီးနောက် အိမ်ရှင်တို့ကို မပန်ကြားပဲ နေရာ၌ ထိုင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ထိုင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ထိုင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နေဝင်သောအခါ၌ ဒါယကာတို့အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ အိပ်ရာနေရာကို မိမိကိုယ်တိုင်ခင်း၍၎င်း သူတပါးကို ခင်းစေ၍၎င်း ထိုင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ထိုင်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ထိုင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အယူအဆလွဲခြင်း အထင်မှားခြင်းဖြင့် (ပဥ္စင်းဖြစ်သော)သူတပါးကို ကဲ့ရဲ့သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ကဲ့ရဲ့အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကဲ့ရဲ့ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

မိမိကိုယ်ကိုရင်း (ပဋ္ဌင်းဖြစ်သော) သူတပါးကိုရင်း ဇရဲဖြင့်ရင်း မြတ်သောအကျင့်ဖြင့်ရင်း ကျိန်ဆဲသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ကျိန်ဆဲအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကျိန်ဆဲပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

မိမိကိုယ်ကို ထု၍ ထု၍ ငိုသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ထုအံ့ ငိုအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏၊ ထုသာ ထု၍ မငိုအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

နှစ်ခုမြောက် ရတ္တန္ဓကာရဝဂ် ပြီး၏။

---

## ၃-နဟာနဝဂ်

၂၃၃။ (အဝတ်မပါ)အချည်းနှီး ရေချိုးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ရေချိုးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ရေချိုးပြီးသည်၏ အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။

ပမာဏကို လွန်သော ရေသနုတ်'ရေလဲ'ကို ပြုစေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပြုစေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ပြုစေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမ၏ သင်္ကန်းကို မိမိဖြေ၍ရင်း သူတပါးကို ဖြေစေ၍ရင်း (ပြန်၍)မိမိလည်းမချုပ်၊ သူတပါးကိုလည်း ချုပ်စေခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟုဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

သင်္ကန်းငါးထည် လှည့်လည်၍ ဝတ်ခြင်းကို ငါးရက်လွန်စေသော ရဟန်းမိန်းမသည် ပါစိတ်အာပတ် ဟုဆိုအပ်သော တပါးသောအာပတ်သို့ရောက်၏။

ပြောင်းရွှေ၍ ဝတ်အပ်သော သင်္ကန်းကို ဆောင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဆောင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ဆောင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

(ရဟန်းမိန်းမ)သံဃာ၏ သင်္ကန်းလာဘ်ကို အန္တရာယ်ပြုသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ပြုအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ပြုပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

တရားနှင့်လျော်သော သင်္ကန်း ခွဲဝေခြင်းကို တားမြစ်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

တားမြစ်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္កဋ်အာပတ်သို့ရောက်၏၊ တားမြစ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

လူအားရင်း ပရိဗိုဇ်ယောကျ်ားအားရင်း ပရိဗိုဇ် မိန်းမအားရင်း ရဟန်း၏ သင်္ကန်းကို ပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အားနည်းသော သင်္ကန်းရနိုးခြင်းဖြင့် သင်္ကန်းကာလအခါကို လွန်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

(သင်္ကန်းအခါကို)လွန်စေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ လွန်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

တရားနှင့်လျော်သော ကထိန်နုတ်ခြင်းကို တားမြစ်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

တားမြစ်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ တားမြစ်ပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

သုံးခုမြောက် နဟာနဝဂ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ်

၂၃၄။ ညောင်စောင်းတခုထည်း၌ အိပ်ကြသော ရဟန်းမိန်းမနှစ်ဦးတို့သည် နှစ်ပါးသော အာပတ်တို့သို့ ရောက်ကုန်၏။

အိပ်ကုန်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ အိပ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အခင်းအရုံတခုထည်း ရှိကုန်သည်ဖြစ်၍ အိပ်ကြသော ရဟန်းမိန်းမနှစ်ဦးတို့သည် နှစ်ပါးသော အာပတ်တို့သို့ ရောက်ကုန်၏။

အိပ်ကုန်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ အိပ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမအား မချမ်းသာစေလိုသော စေတနာရှိသည်ဖြစ်၍ မချမ်းသာခြင်းကို ပြုသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ပြုအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ပြုပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

ဆင်းရဲသော အတူနေတပည့်မကို မိမိလည်းမလုပ်ကျွေး သူတပါးကိုလည်း လုပ်ကျွေးစေခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ရောက်၏။

ရဟန်းမိန်းမအား (မိမိပိုင်)ကျောင်းကို ပေးပြီးနောက် စိတ်ဆိုးသည်ဖြစ်၍ နှလုံးမသာယာသည်ဖြစ်၍ နှင်ထုတ်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

နှင်ထုတ်အံ့၊အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏၊ နှင်ထုတ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဥက္ခိတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်သော (လူတို့နှင့်) ရောနှောသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။

ရွံရှာဖွယ်ရှိ၏ ဟု သမုတ်အပ်သော ဘေးရှိသော တိုင်းပြည်အတွင်း၌ အဖော်ကုန်သည်မပါပဲ ဒေသစာရီလှည့်လည်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏၊ သွားပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရှိသော တိုင်းတပါး၌ အဖော်ကုန်သည်မပါပဲ ဒေသစာရီလှည့်လည်သွားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ သွားပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ဝါတွင်း၌ ဒေသစာရီ လှည့်လည်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ သွားပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ဝါကျွတ်သောအခါ ဒေသစာရီမလှည့်လည်သော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

လေးခုမြောက် တုဝဋ္ဋဝဂ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ်

၂၃၅။ မင်း၏ (ကစားရာ) အိမ်ကိုင်း(ပန်းချီဆေးရေးစသည်ဖြင့်) ဆန်းကြယ်သော(ကစားရာ) စရပ်ကိုင်း (ကစားရာ) အရံကိုင်း (ကစားရာ) ဥယျာဉ်ကိုင်း (ကစားရာ) ရေကန်ကိုင်း ကြည့်ရှုခြင်းငှါ သွားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ အကြောင်းအရပ်၌ တည်လျက် မြင်အံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

အခြေရှည်သော ညောင်စောင်း အင်းပျဉ်ကိုရင်း သားရဲရုပ်ခြေရှိသော ပလ္လင်ကိုရင်း (အိပ်၍ နေတိုင်း) သုံးဆောင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

သုံးဆောင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ သုံးဆောင်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ချည်ကို ငင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

(ချည်ကို)ငင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဝင်ရိုး၌ ရစ်တိုင်း ရစ်တိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

လူတို့၏ အမှုကြီးငယ် ကို ပြုသောရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

ပြုအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ပြုပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

"သျှင်မ လာလော့ ဤအခိကရုဏ်းကို ငြိမ်းစေပါလော့"ဟု ဆိုအပ်သည်ရှိသော် ကောင်းပါပြီဟု ဝန်ခံ၍ မိမိကိုယ်တိုင်လည်း မငြိမ်းစေ၊ သူတပါးကိုလည်း ငြိမ်းစေခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

လူအားရင်း ပရိဗိုဇ်ယောကျ်ားအားရင်း ပရိဗိုဇ်မိန်းမအားရင်း မိမိလက်ဖြင့် ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း ပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ဥတုနီးသက်န်းကို မစွန့်မူ၍ သုံးဆောင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

သုံးဆောင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ သုံးဆောင်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

တံခါးဖွဲ့ရှိသော ကျောင်းကို မစွန့်မူ၍ ဒေသစာရီလှည့်လည်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပဌမခြေဖဝါးလှမ်း အရံကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ဒုတိယခြေဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

မင်္ဂလိမှ ဗီလာဖြစ်သော အတတ်ကို သင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

သင်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



မင်ဖိုလ်မှ ဖီလာဖြစ်သော အတတ်ကို ပို့ချသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပို့ချအံ့၊ အားထုတ်ခြင်း 'ပယောဂ' ၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ် အာပတ်သို့ ရောက်၏။

ငါးခုမြောက် စိတ္တာဂါရဝဂ် ပြီး၏။

---

## ၆-အာရာမဝဂ်

၂၃၆။ သိလျက် ရဟန်းယောကျ်ားရှိသော အရံသို့ မပန်ကြားပဲ ဝင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပဌမခြေဖဝါးလှမ်း အရံကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဒုတိယဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားကို ဆဲရေးရေရွတ်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဆဲရေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဆဲရေးပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ကြမ်းတမ်းယုတ်မာသည်ဖြစ်၍ ရဟန်းမိန်းမဂိုဏ်းကို ရေရွတ်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ရေရွတ်အံ့၊ အားထုတ်ခြင်း 'ပယောဂ' ၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ရေရွတ်ပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ပင့်ဖိတ်သည်ဖြစ်လျက်ငင်း ပဝါရိတ်သင့်သည်ဖြစ်လျက်ငင်း ခဲဖွယ်ကိုငင်း ဘောဇဉ်ကိုငင်း (အရပ်တပါး၌)စားသောရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ခဲအံ့ စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။

အမျိုး(ဒါယကာ)ကို ဝန်တိုသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဝန်တိုအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဝန်တိုပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ား(အနီး)မရှိသော ကျောင်း၌ မိုးလေးလပတ်လုံး နေသော 'ဝါဆို၍နေသော' ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

"မိုးလေးလပတ်လုံး နေအံ့ 'ဝါဆိုအံ့'"ဟုအိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်(ကျောင်းဝိုင်းဥပစာ)ကို တံမြက်စီးလှည်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ အရုဏ်တက်သည်နှင့် တပြိုင်နက် ပါစိတ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ဝါကျွတ်ပြီးလျှက် ဥဘတောသံဃာ၌ (မြင်ခြင်း ကြားခြင်း ရွံရှာခြင်းတည်းဟူသော) သုံးပါးသော အကြောင်းတို့ဖြင့် မဖိတ်သော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

ဂရုဓံတရားနှစ်ပါးကို နာခြင်းငှါလည်းကောင်း ဥပုသ်ပဝါရဏာမေးခြင်းငှါလည်းကောင်း မသွားသော ရဟန်း မိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

ဥပုသ်ကိုလည်း မမေး၊ ဩဝါဒကိုလည်း မတောင်းသော ရဟန်း မိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

ခက်မဉ္စ် ပေါက်ရောက်သော အိုင်းအနာကိုလည်းကောင်း အမာကိုလည်းကောင်း သံဃာကိုလည်းကောင်း ဂိုဏ်းကိုလည်းကောင်း မပန်ကြားမူ၍ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ခွဲဖောက်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ခွဲဖောက်စေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ခွဲဖောက်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ခြောက်ခုမြောက် အာရာမဝဂ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ်

၂၃၇။ ကိုယ်ဝန်ဆောင်မိန်းမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နို့တိုက်သောမိန်းမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို မကျင့်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နှစ်နှစ်တို့ ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အသက်တဆယ့်နှစ်နှစ် မပြည့်သော ယောကျ်ားသွားလာဘူးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အသက်တဆယ့်နှစ်နှစ်ပြည့်ပြီးသော ယောကျ်ားသွားလာဘူးသော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသောတရားတို့၌ အကျင့်သိက္ခာကို မကျင့်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အသက်တဆယ့်နှစ်နှစ်ပြည့်ပြီးသော ယောကျ်ားသွားလာဘူးသော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသောတရားတို့၌ အကျင့်သိက္ခာကိုကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အတူနေတပည့်မကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးပြီးလျှင် နှစ်နှစ်တို့ကာလပတ်လုံး မိမိလည်း မချီးမြှောက်(သူတပါးကိုလည်း)မချီးမြှောက်စေသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏၊

ပဥ္စင်းခံပေးသော ဥပဇ္ဈာယ်မကို နှစ်နှစ်တို့ကာလပတ်လုံး လိုက်၍ မလုပ်ကျွေးသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

အတူနေတပည့်မကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးပြီးလျှင် မိမိလည်းခေါ်၍ မသွား (သူတပါးကိုလည်း)ခေါ် မသွားစေသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

ခုနစ်ခုမြောက် ဂဗ္ဘိနီဝဂ် ပြီး၏။

---

## ၈-ကုမာရိဘူတဝဂ်

၂၃၈။ အသက်နှစ်ဆယ်မပြည့်သော သတို့သမီးဖြစ်သော သာမဏေမကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးပြီးသည် ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌အကျင့်သိက္ခာကို မကျင့်ရသေးသော သတို့သမီးဖြစ်သော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္កဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ကာလပတ်လုံး ခြောက်ပါးသော တရားတို့၌ အကျင့်သိက္ခာကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သတို့သမီးဖြစ်သော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

တဆယ့်နှစ်ဝါမပြည့်ပဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

တဆယ့်နှစ်ဝါပြည့်သည်ဖြစ်၍ သံဃာက မသမုတ်အပ်ပဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံစေအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

"သျှင်မ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသဖြင့် သင့်အား မတော်သေးပါ"ဟု ဆိုအပ်သည်ရှိသော် ကောင်းပြီဟူ၍ ဝန်ခံပြီးလျှင် နောက်မှ ရှုတ်ချခြင်းသဘောသို့ ရောက်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

ရှုတ်ချအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ရှုတ်ချပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

သိက္ခမာန်မကို "သျှင်မ သင်သည် ငါ့အား သင်္ကန်းကို ပေးလျှင် သင့်ကို ငါဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးမည်"ဟု ဆို၍ မိမိလည်း ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံမပေး၊သူတပါးကိုလည်း ဥပဇ္ဈာယ်ပြု၍ပဉ္စင်းခံပေးစေခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

သိက္ခမာန်မကို "သျှင်မ သင်သည် ငါ့ကို နှစ်နှစ်တို့ကာလပတ်လုံး လိုက်၍ လုပ်ကျွေးလျှင် သင့်ကို ငါ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးမည်" ဟု ဆို၍ မိမိလည်း ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံမပေး၊ သူတပါးကိုလည်း ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးခြင်းငှါ လုံ့လမပြုသော ရဟန်းမိန်းမသည် ပါစိတ်အာပတ်ဟု ဆိုအပ်သော တပါးသော အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသည့်ပြင် (ယောကျ်ားတို့အတွက်) သောက ဝင်လျက်ရှိသော ကြမ်းတမ်းသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

အမိအဖတို့ကရင်း လင်ယောကျ်ားကရင်း ခွင့်မပြုအပ်သော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

သိုးလေပြီးသော ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမ သည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

နှစ်စဉ် နှစ်တိုင်း ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမသည် နှစ်ပါးသောအာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ရောက်၏။

တနှစ်ထည်း၌ နှစ်ဦးသော သိက္ခမာန်မတို့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းမိန်းမ သည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ရှစ်ခုမြောက် ကုမာရိဘူတဝဂ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ်

၂၃၉။ ထီးဘိနပ်(အစုံ)ကို ဆောင်သော ရဟန်းမိန်းမသည် နှစ်ပါသော အာပတ်တို့သို့ ရောက်၏။

ဆောင်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဆောင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ယာဉ်ဖြင့်သွားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ရောက်၏။

http://www.dhammadownload.com



သွားအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊သွားပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ခါးဝတ်တန်ဆာကို ဆောင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဆောင်အံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ဆောင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

မိန်းမတို့၏ အဆင်တန်ဆာကို ဆောင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ဆောင်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ရောက်၏၊ဆောင်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

နံ့သာ နံ့သာပျောင်းဖြင့် ရေချိုးသော ရဟန်းမိန်းမသည် နှစ်ပါးသောအာပတ်တို့သို့ ရောက်၏။

ရေချိုးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ရေချိုးပြီးသည်၏အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။

နံ့သာဖြင့် ထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ရေချိုးသော ရဟန်းမိန်းမသည် နှစ်ပါးသောအာပတ်တို့သို့ ရောက်၏။

ရေချိုးအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ရေချိုးပြီးသည်၏ အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းမိန်းမကို ပွတ်သပ်ဆုပ်နယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပွတ်သပ်ဆုပ်နယ်စေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ပွတ်သပ်ဆုပ်နယ်စေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

သိက္ခမာန်မကို ပွတ်သပ် ဆုပ်နယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပွတ်သပ်ဆုပ်နယ်စေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ပွတ်သပ်ဆုပ်နယ်စေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

သာမဏေမကို ပွတ်သပ် ဆုပ်နယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပွတ်သပ်ဆုပ်နယ်စေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ပွတ်သပ်ဆုပ်နယ်စေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

လူမိန်းမကို ပွတ်သပ်ဆုပ်နယ်စေသော ရဟန်းမိန်းမသည် နှစ်ပါးသောအာပတ်တို့သို့ ရောက်၏။

ပွတ်သပ်ဆုပ်နယ်စေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ပွတ်သပ်ဆုပ်နယ်စေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ရဟန်းယောကျ်ား၏ ရှေ့မှ ပမန်ကြားပဲ နေရာ၌ ထိုင်နေသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ထိုင်နေအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ထိုင်နေပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။

ခွင့်မတောင်းပဲ ရဟန်းယောကျ်ားကို ပြဿနာမေးသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

မေးအံ့၊ အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မေးပြီးသည်ရှိသော် ပါစိတ် အာပတ်သို့ ရောက်၏။

ရင်လွှမ်းတဘက် မပါပဲ ရွာသို့ ဝင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ပဌမခြေဖဝါးလှမ်း အရံကိုလွန်စေအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဒုတိယ ခြေဖဝါးလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ကိုးခုမြောက် ဆတ္တုပါဟနဝဂ် ပြီး၏။

ခုဒ္ဒကဝဂ် ပြီး၏။

---

## ၅-ပါဋိဒေသနီ အာပတ်

၂၄၀။ ထောပတ်ကို တောင်း၍ စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီ အာပတ်သို့ ရောက်၏။

ဆီကို တောင်း၍စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီအာပတ်သို့ ရောက်၏။

ပျားရည်ကို တောင်း၍စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီအာပတ်သို့ ရောက်၏။

တင်လဲကို တောင်း၍စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီအာပတ်သို့ ရောက်၏။

ငါးကို တောင်း၍ စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဠိဒေသနီအာပတ်သို့ ရောက်၏။

အသားကို တောင်း၍ စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဠိဒေသနီအာပတ်သို့ ရောက်၏။

နို့ရည်ကို တောင်း၍ သုံးဆောင်သော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

သုံးဆောင်အံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဠိဒေသနီအာပတ်သို့ ရောက်၏။

နို့ဓမ်းကို တောင်း၍ စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စားအံ့ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါဠိဒေသနီအာပတ်သို့ ရောက်၏။

ပါဠိဒေသနီရှစ်ပါး ပြီး၏။

နှစ်ခုမြောက် ကတာပတ္တိဝါရ ပြီး၏။

---

## ၃-ဝိပတ္တိဝါရ

၂၄၁။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။ပ။

နို့ဓမ်းကို တောင်း၍ စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

နို့ဓမ်းကို တောင်း၍ စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်ကုန်၏။

သုံးခုမြောက် ဝိပတ္တိဝါရ ပြီး၏။

http://www.dhammadownload.com



## ၄-သင်္ဂဟဝါရ

၂၄၂။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် သုံးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ထုလ္လစ္စည်း အာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်၏။ပ။

နို့ခမ်းကို တောင်း၍ စားသော ရဟန်းမိန်းမ၏ အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

နို့ခမ်းကို တောင်း၍ စားသော ရဟန်းမိန်းမ၏ အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် နှစ်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါဋိဒေသနီအာပတ်အစုဖြင့် ရေတွက်အပ်၏၊ ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်၏။

လေးခုမြောက် သင်္ဂဟဝါရ ပြီး၏။

---

## ၅-သမုဋ္ဌာနဝါရ

၂၄၃။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍(ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

(ကိလေသာ)စိုစွတ်သည် ဖြစ်၍(ကိလေသာ)စိုစွတ်သောယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ပ။

နို့ခမ်းကို တောင်း၍ စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

နို့ခမ်းကို တောင်း၍ စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

http://www.dhammadownload.com



ရုံခါကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

ငါးခုမြောက် သမုဋ္ဌာနဝါရ ပြီး၏။

---

## ၆-အဓိကရဏဝါရ

၂၄၄။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှိုးနှော့ခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ကိလေသာ(စိုစွတ်သည်ဖြစ်၍) (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှိုးနှော့ခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။ပ။

နို့ဓမ်းကို တောင်း၍စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

နို့ဓမ်းကို တောင်း၍စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခြောက်ခုမြောက် အဓိကရဏဝါရ ပြီး၏။

---

## ၇-သမထဝါရ

၂၄၅။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှိုးနှော့ခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

(ကိလေသာ) ဝိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှိုးနှော့ခြင်းကို သာယာသော ရဟန်းမိန်းမ၏ အာပတ်တို့သည် ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။ပ။

http://www.dhammadownload.com



နို့ဓမ်းကို တောင်း၍စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် ခုနစ်ပါးကုန်သော သမထတို့တွင် အဘယ်မျှလောက်ကုန်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

နို့ဓမ်းကို တောင်း၍စားသော ရဟန်းမိန်းမ၏ အာပတ်တို့သည် ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း တိဏဝတ္ထာရကဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

ခုနစ်ခုမြောက် သမထဝါရ ပြီး၏။

---

## ဂ-သမုစ္စယဝါရ

၂၄၆။ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သောပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမသည် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမသည် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ညှပ်ရိုးနှစ်ဖက်၏အောက်၊ ပုဆစ်ဒူးဝန်း နှစ်ဖက်၏ အထက်၌ ကိုင်ခြင်းကို သာယာအံ့၊ ပါရာဇိက အာပတ်သို့ရောက်၏၊ ညှပ်ရိုး နှစ်ဖက်၏အထက်၊ ပုဆစ် ဒူးဝန်း နှစ်ဖက်၏ အောက်၌ ကိုင်ခြင်းကို သာယာအံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏၊ ကိုယ်နှင့်စပ်သော အရာဝတ္ထု၌ ကိုင်ခြင်းကို သာယာအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာသော ရဟန်းမိန်းမသည် ဤသုံးပါးသော အာပတ်တို့သို့ရောက်၏။

ထို(သုံးပါးသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သောဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးကုန်သော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(သုံးပါးသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။

http://www.dhammadownload.com



ခုနစ်ပါးသော အာပတ်အစုတို့တွင် သုံးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စည်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါ ဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။ပ။

နို့ဓမ်းကို တောင်း၍ စားသော ရဟန်းမိန်းမသည် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

နို့ဓမ်းကို တောင်း၍စားသော ရဟန်းမိန်းမသည် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

စားမည်ဟု ခံယူအံ့၊ ဒုက္കဋ အာပတ်သို့ ရောက်၏။ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီ အာပတ်သို့ ရောက်၏။

နို့ဓမ်းကို တောင်း၍ စားသော ရဟန်းမိန်းမသည် ဤနှစ်ပါးသော အာပတ်တို့သို့ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် နှစ်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါဋိဒေသနီ အာပတ်အစု ဖြင့် ရေတွက်အပ်၏၊ ရံခါ ဒုက္ကဋ အာပတ်အစုဖြင့် ရေတွက်အပ်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း

http://www.dhammadownload.com



စိတ်ကြောင့်ငှင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ငှင်း နှုတ်ကြောင့်ငှင်း စိတ်ကြောင့်ငှင်း ဖြစ်ကုန်၏။

အဓိကရဏ်းလေးပါးတို့တွင် အာပတ္တာဓိကရဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ငှင်း ပဋိညာတကရဏဖြင့်ငှင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ငှင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ငှင်း ငြိမ် အေးကုန်၏။

ရှစ်ခုမြောက် သမုစ္စယဝါရ ပြီး၏။

---

## ၁-ကတ္ထပညတ္တိဝါရ

### ၁-ပါရာဇိက

၂၄၇။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။ပ။ အဘယ်သူသည် ဆရာစဉ်ဆက် (ပါဠိ နက်အာဂုံ)ဆောင်ခဲ့ပါသနည်း။

သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာ ဘိက္ခုနီမ၏ (ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

ထိုပဌမပါရာဇိက သိက္ခာပုဒ်၌(မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

(မူလ)ပညတ်တပါးရှိ၏။ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ အနုပညတ်နှင့် အနုပ္ပန္နပညတ်နှစ်ပါးမရှိ။

(ထိုပဌမ ပါရာဇိက သိက္ခာပုဒ်သည်)သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော။

သဗ္ဗတ္ထပညတ်တည်း။

http://www.dhammadownload.com



**သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။**

**အသာဓာရဏပညတ်တည်း။**

**ဧကတော ပညတ်လော၊ ဥဘတော ပညတ်လော။**

**ဧကတောပညတ်တည်း။**

ပါတိမောက်ပြခြင်း လေးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း။ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း။

ပါတိမောက်ပြခြင်း လေးမျိုးတို့တွင် နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည့် အဖြစ်သို့ ရောက်သနည်း။

ဒုတိယအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည့် အဖြစ်သို့ ရောက်၏။

ဝိပတ္တိလေးပါးတို့တွင် အဘယ်ဝိပတ္တိနည်း။

ဝိပတ္တိလေးပါးတို့တွင် သီလဝိပတ္တိတည်း။

အာပတ်အစု ခုနစ်ပါးတို့တွင် အဘယ်အာပတ် အစု ဖြစ်သနည်း။

အာပတ်အစု ခုနစ်ပါးတို့တွင် ပါရာဇိက အာပတ် အစု ဖြစ်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

အကြောင်း တမျိုးကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ပ။

အဘယ်သူသည် (ပါဠိနက် အာဂုံ) ဆောင်ခဲ့သနည်း။

ဆရာအဆက်ဆက်သည် (ပါဠိနက်အာဂုံ) ဆောင်ခဲ့၏။

ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တကွ ထိုရဟန္တာ အသျှင်မြတ်ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံ) ဆောင်၍ ပို့ချတော်မူကြကုန်၏။ပ။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန်လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာ အသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံဆောင်၍) ပြတော်မူကြကုန်၏။

ဤမေး အဖြေ အပြီးတည်း။

---

အပြစ်ကို ဖုံးလွှမ်းခြင်း တည်းဟူသော အကြောင်းကြောင့် ခြောက်ခုမြောက် 'ဆဋ္ဌ'ပါရာဇိက သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ပါရာဇိကကျသော ရဟန်းမိန်းမကို (ပါရာဇိကကျပြီးသော ရဟန်းမိန်းမဟု)သိလျက် မိမိကိုယ်တိုင် မမေးမစိစစ် 'မစောဒနာ'ခြင်း ရဟန်းမိန်းမဂိုဏ်းအား(လည်း)မပြောကြားခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ် တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ မုရနိက္ခေပသမုဋ္ဌာန်တည်း။ ပ။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် ခုနစ်ခုမြောက် 'သတ္တမ'ပါရာဇိကသိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ညီညွတ်သော သံဃာက နှင်ထုတ်ထားသော လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသို့(အယူကို ယူသော အားဖြင့်)အတုလိုက်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ မုရနိက္ခေပသမုဋ္ဌာန်တည်း။ ပ။

ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေခြင်း တည်းဟူသော အကြောင်းကြောင့် ရှစ်ခုမြောက် 'အဋ္ဌမ'ပါရာဇိက သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ မုရနိက္ခေပသမုဋ္ဌာန်တည်း။ ပ။

ပါရာဇိက ပြီး၏။

http://www.dhammadownload.com



## ၂-သံဃာဒိသိသ်စသည်

၂၄၈။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် မာန်အမျက်ပွါးသဖြင့် ငြင်းခုံသော ရဟန်းမိန်းမအား တရားတွေ့ခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။ပ။

အဘယ်သူသည် (ပါဠ်နက်အာဂုံ)ဆောင်ခဲ့သနည်း။

သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် မာန်အမျက်ပွါးသဖြင့် ငြင်းခုံသော ရဟန်း မိန်းမအား တရားတွေ့ခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် သိက္ခာပုဒ် ကို အဘယ် အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ မာန်အမျက်ပွါးသဖြင့် ငြင်းခုံသည်ဖြစ်၍ တရားတွေ့ခြင်း အကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

ထို(ဥဿယဝါဒိက)သံဃာဒိသိသ် သိက္ခာပုဒ်၌ (မူလ)ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပ္ပန္နပညတ်ရှိသလော။

(မူလ)ပညတ်တပါးရှိ၏။ ထို (ဥဿယဝါဒိက) သံဃာဒိသိသ်သိက္ခာပုဒ်၌ အနုပညတ်နှင့် အနုပ္ပန္နပညတ်နှစ်ပါးမရှိ။

(ထိုသိက္ခာပုဒ်သည်)သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော။ သဗ္ဗတ္ထပညတ်တည်း။

သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော။ အသာဓာရဏပညတ်တည်း။
ဧကတော ပညတ်လော၊ ဥဘတောပညတ်လော။ ဧကတောပညတ်တည်း။

ပါတိမောက် ပြခြင်း လေးပါးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း၊အဘယ် ပါတိမောက် ပြခြင်း၌ အကျုံးဝင်သနည်း။

ပါတိမောက် ပြခြင်း လေးပါးတို့တွင် နိဒါန်း၌ အတွင်းဝင်၏၊ နိဒါန်း၌ အကျုံးဝင်၏။

အဘယ်အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည့် အဖြစ်သို့ ရောက်သနည်း။

တတိယအကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည့်အဖြစ်သို့ ရောက်၏။

http://www.dhammadownload.com



ဝိပတ္တိလေးပါးတို့တွင် အဘယ်ဝိပတ္တိနည်း။

သီလဝိပတ္တိတည်း။

အာပတ်အစု ခုနစ်ပါးတို့တွင် အဘယ်အာပတ်အစု ဖြစ်သနည်း။

အာပတ်အစု ခုနစ်ပါးတို့တွင် သံဃာဒိသိသ်အာပတ်အစု ဖြစ်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

နှစ်မျိုးသောအကြောင်းတို့ကြောင့် ဖြစ်၏။

ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်၏၊ စိတ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။ပ။ အဘယ်သူသည် (ပါဠိနက်အာဂုံ) ဆောင်နှဲသနည်း။

ဆရာအဆက်ဆက်သည် (ပါဠိနက်အာဂုံ) ဆောင်ခဲ့၏။

ဥပါလိမထေရ် ဒါသကမထေရ် သောဏကမထေရ် သိဂ္ဂဝမထေရ် ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿမထေရ်နှင့်တကွ ထိုရဟန္တာအသျှင်မြတ် ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို (ပါဠိနက်အာဂုံဆောင်၍) ပို့ချတော်မူကြကုန်၏။ပ။

ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်း၌ လိမ္မာတော်မူကြကုန်သော နတ်ရွာ နိဗ္ဗာန်လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာအသျှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်း ပိဋကတ်ကို (ပါဠိနက် အာဂုံဆောင်၍)ပြတော်မူကြကုန်၏။

ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် နှစ်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။

ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။ပ။

(အဖော်မပါ) တယောက်ထည်း ရွာတပါးသို့သွားခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသောရဟန်းမိန်းမ၏ အဖေါ်မပါ တယောက်ထည်းရွာတပါးသို့ သွားခြင်းအကြောင်း ကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်သုံးပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ပဌမပါရာဇိက သမုဋ္ဌာန်တည်း။ပ။

ဟုတ်မှန်သော (မြတ်စွာဘုရား၏)ဝိနည်းကံဖြင့် မြတ်စွာဘုရား၏ အဆုံးအမဖြင့် ညီညွတ်သော သံဃာက နှင်ထုတ်ထားသော ရဟန်းမိန်းမကို အမှုဆောင်'ကာရက'သံဃာကို မပန်ကြားပဲ(ရဟန်း မိန်းမ) ဂိုဏ်း၏ အလို'ဆန္ဒ'ကို မသိပဲ (ရဟန်းမိန်းမ သံဃာဘောင်သို့) သွင်းခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ ဟုတ်မှန်သော ဝိနည်းကံဖြင့် မြတ်စွာဘုရား၏ အဆုံးအမဖြင့် ညီညွတ် သော သံဃာက နှင်ထုတ်ထားသော ရဟန်းမိန်းမကို အမှုဆောင် 'ကာရက'သံဃာကို မပန်ကြားပဲ (ရဟန်းမိန် မ) ဂိုဏ်း၏ အလို 'ဆန္ဒ'ကို မသိပဲ (ရဟန်းမိန်းမ သံဃာဘောင်သို့) သွင်းစေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

(ကိလေသာ) စိုစွတ်သော ရဟန်းမိန်းမ၏ (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ လက်မှ ခဲဖွယ်ကိုဎင်း ဘောဇဥ်ကိုဎင်း မိမိလက်ဖြင့် ခံယူ၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

သုန္ဒရီနန္ဒာ ဘိက္ခုနီမ၏(ကိလေသာ)စိုစွတ်သည်ဖြစ်၍ (ကိလေသာ)စိုစွတ်သော ယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်၏ လက်မှ(ဆွမ်း စသော)အာမိသကို ခံယူခြင်း အကြောင်းကြောင့် ပညတ်တော်မူ အပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ပဌမပါရာဇိက သမုဋ္ဌာန်တည်း။ပ။

http://www.dhammadownload.com



"သျှင်မ အကြင့်ကြောင့် သင်သည် (ကိလေသာ) မစိုစွတ်၊ ထိုကြောင့် သင့်အား ဤယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်သည် (ကိလေသာ)စိုစွတ်သည်လည်း ဖြစ်စေ (ကိလေသာ)မစိုစွတ်သည်လည်း ဖြစ်စေ၊ အသို့ ပြုနိုင်လတ္တံ့နည်း၊ သျှင်မ တိုက်တွန်း၏၊ ဤယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်သည် ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း သင့်အား ပေးလှူ၏၊ ထိုခဲဖွယ်ဘောဇဉ်ကို သင်သည် မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်း ခဲလော့၊ စားမှုလည်း စားလော့" ဟု တိုက်တွန်းခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

တပါးသော ရဟန်းမိန်းမ၏ "သျှင်မ အကြင့်ကြောင့် သင်သည် (ကိလေသာ)မစိုစွတ်၊ ထိုကြောင့် သင့်အား ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် (ကိလေသာ) စိုစွတ်သည်လည်းဖြစ်စေ၊ (ကိလေသာ) မစိုစွတ်သည်လည်း ဖြစ်စေ၊ အသို့ ပြုနိုင်လတ္တံ့နည်း၊ သျှင်မ တိုက်တွန်း၏၊ ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း သင့်အား ပေးလှူ၏၊ ထိုခဲဖွယ်ဘောဇဉ်ကို သင်သည် မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်း ခဲလော့၊ စားမှုလည်း စားလော့"ဟု တိုက်တွန်းသော အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် အမျက်ထွက်သော ရဟန်းမိန်းမ၏ (အယူကို)မစွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမ၏ စိတ်ဆိုးသည် မနှစ်သက်သည်ဖြစ်၍ "မြတ်စွာဘုရားကို စွန့်၏၊ တရားတော်ကို စွန့်၏၊ သံဃာတော်ကိုစွန့်၏၊ သိက္ခာကိုစွန့်၏"ဟု ပြောဆိုခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

တစုံတခုသောလျှင် ဖြစ်သော အဓိကရုဏ်း၌ ရှုံးသော ရဟန်းမိန်းမ၏ သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာ

http://www.dhammadownload.com



ဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော် မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

စဏ္ဍကာဠီဘိက္ခုနီမ၏ တစုံတခုသောလျှင်ဖြစ်သော အဓိကရုဏ်း၌ ရှုံးသည်ဖြစ်၍ စိတ်ဆိုးသည် ဖြစ်၍ မနှစ်သက်သည် ဖြစ်၍ "ရဟန်းမိန်းမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏၊ ရဟန်းမိန်းမတို့သည် ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ ရဟန်းမိန်းမတို့သည် မောဟာဂတိသို့လည်း လိုက်ကုန်၏၊ ရဟန်းမိန်းမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏" ဟု ဆိုခြင်းအကြောင်းကြောင့် ပညတ်တော် မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏၊ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပ သမုဋ္ဌာန်တည်း။ပ။

(လူတို့နှင့်) ရောနှောသော ရဟန်းမိန်းမတို့၏ သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ်သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော် မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော် မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

များစွာကုန်သော ရဟန်းမိန်းမတို့၏ (လူဘို့နှင့်) ရောနှောသည်ဖြစ်၍ နေကြကုန်ခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ဓုရနိက္ခေပသမုဋ္ဌာန်တည်း။ပ။

"သျှင်မတို့ သင်တို့သည် (လူတို့နှင့်) ရောနှောသည်ဖြစ်၍သာလျှင် နေကြကုန်လော့၊ သင်တို့သည် အသီးအခြားမနေကြကုန်လင့်" ဟု တိုက်တွန်းသော ရဟန်းမိန်းမ၏ သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သံဃာဒိသိသ် သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

http://www.dhammadownload.com



အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ထုလ္လနန္ဒာဘိက္ခုနီမ၏ "သျှင်မတို့ သင်တို့သည် (လူတို့နှင့်) ရောနှောကုန်သည်ဖြစ်၍ သာလျှင် နေကြကုန်လော့၊ သင်တို့သည် အသီးအခြားမနေကြကုန်လင့်"ဟု တိုက်တွန်းခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏။ ခုရနိက္ခေပ သမုဋ္ဌာန်တည်း။ပ။

နို့ဓမ်းကိုတောင်း၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် ပါဋိဒေသနီ သိက္ခာပုဒ်ကို အဘယ်အရပ်၌ ပညတ်တော်မူအပ်ပါသနည်း။

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။

အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း။

ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့၏ နို့ဓမ်းကို တောင်း၍ စားကြခြင်းအကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။

(မူလ)ပညတ်တပါး၊ အနုပညတ်တပါးရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်၏။ပ။

ရှေးဦးစွာသော ကတ္ထပညတ္တိဝါရ ပြီး၏။

---

## ၂-ကတာပတ္တိဝါရ

### ၁-ပါရာဇိကအာပတ်

၂၄၉။ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ် မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် ငါးပါးသော အာပတ်တို့သို့ ရောက်၏။

(ကိလေသာ) စိုစွတ်သော ရဟန်းမိန်းမသည် (ကိလေသာ) စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ညှပ်ရိုးနှစ်ဖက်၏ အောက်၊ ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အထက်၌ ကိုင်ခြင်းကို သာယာအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် (မိမိ၏) ကိုယ်ဖြင့် (မိန်းမ၏) ကိုယ်ကို သုံးသပ်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

(မိမိ၏) ကိုယ်ဖြင့် (မိန်းမ၏) ကိုယ်နှင့်စပ်သော အရာဝတ္ထုကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



(မိမိ၏) ကိုယ်နှင့်စပ်သော အရာဝတ္ထုဖြင့် (မိန်းမ၏) ကိုယ်နှင့်စပ်သော အရာဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ဂျိုင်းထိုး၍ ကစားခြင်းကြောင့် ပါစိတ်အာပတ်သို့ ရောက်၏။

ကိုယ်လက်နှီးနှော့ခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် ဤငါးပါးသော အာပတ်တို့သို့ရောက်၏။

အပြစ်ကိုဖုံးလွှမ်းခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

အပြစ်ကိုဖုံးလွှမ်းခြင်းတည်းဟူသောအကြောင်းကြောင့် လေးပါးသောအာပတ်တို့သို့ ရောက်၏၊

ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ယုံမှားသည်ဖြစ်၍ (ပါရာဇိကအာပတ်ကို) ဖုံးလွှမ်းအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းအံ့ပါစိတ်အာပတ်သို့ ရောက်၏။

အာစာရဝိပတ္တိကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အပြစ်ကို ဖုံးလွှမ်းခြင်း တည်းဟူသော အကြောင်းကြောင့် ဤလေးပါးသော အာပတ်တို့သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် ငါးပါးသော အာပတ်တို့သို့ ရောက်၏။

နှင်ထုတ်ထားသော ရဟန်းသို့ အတုလိုက်သော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်အံ့၊ ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏၊ကမ္မဝါစာ၏ အဆုံး၌ ပါရာဇိက အာပတ်သို့ ရောက်၏။

သံဃာသင်းခွဲသော ရဟန်းသို့ အတုလိုက်သော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် ယုတ်မာသော အယူကို မစွန့်အံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဥတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေခြင်း တည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

ရှစ်ခုမြောက်သော ဝတ္ထုကိုပြည့်စေခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ယောကျ်ားက "ဤမည်သော အရပ်သို့ လာလော့" ဟု ဆိုအပ်သည်ဖြစ်၍ သွားအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

ယောကျ်ား၏ နှစ်တောင်ထွာ 'ဟတ္ထပါသ်'သို့ သက်ဝင်ကာမျှ၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ရှစ်ခုမြောက်သော ဝတ္ထုကိုပြည့်စေခြင်းတည်းဟူသော အကြောင်းကြောင့် ဤသုံးပါးသော အာပတ်တို့သို့ ရောက်၏။

ပါရာဇိက ပြီး၏။

---

## ၂-သံဃာဒိသိသ်စသည်

၂၅၀။ မာန်အမျက်ပွါးသဖြင့် ငြင်းခုံသော ရဟန်းမိန်းမ၏ တရားတွေ့ခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်၏။

တယောက်သောသူအား ပြောကြားအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

နှစ်ယောက်ခမြောက်သော သူအား ပြောကြားအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

တရားတွေ့သည်၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ရောက်၏။

အဖော်မပါ တယောက်တည်းတည်း ရွာတပါးသို့ သွားခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

သွားအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ ပဌမဖဝါးလှမ်းအရံအတားကို လွန်စေအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။ ဒုတိယဖဝါးလှမ်းကို လွန်စေအံ့၊ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ဟုတ်မှန်သော (မြတ်စွာဘုရား၏) ဝိနည်းကံဖြင့် မြတ်စွာဘုရား၏ (ဉတ္တိစတုတ္ထကမ္မဝါစာ) အဆုံး အမတော်ဖြင့် ညီညွတ်သော သံဃာက နှင်ထုတ်ထားသော ရဟန်းမိန်းမကို အမှုဆောင် ကာရက သံဃာကို မပြောကြားပဲ ဂိုဏ်း၏ အလိုကိုမသိပဲ (သံဃာဘောင်သို့) သွင်းခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ် အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

(ကိလေသာ)စိုစွတ်သော ရဟန်းမိန်းမသည် (ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏လက်မှ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း မိမိလက်ဖြင့်ယူ၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



"ခဲမည် စားမည်"ဟု ခံယူအံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း သံဃာဒိသိသ် အာပတ်သို့ ရောက်၏၊ ရေ ဒန်ပူကို ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ရောက်၏။

"သျှင်မ အကြင့်ကြောင့် သင်သည်(ကိလေသာ)မစိုစွတ်၊ ထိုကြောင့် ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် (ကိလေသာ)စိုစွတ်သည်လည်း ဖြစ်စေ၊ (ကိလေသာ)မစိုစွတ်သည်လည်း ဖြစ်စေ၊ သင့်အား အသို့ပြုလတ္တံ့နည်း၊ သျှင်မ တိုက်တွန်းပါ၏၊ ဤယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည် သင့်အား အကြင်ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း ပေးလှူအံ့၊ ထိုခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲလော့၊ စားမူလည်း စားလော့"ဟု တိုက်တွန်းခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ထို(တိုက်တွန်းသော)ရဟန်းမိန်းမ၏ ပြောဆိုခြင်းဖြင့် ခဲမည် စားမည်ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ထုလ္လစ္စည်း အာပတ်သို့ ရောက်၏၊စားပြီးသည် အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

အမျက်ထွက်သော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို) မစွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

တစုံတခုသောလျှင် ဖြစ်သော အဓိကရုဏ်း၌ ရှုံးသော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

လူတို့နှင့် ရောနှောသော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက်(အယူကို)မစွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

"သျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောကုန်သည် ဖြစ်၍သာလျှင် နေကြကုန်လော့၊ သင်တို့သည် အသီးအခြား မနေကြကုန်လင့်"ဟု တိုက်တွန်းသော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ခြင်း တည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။
သံဃာဒိသိသ် ဆယ်ပါးပြီး၏။ပ။

(အောက်၌ကဲ့သို့ပင် ချဲ့ရမည်၊ အကြောင်းကြောင့်ဟူသည်သာလျှင် ထူး၏)။

http://www.dhammadownload.com



နို့ဓမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

နို့ဓမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ခဲမည် စားမည်ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါစိတ္တိယအာပတ်သို့ ရောက်၏။

နို့ဓမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် ဤနှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

နှစ်ခုမြောက် ကတာပတ္တိဝါရ ပြီး၏။

## ၃-ဝိပတ္တိဝါရ

၂၅၁။ ကိုယ်လက် နှီးနှောခြင်းသို့ ရောက်ခြင်း တည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

ကိုယ်လက်နှီးနှောခြင်းသို့ ရောက်ခြင်း တည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။ပ။

နို့ဓမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

နို့ဓမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်ကုန်၏။

သုံးခုမြောက် ဝိပတ္တိဝါရ ပြီး၏။

## ၄-သင်္ဂဟဝါရ

၂၅၂။ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့်(သင့်သော) အာပတ်တို့ကို ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

ကိုယ်လက် နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် ငါးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ သံဃာဒိသိသ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စဥ်းအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္កဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။ပ။

http://www.dhammadownload.com



နို့ဓမ်းကို တောင်း၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

နို့ဓမ်းကို တောင်း၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့ကို ခုနစ်ပါးသော အာပတ်အစုတို့တွင် နှစ်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါဋိဒေသနီ အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

လေးခုမြောက် သင်္ဂဟဝါရ ပြီး၏။

## ၅-သမုဋ္ဌာနဝါရ

၂၅၃။ ကိုယ်လက် နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ပ။

နို့ဓမ်းကို တောင်း၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

နို့ဓမ်းကို တောင်း၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

ငါးခုမြောက် သမုဋ္ဌာနဝါရ ပြီး၏။

## ၆-အဓိကရဏဝါရ

၂၅၄။ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသောအကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။ပ။

http://www.dhammadownload.com



နို့ဓမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

နို့ဓမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခြောက်ခုမြောက် အဓိကရဏဝါရ ပြီး၏။

## ၇-သမထဝါရ

၂၅၅။ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့်(သင့်သော) အာပတ်တို့သည် ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း ငြိမ်းအေးကုန်၏။ ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရကဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။ပ။

နို့ဓမ်းကို တောင်း၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော)အာပတ်တို့သည် ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

နို့ဓမ်းကို တောင်း၍ စားခြင်းတည်းဟူသော အကြောင်းကြောင့် (သင့်သော) အာပတ်တို့သည် ခုနစ်ပါးကုန်သော သမထတို့တွင် သုံးပါးကုန်သော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရကဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

ခုနစ်ခုမြောက် သမထဝါရသည် ပြီး၏။

## ၈-သမုစ္စယဝါရ

၂၅၆။ ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

ကိုယ်လက်နှီးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် ငါးပါးသော အာပတ်တို့သို့ ရောက်၏။

(ကိလေသာ)စိုစွတ်သော ရဟန်းမိန်းမသည်(ကိလေသာ)စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ညှပ်ရိုး နှစ်ဖက်၏ အောက်၊ ပုဆစ် ဒူးဝန်းနှစ်ဖက်၏ အထက်၌ ကိုင်ခြင်းကို သာယာအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် (မိမိ၏)ကိုယ်ဖြင့် (မိန်းမ၏)ကိုယ်ကို သုံးသပ်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ရဟန်းယောကျ်ားသည် (မိမိ၏)ကိုယ်ဖြင့် (မိန်းမ၏) ကိုယ်နှင့်စပ်သော အရာဝတ္ထုကို သုံးသပ်အံ့၊ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏။

ကိုယ်နှင့်စပ်သော အရာဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော အရာဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

ဂျိုင်းထိုး၍ ကစားခြင်းကြောင့် ပါစိတ်အာပတ်သို့ ရောက်၏။

ကိုယ်လက်နှိုးနှောခြင်းကို သာယာခြင်းတည်းဟူသော အကြောင်းကြောင့် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

ထို(ငါးပါးကုန်သော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ် ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(ငါးပါးကုန်သော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ငါးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိက အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ သံဃာဒိသိသ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စည်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ် အာပတ် အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးကုန်သော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာ ရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။ ပ။

နို့ခမ်းကို တောင်း၍စားခြင်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

နို့ခမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



စားမည်ဟု ခံယူအပ်၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မျိုတိုင်း မျိုတိုင်း ပါစိတ္တိယအာပတ်သို့ ရောက်၏။

နို့မဲမ်းကို တောင်း၍ စားခြင်း တည်းဟူသော အကြောင်းကြောင့် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ထို(နှစ်ပါးကုန်သော) အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(နှစ်ပါးကုန်သော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသောဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် နှစ်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။ ရံခါ ပါစိတ္တိယ အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် လေးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့်မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါ ဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။

ရှစ်ခုမြောက် သမုစ္စယဝါရ ပြီး၏။

ပစ္စယဝါရရှစ်ပါး ပြီး၏။

**ဘိက္ခုနီဝိဘင်း၌ ဝါရကြီး (၁၆)ပါး ပြီး၏။**

http://www.dhammadownload.com

# သမုဋ္ဌာန် ခေါင်းစဉ် အကျဉ်း

## အာပတ္တိသမုဋ္ဌာန်၏ အကျဉ်းချုပ်

၂၅၇။ သင်္ခါရတရား အားလုံးတို့သည် အမြဲမရှိကုန်၊ သင်္ခတတရား အားလုံးတို့သည် ဆင်းလည်း ဆင်းရဲကုန်၏၊ ကိုယ်လည်းမဟုတ်ကုန်၊ နိဗ္ဗာန်နှင့် ပညတ်ကို ကိုယ်မဟုတ် 'အနတ္တ' ဟူ၍ ဆုံးဖြတ်အပ်၏။

ဘုရားတည်းဟူသော လမင်းသည် မပေါ်ထွန်း မပွင့်သည်ရှိသော် ဘုရားတည်းဟူသော နေမင်းသည် (မပေါ်မထွက်)မတက်သည်ရှိသော် ထို အနိစ္စ စသော သဘောတရားတို့၏ အမည်မျှသည် လည်း မထင်ရှား(မသိနိုင်)။

အထူးထူး အပြားပြား များစွာသော ပြုနိုင်ခဲသော စွန့်ကြဲခြင်းစသောအမှုကို ပြုတော်မူကုန်၍ သူမြတ်တို့၏ ဥစ္စာ(ပါရမီဆယ်ပါး အပြား သုံးဆယ်)တို့ကို ဖြည့်ကျင့်တော်မူကုန်ပြီးလျှင် ဗြဟ္မာနှင့်တကွသော လောက၌ မျက်စိသဖွယ် ဖြစ်တော်မူကုန်သော ကြီးမြတ်သော လုံ့လရှိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကြကုန်၏။

ထိုမြတ်စွာဘုရားတို့သည် ဆင်းရဲခပ်သိမ်းကို ပယ်ဖျောက်ကြောင်း ဖြစ်သော ချမ်းသာကို ရွက်ဆောင်တတ်သော သူတော်ကောင်းတို့၏ တရားကို ဟောတော်မူကုန်၏။

ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက် ထွက်သော အရောင်ရှိတော်မူသော သတ္တဝါခပ်သိမ်းကို သနားတော်မူတတ်သော—

သတ္တဝါခပ်သိမ်းတို့ထက် မြတ်တော်မူသော ခြင်္သေ့မင်းနှင့် တူသော သာကီနွယ်ဖွား(ငါတို့)ဘုရားသည်လည်း များသော အာနိသင် 'အကျိုး' ရှိသော သုတ္တန် အဘိဓမ္မာ ဝိနည်း ဟူသော ပိဋကတ်သုံးပုံတို့ကို ဟောတော်မူ၏။

ဝိနည်းပရိယတ်သည် မကွယ်မပျောက် တည်သည်ရှိသော် သူတော်ကောင်းတို့၏ (ပဋိပတ်၊ ပဋိဝေဓ)တရားသည်လည်း တည်၏။ ဉဘတော ဝိဘင်း ခန္ဓကမာတိကာတို့သည်—

ပန်းသည် ပန်းသီတံချည်ဖြင့် သီကုံးဖွဲ့ခြင်းဖြင့် တည်သကဲ့သို့ ပရိဝါပါဠိတော်ဖြင့် သီကုံးဖွဲ့ပါကုန်မူကား တည်ကုန်၏။ ထိုပရိဝါပါဠိတော်၌ပင်လျှင် အမြဲပြအပ်သော နိယတသမုဋ္ဌာန်သည်ရှင်း။

(နိယတသမုဋ္ဌာန်မှ) တပါးသော သမ္ဘိန္နသမုဋ္ဌာန်သည်ရှင်း နိဒါန်းသည်ရှင်း အထက်ဖြစ်သော ပရိဝါပါဠိတော်၌ပင် ထင်ကုန်၏၊ ထို့ကြောင့် တရားတော်ကို အလိုရှိသော ကောင်းစွာ သီလကို ချစ်သော သူတော်ကောင်းသည် ပရိဝါပါဠိတော်ကို သင်ရာ၏။ ဤတွင်ရွေ့ **တိုက်တွန်း** ချက်ပြီး၏။

http://www.dhammadownload.com



## သမုဋ္ဌာန်တဆယ့်သုံးပါး

ဝိဘင်းနှစ်ပါးတို့၌ ပညတ်တော်မူအပ်သည့်ပြင် ဥပုသ်နေ့၌ ပြအပ်သော (သိက္ခာပုဒ်၏) သမုဋ္ဌာန်ကို သိထိုက်သော သမုဋ္ဌာန်နည်းအားလျော်စွာ ဆိုပေအံ့၊ ငါ၏(အထံမှ)နာကြကုန်လော့။

ပဌမပါရာဇိက သမုဋ္ဌာန်ရင်း နှစ်ခုမြောက်အဒိန္နာဒါနသမုဋ္ဌာန်ရင်း ထိုမှတပါး သဉ္စရိတ္တသမုဋ္ဌာန်ရင်း သမနုဘာသနသမုဋ္ဌာန်ရင်း အတိရေကစီဝရသမုဋ္ဌာန်ရင်း (ကထိနသမုဋ္ဌာန်ရင်း) ဧဠကလောမသမုဋ္ဌာန်ရင်း ပဒသောဓမ္မသမုဋ္ဌာန်ရင်း ဘူတာရောစနသမုဋ္ဌာန်ရင်း **အဒ္ဓါန** သမုဋ္ဌာန်ရင်း ထေယျသတ္ထသမုဋ္ဌာန် ဓမ္မဒေသနာသမုဋ္ဌာန် စောရီဝုဋ္ဌာပနသမုဋ္ဌာန်ရင်း **အနနုညာတ**သမုဋ္ဌာန်နှင့်တကွ တဆယ့်သုံးပါးသော သမုဋ္ဌာန်တို့သည် ဖြစ်ကုန်၏။

ထိုတဆယ့်သုံးပါးသော သမုဋ္ဌာန်နည်းတို့ကို ပညာရှိတို့သည် ကြံစည်အပ်ကုန်၏၊ ဤဥဘတောဝိဘင်း၌ (တဆယ့်သုံးပါးသော သမုဋ္ဌာန်တို့တွင်) တခု တခုသော သမုဋ္ဌာန်၌ တူသောသမုဋ္ဌာန်တို့သည် ဝင်ကုန်၏။

## ၁-ပဌမပါရာဇိကသမုဋ္ဌာန်

၂၅၈။ မေထုနသိက္ခာပုဒ် သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် ကာယသံသဂ္ဂသိက္ခာပုဒ် ပဌမအနိယတသိက္ခာပုဒ် ပုဗ္ဗုပဂတသိက္ခာပုဒ် ဘိက္ခုနီ ပရိပါစိတပိဏ္ဍပါတသိက္ခာပုဒ် ဘိက္ခုနီမနှင့်တကွ ဆိတ်ကွယ်ရာ နေသော ဘိက္ခုနီ ရဟောနိသဇ္ဇသိက္ခာပုဒ်။

သဘောဇနကုလအနုပခဇ္ဇ သိက္ခာပုဒ် နှစ်ပါးသော မာတုဂါမ ရဟောနိသဇ္ဇ သိက္ခာပုဒ် အင်္ဂုလိပတောဒက သိက္ခာပုဒ် ဥဒကဟာသမ္မေသိက္ခာပုဒ် ပဟာရဒါန သိက္ခာပုဒ် တလသတ္တိက ဥဂ္ဂိရဏသိက္ခာပုဒ် ငါးဆယ့်သုံးပါးသော သေခိယသိက္ခာပုဒ်များ။

အဓက္ခကသိက္ခာပုဒ် ဂါမန္တရဂမနသိက္ခာပုဒ် အဝဿုတခါဒနီယဂဟဏသိက္ခာပုဒ် **တလဃာတက**သိက္ခာပုဒ် ဇတုမဋ္ဌကသိက္ခာပုဒ် ဥဒကသုဒ္ဓိကာဒိယနသိက္ခာပုဒ် **ဝဿံဝုဋ္ဌဆပဉ္စ** ယောဇနသိက္ခာပုဒ် ဩဝါဒါဂမနသိက္ခာပုဒ် ပစ္စတ္ထိနိနာနုဗန္ဓန သိက္ခာပုဒ်။

ခုနစ်ဆယ့်ခြောက်ပါးသော ဤသိက္ခာပုဒ်တို့ကို ကိုယ်စိတ်ကြောင့် ဖြစ်ကုန်၏ ဟူ၍ ဆိုအပ်ကုန်၏၊ပဌမပါရာဇိက သိက္ခာပုဒ်သည် တခုသော အကြောင်းကြောင့်သာ ဖြစ်သကဲ့သို့ **အလုံး**စုံသော သိက္ခာပုဒ်တို့သည် တခုသော အကြောင်းကြောင့်သာ ဖြစ်ကုန်၏။

ပဌမပါရာဇိကသမုဋ္ဌာန် ပြီး၏။

---

## ၂-ဒုတိယပါရာဇိက သမုဋ္ဌာန်

၂၅၉။ အဒိန္နာဒါနသိက္ခာပုဒ် မနုဿဝိဂ္ဂဟသိက္ခာပုဒ် ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ် ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် အတ္တကာမပါရိစရိယသိက္ခာပုဒ် အမူလကသိက္ခာပုဒ် အညဘာဂိယသိက္ခာပုဒ် ဒုတိယအနိယတသိက္ခာပုဒ်။

http://www.dhammadownload.com



စီဝရဒါနအစ္စိန္နနသိက္ခာပုဒ် အတ္တပရိဏာမနသိက္ခာပုဒ် မုသာဒါဒသိက္ခာပုဒ် ဩမသဝါဒ သိက္ခာပုဒ် ဘိက္ခုပေသုညသိက္ခာပုဒ် ဒုဋ္ဌုလ္လာပတ္တိအာရောစနသိက္ခာပုဒ် ပထဝီခဏနသိက္ခာပုဒ် ဘူတဂါမသိက္ခာပုဒ် အညဝါဒကသိက္ခာပုဒ် ဥဇ္ဈာပနကသိက္ခာပုဒ်။

ဝိဟာရနိကစ္စနသိက္ခာပုဒ် ဥဒကသိဉ္စနသိက္ခာပုဒ် အာမိသဟေတုသိက္ခာပုဒ် ဒုတိယပဝါ ရဏာသိက္ခာပုဒ် ဥယျောဇနသိက္ခာပုဒ် အနာဒရိယသိက္ခာပုဒ် ဘိက္ခုဘိံသာပနကသိက္ခာပုဒ် အပနိဓာပနသိက္ခာပုဒ် ဇီဝိတာဝေါရောပနသိက္ခာပုဒ် (သဥ္စိစ္စပါဏသိက္ခာပုဒ်)။

ဇာနသပါဏကဥဒကသိက္ခာပုဒ် ဥက္ကောဋနသိက္ခာပုဒ် ဦနဝီသတိဝဿသိက္ခာပုဒ် ဥက္ခိတ္တက သံဝါသသိက္ခာပုဒ် နာသိတကသာမဏေရသမ္ဘောဂသိက္ခာပုဒ် သဟဓမ္မိကဝုစ္စမာနသိက္ခာပုဒ် ဝိလေခနသိက္ခာပုဒ် မောဟနကပါစိတ္တိယသိက္ခာပုဒ် အမူလကအနုဒ္ဓံသနသိက္ခာပုဒ်။

ကုက္ကုစ္စုပ္ပါဒနသိက္ခာပုဒ် ဆန္ဒံဒတ္ဝာခိယနသိက္ခာပုဒ် စီဝရံဒတ္ဝာခိယနသိက္ခာပုဒ် ပုဂ္ဂလပရိ ဏာမနသိက္ခာပုဒ် ဒုတိယအဝဿုတ သိက္ခာပုဒ် အကာလစီဝရဘာဇနသိက္ခာပုဒ် စီဝရပရိဝတ္တန အစ္ဆိန္နနသိက္ခာပုဒ် ပရံဥဇ္ဈာပနသိက္ခာပုဒ် အဘိသပနသိက္ခာပုဒ်။

ဂဏစီဝရလာဘသိက္ခာပုဒ် စီဝရဝိဘင်္ဂသိက္ခာပုဒ် ဒုဗ္ဗလစီဝရပစ္စာသာသိက္ခာပုဒ် ကထိနုဒ္ဓါရ သိက္ခာပုဒ် အဖာသုကရဏသိက္ခာပုဒ် ဥပဿယသိက္ခာပုဒ် အက္ကောသနသိက္ခာပုဒ် စဏ္ဍိကသိက္ခာ ပုဒ် ကုလမစ္ဆရသိက္ခာပုဒ် ဂဗ္ဘိနီသိက္ခာပုဒ် ပါယန္တီသိက္ခာပုဒ်။

ဒွေဝဿသိက္ခာပုဒ် သံဃေနအသမ္မတသိက္ခာပုဒ် သုံးပါးသော ပဌမဂိဟိဂတသိက္ခာပုဒ် ဒုတိယ ဂိဟိဂတသိက္ခာပုဒ် တတိယဂိဟိဂတသိက္ခာပုဒ်များ သုံးပါးသော ပဌမကုမာရိဘူတသိက္ခာပုဒ် ဒုတိယကုမာရိဘူတသိက္ခာပုဒ် တတိယကုမာရိဘူတသိက္ခာပုဒ်များ ဦနဒွါဒသဝဿဝုဋ္ဌာပန သိက္ခာပုဒ် အသမ္မတာသဒ္ဒါဖြင့် မှတ်အပ်သော ပရိပုဏ္ဏဒွါဒသဝဿဝုဋ္ဌာပနသိက္ခာပုဒ်။

ခိယျဓမ္မသိက္ခာပုဒ် ပုရိသသံသဋ္ဌသိက္ခာပုဒ် ပါဋိဝါသိကဆန္ဒဒါနသိက္ခာပုဒ် အနုဝဿဝုဋ္ဌာပန သိက္ခာပုဒ် ဒွေဝုဋ္ဌာပန သိက္ခာပုဒ်။ ခုနစ်ဆယ်ကုန်သော ဤသိက္ခာပုဒ်တို့ကို ဒုတိယပါရာဇိက သိက္ခာပုဒ်ကဲ့သို့ တိကသမုဋ္ဌာန်တို့ဟူ၍ ဆိုအပ်ကုန်၏။

ကိုယ်စိတ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့်မဖြစ်ကုန်။ နှုတ်စိတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ် ကြောင့် မဖြစ်ကုန်။ သုံးပါးသော ကိုယ် နှုတ် စိတ်တို့ကြောင့် ဖြစ်ကုန်၏။

ဒုတိယပါရာဇိကသမုဋ္ဌာန် ပြီး၏။

---

## ၃-သဉ္စရိတ္တသမုဋ္ဌာန်

၂၆၀။ သဉ္စရိတ္တသိက္ခာပုဒ် ကုဋိကာရသိက္ခာပုဒ် ဝိဟာရသိက္ခာပုဒ် ပုရာဏစီဝရဓောဝန သိက္ခာပုဒ် စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ် အညာတကဝိညတ္တိသိက္ခာပုဒ် တတုတ္တရိသာဒိယနသိက္ခာ ပုဒ် နှစ်ပါးသော ပဌမဥပက္ခဋသိက္ခာပုဒ် ဒုတိယဥပက္ခဋသိက္ခာပုဒ် ရာဇသိက္ခာပုဒ်။

http://www.dhammadownload.com



ကောသိယသိက္ခာပုဒ် သုဒ္ဓကာဠကသိက္ခာပုဒ် ဒွေဘာဂသိက္ခာပုဒ် ဆဗ္ဗဿသိက္ခာပုဒ် နိသီဒန သန္ထတသိက္ခာပုဒ် ဧဠကလောမဓောဝါပနသိက္ခာပုဒ် ရူပိယပဋိဂ္ဂဟဏသိက္ခာပုဒ် နှစ်ပါးသော ရူပိယသံဝေါဟာရသိက္ခာပုဒ် ကယဝိက္ကယသိက္ခာပုဒ်များ။

ဦနပဉ္စဗန္ဓနသိက္ခာပုဒ် ဝဿိကသာဋိကသိက္ခာပုဒ် သုတ္တဝိညတ္တိသိက္ခာပုဒ် ပေသကာရ သိက္ခာပုဒ် မဟာလ္လကဝိဟာရသိက္ခာပုဒ် စီဝရဒါနသိက္ခာပုဒ် စီဝရသိဗ္ဗနသိက္ခာပုဒ် ကာဏမာတာ သိက္ခာပုဒ် မဟာနာမသိက္ခာပုဒ် ဇောတိသမာဒဟနသိက္ခာပုဒ်။

ရတနသိက္ခာပုဒ် သူစိဃရသိက္ခာပုဒ် မဉ္စသိက္ခာပုဒ် တူလောနဒ္ဓသိက္ခာပုဒ် နိသီဒနသိက္ခာပုဒ် ကဏ္ဍုပဋိစ္ဆာဒိသိက္ခာပုဒ် ဝဿိကသာဋိကသိက္ခာပုဒ် နန္ဒထေရသိက္ခာပုဒ် အညဝိညာပနသိက္ခာ ပုဒ် အညစေတာပန သိက္ခာပုဒ်။

နှစ်ပါးသော အညဒတ္တိသံဃိကသိက္ခာပုဒ် သံဃိကသညာစိကသိက္ခာပုဒ်များ နှစ်ပါးသော မဟာဇနိကသိက္ခာပုဒ် မဟာဇနိကသညာစိကသိက္ခာပုဒ်များ ပုဂ္ဂလိကသညာစိကသိက္ခာပုဒ် ဂရုပါဝုရဏသိက္ခာပုဒ် လဟုပါဝုရဏသိက္ခာပုဒ် နှစ်ပါးသော ပဌမဝိဃာသသိက္ခာပုဒ် ဒုတိယ ဝိဃာသသိက္ခာပုဒ်များ ဉဒကသာဋိကသိက္ခာပုဒ် သမဏစီဝရဒါနသိက္ခာပုဒ်။

အမျိုးဆယ်သောဤသိက္ခာပုဒ်တို့သည် ခြောက်ပါးသော သမုဋ္ဌာန်တို့ကြောင့်ဖြစ်ကုန်၏။ ကိုယ်ကြောင့်ဖြစ်ကုန်၏၊ နှုတ်စိတ်တို့ကြောင့်မဖြစ်ကုန်။ နှုတ်ကြောင့်ဖြစ်ကုန်၏၊ ကိုယ်စိတ်တို့ကြောင့် မဖြစ်ကုန်။ ကိုယ်နှုတ်တို့ကြောင့် ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ကိုယ်စိတ်တို့ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ နှုတ်စိတ်တို့ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ သုံးပါးကုန်သော ကိုယ်နှုတ်စိတ်တို့ကြောင့် ဖြစ်ကုန်၏။ ထိုသိက္ခာပုဒ်ငါးဆယ်တို့သည် သမုဋ္ဌာန် ခြောက်ပါးတို့ကြောင့် ဖြစ်ကုန်၏၊ သဥ္ဆရိတ္တသိက္ခာပုဒ်နှင့် တူကုန်၏။

သဥ္စရိတ္တသမုဋ္ဌာန် ပြီး၏။

---

## ၄-သမနုဘာသနသမုဋ္ဌာန်

၂၆၁။ သံဃဘေဒါနုဝတ္တကသိက္ခာပုဒ် ဒုဗ္ဗစသိက္ခာပုဒ် ကုလဒူသကသိက္ခာပုဒ် ဒုဋ္ဌုလ္လ ပဋိစ္ဆာဒနသိက္ခာပုဒ် အရိဋ္ဌသိက္ခာပုဒ် ဆန္ဒံအဒတွာဂမနသိက္ခာပုဒ် နှစ်ပါးသော ဥဇ္ဈာပ္ပိကာဂမန သိက္ခာပုဒ် ဥဇ္ဈာပ္ပိကာနိသီဒနသိက္ခာပုဒ် နှစ်ပါးသော အပ္ပသဒ္ဒဂမနသိက္ခာပုဒ် အပ္ပသဒ္ဒနိသီဒန သိက္ခာပုဒ် နဗျာဟရဏသိက္ခာပုဒ်။

ဆမာနိသီဒနသိက္ခာပုဒ် နီစာသနနိသီဒနသိက္ခာပုဒ် ဌိတနိသီဒနသိက္ခာပုဒ် **ပစ္ဆတော ဂမနသိက္ခာပုဒ်** ဥပ္ပထဂမနသိက္ခာပုဒ် ဝဇ္ဇပဋိစ္ဆာဒနသိက္ခာပုဒ် **ဥက္ခိတ္တာနုဝတ္တကသိက္ခာပုဒ် အဋ္ဌဝတ္ထုကသိက္ခာပုဒ်** ဥက္ခိတ္တဩသာရဏသိက္ခာပုဒ် ပဌမကုပိတသိက္ခာပုဒ်။

http://www.dhammadownload.com



ဒုတိယကုပိတသိက္ခာပုဒ် နှစ်ပါးသော ပဌမသံသဋ္ဌသိက္ခာပုဒ် ဒုတိယသံသဋ္ဌသိက္ခာပုဒ် ဝဓိတွာရောဒနသိက္ခာပုဒ် စီဝရဝိဗ္ဘင်္ဂသိက္ခာပုဒ် ဒုက္ခိတသဟဇီဝိနီသိက္ခာပုဒ် တဖန် သံသဋ္ဌ သိက္ခာပုဒ် နဝုပသမနသိက္ခာပုဒ် အာရာမသိက္ခာပုဒ် နပ္ပဝါရဏာသိက္ခာပုဒ်။

ဒွေဓမ္မသိက္ခာပုဒ် နှစ်ပါးသော ပဌမသဟဇီဝိနီသိက္ခာပုဒ် ဒုတိယသဟဇီဝိနီသိက္ခာပုဒ် စီဝရသိက္ခာပုဒ် ဒွေဝဿသိက္ခာပုဒ်။

ဤသမနုဘာသနသိက္ခာပုဒ်သည် ကိုယ်နှုတ်စိတ်အားဖြင့် ကေသမုဋ္ဌာန်ဖြစ်သကဲ့သို့ အလုံးစုံသော ဤသုံးဆယ့်ခုနစ်ပါးသော သိက္ခာပုဒ်တို့သည် ကိုယ်နှုတ်စိတ်အားဖြင့် ကေသမုဋ္ဌာန်တို့ ဖြစ်ကုန်၏။

သမနုဘာသနသမုဋ္ဌာန် ပြီး၏။

---

## ၅-ကထိနသမုဋ္ဌာန်

၂၆၂။ သုံးပါးသော ပဌမကထိနသိက္ခာပုဒ် ဒုတိယကထိနသိက္ခာပုဒ် တတိယကထိနသိက္ခာပုဒ် ပဌမပတ္တသိက္ခာပုဒ် ဘေသဇ္ဇသိက္ခာပုဒ် အစ္စေကစီဝရသိက္ခာပုဒ် သာသင်္ကသိက္ခာပုဒ် နှစ်ပါးသော ပဌမသေနာသနသိက္ခာပုဒ် ဒုတိယသေနာသန သိက္ခာပုဒ်များ။

ဘိက္ခုနုပဿယသိက္ခာပုဒ် ပရမ္ပရဘောဇနသိက္ခာပုဒ် ပဌမပဝါရဏာသိက္ခာပုဒ် စာရိတ္တသိက္ခာပုဒ် ဝိကပ္ပနသိက္ခာပုဒ် အန္တေပုရသိက္ခာပုဒ် ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ် ဒုတိယပါဋိဒေသနီ သိက္ခာပုဒ် စတုတ္ထပါဋိဒေသနီသိက္ခာပုဒ်။

ဥဿယဝါဒိကသိက္ခာပုဒ် ပတ္တသန္နိစယသိက္ခာပုဒ် ပုရေဘတ္တသိက္ခာပုဒ် ပစ္ဆာဘတ္တသိက္ခာပုဒ် ဝိကာလသိက္ခာပုဒ် ပဉ္စာဟိကသိက္ခာပုဒ် စီဝရသင်္ကမနီယသိက္ခာပုဒ် နှစ်ပါးလည်း ဖြစ်သော ပဌမအာဝသထသိက္ခာပုဒ် ဒုတိယအာဝသထသိက္ခာပုဒ်များ။

ပသာခသိက္ခာပုဒ် ဘိက္ခုဿပုရတောသိက္ခာပုဒ်။

တနုယုတ် သုံးဆယ်သော ဤသိက္ခာပုဒ်တို့သည် ကိုယ်နှုတ်တို့ကြောင့် ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ သုံးပါးသော ကိုယ်နှုတ်စိတ်တို့ကြောင့် ဖြစ်ကုန်၏။ အလုံးစုံသော သိက္ခာပုဒ် နှစ်ဆယ့်ကိုးပါးတို့သည် ဒွိသမုဋ္ဌာန်တို့တည်း၊ ကထိနသိက္ခာပုဒ်နှင့် တူကုန်၏။

ကထိနသမုဋ္ဌာန် ပြီး၏။

---

## ၆-ဧဠကလောမသမုဋ္ဌာန်

၂၆၃။ ဧဠကလောမသိက္ခာပုဒ် နှစ်ပါးသောပဌမသဟသေယျသိက္ခာပုဒ် ဒုတိယသဟသေယျ သိက္ခာပုဒ်များ ဝေဟာသကုဋိသိက္ခာပုဒ် အာဝသထပိဏ္ဍဘောဇနသိက္ခာပုဒ် ဂဏဘောဇန

http://www.dhammadownload.com



သိက္ခာပုဒ် ဝိကာလဘောဇနသိက္ခာပုဒ် သန္နိဓိကာရကသိက္ခာပုဒ် ဒန္တပေါဏသိက္ခာပုဒ် အစေလကသိက္ခာပုဒ်။

ဥယျုတ္တသေနသိက္ခာပုဒ် သေနာဝသနသိက္ခာပုဒ် ဥယျောဓိကသိက္ခာပုဒ် သုရာပါနသိက္ခာပုဒ် ဩရေနဒ္ဓမာသနှာနသိက္ခာပုဒ် ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ် နှစ်ပါးသော ပဌမပါဋိဒေသနီသိက္ခာပုဒ် တတိယပါဋိဒေသနီသိက္ခာပုဒ် လသုဏသိက္ခာပုဒ် ဘုဉ္ဇန္တသိက္ခာပုဒ် ဂိရိဂ္ဂသမဇ္ဇသိက္ခာပုဒ်။

နဂ္ဂသိက္ခာပုဒ် ဒုတိယတုဝဋ္ဋသိက္ခာပုဒ် ညောင်စောင်းတခုထည်း၌ အိပ်သော ပဌမတုဝဋ္ဋ သိက္ခာပုဒ် အန္တောရဋ္ဌသိက္ခာပုဒ် ထိုမှတပါး တိရောရဋ္ဌသိက္ခာပုဒ် အန္တောဝဿသိက္ခာပုဒ် စိတ္တာဂါရသိက္ခာပုဒ် အာသန္ဒိသိက္ခာပုဒ် သုတ္တကန္တနသိက္ခာပုဒ်။

ဂိဟိဝေယျာဝစ္စသိက္ခာပုဒ် အာဂါရိကသိက္ခာပုဒ် ဆတ္တုပါဟနသိက္ခာပုဒ် ယာနသိက္ခာပုဒ် သံဃာဏိသိက္ခာပုဒ် ဣတ္ထာလင်္ကာရသိက္ခာပုဒ် ဂန္ဓဝဏ္ဏကသိက္ခာပုဒ် ဝါသိတပိညာကသိက္ခာပုဒ်။

ဘိက္ခုနီဥမ္မဒ္ဒနသိက္ခာပုဒ် သိက္ခမာနဥမ္မဒ္ဒနသိက္ခာပုဒ် သာမဏေရီဥမ္မဒ္ဒနသိက္ခာပုဒ် ဂိဟိနီဥမ္မဒ္ဒနသိက္ခာပုဒ် အသံကစ္စိကသိက္ခာပုဒ် လေးပါး။

လေးဆယ့်လေးပါးသော သိက္ခာပုဒ်တို့သည် ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်စိတ်ကြောင့် မဖြစ်ကုန်။ ကိုယ်စိတ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။

အလုံးစုံသော လေးဆယ့်လေးပါးသော သိက္ခာပုဒ်တို့သည် ဒွိသမုဋ္ဌာန်တို့တည်း၊ ဧဠက လောမသိက္ခာပုဒ်နှင့် တူကုန်၏။

ဧဠကလောမသမုဋ္ဌာန် ပြီး၏။

## ၇-ပဒသောဓမ္မသမုဋ္ဌာန်

၂၆၄။ ပဒသောဓမ္မသိက္ခာပုဒ် ဓမ္မဒေသနာသိက္ခာပုဒ် ဩဝါဒသိက္ခာပုဒ် ထိုမှတပါး အတ္ထင်္ဂတသိက္ခာပုဒ် ဟောတော်မူအပ်သော နှစ်ပါးသော ပဌမတိရစ္ဆာနဝိဇ္ဇာသိက္ခာပုဒ် ဒုတိယ တိရစ္ဆာနဝိဇ္ဇာသိက္ခာပုဒ်များ အနောကာသကတပဉှာသိက္ခာပုဒ်။

ခုနစ်ပါးသော ထိုသိက္ခာပုဒ်တို့သည် နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်စိတ်တို့ကြောင့် မဖြစ်ကုန်။ နှုတ်စိတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။

အလုံးစုံသော(ခုနစ်ပါးသော)သိက္ခာပုဒ်တို့သည် ဒွိသမုဋ္ဌာန်တို့တည်း၊ ပဒသောဓမ္မသိက္ခာပုဒ်နှင့်တူကုန်၏။

ပဒသောဓမ္မသမုဋ္ဌာန် ပြီး၏။

## ၈-အဒ္ဓါနသမုဋ္ဌာန်

၂၆၅။ အဒ္ဓါနသိက္ခာပုဒ် နာဝါဘိရုဟနသိက္ခာပုဒ် ပဏီတဘောဇနသိက္ခာပုဒ် မာတုဂါမ သံဝိဓာနသိက္ခာပုဒ် လောမသံဟရသိက္ခာပုဒ် အာမကဓညသိက္ခာပုဒ် အညတြဘုဉ္ဇနသိက္ခာပုဒ် ရှစ်ပါးသော တိက္ခုနီပါဋိဒေသနီသိက္ခာပုဒ်များ။

http://www.dhammadownload.com



တဆယ့်ငါးပါးသော ထိုသိက္ခာပုဒ်တို့သည် ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ စိတ်ကြောင့် မဖြစ်ကုန်။ ကိုယ်နှုတ်တို့ကြောင့် ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ကိုယ်စိတ်တို့ကြောင့် ဖြစ်ကုန်၏၊ ထိုသိက္ခာပုဒ်(တဆယ့်ငါးပါး)တို့သည် နှုတ်ကြောင့် မဖြစ်ကုန်။ ကိုယ်နှုတ်တို့ကြောင့်ငှင်း စိတ်ကြောင့်ငှင်း ဖြစ်ကုန်၏။

အဒ္ဓါနသိက္ခာပုဒ်နှင့်တူသော လေးပါးအပြားရှိသော (ကာယစသော)သမုဋ္ဌာန်တို့ကို ထိုးထွင်း၍ သိသော မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ပညတ်တော်မူ၏။

အဒ္ဓါနသမုဋ္ဌာန် ပြီး၏။

## ၉-ထေယျသတ္ထသမုဋ္ဌာန်

၂၆၆။ ထေယျသတ္ထသိက္ခာပုဒ် ဥပဿုတိသိက္ခာပုဒ် သူပေါဒနဝိညတ္တိသိက္ခာပုဒ် ရတ္တန္ဓကာရသိက္ခာပုဒ် ပဋိစ္ဆန္နသိက္ခာပုဒ် အဇ္ဈောကာသသိက္ခာပုဒ် ခုနစ်ခုမြောက်သော ရထိကသိက္ခာပုဒ်။

ထိုသိက္ခာပုဒ်တို့သည် ကိုယ်စိတ်ကြောင့် ဖြစ်ကုန်၏၊ ထိုသိက္ခာပုဒ်တို့သည် နှုတ်ကြောင့် မဖြစ်ကုန်။သုံးပါးသောကိုယ်နှုတ်စိတ်တို့ကြောင့် ဖြစ်ကုန်၏၊ဤသမုဋ္ဌာန်ဖြစ်သောဤသိက္ခာပုဒ်တို့ကို ထေယျသတ္ထသမုဋ္ဌာန်တို့ဟူ၍ နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူ၏။

ထေယျသတ္ထသမုဋ္ဌာန် ပြီး၏။

## ၁၀-ဓမ္မဒေသနာသမုဋ္ဌာန်

၂၆၇။ ထီးကိုင်ထားသူအား မြတ်စွာဘုရားတို့သည် သူတော်ကောင်းတရားကို မဟောကုန်၊ ဤအတူပင် တုတ်တောင်ဝှေးကိုင်ထားသူအားငှင်း ဓားသန်လျက်ကိုင်ထားသူ လေးကိုင်ထားသူတို့အားငှင်း။

ခြေနင်းစီးသူ ဘိနပ်စီးသူ ယာဉ်စီးသူ အိပ်ရာနေရာ၌ နေသူ လက်အာယောဂပတ် ပုဆိုးအာယောဂပတ်ဖွဲ့သူအားငှင်း (ဆံအဆုံးမထင်သော)ဦးရစ်ပေါင်းသော ဦးခေါင်းရှိသူ ဦးခေါင်းနှင့် တကွ ရုံသူအာ ငှင်း သူတော်ကောင်းတရားကို မြတ်စွာဘုရားတို့သည် မဟောကုန်၊ မယုတ်လျော့သော တဆယ့်တပါးသော သိက္ခာပုဒ်တို့သည်—

နှုတ်စိတ်ကြောင့် ဖြစ်ကုန်၏၊ ထိုသိက္ခာပုဒ်တို့သည် ကိုယ်ကြောင့် မဖြစ်ကုန်။ အလုံးစုံသော သိက္ခာပုဒ်တို့သည် ဧကသမုဋ္ဌာန်တို့တည်း၊ ဓမ္မဒေသနာသိက္ခာပုဒ်နှင့် တူကုန်၏။

ဓမ္မဒေသနာသမုဋ္ဌာန် ပြီး၏။

http://www.dhammadownload.com



## ၁၁-ဘူတာဘရောစနသမုဋ္ဌာန်

၂၆၈။ ဘူတာရောစနသိက္ခာပုဒ်သည် ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ စိတ်ကြောင့်လည်း မဖြစ်။ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်၊ စိတ်ကြောင့်လည်း မဖြစ်။

ကိုယ်နှုတ်ကြောင့် ဖြစ်၏၊ စိတ်ကြောင့်ကား မဖြစ်၊ ဘူတာရောစနသိက္ခာပုဒ် မည်သည် သုံးပါးသော(ကိုယ်နှုတ်စိတ်)တို့ကြောင့် ဖြစ်၏။

ဘူတာရောစနသမုဋ္ဌာန် ပြီး၏။

## ၁၂-စောရိဝုဋ္ဌာပနသမုဋ္ဌာန်

၂၆၉။ စောရိဝုဋ္ဌာပနသိက္ခာပုဒ်သည် နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ (ထိုစောရိဝုဋ္ဌာပန)သိက္ခာပုဒ်သည် ကိုယ်ကြောင့် မဖြစ်၊ သုံးပါးသော ကိုယ်နှုတ်စိတ်တို့ကြောင့် ဖြစ်၏။

ဤစောရိဝုဋ္ဌာပနသိက္ခာပုဒ်ကို အသစ်ဖြစ်သော (တပါးသောသိက္ခာပုဒ်တို့နှင့် မရောရှက် သက်သက်ပြုအပ်သော) ဒွိသမုဋ္ဌာန်ဟူ၍ တရားမင်းဘုရားသည် ဟောတော်မူ၏။

စောရိဝုဋ္ဌာပနသမုဋ္ဌာန် ပြီး၏။

## ၁၃-အနနုညာတသမုဋ္ဌာန်

၂၇၀။ အနနုညာတသိက္ခာပုဒ်သည် နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်၊ စိတ်ကြောင့်လည်း မဖြစ်။ ကိုယ်နှုတ်ကြောင့် ဖြစ်၏၊ ထိုအနနုညာတသိက္ခာပုဒ်သည် စိတ်ကြောင့် မဖြစ်။

နှုတ်စိတ်ကြောင့် ဖြစ်၏၊ ထိုအနနုညာတသိက္ခာပုဒ်သည် ကိုယ်ကြောင့်မဖြစ်၊ သုံးပါးသော ကိုယ်နှုတ်စိတ်တို့ကြောင့် ဖြစ်၏။ အသစ်ဖြစ်သော (တပါးသောသိက္ခာပုဒ်တို့နှင့် မရောရှက် သက်သက်ပြုအပ်သော) စတုသမုဋ္ဌာန်တည်း။

အနနုညာတသမုဋ္ဌာန် ပြီး၏။

အကျဉ်းအားဖြင့် ကောင်းစွာဟောတော်မူအပ်သော မတွေဝေခြင်းကို ပြုတတ်သော မတွေဝေခြင်း၏ အကြောင်းဖြစ်သော ဝိနည်းတရားတော်အား လျောက်ပတ်သော ဤတဆယ့်သုံးပါး သော သမုဋ္ဌာန်ကို (နှုတ်တက်အာဂုံ) ဆောင်သော ပညာရှိသည် သမုဋ္ဌာန်၌ မတွေဝေနိုင်။

ဤတွင်ရွေ့ သမုဋ္ဌာန်အပြီးတည်း။

**သမုဋ္ဌာန်ခေါင်းစဉ် အကျဉ်း ပြီး၏။**

http://www.dhammadownload.com

# အနန္တရပေယျာလ

## ကတိပုစ္ဆာဝါရ

၂၇၁။ အာပတ်တို့သည် အဘယ်မျှတို့နည်း။
အာပတ်အစုတို့သည် အဘယ်မျှတို့နည်း။
ဝိနီတဝတ္ထုတို့သည် အဘယ်မျှတို့နည်း။
မရိုသေခြင်းတို့သည် အဘယ်မျှတို့နည်း။
ရိုသေခြင်းတို့သည် အဘယ်မျှတို့နည်း။
ဝိနီတဝတ္ထုတို့သည် အဘယ်မျှတို့နည်း။
ဝိပတ္တိတို့သည် အဘယ်မျှတို့နည်း။
အာပတ်သင့်ခြင်း အကြောင်းတို့သည် အဘယ်မျှတို့နည်း။
ဝိဝါဒမူလ 'ငြင်းခုံခြင်း အကြောင်းရင်း'တို့သည် အဘယ်မျှတို့နည်း။
အနုဝါဒမူလ 'စွပ်စွဲခြင်းအကြောင်းရင်း'တို့သည် အဘယ်မျှတို့နည်း။
သာရဏီယတရားတို့သည် အဘယ်မျှတို့နည်း။
ဘေဒကရဝတ္ထု 'ကွဲပြားခြင် ကို ပြုတတ်သောအကြောင်း'တို့သည် အဘယ်မျှတို့နည်း။
အဓိကရုဏ်းတို့သည် အဘယ်မျှတို့နည်း။
သမထတို့သည် အဘယ်မျှတို့နည်း။
အာပတ်[1] တို့သည် ငါးပါးတို့တည်း။
အာပတ်အစု[2] တို့သည် ငါးပါးတို့တည်း။
ဝိနီတဝတ္ထုတို့သည် ငါးပါးတို့တည်း။
အာပတ်[3] တို့သည် ခုနစ်ပါးတို့တည်း။
အာပတ်အစု[4] တို့သည် ခုနစ်ပါးတို့တည်း။
ဝိနီတဝတ္ထုတို့သည် ခုနစ်ပါးတို့တည်း။
မရိုသေခြင်းတို့သည် ခြောက်ပါးတို့တည်း။
ရိုသေခြင်းတို့သည် ခြောက်ပါးတို့တည်း။
ဝိနီတဝတ္ထုတို့သည် ခြောက်ပါးတို့တည်း။
ဝိပတ္တိတို့သည် လေးပါးတို့တည်း။
အာပတ်သင့်ခြင်း အကြောင်းတို့သည် ခြောက်ပါးတို့တည်း။
ဝိဝါဒမူလတို့သည် ခြောက်ပါးတို့တည်း။
အနုဝါဒမူလတို့သည် ခြောက်ပါးတို့တည်း။

---

၁-မာတိကာ၌ပါသောအာပတ်။
၂-မာတိကာ၌ပါသောအာပတ်အစု။
၃-ဝိဘင်း၌ပါသောအာပတ်။
၄-ဝိဘင်း၌ပါသောအာပတ်အစု။

http://www.dhammadownload.com



သာရဏီယတရားတို့သည် ခြောက်ပါးတို့တည်း။

ဘေဒကရဝတ္ထုတို့သည် တဆယ့်ရှစ်ပါးတို့တည်း။

အဓိကရုဏ်းတို့သည် လေးပါးတို့တည်း။

သမထတို့သည် ခုနစ်ပါးတို့တည်း။

ထိုအဖြေ၌ အာပတ်ငါးပါးတို့ဟူသည် အဘယ်တို့နည်း။

ပါရာဇိကအာပတ် သံဃာဒိသိသ်အာပတ် ပါစိတ်အာပတ် ပါဋိဒေသနီ အာပတ် ဒုက္ကဋ် အာပတ် အာပတ်ငါးပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ အာပတ်အစု ငါးပါးတို့ဟူသည် အဘယ်တို့နည်း။

ပါရာဇိကအာပတ်အစု သံဃာဒိသိသ် အာပတ်အစု ပါစိတ်အာပတ်အစု ပါဋိဒေသနီအာပတ်အစု ဒုက္ကဋ်အာပတ်အစု။

အာပတ်ငါးပါးအစုတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ ဝိနီတဝတ္ထု ငါးပါးတို့ ဟူသည် အဘယ်တို့နည်း။

ငါးပါးသော အာပတ်အစုတို့မှ ဝေးစွာ ကြဉ်ရှောင်ခြင်းကင်း၍ ကြဉ်ရှောင်ခြင်း အသီးအသီး ကင်း၍ ကြဉ်ရှောင်ခြင်း (ရာဂ အစရှိသော)ရန်ကို ဖျက်ဆီးခြင်း မကျင့်ခြင်း မပြုခြင်း[၁] (အာပတ်အစုသို့ လွန်ကျူး၍)မရောက်ခြင်း[၂] (ပညတ်တည်းဟူသော)ကမ်းကို မလွန်ခြင်း အာပတ် အစုကို ပယ်ဖျောက်ဖျက်ဆီးခြင်း။

ဝိနီတဝတ္ထုငါးပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ အာပတ်ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း။

ပါရာဇိကအာပတ် သံဃာဒိသိသ်အာပတ် ထုလ္လစ္စဉ်းအာပတ် ပါစိတ်အာပတ် ပါဋိဒေသနီ အာပတ် ဒုက္ကဋ်အာပတ် ဒုဗ္ဘာသိတအာပတ်။ အာပတ်ခုနစ်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ အာပတ်အစု ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း။

ပါရာဇိကအာပတ်အစု သံဃာဒိသိသ် အာပတ်အစု ထုလ္လစ္စဉ်းအာပတ်အစု ပါစိတ်အာပတ်အစု ပါဋိဒေသနီအာပတ်အစု ဒုက္ကဋ်အာပတ်အစု ဒုဗ္ဘာသိတအာပတ်အစု။ အာပတ်အစု ခုနစ်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ ဝိနီတဝတ္ထုခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း။

ခုနစ်ပါးသော အာပတ်အစုတို့မှ ဝေးစွာ ကြဉ်ရှောင်ခြင်း ကင်း၍ကြဉ်ရှောင်ခြင်း အသီးအသီး ကင်း၍ ကြဉ်ရှောင်ခြင်း(ရာဂအစရှိသော)ရန်ကိုဖျက်ဆီးခြင်း မကျင့်ခြင်း မပြုခြင်း(အာပတ်အစုသို့) လွန်ကျူး၍ မရောက်ခြင်း (ပညတ်တည်းဟူသော) ကမ်းကို မလွန်ခြင်း အာပတ်အစုကို ပယ်ဖျောက် ဖျက်ဆီးခြင်း။ ဝိနီတဝတ္ထု ခုနစ်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ မရိုသေခြင်း ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။

မြတ်စွာဘုရား၌ မရိုသေခြင်း တရားတော်၌ မရိုသေခြင်း သံဃာတော်၌ မရိုသေခြင်း သိက္ခာ (သုံးပါး)၌ မရိုသေခြင်း မမေ့လျော့ခြင်း 'အပ္ပမာဒလက္ခဏာ' ၌ မရိုသေခြင်း အစေ့အစပ်ပြုခြင်း

---

၁-ရှောင်ကြဉ်ထားသဖြင့် မပြုခြင်း။ ၂-အထူးရှောင်ကြဉ်မထားပဲ မပြုခြင်း။

http://www.dhammadownload.com



'အာမိသပဋိသန္ထာရ ဓမ္မပဋိသန္ထာရ' ၌ မရိုသေခြင်း။ မရိုသေခြင်း ခြောက်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ ရိုသေခြင်း ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။

ဘုရား၌ ရိုသေခြင်း တရား၌ ရိုသေခြင်း သံဃာ၌ရိုသေခြင်း သိက္ခာ(သုံးပါး)၌ ရိုသေခြင်း မမေ့လျော့ခြင်း၌ ရိုသေခြင်း အစေ့အစပ်ပြုခြင်း 'အာမိသပဋိသန္ထာရ ဓမ္မပဋိသန္ထာရ' ၌ ရိုသေခြင်း။ ရိုသေခြင်း ခြောက်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ ဝိနီတဝတ္ထုခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။

မရိုသေခြင်း ခြောက်ပါးတို့မှ ဝေးစွာ ကြဉ်ရှောင်ခြင်း ကင်း၍ကြဉ်ရှောင်ခြင်း အသီးအသီး ကင်း၍ကြဉ်ရှောင်ခြင်း(ရာဂအစရှိသော)ရန်ကိုဖျက်ဆီးခြင်း မကျင့်ခြင်း မပြုခြင်း (အာပတ်အစုသို့) လွန်ကျူး၍ မရောက်ခြင်း (ပညတ်ဟူသော)ကမ်းကို မလွန်ခြင်း အာပတ်အစုကို ပယ်ဖျောက် ဖျက်ဆီးခြင်း။ ဝိနီတဝတ္ထု ခြောက်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ ဝိပတ္တိလေးပါးတို့ဟူသည် အဘယ်တို့နည်း။

သီလဝိပတ္တိ 'သီလပျက်စီးခြင်း' အာစာရဝိပတ္တိ 'အကျင့်ပျက်စီးခြင်း' ဒိဋ္ဌိဝိပတ္တိ 'အယူပျက်စီးခြင်း' အာဇီဝဝိပတ္တိ 'အသက်မွေးမှု ပျက်စီးခြင်း'။ ဝိပတ္တိလေးပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ အာပတ်သင့်ခြင်း အကြောင်း ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။

ကိုယ်ကြောင့်သာ ဖြစ်၍ နှုတ်ကြောင့် မဖြစ်၊ စိတ်ကြောင့် မဖြစ်သော အာပတ်သည်ရှိ၏။

နှုတ်ကြောင့်သာဖြစ်၍ ကိုယ်ကြောင့်မဖြစ်၊ စိတ်ကြောင့် မဖြစ်သော အာပတ်သည်ရှိ၏။

ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်းဖြစ်၍ စိတ်ကြောင့် မဖြစ်သော အာပတ်သည်ရှိ၏။

ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၍ နှုတ်ကြောင့် မဖြစ်သော အာပတ်သည်ရှိ၏။

နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၍ ကိုယ်ကြောင့် မဖြစ်သော အာပတ်သည်ရှိ၏။

ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်သော အာပတ်သည် ရှိ၏။ အာပတ်သင့်ခြင်း အကြောင်း ခြောက်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

၂၇၂။ ထိုအဖြေ၌ ဝိဝါဒမူလ ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။

ဤသာသနာတော်၌ ရဟန်းသည် အမျက်ထွက်လေ့ရှိ၏၊ ရန်ငြိုးဖွဲ့လေ့ရှိ၏။

အမျက်ထွက်လေ့ ရန်ငြိုးဖွဲ့လေ့ရှိသော ရဟန်းသည် မြတ်စွာဘုရား၌လည်း မရိုသေ မတုပ်ဝပ်ပဲ နေ၏။

တရားတော်၌လည်း မရိုသေ မတုပ်ဝပ်ပဲ နေ၏။

သံဃာတော်၌လည်း မရိုသေ မတုပ်ဝပ်ပဲ နေ၏။

သိက္ခာသုံးပါး၌လည်း ဖြည့်ခြင်းကို ပြုလေ့မရှိ။

မြတ်စွာဘုရား၌ မရိုသေမတုပ်ဝပ်ပဲ နေသော တရားတော်၌။ပ။ သံဃာတော်၌။ပ။သိက္ခာ သုံးပါး၌ ဖြည့်ခြင်းကို ပြုလေ့မရှိသော ရဟန်းသည် သံဃာတော်၌ ငြင်းခုံခြင်းကို ဖြစ်စေ၏။

ယင်းငြင်းခုံခြင်းသည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများမချမ်းသာခြင်းငှါ လူအများ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ကို ပြုခြင်းငှါ ဆင်းရဲကို ပြုခြင်းငှါ ဖြစ်၏။

http://www.dhammadownload.com



သင်တို့သည် ဤသို့သဘောရှိသော ဝိဝါဒမူလ'ငြင်းခုံခြင်း အကြောင်းရင်း'ကို မိမိသန္တာန် မိမိအသင်းအပင်း၌ရင်း သူတပါးသန္တာန် သူတပါးအသင်းအပင်း၌ရင်း မြင်ကြကုန်သည်ရှိသော် သင်တို့သည် ထိုမိမိသန္တာန် မိမိအသင်းအပင်း သူတပါးသန္တာန် သူတပါးအသင်းအပင်း၌ ယုတ်ညံ့သော ထိုဝိဝါဒမူလကိုပင် ပယ်ဖျောက်ခြင်းငှါ အားထုတ်ကြကုန်လော့။

သင်တို့သည် ဤသို့သဘောရှိသော ဝိဝါဒမူလကို မိမိသန္တာန် မိမိအသင်းအပင်း၌ရင်း သူတပါးသန္တာန် သူတပါး အသင်းအပင်း၌ရင်း မမြင်ကြကုန်သည်ရှိသော် သင်တို့သည် ထိုမိမိသန္တာန် မိမိအသင်းအပင်း သူတပါးသန္တာန် သူတပါးအသင်းအပင်း၌ ယုတ်ညံ့သော ထိုဝိဝါဒမူလကိုပင် နောင်အခါ၌ မဖြစ်စိမ့်သောငှါ ကျင့်ကြကုန်လော့၊ ဤသို့ ကျင့်သည်ရှိသော် ယုတ်ညံ့သော ထိုဝိဝါဒမူလကို ပယ်ဖျောက်ခြင်း ဖြစ်၏။

ဤသို့ ပယ်သည်ရှိသော် ယုတ်ညံ့သော ထိုဝိဝါဒမူလသည် နောင်အခါ၌ မဖြစ်တော့ပေ။

တဖန် ထို့ပြင်လည်း ရဟန်းသည် သူ့ကျေးဇူးကို ချေဖျက်လေ့ရှိ၏၊ အဖျင်းမူလေ့ရှိ၏။ပ။ ငြူစူလေ့ရှိ၏၊ ဝန်တိုလေ့ရှိ၏၊ စဉ်းလဲကောက်ကျစ်၏၊ လှည့်ပတ်ဟတ်၏၊ ယုတ်ညံ့သော အလိုရှိ၏၊ မှားသော အယူရှိ၏၊ မိမိအယူကို မှားသောအားဖြင့် သုံးသပ်၏၊ မြဲမြံစွာယူ၏၊ (အယူကို)စွန့်နိုင်ခဲ၏။

မိမိအယူကို မှားသောအားဖြင့် သုံးသပ်၍ မြဲမြံစွာယူသည့်ပြင် (အယူကို) စွန့်နိုင်ခဲသော ထိုရဟန်းသည် မြတ်စွာဘုရား၌လည်း မရိုသေ မတုပ်ဝပ်ပဲ နေ၏၊ တရားတော်၌လည်း မရိုသေ မတုပ်ဝပ်ပဲနေ၏၊ သံဃာတော်၌လည်း မရိုသေမတုပ်ဝပ်ပဲနေ၏၊ သိက္ခာ(သုံးပါး)၌လည်း ဖြည့်ခြင်းကို ပြုလေ့မရှိ။

မြတ်စွာဘုရား၌ မရိုသေမတုပ်ဝပ်ပဲ နေသော တရားတော်၌။ပ။ သံဃာတော်၌။ပ။ သိက္ခာ(သုံးပါး)၌ ဖြည့်ခြင်းကို ပြုလေ့မရှိသော ရဟန်းသည် သံဃာ၌ ငြင်းခုံခြင်းကိုဖြစ်စေ၏။

ယင်းငြင်းခုံခြင်းသည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများမချမ်းသာခြင်းငှါ လူအများ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ကို ပြုခြင်းငှါ ဆင်းရဲကို ပြုခြင်းငှါ ဖြစ်၏။

သင်တို့သည် ဤသို့သဘောရှိသော ဝိဝါဒမူလကို မိမိသန္တာန် မိမိအသင်းအပင်း၌ရင်း သူတပါးသန္တာန် သူတပါးအသင်းအပင်း၌ရင်း မြင်ကြကုန်သည်ရှိသော် ထိုမိမိသန္တာန် မိမိအသင်းအပင်း သူတပါးသန္တာန် သူတပါးအသင်းအပင်း၌ ယုတ်ညံ့သော ထိုဝိဝါဒမူလကို ပယ်ဖျောက်ခြင်းငှါ အားထုတ်ကြကုန်လော့။

သင်တို့သည် ဤသို့ သဘောရှိသော ဝိဝါဒမူလကို မိမိသန္တာန် မိမိအသင်းအပင်း၌ရင်း သူတပါးသန္တာန် သူတပါးအသင်းအပင်း၌ရင်း မမြင်ကြကုန်သည်ရှိသော် သင်တို့သည် ထိုမိမိသန္တာန် မိမိအသင်းအပင်း သူတပါးသန္တာန် သူတပါးအသင်း အပင်း၌ ယုတ်ညံ့သော ထိုဝိဝါဒမူလကိုပင် နောင်အခါ၌ မဖြစ်စိမ့်သောငှါ ကျင့်ကြကုန်လော့။ ဤသို့ကျင့်သည်ရှိသော် ယုတ်ညံ့သော ထိုဝိဝါဒမူလကို ပယ်ဖျောက်ခြင်း ဖြစ်၏။ ဤသို့ပယ်ဖျောက်သော် ယုတ်ညံ့သော ထိုဝိဝါဒမူလသည် နောင်အခါ မဖြစ်တော့ပေ။ ဝိဝါဒမူလ ခြောက်ပါးတို့ ဟူသည် ဤသည်တို့ပင်တည်း။

၂၇၃။ ထိုအဖြေ၌ အနုဝါဒမူလခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။

ဤသာသနာတော်၌ ရဟန်းသည် အမျက်ထွက်လေ့ရှိ၏ ရန်ငြိုးဖွဲ့လေ့ရှိ၏။

http://www.dhammadownload.com



အမျက်ထွက်လေ့ ရန်ငြိုးဖွဲ့လေ့ရှိသော ထိုရဟန်းသည် မြတ်စွာဘုရား၌လည်း မရိုသေ မတုပ် ဝပ်ပဲ နေ၏။

တရားတော်၌လည်း မရိုသေမတုပ်ဝပ်ပဲ နေ၏။

သံဃာတော်၌လည်း မရိုသေမတုပ်ဝပ်ပဲ နေ၏။

သိက္ခာ(သုံးပါး)၌လည်း ဖြည့်ခြင်းကို ပြုလေ့မရှိ။

မြတ်စွာဘုရား၌ မရိုသေမတုပ်ဝပ်ပဲ နေသော တရားတော်၌။ပ။ သံဃာ၌တော်။ပ။ သိက္ခာ (သုံးပါး)၌ ဖြည့်ခြင်းကို ပြုလေ့မရှိသော ရဟန်းသည် သံဃာ၌ စွပ်စွဲခြင်းကို ဖြစ်စေ၏။

ယင်းစွပ်စွဲခြင်းသည် လူအများ၏ အကျိုးစီးပွါးမဲ့ခြင်းငှါ လူအများ မချမ်းသာခြင်းငှါ လူအများ ၏ အကျိုးမဲ့ ပြုခြင်းငှါ နတ်လူတို့၏ အကျိုးစီးပွါးမဲ့ကို ပြုခြင်းငှါ ဆင်းရဲကို ပြုခြင်းငှါ ဖြစ်၏။

သင်တို့သည် ဤသို့သဘောရှိသော အနုဝါဒမူလကို မိမိသန္တာန်မိမိအသင်းအပင်း၌ငင်း သူတပါး သန္တာန် သူတပါးအသင်းအပင်း၌ငင်း မြင်ကြကုန်သည်ရှိသော် သင်တို့သည် ထိုမိမိသန္တာန် မိမိအသင်း အပင်း သူတပါးသန္တာန်သူတပါးအသင်းအပင်း၌ ယုတ်ညံ့သော ထိုအနုဝါဒမူလကိုပင် ပယ်ဖျောက် ခြင်းငှါ အားထုတ်ကြကုန်လော့။

သင်ရဟန်းတို့သည် ဤသို့သဘောရှိသော အနုဝါဒမူလကို မိမိသန္တာန် မိမိအသင်းအပင်း၌ငင်း သူတပါးသန္တာန်သူတပါးအသင်းအပင်း၌ငင်း မမြင်ကုန်သည်ရှိသော် သင်တို့သည် ထိုမိမိသန္တာန် မိမိအသင်းအပင်း သူတပါးသန္တာန်သူတပါးအသင်းအပင်း၌ ယုတ်ညံ့သော ထိုအနုဝါဒမူလကိုပင် နောင်အခါ၌ မဖြစ်စိမ့်သောငှါ ကျင့်ကြကုန်လော့။ ဤသို့ကျင့်လတ်သော် ယုတ်ညံ့သော ထိုအနုဝါဒ မူလကို ပယ်ဖျောက်ခြင်း ဖြစ်၏၊ ဤသို့ပယ်ဖျောက်လတ်သော် ယုတ်ညံ့သော ထိုအနုဝါဒမူလသည် နောင်အခါ မဖြစ်တော့ပေ။

တဖန်ထို့ပြင်လည်း ရဟန်းသည် သူ့ကျေးဇူးကို ချေဖျက်လေ့ရှိ၏။ အဖျင်းပြုမူလေ့ရှိ၏။ပ။ ငြူစူလေ့ရှိ၏၊ ဝန်တိုလေ့ရှိ၏၊ စဉ်းလဲကောက်ကျစ်၏၊ လည်ပတ်တတ်၏၊ ယုတ်ညံ့သောအလိုရှိ၏၊ မှားသောအယူရှိ၏၊ မိမိအယူကိုမှားသောအားဖြင့် သုံးသပ်၏၊ မြဲမြံစွာယူ၏ (အယူကို)စွန့်နိုင်ခဲ၏။

မိမိအယူကို မှားသောအားဖြင့် သုံးသပ်၍ မြဲမြံစွာယူသည့်အပြင် (အယူကို)စွန့်နိုင်ခဲသော ရဟန်းသည် မြတ်စွာဘုရား၌လည်း မရိုသေမတုပ်ဝပ်ပဲ နေ၏၊ တရားတော်၌လည်း မရိုသေမတုပ်ဝပ်ပဲ နေ၏၊ သံဃာတော်၌လည်း မရိုသေ မတုပ်ဝပ်ပဲ နေ၏၊ သိက္ခာသုံးပါး၌လည်း ဖြည့်ခြင်းကို ပြုလေ့မရှိ။

မြတ်စွာဘုရား၌ မရိုသေ မတုပ်ဝပ်ပဲ နေသော တရားတော်၌။ပ။ သံဃာတော်၌။ပ။ သိက္ခာ (သုံးပါး)၌ ဖြည့်ခြင်းကို ပြုလေ့မရှိသော ရဟန်းသည် သံဃာ၌ စွပ်စွဲခြင်းကို ဖြစ်စေ၏။

ယင်းစွပ်စွဲခြင်းသည် လူအများ၏ အကျိုးစီးပွါးမဲ့ခြင်းငှါ လူအများမချမ်းသာခြင်းငှါ လူအများ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏အကျိုးစီးပွါးမဲ့ခြင်းကိုပြုခြင်းငှါ ဆင်းရဲကို ပြုခြင်းငှါ ဖြစ်၏။

သင်တို့သည် ဤသို့သဘောရှိသော အနုဝါဒမူလကို မိမိသန္တာန်မိမိအသင်းအပင်း၌ငင်း သူတပါး သန္တာန် သူတပါး၏ အသင်းအပင်း၌ငင်း မြင်ကြကုန်သည်ရှိသော် သင်တို့သည် ထိုမိမိသန္တာန် မိမိ အသင်းအပင်း သူတပါးသန္တာန် သူတပါး၏အသင်းအပင်း၌ ယုတ်ညံ့သော ထိုအနုဝါဒမူလကိုပင် ပယ်ဖျောက်ခြင်းငှါ အားထုတ်ကြကုန်လော့။

http://www.dhammadownload.com



သင်တို့သည် ဤသို့သဘောရှိသော အနုဝါဒမူလကို မိမိသန္တာန် မိမိအသင်းအပင်း၌ငှင်း သူတပါးသန္တာန် သူတပါး၏ အသင်းအပင်း၌ငှင်း ဤသို့မမြင်ကြကုန်ရှိသော် ထိုမိဂ်ါသန္တာန် မိမိ အသင်းအပင်းသူတပါးသန္တာန် သူတပါးအသင်းအပင်း၌ ယုတ်ညံ့သော ထိုအနုဝါဒမူလ၏ အကြောင်း ကိုပင် နောင်အခါ၌ မဖြစ်စိမ့်သောငှါ ကျင့်ကြကုန်လော့။ ဤသို့ကျင့်လတ်သော် ယုတ်ညံ့သော ထို စွပ်စွဲခြင်း၏အကြောင်းကို ပယ်ခြင်းဖြစ်၏။ ဤသို့ပယ်လတ်သော် ယုတ်ညံ့သော ထိုအနုဝါဒမူလသည် နောင်အခါ၌ မဖြစ်တော့ပေ။

အနုဝါဒမူလခြောက်ပါးဟူသည် ဤသည်တို့ပင်တည်း။

၂၇၄။ ထိုအဖြေ၌ သာရဏီယတရား ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။

ဤသာသနာတော်၌ ရဟန်းသည် သီတင်းသုံးဖော်တို့အပေါ် ဝယ် မျက်မှောက်ဖြစ်စေ မျက် ကွယ်ဖြစ်စေ မေတ္တာကာယကံကို ရှေးရှုဆောက်တည်၏၊မေတ္တာကာယကံ တရားသည်လည်း အောက် မေ့ထိုက်သော တရားတည်း၊ ချစ်အပ်သည်ကို ပြုတတ်သော တရားတည်း၊ လေးစားအပ်ရာကို ပြုတတ် သောတရားတည်း၊ (သီတင်းသုံးဖော်တို့၏) ထောက်ပံ့ခြင်း (သီတင်းသုံးဖော်တို့နှင့်) မငြင်းခုံခြင်း ညီညွတ်စွာဖြစ်ခြင်း တပေါင်းတည်းဖြစ်ခြင်းငှါ ဖြစ်၏။

တဖန် ထို့ပြင်လည်း ရဟန်းသည် သီတင်းသုံးဖော်တို့အပေါ် ဝယ် မျက်မှောက်ဖြစ်စေ မျက်ကွယ် ဖြစ်စေ မေတ္တာဝစီကံကို ရှေးရှုဆောက်တည်၏။

ဤမေတ္တာဝစီကံသည်လည်း အောက်မေ့ထိုက်သော တရားတည်း၊ ချစ်အပ်သည်ကို ပြုတတ် သော တရားတည်း၊ လေးစားအပ်ရာကို ပြုတတ်သော တရားတည်း။

(သီတင်းသုံးဖော်တို့၏) ထောက်ပံ့ခြင်း (သီတင်းသုံးဖော်တို့နှင့်) မငြင်းခုံခြင်း ညီညွတ်စွာ ဖြစ်ခြင်း တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏။

တဖန်ထို့ပြင်လည်း ရဟန်းသည် သီတင်းသုံးဖော်တို့အပေါ် ဝယ် မျက်မှောက်ဖြစ်စေ မျက်ကွယ် ဖြစ်စေ မေတ္တာမနောကံကို ရှေးရှုဆောက်တည်၏။

ဤမေတ္တာမနောကံတရာ သည်လည်း အောက်မေ့ထိုက်သောတရားတည်း၊ ချစ်အပ်သည်ကို ပြုတတ်သောတရားတည်း လေးစားရာကိုပြုတတ်သော တရားတည်း။

(သီတင်းသုံးဖော်တို့၏) ထောက်ပံ့ခြင်း (သီတင်းသုံးဖော်တို့နှင့်) မငြင်းခုံခြင်း ညီညွတ်စွာ ဖြစ်ခြင်း တပေါင်းတည်းဖြစ်ခြင်းငှါ ဖြစ်၏။

တဖန်ထို့ပြင်လည်း ရဟန်းသည် တရားနှင့်ညီစွာဖြစ်၍ တရားသဖြင့် ရအပ်ကုန်သော လာဘ် 'ပစ္စည်း'တို့ကို အယုတ်သဖြင့် သပိတ်အတွင်း၌ ဝင်သော တယောက်မ နှစ်ယောက်မသော ဆွမ်းမျှကို သော်လည်း သီလရှိသော သီတင်းသုံးဖော်တို့နှင့် မခွဲခြားမူ၍ သုံးဆောင်၏၊ ဆက်ဆံသဖြင့် သုံး ဆောင်၏။

ဤတရားသည်လည်း အောက်မေ့ထိုက်သော တရားတည်း၊ ချစ်အပ်သည်ကို ပြုတတ်သော တရားတည်း၊ လေးစားအပ်ရာကို ပြုတတ်သော တရားတည်း။

(သီတင်းသုံးဖော်တို့၏)ထောက်ပံ့ခြင်း (သီတင်းသုံးဖော်တို့နှင့်) မငြင်းခုံခြင်း ညီညွတ်စွာ ဖြစ်ခြင်း တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏။

http://www.dhammadownload.com



တဖန်ထိုပြင်လည်း ရဟန်းသည် မကျိုးမပေါက် မကျားမပြောက်သည့်ပြင် တော်လှန်ခြင်းကို ပြုတတ်ကုန်သည်ဖြစ်၍ ပညာရှိတို့ချီးမွမ်းအပ် အမှားမသုံးသပ်အပ်(ဥပစာအပ္ပနာ)သမာဓိကို ဖြစ်စေတတ်ကုန်သော သီလတို့၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ တူမျှသော သီလရှိသည်ဖြစ်၍ နေ၏။

ဤသီလတရားသည်လည်း အောက်မေ့ထိုက်သော တရားတည်း၊ ချစ်အပ်သည်ကို ပြုတတ်သော တရားတည်း၊ လေးစားအပ်ရာကို ပြုတတ်သော တရားတည်း။

(သီတင် သုံးဖော်တို့၏) ထောက်ပံ့ခြင်း (သီတင်းသုံးဖော်တို့နှင့်) မငြင်းခုံခြင်း ညီညွတ်စွာ ဖြစ်ခြင်း တပေါင်းတည်းဖြစ်ခြင်းငှါ ဖြစ်၏။

တဖန်ထိုပြင်လည်း ရဟန်းသည် အပြစ်မရှိသည့်ပြင် ဝဋ်ဆင်းရဲမှ လွတ်မြောက်တတ်သည်ဖြစ်၍ ထိုမြတ်စွာဘုရား ဆုံးမတော်မူတိုင်း ကျင့်သောသူအား ကောင်းစွာဆင်းရဲကုန်ခြင်းငှါ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်စေတတ်သော မဂ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိဖြင့် သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ တူသော အယူရှိသည်ဖြစ်၍ နေ၏။

ဤ (မဂ်နှင့်ယှဉ်သော သမာဒိဋ္ဌိ) တရားသည်လည်း အောက်မေ့ထိုက်သော တရားတည်း၊ ချစ်အပ်သည်ကို ပြုတတ်သောတရားတည်း၊ လေးစားအပ်ရာကို ပြုတတ်သော တရားတည်း။

သီတင်းသုံးဖော်တို့၏ (ထောက်ပံ့ခြင်း) သီတင်းသုံးဖော်တို့နှင့် မငြင်းခုံခြင်း ညီညွတ်စွာဖြစ်ခြင်း တပေါင်းတည်းဖြစ်ခြင်းငှါ ဖြစ်၏။ သာရဏီယတရား ခြောက်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

၂၇၅။ ထိုအဖြေ၌ ဘေဒကရဝတ္ထု 'ကွဲပြားခြင်းကို ပြုတတ်သော အကြောင်းတရား'တဆယ့်ရှစ်ပါးတို့ဟူသည် အဘယ်တို့နည်း။

ဤသာသနာတော်၌ ရဟန်းတို့သည် တရားမဟုတ်သည်ကို တရားဟူ၍ ပြ၏၊ တရားကို တရားမဟုတ်ဟူ၍ ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟူ၍ ပြ၏၊ ဝိနည်းကို ဝိနည်း မဟုတ်ဟူ၍ ပြ၏။

ဘုရားဟောမဟုတ်သည်ကို ဘုရားဟောဟူ၍ ပြ၏။

ဘုရားဟောကို ဘုရားဟောမဟုတ်ဟူ၍ ပြ၏။

မြတ်စွာဘုရား အလေ့အကျက် မဟုတ်သည်ကို မြတ်စွာဘုရား အလေ့အကျက်ဟူ၍ ပြ၏။

မြတ်စွာဘုရား အလေ့အကျက်ကို မြတ်စွာဘုရားအလေ့အကျက်မဟုတ်ဟူ၍ ပြ၏။

မြတ်စွာဘုရား မပညတ်သည်ကို မြတ်စွာဘုရား ပညတ်၏ဟူ၍ ပြ၏။

မြတ်စွာဘုရား ပညတ်သည်ကို မြတ်စွာဘုရားမပညတ်ဟူ၍ ပြ၏။

အာပတ်ကို အာပတ်မဟုတ်ဟူ၍ ပြ၏။ အာပတ်မဟုတ်သည်ကို အာပတ်ဟူ၍ ပြ၏။ ပေါ့သော အာပတ်ကို လေးသော အာပတ်ဟူ၍ ပြ၏၊ လေးသောအာပတ်ကို ပေါ့သောအာပတ်ဟူ၍ ပြ၏။ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟူ၍ ပြ၏။ အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟူ၍ ပြ၏။ ရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟူ၍ ပြ၏။ မရုန့်ရင်းသောအာပတ်ကို ရုန့်ရင်းသောအာပတ်ဟူ၍ ပြ၏။

ဘေဒကရဝတ္ထု တဆယ့်ရှစ်ပါးတို့ ဟူသည် ဤသည်တို့ပင်တည်း။

http://www.dhammadownload.com



ထိုအဖြေ၌ အဓိကရုဏ်းလေးပါးတို့ဟူသည် အဘယ်တို့နည်း။

ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်းတို့တည်း။

အဓိကရုဏ်း လေးပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ထိုအဖြေ၌ သမထခုနစ်ပါးကို့ဟူသည် အဘယ်တို့နည်း။

သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ ယေဘုယျသိကာသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထတို့တည်း။ သမထခုနစ်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။

ကတိပုစ္ဆာဝါရ ပြီး၏။

ထိုကတိပုစ္ဆာဝါရ၏ အကျဉ်းချုပ်—

အာပတ် အာပတ်အစု ဝိနီတဝတ္ထု တဖန်အာပတ်ခုနစ်ပါး အာပတ်အစုခုနစ်ပါး ဝိနီတဝတ္ထု အဂါရဝ ဂါရဝ (မူလ ဝိဝါဒမူလ)[၁]

တဖန် ဝိနီတဝတ္ထု ဝိပတ္တိ အာပတ္တိသမုဋ္ဌာန် ဝိဝါဒမူလ အနုဝါဒမူလ သာရဏီယ ဓမ္မ ဘေဒကရဝတ္ထု အဓိကရဏနှင့်တကွ ခုနစ်ပါးသာ ဖြစ်ကုန်သော ငြိမ်းအေးကြောင်း 'သမထ'တို့ကို ဟောတော်မူအပ်ကုန်၏။ ဤ(ကတိပုစ္ဆာဝါရ၌လာသော)ပုဒ်တို့သည် တဆယ့်ခုနစ်ပါးတို့တည်း။

ဤကား အကျဉ်းချုပ်တည်း။

---

## အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးကိုပြဆိုရာ

၂၇၆။ ပဌမအာပတ္တိ သမုဋ္ဌာန်ကြောင့် ပါရာဇိကအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

သံဃာဒိသိသ် အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

ထုလ္လစ္စဉ်းအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။

ပါစိတ်အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

ပါဋိဒေသနီ အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

ဒုက္ကဋ် အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

ဒုဗ္ဘာသီအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

ဒုတိယအာပတ္တိသမုဋ္ဌာန်ကြောင့် ပါရာဇိကအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

---

၁-အချို့ နိဿယဆရာတို့က အနက်ပြန်ကြသော်လည်း သစ်ဆိမ့်ဆရာတော်ကမူ ပါဌ်ပျက်စကားဖြစ်သည်ဟု မိန့်ပြီးလျှင် "ဂါရဝါပိ ဆထေဝ စ" ရှိသော် ကောင်း၏ဟု မိန့်၏။ ဆဋ္ဌသံဂါယနာမူနှင့် ရှေးစာမူများ၌ "ဂါရဝါမူလမေဝ စ"ဟု ရှိကြ၏။

http://www.dhammadownload.com



သံဃာဒိသိသ်အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ထုလ္လစ္စဉ်းအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ပါစိတ်အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ပါဋိဒေသနီ အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။
ဒုက္ကဋ်အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ဒုဗ္ဘာသီအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

တတိယ အာပတ္တိသမုဋ္ဌာန်ကြောင့် ပါရာဇိကအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

သံဃာဒိသိသ်အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ထုလ္လစ္စဉ်းအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ပါစိတ်အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ပါဋိဒေသနီ အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ဒုက္ကဋ် အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ဒုဗ္ဘာသီ အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

စတုတ္ထအာပတ္တိသမုဋ္ဌာန်ကြောင့် ပါရာဇိကအာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

သံဃာဒိသိသ် အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ထုလ္လစ္စဉ်းအာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ပါစိတ်အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ပါဋိဒေသနီအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ဒုက္ကဋ် အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ဒုဗ္ဘာသီ အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

ပဉ္စမအာပတ္တိသမုဋ္ဌာန်ကြောင့် ပါရာဇိကအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

သံဃာဒိသိသ်အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ထုလ္လစ္စဉ်း အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ပါစိတ်အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ပါဋိဒေသနီ အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။
ဒုက္ကဋ်အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ဒုဗ္ဘာသီအာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

ဆဋ္ဌအာပတ္တိသမုဋ္ဌာန်ကြောင့် ပါရာဇိကအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။

သံဃာဒိသိသ် အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။

http://www.dhammadownload.com



ထုလ္လစ္စည်းအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ပါစိတ်အာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ ဟု ဖြေဆိုအပ်၏။
ပါဋိဒေသနီအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ဒုက္ကဋ်အာပတ်သို့ ရောက်ရာအံ့လော ဟု အမေးရှိပါမူ ရောက်ရာ၏ဟု ဖြေဆိုအပ်၏။
ဒုဗ္ဘာသိအာပတ်သို့ ရောက်ရာအံ့လောဟု အမေးရှိပါမူ မရောက်ရာဟု ဖြေဆိုအပ်၏။

ရှေးဦးစွာသော အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးကိုပြဆိုရာ ပြီး၏။

## ၂-ကတာပတ္တိဝါရ

၂၇၇။ ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။
ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် ငါးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ ကိုယ်တိုင်တောင်းအပ်သော (တစဉ်း ပုဆိန်စသော) အရာဝတ္ထုဖြင့် မကြားအပ်သော နေရာရှိသော (အလျားတဆယ့်နှစ်ထွာ) အတိုင်းအရှည်ကိုလွန်သော (ပိုးချခြပုန်း စသော တဆယ့်ခြောက်ပါးသော) ဘေးရန်ရှိသော (နွားနှစ်ကောင်တပ်သော လှည်းဖြင့်) လှည့်လည်လောက်သော ဥပစာမရှိသော ကုဋီ 'ကျောင်း' ကို ပြုအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ မြေစိုင်တခုသည် မရောက်မီ ထုလ္လစ္စည်း အာပတ်သို့ ရောက်၏၊ ထိုမြေစိုင်သည် ရောက်သောအခါ သံဃာဒိသိသ် အာပတ်သို့ ရောက်၏၊ ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ နေလွဲသောအခါ၌ စားဖွယ်ကို စားအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ ရွာတွင်းသို့ ဝင်သော ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုငင်း စားဖွယ်ကိုငင်း မိမိလက်ဖြင့် ခံယူ၍စားအံ့၊ ပါဋိဒေသနီအာပတ်သို့ ရောက်၏။

ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

ထိုငါးပါးသော အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်သနည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

လေးပါးကုန်သော အဓိကရုဏ်းတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုငါးပါးသော အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

http://www.dhammadownload.com



ခုနစ်ပါးသော အာပတ်အစုတို့တွင် ငါးပါးကုန်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ သံဃာဒိသိသ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စဉ်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါဋိဒေသနီအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်းအကြောင်း 'အာပတ္တိသမုဋ္ဌာန်'ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

၂၇၈။ ဒုတိယအာပတ္တိသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ရောက်သနည်း။

ဒုတိယအာပတ္တိသမုဋ္ဌာန်ကြောင့် လေးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ "ငါ့အတွက် ကုဋီကို ပြုကုန်လော့"ဟု ညွှန်းအံ့၊ ထိုရဟန်း၏အကျိုးငှါ မကြားအပ်သော နေရာရှိသော (အလျားတဆယ့်နှစ်ထွာ)အတိုင်းအရှည်ကို လွန်သော (ပိုးရှုခြပုန်းစသော တဆယ့်ခြောက်ပါးသော) ဘေးရန်ရှိသော (နွားနှစ်ကောင် တပ်သောလှည်းဖြင့်) လှည့်လည်လောက်သော ဥပစာမရှိသော ကုဋီ'ကျောင်း'ကို ပြုကုန်အံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ မြေစိုင်တခုသည် မရောက်မီ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။ ထိုမြေစိုင်သည် ရောက်သောအခါ သံဃာဒိသိသ်အာပတ်သို့ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ လူသာမဏေကို ပုဒ်ပြိုင်တရားကို ပို့ချအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ဒုတိယအာပတ္တိသမုဋ္ဌာန်ကြောင့် ဤလေးပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် လေးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ သံဃာဒိသိသ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စဉ်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

http://www.dhammadownload.com



အာပတ်သင့်ခြင်းအကြောင်း 'အာပတ္တိသမုဋ္ဌာန်' ခြောက်မျိုးတို့တွင် တမျိုးသောအကြောင်းကြောင့် ဖြစ်ကုန်၏။

နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ မျက်မှောက်သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါသမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရကဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

၂၇၉။ တတိယအာပတ္တိသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

တတိယအာပတ္တိသမုဋ္ဌာန်ကြောင့် ငါးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ ကိုင်ပင်စီစဉ်၍ မကြားအပ်သော နေရာရှိသော (အလျားတဆယ့်နှစ်ထွာ)အတိုင်းအရှည်ကို လွန်သော(ပိုးရွခြပုန်းစသော တဆယ့်ခြောက်ပါးသော) ဘေးရန်ရှိသော (နွားနှစ်ကောင်တပ်သော လှည်းဖြင့်)လှည့်လည်လောက်သော ဥပစာမရှိသော ကုဋီ'ကျောင်း'ကို ပြုအံ့၊အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ရောက်၏၊ မြေစိုင်တခုသည် မရောက်မီ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏၊ ထိုမြေစိုင်သည် ရောက်သောအခါ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ မွန်မြတ်သော စားဖွယ်တို့ကို မိမိအကျိုးငှါ တောင်း၍ စားအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ စီရင်သော ရဟန်းမိန်းမအား မတားမြစ်မူ၍ စားအံ့၊ ပါဋိဒေသနီအာပတ်သို့ ရောက်၏။

တတိယအာပတ္တိသမုဋ္ဌာန်ကြောင့် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

ထို (ငါးပါးသော) အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(ငါးပါးသော)အာပတ်တို့သည် လေးပါးကုန်သောဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏။

ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ငါးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ သံဃာဒိသိသ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ထုလ္လစ္စဉ်းအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

http://www.dhammadownload.com



ရံခါ ပါဋိဒေသနီအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ဒုက္ကဋ္ဌအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်းအကြောင်းခြောက်မျိုးတို့တွင် တမျိုးသောအကြောင်းကြောင့် ဖြစ်ကုန်၏။

ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။

၂၈၀။ စတုတ္ထအာပတ္တိသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက် သနည်း။

စတုတ္ထအာပတ္တိသမုဋ္ဌာန်ကြောင့် ခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ရဟန်းသည် မအပ်ဟု အမှတ်ရှိသည်ဖြစ်လျက် ကိုယ်တိုင်တောင်းအပ်သော (တစ်ဦးပုဆိန် စသော)အရာဝတ္ထုဖြင့် မကြွားအပ်သော (ကုဋီ)နေရာရှိသော (အလျားတဆယ့်နှစ်ထွာ) အတိုင်း အရှည်ကိုလွန်သော (ပိုးရွခြပုန်းစသော တဆယ့်ခြောက်ပါးသော) ဘေးရန်ရှိသော(နွားနှစ်ကောင် တပ်သောလှည်းဖြင့်)လှည့်လည်လောက်သော ဥပစာမရှိသော ကျောင်း'ကုဋီ'ကိုပြုအံ့။

အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ္ဌအာပတ်သို့ ရောက်၏။

မြေစိုင်တခုသည် မရောက်မီ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

ထိုမြေစိုင်သည် ရောက်သည်ရှိသော် သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ရဟန်းသည် မအပ်ဟု အမှတ်ရှိသည်ဖြစ်လျက် နေလွှဲသောအခါ၌ စားဖွယ်ကို စားအံ့၊ ပါစိတ် အာပတ်သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ ရွာတွင်းသို့ ဝင်သော ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုရင်း စားဖွယ်ကိုရင်း မိမိလက်ဖြင့် ခံယူ၍ စားအံ့၊ ပါဋိဒေသနီအာပတ် သို့ ရောက်၏။

စတုတ္ထအာပတ္တိသမုဋ္ဌာန်ကြောင့် ဤခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

ထိုခြောက်ပါးကုန်သော အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထ တို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(ခြောက်ပါးသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏။

ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

http://www.dhammadownload.com



ခုနစ်ပါးသော အာပတ်အစုတို့တွင် ခြောက်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ သံဃာဒိသိသ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ထုလ္လစ္စည်းအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါဋိဒေသနီ အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်း 'အာပတ္တိသမုဋ္ဌာန်'ခြောက်ပါးတို့တွင် တပါးသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရုဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။

၂၈၁။ ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် ခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းသည် ယုတ်မာသော အလိုဆိုး ရှိသည်ဖြစ်၍ အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်)တရားကို ဝါကြွား၍ ပြောဆိုအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ရဟန်းသည် မအပ်ဟု အမှတ်ရှိသည်ဖြစ်၍ "ငါ့အတွက်ကျောင်း 'ကုဋီ' ကို ပြုကြလော့" ဟု ညွှန်းအံ့၊ထိုရဟန်း၏ အကျိုးငှါ မကြားအပ်သော (ကုဋီ)နေရာရှိသော (အလျားတဆယ့်နှစ်ထွာ) အတိုင်းအရှည်ကိုလွန်သော (ပိုးရွခြပုန်းစသော တဆယ့်ခြောက်ပါးသော)ဘေးရန်ရှိသော (နွားနှစ်ကောင်တပ်သော လှည်းဖြင့်)လှည့်လည်လောက်သော ဥပစာမရှိသော ကျောင်း'ကုဋီ'ကို ပြုကြကုန်အံ့၊အားထုတ်ခြင်း'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ မြေစိုင်တခုသည် မရောက်မီ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။ ထိုမြေစိုင်တခုသည် ရောက်ရှိသည် ရှိသော် သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

ရဟန်းသည် မအပ်ဟုအမှတ်ရှိသည် ဖြစ်၍ လူသာမဏေကို ပုဒ်ပြိုင်တရားကို ပို့ချအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ဆဲရေးခြင်းငှါ အလိုမရှိသည်ဖြစ်လျက် ချုတ်ချယ်ခြင်းငှါ အလိုမရှိသည်ဖြစ်လျက် မျက်နှာမသာခြင်းကို မပြု လိုလျက် မြူးထူးလိုသည်အဖြစ်ဖြင့် ယုတ်သော ဆဲရေးခြင်းဖြင့် ယုတ်သော သူကို ဆိုအံ့၊ဒုဗ္ဘာသိအာပတ်သို့ ရောက်၏။

ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် ဤခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ထို(ခြောက်ပါးသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်ဘို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏။

ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ခြောက်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ သံဃာဒိသိသ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ထုလ္လစ္စည်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ဒုဗ္ဘာသိတအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်းအကြောင်း 'အာပတ္တိသမုဋ္ဌာန်' ခြောက်မျိုးတို့တွင် တမျိုးသောအကြောင်းကြောင့် ဖြစ်ကုန်၏။

နှုတ်ကြောင့် ၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့်မဖြစ်ကုန်။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရကဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

၂၈၂။ ဆဋ္ဌအာပတ္တိသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

ဆဋ္ဌအာပတ္တိသမုဋ္ဌာန်ကြောင့် ခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းသည် တိုင်ပင်၍ ဘဏ္ဍာကို ခိုးအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ရဟန်းသည် မအပ်ဟု အမှတ်ရှိသည်ဖြစ်လျက် တိုင်ပင်၍ မကြားအပ်သော ကျောင်း 'ကုဋိ' နေရာရှိသော (အလျားဘဆယ့်နှစ်ထွာ) အတိုင်းအရှည်ကို လွန်သော (ပိုးရွ ခြပုန်းစသော တဆယ့်ခြောက်ပါးသော) ဘေးရန်ရှိသော (နွားနှစ်ကောင်တပ်သောလှည်းဖြင့်) လှည့်လည်လောက်သော ဥပစာမရှိသော ကျောင်း'ကုဋိ'ကို ပြုအံ့။

အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မြေစိုင်တခုမရောက်မီ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။

ထိုမြေစိုင်ရောက်သည် ရှိသော် သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

ရဟန်းသည် မအပ်ဟု အမှတ်ရှိသည်ဖြစ်၍ မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

ရဟန်းသည် မအပ်ဟုအမှတ်ရှိသည်ဖြစ်လျက် စီရင်သော ရဟန်းမိန်းမအား မတားမြစ်မူ၍ စားအံ့၊ ပါဋိဒေသနီအာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ဆဋ္ဌအာပတ္တိသမုဋ္ဌာန်ကြောင့် ဤခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

ထို(ခြောက်ပါးသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်း လေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(ခြောက်ပါးသော)အာပတ်တို့သည် လေးပါးသောဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏။

ရံခါ အာစာရဝိပတ္တိသို့သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ခြောက်ပါးသောအာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ သံဃာဒိသိသ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ထုလ္လစ္စည်းအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါဋိဒေသနီအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

အဓိကရုဏ်း လေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးကုန်သော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါသမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။ (ဤကား အဖြေတည်း)။

**အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့၏ နှစ်ခုမြောက်ကတာပတ္တိဝါရ ပြီး၏။**

---

## ၃-အာပတ်သင့်ခြင်းအကြောင်း ဂါထာများ

၂၇၃။ အဆုံးမရှိသော ဥဒေ့ယျခံတရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး)ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကာယသမုဋ္ဌာန်ကြောင့် အဘယ်မျှသော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်ကို ငါမေးပါ၏၊ ဖြေဆိုပါလော့။

အဆုံးမရှိသော ဥဒေ ယျဝံတရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး) ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကာယသမုဋ္ဌာန်ကြောင့် ငါးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်အား ထိုအဖြေကို (ငါသည်) ဖြေကြား၏။

အဆုံးမရှိသော ဥဒေ ယျဝံတရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး) ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဝါစသိကသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်ကို ငါမေး၏၊ ဖြေဆိုပါလော့။

အဆုံးမရှိသော ဥဒေ ယျဝံတရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး) ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဝါစသိကသမုဋ္ဌာန်ကြောင့် လေးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်အား ထိုအဖြေကို (ငါသည်) ဖြေကြား၏။

အဆုံးမရှိသော ဥဒေ ယျဝံတရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး) ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကာယဝါစာသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်ကို ငါမေး၏၊ ဖြေဆိုပါလော့။

အဆုံးမရှိသော ဥဒေ ယျဝံတရား ငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း(ငါးပါး) ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကာယဝါစာသမုဋ္ဌာန်ကြောင့် ငါးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်အား ထိုအဖြေကို(ငါသည်)ဖြေကြား၏။

အဆုံးမရှိသော ဥဒေ ယျဝံတရား ငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး)ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကာယစိတ္တသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်ကုန်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်ကို ငါမေး၏၊ ဖြေဆိုပါလော့။

အဆုံးမရှိသော ဥဒေ ယျဝံတရား ငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး) ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည်ဟောတော်မူအပ်သော ကာယစိတ္တသမုဋ္ဌာန်ကြောင့် ခြောက်ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်အား ထိုအဖြေကို(ငါသည်)ဖြေကြား၏။

အဆုံးမရှိသော ဥဒေ ယျဝံတရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း(ငါးပါး)ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဝါစာစိတ္တသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်ကို ငါမေး၏၊ ဖြေဆိုပါလော့။

http://www.dhammadownload.com



အဆုံးမရှိသော ဥ ယျာဉ်တရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း(ငါးပါး)ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဝါစာစိတ္တသမုဋ္ဌာန်ကြောင့် ခြောက်ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်အား ထိုအဖြေ ကို(ငါသည်)ဖြေကြား၏။

အဆုံးမရှိသော ဥယျာဉ်တရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး)ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကာယဝါစာစိတ္တသမုဋ္ဌာန်ကြောင့် အဘယ်မျှလောက်လော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသူ သင့်ကို ငါမေး၏၊ ဖြေဆိုပါလော့။

အဆုံးမရှိသော ဥ ယျာဉ်တရားငါးပါးကို မြင်လေ့ရှိတော်မူသော ဆိတ်ငြိမ်ခြင်း (ငါးပါး)ကို မြင်လေ့ရှိတော်မူသော လူအပေါင်း၏ အကျိုးစီးပွါးကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကာယဝါစာစိတ္တသမုဋ္ဌာန်ကြောင့် ခြောက်ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ဝိဘင်းနှစ်ပါး၌လိမ္မာသူ သင့်အား ထိုအဖြေကို (ငါသည်) ဖြေကြား၏။ (ဤကား ဂါထာအပြီးတည်း)။

သုံးခုမြောက် အာပတ်သင့်ခြင်းအကြောင်း ဂါထာများ ပြီး၏။

## ၄-ဝိပတ္တိပစ္စယဝါရ

၂၉၄။ သီလဝိပတ္တိ ဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

သီလဝိပတ္တိ ဟူသော အကြောင်းကြောင့် လေးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏၊ ယုံမှားရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် သံဃာဒိသိသ် အာပတ်ကို ဖုံးလွှမ်းအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

မိမိ၏ ရှုန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

သီလဝိပတ္တိဟူသော အကြောင်းကြောင့် ဤလေးပါးသော အာပတ်တို့သို့ ရောက်၏။

ထို(လေးပါးသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထို(လေးပါးသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် လေးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စဉ်းအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

http://www.dhammadownload.com



အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါ ဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။

၂၇၅။ အာစာရဝိပတ္တိဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

အာစာရဝိပတ္တိဟူသော အကြောင်းကြောင့် တခုသော အာပတ်သို့ ရောက်၏။

အကျင့်ပျက်စီးခြင်းကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏၊

အာစာရဝိပတ္တိ ဟူသော အကြောင်းကြောင့် ဤတခုသော အာပတ်သို့ရောက်၏။

ထိုအာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ဒုက္ကဋ်အာပတ်အစုဟု ဆိုအပ်သော တပါးသော အာပတ်အစုဖြင့် ရေတွက်အပ်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ရင်း ငြိမ်းအေး၏။

၂၇၆။ ဒိဋ္ဌိဝိပတ္တိဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

ဒိဋ္ဌိဝိပတ္တိဟူသော အကြောင်းကြောင့် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် ယုတ်ညံ့သော (အယူကို)မစွန့်အံ့၊ ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏ အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။

ဒိဋ္ဌိဝိပတ္တိ ဟူသော အကြောင်းကြောင့် ဤနှစ်ပါးသော အာပတ်တို့သို့ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

http://www.dhammadownload.com



ထိုအာပတ်တို့သည် လေးပါးကုန်သော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့သက်ဝင်ကုန်၏။

ခုနစ်ပါးကုန်သော အာပတ်အစုတို့တွင် နှစ်ပါးကုန်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါစိတ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းမကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါ ဝိနယဖြင့်ရင်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။

၃၇၇။ အာဇီဝဝိပတ္တိ ဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

အာဇီဝဝိပတ္တိဟူသော အကြောင်းကြောင့် ခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

အသက်မွေးမှု ဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှု ဟူသော အထောက်အပံ့ အကြောင်းကြောင့် အလိုဆိုးရှိသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွား၍ ပြောဆိုအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

အသက်မွေးမှု ဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှု ဟူသော အထောက်အပံ့ အကြောင်းကြောင့် အောင်သွယ်ခြင်းသို့ရောက်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏။

အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှု ဟူသော အထောက်အပံ့ အကြောင်းကြောင့် "အကြင်ရဟန်းသည် သင်၏ ကျောင်း၌နေ၏၊ ထိုရဟန်းသည် ရဟန္တာတည်း"ဟု ပြောဆိုအံ့၊ (အပြောခံရသူ)သိမှု ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှု ဟူသော အထောက်အပံ့ အကြောင်းကြောင့် ရဟန်းယောကျ်ားသည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှု ဟူသော အထောက်အပံ့ အကြောင်းကြောင့် ရဟန်းမိန်းမသည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားအံ့၊ ပါဋိဒေသနီအာပတ်သို့ ရောက်၏။

အသက်မွေးမှု ဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှုဟူသော အထောက်အပံ့ အကြောင်းကြောင့် ဟင်းကိုရင်း ထမင်းကိုရင်း မနာမဖျားပဲ မိမိ၏အကျိုးငှါ တောင်း၍စားအံ့၊ ဒုက္ကဋအာပတ်သို့ ရောက်၏။

http://www.dhammadownload.com



အာဇီဝဝိပတ္တိ ဟူသော အကြောင်းကြောင့် ဤခြောက်ပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ခြောက်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ သံဃာဒိသိသ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စဉ်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါဋိဒေသနီအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် ခြောက်မျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊စိတ်ကြောင့် မဖြစ်ကုန်။ရံခါ နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်မဖြစ်ကုန်၊စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်ကုန်၏၊စိတ်ကြောင့် မဖြစ်ကုန်။ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

လေးခုမြောက် ဝိပတ္တိပစ္စယဝါရ ပြီး၏။

---

## ၅-အဓိကရဏပစ္စယဝါရ

၂၇၇။ ဝိဝါဒါဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

ဝိဝါဒါဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။ ရဟန်းကို ဆဲရေးအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

လူသာမဏေကို ဆဲရေးအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

http://www.dhammadownload.com



ဝိဂါဒါဓိကရဏ်းတည်းဟူသော အကြောင်းကြောင့် ဤနှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟု ဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် နှစ်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့်ငှင်း စိတ်ကြောင့်ငှင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ရံခါ နှုတ်ကြောင့်ငှင်း စိတ်ကြောင့်ငှင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ငှင်း နှုတ်ကြောင့်ငှင်း စိတ်ကြောင့်ငှင်း ဖြစ်ကုန်၏။

အဓိကရဏ်းလေးပါးတို့တွင် အာပတ္တာဓိကရဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ငှင်း ပဋိညာတကရဏဖြင့်ငှင်း၊ ရံခါ သမ္မုခါ ဝိနယဖြင့်ငှင်း တိဏဝတ္ထာရကဝိနည်းကံဖြင့်ငှင်း ငြိမ်းအေးကုန်၏။

၂၇၉။ အနုဝါဒါဓိကရဏ်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သောအာပတ်သို့ ရောက်သနည်း။

အနုဝါဒါဓိကရဏ်းတည်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းကို(မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အရင်းမရှိသော ပါရာဇိကအာပတဖြင့် စွပ်စွဲနှိပ်စက်ဖျက်ဆီးအံ့၊ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

(မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အရင်းမရှိသော သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲနှိပ်စက်ဖျက်ဆီးအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

(မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အရင်းမရှိသော အာစာရဝိပတ္တိဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးအံ့၊ ဒုက္ကဋအာပတ်သို့ ရောက်၏။

အနုဝါဒါဓိကရဏ်း တည်းဟူသော အကြောင်းကြောင့်ဤသုံးပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

http://www.dhammadownload.com



ခုနစ်ပါးသော အာပတ်အစုတို့တွင် သုံးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ သံဃာဒိသိသ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

၂၉၀။ အာပတ္တာဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

အာပတ္တာဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် လေးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ယုံမှားရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် သံဃာဒိသိသ် အာပတ်ကို ဖုံးလွှမ်းအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

အကျင့်ပျက်စီးခြင်း'အာစာရဝိပတ္တိ'ကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ် အာပတ်သို့ ရောက်၏။

အာပတ္တာဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် ဤလေးပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် လေးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စဉ်း အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ် အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

http://www.dhammadownload.com



ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

၂၉၁။ ကိစ္စာဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

ကိစ္စာဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် ငါးပါးသော အာပတ်တို့သို့ ရောက်၏။

နှင်ထုတ်အပ်သော ရဟန်းသို့ အတုလိုက်သော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို)မစွန့်အံ့၊ ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏၊ ကမ္မဝါစာ၏အဆုံး၌ ပါရာဇိက အာပတ်သို့ ရောက်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (သံဃာကို)သင်းခွဲသော ရဟန်းသို့ အစဉ်လိုက်သော ရဟန်းတို့သည် (အယူကို) မစွန့်ကုန်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်ကုန်၏။ သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် ယုတ်ညံ့သော အယူကို မစွန့်အံ့၊ ပါစိတ် အာပတ်သို့ ရောက်ကုန်၏။

ကိစ္စာဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ပ။ ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ သက်ဝင်ကုန်၏၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ငါးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ သံဃာဒိသိသ် အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ထုလ္လစ္စဉ်းအာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါ သမ္မုခါ ဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

ခုနစ်ပါးသော အာပတ်၊ ခုနစ်ပါးသော အာပတ်အစုတို့ကို ချန်ထား၍ ကြွင်းကျန်သော (သေဒတာပတ္တိစသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။

http://www.dhammadownload.com



ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ခုနစ်ပါးသောအာပတ်၊ ခုနစ်ပါးသော အာပတ်အစုတို့ကို ချန်ထား၍ ကြွင်းကျန်သော (သေ့ာတာပတ္တိစသော)အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိတို့သို့ မျှ မသက်ဝင်ကုန်။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်အာပတ်အစုဖြင့်မျှ မရေတွက်အပ်ကုန်။

အာပတ်သင့်ခြင်း အကြောင်းခြောက်မျိုးတို့တွင် အဘယ်အာပတ်သင့်ခြင်း အကြောင်းကြောင့်မျှ မဖြစ်ကုန်။

အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းမျှ မဟုတ်။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မည်သော သမထဖြင့်မျှ မငြိမ်းအေးကုန်။

ထို(အဖြစ်)သည် အဘယ်အကြောင်းကြောင့်နည်း။

ခုနစ်ပါးသောအာပတ်၊ ခုနစ်ပါးသော အာပတ်အစုမှ တပါး အခြား(သာဝဇ္ဇ)အာပတ်တို့သည် မရှိကုန်သောကြောင့်တည်း။

ငါးခုမြောက် အဓိကရဏပစ္စယဝါရ ပြီး၏၊

**အန္တရပေယျာလ ပြီး၏။**

---

ထိုအန္တရပေယျာလ၏ အကျဉ်းချုပ်—

ကတိပုစ္ဆာဝါရ၊ ဆအာပတ္တိသမုဋ္ဌာနဝါရ၊ ထိုမှတပါး ကတာပတ္တိဝါရ၊ အာပတ္တိသမုဋ္ဌာနဂါထာ၊ ဝိပတ္တိပစ္စယဝါရ၊ ထိုမှတပါး အဓိကရဏပစ္စယဝါရ။

ဤကား အကျဉ်းချုပ်တည်း၊

http://www.dhammadownload.com

# သမထဘေဒ

## ၆-အဓိကရဏပရိယာယဝါရ

၂၈၂။ ဝိဝါဒါဓိကရုဏ်း၏ ရှေ့သွားကား အဘယ်နည်း၊ တည်ရာ'ဌာန'တို့ကား အဘယ်တို့နည်း၊ အကြောင်း'ဝတ္ထု'တို့ကား အဘယ်တို့နည်း၊ ဘုံတို့ကား အဘယ်တို့နည်း၊ဟိတ်တို့ကား အဘယ်တို့နည်း၊ အရင်း'မူလ'တို့ကား အဘယ်တို့နည်း၊ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် ငြင်းခုံသနည်း၊ ဝိဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

အနုဝါဒါဓိကရုဏ်း၏ ရှေ့သွားကား အဘယ်နည်း၊ တည်ရာ'ဌာန'တို့ကား အဘယ်တို့နည်း၊ အကြောင်း 'ဝတ္ထု' တို့ကား အဘယ်တို့နည်း၊ ဘုံတို့ကား အဘယ်တို့နည်း၊ ဟိတ်တို့ကား အဘယ်တို့နည်း၊ အရင်း'မူလ'တို့ကား အဘယ်တို့နည်း၊ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် စွပ်စွဲသနည်း၊ အနုဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

အာပတ္တာဓိကရုဏ်း၏ ရှေ့သွားကား အဘယ်နည်း၊ တည်ရာ 'ဌာန' တို့ကား အဘယ်တို့နည်း၊ အကြောင်း'ဝတ္ထု'တို့ကား အဘယ်တို့နည်း၊ ဘုံတို့ကား အဘယ်တို့နည်း၊ဟိတ်တို့ကား အဘယ်တို့နည်း၊ အရင်း'မူလ'တို့ကား အဘယ်တို့နည်း၊ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် အာပတ်သို့ ရောက်သနည်း၊ အာပတ္တာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

ကိစ္စာဓိကရုဏ်း၏ ရှေ့သွားကား အဘယ်တို့နည်း၊ တည်ရာ'ဌာန'တို့ကား အဘယ်တို့နည်း၊ အကြောင်း 'ဝတ္ထု'တို့ကား အဘယ်တို့နည်း၊ ဘုံတို့ကား အဘယ်တို့နည်း၊ ဟိတ်တို့ကား အဘယ်တို့နည်း၊ အရင်း'မူလ'တို့ကား အဘယ်တို့နည်း၊ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် အမှု'ကိစ္စ' သည် ဖြစ်သနည်း၊ ကိစ္စာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

၂၈၃။ ဝိဝါဒါဓိကရုဏ်း၏ ရှေ့သွားကား အဘယ်နည်းဟူသော အမေး၌ လိုချင်ခြင်း 'လောဘ' သည် ရှေ့သွားတည်း၊ ပြစ်မှားခြင်း'ဒေါသ'သည် ရှေ့သွားတည်း၊ တွေဝေခြင်း'မောဟ'သည် ရှေ့သွား တည်း၊မလိုချင်ခြင်း 'အလောဘ'သည် ရှေ့သွားတည်း၊မပြစ်မှားခြင်း 'အဒေါသ'သည် ရှေ့သွားတည်း၊ မတွေဝေခြင်း 'အမောဟ'သည် ရှေ့သွားတည်း။

တည်ရာ'ဌာန'တို့ကား အဘယ်တို့နည်း ဟူသော အမေး၌ တည်ရာ'ဌာန'တို့ကား တဆယ့်ရှစ်ပါး သော ကွဲပြားခြင်းကို ပြုတတ်သော အကြောင်း'ဝတ္ထု'တို့တည်း။

အကြောင်း'ဝတ္ထု'တို့ကား အဘယ်နည်း ဟူသော အမေး၌ ဝတ္ထုတို့ကား တဆယ့်ရှစ်ပါးသော ကွဲပြားခြင်းကို ပြုတတ်သော အကြောင်း'ဝတ္ထု'တို့တည်း။

ဘုံတို့ကား အဘယ်တို့နည်း ဟူသော အမေး၌ ဘုံတို့ကား တဆယ့်ရှစ်ပါးသော ကွဲပြားခြင်းကို ပြုတတ်သော အကြောင်း 'ဝတ္ထု'တို့တည်း။

ဟိတ်တို့ကား အဘယ်တို့နည်းဟူသော အမေး၌ ဟိတ်တို့ကား ကိုးပါးတို့တည်း၊ ကုသိုလ်ဟိတ် သုံးပါး၊ အကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

အရင်း'မူလ'တို့ကား အဘယ်တို့နည်း ဟူသော အမေး၌ အရင်း'မူလ'တို့ကား တဆယ့်နှစ်ပါး တို့တည်း။

http://www.dhammadownload.com



အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် ငြင်းခုံသနည်း ဟူသောအမေး၌ ဓမ္မအယူရှိသည်ဖြစ်၍ရင်း အဓမ္မအယူရှိသည်ဖြစ်၍ရင်း၊ ဤသို့ နှစ်ပါးသော အခြင်းအရာတို့ဖြင့် ငြင်းခုံ၏။

ဝိဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း ဟူသော အမေး၌ ဝိဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနည်း ယေဘုယျသိကာဝိနည်းကံဟူသော နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

၂၈၄။ အနုဝါဒါဓိကရုဏ်း၏ ရှေ့သွားကား အဘယ်နည်း ဟူသော အမေး၌ ထိုလိုချင်ခြင်း 'လောဘ'သည် ရှေ့သွားတည်း၊ ပြစ်မှားခြင်း 'ဒေါသ'သည် ရှေ့သွားတည်း၊ တွေဝေခြင်း'မောဟ'သည် ရှေ့သွားတည်း၊ မလိုချင်ခြင်း'အလောဘ'သည် ရှေ့သွားတည်း၊ မပြစ်မှားခြင်း 'အဒေါသ'သည် ရှေ့သွားတည်း၊ မတွေဝေခြင်း'အမောဟ'သည် ရှေ့သွားတည်း။

တည်ရာ'ဌာန'တို့ကား အဘယ်တို့နည်း ဟူသော အမေး၌ တည်ရာ'ဌာန'တို့ကား လေးပါးသော ဝိပတ္တိတို့တည်း။

အကြောင်း'ဝတ္ထု'တို့ကား အဘယ်နည်း ဟူသော အမေး၌ အကြောင်း 'ဝတ္ထု'တို့ကား လေးပါးသော ဝိပတ္တိတို့ပင်တည်း။

ဘုံတို့ကား အဘယ်တို့နည်းဟူသော အမေး၌ ဘုံတို့ကား လေးပါးသော ဝိပတ္တိတို့ပင်တည်း။

ဟိတ်တို့ကားအဘယ်တို့နည်းဟူသော အမေး၌ ဟိတ်တို့ကား ကိုးပါးတို့တည်း၊ ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

အရင်း'မူလ'တို့ကား အဘယ်တို့နည်းဟူသော အမေး၌ အရင်း 'မူလ' တို့ကား တဆယ့်လေးပါးတို့တည်း။

အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် စွပ်စွဲသနည်း ဟူသော အမေး၌ အကြောင်း'ဝတ္ထု' အားဖြင့်ရင်း အာပတ်အားဖြင့်ရင်း ဤနှစ်ပါးသော အခြင်းအရာအားဖြင့် စွပ်စွဲ၏။

အနုဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်းဟူသော အမေး၌ အနုဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနည်း သတိဝိနည်း အမူဠ္ဍဝိနည်း တဿပါပိယသိကာဝိနည်းကံ ဟူသော လေးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

၂၈၅။ အာပတ္တာဓိကရုဏ်း၏ ရှေ့သွားကား အဘယ်နည်း ဟူသော အမေး၌လိုချင်ခြင်း 'လောဘ'သည် ရှေ့သွားတည်း၊ ပြစ်မှားခြင်း 'ဒေါသ'သည် ရှေ့သွားတည်း၊ တွေဝေခြင်း'မောဟ'သည် ရှေ့သွားတည်း၊ မလိုချင်ခြင်း 'အလောဘ'သည် ရှေ့သွားတည်း၊ မပြစ်မှားခြင်း 'အဒေါသ'သည် ရှေ့သွားတည်း၊ မတွေဝေခြင်း 'အမောဟ'သည် ရှေ့သွားတည်း။

တည်ရာ'ဌာန'တို့ကား အဘယ်တို့နည်းဟူသော အမေး၌ တည်ရာ'ဌာန'တို့ကား ခုနစ်ပါးသော အာပတ်အစုတို့တည်း။

အကြောင်း 'ဝတ္ထု'တို့ကား အဘယ်မျှတို့နည်းဟူသော အမေး၌ အကြောင်း'ဝတ္ထု'တို့ကား ခုနစ်ပါးသော အာပတ်အစုပင်တည်း။

ဘုံတို့ကား အဘယ်မျှတို့နည်း ဟူသော အမေး၌ ဘုံတို့ကား ခုနစ်ပါးသော အာပတ်အစုတို့ပင်တည်း။

http://www.dhammadownload.com



ဟိတ်တို့ကား အဘယ်ပုံနည်းဟူသော အမေး၌ ဟိတ်တို့ကား ခြောက်ပါးတို့တည်း၊ အကုသိုလ် ဟိတ်သုံးပါး၊ အဗျာကတဟိတ် သုံးပါးတို့တည်း။

အရင်း'မူလ'တို့ကား အဘယ်မျှတို့နည်း ဟူသော အမေး၌ အရင်း'မူလ'တို့ကား အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တည်း။

အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် အာပတ်သို့ ရောက်သနည်း ဟူသော အမေး၌ အရှက်မရှိခြင်း၊ မသိခြင်း၊ တွေးတောမှု'သံသယကုက္ကုစ္စ'နှိပ်စက်ခြင်း၊ မအပ်သည်၌ အပ်၏ဟူသော အမှတ်၊ အပ်သည်၌ မအပ်ဟူသော အမှတ်၊ သတိမေ့လျော့ခြင်း ဟူသော ခြောက်ပါးသော အခြင်းအရာတို့ဖြင့် အာပတ်သို့ ရောက်၏။

အာပတ္တာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း ဟူသော အမေး၌ အာပတ္တာဓိကရုဏ်းသည် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

(ရံခါ) သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း (ရံခါ) သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေး၏။

၂၉၆။ ကိစ္စာဓိကရုဏ်း၏ ရှေ့သွားကား အဘယ်နည်းဟူသော အမေး၌ လိုချင်ခြင်း'လောဘ' သည် ရှေ့သွားတည်း၊ ပြစ်မှားခြင်း 'ဒေါသ'သည် ရှေ့သွားတည်း၊ တွေဝေခြင်း 'မောဟ'သည် ရှေ့သွားတည်း၊ မလိုချင်ခြင်း 'အလောဘ'သည် ရှေ့သွားတည်း၊ မပြစ်မှားခြင်း 'အဒေါသ'သည် ရှေ့သွားတည်း၊ မတွေဝေခြင်း'အမောဟ'သည် ရှေ့သွားတည်း။

တည်ရာ'ဌာန'တို့ကား အဘယ်တို့နည်းဟူသော အမေး၌ တည်ရာ'ဌာန'တို့ကား ကံလေးပါးတို့တည်း။

အကြောင်း'ဝတ္ထု'တို့ကား အဘယ်မျှတို့နည်း ဟူသော အမေး၌ အကြောင်း'ဝတ္ထု'တို့ကား ကံလေးပါးတို့ပင်တည်း။

ဘုံတို့ကား အဘယ်တို့နည်း ဟူသော အမေး၌ ဘုံတို့ကား ကံလေးပါးတို့ပင်တည်း။

ဟိတ်တို့ကား အဘယ်တို့နည်း ဟူသော အမေး၌ ဟိတ်တို့ကား ကိုးပါးတို့တည်း၊ ကုသိုလ်ဟိတ် သုံးပါး၊ အကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

အရင်း'မူလ'တို့ကား အဘယ်တို့နည်းဟူသော အမေး၌ အရင်း'မူလ'ကား သံဃာတမျိုးသာတည်း။

အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် အမှု'ကိစ္စ'သည် ဖြစ်သနည်း ဟူသော အမေး၌ ဉတ်ဖြင့်၎င်း ပန်ကြားခြင်း 'အပလောကန'ကံဖြင့်၎င်း ဤနှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှု'ကိစ္စ' သည် ဖြစ်၏။

ကိစ္စာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်းဟူသော အမေး၌ ကိစ္စာဓိကရုဏ်းသည် သမ္မုခါ ဝိနည်း ဟူသော တခုသော သမထဖြင့် ငြိမ်းအေး၏။

သမထတို့သည် အဘယ်မျှတို့နည်း ဟူသော အမေး၌ သမထတို့သည် ခုနစ်ပါးတို့တည်း၊ သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ ယေဘုယျသိကာသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ အားဖြင့် ဤခုနစ်ပါးတို့ပင်တည်း။

http://www.dhammadownload.com



ဝတ္ထုအစွမ်းအားဖြင့်၎င်း ပရိယာယ်အစွမ်းအားဖြင့်၎င်၊ ခုနစ်ပါးသော ဤသမထတို့သည် ဆယ်ပါးသော သမထတို့ ဖြစ်ကုန်သလော၊ ဆယ်ပါးသော သမထတို့သည် ခုနစ်ပါးသော သမထတို့ ဖြစ်ကုန်သလော။ ဖြစ်ကုန်၏။

အဘယ်သို့ ဖြစ်ကုန်သနည်း၊ ဝိဝါဒါဓိကရုဏ်း၏ သမထတို့သည် နှစ်ပါးတို့တည်း၊ အနုဝါဒါဓိကရုဏ်း၏ သမထတို့သည် လေးပါးတို့တည်း၊ အာပတ္တာဓိကရုဏ်း၏ သမထတို့သည် သုံးပါးတို့တည်း၊ ကိစ္စာဓိကရုဏ်း၏ သမထသည် တပါးတည်း။ ဤသို့ ဝတ္ထုအစွမ်းအားဖြင့်၎င်း ပရိယာယ်အစွမ်းအားဖြင့်၎င်း ခုနစ်ပါးသော ဤသမထတို့သည် ဆယ်ပါးသော သမထတို့ ဖြစ်ကုန်၏၊ ဆယ်ပါးသော သမထတို့သည် ခုနစ်ပါးသော သမသတို့ ဖြစ်ကုန်၏။

ခြောက်ခုမြောက် ပရိယာယဝါရသည် ပြီး၏။

---

## ၇-သာဓာရဏဝါရ

၂၉၇။ အဘယ်မျှလောက်သော သမထတို့သည် ဝိဝါဒါဓိကရုဏ်းနှင့် ဆက်ဆံကုန်သနည်း။ အဘယ်မျှလောက်သော သမထတို့သည် ဝိဝါဒါဓိကရုဏ်းနှင့် မဆက်ဆံကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် အနုဝါဒါဓိကရုဏ်းနှင့် ဆက်ဆံကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့သည် အနုဝါဒါဓိကရုဏ်းနှင့် မဆက်ဆံကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် အာပတ္တာဓိကရုဏ်းနှင့် ဆက်ဆံကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့သည် အာပတ္တာဓိကရုဏ်းနှင့် မဆက်ဆံကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် ကိစ္စာဓိကရုဏ်းနှင့် ဆက်ဆံကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့သည် ကိစ္စာဓိကရုဏ်းနှင့် မဆက်ဆံကုန်သနည်း။

သမ္မုခါဝိနယ ယေဘုယျသိကာသမထ နှစ်ပါးသောသမထတို့သည် ဝိဝါဒါဓိကရုဏ်းနှင့် ဆက်ဆံကုန်၏။

သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ၊ ဤငါးပါးသော သမထတို့သည် ဝိဝါဒါဓိကရုဏ်းနှင့် မဆက်ဆံကုန်။

သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠှဝိနယသမထ တဿပါပိယသိကာသမထ၊ ဤလေးပါးသော သမထတို့သည် အနုဝါဒါဓိကရုဏ်းနှင့် ဆက်ဆံကုန်၏။

ယေဘုယျသိကာသမထ၊ ပဋိညာတကရဏသမထ၊ တိဏဝတ္ထာရကသမထ၊ ဤသုံးပါးသော သမထတို့သည် အနုဝါဒါဓိကရုဏ်းနှင့် မဆက်ဆံကုန်။

သမ္မုခါဝိနယသမထ၊ ပဋိညာတကရဏသမထ၊ တိဏဝတ္ထာရကသမထ၊ ဤသုံးပါးသော သမထတို့သည် အာပတ္တာဓိကရုဏ်းနှင့် ဆက်ဆံကုန်၏။

ယေဘုယျသိကာသမထ၊ သတိဝိနယသမထ၊ အမူဠှဝိနယသမထ၊ တဿပါပိယသိကာသမထ၊ ဤလေးပါးသော သမထတို့သည် အာပတ္တာဓိကရုဏ်းနှင့် မဆက်ဆံကုန်။

သမ္မုခါဝိနယဟု ဆိုအပ်သော တပါးသော သမထသည် ကိစ္စာဓိကရုဏ်းနှင့် ဆက်ဆံ၏။

ယေဘုယျသိကာသမထ၊ သတိဝိနယသမထ၊ အမူဠှဝိနယသမထ၊ ပဋိညာတကရဏသမထ၊

http://www.dhammadownload.com



တဿပါပိယသိကာသမထ၊ တိဏဝတ္ထာရကသမထ၊ ဤခြောက်ပါးသော သမထတို့သည် ကိစ္စာဓိကရုဏ်းနှင့် မဆက်ဆံကုန်။

ခုနစ်ခုမြောက် သာခာရဏဝါရ ပြီး၏။

## ၈-တဗ္ဗာဂိယဝါရ

၂၉၈။ အဘယ်မျှလောက်သော သမထတို့သည် ဝိဝါဒါဓိကရုဏ်းနှင့် တူသော အဖို့ရှိကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် ဝိဝါဒါဓိကရုဏ်းမှ တပါးသော အဖို့ရှိကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် အနုဝါဒါဓိကရုဏ်းနှင့် တူသော အဖို့ရှိကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် အနုဝါဒါဓိကရုဏ်းမှ တပါးကုန်သော အဖို့ရှိကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် အာပတ္တာဓိကရုဏ်းနှင့် တူသောအဖို့ရှိကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် အာပတ္တာဓိကရုဏ်းမှ တပါးသော အဖို့ရှိကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် ကိစ္စာဓိကရုဏ်းနှင့် တူသော အဖို့ရှိကုန်သနည်း။

အဘယ်မျှလောက်သော သမထတို့သည် ကိစ္စာဓိကရုဏ်းမှ တပါးသော အဖို့ရှိကုန်သနည်း။

သမ္မုခါဝိနယသမထ၊ ယေဘုယျသိကာသမထ၊ ဤနှစ်ပါးသော သမထတို့သည် ဝိဝါဒါဓိကရုဏ်းနှင့်တူသော အဖို့ရှိကုန်၏။

သတိဝိနယသမထ၊ အမူဠ္ဍဝိနယသမထ၊ ပဋိညာတကရဏသမထ၊တဿပါပိယသိကာသမထ၊ တိဏဝတ္ထာရကသမထ၊ ဤငါးပါးသော သမထတို့သည် ဝိဝါဒါဓိကရုဏ်းမှ တပါးသော အဖို့ရှိကုန်၏။

သမ္မုခါဝိနယသမထ၊ သတိဝိနယသမထ၊ အမူဠ္ဍဝိနယသမထ၊ တဿပါပိယသိကာသမထ၊ ဤလေးပါးသော သမထတို့သည် အနုဝါဒါ ဓိကရုဏ်းနှင့်တူသော အဖို့ရှိကုန်၏။

ယေဘုယျသိကာသမထ၊ ပဋိညာတကရဏသမထ၊ တိဏဝတ္ထာရကသမထ၊ ဤသုံးပါးသော သမထတို့သည် အနုဝါဒါဓိကရုဏ်းမှ တပါးသော အဖို့ရှိကုန်၏။

သမ္မုခါဝိနယသမထ၊ ပဋိညာတကရဏသမထ၊ တိဏဝတ္ထာရကသမထ၊ ဤသုံးပါးသော သမထတို့သည် အာပတ္တာဓိကရုဏ်းနှင့် တူသော အဖို့ ရှိကုန်၏။

ယေဘုယျသိကာသမထ၊ သတိဝိနယသမထ၊ အမူဠ္ဍဝိနယသမထ၊ တဿပါပိယသိကာသမထ၊ ဤလေးပါးသော သမထတို့သည် အာပတ္တာဓိကရုဏ်းမှ တပါးသော အဖို့ရှိကုန်၏။

သမ္မုခါဝိနယဟု ဆိုအပ်သော တပါးသော သမထသည် ကိစ္စာဓိကရုဏ်းနှင့် တူသော အဖို့ရှိ၏။

ယေဘုယျသိကာသမထ၊သတိဝိနယသမထ၊အမူဠ္ဍဝိနယသမထ၊ပဋိညာတကရဏသမထ၊ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ၊ ဤခြောက်ပါးသော သမထတို့သည် ကိစ္စာဓိကရုဏ်းမှ တပါးသော အဖို့ ရှိကုန်၏။

ရှစ်ခုမြောက် တဗ္ဗာဂိယဝါရ ပြီး၏။

http://www.dhammadownload.com



## ၉-သမထာသမထဿသာဓာရဏဝါရ

၂၉၉။ သမထတို့သည် သမထနှင့်ဆက်ဆံကုန်သလော။

သမထတို့သည် သမထနှင့် မဆက်ဆံကုန်သလော။

အချို့သမထတို့သည် သမထနှင့် ဆက်ဆံကုန်၏။

အချို့သမထတို့သည် သမထနှင့် မဆက်ဆံကုန်။

အဘယ်သို့ သမထတို့သည် သမထနှင့် ဆက်ဆံကုန်သနည်း။

အဘယ်သို့ အချို့သမထတို့သည် သမထနှင့် မဆက်ဆံကုန်သနည်း။

ယေဘုယျသိကာသမထသည် သမ္မုခါဝိနယသမထနှင့်ဆက်ဆံ၏၊သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထတို့နှင့် မဆက်ဆံ။

သတိဝိနယသမထသည် သမ္မုခါဝိနယသမထနှင့် ဆက်ဆံ၏၊ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထတို့နှင့် မဆက်ဆံ။

အမူဠ္ဟဝိနယသမထသည် သမ္မုခါဝိနယသမထနှင့် ဆက်ဆံ၏၊ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထ သတိဝိနယသမထတို့နှင့် မဆက်ဆံ။

ပဋိညာတကရဏသမထသည် သမ္မုခါဝိနယသမထနှင့် ဆက်ဆံ၏၊ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထတို့နှင့် မဆက်ဆံ။

တဿပါပိယသိကာသမထသည် သမ္မုခါဝိနယသမထနှင့် ဆက်ဆံ၏၊ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထတို့နှင့် မဆက်ဆံ။

တိဏဝတ္ထာရကသမထသည် သမ္မုခါဝိနယသမထနှင့် ဆက်ဆံ၏၊ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထတို့နှင့် မဆက်ဆံ။

ဤသို့ အချို့သမထတို့သည် သမထနှင့် ဆက်ဆံကုန်၏၊ ဤသို့ အချို့သမထတို့သည် သမထနှင့် မဆက်ဆံကုန်။

ကိုးခုမြောက် သမထာသမထဿသာဓာရဏဝါရ ပြီး၏။

---

## ၁၀-သမထာသမထဿတဗ္ဘာဂိယဝါရ

၃၀၀။ သမထတို့သည် သမထနှင့်တူသော အဖို့ရှိကုန်သလော။

သမထတို့သည် သမထမှတပါးသော အဖို့ရှိကုန်သလော။

အချို့သမထတို့သည် သမထနှင့်တူသော အဖို့ရှိကုန်၏၊ အချို့သမထတို့သည် သမထမှတပါးသော အဖို့ရှိကုန်၏။

http://www.dhammadownload.com



အဘယ်သို့ အချို့သမထတို့သည် သမထနှင့်တူသော အဖို့ရှိကုန်သနည်း။

အဘယ်သို့ အချို့သမထတို့သည် သမထမှတပါးသော အဖို့ ရှိကုန်သနည်း။

ယေဘုယျသိကာသမထသည် သမ္မုခါဝိနယသမထနှင့် တူသော အဖို့ရှိ၏၊ သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထမှ တပါးသော အဖို့ရှိ၏။

သတိဝိနယသမထသည် သမ္မုခါဝိနယသမထနှင့် တူသောအဖို့ရှိ၏၊ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထမှ တပါးသော အဖို့ရှိ၏။

အမူဠှဝိနယသမထသည် သမ္မုခါဝိနယသမထနှင့် တူသော အဖို့ရှိ၏၊ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထ သတိဝိနယသမထမှ တပါးသော အဖို့ရှိ၏။

ပဋိညာတကရဏသမထသည် သမ္မုခါဝိနယသမထနှင့် တူသော အဖို့ရှိ၏။

တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠှဝိနယသမထမှ တပါးသော အဖို့ရှိ၏။

တဿပါပိယသိကာသမထသည် သမ္မုခါဝိနယသမထနှင့် တူသော အဖို့ရှိ၏၊ တိဏဝတ္ထာရကသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထမှ တပါးသော အဖို့ရှိ၏။

တိဏဝတ္ထာရကသမထသည် သမ္မုခါဝိနယသမထနှင့် တူသော အဖို့ရှိ၏၊ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထမှ တပါးသော အဖို့ရှိ၏။

ဤသို့ အချို့သမထတို့သည် သမထနှင့်တူသော အဖို့ရှိကုန်၏၊ ဤသို့ အချို့သမထတို့သည် သမထမှ တပါးသော အဖို့ရှိကုန်၏။

ဆယ်ခုမြောက် သမထာသမထဿတဘ္ဘာဂိယဝါရ ပြီး၏။

---

## ၁၁-သမထသမ္မုခါဝိနယဝါရ

၃၀၁။ သမထ မည်၏၊ သမ္မုခါ ဝိနယမည်သလော၊ သမ္မုခါ ဝိနယမည်၏၊ သမထ မည်သလော။

သမထ မည်၏၊ ယေဘုယျသိကာမည်သလော၊ ယေဘုယျသိကာမည်၏၊ သမထမည်သလော။

သမထမည်၏၊ သတိဝိနယ မည်သလော၊ သတိဝိနယ မည်၏၊ သမထ မည်သလော။

သမထမည်၏၊ အမူဠှဝိနယမည်သလော၊ အမူဠှဝိနယ မည်၏၊ သမထမည်သလော။

သမထ မည်၏၊ ပဋိညာတကရဏ မည်သလော။

ပဋိညာတကရဏ မည်၏၊ သမထ မည်သလော။

သမထမည်၏၊ တဿပါပိယသိကာမည်သလော၊တဿပါပိယသိကာမည်၏၊သမထမည်သလော။

သမထမည်၏၊ တိဏဝတ္ထာရကမည်သလော၊ တိဏဝတ္ထာရက မည်၏၊ သမထ မည်သလော။

http://www.dhammadownload.com



ယေဘုယျသိကာ သတိဝိနည်း အမူဠှဝိနည်း ပဋိညာတကရဏ တဿပါပိယသိကာ တိဏဝတ္ထာရကဟူသော ဤသမထတို့သည် သမထမည်ကုန်၏၊ သမ္မုခါဝိနယကား မမည်ကုန်။ သမ္မုခါဝိနယသည် သမထလည်း မည်၏၊ သမ္မုခါဝိနယလည်း မည်၏။

သတိဝိနည်း အမူဠှဝိနည်း ပဋိညာတကရဏ တဿပါပိယသိကာ တိဏဝတ္ထာရက သမ္မုခါဝိနည်းဟူသော သမထတို့သည် သမထတို့ မည်ကုန်၏၊ ယေဘုယျသိကာ မမည်ကုန်။ ယေဘုယျသိကာသည် သမထလည်း မည်၏၊ ယေဘုယျသိကာလည်း မည်၏။

အမူဠှဝိနည်း ပဋိညာတကရဏ တဿပါပိယသိကာ တိဏဝတ္ထာရက သမ္မုခါဝိနယ ယေဘုယျသိကာဟူသော ဤသမထတို့သည် သမထတို့ မည်ကုန်၏၊ သတိဝိနည်း မမည်ကုန်။ သတိဝိနည်သည် သမထလည်း မည်၏၊ သတိဝိနည်းလည်း မည်၏။

ပဋိညာတကရဏ တဿပါပိယသိကာ တိဏဝတ္ထာရက သမ္မုခါဝိနည်း ယေဘုယျသိကာ သတိဝိနည်းဟူသော ဤသမထတို့သည် သမထတို့ မည်ကုန်၏၊ အမူဠှဝိနည်း မမည်ကုန်။ အမူဠှဝိနည်းသည် သမထလည်း မည်၏၊ အမူဠှဝိနည်းလည်း မည်၏။

တဿပါပိယသိကာ တိဏဝတ္ထာရက သမ္မုခါဝိနည်း ယေဘုယျသိကာ သတိဝိနည်း အမူဠှဝိနည်းဟူသော သမထတို့သည် သမထတို့ မည်ကုန်၏၊ ပဋိညာတကရဏ မမည်ကုန်။ ပဋိညာတကရဏသည် သမထလည်း မည်၏၊ ပဋိညာတကရဏလည်း မည်၏။

တိဏဝတ္ထာရက သမ္မုခါဝိနည်း ယေဘုယျသိကာ သတိဝိနည်း အမူဠှဝိနည်း ပဋိညာတကရဏဟူသော ဤသမထတို့သည် သမထတို့ မည်ကုန်၏၊ တဿပါပိယသိကာ မမည်ကုန်။ တဿပါပိယသိကာသည် သမထလည်း မည်၏၊ တဿပါပိယသိကာလည်း မည်၏။

သမ္မုခါဝိနည်း ယေဘုယျသိကာ သတိဝိနည်း အမူဠှဝိနည်းပဋိညာတကရဏ တဿပါပိယသိကာဟူသော ဤသမထတို့သည် သမထတို့ မည်ကုန်၏၊ တိဏဝတ္ထာရကမမည်ကုန်။ တိဏဝတ္ထာရကသည် သမထလည်း မည်၏၊ တိဏဝတ္ထာရကလည်း မည်၏။

တဆယ့်တခုမြောက် သမထသမ္မုခါဝိနယဝါရ ပြီး၏။

---

## ၁၂-ဝိနယဝါရ

၃၀၂။ ဝိနယမည်၏၊ သမ္မုခါဝိနယမည်သလော၊ သမ္မုခါ ဝိနယမည်၏၊ ဝိနယမည်သလော။
ဝိနယမည်၏၊ ယေဘုယျသိကာ မည်သလော၊ ယေဘုယျသိကာ မည်၏၊ ဝိနယ မည်သလော။
ဝိနယမည်၏၊ သတိဝိနည်း မည်သလော၊ သတိဝိနည်း မည်၏၊ ဝိနယ မည်သလော။
ဝိနယ မည်၏၊ အမူဠှဝိနည်း မည်သလော၊ အမူဠှဝိနည်း မည်၏၊ ဝိနယမည်သလော။
ဝိနယမည်၏၊ ပဋိညာတကရဏ မည်သလော၊ ပဋိညာတကရဏမည်၏၊ ဝိနယမည်သလော။
ဝိနယမည်၏၊ တဿပါပိယသိကာမည်သလော၊ တဿပါပိယသိကာမည်၏၊ ဝိနယမည်သလော။
ဝိနယမည်၏၊ တိဏဝတ္ထာရက မည်သလော၊ တိဏဝတ္ထာရကမည်၏၊ ဝိနယမည်သလော။
ဝိနယသည် ရံခါ သမ္မုခါဝိနည်း မည်၏၊ ရံခါသမ္မုခါဝိနည်းမမည်။
သမ္မုခါ ဝိနည်းသည် ဝိနယလည်းမည်၏၊ သမ္မုခါဝိနည်းလည်း မည်၏။

http://www.dhammadownload.com



ဝိနယသည် ရံခါ ယေဘုယျသိကာမည်၏၊ ရံခါ ယေဘုယျသိကာမမည်။ ယေဘုယျသိကာသည် ဝိနယလည်း မည်၏၊ ယေဘုယျသိကာလည်း မည်၏။

ဝိနယသည် ရံခါ သတိဝိနည်း မည်၏၊ ရံခါ သတိဝိနည်း မမည်။ သတိဝိနည်းသည် ဝိနယလည်း မည်၏၊ သတိဝိနည်းလည်း မည်၏။

ဝိနယသည် ရံခါ အမူဠ္ဍဝိနည်း မည်၏၊ ရံခါ အမူဠ္ဍဝိနည်း မမည်။ အမူဠ္ဍဝိနည်းသည် ဝိနယလည်း မည်၏၊ အမူဠ္ဍဝိနည်းလည်း မည်၏။

ဝိနယသည် ရံခါ ပဋိညာတကရဏမည်၏၊ ရံခါ ပဋိညာတကရဏ မမည်။ ပဋိညာတကရဏသည် ဝိနယလည်း မည်၏၊ ပဋိညာတကရဏလည်း မည်၏။

ဝိနယသည် ရံခါ တဿပါပိယသိကာမည်၏၊ ရံခါ တဿပါပိယသိကာ မမည်။တဿပါပိယသိကာသည် ဝိနယလည်း မည်၏၊ တဿပါပိယသိကာလည်း မည်၏။

ဝိနယသည် ရံခါ တိဏဝတ္ထာရက မည်၏၊ ရံခါ တိဏဝတ္ထာရက မမည်။ တိဏဝတ္ထာရကသည် ဝိနယလည်း မည်၏၊ တိဏဝတ္ထာရကလည်း မည်၏။

တဆယ့်နှစ်ခုမြောက် ဝိနယဝါရ ပြီး၏၊

---

## ၁၃-ကုသလဝါရ

၃၀၃။ သမ္မုခါဝိနည်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ ယေဘုယျသိကာ (ဝိနည်း)သည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ သတိဝိနည်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ အမူဠ္ဍဝိနည်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ ပဋိညာတကရဏ (ဝိနည်း)သည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ တဿပါပိယသိကာ(ဝိနည်း)သည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ တိဏဝတ္ထာရက (ဝိနည်း)သည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။

သမ္မုခါဝိနည်းသည် ရံခါ ကုသိုလ် ရံခါ အဗျာကတတည်း၊ အကုသိုလ်ဖြစ်သော သမ္မုခါဝိနည်း မရှိ။ ယေဘုယျသိကာဝိနည်းသည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း။ သတိ(ဝိနည်း)သည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း။ အမူဠ္ဍဝိနည်းသည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း။ ပဋိညာတကရဏ (ဝိနည်း)သည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း။ တဿပါပိယသိကာ (ဝိနည်း)သည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း။ တိဏဝတ္ထာရက (ဝိနည်း)သည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း။

ဝိဝါဒါဓိကရုဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ အနုဝါဒါဓိကရုဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ အာပတ္တာဓိကရုဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ ကိစ္စာဓိကရုဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။

ဝိဝါဒါဓိကရုဏ်းသည် ရံခါကုသိုလ် ရံခါအကုသိုလ် ရံခါ အဗျာကတတည်း၊ အနုဝါဒါဓိကရုဏ်းသည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း၊ အာပတ္တာဓိကရုဏ်းသည် ရံခါ အကုသိုလ်

http://www.dhammadownload.com



ရုံခါ အဗျာကတတည်း၊ ကုသိုလ်ဖြစ်သော အာပတ္တာဓိကရုဏ်းမရှိ။ ကိစ္စာဓိကရုဏ်းသည် ရံခါ ကုသိုလ် ရံခါ အကုသိုလ် ရံခါ အဗျာကတတည်း။

တဆယ့်သုံးခုမြောက် ကုသလဝါရ ပြီး၏။

---

## ၁၄-ယတ္ထဝါရ ပုစ္ဆာဝါရ

၃၀၄။ အကြင်အဓိကရုဏ်း၌ ယေဘုယျသိကာသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်သလော။

အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယ(သမထ)ကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို ရအပ်သလော။

ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏ သမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်သလော။

အကြင်အဓိကရုဏ်း၌ သတိဝိနယသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်သလော၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို ရအပ်သလော၊ ထိုအဓိကရုဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော၊ ထိုအဓိအရုဏ်း၌ ပဋိညာတကရဏသမထကို မရအပ်သလော၊ ထိုအဓိကေရုဏ်း၌ တဿပါပိယသိကာသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရက သမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာ သမထကို မရအပ်သလော။

အကြင်အဓိကရုဏ်း၌ အမူဠှဝိနယ သမထကို ရအပ်၏၊ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယ သမထကို ရအပ်သလော၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယ သမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ အမူဠှဝိနယ သမထကို ရအပ်သလော၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏသမထကို မရအပ်သလော၊ ထို အဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို မရအပ်သလော။

အကြင်အဓိကရုဏ်း၌ ပဋိညာတကရဏသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်သလော၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏ သမထကို ရအပ်သလော၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို မရအပ်သလော၊ ထိုအဓိကရုဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော။

အကြင်အဓိကရုဏ်း၌ တဿပါပိယသိကာသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယ သမထကို ရအပ်သလော၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယ သမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို ရအပ်သလော၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်

http://www.dhammadownload.com



သလော၊ ထိုအခိကရဏ်း၌ ယေဘုယျသိကာသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ သတိဝိနယ သမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ ပဋိညာတကရဏသမထကို မရအပ်သလော။

အကြင်အခိကရဏ်း၌ တိဏဝတ္ထာရကသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်သလော၊ အကြင်အခိကရဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ တိဏဝတ္ထာရက သမထကို ရအပ်သလော၊ ထိုအခိကရဏ်း၌ ယေဘုယျသိကာသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ သတိဝိနယသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ ပဋိညာတကရဏသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ တဿပါပိယသိကာသမထကို မရအပ်သလော။

အကြင်အခိကရဏ်း၌ ယေဘုယျသိကာသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ သမ္မုခါဝိနယ သမထကို ရအပ်သလော၊ အကြင်အခိကရဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ ယေဘုယျသိကာသမထကို ရအပ်သလော၊ ထိုအခိကရဏ်း၌ သတိဝိနယ သမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ ပဋိညာတကရဏ သမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ တဿပါပိယသိကာသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်သလော။

အကြင်အခိကရဏ်း၌ သတိဝိနယသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်သလော၊ အကြင်အခိကရဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ သတိဝိနယ သမထကို ရအပ်သလော၊ ထိုအခိကရဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ ပဋိညာတကရဏသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ တဿပါပိယသိကာသမထကို မရအပ် သလော၊ ထိုအခိကရဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ ယေဘုယျ သိကာသမထကို မရအပ်သလော။

သမ္မုခါဝိနယ သမထကို မူလပြု၍ 'မူအရင်းပြု၍' ။ပ။ အကြင်အခိကရဏ်း၌ တိဏဝတ္ထာ ရကသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်သလော၊ အကြင်အခိ ကရဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအခိကရဏ်း၌ တိဏဝတ္ထာရကသမထကို ရအပ် သလော၊ ထိုအခိကရဏ်း၌ ယေဘုယျသိကာသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ သတိ ဝိနယသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ အမူဠှဝိနယသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ ပဋိညာတကရဏသမထကို မရအပ်သလော၊ ထိုအခိကရဏ်း၌ တဿပါပိယသိကာ သမထကို မရအပ်သလော။

စက္ကပေယျာလသည် ပြီး၏။

တဆယ့်လေးခုမြောက် ယတ္ထဝါရသည် ပြီး၏။

---

## ၁၅-သမထဝါရ ဝိသဇ္ဇနာဝါရ

၃၀၅။ အကြင်အခါ၌ သမ္မုခါဝိနယသမထဖြင့်၎င်း ယေဘုယျသိကာသမထဖြင့်၎င်း အခိ ကရဏ်းသည် ငြိမ်းအေး၏၊ ထိုအခါ အကြင်အခိကရဏ်း၌ ယေဘုယျသိကာ သမထကို ရအပ်၏၊

http://www.dhammadownload.com



ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို ရအပ်၏။ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ အမူဠ္ဟဝိနယသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရက သမထကို မရအပ်။

အကြင်အခါ၌ သမ္မုခါဝိနယသမထဖြင့်၎င်း သတိဝိနယသမထဖြင့်၎င်း အဓိကရုဏ်းသည် ငြိမ်းအေး၏၊ (ထိုအခါ) အကြင်အဓိကရုဏ်း၌ သတိဝိနယသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကိုရအပ်၏၊ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ အမူဠ္ဟဝိနယသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို မရအပ်၊ ထို အဓိကရုဏ်း၌ တိဏဝတ္ထာရက သမထကို မရအပ်၊ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို မရအပ်။

အကြင်အခါ၌ သမ္မုခါဝိနယ သမထဖြင့်၎င်း အမူဠ္ဟဝိနယသမထဖြင့်၎င်း အဓိကရုဏ်းသည် ငြိမ်းအေး၏၊ (ထိုအခါ) အကြင်အဓိကရုဏ်း၌ အမူဠ္ဟဝိနယသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအဓိက ရုဏ်း၌ အမူဠ္ဟဝိနယ သမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏသမထကို မရအပ်၊ ထို အဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရက သမထကို မရ အပ်၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌သတိဝိနယသမထကို မရအပ်။

အကြင်အခါ၌ သမ္မုခါဝိနယသမထဖြင့်၎င်း ပဋိညာတကရဏသမထဖြင့်၎င်း အဓိကရုဏ်းသည် ငြိမ်းအေး၏၊ (ထိုအခါ) အကြင်အဓိကရုဏ်း၌ ပဋိညာတကရဏ သမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်၊ ထို အဓိကရုဏ်း၌ ယေဘုယျ သိကာသမထကို မရအပ်၊ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ အမူဠ္ဟဝိနယ သမထကို မရအပ်။

အကြင်အခါ၌ သမ္မုခါဝိနယသမထဖြင့်၎င်း တဿပါပိယသိကာသမထဖြင့်၎င်းအဓိကရုဏ်းသည် ငြိမ်းအေး၏၊ (ထိုအခါ)အကြင်အဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို ရအပ်၏၊ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ ထိုအဓိ ကရုဏ်း၌ တဿပါပိယသိကာသမထကို ရအပ်၏၊ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ အမူဠ္ဟဝိနယ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏသမထကို မရအပ်။

အကြင်အခါ၌ သမ္မုခါဝိနယသမထဖြင့်၎င်း တိဏဝတ္ထာရကသမထဖြင့်၎င်း အဓိကရုဏ်းသည် ငြိမ်းအေး၏၊ (ထိုအခါ)အကြင်အဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနယသမထကိုရအပ်၏၊အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနယသမထကို ရအပ်၏၊ထိုအဓိကရုဏ်း၌

http://www.dhammadownload.com



တိဏာဝတ္ထာရကသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ သတိဝိနယသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ အမူဠ္ဟဝိနယသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏသမထကို မရအပ်၊ထိုအဓိကရုဏ်း၌ တဿပါပိယသိကာသမထကို မရအပ်။

တဆယ့်ငါးခုမြောက် သမထဝါရ ပြီး၏။

---

## ၁၆-သံသဋ္ဌဝါရ

၃၀၆။ အဓိကရုဏ်းဟူ၍ ၎င်း သမထဟူ၍ ၎င်း ဤတရား(နှစ်ပါး)တို့သည် ရောနှောကုန်သလော၊ သို့မဟုတ် မရောနှောကုန်သလော၊ ဤတရား (နှစ်ပါး)တို့ကို ခွဲ၍ ခွဲ၍ ထူးအောင်ပညတ်ခြင်းငှါ ရကောင်းပါသလော။ ဤကား (အမေးတည်း)။

အဓိကရုဏ်းဟူ၍ ၎င်း သမထဟူ၍ ၎င်း ဤတရား(နှစ်ပါး)တို့သည် မရောနှောကုန်၊ ရောနှောသည်မဟုတ်ကုန်၊ ဤတရား (နှစ်ပါး)တို့ကို ခွဲ၍ ခွဲ၍ ထူးအောင် ပညတ်ခြင်းငှါ ရကောင်းပါ၏၊ ဤကား (အဖြေတည်း)။

ထိုသူကို ဤသို့ မဆိုပါလင့်ဟု ဆိုအပ်သည် ဖြစ်ရာ၏၊ အဓိကရုဏ်းဟူ၍၎င်း သမထဟူ၍၎င်း ဤတရား (နှစ်ပါး)တို့သည် ရောနှောကုန်၏၊ မရောနှောသည် မဟုတ်ကုန်၊ ဤတရား (နှစ်ပါး) တို့ကို ခွဲ၍ ခွဲ၍ ထူးအောင် ပညတ်ခြင်းငှါ ရကောင်းသည်လည်းမဟုတ်။ ထိုသို့ မရခြင်းသည် အဘယ် ကြောင့်နည်း ဆိုသော် မြတ်စွာဘုရားသည် ရဟန်းတို့ အဓိကရုဏ်းတို့သည် ဤလေးပါးတို့တည်း၊ သမထတို့သည် ခုနစ်ပါးတို့တည်း၊ အဓိကရုဏ်းတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ သမထ တို့သည် အဓိကရုဏ်းတို့ဖြင့် ငြိမ်းအေးကုန်၏ဟု ဟောအပ်သည် မဟုတ်ပါလော၊ ဤသို့ ဆိုခဲ့ပြီး အကြောင်းကြောင့် ဤတရား (နှစ်ပါး)တို့သည် ရောနှောကုန်၏၊ မရောနှောကုန်သည် မဟုတ်ကုန်၊ ဤတရား (နှစ်ပါး)တို့ကို ခွဲ၍ ခွဲ၍ ထူးအောင် ပညတ်ခြင်းငှါ ရကောင်းသည်လည်း မဟုတ်ကုန်၊ (ဤသို့ ဆိုအပ်သည် ဖြစ်ရာ၏)။

တဆယ့်ခြောက်ခုမြောက် သံသဋ္ဌဝါရ ပြီး၏။

---

## ၁၇-သမ္မတိဝါရ

၃၀၇။ ဝိဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

အနုဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

အာပတ္တာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

ကိစ္စာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း။

ဝိဝါဒါဓိကရုဏ်းသည် နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေး၏၊ သမ္မုခါဝိနယသမထဖြင့်၎င်း ယေဘုယျသိကာသမထဖြင့်၎င်း ငြိမ်းအေး၏။

http://www.dhammadownload.com



အနုဝါဒါဓိကရုဏ်းသည် လေးပါးသောသမထတို့ဖြင့် ငြိမ်းအေး၏၊ သမ္မုခါဝိနယသမထဖြင့်ရင်း သတိဝိနယသမထဖြင့်ရင်း အမူဠ္ဍဝိနယသမထဖြင့်ရင်း တဿပါပိယသိကာသမထဖြင့်ရင်း ငြိမ်းအေး၏။

အာပတ္တာဓိကရုဏ်းသည် သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏၊ သမ္မုခါဝိနယသမထဖြင့်ရင်း သတိဝိနယသမထဖြင့်ရင်း တိဏဝတ္ထာရကသမထဖြင့်ရင်း ငြိမ်းအေး၏။

ကိစ္စာဓိကရုဏ်းသည် သမ္မုခါဝိနယသမထဟု ဆိုအပ်သော တပါးသော သမထဖြင့် ငြိမ်းအေး၏။

ဝိဝါဒါဓိကရုဏ်းသည်ရင်း အနုဝါဒါဓိကရုဏ်းသည်ရင်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်ရင်း အနုဝါဒါဓိကရုဏ်းသည်ရင်း ငါးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ သမ္မုခါဝိနယသမထဖြင့်ရင်း ယေဘုယျသိကာသမထဖြင့်ရင်း သတိဝိနယသမထဖြင့်ရင်း အမူဠ္ဍဝိနယသမထဖြင့်ရင်း တဿပါပိယသိကာသမထဖြင့်ရင်း ငြိမ်းအေးကုန်၏။

ဝိဝါဒါဓိကရုဏ်းသည်ရင်း အာပတ္တာဓိကရုဏ်းသည်ရင်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်ရင်း အာပတ္တာဓိကရုဏ်းသည်ရင်း လေးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။ သမ္မုခါဝိနယသမထဖြင့်ရင်း ယေဘုယျသိကာသမထဖြင့်ရင်း ပဋိညာတကရဏသမထဖြင့်ရင်း တိဏဝတ္ထာရကသမထဖြင့်ရင်း ငြိမ်းအေးကုန်၏။

ဝိဝါဒါဓိကရုဏ်းသည်ရင်း ကိစ္စာဓိကရုဏ်းသည်ရင်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်ရင်း ကိစ္စာဓိကရုဏ်းသည်ရင်း နှစ်ပါးသောသမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ သမ္မုခါဝိနယသမထဖြင့်ရင်း ယေဘုယျသိကာသမထဖြင့်ရင်း ငြိမ်းအေးကုန်၏။

အနုဝါဒါဓိကရုဏ်းသည်ရင်း အာပတ္တာဓိကရုဏ်းသည်ရင်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

အနုဝါဒါဓိကရုဏ်းသည်ရင်း အာပတ္တာဓိကရုဏ်းသည်ရင်း ခြောက်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။ သမ္မုခါဝိနယသမထဖြင့်ရင်း သတိဝိနယသမထဖြင့်ရင်း အမူဠ္ဍဝိနယသမထဖြင့်ရင်း ပဋိညာတကရဏသမထဖြင့်ရင်း တဿပါပိယသိကာသမထဖြင့်ရင်း တိဏဝတ္ထာရကသမထဖြင့်ရင်း ငြိမ်းအေးကုန်၏။

အနုဝါဒါဓိကရုဏ်းသည်ရင်း ကိစ္စာဓိကရုဏ်းသည်ရင်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

အနုဝါဒါဓိကရုဏ်းသည်ရင်း ကိစ္စာဓိကရုဏ်းသည်ရင်း လေးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။ သမ္မုခါဝိနယသမထဖြင့်ရင်း သတိဝိနယသမထဖြင့်ရင်း အမူဠ္ဍဝိနယသမထဖြင့်ရင်း တဿပါပိယသိကာသမထဖြင့်ရင်း ငြိမ်းအေးကုန်၏။

အာပတ္တာဓိကရုဏ်းသည်ရင်း ကိစ္စာဓိကရုဏ်းသည်ရင်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

http://www.dhammadownload.com



အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။ သမ္မုခါဝိနယသမထဖြင့်၎င်း ပဋိညာတကရဏသမထဖြင့်၎င်း တိဏဝတ္ထာရကသမထဖြင့်၎င်း ငြိမ်းအေးကုန်၏။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ခုနစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ သမ္မုခါဝိနယသမထဖြင့်၎င်း ယေဘုယျသိကာသမထဖြင့်၎င်း သတိဝိနယသမထဖြင့်၎င်း အမူဠ္ဟဝိနယသမထဖြင့်၎င်း ပဋိညာတကရဏသမထဖြင့်၎င်း တဿပါပိယသိကာသမထဖြင့်၎င်း တိဏဝတ္ထာရက သမထဖြင့်၎င်း ငြိမ်းအေးကုန်၏။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း ငါးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ သမ္မုခါဝိနယသမထဖြင့်၎င်း ယေဘုယျသိကာသမထဖြင့်၎င်း သတိဝိနယသမထဖြင့်၎င်း အမူဠ္ဟဝိနယသမထဖြင့်၎င်း တဿပါပိယသိကာသမထဖြင့်၎င်း ငြိမ်းအေးကုန်၏။

အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း ခြောက်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ သမ္မုခါဝိနယသမထဖြင့်၎င်း သတိဝိနယသမထဖြင့်၎င်း အမူဠ္ဟဝိနယသမထဖြင့်၎င်း ပဋိညာတကရဏသမထဖြင့်၎င်း တဿပါပိယသိကာသမထဖြင့်၎င်း တိဏဝတ္ထာရကသမထဖြင့်၎င်း ငြိမ်းအေးကုန်၏။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း ခုနစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ သမ္မုခါဝိနယသမထဖြင့်၎င်း ယေဘုယျသိကာသမထဖြင့်၎င်း သတိဝိနယသမထဖြင့်၎င်း အမူဠ္ဟဝိနယသမထဖြင့်၎င်း ပဋိညာတကရဏသမထဖြင့်၎င်း တဿပါပိယသိကာသမထဖြင့်၎င်း တိဏဝတ္ထာရကသမထဖြင့်၎င်း ငြိမ်းအေးကုန်၏။

တဆယ့်ခုနစ်ခုမြောက် သမ္ဘဝါရ ပြီး၏။

---

## ၁၈-သမ္ပတ္တိနသမ္ပတ္တိဝါရ

၃၀၈။ ဝိဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးသနည်း။

အနုဝါဒါဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးသနည်း။

http://www.dhammadownload.com



အာပတ္တာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးသနည်း။

ကိစ္စာဓိကရုဏ်းသည် အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးသနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးသနည်း။

ဝိဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထဟု ဆိုအပ်သော နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထဟု ဆိုအပ်သော ငါးပါးသော သမထတို့ဖြင့် မငြိမ်းအေး။

အနုဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ တဿပါပိယသိကာသမထဟု ဆိုအပ်သော လေးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။ ယေဘုယျသိကာသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ ဟု ဆိုအပ်သော သုံးပါးသော သမထတို့ဖြင့် မငြိမ်းအေး။

အာပတ္တာဓိကရုဏ်းသည် သမ္မုခါဝိနယသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ ဟု ဆိုအပ်သော သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ တဿပါပိယသိကာသမထဟု ဆိုအပ်သော လေးပါးသော သမထတို့ဖြင့် မငြိမ်းအေး။

ကိစ္စာဓိကရုဏ်းသည် သမ္မုခါဝိနယသမထဟု ဆိုအပ်သော တပါးသော သမထဖြင့် ငြိမ်းအေး၏၊ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထဟု ဆိုအပ်သော ခြောက်ပါးသော သမထတို့ဖြင့် မငြိမ်းအေး။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ တဿပါပိယသိကာသမထ ဟူသော ငါးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ ဟူသော နှစ်ပါးသော သမထတို့ဖြင့် မငြိမ်းအေးကုန်။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ ဟူသော လေးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ တဿပါပိယသိကာသမထ ဟူသော သုံးပါးသော သမထတို့ဖြင့် မငြိမ်းအေးကုန်။

ဝိဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

http://www.dhammadownload.com



ဝိဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ ဟူသော နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထဟူသော ငါးပါးသော သမထတို့ဖြင့် မငြိမ်းအေးကုန်။

အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ဟူသော ခြောက်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ယေဘုယျသိကာသမထဟု ဆိုအပ်သော တပါးသော သမထဖြင့် မငြိမ်းအေးကုန်။

အနုဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

အနုဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠှဝိနယသမထ တဿပါပိယသိကာသမထ ဟူသော လေးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ယေဘုယျသိကာသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ ဟူသော သုံးပါးသော သမထတို့ဖြင့် မငြိမ်းအေးကုန်။

အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ ပဋိညာတကရဏ သမထ တိဏဝတ္ထာရကသမထ ဟူသော သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠှဝိနယသမထ တဿပါပိယသိကာသမထ ဟူသော လေးပါးသော သမထတို့ဖြင့် မငြိမ်းအေးကုန်။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ဟူသော ခုနစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

http://www.dhammadownload.com



ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ တဿပါပိယသိကာသမထ ဟူသော ငါးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ ဟူသော နှစ်ပါးသော သမထတို့ဖြင့် မငြိမ်းအေးကုန်။

အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ဟူသော ခြောက်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ယေဘုယျသိကာသမထဟု ဆိုအပ်သော တပါးသော သမထဖြင့် မငြိမ်းအေးကုန်။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း အဘယ်မျှလောက်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်မျှလောက်သော သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရုဏ်းသည်၎င်း အနုဝါဒါဓိကရုဏ်းသည်၎င်း အာပတ္တာဓိကရုဏ်းသည်၎င်း ကိစ္စာဓိကရုဏ်းသည်၎င်း သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠ္ဟဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထ ဟူသော ခုနစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

တဆယ့်ရှစ်ခုမြောက် သမ္ဘိန္န နသမ္ဘိန္နဝါရ ပြီး၏။

---

## ၁၉-သမထာဓိကရဏဝါရ

၃၀၉။ သမထတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်သလော၊ သမထတို့သည် အဓိကရုဏ်းတို့ဖြင့် ငြိမ်းအေးကုန်သလော၊ အဓိကရုဏ်းတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်သလော၊ အဓိကရုဏ်းတို့သည် အဓိကရုဏ်းတို့ဖြင့် ငြိမ်းအေးကုန်သလော။

အချို့သော သမထတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ အချို့သောသမထတို့သည် သမထတို့ဖြင့် မငြိမ်းအေးကုန်။ အချို့သော သမထတို့သည် အဓိကရုဏ်းတို့ဖြင့် ငြိမ်းအေးကုန်၏၊ အချို့သော သမထတို့သည် အဓိကရုဏ်းတို့ဖြင့် မငြိမ်းအေးကုန်။ အချို့သော အဓိကရုဏ်း တို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ အချို့သော အဓိကရုဏ်းတို့သည် သမထတို့ဖြင့် မငြိမ်းအေးကုန်။ အချို့သော အဓိကရုဏ်းတို့သည် အဓိကရုဏ်းတို့ဖြင့် ငြိမ်းအေးကုန်၏၊ အချို့သော အဓိကရုဏ်းတို့သည် အဓိကရုဏ်းတို့ဖြင့် မငြိမ်းအေးကုန်။

http://www.dhammadownload.com



၁၁၀။ အဘယ်သို့လျှင် အချို့သော သမထတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်သို့လျှင် အချို့သောသမထတို့သည် သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

ယေဘုယျသိကာသမထသည် သမ္မုခါဝိနယ သမထဖြင့် ငြိမ်းအေး၏၊ သတိဝိနယသမထဖြင့် မငြိမ်းအေး၊ အမူဠှဝိနယသမထဖြင့် မငြိမ်းအေး၊ ပဋိညာတကရဏသမထဖြင့် မငြိမ်းအေး၊ တဿပါပိယသိကာသမထဖြင့် မငြိမ်းအေး၊ တိဏဝတ္ထာရကသမထဖြင့် မငြိမ်းအေး။

သတိဝိနယသမထသည် သမ္မုခါဝိနယသမထဖြင့် ငြိမ်းအေး၏၊ အမူဠှဝိနယသမထဖြင့် မငြိမ်းအေး၊ ပဋိညာတကရဏသမထဖြင့် မငြိမ်းအေး၊ တဿပါပိယသိကာသမထဖြင့် မငြိမ်းအေး၊ တိဏဝတ္ထာရက သမထဖြင့် မငြိမ်းအေး၊ ယေဘုယျသိကာသမထဖြင့် မငြိမ်းအေး။

အမူဠှဝိနယသမထသည် သမ္မုခါဝိနယသမထဖြင့် ငြိမ်းအေး၏၊ ပဋိညာတကရဏ သမထဖြင့် မငြိမ်းအေး၊ တဿပါပိယသိကာသမထဖြင့် မငြိမ်းအေး၊ တိဏဝတ္ထာရကသမထဖြင့် မငြိမ်းအေး၊ ယေဘုယျသိကာသမထဖြင့် မငြိမ်းအေး၊ သတိဝိနယသမထဖြင့် မငြိမ်းအေး။

ပဋိညာတကရဏသမထသည် သမ္မုခါဝိနယသမထဖြင့် ငြိမ်းအေး၏၊ တဿပါပိယသိကာသမထဖြင့် မငြိမ်းအေး၊ တိဏဝတ္ထာရကသမထဖြင့် မငြိမ်းအေး၊ ယေဘုယျသိကာသမထဖြင့် မငြိမ်းအေး၊ သတိဝိနယသမထဖြင့် မငြိမ်းအေး၊ အမူဠှဝိနယသမထဖြင့် မငြိမ်းအေး။

တဿပါပိယသိကာသမထသည် သမ္မုခါဝိနယသမထဖြင့် ငြိမ်းအေး၏၊ တိဏဝတ္ထာရကသမထဖြင့် မငြိမ်းအေး၊ ယေဘုယျသိကာသမထဖြင့် မငြိမ်းအေး၊ သတိဝိနယသမထဖြင့် မငြိမ်းအေး၊ အမူဠှဝိနယသမထဖြင့် မငြိမ်းအေး၊ ပဋိညာတကရဏသမထဖြင့် မငြိမ်းအေး။

တိဏဝတ္ထာရကသမထသည် သမ္မုခါဝိနယသမထဖြင့် ငြိမ်းအေး၏၊ ယေဘုယျသိကာသမထဖြင့် မငြိမ်းအေး၊ သတိဝိနယသမထဖြင့် မငြိမ်းအေး၊ အမူဠှဝိနယသမထဖြင့် မငြိမ်းအေး၊ ပဋိညာတကရဏ သမထဖြင့် မငြိမ်းအေး၊ တဿပါပိယသိကာသမထဖြင့် မငြိမ်းအေး။

ဤသို့လျှင် အချို့သော သမထတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ဤသို့လျှင် အချို့သော သမထတို့သည် သမထတို့ဖြင့် မငြိမ်းအေးကုန်။

၁၁၁။ အဘယ်သို့လျှင် အချို့သော သမထတို့သည် အဓိကရုဏ်းတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်သို့လျှင် အချို့သော သမထတို့သည် အဓိကရုဏ်းတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

သမ္မုခါဝိနယသမထသည် ဝိဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အနုဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အာပတ္တာဓိကရုဏ်းဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရုဏ်းဖြင့် မငြိမ်းအေး။[၁]

ယေဘုယျသိကာသမထသည် ဝိဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အနုဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အာပတ္တာဓိကရုဏ်းဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရုဏ်းဖြင့် ငြိမ်းအေး၏။

သတိဝိနယသမထသည် ဝိဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အနုဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အာပတ္တာဓိကရုဏ်းဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရုဏ်းဖြင့် ငြိမ်းအေး၏။

အမူဠှဝိနယသမထသည် ဝိဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အနုဝါဒါဓိကရုဏ်းဖြင့် မငြိမ်းအေး၊ အာပတ္တာဓိကရုဏ်းဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရုဏ်းဖြင့် ငြိမ်းအေး၏။

---

၁။ "သမ္မုခါဝိနယော န ကေနစိ သမ္မတိ" ပါဠိ နိဂုံးကိုထောက်၍ "န သမ္မတိ" ဟု ပါဠိ၌ ရှိသင့်၏။

http://www.dhammadownload.com



ပဋိသင်္ခါရဏာသမထသည် ဝိဝါဒါဓိကရဏ်းဖြင့် မငြိမ်းအေး၊ အနုဝါဒါဓိကရဏ်းဖြင့် မငြိမ်းအေး၊ အာပတ္တာဓိကရဏ်းဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရဏ်းဖြင့် ငြိမ်းအေး၏။

တဿပါပိယသိကာသမထသည် ဝိဝါဒါဓိကရဏ်းဖြင့် မငြိမ်းအေး၊ အနုဝါဒါဓိကရဏ်းဖြင့် မငြိမ်းအေး၊ အာပတ္တာဓိကရဏ်းဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရဏ်းဖြင့် ငြိမ်းအေး၏။

တိဏဝတ္ထာရကသမထသည် ဝိဝါဒါဓိကရဏ်းဖြင့် မငြိမ်းအေး၊ အနုဝါဒါဓိကရဏ်းဖြင့် မငြိမ်းအေး၊ အာပတ္တာဓိကရဏ်းဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရဏ်းဖြင့် ငြိမ်းအေး၏။

ဤသို့လျှင် အချို့သောသမထတို့သည် အဓိကရဏ်းတို့ဖြင့် ငြိမ်းအေးကုန်၏။

ဤသို့လျှင် အချို့သော သမထတို့သည် အဓိကရဏ်းတို့ဖြင့် မငြိမ်းအေးကုန်။

၃၁၂။ အဘယ်သို့လျှင် အချို့သော အဓိကရဏ်းတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်သို့လျှင် အချို့သော အဓိကရဏ်းတို့သည် သမထတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရဏ်းသည် သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထတို့ဖြင့် ငြိမ်းအေး၏၊ သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထတို့ဖြင့် မငြိမ်းအေး။

အနုဝါဒါဓိကရဏ်းသည် သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠှဝိနယသမထ တဿပါပိယသိကာသမထတို့ဖြင့် ငြိမ်းအေး၏၊ ယေဘုယျသိကာသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထတို့ဖြင့် မငြိမ်းအေး။

အာပတ္တာဓိကရဏ်းသည် သမ္မုခါဝိနယသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထတို့ဖြင့် ငြိမ်းအေး၏၊ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠှဝိနယသမထ တဿပါပိယသိကာသမထတို့ဖြင့် မငြိမ်းအေး။

ကိစ္စာဓိကရဏ်းသည် သမ္မုခါဝိနယသမထဖြင့် ငြိမ်းအေး၏၊ ယေဘုယျသိကာသမထ သတိဝိနယသမထ အမူဠှဝိနယသမထ ပဋိညာတကရဏသမထ တဿပါပိယသိကာသမထ တိဏဝတ္ထာရကသမထတို့ဖြင့် မငြိမ်းအေး။

ဤသို့လျှင် အချို့သော အဓိကရဏ်းတို့သည် သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ဤသို့လျှင် အချို့သော အဓိကရဏ်းတို့သည် သမထတို့ဖြင့် မငြိမ်းအေးကုန်။

၃၁၃။ အဘယ်သို့လျှင် အချို့သော အဓိကရဏ်းတို့သည် အဓိကရဏ်းတို့ဖြင့် ငြိမ်းအေးကုန်သနည်း၊ အဘယ်သို့လျှင် အချို့သော အဓိကရဏ်းတို့သည် အဓိကရဏ်းတို့ဖြင့် မငြိမ်းအေးကုန်သနည်း။

ဝိဝါဒါဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်း အာပတ္တာဓိကရဏ်းတို့ဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရဏ်းဖြင့် ငြိမ်းအေး၏။

အနုဝါဒါဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်း အာပတ္တာဓိကရဏ်းတို့ဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရဏ်းဖြင့် ငြိမ်းအေး၏။

အာပတ္တာဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်း အာပတ္တာဓိကရဏ်းတို့ဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရဏ်းဖြင့် ငြိမ်းအေး၏။

http://www.dhammadownload.com



ကိစ္စာဓိကရုဏ်းသည် ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်းတို့ဖြင့် မငြိမ်းအေး၊ ကိစ္စာဓိကရုဏ်းဖြင့် ငြိမ်းအေး၏။

ဤသို့လျှင် အချို့သောအဓိကရုဏ်းတို့သည် အဓိကရုဏ်းတို့ဖြင့် ငြိမ်းအေးကုန်၏။

ဤသို့လျှင် အချို့သော အဓိကရုဏ်းတို့သည် အဓိကရုဏ်းတို့ဖြင့် မငြိမ်းအေးကုန်။

ခြောက်ပါးသော သမထတို့သည်၎င်း လေးပါးသော အဓိကရုဏ်းတို့သည်၎င်း သမ္မုခါဝိနယ သမထဖြင့် ငြိမ်းအေးကုန်၏၊ သမ္မုခါဝိနယသမထသည် တစုံတခုသော အဓိကရုဏ်း တစုံတခုသော သမထဖြင့် မငြိမ်းအေး။

တဆယ့်ကိုးခုမြောက် သမထာဓိကရဏဝါရ ပြီး၏။

---

## ၂၀-သမ္မဋ္ဌပနဝါရ

၃၁၄။ ဝိဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းကို ဖြစ်စေသနည်း။ ဝိဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းကိုမျှ မဖြစ်စေ၊ စင်စစ်သော်ကား ဝိဝါဒါဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် လေးပါးသော အဓိကရုဏ်းတို့သည် ဖြစ်ကုန်၏။ အဘယ်သို့ ဖြစ်ကုန်သနည်း၊ ဤသာသနာတော်၌ ရဟန်းတို့သည် တရား'ဓမ္မ'ဟူ၍၎င်း တရားမဟုတ် 'အဓမ္မ'ဟူ၍၎င်း ဝိနည်းဟူ၍၎င်း ဝိနည်းမဟုတ် ဟူ၍၎င်း မြတ်စွာဘုရားသည် မဟောမမိန့်အပ်ဟူ၍၎င်း မြတ်စွာဘုရားသည် ဟောအပ်၏ မိန့်အပ်၏ ဟူ၍၎င်း မြတ်စွာဘုရားသည် မလေ့ကျင့်အပ်ဟူ၍၎င်း မြတ်စွာဘုရားသည် လေ့ကျင့်အပ်၏ဟူ၍၎င်း မြတ်စွာဘုရားသည် မပညတ်အပ်ဟူ၍၎င်း မြတ်စွာဘုရားသည် ပညတ်အပ်၏ဟူ၍၎င်း အာပတ်ဟူ၍၎င်း အာပတ်မဟုတ်ဟူ၍၎င်း ပေါ့သော အာပတ်ဟူ၍၎င်း လေးသော အာပတ်ဟူ၍၎င်း အကြွင်းရှိသော အာပတ်ဟူ၍၎င်း အကြွင်းမရှိသော အာပတ်ဟူ၍၎င်း ရှုန့်ရင်း'ကြမ်းတမ်း'သော အာပတ်ဟူ၍၎င်း မရှုန့်ရင်း'မကြမ်းတမ်း'သော အာပတ်ဟူ၍၎င်း ငြင်းခုံကြကုန်၏။

ထို(ငြင်းခုံခြင်းအကြောင်း)တို့၌ မိမိတို့၏ အသင်းအပင်း၌ တိုင်ပင်ခြင်း ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးခြင်း ရှေးရှေး၌ ဖြစ်သော ဆန့်ကျင်ခြင်း နောက်နောက်၌ ဖြစ်သော ဆန့်ကျင်ခြင်း အထူးထူးသော စကားကိုဆိုခြင်း ဖောက်ပြန်သောစကားကိုဆိုခြင်း ဖောက်လွဲဖောက်ပြန်အကျိုးကို ဖြစ်စေသော စကားကြီးပွါးခြင်းသို့ ရောက်သော ငြင်းခုံခြင်းဟူသမျှကို ဝိဝါဒါဓိကရုဏ်းဟူ၍ ဆိုအပ်၏။

ဝိဝါဒါဓိကရုဏ်း၌ သံဃာသည် ငြင်းခုံအံ့၊ ဝိဝါဒါဓိကရုဏ်းဖြစ်၏။ ငြင်းခုံသည်ဖြစ်၍ စွပ်စွဲအံ့၊ အနုဝါဒါဓိကရုဏ်းဖြစ်၏။ စွပ်စွဲသည်ဖြစ်၍ အာပတ်သို့ ရောက်အံ့၊ အာပတ္တာဓိကရုဏ်း ဖြစ်၏။ ထိုအာပတ်ဖြင့် သံဃာသည် ကံကိုပြုအံ့၊ ကိစ္စာဓိကရုဏ်းဖြစ်၏။ ဤသို့လျှင် ဝိဝါဒါဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် အဓိကရုဏ်း လေးမျိုးတို့သည် ဖြစ်ကုန်၏။

၃၁၅။ အနုဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းကို ဖြစ်စေသနည်း။ အနုဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းကိုမျှ မဖြစ်စေ၊ စင်စစ်သော်ကား အနုဝါဒါဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် လေးပါးသော အဓိကရုဏ်းတို့သည် ဖြစ်ကုန်၏။ အဘယ်သို့ ဖြစ်ကုန်သနည်း၊ ဤသာသနာတော်၌ ရဟန်းတို့သည် ရဟန်းကို

http://www.dhammadownload.com



သီလပျက်စီးခြင်းဖြင့်ရင်း အကျင့်ပျက်စီးခြင်းဖြင့်ရင်း အယူပျက်စီးခြင်းဖြင့်ရင်း အသက်မွေး (ဝမ်းကျောင်း)မှုပျက်စီးခြင်းဖြင့်ရင်း စွပ်စွဲကြကုန်၏၊ ထိုစွပ်စွဲခြင်းအကြောင်းတို့၌ စွပ်စွဲခြင်း စွပ်စွဲသောအခြင်းအရာ နှိပ်၍ဆိုခြင်း ပြောဆိုကဲ့ရဲ့ခြင်း အထပ်ထပ်ပြောဆိုခြင်း အတိုင်းထက်အလွန် အားထုတ်၍ ဆိုခြင်း အားမပေးခြင်း ဟူသမျှကို အနုဝါဒါဓိကရုဏ်းဟူ၍ ဆိုအပ်၏။

အနုဝါဒါဓိကရုဏ်း၌ သံဃာသည်ငြင်းခုံအံ့၊ ဝိဝါဒါဓိကရုဏ်းဖြစ်၏။ ငြင်းခုံသည်ဖြစ်၍ စွပ်စွဲအံ့၊ အနုဝါဒါဓိကရုဏ်းဖြစ်၏။ စွပ်စွဲသည်ဖြစ်၍ အာပတ်သို့ ရောက်အံ့၊ အာပတ္တာဓိကရုဏ်း ဖြစ်၏။ ထိုအာပတ်ဖြင့် သံဃာသည် ကံပြုအံ့၊ ကိစ္စာဓိကရုဏ်း ဖြစ်၏။ ဤသို့လျှင် အနုဝါဒါဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် အဓိကရုဏ်းလေးပါးတို့သည် ဖြစ်ကုန်၏။

၃၁၆။ အာပတ္တာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းကို ဖြစ်စေသနည်း။ အာပတ္တာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းကိုမျှ မဖြစ်စေ၊ စင်စစ်သော်ကား အာပတ္တာဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် လေးပါးသော အဓိကရုဏ်းတို့သည် ဖြစ်ကုန်၏။ အဘယ်သို့ ဖြစ်ကုန်သနည်း၊ ငါးပါးသော အာပတ်အစုတို့သည်လည်း အာပတ္တာဓိကရုဏ်းမည်၏၊ ခုနစ်ပါးသော အာပတ်အစုတို့သည်လည်း အာပတ္တာဓိကရုဏ်းမည်၏၊ ဤအလုံးစုံကို အာပတ္တာဓိကရုဏ်းဟူ၍ ဆိုအပ်၏။ အာပတ္တာဓိကရုဏ်း၌ သံဃာသည် ငြင်းခုံအံ့၊ ဝိဝါဒါဓိကရုဏ်း ဖြစ်၏။ ငြင်းခုံသည် ဖြစ်၍ စွပ်စွဲအံ့၊ အနုဝါဒါဓိကရုဏ်း ဖြစ်၏။ စွပ်စွဲသည်ဖြစ်၍ အာပတ်သို့ရောက်အံ့၊ အာပတ္တာဓိကရုဏ်းသည် ဖြစ်၏။ ထိုအာပတ်ဖြင့် သံဃာသည် ကံပြုအံ့၊ ကိစ္စာဓိကရုဏ်း ဖြစ်၏။ ဤသို့လျှင် အာပတ္တာဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် အဓိကရုဏ်းလေးပါးတို့သည် ဖြစ်ကုန်၏။

၃၁၇။ ကိစ္စာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းကိုဖြစ်စေသနည်း။ ကိစ္စာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းကိုမျှ မဖြစ်စေ၊ စင်စစ်သော်ကား၊ ကိစ္စာဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် လေးပါးသော အဓိကရုဏ်းတို့သည် ဖြစ်ကုန်၏။ အဘယ်သို့ ဖြစ်ကုန်သနည်း၊ သံဃာ၏ ကိစ္စ၏အဖြစ် ပြုဖွယ်၏အဖြစ် အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံတို့ကို ကိစ္စာဓိကရုဏ်းဟူ၍ ဆိုအပ်၏။

ကိစ္စာဓိကရုဏ်း၌ သံဃာသည် ငြင်းခုံအံ့၊ ဝိဝါဒါဓိကရုဏ်း ဖြစ်၏။ ငြင်းခုံသည် ဖြစ်၍ စွပ်စွဲအံ့၊ အနုဝါဒါဓိကရုဏ်း ဖြစ်၏။ စွပ်စွဲသည် ဖြစ်၍ အာပတ်သို့ရောက်အံ့၊ အာပတ္တာဓိကရုဏ်း ဖြစ်၏။ ထိုအာပတ်ဖြင့် သံဃာသည် ကံပြုအံ့၊ ကိစ္စာဓိကရုဏ်း ဖြစ်၏။ ဤသို့လျှင် ကိစ္စာဓိကရုဏ်း တည်းဟူသော အကြောင်းကြောင့် အဓိကရုဏ်းလေးပါးတို့သည် ဖြစ်ကုန်၏။

နှစ်ဆယ်မြောက် သမုဋ္ဌာနဝါရ ပြီး၏။

---

## ၂၁-ဘဇတိဝါရ

၃၁၈။ ဝိဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းသို့ သက်ဝင်သနည်း၊ အဘယ်အဓိကရုဏ်းကို မှီသနည်း၊ အဘယ်အဓိကရုဏ်း၌ အကျုံးဝင်သနည်း၊ အဘယ်အဓိကရုဏ်းဖြင့် ရေတွက်အပ်သနည်း။

http://www.dhammadownload.com



အနုဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းသို့ သက်ဝင်သနည်း၊ အဘယ်အဓိကရုဏ်းကို မှီသနည်း၊ အဘယ်အဓိကရုဏ်း၌ အကျုံးဝင်သနည်း၊ အဘယ်အဓိကရုဏ်းဖြင့် ရေတွက်အပ်သနည်း။

အာပတ္တာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းသို့ သက်ဝင်သနည်း၊ အဘယ်အဓိကရုဏ်းကို မှီသနည်း၊ အဘယ်အဓိကရုဏ်း၌ အကျုံးဝင်သနည်း၊ အဘယ်အဓိကရုဏ်းဖြင့် ရေတွက်အပ်သနည်း။

ကိစ္စာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အဘယ်အဓိကရုဏ်းသို့ သက်ဝင်သနည်း၊ အဘယ်အဓိကရုဏ်းကို မှီသနည်း၊ အဘယ်အဓိအရုဏ်း၌ အကျုံးဝင်သနည်း၊ အဘယ်အဓိကရုဏ်းဖြင့် ရေတွက်အပ်သနည်း။

ဝိဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် ဝိဝါဒါဓိကရုဏ်းသို့ သက်ဝင်၏၊ ဝိဝါဒါဓိကရုဏ်းကို မှီ၏၊ ဝိဝါဒါဓိကရုဏ်း၌ အကျုံးဝင်၏၊ ဝိဝါဒါဓိကရုဏ်းဖြင့် ရေတွက်အပ်၏။

အနုဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အနုဝါဒါဓိကရုဏ်းသို့ သက်ဝင်၏၊ အနုဝါဒါဓိကရုဏ်းကိုမှီ၏၊ အနုဝါဒါဓိကရုဏ်း၌ အကျုံးဝင်၏၊ အနုဝါဒါဓိကရုဏ်းဖြင့် ရေတွက်အပ်၏။

အာပတ္တာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်းသို့ သက်ဝင်၏၊ အာပတ္တာဓိကရုဏ်းကို မှီ၏၊ အာပတ္တာဓိကရုဏ်း၌ အကျုံးဝင်၏၊ အာပတ္တာဓိကရုဏ်းဖြင့် ရေတွက်အပ်၏။

ကိစ္စာဓိကရုဏ်းသည် အဓိကရုဏ်းလေးပါးတို့တွင် ကိစ္စာဓိကရုဏ်းသို့ သက်ဝင်၏၊ ကိစ္စာဓိကရုဏ်းကို မှီ၏၊ ကိစ္စာဓိကရုဏ်း၌ အကျုံးဝင်၏၊ ကိစ္စာဓိကရုဏ်းဖြင့် ရေတွက်အပ်၏။

၃၁၉။ ဝိဝါဒါဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် အဘယ်သမထတို့သို့ သက်ဝင်သနည်း၊ အဘယ်သမထတို့ကို မှီသနည်း၊အဘယ်သမထတို့၌ အကျုံးဝင်သနည်း၊ အဘယ်သမထတို့ဖြင့် ရေတွက်အပ်သနည်း၊ အဘယ်သမထတို့ဖြင့် ငြိမ်းအေးသနည်း။

အနုဝါဒါဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် အဘယ်သမထတို့သို့ သက်ဝင်သနည်း၊ အဘယ်သမထတို့ကို မှီသနည်း၊ အဘယ်သမထတို့၌ အကျုံးဝင်သနည်း၊ အဘယ်သမထတို့ဖြင့်ရေတွက်အပ်သနည်း၊ အဘယ်သမထတို့ဖြင့် ငြိမ်းအေးသနည်း။

အာပတ္တာဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် အဘယ်သမထတို့သို့ သက်ဝင်သနည်း၊ အဘယ်သမထတို့ကို မှီသနည်း၊ အဘယ်သမထတို့၌ အကျုံးဝင်သနည်း၊ အဘယ်သမထတို့ဖြင့် ရေတွက်အပ်သနည်း၊ အဘယ်သမထတို့ဖြင့် ငြိမ်းအေးသနည်း။

ကိစ္စာဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် အဘယ်သမထတို့သို့ သက်ဝင်သနည်း၊ အဘယ်သမထတို့ကို မှီသနည်း၊ အဘယ်သမထတို့၌ အကျုံးဝင်သနည်း၊ အဘယ်သမထတို့ဖြင့် ရေတွက်အပ်သနည်း၊ အဘယ်သမထတို့ဖြင့် ငြိမ်းအေးသနည်း။

ဝိဝါဒါဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် နှစ်ပါးသော သမထတို့သို့ သက်ဝင်၏၊ နှစ်ပါးသော သမထတို့ကို မှီ၏၊ နှစ်ပါးသော သမထတို့၌ အကျုံးဝင်၏၊ နှစ်ပါးသော သမထတို့ဖြင့် ရေတွက်အပ်၏။

သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ ဟူသော နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

http://www.dhammadownload.com



အနုဝါဒါဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် လေးပါးသော သမထတို့သို့ သက်ဝင်၏၊ လေးပါးသော သမထတို့ကိုမှီ၏၊ လေးပါးသော သမထတို့၌ အကျုံးဝင်၏၊ လေးပါးသော သမထတို့ဖြင့် ရေတွက်အပ်၏။ သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠှဝိနယသမထ တဿပါပိယသိကာ သမထ ဟူသော လေးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

အာပတ္တာဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် သုံးပါးသော သမထတို့သို့ သက်ဝင်၏၊ သုံးပါးသော သမထတို့ကို မှီ၏၊ သုံးပါးသော သမထတို့၌ အကျုံးဝင်၏၊ သုံးပါးသော သမထတို့ဖြင့် ရေတွက်အပ်၏။ သမ္မုခါဝိနယသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ ဟူသော သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေး၏။

ကိစ္စာဓိကရုဏ်းသည် ခုနစ်ပါးသော သမထတို့တွင် တပါးသော သမထသို့ သက်ဝင်၏၊ တပါး သော သမထကို မှီ၏၊ တပါးသော သမထ၌ အကျုံးဝင်၏၊ တပါးသော သမထဖြင့် ရေတွက်အပ်၏၊ သမ္မုခါဝိနယ သမထဟု ဆိုအပ်သော တပါးသော သမထဖြင့် ငြိမ်းအေး၏။

နှစ်ဆယ့်တခုမြောက် ဘဇတိဝါရ ပြီး၏။

## သမထဘေဒ ပြီး၏။

ထိုသမထဘေဒ၏ အကျဉ်းချုပ်—

အဓိကရဏ ပရိယာယဝါရ၊ သာခာရဏဝါရ၊ တဗ္ဘာဂိယဝါရ၊ သမထာသမထသာခာရဏဝါရ၊ သမထာသမထဿတဗ္ဘာဂိယဝါရ၊ သမထသမ္မုခါဝိနယဝါရ၊ ဝိနယဝါရ၊ ကုသလဝါရ၊ ယတ္ထ ဝါရ၊သမထဝါရ၊ သံသဋ္ဌဝါရ၊ သမ္မတိဝါရ၊ သမ္မန္နိနသမ္မန္တိဝါရ၊ သမထာဓိကရဏဝါရ၊ သမုဋ္ဌာန ဝါရ၊ ဘဇတိဝါရ။

ပဉ္စဘာဒ အကျဉ်းချုပ်တည်း။

http://www.dhammadownload.com

# ခန္ဓကပုစ္ဆာဝါရ

၃၂၀။ အကြောင်းရင်း'နိဒါန်း'နှင့်တကွ အကျယ်ညွှန်းပြခြင်း'နိဒ္ဒေသ'နှင့်တကွ ဥပသမ္ပဒက္ခန္ဓကကို (ငါသည်)မေးအံ့၊ (ဥပသမ္ပဒက္ခန္ဓက၌ ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်း'နိဒါန်း'နှင့်တကွ အကျယ်ညွှန်းပြခြင်း 'နိဒ္ဒေသ'နှင့် ကတွ ဥပသမ္ပဒက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (ဥပသမ္ပဒက္ခန္ဓက၌ ဟောအပ်ကုန်သော) မြင့်မြတ်သောပုဒ်တို့၏ နှစ်ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့် တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ ဥပေါသထက္ခန္ဓကကို (ငါသည်) မေးအံ့၊ (ဥပေါသထက္ခန္ဓက၌ ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ဥပေါသထက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (ဥပေါသထက္ခန္ဓက၌ ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ သုံးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ ဝဿူပနာယိကက္ခန္ဓကကို (ငါသည်) မေးအံ့၊ (ဝဿူပနာယိကက္ခန္ဓက၌ ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ဝဿူပနာယိကက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (ဝဿူပနာယိကက္ခန္ဓက၌ ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ တပါးသော အာပတ်သည် ဖြစ်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ပဝါရဏက္ခန္ဓကကို ငါသည် မေးအံ့၊ (ပဝါရဏက္ခန္ဓက၌ ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ပဝါရဏက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (ပဝါရဏက္ခန္ဓက၌ ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ သုံးပါးကုန်သော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ စမ္မက္ခန္ဓကကို(ငါသည်)မေးအံ့၊(စမ္မက္ခန္ဓက၌ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ စမ္မက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (စမ္မက္ခန္ဓက၌ ဟောအပ်ကုန်သော)မြင့်မြတ်သောပုဒ်တို့၏ သုံးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ဘေသဇ္ဇက္ခန္ဓကကို (ငါသည်)မေးအံ့၊ (ဘေသဇ္ဇက္ခန္ဓက၌ ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

http://www.dhammadownload.com



အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ဘေသဇ္ဇက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (ဘေသဇ္ဇက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ သုံးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ကထိနက္ခန္ဓကကို (ငါသည်)မေးအံ့၊ (ကဌိနက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သောပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ကထိနက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (ကဌိနက္ခန္ဓကဟု ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မည်သော အာပတ်တို့မျှ မဖြစ်ကုန်။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ စီဝရက္ခန္ဓကကို (ငါသည်) မေးအံ့၊ (စီဝရက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ စီဝရက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (စီဝရက္ခန္ဓကဟု ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ သုံးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ စမ္မေယျက္ခန္ဓကကို(ငါသည်) မေးအံ့၊ (စမ္မေယျက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ စမ္မေယျက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (စမ္မေယျက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ တပါးသော အာပတ်သည် ဖြစ်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ကောသမ္ဗကက္ခန္ဓကကို (ငါသည်)မေးအံ့၊ (ကောသမ္ဗကက္ခန္ဓကဟု ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ကောသမ္ဗကက္ခန္ဓကကို(ငါသည်)ဖြေအံ့၊ (ကောသမ္ဗကက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏တပါးသော အာပတ်သည်ဖြစ်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ ကမ္မက္ခန္ဓကကို (ငါသည်) မေးအံ့၊ (ကမ္မက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ကမ္မက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (ကမ္မက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ တပါးသော အာပတ်သည် ဖြစ်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ပါရိဝါသိကက္ခန္ဓကကို (ငါသည်)မေးအံ့၊ (ပါရိဝါသိကက္ခန္ဓကဟု ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ပါရိဝါသိကက္ခန္ဓကကို(ငါသည်)ဖြေအံ့၊ (ပါရိဝါသိကက္ခန္ဓကဟု ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ တပါးသော အာပတ်သည် ဖြစ်၏။

http://www.dhammadownload.com



အကြောင်းရင်းနှင့် တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ သမုစ္စယက္ခန္ဓကကို (ငါသည်)မေးအံ့၊ (သမုစ္စယက္ခန္ဓကဌ် ဟောအပ်ကုန်သော) မြတ်မြင့်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့် တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ သမုစ္စယက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (သမုစ္စယက္ခန္ဓကဌ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ တပါးသော အာပတ်သည် ဖြစ်၏။

အကြောင်းရင်းနှင့် တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ သမထက္ခန္ဓကကို (ငါသည်)မေးအံ့၊ (သမထက္ခန္ဓကဌ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ သမထက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (သမထက္ခန္ဓကဌ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ နှစ်ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ခုဒ္ဒကဝတ္ထုကက္ခန္ဓကကို(ငါသည်) မေးအံ့၊ (ခုဒ္ဒကဝတ္ထုကက္ခန္ဓကဌ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ ခုဒ္ဒကဝတ္ထုကက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (ခုဒ္ဒကဝတ္ထုကက္ခန္ဓကဌ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ သုံးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ သေနာသနက္ခန္ဓကကို (ငါသည်)မေးအံ့၊ (သေနာသနက္ခန္ဓကဌ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ သေနာသနက္ခန္ဓကကို (ငါသည်)ဖြေအံ့၊ (သေနာသနက္ခန္ဓကဌ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ သုံးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ သံဃဘေဒကက္ခန္ဓကကို (ငါသည်) မေးအံ့၊ (သံဃဘေဒကက္ခန္ဓကဌ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့် တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ သံဃဘေဒကက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (သံဃဘေဒကက္ခန္ဓကဌ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ နှစ်ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ သမာစာရဝတ္တက္ခန္ဓကကို (ငါသည်) မေးအံ့၊ (သမာစာရဝတ္တက္ခန္ဓကဌ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ သမာစာရဝတ္တက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (သမာစာရဝတ္တက္ခန္ဓကဌ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ တပါးသော အာပတ်သည် ဖြစ်၏။

http://www.dhammadownload.com



အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ပါတိမောက္ခဋ္ဌပနက္ခန္ဓကကို (ငါသည်) မေးအံ့၊ (ပါတိမောက္ခဋ္ဌပနက္ခန္ဓကဥ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ ပါတိမောက္ခဋ္ဌပနက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (ပါတိမောက္ခဋ္ဌပနက္ခန္ဓကဥ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ တပါးသော အာပတ်သည် ဖြစ်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ ဘိက္ခုနိက္ခန္ဓကကို (ငါသည်) မေးအံ့၊ (ဘိက္ခုနိက္ခန္ဓကဥ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ဘိက္ခုနိက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (ဘိက္ခုနိက္ခန္ဓကဥ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ နှစ်ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ ပဉ္စသတိကက္ခန္ဓကကို (ငါသည်)မေးအံ့၊ (ပဉ္စသတိကက္ခန္ဓကဥ် ဟောအပ်ကုန်သော)မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့် တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ ပဉ္စသတိကက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (ပဉ္စသတိကက္ခန္ဓကဥ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မည်သော အာပတ်မျှ မဖြစ်။

အကြောင်းရင်းနှင့်တကွ အကျယ်ညွှန်းပြခြင်းနှင့်တကွ သတ္တသတိကက္ခန္ဓကကို(ငါသည်)မေးအံ့၊ (သတ္တသတိကက္ခန္ဓကဥ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မျှလောက်သော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

အကြောင်းရင်းနှင့် တကွ အကျယ်ညွှန်းပြခြင်းနှင့် တကွ သတ္တသတိကက္ခန္ဓကကို (ငါသည်) ဖြေအံ့၊ (သတ္တသတိကက္ခန္ဓကဥ် ဟောအပ်ကုန်သော) မြင့်မြတ်သော ပုဒ်တို့၏ အဘယ်မည်သော အာပတ်မျှ မဖြစ်။

ခန္ဓကပုစ္ဆာ ဤရွေ့အပြီးတည်း။
ရှေးဦးစွာသော ခန္ဓကပုစ္ဆာဝါရ ပြီး၏။

ထိုခန္ဓကပုစ္ဆာဝါရ၏ အကျဉ်းချုပ်—

ဥပသမ္ပဒက္ခန္ဓက၊ ဥပေါသထက္ခန္ဓက၊ ဝဿူပနာယိကက္ခန္ဓက၊ ပဝါရဏက္ခန္ဓက၊ စမ္မက္ခန္ဓက၊ ဘေသဇ္ဇက္ခန္ဓက၊ ကထိနက္ခန္ဓက၊ စီဝရက္ခန္ဓက၊ စမ္ပေယျက္ခန္ဓက။

ကောသမ္ဗကက္ခန္ဓက၊ ကမ္မက္ခန္ဓက၊ ပါရိဝါသိကက္ခန္ဓက၊ သမုစ္စယက္ခန္ဓက၊ သမထက္ခန္ဓက၊ ခုဒ္ဒကဝတ္ထုကက္ခန္ဓက၊ သေနာသနက္ခန္ဓက၊ သံဃဘေဒကက္ခန္ဓက၊ ဝတ္တက္ခန္ဓက၊ ပါတိမောက္ခဋ္ဌပနက္ခန္ဓက၊ ဘိက္ခုနိက္ခန္ဓက၊ ပဉ္စသတိကက္ခန္ဓက၊ သတ္တသတိကက္ခန္ဓက။

ဤကား အကျဉ်းချုပ်တည်း။

http://www.dhammadownload.com

# ကေဝွရိကနယ

## ၁-ကေကဝါရ

၃၂၁။ အာပတ်သင့်ခြင်းကို ပြုတတ်သော တရားတို့ကို သိအပ်ကုန်၏၊ အာပတ်မသင့်ခြင်းကို ပြုတတ်သော တရားတို့ကို သိအပ်ကုန်၏၊ အာပတ်ကို သိအပ်၏၊ အာပတ်မဟုတ်သည်ကို သိအပ်၏၊ ပေါ့သော အာပတ်ကို သိအပ်၏၊ လေးသောအာပတ်ကို သိအပ်၏၊ အကြွင်းရှိသော အာပတ်ကို သိအပ်၏၊ အကြွင်းမရှိသော အာပတ်ကို သိအပ်၏၊ ရုန့်ရင်း'ကြမ်းတမ်း'သော အာပတ်ကို သိအပ်၏၊ မရုန့်ရင်း 'မကြမ်းတမ်း'သော အာပတ်ကို သိအပ်၏၊ ကုစားခြင်းရှိသော အာပတ်ကို သိအပ်၏၊ ကုစားခြင်း မရှိသော အာပတ်ကို သိအပ်၏၊ ဒေသနာဂါမိ ဖြစ်သော အာပတ်ကို သိအပ်၏၊ ဒေသနာဂါမိ မဖြစ်သော အာပတ်ကို သိအပ်၏၊ အန္တရာယ်ကို ပြုတတ်သော အာပတ်ကို သိအပ်၏၊ အန္တရာယ်ကို မပြုတတ်သော အာပတ်ကို သိအပ်၏၊ အပြစ်ရှိသော ပညတ်ဖြစ်သော အာပတ်ကို သိအပ်၏၊ အပြစ်မရှိသော ပညတ်ဖြစ်သော အာပတ်ကို သိအပ်၏၊ ပြုခြင်းကြောင့်ဖြစ်သော အာပတ်ကို သိအပ်၏၊ မပြုခြင်းကြောင့် ဖြစ်သော အာပတ်ကို သိအပ်၏၊ ပြုခြင်း မပြုခြင်းကြောင့် ဖြစ်သော အာပတ်ကို သိအပ်၏၊ ရှေးဦးသင့်သော အာပတ်ကို သိအပ်၏၊ နောက်သင့်သော အာပတ်ကို သိအပ်၏၊ ရှေးဦးသင့်သော အာပတ်တို့၏အကြား၌ သင့်သော အာပတ်ကို သိအပ်၏၊ နောက်သင့်သော အာပတ်တို့၏အကြား၌ သင့်သော အာပတ်ကို သိအပ်၏၊ ဒေသနာ ကြားအပ်၏ ဟူသော အရေအတွက်သို့ရောက်သော အာပတ်ကို သိအပ်၏၊ ဒေသနာကြားအပ်၏ဟူသော အရေအတွက်သို့ မရောက်သော အာပတ်ကို သိအပ်၏၊ (မူလ)ပညတ်ကို သိအပ်၏၊ အနုပညတ် ကို သိအပ်၏၊ အနုပ္ပန္နပညတ်ကို သိအပ်၏၊ သဗ္ဗတ္ထ ပညတ်ကို သိအပ်၏၊ ပဒေသပညတ်ကို သိအပ်၏၊ သာဓာရဏပညတ်ကို သိအပ်၏၊ အသာဓာရဏ ပညတ်ကို သိအပ်၏၊ ကေတောပညတ်ကို သိအပ်၏၊ ဥဘတောပညတ်ကို သိအပ်၏။

ရုန့်ရင်းသော အပြစ်ရှိသော အာပတ်ကို သိအပ်၏၊ ရုန့်ရင်းသော အပြစ်မရှိသော အာပတ်ကို သိအပ်၏၊ လူတို့နှင့်စပ်သော အာပတ်ကို သိအပ်၏၊ လူတို့နှင့်မစပ်သော အာပတ်ကို သိအပ်၏၊ နိယတ ဖြစ်သော အာပတ်ကို သိအပ်၏၊ အနိယတဖြစ်သော အာပတ်ကို သိအပ်၏၊ လက်ဦးလွန်ကျူးသော ပုဂ္ဂိုလ်ကို သိအပ်၏၊ လက်ဦးလွန်ကျူးသူ မဟုတ်သော (အနုပညတ်ကို ပြုတတ်သော)ပုဂ္ဂိုလ်ကို သိအပ်၏၊ တခါတရံ အာပတ်သင့်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ အမြဲအာပတ်သင့်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ စောဒကပုဂ္ဂိုလ်ကို သိအပ်၏၊ စုဒိတက 'စောဒနာခံရသော'ပုဂ္ဂိုလ်ကို သိအပ်၏၊ အဓမ္မစောဒက ပုဂ္ဂိုလ်ကို သိအပ်၏၊ အဓမ္မစုဒိတက ပုဂ္ဂိုလ်ကို သိအပ်၏၊ ဓမ္မစောဒကပုဂ္ဂိုလ်ကို သိအပ်၏၊ ဓမ္မစုဒိတက ပုဂ္ဂိုလ်ကို သိအပ်၏၊ နိယတပုဂ္ဂိုလ်ကို သိအပ်၏၊ အနိယတ ပုဂ္ဂိုလ်ကို သိအပ်၏၊ အာပတ်မသင့်ထိုက်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ အာပတ်သင့်ထိုက်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ နှင်ထုတ်အပ်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ မနှင်ထုတ်အပ်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ ဖျက်ဆီးအပ်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ မဖျက်ဆီးအပ်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ (ဥပုသ်စသော) တူသော သံဝါသရှိသော ပုဂ္ဂိုလ်ကို သိအပ်၏၊ (ဥပုသ်စသော)တူသော သံဝါသမရှိသော ပုဂ္ဂိုလ်ကို သိအပ်၏၊ ပါတိမောက်ထားခြင်းကို သိအပ်၏။

ကေက ပြီး၏။

http://www.dhammadownload.com



ထိုကေက၏ အကျဉ်းချုပ်—

အာပတ္တိကရ၊ အနာပတ္တိကရ၊ အာပတ်၊ အနာပတ်၊ လဟုကအာပတ်၊ ဂရုကအာပတ်၊ သာဝသေသအာပတ်၊ အနဝသေသအာပတ်၊ ဒုဋ္ဌုလ္လအာပတ်၊ အဒုဋ္ဌုလ္လအာပတ်၊ သပ္ပဋိကမ္မအာပတ်၊ အပ္ပဋိကမ္မအာပတ်၊ ဒေသနာဂါမိ အာပတ်၊ အဒေသနာဂါမိ အာပတ်၊ အန္တရာယိကအာပတ်၊ အနန္တရာယိကအာပတ်၊ သာဝဇ္ဇပညတ္တိအာပတ်၊ အနဝဇ္ဇပညတ္တိအာပတ်၊ ကိရိယသမုဋ္ဌိတအာပတ် [၁]၊ အကိရိယသမုဋ္ဌိတအာပတ် [၂]။

ကိရိယာကိရိယသမုဋ္ဌိတအာပတ်၊ ပုဗ္ဗအာပတ်၊ အပရအာပတ်၊ အန္တရာအာပတ်နှစ်ပါး၊ ဒေသိတဂဏနူပဂအာပတ်၊ ဒေသိတနဂဏနူပဂအာပတ်၊ မူလပညတ်၊ အနုပညတ်၊ အနုပ္ပန္နပညတ်၊ သဗ္ဗတ္ထပညတ်၊ပဒေသပညတ်၊ သာဓာရဏပညတ်၊ အသာဓာရဏပညတ်၊ ဧကတောပညတ်၊ဥဘတောပညတ်။

ထုလ္လဝဇ္ဇအာပတ်၊ အထုလ္လဝဇ္ဇအာပတ်၊ ဂိဟိပဋိသံယုတ္တအာပတ်၊ နဂိဟိပဋိသံယုတ္တအာပတ်၊ နိယတအာပတ်၊ အနိယတအာပတ်၊ အာဒိကရပုဂ္ဂိုလ်၊ အနာဒိကရပုဂ္ဂိုလ်၊ အစိရ္စပုဂ္ဂိုလ်၊ အဘိဏှပုဂ္ဂိုလ်၊ စောဒကပုဂ္ဂိုလ်၊ စုဒိတကပုဂ္ဂိုလ်၊ အဓမ္မစောဒကပုဂ္ဂိုလ်၊ အဓမ္မစုဒိတကပုဂ္ဂိုလ်၊ ဓမ္မစောဒကပုဂ္ဂိုလ်၊ ဓမ္မစုဒိတကပုဂ္ဂိုလ်၊ နိယတပုဂ္ဂိုလ်၊ အနိယတပုဂ္ဂိုလ်၊ အဘဗ္ဗာပတ္တိကပုဂ္ဂိုလ်၊ ဘဗ္ဗာပတ္တိကပုဂ္ဂိုလ်၊ ဥက္ခိတ္တကပုဂ္ဂိုလ်၊ အနုက္ခိတ္တကပုဂ္ဂိုလ်၊ နာသိတကပုဂ္ဂိုလ်၊ အနာသိတကပုဂ္ဂိုလ်၊ သမာနသံဝါသကပုဂ္ဂိုလ်၊ အသမာနသံဝါသကပုဂ္ဂိုလ်၊ ပါတိမောက္ခဋ္ဌပန။

ဤသည်ကား ကေက၌ အကျဉ်းချုပ်တည်း။

---

## ၂-ဒုကဝါရ

၃၂၂။ သညာဝိမောက္ခအာပတ်သည် [၃] ရှိ၏၊ နောသညာဝိမောက္ခအာပတ်သည် [၄] ရှိ၏။ သမာပတ်ရသော သူ၏ အာပတ်သည် ရှိ၏၊ သမာပတ် မရသော သူ၏ အာပတ်သည် ရှိ၏။ သူတော်ကောင်း တရားနှင့် စပ်သော အာပတ်သည် ရှိ၏၊ မသူတော်တရားနှင့် စပ်သော အာပတ်သည် ရှိ၏။ မိမိအသုံးအဆောင်နှင့် စပ်သော အာပတ်သည် ရှိ၏၊ သူတပါး အသုံးအဆောင်နှင့် စပ်သော အာပတ်သည် ရှိ၏။ မိမိတည်းဟူသော ပုဂ္ဂိုလ်နှင့် စပ်သော အာပတ်သည် ရှိ၏၊ တပါးပုဂ္ဂိုလ်နှင့် စပ်သော အာပတ်သည် ရှိ၏။

အမှန်ကိုဆိုသော် လေးသော အာပတ်သင့်၍ အမှားကို ဆိုသော် ပေါ့သော အာပတ်သင့်ခြင်းသည် ရှိ၏၊ အမှားကို ဆိုသော် လေးသော အာပတ်သင့်၍ အမှန်ကို ဆိုသော် ပေါ့သော အာပတ်သင့်

---

၁။ ဝိညတ်နှင့်တကွ ကိုယ်နှုတ်တို့ကြောင့်ဖြစ်သော အာပတ်သည် ကိရိယသမုဋ္ဌိတအာပတ်။

၂။ ဝိညတ်ကင်းသော ကိုယ်နှုတ်တို့ကြောင့် ဖြစ်သော အာပတ်သည် အကိရိယသမုဋ္ဌိတအာပတ်။

၃။ ဝတ္ထုကို လွန်ကျူးလိုသော သညာမရှိလတ်သော် မသင့်နိုင်သော သစိတ္တက အာပတ်မျိုးသည် သညာဝိမောက္ခ အာပတ်မည်၏။

၄။ ဝတ္ထုကို လွန်ကျူးလိုသော သညာမရှိသော်လည်း သင့်နိုင်သော အစိတ္တကအာပတ်မျိုးသည် နောသညာဝိမောက္ခ အာပတ်မည်၏၊ ဝတ္ထုကို လွန်ကျူးခြင်းကိုသိသော စိတ်ကို သညာဟု ခေါ်သည်။

http://www.dhammadownload.com



ခြင်းသည် ရှိ၏။ မြေ၌ နေသော် သင့်၍ ကောင်းကင်၌နေသော် မသင့်သော အာပတ်သည် ရှိ၏၊ ကောင်းကင်၌ နေသော် သင့်၍ မြေ၌ နေသော် မသင့်သော အာပတ်သည် ရှိ၏။ ထွက်သော် သင့်၍ ဝင်သော် မသင့်သော အာပတ်သည် ရှိ၏၊ ဝင်သော် သင့်၍ ထွက်သော် မသင့်သော အာပတ်သည် ရှိ၏။ ယူသော် သင့်သော အာပတ်သည် ရှိ၏၊ မယူသော် သင့်သော အာပတ်သည် ရှိ၏။ ဆောက်တည်သော် သင့်သော အာပတ်သည် ရှိ၏၊ မဆောက်တည်သော် သင့်သော အာပတ်သည် ရှိ၏။ ပြုသော် သင့်သော အာပတ်သည် ရှိ၏၊ မပြုသော် သင့်သော အာပတ်သည် ရှိ၏။ ပေးသော် သင့်သော အာပတ်သည် ရှိ၏၊ မပေးသော် သင့်သော အာပတ်သည် ရှိ၏။ (ဒေသနာ ကြားသော် သင့်သော အာပတ်သည် ရှိ၏၊ ဒေသနာမကြားသော် သင့်သော အာပတ်သည်ရှိ၏)။ ခံယူသော် သင့်သော အာပတ်သည်ရှိ၏၊ မခံယူသော် သင့်သော အာပတ်သည်ရှိ၏။ သုံးဆောင်သဖြင့် သင့်သော အာပတ်သည် ရှိ၏၊ မသုံးဆောင်သဖြင့် သင့်သော အာပတ်သည် ရှိ၏။ ညအခါ၌ သင့်၍ နေ့အခါ၌ မသင့်သော အာပတ်သည် ရှိ၏၊ နေ့အခါ၌ သင့်၍ ညအခါ၌ မသင့်သော အာပတ်သည် ရှိ၏။ အရုဏ်တက်သော် သင့်သော အာပတ်သည်ရှိ၏၊ အရုဏ်မတက်မီ သင့်သော အာပတ်သည် ရှိ၏။ ဖြတ်သော် သင့်သော အာပတ်သည်ရှိ၏၊ မဖြတ်သော်သင့်သော အာပတ်သည်ရှိ၏။ ဖုံးလွှမ်းသော် သင့်သော အာပတ်သည် ရှိ၏၊ မဖုံးလွှမ်းသော် သင့်သော အာပတ်သည်ရှိ၏။ ဆောင်သော် သင့်သော အာပတ်သည် ရှိ၏၊ မဆောင်သော် သင့်သော အာပတ်သည်ရှိ၏။

ဥပုသ်တို့သည် စာတုဒ္ဒသီ ပန္နရသီအားဖြင့် နှစ်ပါးတို့တည်း။ ပဝါရဏာတို့သည် စာတုဒ္ဒသီ ပဝါရဏာ ပန္နရသီပဝါရဏာ အားဖြင့် နှစ်ပါးတို့တည်း။ ကံတို့သည် အပလောကနကံ ဉတ္တိကံအားဖြင့် နှစ်ပါးတို့တည်း။ အခြားသောကံတို့သည်လည်း ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံအားဖြင့် နှစ်ပါးတို့တည်း။ ကမ္မဝတ္ထုတို့သည် အပလောကနကံ၏ဝတ္ထု ဉတ္တိကံ၏ဝတ္ထုအားဖြင့် နှစ်ပါးတို့တည်း။ အခြားသော ကမ္မဝတ္ထုတို့သည်လည်း ဉတ္တိဒုတိယကံ၏ဝတ္ထု ဉတ္တိစတုတ္ထကံ၏ ဝတ္ထုအားဖြင့် နှစ်ပါးတို့တည်း။ ကမ္မဒေါသတို့သည် အပလောကနကံ၏ အပြစ် 'ဒေါသ' ဉတ္တိကံ၏ အပြစ်'ဒေါသ' အားဖြင့် နှစ်ပါးတို့တည်း။ အခြားသော ကမ္မဒေါသ 'ကံ၏အပြစ်'တို့သည်လည်း ဉတ္တိဒုတိယကံ၏ အပြစ်'ဒေါသ' ဉတ္တိစတုတ္ထကံ၏ အပြစ် 'ဒေါသ' အားဖြင့် နှစ်ပါးတို့ပင်တည်း။ ကံ၏ ပြည့်စုံခြင်း ကမ္မသမ္ပတ္တိ တို့သည်အပလောကနကံ၏ ပြည့်စုံခြင်း ဉတ္တိကံ၏ ပြည့်စုံခြင်း အားဖြင့် နှစ်ပါးတို့တည်း။

အခြားသော ကံ၏ ပြည့်စုံခြင်းတို့သည်လည်း ဉတ္တိဒုတိယကံ၏ ပြည့်စုံခြင်း ဉတ္တိစတုတ္ထကံ၏ ပြည့်စုံခြင်းအားဖြင့် နှစ်ပါးတို့ပင်တည်း။ နာနာသံဝါသကဘုံတို့သည် 'မိမိသည်ပင်လျှင် မိမိကိုယ်ကို အထူးထူးသော ပေါင်းဖော်ခြင်းရှိသည်ကို ပြုခြင်း၊ ညီညွတ်သော သံဃာက ထိုရဟန်းကို (အာပတ်ကို) မရှု (အာပတ်ကို)မကု (အယူကို)မစွန့်ခြင်းတို့ကြောင့် နှင်ထုတ်ခြင်းအားဖြင့် နှစ်ပါးတို့တည်း။ သမာနသံဝါသကဘုံတို့သည် မိမိသည်ပင်လျှင် မိမိကိုယ်ကို တူသော ပေါင်းဖော်ခြင်းရှိသည်ကို ပြုခြင်း၊ ညီညွတ်သော သံဃာက နှင်ထုတ်ထားသော ထိုရဟန်းကို(အာပတ်ကို)ရှုခြင်း (အာပတ်ကို)ကုစားခြင်း (အယူကို)စွန့်ခြင်းတို့ကြောင့် သွင်းခြင်းအားဖြင့် နှစ်ပါးတို့တည်း။ ပါရာဇိကတို့သည် ရဟန်းယောကျ်ားတို့၏ပါရာဇိက၊ ရဟန်းမိန်းမတို့၏ပါရာဇိက အားဖြင့် နှစ်ပါးတို့တည်း။ သံဃာဒိသိသ်တို့သည် နှစ်ပါးတို့တည်း။ ထုလ္လစ္စည်းအာပတ်တို့သည် နှစ်ပါးတို့တည်း။ ပါစိတ်အာပတ်တို့သည် နှစ်ပါးတို့တည်း။ ပါဋိဒေသနီအာပတ်တို့သည် နှစ်ပါးတို့တည်း။ ဒုက္ကဋ်အာပတ်တို့သည် နှစ်ပါးတို့တည်း။ ဒုဗ္ဘာသီ အာပတ်တို့သည် ရဟန်းယောကျ်ားတို့၏ ဒုဗ္ဘာသီအာပတ် ရဟန်းမိန်းမတို့၏ ဒုဗ္ဘာသီ

http://www.dhammadownload.com



အာပတ်အားဖြင့် နှစ်ပါးတို့တည်း။ အာပတ်တို့သည် ခုနစ်ပါးတို့တည်း။ အာပတ်အစုတို့သည် ခုနစ်ပါးတို့တည်း။

ဥပုသ်ကံ အသီးသီးပြုခြင်း, စာရေးတံမဲယူခြင်း ဟူသော နှစ်ပါးသော အခြင်းအရာတို့ဖြင့် သံဃာသည် ကွဲပြား၏။

အနှစ်နှစ်ဆယ် မပြည့်သေးသော သူ, ကိုယ်လက်အင်္ဂါ ယုတ်သောသူ ဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပဉ္စင်းမခံအပ်ကုန်။

(ပယုတ်ကဲစသော)ဝတ္ထု ချို့သောသူ, (မာတုဃာတကစသော)မကောင်းမှုရှိသောသူ ဟူသော အခြားပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပဉ္စင်းမခံအပ်ကုန်။

(ပဉ္စင်းခံရန် သပိတ်သင်္ကန်း) မပြည့်စုံသေးသော သူ, ပြည့်စုံသူ ဖြစ်ပါမူလည်း (ပဉ္စင်းအဖြစ်ကို) မတောင်းပန်သူ ဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပဉ္စင်းမခံအပ်ကုန်။

အလဇ္ဇီ(ဝိနည်း၌)မလိမ္မာသူ ဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့ကို မှီ၍ မနေရာ။

အလဇ္ဇီပုဂ္ဂိုလ် လဇ္ဇီပုဂ္ဂိုလ်ဖြစ်သော်လည်း မတောင်းပန်သော ပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့အား မှီရာ 'နိဿရည်း' ကို မပေးအပ်။

(ဝိနည်း၌) မလိမ္မာသူ, တောင်းပန်သော လဇ္ဇီပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ် နှစ်ယောက်တို့အား မှီရာ 'နိဿရည်း' ကို ပေးအပ်၏။

မြတ်စွာဘုရား, ရှင်ပစ္စေကဗုဒ္ဓါဟူသော ပုဂ္ဂိုလ်နှစ်ပါးတို့သည် အာပတ်သို့ ရောက်ခြင်းငှါ မထိုက်ကုန်။

ရဟန်းယောကျ်ား ရဟန်းမိန်းမဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် အာပတ်သို့ ရောက်ခြင်းငှါ ထိုက်ကုန်၏။ အရိယာပုဂ္ဂိုလ်ဖြစ်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် စေတနာရှိသည်ဖြစ်၍ အာပတ်သို့ ရောက်ခြင်းငှါ မထိုက်ကုန်။

ပုထုဇဉ်ဖြစ်သော ရဟန်းယောကျ်ား ရဟန်းမိန်းမဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် စေတနာရှိသည်ဖြစ်၍ အာပတ်သို့ရောက်ခြင်းငှါ ထိုက်ကုန်၏။

အရိယာပုဂ္ဂိုလ်ဖြစ်သော ရဟန်းယောကျ်ား, ရဟန်း မိန်းမဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် စေတနာရှိသည် ဖြစ်၍ အပြစ်ရှိသော ဝတ္ထုကို လွန်ကျူး၍ ကျင့်ခြင်းငှါ မထိုက်ကုန်။

ပုထုဇဉ် ပုဂ္ဂိုလ်ဖြစ်ကုန်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမဟူသော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် စေတနာရှိသည် ဖြစ်၍ အပြစ်ရှိသောဝတ္ထုကို လွန်ကျူး၍ ကျင့်ခြင်းငှါ ထိုက်ကုန်၏။

တားမြစ်ခြင်းတို့သည် နှစ်ပါးတို့တည်း၊ ကိုယ်ဖြင့်လည်း တားမြစ်၏၊ နှုတ်ဖြင့်လည်း တားမြစ်၏။

နှင်ထုတ်ခြင်းတို့သည် နှစ်ပါးတို့တည်း၊ နှင်ထုတ်ခြင်းသို့ မရောက်သော ပုဂ္ဂိုလ်ကို သံဃာက နှင်ထုတ်အံ့၊ အချို့သော ပုဂ္ဂိုလ်သည် ကောင်းစွာနှင်ထုတ်အပ်သော ပုဂ္ဂိုလ်ဖြစ်၏၊ အချို့သောပုဂ္ဂိုလ်သည် မကောင်းသဖြင့် နှင်ထုတ်အပ်သော ပုဂ္ဂိုလ်ဖြစ်၏။

http://www.dhammadownload.com



သွင်းခြင်းတို့သည် နှစ်ပါးတို့တည်း၊ သွင်းခြင်းသို့ မရောက်သော ပုဂ္ဂိုလ်ကို သံဃာသည် သွင်းအံ့၊ အချို့သောပုဂ္ဂိုလ်သည် ကောင်းစွာသွင်းအပ်သော ပုဂ္ဂိုလ်ဖြစ်၏၊ အချို့သောပုဂ္ဂိုလ်သည် မကောင်းသဖြင့် သွင်းအပ်သော ပုဂ္ဂိုလ်ဖြစ်၏။

ဝန်ခံခြင်းတို့သည် နှစ်ပါးတို့တည်း၊ ကိုယ်ဖြင့်လည်း ဝန်ခံ၏၊ နှုတ်ဖြင့်လည်း ဝန်ခံ၏။

အကပ်ခံခြင်းတို့သည် နှစ်ပါးတို့တည်း၊ ကိုယ်ဖြင့်လည်း အကပ်ခံ၏၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်လည်း အကပ်ခံ၏။

ပယ်ခြင်းတို့သည် နှစ်ပါးတို့တည်း၊ ကိုယ်ဖြင့်လည်း ပယ်၏၊-နှုတ်ဖြင့်လည်း ပယ်၏။

ဖျက်ခြင်းတို့သည် ရဟန်းတို့ကို ဖျက်ခြင်း၊ ပစ္စည်းတို့ကို ဖျက်ခြင်းအားဖြင့် နှစ်ပါးတို့တည်း။

စောဒနာခြင်းတို့သည် ကိုယ်ဖြင့် စောဒနာခြင်း၊ နှုတ်ဖြင့်လည်း စောဒနာခြင်း အားဖြင့် နှစ်ပါးတို့တည်း။

ကထိန်၏ ပလိဗောဓတို့သည် အာဝါသပလိဗောဓ စီဝရပလိဗောဓအားဖြင့် နှစ်ပါးတို့တည်း။

ကထိန်၏ အပလိဗောဓတို့သည် အာဝါသအပလိဗောဓ စီဝရအပလိဗောဓအားဖြင့် နှစ်ပါးတို့တည်း။

သင်္ကန်းတို့သည် ဒါယကာတို့လှူသော သင်္ကန်း ပံ့သုကူလသင်္ကန်းအားဖြင့် နှစ်ပါးတို့တည်း။

သပိတ်တို့သည် သံသပိတ် မြေသပိတ် အားဖြင့် နှစ်မျိုးတို့တည်း။

သပိတ်နှီးဝန်းတို့သည် သလွဲစင်ဖြင့် ပြီးသောသပိတ်နှီးဝန်း သလွဲမည်းဖြင့်ပြီးသော သပိတ်နှီးဝန်းအားဖြင့် နှစ်ပါးတို့တည်း။

သပိတ်ကို အဓိဋ္ဌာန်တင်ခြင်းတို့သည် ကိုယ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း နှုတ်ဖြင့်လည်း အဓိဋ္ဌာန်တင်ခြင်းအားဖြင့် နှစ်ပါးတို့သည်း။

သင်္ကန်းကို အဓိဋ္ဌာန်တင်ခြင်းတို့သည် ကိုယ်ဖြင့်လည်း အဓိဋ္ဌာန်တင်ခြင်း နှုတ်ဖြင့်လည်း အဓိဋ္ဌာန်တင်ခြင်းအားဖြင့် နှစ်ပါးတို့တည်း။

ဝိကပ္ပနာပြုခြင်းတို့သည် မျက်မှောက်ဝိကပ္ပနာပြုခြင်း မျက်ကွယ်ဝိကပ္ပနာပြုခြင်း အားဖြင့် နှစ်ပါးတို့တည်း။

ဝိနည်းတို့သည် ရဟန်းယောကျ်ားတို့၏ ဝိနည်း ရဟန်းမိန်းမတို့၏ ဝိနည်း အားဖြင့် နှစ်ပါးတို့တည်း။

ဝိနည်း၌လာသော အနက်တို့သည် ပညတ် ပညတ်အားလျော်သော မဟာပဒေသလေးပါးအားဖြင့် နှစ်ပါးတို့တည်း။

ဝိနည်း၏ ခေါင်းပါးခြင်းတို့သည် မအပ်သည်၌ အကြောင်းကို ပယ်သတ်ခြင်း၊ အပ်သည်၌ အတိုင်းအရှည်ဖြင့်ပြုခြင်းအားဖြင့် နှစ်ပါးတို့တည်း။

နှစ်ပါးသော အခြင်းအရာတို့ဖြင့် အာပတ်သို့ရောက်၏၊ ကိုယ်ဖြင့်လည်း ရောက်၏၊ နှုတ်ဖြင့်လည်း ရောက်၏။

http://www.dhammadownload.com



နှစ်ပါးသော အခြင်းအရာတို့ဖြင့် အာပတ်မှထ၏၊ ကိုယ်ဖြင့်လည်း ထ၏၊ နှုတ်ဖြင့်လည်း ထ၏။

ပရိဝါသ်တို့သည် ဖုံးလွှမ်းသော ပဋိစ္ဆန္နပရိဝါသ် မဖုံးလွှမ်းသော အပဋိစ္ဆန္နပရိဝါသ်အားဖြင့် နှစ်ပါးတို့တည်း။

အခြားသော ပရိဝါသ်တို့သည်လည်း သုဒ္ဓန္တပရိဝါသ် သမောဓာနပရိဝါသ် အားဖြင့် နှစ်ပါးတို့ပင်တည်း။

မာနတ်တို့သည် ပဋိစ္ဆန္နမာနတ် အပဋိစ္ဆန္နမာနတ်အားဖြင့် နှစ်ပါးတို့တည်း။

အခြားသော မာနတ်တို့သည်လည်း ပက္ခမာနတ် သမောဓာနမာနတ်အားဖြင့် နှစ်ပါးတို့ပင်တည်း။

ပရိဝါသ်နေသော ပုဂ္ဂိုလ် မာနတ်ကျင့်သော ပုဂ္ဂိုလ်အားဖြင့် နှစ်ပါးသော ပုဂ္ဂိုလ်တို့အား ညဉ့်ပြတ်ခြင်းသည် ဖြစ်၏။

မရိုသေခြင်းတို့သည် ပုဂ္ဂိုလ်ကိုမရိုသေခြင်း တရားကို မရိုသေခြင် အားဖြင့် နှစ်ပါးတို့တည်း။

ဆားတို့သည် ပေါက်ဆား ချက်ဆားအားဖြင့် နှစ်ပါးတို့တည်း။ အခြားသော ဆားတို့သည်လည်း သမုဒ္ဒရာမှဖြစ်သောဆား ဆားနက် 'ဖုတ်ဆား'အားဖြင့် နှစ်ပါးတို့ပင်တည်း။

အခြားသော ဆားတို့သည်လည်း သိန္ဓောဆား သရဝဇာမည်သောထွက်ဆား အားဖြင့် နှစ်ပါးတို့ပင်တည်း။

အခြားသော ဆားတို့သည်လည်း ရောမဇနပုဒ်၌ဖြစ်သောဆား မုယောပြာဖြင့်ပြုသောဆား အားဖြင့် နှစ်ပါးတို့ပင်တည်း။

သုံးဆောင်ခြင်းတို့သည် အတွင်းသုံးဆောင်ခြင်း အပြင်သုံးဆောင်ခြင်း အားဖြင့် နှစ်ပါးတို့တည်း။

ဆဲရေးခြင်းတို့သည် ယုတ်သောဆဲရေးခြင်း မြတ်သောဆဲရေးခြင်းအားဖြင့် နှစ်ပါးတို့တည်း။

မိမိကိုချစ်စေလို၍ ၎င်း (သူတပါးကို) ဖျက်ဆီးလို၍ ၎င်း နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဂုံးတိုက် 'ချောပစ်'ခြင်းသည် ဖြစ်၏။

ပင့်ဖိတ်သောအားဖြင့်၎င်း တောင်းသောအားဖြင့်၎င်း နှစ်ပါးသောအခြင်းအရာတို့ဖြင့် ဂဏဘောဇဉ်သည် ပွါး၏။

ဝါကပ်ခြင်းတို့သည် ပုရိမဝါကပ်ခြင်း, ပစ္ဆိမဝါကပ်ခြင်းအားဖြင့် နှစ်ပါးတို့တည်း။

အဓမ္မိကဖြစ်သော ပါတိမောက် တန့်ထားခြင်းတို့သည် နှစ်ပါးတို့တည်း။

ဓမ္မိကဖြစ်သော ပါတိမောက် တန့်ထားခြင်းတို့သည် နှစ်ပါးတို့တည်း။

(မိမိအား) မရောက်သောဝန်ကို ရွက်ဆောင်သော ပုဂ္ဂိုလ်, (မိမိအား) ရောက်သောဝန်ကို မရွက်ဆောင်သော ပုဂ္ဂိုလ်အားဖြင့် မိုက်သောပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

(မိမိအား)မရောက်သော ဝန်ကို မရွက်ဆောင်သော ပုဂ္ဂိုလ်(မိမိအား)ရောက်သောဝန်ကို ရွက်ဆောင်သော ပုဂ္ဂိုလ်အားဖြင့် ပညာရှိ ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

http://www.dhammadownload.com



အခြားတပါးလည်းဖြစ်သော မအပ်သည်၌ အပ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်, အပ်သည်၌ မအပ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် မိုက်သော ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

မအပ်သည်၌ မအပ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ် အပ်သည်၌ အပ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် ပညာရှိသော ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

အခြားတပါးလည်း ဖြစ်သော အာပတ်မသင့်သည်၌ အာပတ်သင့်၏ ဟု အမှတ်ရှိသောပုဂ္ဂိုလ်, အာပတ်သင့်သည်၌ အာပတ်မသင့် ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် မိုက်သော ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

အာပတ်သင့်သည်၌ အာပတ်သင့်၏ ဟု အမှတ်ရှိသော ပုဂ္ဂိုလ် အာပတ်မသင့်သည်၌ အာပတ်မသင့် ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် ပညာရှိသော ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

အခြားတပါးလည်းဖြစ်သော တရားမဟုတ်သည်၌ တရားဟု အမှတ်ရှိသောပုဂ္ဂိုလ်, တရား ဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် မိုက်သောပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

တရားမဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသောပုဂ္ဂိုလ် တရားဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် ပညာရှိသော ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

အခြားတပါးလည်းဖြစ်သော ဝိနည်းမဟုတ်သည်၌ ဝိနည်းဟု အမှတ်ရှိသောပုဂ္ဂိုလ်, ဝိနည်းဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောပုဂ္ဂိုလ်အားဖြင့် မိုက်သော ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

ဝိနည်းမဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ် ဝိနည်းဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် ပညာရှိသော ပုဂ္ဂိုလ်တို့သည် နှစ်ယောက်တို့တည်း။

တွေးတောမှု 'သံသယကုက္ကုစ္စ' မပြုအပ်သည်ကို တွေးတောမှု 'သံသယကုက္ကုစ္စ'ပြုသောပုဂ္ဂိုလ်, တွေးတောမှု 'သံသယကုက္ကုစ္စ' ပြုအပ်သည်ကို တွေးတောမှု 'သံသယကုက္ကုစ္စ' မပြုသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။

တွေးတောမှု 'သံသယကုက္ကုစ္စ' မပြုအပ်သည်ကို တွေးတောမှု 'သံသယကုက္ကုစ္စ' မပြုသောပုဂ္ဂိုလ်, တွေးတောမှု 'သံသယကုက္ကုစ္စ' ပြုအပ်သည်ကို တွေးတောမှု 'သံသယကုက္ကုစ္စ' ပြုသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။

အခြားတပါးလည်းဖြစ်သော မအပ်သည်၌ အပ်၏ဟု အမှတ်ရှိသောပုဂ္ဂိုလ်, အပ်သည်၌ မအပ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။

မအပ်သည်၌ မအပ်ဟု အမှတ်ရှိသောပုဂ္ဂိုလ်, အပ်သည်၌ အပ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။

အခြားတပါးလည်း ဖြစ်သော အာပတ်မသင့်သည်၌ အာပတ်သင့်၏ဟု အမှတ်ရှိသောပုဂ္ဂိုလ်, အာပတ်သင့်သည်၌ အာပတ်မသင့်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။

http://www.dhammadownload.com



အာပတ်မသင့်သည်၌ အာပတ်မသင့်ဟု အမှတ်ရှိသောပုဂ္ဂိုလ်, အာပတ်သင့်သည်၌ အာပတ်သင့်သည်ဟု အမှတ်ရှိသောပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သောပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။

အခြားတပါးလည်းဖြစ်သော တရားမဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသောပုဂ္ဂိုလ်, တရားဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။

တရားမဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသောပုဂ္ဂိုလ်, တရားဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သောပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။

အခြားတပါးလည်း ဖြစ်သော ဝိနည်းမဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောပုဂ္ဂိုလ် ဝိနည်းဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်အားဖြင့် နှစ်ယောက်သောပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။

ဝိနည်းမဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောပုဂ္ဂိုလ်, ဝိနည်းဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောပုဂ္ဂိုလ် အားဖြင့် နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။

ဒုကဝါရ ပြီး၏။

ထိုဒုက၏အကျဉ်းချုပ်—

သညာဝိမောက္ခဒုက်၊ လဒ္ဓသမာပတ္တိကဒုက်၊ သဒ္ဓမ္မပဋိသညုတ္တဒုက်၊ ပရိက္ခာရပဋိသညုတ္တဒုက်၊ ပုဂ္ဂလပဋိသညုတ္တဒုက်၊ သစ္စဘာဏန္တဒုက်၊ ဘူမိဂတဒုက်၊ နိက္ခမန္တဒုက်၊ အာဒိယန္တဒုက်၊ သမာဒိယန္တဒုက်။

ကရောန္တဒုက်၊ ဒေန္တဒုက်၊ ပဋိဂ္ဂဏှန္တဒုက်၊ ပရိဘောဂဒုက်၊ ရတ္တိဒုက်၊ အရုဏုဂ္ဂဒုက်၊ ဆိန္ဒန္တဒုက်၊ ဆာဒေန္တဒုက်၊ ဓာရေန္တဒုက်၊ ဥပေါသထဒုက်။

ပဝါရဏာဒုက်၊ ကမ္မဒုက်၊ အပရကမ္မဒုက်၊ ကမ္မဝတ္ထုဒုက်၊ အပရကမ္မဝတ္ထုဒုက်၊ ကမ္မဒေါသဒုက်၊ အပရကမ္မဒေါသဒုက်၊ နှစ်ပါးကုန်သော ကမ္မသမ္ပတ္တိဒုက်၊ အပရကမ္မသမ္ပတ္တိဒုက်၊ နာနာသံဝါသကဘူမိဒုက်၊ သမာနသံဝါသကဘူမိဒုက်။

ပါရာဇိကဒုက်၊ သံဃာဒိသိသ်ဒုက်၊ ထုလ္လစ္စယဒုက်၊ ပါစိတ္တိယဒုက်၊ ပါဋိဒေသနီယဒုက်၊ ဒုက္ကဋဒုက်၊ ဒုဗ္ဘာသိတဒုက်၊ သတ္တအာပတ္တိက္ခန္ဓဒုက်။

သံဃဘိဇ္ဇနဒုက်၊ ဥပသမ္ပဒုက်၊ ထို့အတူပင် အပရဥပသမ္ပဒုက် နှစ်ပါး၊ နဝတ္ထုဗ္ဗဒုက်၊ နဒါတဗ္ဗဒုက်၊ အဘာဗ္ဗဒုက်၊ ဘဗ္ဗဒုက်။

သဥ္စိစ္စအဘာဗ္ဗဒုက်၊ သဥ္စိစ္စဘာဗ္ဗဒုက်၊ သာတိသာရအဘာဗ္ဗဒုက်၊ သာတိသာရဘာဗ္ဗဒုက်၊ ပဋိက္ခေါသဒုက်၊ နိဿာရဏဒုက်၊ ဩသာရဏဒုက်၊ ပဋိညာဒုက်၊ ပဋိဂ္ဂဟဒုက်၊ ပဋိက္ခေပဒုက်။

http://www.dhammadownload.com



ဥပဃာတိဒုက်၊ စေတနာဒုက်၊ ကထိနပလိဗောဓဒုက်၊ ကထိနအပလိဗောဓဒုက် နှစ်ပါး၊ ထိုမှတပါး စီဝရဒုက်၊ ပတ္တဒုက်၊ မင်္ဂလဒုက်၊ ထိုမှတပါး ပတ္တအဓိဋ္ဌာနဒုက်၊ စီဝရအဓိဋ္ဌာနဒုက် နှစ်ပါး။

ဝိကပ္ပနဒုက်၊ ဝိနယဒုက်၊ ဝေနယိကဒုက်၊ ဝိနယသလ္လေခဒုက်၊ အာပတ္တိအာပဇ္ဇနဒုက်၊ အာပတ္တိ ဝုဋ္ဌာနဒုက်၊ ပရိဝါသဒုက်၊ အပရပရိဝါသဒုက် နှစ်ပါး။

မာနတ္တဒုက်နှစ်ပါး၊ အပရမာနတ္တဒုက်၊ ရတ္တိစ္ဆေဒဒုက်၊ အနာဒရိယဒုက်၊ လောဏဒုက်၊ အပရလောဏဒုက် သုံးပါး၊ ပရိဘောဂဒုက်၊ အက္ကောသဒုက်။

ပေသုညဒုက်၊ ဂဏဘောဇနဒုက်၊ ဝဿူပနာယိကဒုက်၊ ပါတိမောက္ခဋ္ဌပနဒုက်၊ ဘာရဒုက်၊ အကပ္ပိယဒုက်၊ အနာပတ္တိဒုက်၊ အဓမ္မဓမ္မဒုက်၊ ဝိနယဒုက်၊ အာသဝဒုက်၊ ထို့အတူ အကပ္ပိယဒုက်၊ အနာပတ္တိဒုက်၊ အဓမ္မဓမ္မဒုက်၊ ဝိနယဒုက်။

ဤကား အကျဉ်းချုပ်တည်း။

---

## ၃-တိကဝါရ

၃၂၃။ မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် သင့်၍ ပရိနိဗ္ဗာန်စံလွန်ပြီးသော် မသင့်သော အာပတ်သည် ရှိ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသော် သင့်၍ ထင်ရှားရှိတော်မူစဉ် မသင့်သော အာပတ်သည် ရှိ၏။

မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်ရင်း ပရိနိဗ္ဗာန်စံလွန်ပြီးသော်ရင်း သင့်သောအာပတ်သည် ရှိ၏။

နံနက်အခါ သင့်၍ နေလွဲသောအခါ မသင့်သော အာပတ်သည် ရှိ၏။

နေလွဲသော အခါ သင့်၍ နံနက်အခါ မသင့်သော အာပတ်သည်ရှိ၏။

နံနက်အခါ၌ရင်း နေလွဲသောအခါ၌ရင်း သင့်သော အာပတ်သည် ရှိ၏။

ညဉ့်၌ သင့်၍ နေ့၌ မသင့်သော အာပတ်သည် ရှိ၏။

နေ့၌ သင့်၍ ညဉ့်၌ မသင့်သော အာပတ်သည် ရှိ၏။

ညဉ့်၌ရင်း နေ့၌ရင်း သင့်သော အာပတ်သည်ရှိ၏။

ဆယ်ဝါပြည့်သော် သင့်၍ ဆယ်ဝါအောက်ယုတ်သော် မသင့်သော အာပတ်သည်ရှိ၏။

ဆယ်ဝါအောက်ယုတ်သော် သင့်၍ ဆယ်ဝါပြည့်သော် မသင့်သော အာပတ်သည် ရှိ၏။

ဆယ်ဝါပြည့်သော်ရင်း ဆယ်ဝါအောက်ယုတ်သော်ရင်း သင့်သော အာပတ်သည် ရှိ၏။

ငါးဝါပြည့်သော် သင့်၍ ငါးဝါအောက်ယုတ်သော် မသင့်သော အာပတ်သည် ရှိ၏။

http://www.dhammadownload.com



ငါးဝါအောက် ယုတ်သော် သင့်၍ ငါးဝါပြည့်သော် မသင့်သော အာပတ်သည် ရှိ၏။

ငါးဝါပြည့်သော်ငှင်း ငါးဝါအောက်ယုတ်သော်ငှင်း သင့်သောအာပတ်သည် ရှိ၏။

ကုသိုလ်စိတ် ရှိသည်ဖြစ်၍ သင့်သောအာပတ်သည် ရှိ၏၊ အကုသိုလ်စိတ်ရှိသည်ဖြစ်၍ သင့်သော အာပတ်သည် ရှိ၏၊ အဗျာကတ စိတ်ရှိသည်ဖြစ်၍ သင့်သောအာပတ်သည် ရှိ၏။

ချမ်းသာခံစားမှုနှင့် ပြည့်စုံသည်ဖြစ်၍ သင့်သော အာပတ်သည် ရှိ၏။

ဆင်းရဲခံစားမှုနှင့် ပြည့်စုံသည်ဖြစ်၍ သင့်သော အာပတ်သည် ရှိ၏။

ဆင်းရဲမဟုတ် ချမ်းသာမဟုတ် (လျစ်လျူရှုခြင်း) ခံစားမှုနှင့် ပြည့်စုံသည်ဖြစ်၍ သင့်သော အာပတ်သည်ရှိ၏။

စောဒနာဝတ္ထုတို့သည် မြင်သဖြင့် စောဒနာခြင်း, ကြားသဖြင့် စောဒနာခြင်း, ရွံရှာသဖြင့် စောဒနာခြင်းအားဖြင့် သုံးပါးတို့တည်း။

စာရေးတံယူခြင်းတို့သည် လျှို့ဝှက်၍ယူခြင်း,ပွင့်ပွင့်လင်းလင်းယူခြင်း,နားရင်းကပ်ကာ တိုးတိုး ပြော၍ ယူခြင်းအားဖြင့် သုံးပါးတို့တည်း။

ပယ်ခြင်းတို့သည် အလိုကြီးခြင်း, မရောင့်ရဲခြင်း, ကိလေသာ မခေါင်းပါးခြင်းအားဖြင့် သုံးပါး တို့တည်း။

ခွင့်ပြုခြင်းတို့သည် အလိုနည်းခြင်း, ရောင့်ရဲခြင်း, ခေါင်းပါးခြင်းအားဖြင့် သုံးပါးတို့တည်း။

အခြားတပါးလည်းဖြစ်သော ပယ်ခြင်းတို့သည် အလိုကြီးခြင်း, မရောင့်ရဲခြင်း, အတိုင်းအရှည် မသိခြင်းအားဖြင့် သုံးပါးတို့တည်း။

ခွင့်ပြုခြင်းတို့သည် အလိုနည်းခြင်း, ရောင့်ရဲခြင်း, အတိုင်းအရှည် သိခြင်းအားဖြင့် သုံးပါးတို့ တည်း။

ပညတ်တို့သည် (မူလ)ပညတ်, အနုပညတ်, အနုပ္ပန္နပညတ်အားဖြင့် သုံးပါးတို့တည်း။

အခြားသော ပညတ်တို့သည်လည်း သဗ္ဗတ္ထပညတ်, ပဒေသပညတ်, သာဓာရဏပညတ်အားဖြင့် သုံးပါးတို့ပင်တည်း။

အခြားသော ပညတ်တို့သည်လည်း အသာဓာရဏပညတ် ဧကတောပညတ် ဥဘတောပညတ် အားဖြင့် သုံးပါးတို့ပင်တည်း။

မိုက်သော ရဟန်းသာ သင့်၍ ပညာရှိသောရဟန်းမသင့်သော အာပတ်သည်ရှိ၏။

ပညာရှိသော ရဟန်းသာသင့်၍ မိုက်သော ရဟန်း မသင့်သော အာပတ်သည်ရှိ၏။

မိုက်သောရဟန်းလည်းသင့် ပညာရှိသောရဟန်းလည်းသင့်သော အာပတ်သည်ရှိ၏။

လဆုတ်ပက္ခ၌ သင့်၍ လဆန်းပက္ခ၌ မသင့်သော အာပတ်သည် ရှိ၏။

လဆန် ပက္ခ၌ သင့်၍ လဆုတ်ပက္ခ၌ မသင့်သော အာပတ်သည် ရှိ၏။

လဆုတ်ပက္ခ၌လည်းသင့် လဆန်းပက္ခ၌လည်းသင့်သော အာပတ်သည်ရှိ၏။

လဆုတ်ပက္ခ၌ အပ်၍ လဆန်းပက္ခ၌ မအပ်သောအမှုသည် ရှိ၏။

လဆန်းပက္ခ၌ အပ်၍ လဆုတ်ပက္ခ၌ မအပ်သော အမှုသည်ရှိ၏။

http://www.dhammadownload.com



လဆုတ်ပက္ခ၌လည်းအပ် လဆန်းပက္ခ၌လည်းအပ်သော အမှုသည်ရှိ၏။

ဆောင်းဥတု၌ သင့်၍ နွေဥတု မိုးဥတု၌ မသင့်သော အာပတ်သည်ရှိ၏။
နွေဥတု၌ သင့်၍ ဆောင်းဥတု မိုးဥတု၌ မသင့်သော အာပတ်သည် ရှိ၏။
မိုးဥတု၌ သင့်၍ ဆောင်းဥတု နွေဥတု၌ မသင့်သော အာပတ်သည် ရှိ၏။

သံဃာသာသင့်၍ ဂိုဏ်းပုဂ္ဂိုလ်မသင့်သော အာပတ်သည် ရှိ၏။
ဂိုဏ်းသာသင့်၍ သံဃာပုဂ္ဂိုလ်မသင့်သော အာပတ်သည် ရှိ၏။
ပုဂ္ဂိုလ်သာ သင့်၍ သံဃာဂိုဏ်း မသင့်သော အာပတ်သည် ရှိ၏။

သံဃာအားအပ်၍ ဂိုဏ်းပုဂ္ဂိုလ်အား မအပ်သော အမှုသည် ရှိ၏။
ဂိုဏ်းအား အပ်၍ သံဃာပုဂ္ဂိုလ်အား မအပ်သော အမှုသည်ရှိ၏။
ပုဂ္ဂိုလ်အား အပ်၍ သံဃာဂိုဏ်းအား မအပ်သော အမှုသည် ရှိ၏။

ဖုံးလွှမ်းခြင်းတို့သည် ဝတ္ထုကိုသာ ဖုံးလွှမ်း၍ အာပတ်ကို မဖုံးလွှမ်းခြင်း အာပတ်ကိုသာ ဖုံးလွှမ်း၍ ဝတ္ထုကို မဖုံးလွှမ်းခြင်း ဝတ္ထုကိုလည်းဖုံးလွှမ်း အာပတ်ကိုလည်း ဖုံးလွှမ်းခြင်းအားဖြင့် သုံးပါးတို့တည်း။

အဖုံးအလွှမ်းတို့သည် ဇရုံးအိမ် အဖုံးအလွှမ်း ရေအဖုံးအလွှမ်း ရေသနုပ်အဖုံးအလွှမ်းအားဖြင့် သုံးပါးတို့တည်း။

သုံးမျိုးတို့သည် ဖုံးလွှမ်းပါမူ (ချီးမွမ်းဖွယ်ကို)ဆောင်ကုန်၏၊ ဟင်းလင်းပွင့်ကုန်ပါမူ (ချီးမွမ်းဖွယ်ကို)မဆောင်ကုန်။

မိန်းမသည် ဖုံးလွှမ်းပါမူ (ချီးမွမ်းဖွယ်ကို) ဆောင်၏၊ ဟင်းလင်းပွင့်ပါမူ (ချီးမွမ်းဖွယ်ကို) မဆောင်။

ပုဏ္ဏားတို့၏ မန္တရားဗေဒင်တို့သည် ဖုံးလွှမ်းကုန်ပါမူ (ချီးမွမ်းဖွယ်ကို)ဆောင်ကုန်၏၊ ဟင်းလင်းပွင့်ကုန်ပါမူ (ချီးမွမ်းဖွယ်ကို)မဆောင်ကုန်။

မှားသောအယူသည် ဖုံးလွှမ်းပါမူ (ချီးမွမ်းဖွယ်ကို)ဆောင်၏၊ ဟင်းလင်းဖွင့်ပြပါမူ (ချီးမွမ်းဖွယ်ကို)မဆောင်။

သုံးမျိုးတို့သည် ဟင်းလင်းဖွင့်ကုန်မူ တင့်တယ်ကုန်၏၊ ဖုံးလွှမ်းကုန်ပါမူ မတင့်တယ်ကုန်။

လဝန်းသည် ဟင်းလင်းပွင့်မူ တင့်တယ်၏၊ ဖုံးလွှမ်းမူ မတင့်တယ်၊ နေဝန်းသည် ဟင်းလင်းပွင့်မူ တင့်တယ်၏၊ ဖုံးလွှမ်းမူ မတင့်တယ်၊ မြတ်စွာဘုရား (ဟောကြား)သိစေတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းသည် ဟင်းလင်းပွင့်မူ တင့်တယ်၏၊ ဖုံးလွှမ်းမူ မတင့်တယ်။

ကျောင်းခံခြင်းတို့သည် ပုရိမဝါဆို ကျောင်းခံခြင်း ပစ္ဆိမဝါဆို ကျောင်းခံခြင်း ဝါမဆိုမီ ဝါပ ရွေ့ရှစ်လက နောင်ဝါဆိုအံ့ဟု ကျောင်းခံခြင်းအားဖြင့် သုံးပါးတို့တည်း။

နာသော ရဟန်းသာ သင့်၍ မနာသောရဟန်း မသင့်သော အာပတ်သည် ရှိ၏။

မနာသော ရဟန်းသာ သင့်၍ နာသောရဟန်း မသင့်သော အာပတ်သည် ရှိ၏။

နာသောရဟန်းလည်းသင့် မနာသောရဟန်းလည်းသင့်သော အာပတ်သည် ရှိ၏။

http://www.dhammadownload.com



တရားနှင့်မလျော်သော ပါတိမောက် ထားခြင်းတို့သည် သုံးပါးတို့တည်း၊ တရားနှင့် လျော်ကုန်သော ပါတိမောက် ထားခြင်းတို့သည် သုံးပါးတို့တည်း။

ပရိဝါသ်တို့သည် ပဋိစ္ဆန္နပရိဝါသ် အပ္ပဋိစ္ဆန္နပရိဝါသ် သုဒ္ဓန္တပရိဝါသ် အားဖြင့် သုံးပါးတို့တည်း။

မာနတ်တို့သည် ပဋိစ္ဆန္နမာနတ် အပ္ပဋိစ္ဆန္နမာနတ် ပက္ခမာနတ်အားဖြင့် သုံးပါးတို့တည်း။

ပရိဝါသ်နေသော ရဟန်း၏ ညဉ့်ပြတ်ခြင်းတို့သည် ပကတတ် ရဟန်းနှင့်အတူ နေခြင်း ပကတတ် ရဟန်းနှင့်ကင်း၍ နေခြင်း(ဝတ်ကို)မကြားခြင်း အားဖြင့် သုံးပါးတို့တည်း။

(ကျောင်း)အတွင်း၌သာ သင့်၍(ကျောင်း)အပ၌ မသင့်သော အာပတ်သည် ရှိ၏။
(ကျောင်း)အပ၌သာ သင့်၍ ကျောင်းအတွင်း၌ မသင့်သော အာပတ်သည်ရှိ၏။
ကျောင်းအတွင်း၌လည်း သင့် ကျောင်းအပ၌လည်းသင့်သော အာပတ်သည် ရှိ၏။

သိမ်အတွင်း၌သာ သင့်၍ သိမ်အပ၌ မသင့်သော အာပတ်သည် ရှိ၏။
သိမ်အပ၌သာသင့်၍ သိမ်အတွင်း၌ မသင့်သော အာပတ်သည် ရှိ၏။
သိမ်အတွင်း၌လည်းသင့် သိမ်အပ၌လည်းသင့်သော အာပတ်သည် ရှိ၏။

သုံးပါးသော အခြင်းအရာတို့ဖြင့် အာပတ်သို့ ရောက်၏၊ ကိုယ်ဖြင့် ရောက်၏၊ နှုတ်ဖြင့်ရောက်၏၊ ကိုယ်နှုတ်ဖြင့်ရောက်၏။

အခြားသုံးပါးသော အခြင်းအရာတို့ဖြင့်လည်း အာပတ်သို့ရောက်၏၊ သံဃာ့အလယ်၌ ရောက်၏၊ ဂိုဏ်း၏အလယ်၌ ရောက်၏၊ ပုဂ္ဂိုလ်၏အထံ၌ ရောက်၏။

သုံးပါးသော အခြင်းအရာတို့ဖြင့် အာပတ်မှ ထ၏၊ ကိုယ်ဖြင့် ထ၏၊ နှုတ်ဖြင့် ထ၏၊ ကိုယ်နှုတ်ဖြင့် ထ၏။

အခြားသုံးပါးသော အခြင်းအရာတို့ဖြင့်လည်း အာပတ်မှ ထ၏၊ သံဃာ့ အလယ်၌ ထ၏၊ ဂိုဏ်း၏ အလယ်၌ ထ၏၊ ပုဂ္ဂိုလ်၏ အထံ၌ ထ၏။

တရားနှင့် မလျော်သော အမှုဋ္ဌဝိနည်းကို ပေးခြင်းတို့သည် သုံးပါးတို့တည်း။

တရားနှင့် လျော်သော အမှုဋ္ဌဝိနည်းကို ပေးခြင်းတို့သည် သုံးပါးတို့တည်း။

မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိ၊ မလျော်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှော၍ နေ၏။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် တဇ္ဇနီယကံကို ပြုလိုကပြုရာ၏။

မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိ၊ မလျော်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှော၍ နေ၏။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။

မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိ၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်၏၊ ယုတ်ညံ့သော အကျင့်ရှိ၏၊ ယုတ်ညံ့သော အကျင့်တို့သည် ထင်လည်း ထင်ရှားကုန်၏၊ ကြားလည်း ကြားရကုန်၏။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုကပြုရာ၏။

http://www.dhammadownload.com



မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိ၊ လူတို့ကို ဆဲရေး၏၊ ရေရွတ်၏။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဋိသာရဏီယကံကို ပြုလိုကပြုရာ၏။

မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိ၊ အာပတ်သို့ရောက်၍ အာပတ်ကို ရှုခြင်းငှါ အလိုမရှိ။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုကပြုရာ၏။

မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိ၊ အာပတ်သို့ရောက်၍ အာပတ်ကို ကုစားခြင်းငှါ အလိုမရှိ။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိ၊ ယုတ်ညံ့သော အယူကို စွန့်ခြင်းငှါ အလိုမရှိ။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ယုတ်ညံ့သော အယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုကပြုရာ၏။

မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏။ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိ။ မလျော်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့်ရောနှော၍ နေ၏။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် မြဲမြဲစွာ ဖြစ်စိမ့်သောငှါ စေ့ဆော်ရာ၏။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏။ပကတတ်ရဟန်း [၁]လည်းမဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

လွန်ကဲသော သီလ [၂]ပျက်စီး၏၊လွန်ကဲသောအကျင့် [၃]၌ အကျင့်ပျက်စီး၏၊လွန်ကဲသော အယူ [၄]၌ အယူပျက်စီး၏။ ဤအခြားသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

ကိုယ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏၊ နှုတ်၌ဖြစ်သော မြူးထူးခြင်းဖြင့် ပြည့်စုံ၏၊ ကိုယ်နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏။ ဤအခြားအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

ကိုယ်၌ ဖြစ်သော(သိက္ခာပုဒ်ကို)လွန်ကျူးသောအကျင့်နှင့် ပြည့်စုံ၏၊နှုတ်၌ ဖြစ်သော (သိက္ခာပုဒ်ကို)လွန်ကျူးသော အကျင့်နှင့် ပြည့်စုံ၏၊ ကိုယ်နှုတ်၌ ဖြစ်သော (သိက္ခာပုဒ်ကို)လွန်ကျူးသော အကျင့်နှင့် ပြည့်စုံ၏။ ဤအခြားအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

---

၁။ ပကတိသီလရှိသောရဟန်းကို ပကတတ်ရဟန်းဟုခေါ်၏။
၂။ ပါရာဇိကအာပတ်၊ သံဃာဒိသိသ်အာပတ် ဤနှစ်ပါးကို လွန်ကဲသောသီလဟု ခေါ်၏။
၃။ ထုလ္လစ္စဥ်းစသော အာပတ်ငါးပါးကို လွန်ကဲသောအကျင့်ဟု ခေါ်၏။
၄။ အန္တဂ္ဂါဟိကမိစ္ဆာဒိဋ္ဌိကို လွန်ကဲသောအယူဟု ခေါ်၏။

http://www.dhammadownload.com



ကိုယ်၌ ဖြစ်သော(သိက္ခာပုဒ်ကို)ဖျက်ဆီးခြင်းနှင့် ပြည့်စုံ၏၊ နှုတ်၌ ဖြစ်သော (သိက္ခာပုဒ်ကို) ဖျက်ဆီးခြင်းနှင့် ပြည့်စုံ၏၊ ကိုယ်နှုတ်၌ ဖြစ်သော (သိက္ခာပုဒ်ကို) ဖျက်ဆီးခြင်းနှင့် ပြည့်စုံ၏။ ဤအခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

ကိုယ်၌ ဖြစ်သော မှားသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊ နှုတ်၌ ဖြစ်သော မှားသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊ ကိုယ်နှုတ်၌ ဖြစ်သော မှားသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏။ ဤအခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အာပတ်သို့ ရောက်သည် ဖြစ်၍ ကံပြုအပ်သည် ဖြစ်လျက် (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေး၏၊ မှီရာ 'နိဿရည်း'ကို ပေး၏၊ သာမဏေကို လုပ်ကျွေးစေ၏။ ဤအခြား အင်္ဂါသုံးပါးနှင့်ပြည့်စုံသောရဟန်း အားလည်း ကံကို ပြုအပ်၏။

သံဃာက ကံပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်၏၊ အခြား ထိုအာပတ်နှင့်တူသော အာပတ်သို့လည်း ရောက်၏၊ ထိုအာပတ်အောက် အထူးသဖြင့် ယုတ်ညံ့သော အာပတ်သို့လည်း ရောက်၏။ ဤအခြားအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ဤအခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား သံဃာ့အလယ်၌ ဥပုသ်တန့်ထားသည်ကို "ရဟန်း မသင့် (သင်သည်) မျက်ကွယ်ငြင်းခုံခြင်းကို မပြုလင့်၊ မျက်မှောက်ငြင်းခုံခြင်းကို မပြုလင့်၊ ဝါဒကွဲခြင်းကို မပြုလင့်၊ ဆန့်ကျင်ဖက်စကားကို မဆိုလင့်"ဟု နှိမ်နင်း၍ သံဃာသည် ဥပုသ်ကို ပြုအပ်၏။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ် ရဟန်းလည်းမဟုတ်၊ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာ့အလယ်၌ ပဝါရဏာတန့်ထားသည်ကို "ရဟန်း မသင့်(သင်သည်) မျက်ကွယ်ငြင်းခုံခြင်းကို မပြုလင့်၊ မျက်မှောက်ငြင်းခုံခြင်းကို မပြုလင့်၊ ဝါဒကွဲခြင်းကို မပြုလင့်၊ ဆန့်ကျင်ဖက်စကားကို မဆိုလင့်"ဟု နှိမ်နင်း၍ သံဃာသည် ပဝါရဏာကို ပြုအပ်၏။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား တစုံတခုသော သံဃသမ္မုတိကို မပေးအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ့၌(တစုံတခုကိုမျှ)မဆိုအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို တစုံတခုသော သီးခြား(အကြီးအကဲ)နေရာ၌ မထားအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား မှီ၍ မနေအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား မှီရာ 'နိဿရည်း'ကို မပေးအပ်။

http://www.dhammadownload.com



အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော အခွင့်တောင်းသော ရဟန်းအား အခွင့်ပေးခြင်းငှါ မထိုက်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်း၏ ဆုံးမသောစကားကို မနာယူအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ဝိနည်းကို မမေးအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းကို မမေးအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ် ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ဝိနည်းကို မဖြေဆိုအပ်။

အရှက်လည်း မရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းကို မဖြေဆိုအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား စိစစ်ခြင်းကို မပေးအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ်ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဝိနည်းကို မဆွေးနွေးအပ်။

အရှက်လည်းမရှိ၊ မိုက်လည်းမိုက်၏၊ ပကတတ် ရဟန်းလည်း မဟုတ်။ ဤသုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းမခံစေအပ်။ မှီရာ နိဿရည်းကို မပေးအပ်။ပႈ သာမဏေကို မလုပ်ကျွေးစေအပ်။

ဥပုသ်တို့သည် စာတုဒ္ဒသီဥပုသ် ပန္နရသီဥပုသ် သာမဂ္ဂီဥပုသ်အားဖြင့် သုံးပါးတို့တည်း။

အခြားဥပုသ်တို့သည်လည်း သံဃဥပုသ် ဂဏဥပုသ် ပုဂ္ဂလဥပုသ်အားဖြင့် သုံးပါးတို့တည်း။

အခြား ဥပုသ်တို့သည်လည်း သုတ္တုဒ္ဒေသဥပုသ် ပါရိသုဒ္ဓိဥပုသ် အဓိဋ္ဌာန် ဥပုသ်အားဖြင့် သုံးပါး တို့တည်း။

ပဝါရဏာတို့သည် စာတုဒ္ဒသီပဝါရဏာ ပန္နရသီပဝါရဏာ သာမဂ္ဂီပဝါရဏာ အားဖြင့် သုံးပါး တို့တည်း။

အခြား ပဝါရဏာတို့သည်လည်း သံဃပဝါရဏာ ဂဏပဝါရဏာ ပုဂ္ဂလပဝါရဏာ အားဖြင့် သုံးပါးတို့တည်း။

အခြား ပဝါရဏာတို့သည်လည်း တေဝါစိကပဝါရဏာ ဒွေဝါစိကပဝါရဏာ သမာနဝဿိက ပဝါရဏာ အားဖြင့် သုံးပါးတို့တည်း။

မြတ်သော အကျင့်ကို မကျင့်ပဲလျက် မြတ်သော အကျင့်ကို ကျင့်၏ဟု ဝန်ခံသောသူ။

စင်ကြယ်သော မြတ်သော အကျင့်ကို ကျင့်သော ရဟန္တာကို အရင်းမရှိသော မမြတ်သော အကျင့်ဖြင့် စွပ်စွဲသောသူ။

http://www.dhammadownload.com



"ကာမဂုဏ်တို့၌ အပြစ်မရှိ"ဟု ဆိုလေ့ရှိသည်ဖြစ်၍ ကာမဂုဏ်တို့၌ မှီဝဲခြင်းသို့ ရောက်သော သူအားဖြင့်လည်း အယူကို မစွန့်မူ၍ အပါယ်ရေ၌ ဖြစ်လတ္တံ့သော သူတို့သည် သုံးယောက်တို့တည်း။

အကုသိုလ်မူလတို့သည် လောဘအကုသိုလ်မူ၊ ဒေါသအကုသိုလ်မူ၊ မောဟအကုသိုလ်မူအားဖြင့် သုံးပါးတို့တည်း။

ကုသိုလ်မူလတို့သည် အလောဘကုသိုလ်မူ၊ အဒေါသကုသိုလ်မူ၊ အမောဟ ကုသိုလ်မူ အားဖြင့် သုံးပါးတို့တည်း။

ဒုစရိုက်တို့သည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်အားဖြင့် သုံးပါးတို့တည်း။

သုစရိုက်တို့သည် ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်အားဖြင့် သုံးပါးတို့တည်း။

သီလမရှိသော (အရှိန်အစော်မဲ့သော)ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှါလည်း "ယုတ်ညံ့သော အလိုရှိသော ရဟန်းတို့သည် အပင်းအသင်းကို အမှီပြု၍ သံဃာကို မခွဲစေကုန်လင့်"ဟု သီလကို ချစ်သော ရဟန်းတို့၏ ချမ်းသာစွာနေခြင်းငှါလည်း၊ ဒါယကာတို့၏ ကြည်ညိုခြင်းကို စောင့်ရှောက်ခြင်းငှါလည်း ဤသုံးပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ဒါယကာတို့၌ သုံးပါးသော ရဟန်းတို့ သုံးဆောင်အပ်သော ဘောဇဉ်'တိကဘောဇဉ်'ကို ပညတ်တော်မူအပ်၏။

ယုတ်ညံ့သော အလိုရှိသောသူ၏အဖြစ်၊ ယုတ်ညံ့သော အဆွေခင်ပွန်းရှိသောသူ၏ အဖြစ်၊ အနည်းငယ်သော တရားထူးကို ရခြင်းဖြင့် အလယ်၌ (ရဟန်းတရားမှ)ကင်းခြင်းသို့ ရောက်၏။ ဤသုံးပါးသော မသူတော်တရားတို့သည် ဤအလွန်နှိပ်စက်အပ်သည်ဖြစ်၍ ကုသိုလ်စိတ် ကုန်ခန်းသော် ဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့၊ (အဝီစိ)ငရဲ၌ ဖြစ်လတ္တံ့၊ (အာယု)ကပ် ပတ်လုံး တည်လတ္တံ့၊ ကုစား၍ မရနိုင်တော့ချေ။

သမုတ်ခြင်းတို့သည် တောင်ဝှေးဆောင်စိမ့်သောငှါ သမုတ်ခြင်း၊ ဆိုင်းဖြင့် သပိတ်ကို ဆောင်စိမ့်သောငှါ သမုတ်ခြင်း၊ တောင်ဝှေးဆိုင်း ဆောင်စိမ့်သောငှါ သမုတ်ခြင်းအားဖြင့် သုံးပါးတို့တည်း။

အမြဲတည်သော မပြောင်းမရွှေ့အပ်သော ခြေနင်းတို့သည် ကျင်ကြီးစွန့်သောအခါ နင်းစရာ ခြေနင်း၊ ကျင်ငယ်စွန့်သောအခါ နင်းစရာခြေနင်း၊ သန့်သက်ရေသုံးသောအခါ နင်းစရာ ခြေနင်း အားဖြင့် သုံးပါးတို့တည်း။

ခြေပွတ်တို့သည် ကျောက်ပြုတ်၊ အိုးခြမ်း၊ ပင်လယ်ရေမြှုပ်အားဖြင့် သုံးပါးတို့တည်း။

ဤမျှ တိကဝါရ ပြီး၏။

ထိုတိက၏ အကျဉ်းချုပ်—

တိဋ္ဌန္တတိက်၊ ကာလတိက်၊ ရတ္တိတိက်၊ ဒသဝဿတိက်၊ ပဉ္စဝဿတိက်၊ ကုသလစိတ္တတိက်၊ ဝေဒနာသမင်္ဂီတိက်၊ စောဒနာဝတ္ထုတိက်၊ သလာကဂါဟတိက်၊ ပဋိက္ခေပတိက်နှစ်ပါး။

ပညတ္တိတိက်၊ အပရပညတ္တိတိက် နှစ်ပါး၊ ဗာလတိက်၊ ကာဠတိက်၊ ကပ္ပတိကြိယာဖြင့် မှတ်အပ်သော ကာဠတိက်၊ ဟေမန္တတိက်၊ သံဃတိက်၊ ကပ္ပတိကြိယာဖြင့် မှတ်အပ်သော သံဃတိက်၊ ဆာဒနတိက်၊ ပဋိစ္ဆာဒိတိက်။

http://www.dhammadownload.com



ပဋိစ္ဆန္နတိက်၊ ဝိဝဋ္ဋတိက်၊ သေနာသနတိက်၊ ဂိလာနတိက်၊ အဓမ္မိကပါတိမောက္ခဋ္ဌပနတိက်၊ ဓမ္မိကပါတိမောက္ခဋ္ဌပနတိက်၊ ပရိဝါသတိက်၊ မာနတ္တတိက်၊ ပါရိဝါသိကဝတ္တိခန္ဓကတိက်။

အန္တတိက်၊ အန္တေဝါသိကတိက်၊ အာပတ္တိအာပဇ္ဇနတိက်၊ တဖန် အပရအာပတ္တိအာပဇ္ဇနတိက်၊ အာပတ္တိဝုဋ္ဌာနတိက်၊ အပရအာပတ္တိဝုဋ္ဌာနတိက်၊ အဓမ္မိကအမူဠ္ဟဝိနယတိက်၊ ဓမ္မိကအမူဠ္ဟဝိနယ တိက်နှစ်ပါး။

တဇ္ဇနီယကမ္မတိက်၊ နိယဿကမ္မတိက်၊ ပဗ္ဗာဇနီယကမ္မတိက်၊ ပဋိသာရဏီယကမ္မတိက်၊ အဒဿနဥက္ခေပနီယကမ္မတိက်၊ အပဋိကမ္မဥက္ခေပနီယကမ္မတိက်၊ ဒိဋ္ဌိအပ္ပဋိနိဿဂ္ဂဥက္ခေပနီယ ကမ္မတိက်။

အာဂါဠ္ဟတိက်၊ ကမ္မတိက်၊ အဓိသီလကမ္မတိက်၊ ဒဝကမ္မတိက်၊ အနာစာရကမ္မတိက်၊ ဥပဃာတိကကမ္မတိက်၊ မိစ္ဆာဇီဝကမ္မတိက်၊ အာပတ္တိအာပန္နကမ္မတိက်၊ တာဒိသိကကမ္မတိက်၊ အဝဏ္ဏတိက်၊ဥပေါသထတိက်။

ပဝါရဏာတိက်၊ သံဃသမ္မုတိတိက်၊ နဝေါဟာရိတဗ္ဗတိက်၊ ပစ္စေကဋ္ဌာနတိက်၊ နဝတ္ထဗ္ဗတိက်၊ နဒါတဗ္ဗတိက်၊ ထိုမှတပါး ဩကာသကမ္မနကရဏတိက်။

သဝစနီယနဒါတဗ္ဗတိက်၊ နပုစ္ဆိတဗ္ဗတိက် နှစ်ပါး၊ နဝိဿဇ္ဇေတဗ္ဗတိက်နှစ်ပါး၊ အနုယောဂ နဒါတဗ္ဗတိက်။

နသာကစ္ဆာတဗ္ဗတိက်၊ နဥပသမ္ပာဒေတဗ္ဗတိက်၊နိဿယနဒါတဗ္ဗတိက်၊ နသာမဏေရဥပဋ္ဌာပေတဗ္ဗတိက်၊ ဥပေါသထတိက်သုံးပါး၊ ပဝါရဏာတိက်သုံးပါး။

အာပါယိကတိက်၊ အကုသလမူလတိက်၊ ကုသလမူလတိက်၊ ဒုစ္စရိတတိက်၊ သုစရိတတိက် နှစ်ပါး၊ တိကဘောဇနတိက်၊ အသဒ္ဓမ္မတိက်၊ သမ္မုတိတိက်၊ ပါဒုကတိက်၊ ပါဒဃံသနိကတိက်၊ ဤကား တိက်၌ အကျဉ်းချုပ်တည်း။

ဤကား အကျဉ်းချုပ်တည်း။

---

## ၄-စတုက္ကဝါရ

၃၂၄။ မိမိနှုတ်ဖြင့် သင့်၍ သူတပါးနှုတ်ဖြင့် ထသော အာပတ်သည် ရှိ၏။ [၁]
သူတပါးနှုတ်ဖြင့် သင့်၍ မိမိနှုတ်ဖြင့် ထသော အာပတ်သည် ရှိ၏။
မိမိနှုတ်ဖြင့် သင့်၍ မိမိနှုတ်ဖြင့်ထသော အာပတ်သည် ရှိ၏။
သူတပါးနှုတ်ဖြင့် သင့်၍ သူတပါးနှုတ်ဖြင့်ထသော အာပတ်သည် ရှိ၏။

ကိုယ်ဖြင့်သင့်၍ နှုတ်ဖြင့်ထသော အာပတ်သည် ရှိ၏။
နှုတ်ဖြင့် သင့်၍ ကိုယ်ဖြင့်ထသော အာပတ်သည် ရှိ၏။
ကိုယ်ဖြင့်သင့်၍ ကိုယ်ဖြင့်ထသော အာပတ်သည် ရှိ၏။
နှုတ်ဖြင့် သင့်၍ နှုတ်ဖြင့်ထသော အာပတ်သည် ရှိ၏။

---

၁-ပဒသောဓမ္မ စသောအာပတ်သို့ မိမိနှုတ်ဖြင့်ရောက်၏၊ တိဏဝတ္ထာရကသမထ အရာသို့ ရောက်သည်ဖြစ်၍ သူတပါး၏နှုတ် ကမ္မဝါစာဖြင့် အာပတ်မှ ထ၏။

http://www.dhammadownload.com



အိပ်သော် သင့်၍ နိုးသော်ထသော အာပတ်သည် ရှိ၏။
နိုးသော် သင့်၍ အိပ်သော် ထသော အာပတ်သည် ရှိ၏။
အိပ်သော် သင့်၍ အိပ်သော်ထသော အာပတ်သည် ရှိ၏။
နိုးသော် သင့်၍ နိုးသော် ထသော အာပတ်သည် ရှိ၏။

စိတ်မရှိသော် သင့်၍ စိတ်ရှိသော် ထသော အာပတ်သည် ရှိ၏။
စိတ်ရှိသော် သင့်၍ စိတ်မရှိသော် ထသော အာပတ်သည် ရှိ၏။
စိတ်မရှိသော် သင့်၍ စိတ်မရှိသော် ထသော အာပတ်သည် ရှိ၏။
စိတ်ရှိသော် သင့်၍ စိတ်ရှိသော် ထသော အာပတ်သည် ရှိ၏။

အာပတ်သင့်သော် ဒေသနာကြား၍ ဒေသနာကြားသော် သင့်သော အာပတ်သည် ရှိ၏။
အာပတ်သင့်သော် အာပတ်မှ ထ၍ အာပတ်မှ ထသော် သင့်သော အာပတ်သည်ရှိ၏။

ကံဖြင့် သင့်၍ ကံနှင့်ကင်းသဖြင့် ထသော အာပတ်သည် ရှိ၏။
ကံနှင့် ကင်းသဖြင့် သင့်၍ ကံဖြင့် ထသော အာပတ်သည် ရှိ၏။
ကံဖြင့် သင့်၍ ကံဖြင့်ထသော အာပတ်သည် ရှိ၏။
ကံနှင့် ကင်းသဖြင့် သင့်၍ ကံနှင့်ကင်းသဖြင့် ထသော အာပတ်သည် ရှိ၏။

အရိယာ မဟုတ် သူယုတ်တို့၏ ဆိုခြင်းတို့သည် မမြင်သည်၌ မြင်၏ဟု ဆိုခြင်း၊ မကြားသည်၌ ကြား၏ဟုဆိုခြင်း၊ မတွေ့သည်၌ တွေ့၏ဟု ဆိုခြင်း၊ မသိသည်၌ သိ၏ဟု ဆိုခြင်းအားဖြင့် လေးပါးတို့တည်း။

အရိယာသူတော်ကောင်းတို့၏ ဆိုခြင်းတို့သည် မမြင်သည်၌ မမြင်ဟု ဆိုခြင်း၊ မကြားသည်၌ မကြားဟုဆိုခြင်း၊ မတွေ့သည်၌ မတွေ့ဟု ဆိုခြင်း၊ မသိသည်၌ မသိသည်ဟု ဆိုခြင်း အားဖြင့် လေးပါးတို့တည်း။

အခြားတပါးလည်း ဖြစ်သော အရိယာမဟုတ် သူယုတ်တို့၏ ဆိုခြင်းတို့သည် မြင်သည်၌ မမြင်ဟု ဆိုခြင်း၊ ကြားသည်၌ မကြားဟု ဆိုခြင်း၊ တွေ့သည်၌ မတွေ့ဟု ဆိုခြင်း၊ သိသည်၌ မသိဟု ဆိုခြင်း အားဖြင့် လေးပါးတို့တည်း။

အရိယာ သူတော်ကောင်းတို့၏ ဆိုခြင်းတို့သည် မြင်သည်၌ မြင်သည်ဟု ဆိုခြင်း၊ ကြားသည်၌ ကြားသည်ဟု ဆိုခြင်း၊ တွေ့သည်၌ တွေ့သည်ဟု ဆိုခြင်း၊ သိသည်၌ သိသည် ဟု ဆိုခြင်းအားဖြင့် လေးပါးတို့တည်း။

ရဟန်းယောကျ်ားတို့၏ ရဟန်းမိန်းမတို့နှင့် ဆက်ဆံသော ပါရာဇိကတို့သည် လေးပါးတို့တည်း။

ရဟန်းမိန်းမတို့၏ ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံသော ပါရာဇိကတို့သည် လေးပါးတို့တည်း။

ပရိက္ခရာတို့သည် လေးပါးတို့တည်း၊ စောင့်ရှောက်အပ်သော လုံခြုံစေအပ်သော မြတ်နိုးအပ်သော သုံးဆောင်အပ်သော ပရိက္ခရာသည် ရှိ၏၊ စောင့်ရှောက်အပ်သော လုံခြုံစေအပ်သော မြတ်နိုးအပ်သော မသုံးဆောင်အပ်သော ပရိက္ခရာသည် ရှိ၏၊ စောင့်ရှောက်အပ်သော လုံခြုံစေအပ်သော မမြတ်နိုးအပ်သော မသုံးဆောင်အပ်သော ပရိက္ခရာသည် ရှိ၏၊ မစောင့်ရှောက်အပ်သော မလုံခြုံစေအပ်သော မမြတ်နိုးအပ်သော မသုံးဆောင်အပ်သော ပရိက္ခရာသည် ရှိ၏။

http://www.dhammadownload.com



သံဃာ့မျက်မှောက်၌ သင့်၍ သံဃာ့မျက်ကွယ်၌ ထသော အာပတ်သည် ရှိ၏။
သံဃာ့မျက်ကွယ်၌ သင့်၍ သံဃာ့မျက်မှောက်၌ ထသော အာပတ်သည် ရှိ၏။
သံဃာ့မျက်မှောက်၌ သင့်၍ သံဃာ့မျက်မှောက်၌ ထသော အာပတ်သည် ရှိ၏။
သံဃာ့မျက်ကွယ်၌ သင့်၍ သံဃာ့မျက်ကွယ်၌ ထသော အာပတ်သည် ရှိ၏။

မသိသော် သင့်၍ သိသော် ထသော အာပတ်သည် ရှိ၏။
သိသော် သင့်၍ မသိသော် ထသော အာပတ်သည် ရှိ၏။
မသိသော် သင့်၍ မသိသော် ထသော အာပတ်သည် ရှိ၏။
သိသော် သင့်၍ သိသော် ထသော အာပတ်သည် ရှိ၏။

လေးပါးသော အခြင်းအရာတို့ဖြင့် အာပတ်သို့ ရောက်၏၊ ကိုယ်ဖြင့် ရောက်၏၊ နှုတ်ဖြင့် ရောက်၏၊ ကိုယ်နှုတ်ဖြင့် ရောက်၏၊ ကမ္မဝါစာဖြင့် ရောက်၏။

အခြားလေးပါးသော အခြင်းအရာတို့ဖြင့်လည်း အာပတ်သို့ ရောက်၏၊ သံဃာ့အလယ်၌ ရောက်၏၊ ဂိုဏ်းအလယ်၌ ရောက်၏၊ ပုဂ္ဂိုလ်၏ ထံ၌ ရောက်၏၊ လိင်ထင်ရှားဖြစ်ခြင်းဖြင့် ရောက်၏။

လေးပါးသော အခြင်းအရာတို့ဖြင့် အာပတ်မှ ထ၏။ ကိုယ်ဖြင့်ထ၏၊နှုတ်ဖြင့်ထ၏၊ ကိုယ်နှုတ်ဖြင့် ထ၏၊ ကမ္မဝါစာဖြင့် ထ၏။

အခြား လေးပါးသော အခြင်းအရာတို့ဖြင့်လည်း အာပတ်မှ ထ၏၊ သံဃာ့အလယ်၌ ထ၏၊ ဂိုဏ်းအလယ်၌ ထ၏၊ ပုဂ္ဂိုလ်၏ အထံ၌ ထ၏၊ လိင်ထင်ရှား ဖြစ်ခြင်းဖြင့် ထ၏။

လိင်ပြန်သော ရဟန်းသည် မိန်းမလိင်ကို ရသည်နှင့်တကွ ရှေး(ယောကျ်ားလိင်ကို)ကို စွန့်၏၊ နောက်(မိန်းမလိင်)၌ တည်၏၊ (ယောကျ်ား၏)ကာယဝိညတ် ဝစီဝိညတ်တို့သည် ငြိမ်းကုန်၏၊ (ရဟန်းယောကျ်ား ဟူသော ရှေးအခေါ်) ပညတ်တို့သည် ချုပ်ပျောက်ကုန်၏။

လိင်ပြန်သော ရဟန်းမိန်းမသည် ယောကျ်ားလိင်ကို ရသည်နှင့် တကွ နောက်(မိန်းမလိင်)ကို စွန့်၏၊ ရှေး(ယောကျ်ားလိင်)၌ တည်၏၊ (မိန်းမ၏)ကာယဝိညတ် ဝစီဝိညတ်တို့သည် ငြိမ်းကုန်၏၊ (ရဟန်းမိန်းမဟူသော ရှေးအခေါ်)ပညတ်တို့သည် ချုပ်ပျောက်ကုန်၏။

စောဒနာခြင်းတို့သည် လေးပါးတို့တည်း၊သီလပျက်စီးခြင်းဖြင့် စောဒနာ၏၊ အကျင့်ပျက်စီးခြင်းဖြင့် စောဒနာ၏၊ အယူပျက်စီးခြင်းဖြင့် စောဒနာ၏၊ အသက်မွေး (ဝမ်းကျောင်း)ပျက်စီးခြင်းဖြင့် စောဒနာ၏။

ပရိဝါသ်တို့သည် ပဋိစ္ဆန္နပရိဝါသ်၊ အပ္ပဋိစ္ဆန္နပရိဝါသ်၊ သုဒ္ဓန္တပရိဝါသ်၊ သမောဓာန ပရိဝါသ် အားဖြင့် လေးပါးတို့တည်း။

မာနတ်တို့သည် ပဋိစ္ဆန္နမာနတ်၊ အပ္ပဋိစ္ဆန္နမာနတ်၊ ပက္ခမာနတ်၊ သမောဓာနမာနတ်အားဖြင့် လေးပါးတို့တည်း။

မာနတ်ကျင့်သော ရဟန်း၏ ညဉ့်ပြတ်ခြင်းတို့သည် ပကတတ် ရဟန်းနှင့် အတူနေခြင်း၊ ပကတတ် ရဟန်းနှင့် ကင်း၍ နေခြင်း၊ (ဝတ်ကို)မကြားခြင်း၊ ယုတ်သော (လေးပါး မပြည့်သော) ဂိုဏ်း၌ ကျင့်ခြင်းအားဖြင့် လေးပါးတို့တည်း။

ကိုယ်တော်တိုင် ချီးမြှင့်၍ ထားအပ်သော မဟာပဒေသတို့သည် လေးပါးတို့တည်း။

http://www.dhammadownload.com



အကပ်ခံ၍ မျိုအပ်သော အသုံးအဆောင်တို့သည် နံနက်အချိန်၌သာ သုံးဆောင်ထိုက်သော အသုံးအဆောင် 'ယာဝကာလိက'၊ တနေ့တည်း၌သာ သုံးဆောင်ထိုက်သော အသုံးအဆောင် 'ယာမကာလိက'၊ ခုနစ်ရက်အတွင်း သုံးဆောင်ထိုက်သော အသုံးအဆောင် 'သတ္တာဟကာလိက'၊ တသက်ပတ်လုံး သုံးဆောင်ထိုက်သော အသုံးအဆောင် 'ယာဝဇီဝက'အားဖြင့် လေးပါးတို့တည်း။

ဆေးကြီး(မဟာဝိကဋဆေး)တို့သည် ကျင်ကြီး,ကျင်ငယ်,သစ်ရွက်စိမ်းပြာ, မြေညက် အားဖြင့် လေးပါးတို့တည်း။

ကံတို့သည် လေးပါးတို့တည်း၊ အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံ အားဖြင့် လေးပါးတို့တည်း။

အခြားကံတို့သည်လည်း အဓမ္မဖြင့် ဝဂ်ဖြစ်သောကံ၊ အဓမ္မဖြင့် ညီညွတ်သောကံ၊ ဓမ္မဖြင့် ဝဂ်ဖြစ်သောကံ၊ ဓမ္မဖြင့် ညီညွတ်သော ကံအားဖြင့် လေးပါးတို့တည်း။

ဝိပတ္တိတို့သည် သီလဝိပတ္တိ အာစာရဝိပတ္တိ ဒိဋ္ဌိဝိပတ္တိ အာဇီဝဝိပတ္တိ အားဖြင့် လေးပါးတို့တည်း။

အဓိကရုဏ်းတို့သည် ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်း အားဖြင့် လေးပါးတို့တည်း။

ပရိသတ် ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်တို့သည် လေးယောက်တို့တည်း၊ သီလမရှိသော ယုတ်မာသော အကျင့်ရှိသော ရဟန်းသည် ပရိသတ်ကို ဖျက်ဆီးတတ်၏၊ သီလမရှိသော ယုတ်မာသော အကျင့်ရှိသော ရဟန်းမိန်းမသည် ပရိသတ်ကို ဖျက်ဆီးတတ်၏၊ သီလမရှိသော ယုတ်မာသော အကျင့်ရှိသော ဥပါသကာသည် ပရိသတ်ကို ဖျက်ဆီးတတ်၏၊ သီလမရှိသော ယုတ်မာသော အကျင့်ရှိသော ဥပါသိကာမိန်းမသည် ပရိသတ်ကို ဖျက်ဆီးတတ်၏။

ပရိသတ်၌ တင့်တယ်သော ပုဂ္ဂိုလ်တို့သည် လေးယောက်တို့တည်း၊ သီလရှိသော ကောင်းသော အကျင့်ရှိသော ရဟန်းယောကျ်ားသည် ပရိသတ်၌ တင့်တယ်၏၊ သီလရှိသော ကောင်းသော အကျင့်ရှိသော ရဟန်းမိန်းမသည် ပရိသတ်၌ တင့်တယ်၏၊ သီလရှိသော ကောင်းသော အကျင့်ရှိသော ဥပါသကာ ယောကျ်ားသည် ပရိသတ်၌ တင့်တယ်၏၊ သီလရှိသော ကောင်းသော အကျင့်ရှိသော ဥပါသိကာ မိန်းမသည် ပရိသတ်၌ တင့်တယ်၏။

ဧည့်သည် 'အာဂန္တု'ရဟန်းသာ သင့်၍ ကျောင်းနေရဟန်း မသင့်သော အာပတ်သည် ရှိ၏။
ကျောင်းနေ ရဟန်းသာ သင့်၍ ဧည့်သည် ရဟန်း မသင့်သော အာပတ်သည် ရှိ၏။
ဧည့်သည်ရဟန်းလည်းသင့် ကျောင်းနေရဟန်းလည်းသင့်သော အာပတ်သည် ရှိ၏။
ဧည့်သည် ရဟန်းလည်းမသင့် ကျောင်းနေရဟန်းလည်း မသင့်သောအာပတ်သည်ရှိ၏။

ခရီးသွားသော ရဟန်းသာသင့်၍ ကျောင်းနေရဟန်းမသင့်သော အာပတ်သည်ရှိ၏။
ကျောင်းနေ ရဟန်းသာ သင့်၍ ခရီးသွားသော ရဟန်းမသင့်သော အာပတ်သည် ရှိ၏။
ခရီးသွားသော ရဟန်းလည်းသင့် ကျောင်းနေရဟန်းလည်းသင့်သော အာပတ်သည်ရှိ၏။
ခရီးသွားသော ရဟန်းလည်းမသင့် ကျောင်းနေရဟန်းလည်းမသင့်သော အာပတ်သည် ရှိ၏။

အမှု(ဝတ္ထု)သာထူး၍ အာပတ်မထူးခြင်းသည် ရှိ၏။
အာပတ်သာ ထူး၍ အမှုမထူးခြင်းသည် ရှိ၏။

http://www.dhammadownload.com



အမှုလည်းထူး အာပတ်လည်း ထူးခြင်းသည် ရှိ၏။
အမှုသည်း မထူး အာပတ်လည်း မထူးခြင်းသည် ရှိ၏။

အမှု(ဝတ္ထု)သဘောတူ၍ အာပတ်သဘောမတူခြင်းသည် ရှိ၏။
အာပတ်သဘောတူ၍ အမှုသဘောမတူခြင်းသည် ရှိ၏။
အမှုလည်း သဘောတူ အာပတ်လည်း သဘောတူခြင်းသည် ရှိ၏။
အမှုလည်းသဘောမတူ အာပတ်လည်း သဘောမတူခြင်းသည် ရှိ၏။

ဥပဇ္ဈာယ်ဆရာသာသင့်၍ အတူနေတပည့်မသင့်သော အာပတ်သည် ရှိ၏။
အတူနေတပည့်သာသင့်၍ ဥပဇ္ဈာယ်ဆရာမသင့်သော အာပတ်သည် ရှိ၏။
ဥပဇ္ဈာယ်ဆရာလည်း သင့် အတူနေတပည့်လည်းသင့်သော အာပတ်သည် ရှိ၏။
ဥပဇ္ဈာယ်ဆရာလည်းမသင့် အတူနေတပည့်လည်း မသင့်သော အာပတ်သည် ရှိ၏။

ဆရာသာသင့်၍ အနီးနေတပည့် မသင့်သော အာပတ်သည် ရှိ၏။
အနီးနေ တပည့်သာ သင့်၍ ဆရာမသင့်သော အာပတ်သည် ရှိ၏။
ဆရာလည်းသင့် အနီးနေတပည့်လည်းသင့်သော အာပတ်သည် ရှိ၏။
ဆရာလည်းမသင့် အနီးနေတပည့်လည်း မသင့်သော အာပတ်သည် ရှိ၏။

အာပတ်မသင့်သော ဝါပြတ်(ဝါကျိုး)ခြင်း၏ အကြောင်းတို့သည် လေးပါးတို့တည်း၊ သံဃာသည် ကွဲပြားသည်လည်း ဖြစ်၏၊ သံဃာကို ကွဲပြားစေလိုသည်လည်း ဖြစ်၏၊ အသက်၏အန္တရာယ်သည်လည်း ဖြစ်၏၊ သာသနာတော်၏ အန္တရာယ်သည်လည်း ဖြစ်၏။

ဝစီဒုစရိုက်တို့သည် မဟုတ် မမှန်ပြောဆိုခြင်း၊ ကုန်းတိုက်သော စကားကို ဆိုခြင်း၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း၊ သိမ်ဖျင်းသော စကားကို ဆိုခြင်းအားဖြင့် လေးပါးတို့တည်း။

ဝစီသုစရိုက်တို့သည် အမှန်ကိုဆိုခြင်း၊ ကုန်းမတိုက်သောစကားကိုဆိုခြင်း၊ နူးညံ့သိမ်မွေ့သော စကားကို ဆိုခြင်း၊ ပညာဖြင့် ဆိုခြင်းအားဖြင့် လေးပါးတို့တည်း။

ယူသော ရဟန်းအား လေးသော အာပတ်သင့်၍ တိုက်တွန်းသော ရဟန်းအား ပေါ့သော အာပတ်သင့်ခြင်းသည် ရှိ၏။

ယူသော ရဟန်းအား ပေါ့သောအာပတ်သင့်၍ တိုက်တွန်းသော ရဟန်းအား လေးသောအာပတ်သင့်ခြင်းသည် ရှိ၏။

ယူသော ရဟန်းအားရင်း တိုက်တွန်းသော ရဟန်းအားရင်း လေးသော အာပတ်သင့်ခြင်းသည် ရှိ၏။

ယူသော ရဟန်းအားရင်း တိုက်တွန်းသော ရဟန်းအားရင်း ပေါ့သော အာပတ်သင့်ခြင်းသည် ရှိ၏။

ရှိခိုးခြင်းငှါသာ ထိုက်၍ ခရီးဦးကြိုဆိုခြင်းငှါ မထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။
ခရီးဦးကြိုဆိုခြင်းငှါသာထိုက်၍ ရှိခိုးခြင်းငှါ မထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။
ရှိခိုးခြင်းငှါလည်းထိုက် ခရီးဦးကြိုဆိုခြင်းငှါလည်း ထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။

http://www.dhammadownload.com



ရှိခိုးခြင်းငှါလည်းမထိုက် ခရီးဦးကြိုဆိုခြင်းငှါလည်းမထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။

နေရာပေးခြင်းငှါသာထိုက်၍ ရှိခိုးခြင်းငှါ မထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။
ရှိခိုးခြင်းငှါသာထိုက်၍ နေရာပေးခြင်းငှါ မထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။
နေရာပေးခြင်းငှါလည်းထိုက် ရှိခိုးခြင်းငှါလည်း ထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။
နေရာပေးခြင်းငှါလည်း မထိုက် ရှိခိုးခြင်းငှါလည်း မထိုက်သော ပုဂ္ဂိုလ်သည် ရှိ၏။

နံနက်အခါ၌ သင့်၍ နေလွဲသော အခါ၌ မသင့်သော အာပတ်သည် ရှိ၏၊ နေလွဲသော အခါ၌သင့်၍ နံနက်အခါ၌ မသင့်သော အာပတ်သည် ရှိ၏၊ နံနက်အခါ၌လည်းသင့် နေလွဲသော အခါ၌လည်း သင့်သော အာပတ်သည် ရှိ၏၊ နံနက်အခါ၌လည်း မသင့် နေလွဲသောအခါ၌လည်းမသင့်သော အာပတ်သည် ရှိ၏။

နံနက်အခါ၌သာအပ်၍ နေလွဲသောအခါ၌ မအပ်သော အကပ်ခံပြီးသော ဝတ္ထုသည် ရှိ၏။ နေလွဲသောအခါ၌သာအပ်၍ နံနက်အခါ၌ မအပ်သော အကပ်ခံပြီးသော ဝတ္ထုသည် ရှိ၏၊ နံနက်အခါ၌လည်းအပ် နေလွဲသောအခါ၌လည်း အပ်သော အကပ်ခံပြီးသော ဝတ္ထုသည်ရှိ၏၊ နံနက်အခါ၌လည်း မအပ်၊ နေလွဲသောအခါ၌လည်း မအပ်သော အကပ်ခံပြီးသော ဝတ္ထုသည် ရှိ၏။

ပစ္စန္တရဇ်ဇနပုဒ်တို့၌ သင့်၍ မဇ္ဈိမတိုက် ဇနပုဒ်တို့၌ မသင့်သော အာပတ်သည် ရှိ၏၊ မဇ္ဈိမတိုက် ဇနပုဒ်တို့၌သင့်၍ ပစ္စန္တရဇ် ဇနပုဒ်တို့၌ မသင့်သော အာပတ်သည် ရှိ၏၊ ပစ္စန္တရဇ်ဇနပုဒ်တို့၌လည်းသင့် မဇ္ဈိမတိုက် ဇနပုဒ်တို့၌လည်း သင့်သော အာပတ်သည် ရှိ၏၊ ပစ္စန္တရဇ် ဇနပုဒ်တို့၌လည်း မသင့် မဇ္ဈိမတိုက် ဇနပုဒ်တို့၌လည်း မသင့်သော အာပတ်သည် ရှိ၏။

ပစ္စန္တရဇ် ဇနပုဒ်တို့၌ အပ်၍ မဇ္ဈိမတိုက် ဇနပုဒ်တို့၌ မအပ်သော အမှုသည် ရှိ၏၊ မဇ္ဈိမတိုက် ဇနပုဒ်တို့၌ အပ်၍ ပစ္စန္တရဇ် ဇနပုဒ်တို့၌ မအပ်သော အမှုသည် ရှိ၏၊ ပစ္စန္တရဇ် ဇနပုဒ်တို့၌လည်းအပ် မဇ္ဈိမတိုက် ဇနပုဒ်တို့၌လည်း အပ်သော အမှုသည် ရှိ၏၊ ပစ္စန္တရဇ် ဇနပုဒ်တို့၌လည်းမအပ် မဇ္ဈိမတိုက် ဇနပုဒ်တို့၌လည်း မအပ်သော အမှုသည်ရှိ၏။

အတွင်း၌သင့်၍ အပ၌မသင့်သော အာပတ်သည် ရှိ၏၊ အပ၌ သင့်၍ အတွင်း၌ မသင့်သော အာပတ်သည် ရှိ၏၊ အတွင်း၌လည်းသင့် အပ၌လည်းသင့်သော အာပတ်သည် ရှိ၏၊ အတွင်း၌လည်း မသင့် အပ၌လည်းမသင့်သော အာပတ်သည် ရှိ၏။

(ဥပစာရ)သိမ်အတွင်း၌ သင့်၍ သိမ်အပ၌ မသင့်သော အာပတ်သည် ရှိ၏၊ သိမ်အပ၌ သင့်၍ သိမ်အတွင်း၌ မသင့်သော အာပတ်သည် ရှိ၏၊ သိမ်အတွင်း၌လည်းသင့် သိမ်အပ၌လည်း သင့်သော အာပတ်သည် ရှိ၏၊ သိမ်အတွင်း၌လည်းမသင့် သိမ်အပ၌လည်း မသင့်သော အာပတ်သည် ရှိ၏။

ရွာ၌သင့်၍ တော၌ မသင့်သော အာပတ်သည်ရှိ၏၊ တော၌ သင့်၍ ရွာ၌ မသင့်သော အာပတ်သည် ရှိ၏၊ ရွာ၌လည်းသင့် တော၌လည်းသင့်သော အာပတ်သည် ရှိ၏၊ ရွာ၌လည်းမသင့် တော၌လည်း မသင့်သော အာပတ်သည် ရှိ၏။

စောဒနာခြင်းတို့သည် ဝတ္ထုကိုပြ၍ စောဒနာခြင်း အာပတ်ကို ပြ၍ စောဒနာခြင်း ပေါင်းဖော်ခြင်းကိုပယ်၍ စောဒနာခြင်း အရှိအသေပြုသည်ကိုပယ်၍ စောဒနာခြင်းအားဖြင့် လေးမျိုးတို့တည်း။

ပုဗ္ဗကိစ္စတို့သည် လေးပါးတို့တည်း။ ပတ္တကလ္လတို့သည် လေးပါးတို့တည်း။ အနုညာပါစိတ်တို့သည် လေးပါးတို့တည်း။ ရဟန်းအား သမုတ်ခြင်းတို့သည် လေးပါးတို့တည်း။

http://www.dhammadownload.com



အဂတိလိုက်ခြင်းတို့သည် လေးပါးတို့တည်း၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏၊ 'အဂတိလိုက်၏'၊ မုန်းသဖြင့် 'မလားအပ်သည်သို့' လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏၊

အဂတိ မလိုက်ခြင်းတို့သည် လေးမျိုးတို့တည်း၊ ချစ်သဖြင့် မလားအပ်သည်သို့ မလား၊ 'အဂတိ မလိုက်'၊ မုန်းသဖြင့် မလားအပ်သည်သို့ မလား၊ တွေဝေသဖြင့် မလားအပ်သည်သို့ မလား၊ ကြောက်သဖြင့် မလားအပ်သည်သို့မလား။

လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော အရှက်မရှိသော 'အလဇ္ဇီ'ရဟန်းသည် သံဃာကို ခွဲ၏၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏၊ မုန်းသဖြင့် မလားအပ်သည်သို့ လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏။

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော သီလကို ချစ်ခင်သော ရဟန်းသည် ကွဲပြီးသော သံဃာကို ညီညွတ်ခြင်းကို ပြု၏၊ ချစ်သဖြင့် မလားအပ်သည်သို့ မလား၊ မုန်းသဖြင့် မလားအပ်သည်သို့မလား၊ တွေဝေသဖြင့် မလားအပ်သည်သို့ မလား၊ ကြောက်သဖြင့် မလားအပ်သည်သို့ မလား။

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ဝိနည်းကို မမေးအပ်၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏'ရောက်၏'၊ မုန်းသဖြင့် မလားအပ်သည်သို့ လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏။

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းကို မမေးအပ်၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏၊ မုန်းသဖြင့် မလားအပ်သည်သို့ လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏။

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ဝိနည်းကို မဖြေဆိုအပ်၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏၊ မုန်းသဖြင့် မလားအပ်သည်သို့ လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏။

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းကို မဖြေဆိုအပ်၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏၊ မုန်းသဖြင့် မလားအပ်သည်သို့ လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏။

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား မေးစိစစ်ခြင်းကို မပေးအပ်၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏၊ မုန်းသဖြင့် မလားအပ်သည်သို့ လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏။

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဝိနည်းကို မဆွေးနွေးအပ်၊ ချစ်သဖြင့် မလားအပ်သည်သို့ လား၏၊ မုန်းသဖြင့် မလားအပ်သည်သို့ လား၏၊ တွေဝေသဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သဖြင့် မလားအပ်သည်သို့ လား၏။

နာဖျားသော ရဟန်းသာ သင့်၍ မနာဖျားသော ရဟန်း မသင့်သော အာပတ်သည် ရှိ၏၊ မနာဖျားသော ရဟန်းသာ သင့်၍ နာဖျားသော ရဟန်း မသင့်သော အာပတ်သည် ရှိ၏၊ နာဖျား

http://www.dhammadownload.com



သော ရဟန်းလည်းသင့် မနာဖျားသော ရဟန်းလည်းသင့်သော အာပတ်သည် ရှိ၏၊ နာဖျားသော ရဟန်းလည်းမသင့် မနာဖျားသော ရဟန်းလည်းမသင့်သော အာပတ်သည် ရှိ၏။

တရားနှင့် မလျော်ကုန်သော ပါတိမောက် ထားခြင်းတို့သည် လေးပါးတို့တည်း၊ တရားနှင့် လျော်ကုန်သော ပါတိမောက် ထားခြင်းတို့သည် လေးပါးတို့တည်း။

စတုက္ကပြီး၏။

ထိုစတုက္က၏ အကျဉ်းချုပ်—

သကဝါစာစတုက္က၊ ကာယစတုက္က၊ ပသုတ္တစတုက္က၊ အစိတ္တကစတုက္က၊ အာပဇ္ဇန္တစတုက္က၊ ကမ္မစတုက္က၊ ထိုမှတပါး လေးပါးကုန်သော အနရိယဝေါဟာရစတုက္က၊ အရိယဝေါဟာရစတုက္က၊ အပရအနရိယဝေါဟာရစတုက္က၊ အရိယဝေါဟာရစတုက္က။

ဘိက္ခုပါရာဇိကစတုက္က၊ ဘိက္ခုနီပါရာဇိကစတုက္က၊ ပရိက္ခာရစတုက္က၊ သမ္မုခါစတုက္က၊ အဇ္ဈာနန္တစတုက္က၊ ကာယေနစတုက္က၊ သံဃမဇ္ဈေစတုက္က၊ ထိုမှတပါး ဝုဋ္ဌာတိ စတုက္က၊ အပရဝုဋ္ဌာတိစတုက္က နှစ်ပါး။

ပဋိလာဘစတုက္က နှစ်ပါး၊ စောဒနာစတုက္က၊ ပရိဝါသစတုက္က၊ မာနတ္တ စတုက္က၊ မာနတ္တစာရိကစတုက္က၊ သာမုက္ကံသစတုက္က၊ ပဋိဂ္ဂဟိတ ပရိဘောဂ စတုက္က။

မဟာဝိကဋ စတုက္က၊ ကမ္မစတုက္က၊ အပရကမ္မစတုက္က၊ ဝိပတ္တိစတုက္က၊ အဓိကရဏစတုက္က၊ ဒုဿီလစတုက္က၊ (ပရိသဒူသနစတုက္ကလည်းဟူ) ပရိသသောဘဏ စတုက္က၊ အာဂန္တုက စတုက္က။

ဂမိကစတုက္က၊ ဝတ္ထုနာနတ္တတာစတုက္က၊ ဝတ္ထုသဘာဂတာစတုက္က၊ ဥပဇ္ဈာယစတုက္က၊ အာစရိယစတုက္က၊ ပစ္စယစတုက္က၊ ဝဓိဒုစ္စရိတစတုက္က၊ ဝစီသုစရိတစတုက္က။

အာဒိယန္တစတုက္က၊ အဘိဝါဒနာရဟပုဂ္ဂလစတုက္က၊ အာသနာရဟပုဂ္ဂလစတုက္က၊ ကာလစတုက္က၊ ကပ္ပတိ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ပဋိဂ္ဂဟိတကာလစတုက္က၊ ပဌမပစ္စတ္ထိမစတုက္က၊ ကပ္ပတိ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယပစ္စတ္ထိမစတုက္က။

အန္တစတုက္က၊ အန္တောသီမစတုက္က၊ ဂါမစတုက္က၊ စောဒနာစတုက္က၊ ပုဗ္ဗကိစ္စစတုက္က၊ ပတ္တကလ္လစတုက္က၊ အနညပါဒိတ္တိယစတုက္က၊ ဘိက္ခုသမ္မုတိစတုက္က။

အာဂတိဂမနစတုက္က၊ နာဂတိဂမနစတုက္က၊ အလဇ္ဇီစတုက္က၊ ပေသလစတုက္က၊ နပုန္တိတဗ္ဗစတုက္က နှစ်ပါး၊ ထိုမှ တပါး နှစ်ပါးကုန်သော နဝိဿဇ္ဇေတဗ္ဗစတုက္က၊ အနုယောဂ နဒါတဗ္ဗ စတုက္က၊ နသာကစ္ဆာတဗ္ဗစတုက္က၊ ဂိလာနစတုက္က၊ အဓမ္မိကပါတိမောက္ခဌပနစတုက္က၊ ဓမ္မိကပါတိမောက္ခဌပနစတုက္က။

ဤကား အကျဉ်းချုပ်တည်း။

http://www.dhammadownload.com



## ၅-ပဥ္စကဝါရ

၃၂၅။ အာပတ်တို့သည် ငါးပါးတို့တည်း။ အာပတ်အစုတို့သည် ငါးပါးတို့တည်း။ ဝိနီတဝတ္ထုတို့သည် ငါးပါးတို့တည်း။ အာနန္တရိကဖြစ်ကုန်သော ကံတို့သည် ငါးပါးတို့တည်း။ (စုတိ၏အခြားမဲ့၌အကျိုးပေး)မြဲသော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ ဆေဒနက အာပတ်တို့သည် ငါးပါးတို့တည်း။

ငါးပါးသော အခြင်းအရာ အကြောင်းတို့ဖြင့် အာပတ်သို့ ရောက်၏။ မဟုတ်မမှန်စကားကို ဆိုခြင်းတည်းဟူသော အကြောင်းကြောင့် ငါးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏။

ငါးပါးသော အခြင်းအရာ အကြောင်းတို့ဖြင့် ကံသို့ မကပ်ရောက်၊ မိမိကိုယ်တိုင်လည်း ကံကိုမပြု၊ သူတပါးကိုလည်း မတိုက်တွန်း၊ ဆန္ဒကိုရင်း ပါရိသုဒ္ဓိကိုရင်း မပေး၊ ကံကို ပြုအပ်သည်ရှိသော် တားမြစ်၏၊ ကံကို ပြုပြီးသည်ရှိသော်ကား အခမ္မအယူရှိ၏။

ငါးပါးသော အခြင်းအရာ အကြောင်းတို့ဖြင့် ကံသို့ ကပ်ရောက်၏၊ မိမိကိုယ်တိုင်လည်း ကံကို ပြု၏၊ သူတပါးကိုလည်း တိုက်တွန်း၏၊ ဆန္ဒကိုရင်း ပါရိသုဒ္ဓိကိုရင်း ပေး၏၊ ကံကို ပြုအပ်သည် ရှိသော် မတားမြစ်၊ ကံကိုပြုပြီးသည်ရှိသော်ကား ဓမ္မအယူရှိ၏။

ထင်ရှားရှိသော ရဟန်းကို မပန်ပဲ သွားရခြင်း၊ ဂဏဘောဇဉ်၊ ပရမ္ပရဘောဇဉ်၊ (သမယ)ကို မဆောက်တည်ရခြင်း၊ (ရနိုးသောဆွမ်းကို)ဝိကပ္ပနာမပြုရခြင်းအားဖြင့် ငါးပါးသော အာနိသင်တို့သည် ပိဏ္ဍပါတ်ဓုတင်ဆောင်သော ရဟန်းအား အပ်ကုန်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို မကောင်းသော ရဟန်းမူလည်းဖြစ်စေ မပျက်စီးနိုင်သော သဘောရှိသော ရဟန္တာမူလည်းဖြစ်စေ ကြားမြင်သဖြင့် ရွံရှာအပ်၏၊ ပြည့်တန်ဆာမတည်းဟူသော ကျက်စားရာလည်း ရှိ၏၊ မုဆိုးမတည်းဟူသော ကျက်စားရာလည်းရှိ၏၊ အပျိုဟိုင်းသည်းဟူသော ကျက်စားရာလည်းရှိ၏၊ နပုံးပဏ္ဍုက်တည်းဟူသော ကျက်စားရာလည်း ရှိ၏၊ ရဟန်းမိန်းမတည်းဟူသော ကျက်စားရာလည်းရှိ၏။

ဆီတို့သည် နှမ်းဆီ မုန်ညင်းဆီ သစ်မည်စည်ဆီ ကြက်ဆူဆီ ဆီကြည်ဆီ အားဖြင့် ငါးပါးတို့တည်း။

ဆီကြည်တို့သည် ဝံဆီကြည် ငါးဆီကြည် မိကျောင်းဆီကြည် လပိုင်ဆီကြည် ဝက်ဆီကြည် မြည်းဆီကြည်အားဖြင့် ငါးပါးတို့တည်း။

ပျက်စီးခြင်းတို့သည် ဆွေမျိုးတို့၏ပျက်စီးခြင်း စည်းစိမ်ဥစ္စာတို့၏ပျက်စီးခြင်း အနာသည်ပင် ပျက်စီးခြင်း သီလ၏ ပျက်စီးခြင်း အယူပျက်စီးခြင်း အားဖြင့် ငါးပါးတို့တည်း။

ပြည့်စုံခြင်းတို့သည် ဆွေမျိုးတို့၏ပြည့်စုံခြင်း စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်း အနာမဲ့ခြင်းနှင့် ပြည့်စုံခြင်း သီလ၏ပြည့်စုံခြင်း အယူ၏ ပြည့်စုံခြင်းအားဖြင့် ငါးမျိုးတို့တည်း။

ဥပဇ္ဈာယ်ဆရာမှ နိဿရည်း ငြိမ်းခြင်းတို့သည် ငါးပါးတို့တည်း၊ ဥပဇ္ဈာယ်ဆရာသည် (အရပ်တပါး) ဖဲသွားသည်လည်း ဖြစ်၏၊ လူထွက်သည်လည်း ဖြစ်၏၊ သေလွန်သည်လည်း ဖြစ်၏၊ တိတ္ထိဘောင်သို့ ပြေးဝင်သည်လည်း ဖြစ်၏၊ စေခိုင်း(နှင်ထုတ်)ခြင်းသည်ပင်လျှင် ငါးခုမြောက် ဖြစ်၏။

http://www.dhammadownload.com



အသက်နှစ်ဆယ် မပြည့်သောသူ ကိုယ်လက်အင်္ဂါယုတ်သောသူ ဝတ္တုချို့သောသူ (မာတုဃာတကစသော)မကောင်းမှုကို ပြုသောသူ (သပိတ်သင်္ကန်း)မပြည့်စုံသောသူအားဖြင့် ပုဂ္ဂိုလ်ငါးပါးတို့ကို ပဉ္စင်းမခံအပ်ကုန်။

ပံသုကူတို့သည် သုသာန်၌ကျသော အဝတ်ပုဆိုး အိမ်ဈေးဝ၌ ကျသော အဝတ်ပုဆိုး ကြွက်ခဲသော အဝတ်ပုဆိုး ခြခဲသော အဝတ်ပုဆိုး မီးလောင်သော အဝတ်ပုဆိုးအားဖြင့် ငါးပါးတို့တည်း။

အခြားပံသုကူတို့သည်လည်း နွားစားပုဆိုး ဆိတ်စားပုဆိုး တောင်ပို့ကို ရစ်ပတ်၍ နတ်ပူဇော်သောပုဆိုး ရေချိုးရာအရပ် အဘိသိက်ခံရာအရပ်၌ စွန့်အပ်သောပုဆိုး သုသာန်သို့ဆောင်၍ တဖန်ပြန်ယူသော ပုဆိုးအားဖြင့် ငါးမျိုးတို့ဘည်း။

ခိုးခြင်းတို့သည် စဉ်းလဲ၍ ခိုးခြင်း နှိပ်စက်၍ ခိုးခြင်း ကြံဆ၍ခိုးခြင်း ဖုံးလွှမ်း၍ ခိုးခြင်း ကမ္ပည်းပြောင်း၍ ခိုးခြင်းအားဖြင့် ငါးပါးတို့တည်း။

လောက၌ ထင်ရှားရှိသော ခိုးသူကြီးတို့သည် ငါးဦးတို့တည်း။

မစွန့်အပ်သော ဥစ္စာတို့သည် ငါးပါးတို့တည်း။

မဝေဘန်အပ်သော ဥစ္စာတို့သည် ငါးပါးတို့တည်း။

ငါးပါးကုန်သော အာပတ်တို့သည် ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။

ငါးပါးကုန်သော အာပတ်တို့သည် ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။

ငါးပါးကုန်သော အာပတ်ဘိုသည် ဒေသနာဂါမိတို့တည်း။ သံဃာတို့သည် ငါးပါးတို့တည်း။ ပါတိမောက်ပြခြင်းတို့သည် ငါးပါးတို့တည်း။

အလုံးစုံကုန်သော ပစ္စန္တရစ် ဇနပုဒ်တို့၌ ဝိနည်းမိုရ်ပုဂ္ဂိုရ်လျှင် ငါးယောက်မြောက်သော ဂိုဏ်းဖြင့် ပဉ္စင်းခံအပ်၏။

ကထိန်ခင်းခြင်း၌ အကျိုးအာနိသင်တို့သည် ငါးပါးတို့တည်း။ ကံတို့သည် ငါးပါးတို့တည်း။ **ယာဝတတိယက၌ အာပတ်သည် ငါးပါးတို့တည်း။**

ငါးပါးသော ခိုးခြင်းအင်္ဂါတို့ဖြင့် အရှင်မပေးသော ဥစ္စာကို ခိုးယူသော ရဟန်းအား ပါရာဇိက **အာပတ် သင့်၏။**

ငါးပါးသော ခိုးခြင်းအင်္ဂါဘို့ဖြင့် မပေးသည်ကို ခိုးယူသော ရဟန်းအား ထုလ္လစ္စဉ်းအာပတ် **သင့်၏။**

**ငါး**ပါးသော ခိုးခြင်းအင်္ဂါတို့ဖြင့် မပေးသည်ကို ခိုးယူသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

**ငါး**ပါးသော မအပ်သည်တို့ကို မသုံးဆောင်အပ်ကုန်၊မပေး'မကပ်'အပ်သည်လည်း ဖြစ်၏၊ (ကပ်**မှုန်း**)မသိ မထင်ရှားသည်လည်း ဖြစ်၏၊(သမဏကပ္ပငါးပါးတို့ဖြင့်)မကပ်ပွသည်လည်းဖြစ်၏၊ အကပ်မခံ**အပ်**သည်လည်း ဖြစ်၏၊ အတိရိက်ဝိနည်းကံ မပြုအပ်သည်လည်း ဖြစ်၏။

**ငါး**ပါးသော အပ်သည်တို့ကို သုံးဆောင်အပ်ကုန်၏၊ ပေးအပ်(ကပ်အပ်)သည်လည်း ဖြစ်၏၊ **(ကပ်မှုန်း)**သိသာ ထင်ရှားသည်လည်း ဖြစ်၏၊ (သမဏကပ္ပငါးပါးတို့ဖြင့်)ကပ်ပွသည်လည်း ဖြစ်၏၊ **အကပ်ခံအပ်**သည်လည်း ဖြစ်၏၊ အတိရိက်ဝိနည်းကံ ပြုအပ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



လောက၌ (ကုသိုလ်)ကောင်းမှုဟု သမုတ်အပ်ကုန်သော်လည်း (ကုသိုလ်)ကောင်းမှု မဟုတ်ကုန်သော အလှူတို့သည် သေရည်သေရက်အလှူ၊ ကခြေသဘင်အလှူ၊ မိန်းမအလှူ၊ နွားမအပေါင်းအလယ်၌ နွားလား'ဥသဘ'ကို လွှတ်သောအလှူ၊ ပန်းချီဆေးရေးအလှူ အားဖြင့် ငါးပါးတို့တည်း။

ဖြစ်လာလျှင် ပယ်ဖျောက်နိုင်ခဲသော တရားတို့သည် ငါးပါးတို့တည်း၊ ဖြစ်လာသော ရာဂကို ပယ်ဖျောက်နိုင်ခဲ၏၊ ဖြစ်လာသော ဒေါသကို ပယ်ဖျောက်နိုင်ခဲ၏၊ ဖြစ်လာသော မောဟကို ပယ်ဖျောက်နိုင်ခဲ၏၊ ဖြစ်လာသော ပြောလိုသော ဆန္ဒကို ပယ်ဖျောက်နိုင်ခဲ၏၊ ဖြစ်လာသော ခရီးသွားလိုသော စိတ်ကို ပယ်ဖျောက်နိုင်ခဲ၏။

တံမြက်လှည်းခြင်း၏ အကျိုး (အာနိသင်)တို့သည် ငါးပါးတို့တည်း၊ မိမိစိတ်သည် ကြည်လင်၏၊ သူတပါးစိတ်သည် ကြည်လင်၏၊ နတ်တို့သည် နှစ်သက်သော စိတ်ရှိကုန်၏၊ ကြည်ညိုခြင်းကို ဖြစ်စေတတ်သော (ကောင်းမှုကုသိုလ်)ကံကို ဆည်းပူး၏။ (ခန္ဓာ)ကိုယ်ပျက်၍ သေသည်မှ နောက်၌ ကောင်းသော လားရာဂတိဖြစ်သော နတ်ပြည်သို့ရောက်၏။

အခြားတံမြက်လှည်းခြင်း၏ အကျိုး(အာနိသင်)တို့သည်လည်း ငါးပါးတို့တည်း၊ မိမိစိတ်သည် ကြည်လင်၏၊ သူတပါးစိတ်သည် ကြည်လင်၏၊ နတ်တို့သည် နှစ်သက်သော စိတ်ရှိကုန်၏၊ မြတ်စွာဘုရား၏ သာသနာတော်ကို ပြုအပ်သည် ဖြစ်၏၊ နောင်လာ နောက်သား လူအပေါင်းသည် ဒိဋ္ဌာနုဂတိသို့ အတုလိုက်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် သူမိုက် ဟူသော အရေအတွက်သို့ ရောက်၏၊ မိမိ၏ ဆိုအပ်သော စကားအပိုင်းအခြားကို မယူဆနိုင်၊ သူတပါး ဆိုအပ်သော စကားအပိုင်းအခြားကို မယူဆနိုင်၊ မိမိ၏ဆိုအပ်သော စကားအပိုင်းအခြားကို မယူဆမူ၍ သူတပါး ဆိုအပ်သော စကားအပိုင်းအခြားကို မယူဆမူ၍ တရားမဟုတ်သဖြင့် ဝန်မခံသဖြင့် (အဆုံးအဖြတ်ကို)ပြု၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိဟူသော အရေအတွက်သို့ ရောက်၏၊ မိမိ၏ ဆိုအပ်သော စကားအပိုင်းအခြားကို ယူဆနိုင်၏၊ သူတပါး၏ ဆိုအပ်သော စကားအပိုင်းအခြားကို ယူဆနိုင်၏၊ မိမိ၏ ဆိုအပ်သော စကားအပိုင်းအခြားကို ယူဆ၍ သူတပါး၏ ဆိုအပ်သော စကားအပိုင်းအခြားကို ယူဆ၍ တရားသဖြင့် ဝန်ခံသဖြင့်(အဆုံးအဖြတ်ကို)ပြု၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် သူမိုက်ဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ကို မသိ၊ အာပတ်၏ အရင်းမူလကို မသိ၊ အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန်ကို မသိ၊ အာပတ်ချုပ်ခြင်းကို မသိ၊ အာပတ်ချုပ်ခြင်းသို့ ရောက်သော အကျင့်ကို မသိ။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ကို သိ၏၊ အာပတ်၏ အရင်းမူလကို သိ၏၊ အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန်ကို သိ၏၊ အာပတ်ချုပ်ခြင်းကို သိ၏၊ အာပတ် ချုပ်ခြင်းသို့ ရောက်သော အကျင့်ကို သိ၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် သူမိုက်ဟူသော အရေအတွက်သို့ ရောက်၏၊ အဓိကရုဏ်းကို မသိ၊ အဓိကရုဏ်း၏ အရင်းမူလကို မသိ၊ အဓိကရုဏ်း ဖြစ်ကြောင်း သမုဋ္ဌာန်ကို မသိ၊ အဓိကရုဏ်း၏ ချုပ်ခြင်းကို မသိ၊ အဓိကရုဏ်း ချုပ်ခြင်းသို့ ရောက်သော အကျင့်ကို မသိ။

http://www.dhammadownload.com



ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိ ဟူသော အရေအတွက်သို့ ရောက်၏၊ အဓိကရုဏ်းကို သိ၏၊ အဓိကရုဏ်း၏အရင်းမူလကို သိ၏၊ အဓိကရုဏ်း ဖြစ်ကြောင်း သမုဋ္ဌာန်ကိုသိ၏၊ အဓိကရုဏ်း၏ ချုပ်ခြင်းကို သိ၏၊ အဓိကရုဏ်း ချုပ်ခြင်းသို့ရောက်သော အကျင့်ကို သိ၏။

အခြားတပါးလည်းဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် သူမိုက်ဟူသော အရေအတွက်သို့ ရောက်၏၊ ဝတ္ထု'အမှု'ကို မသိ၊ အကြောင်း'နိဒါန်း'ကို မသိ၊ (မူလ)ပညတ်ကို မသိ၊ အနုပညတ်ကို မသိ၊ ဆိုအပ်သော စကားအစဉ် အဆုံးအဖြတ်အစဉ်၏ အစွမ်းအားဖြင့် ဝတ္ထုကို မသိ။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိ ဟူသော အရေအတွက်သို့ ရောက်၏၊ ဝတ္ထုကို သိ၏၊ နိဒါန်းကို သိ၏၊ (မူလ)ပညတ်ကို သိ၏၊ အနုပညတ်ကို သိ၏၊ ဆိုအပ်သော စကားအစဉ် အဆုံးအဖြတ်အစဉ်၏ အစွမ်းအားဖြင့် ဝတ္ထုကို သိ၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် သူမိုက်ဟူသော အရေအတွက်သို့ ရောက်၏၊ ဉတ်ကိုမသိ၊ ဉတ်၏ ပြုဖွယ်ကိစ္စကို မသိ၊ ရှေ့(ဆိုအပ်သော) စကား၌ မလိမ္မာ၊ နောက်(ဆိုအပ်သောစကား)၌ မလိမ္မာ၊ အခါကိုလည်းမသိ။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိ ဟူသော အရေအတွက်သို့ ရောက်၏၊ ဉတ်ကို သိ၏၊ ဉတ်၏ပြုဖွယ်ကိစ္စကို သိ၏၊ ရှေး(ဆိုအပ်သော စကား)၌ လိမ္မာ၏၊ နောက် (ဆိုအပ်သော စကာ )၌ လိမ္မာ၏၊ အခါကိုလည်း သိ၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် သူမိုက်ဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ် ကို မသိ။

စင်စစ် ထိုဝိနည်းဓိုရ်(ပုဂ္ဂိုလ်)သည် ဆရာအဆက်ဆက်(ဝါဒ)ကို ကောင်းစွာမသင်ယူခဲ့ရ၊ ကောင်းစွာ နှုတ်ငုံးမသွင်းခဲ့ရ၊ ကောင်းစွာ မဆောင်ခဲ့ရ။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိ ဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသော အာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို သိ၏၊ စင်စစ် ထိုဝိနည်းဓိုရ် (ပုဂ္ဂိုလ်)သည် ဆရာအဆက်ဆက် (ဝါဒ)ကို ကောင်းစွာ သင်ယူခဲ့ရ၏၊ ကောင်းစွာ နှုတ်ငုံးသွင်းခဲ့ရ၏၊ ကောင်းစွာ ဆောင်ယူခဲ့ရ၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်(ပုဂ္ဂိုလ်)သည် သူမိုက်ဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို မသိ၊ စင်စစ် ထိုဝိနည်းဓိုရ်(ပုဂ္ဂိုလ်)သည် ပါတိမောက်နှစ်ပါးကို အကျယ်အားဖြင့် ကောင်းစွာ မဝေဘန်နိုင်၊ ကောင်းစွာ မရွတ်ဆိုနိုင်၊ ပါဠိတော်အားဖြင့်၎င်း အဋ္ဌကထာ အားဖြင့်၎င်း ကောင်းစွာ မဆုံးဖြတ်နိုင်။

http://www.dhammadownload.com



ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းမိုရ်သည် ပညာရှိဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသော အာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို သိ၏၊ စင်စစ် ထိုဝိနည်းမိုရ်သည် ပါတိမောက်နှစ်ပါးတို့ကို အကျယ်အားဖြင့် နှုတ်တက်ရ၏၊ ကောင်းစွာ ဝေဘန်နိုင်၏၊ ကောင်းစွာ ရွတ်ဆိုနိုင်၏၊ ပါဠိတော်အားဖြင့်ရင်း အဋ္ဌကထာအားဖြင့်ရင်း ကောင်းစွာ ဆုံးဖြတ်နိုင်၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းမိုရ်(ပုဂ္ဂိုလ်)သည် သူမိုက်ဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို မသိ၊ အဓိကရုဏ်း၌လည်း အဆုံးအဖြတ် မလိမ္မာ။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းမိုရ်သည် ပညာရှိဟူသော အရေအတွက်သို့ ရောက်၏၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသောအာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို သိ၏၊ အဓိကရုဏ်း၌လည်း အဆုံးအဖြတ် လိမ္မာ၏။

အာရညကင် ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း၊ (ပညာ)နုံ့သည်၏ အဖြစ်ကြောင့်၊ မိုက်မဲ(တွေဝေ)သည်၏ အဖြစ်ကြောင့် အာရညကင်ဓုတင် ဆောက်တည်၏၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုဆိုးနှိပ်စက်အပ်သည် ဖြစ်၍ အာရညကင် ဓုတင် ဆောက်တည်၏၊ ရူးသောကြောင့် စိတ်နှလုံးပျံ့လွင့်သောကြောင့် အာရညကင် ဓုတင် ဆောက်တည်၏၊ "မြတ်စွာဘုရားတို့သည်၎င်း မြတ်စွာဘုရားတပည့်သားတို့သည်၎င်း ချီးမွမ်းအပ်၏" ဟု နှလုံးသွင်း၍ အာရညကင် ဓုတင် ဆောက်တည်၏၊ စင်စစ်အားဖြင့် အလိုနည်းသည်ကိုသာမှီ၍ ရောင့်ရဲသည်ကိုသာမှီ၍ ခေါင်းပါးသည်ကိုသာမှီ၍ (ကာယစိတ္တဥပဓိတို့၏) ဆိတ်ငြိမ်ခြင်းကိုသာမှီ၍ ဤကောင်းသော အကျင့်ဖြင့် အလိုရှိသော တောနေပုဂ္ဂိုလ်၏ အဖြစ်ကိုသာမှီ၍ အာရညကင် ဓုတင်ဆောက်တည်၏။

ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ကုန်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ ပံသုကူဓုတင် ဆောက်တည်သောပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ ရုက္ခမူဓုတင် ဆောက်တည်သောပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ သုသာန်ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ အဗ္ဘောကာသိကဓုတင် ဆောက်တည်သောပုဂ္ဂိုလ်တို့သည် ငါးပါးတို့ဟည်း။ပ။ တိစီဝရိက်ဓုတင် ဆောက်ဘည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ သပဒါနစာရိကဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ နေသဇ္ဇိကဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ ယထာသန္ထတိ ဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ ကေသနိက်ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။ ခလုပစ္ဆာဘတ္တိကဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း။ပ။

ပတ္တပိဏ်္ဍ ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ငါးပါးတို့တည်း၊ (ပညာ)နုံ့သည်၏အဖြစ်ကြောင့် မိုက်မဲ(တွေဝေ)သည်၏ အဖြစ်ကြောင့် ပတ္တပိဏ်္ဍဓုတင် ဆောက်တည်၏၊ ယုတ်မာသော အလို

http://www.dhammadownload.com



ရှိသည်ဖြစ်၍ အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ ပတ္တပိုဏ် ဓုဝင်ကို ဆောက်တည်၏၊ ရှုးသောကြောင့် စိတ်ပျံ့လွင့်သောကြောင့် ပတ္တပိုဏ် ဓုတင်ဆောက်တည်၏၊ "မြတ်စွာဘုရားတို့သည်ရင်း မြတ်စွာဘုရား တပည့်သားတို့သည်ရင်း ချီးမွမ်းအပ်၏"ဟု (နှလုံးသွင်း၍) ပတ္တပိုဏ်ဓုတင် ဆောက်တည်၏၊ စင်စစ် အားဖြင့် အလိုနည်းသည်ကိုသာ မှီ၍ ရောင့်ရဲသည်ကိုသာ မှီ၍ ခေါင်းပါးသည်ကိုသာမှီ၍ (ကာယ စိတ္တဥပဓိတို့၏)ဆိတ်ငြိမ်ခြင်းကိုသာ မှီ၍ ဤကောင်းသော အကျင့်ဖြင့် အလိုရှိသော ပတ္တပိုဏ်ဓုတင် ဆောင် ပုဂ္ဂိုလ်၏ အဖြစ်ကိုသာ မှီ၍ ပတ္တပိုဏ် ဓုတင်ဆောက်တည်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရာ၊ ဥပုသ်ကိုမသိ၊ ဥပုသ်ကံကို မသိ၊ ပါတိမောက်ကို မသိ၊ ပါတိမောက်ပြခြင်းကို မသိ၊ ငါးဝါ မပြည့်သူ ဖြစ်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရာ၏၊ ဥပုသ်ကို သိ၏၊ ဥပုသ်ကံကို သိ၏၊ ပါတိမောက်ကို သိ၏၊ ပါတိမောက်ပြခြင်းကို သိ၏၊ ငါးဝါရှိသူရင်း ငါးဝါထက်အလွန်ရှိသူရင်း ဖြစ်၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရာ၊ ပဝါရဏာကိုမသိ၊ ပဝါရဏာကံကို မသိ၊ ပါတိမောက်ကိုမသိ၊ ပါတိမောက် ပြခြင်းကို မသိ၊ ငါးဝါမပြည့်သူ ဖြစ်၏။

ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသောရဟန်းသည် အမှီမရှိပဲ နေရာ၏၊ ပဝါရဏာကိုသိ၏၊ ပဝါရဏာ ကံကို သိ၏၊ ပါတိမောက်ကို သိ၏၊ ပါတိမောက် ပြခြင်းကို သိ၏၊ ငါးဝါရှိသူရင်း ငါးဝါထက်အလွန် ရှိသူရင်း ဖြစ်၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့်ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရာ၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သောအာပတ် လေးသောအာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရှုန့်ရင်းသော အာပတ် မရှုန့်ရင်းသော အာပတ်ကို မသိ၊ ငါးဝါမပြည့်သူ ဖြစ်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရာ၏၊ အာပတ်ဟုတ်သည် အာပတ် မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသော အာပတ်ကို သိ၏၊ အကြွင်းရှိသောအာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရှုန့်ရင်းသော အာပတ် မရှုန့်ရင်းသော အာပတ်ကို သိ၏၊ ငါးဝါရှိသူရင်း ငါးဝါထက်အလွန်ရှိသူရင်း ဖြစ်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် အမှီမရှိပဲ မနေရာ၊ ဥပုသ်ကိုမသိ၊ ဥပုသ်ကံကို မသိ၊ ပါတိမောက်ကို မသိ၊ ပါတိမောက်ပြခြင်းကိုမသိ၊ ငါးဝါမပြည့်သူ ဖြစ်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် အမှီမရှိပဲ နေရာ၏၊ ဥပုသ်ကို သိ၏၊ ဥပုသ်ကံကို သိ၏၊ ပါတိမောက်ကို သိ၏၊ ပါတိမောက်ပြခြင်းကို သိ၏၊ ငါးဝါရှိသူရင်း ငါးဝါထက် အလွန်ရှိသူရင်း ဖြစ်၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် အမှီ မရှိပဲ မနေရာ၊ ပဝါရဏာကိုမသိ၊ ပဝါရဏာကံကို မသိ၊ ပါတိမောက်ကို မသိ၊ ပါတိမောက်ပြခြင်းကို မသိ၊ ငါးဝါ မပြည့်သူ ဖြစ်၏။

http://www.dhammadownload.com



ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် အမှီမရှိပဲ နေရာ၏၊ ပဝါရဏာကို သိ၏၊ ပဝါရဏာကံကို သိ၏၊ ပါတိမောက်ကို သိ၏၊ ပါတိမောက်ပြခြင်းကို သိ၏၊ ငါးဝါရှိသူရှင်း ငါးဝါထက် အလွန်ရှိသူရှင်း ဖြစ်၏။

အခြားတပါးလည်း ဖြစ်သော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် အမှီမရှိပဲ မနေရာ၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သောအာပတ် လေးသောအာပတ်ကို မသိ၊ အကြွင်းရှိသောအာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်း သော အာပတ်ကို မသိ၊ ငါးဝါ မပြည့်သူ ဖြစ်၏။

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် အမှီမရှိပဲ နေရာ၏၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသောအာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို သိ၏၊ ငါးဝါရှိသူရှင်း ငါးဝါထက် အလွန်ရှိသူရှင်း ဖြစ်၏။

ကြည်ညိုဖွယ်မဲ့သော ကာယဒုစရိုက် စသော အကုသိုလ်ကံ၌ အပြစ်တို့သည် ငါးပါးတို့တည်း၊ မိမိသည်လည်း မိမိကိုယ်ကို စွပ်စွဲ၏၊ ပညာရှိတို့က စိစစ်၍လည်း ကဲ့ရဲ့ကုန်၏၊ မကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍ တက်၏၊ တွေတွေဝေဝေ သေရ၏၊ (ခန္ဓာ)ကိုယ်ပျက်၍ သေသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသော လားရာဂတိ ဖြစ်သော အင်္ဂါကြီးငယ်ပျက်စီးလျက် ကျရာဖြစ်သော ငရဲသို့ ရောက်၏။

ကြည်ညိုဖွယ်ရှိသော ကာယသုစရိုက် စသော ကုသိုလ်ကံ၌ အကျိုး'အာနိသင်'တို့သည် ငါးပါး တို့တည်း၊ မိမိသည်လည်း မိမိကိုယ်ကို မစွပ်စွဲ၊ စိစစ်၍လည်း ပညာရှိတို့က ချီးမွမ်းကုန်၏၊ ကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍ တက်၏၊ မတွေမဝေသေရ၏၊ (ခန္ဓာ)ကိုယ်ပျက်၍ သေသည်မှ နောက်၌ ကောင်းသော လားရာဂတိ ဖြစ်သော နတ်ပြည်သို့ ရောက်၏။

အခြားတပါးလည်း ဖြစ်သော ကြည်ညိုဖွယ်မဲ့သော ကာယဒုစရိုက် စသော အကုသိုလ်ကံ၌ အပြစ်တို့သည် ငါးပါးတို့တည်း၊ မကြည်ညိုကုန်သော သူတို့သည် မကြည်ညိုကုန်၊ ကြည်ညိုကုန်ပြီး သော အချို့သူတို့အား အကြည်ညိုပျက်ခြင်း ဖြစ်၏၊ မြတ်စွာဘုရား၏ သာသနာတော်ကို မပြုအပ် သည် ဖြစ်၏၊ နောင်လာ နောက်သားသည် ဒိဋ္ဌာနုဂတိသို့ မလိုက်၊ ထိုသူ၏စိတ်သည် မကြည်လင်။

ကြည်ညိုဖွယ်ရှိသော ကာယသုစရိုက်စသော ကုသိုလ်ကံ၌ အကျိုး'အာနိသင်'တို့သည် ငါးပါး တို့တည်း၊ မကြည်ညိုသော သူတို့သည် ကြည်ညိုကုန်၏၊ ကြည်ညိုပြီးသော သူတို့အား အလွန်ပွါးများ ခြင်းငှါ ဖြစ်၏၊ မြတ်စွာဘုရား၏ သာသနာတော်ကို ပြုအပ်သည် ဖြစ်၏၊ နောင်လာနောက်သားသည် ဒိဋ္ဌာနုဂတိသို့ လိုက်၏၊ ထိုသူ၏စိတ်သည် ကြည်လင်၏။

အိမ်သို့ကပ်သော ရဟန်း၌ အပြစ်တို့သည် ငါးပါးတို့တည်း၊ အနာမန္တစာရသိက္ခာပုဒ်၌ (ဟော အပ်သော အာပတ်သို့)ရောက်၏၊ ရဟောနိသဇ္ဇ သိက္ခာပုဒ်၌ (ဟောအပ်သော အာပတ်သို့)ရောက်၏၊ ပဋိစ္ဆန္နာသနသိက္ခာပုဒ်၌ (ဟောအပ်သော အာပတ်သို့)ရောက်၏၊ မိန်းမအား ခြောက်ပုဒ် ငါးပုဒ် ထက် အလွန် တရားကို ဟောသည် ဖြစ်၍(အာပတ်သို့)ရောက်၏၊ များသော ကာမဂုဏ်နှင့်စပ်သော အကြံအစည် ရှိသည်ဖြစ်၍လည်း နေ၏။

http://www.dhammadownload.com



အချိန်အခါကို လွန်၍ အိမ်တို့၌ ရောနှောသည် ဖြစ်၍ နေသော အိမ်သို့ ကပ်သော ရဟန်း၏ အပြစ်တို့သည် ငါးပါးတို့တည်း။ မာတုဂါမကို မပြတ်မြင်နေ၏၊ မပြတ်မြင်သည်ရှိသော် (ကိုယ်လက်မသည်)နှီးနှောခြင်း ဖြစ်၏၊ နှီးနှောသည်ရှိသော် အကျွမ်းဝင်ခြင်းဖြစ်၏၊ အကျွမ်းဝင်သည်ရှိသော် (ကိလေသာဘက်သို့)သက်ဝင်ခြင်း ဖြစ်၏၊ (ကိလေသာဘက်သို့) သက်ဝင်သော စိတ်ရှိသော ရဟန်း၏ ဤဆိုလတ္တံ့သော အပြစ်ကို အလိုရှိအပ်၏၊ မမွေ့လျော်သည် ဖြစ်၍လည်း မြတ်သော အကျင့်ကို ကျင့်လတ္တံ့၊ တပါးသော ညစ်ညူးသော အာပတ်သို့လည်း ရောက်ရလတ္တံ့၊ သိက္ခာကိုချ၍ ယုတ်သော လူ့ဘောင်သို့ လည်လတ္တံ့ 'သိက္ခာချ၍ လူထွက်လတ္တံ့'။

မျိုးစေ့တို့သည် ငါးပါးတို့တည်း၊ အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အဆစ်မျိုးစေ့ အညွန့်မျိုးစေ့၊ အစေ့မျိုးစေ့သည်ပင် ငါးခုမြောက်တည်း။ ငါးပါးကုန်သော ရဟန်း၏ ကပ္ပိခြင်းတို့ဖြင့် သစ်သီးကို သုံးဆောင် (စား)အပ်၏၊ မီးဖြင့် ကပ္ပိခြင်း ထားငယ်ဖြင့် ကပ္ပိခြင်း လက်သည်းဖြင့် ကပ္ပိခြင်း အစေ့နုသော သစ်သီး အစေ့ထုတ်အပ်သော သစ်သီးသည်ပင် ငါးခုမြောက်တည်း။

စင်ကြယ်ခြင်း'ဝိသုဒ္ဓိ'တို့သည် (အာပတ်မှ စင်ကြယ်ကြောင်း ဝိသုဒ္ဓိမည်သော ပါတိမောက်ပြခြင်းတို့သည်)ငါးပါးတို့တည်း။ နိဒါန်းကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားအပ်၏၊ ဤသည်ကား ရှေးဦးစွာသော ဝိသုဒ္ဓိ (ပါတိမောက်ပြခြင်း)တည်း။ နိဒါန်းကို ပြပြီး၍ ပါရာဇိကလေးပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားအပ်၏၊ ဤသည်ကား နှစ်ခုမြောက် ဝိသုဒ္ဓိတည်း။ နိဒါန်းကို ပြပြီး၍ ပါရာဇိကလေးပါးတို့ကို ပြပြီး၍ သံဃာဒိသိသ် တဆယ့်သုံးပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားအပ်၏၊ ဤသည်ကား သုံးခုမြောက် ဝိသုဒ္ဓိတည်း။ နိဒါန်းကို ပြပြီး၍ ပါရာဇိက လေးပါးတို့ကို ပြပြီး၍ သံဃာဒိသိသ် တဆယ့်သုံးပါးတို့ကို ပြပြီး၍ အနိယတနှစ်ပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားအပ်၏၊ ဤသည်ကား လေးခုမြောက် ဝိသုဒ္ဓိတည်း။ အကျယ်ပြခြင်း သည်ပင်လျှင် ငါးခုမြောက် ဝိသုဒ္ဓိတည်း။

အခြားဝိသုဒ္ဓိတို့သည် ငါးပါးတို့တည်း၊ သုတ္တုဒ္ဒေသဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ်၊ ပဝါရဏာ (ကိုးပါး)၊သာမဂ္ဂီ ဥပုသ်သည်ပင်လျှင် ငါးခုမြောက်တည်း။

ဝိနည်းဓိုရ်ပုဂ္ဂိုလ်၌ အကျိုး'အာနိသင်'တို့သည် ငါးပါးတို့တည်း၊ မိမိ၏ သီလဂုဏ်သည် ကောင်းစွာ လုံခြုံစေအပ်သည် ကောင်းစွာ စောင့်ရှောက်အပ်သည် ဖြစ်၏၊ ကုက္ကုစ္စ နှိပ်စက်သော ရဟန်းတို့၏ ကိုးကွယ်ရာဖြစ်၏၊ ရဲရင့်သည် ဖြစ်၍ သံဃာ့အလယ်၌ ပြောဆို၏၊ ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာ နှိပ်နင်းနိုင်၏၊ သူတော်ကောင်း တရား၏ တည်ခြင်းငှါ ကျင့်၏။

တရားနှင့် မလျော်သော ပါတိမောက် ထားခြင်းတို့သည် ငါးပါးတို့တည်း၊ တရားနှင့်လျော်သော ပါတိမောက် ထားခြင်းတို့သည် ငါးပါးတို့တည်း။

ပဥ္စက ပြီး၏။

ထို ပဥ္စက၏ အကျဉ်းချုပ်—

အာပတ္တိပဥ္စက၊ အာပတ္တိက္ခန္ဓပဥ္စက၊ ဝိနီတဝတ္ထုပဥ္စက၊ အာနန္တရိကကမ္မပဥ္စက၊ နိယတပုဂ္ဂလ ပဥ္စက၊ ဆေဒနကာပတ္တိပဥ္စက၊ အာပဇ္ဇတိပဥ္စက၊ မုသာဝါဒပစ္စယာပဥ္စက၊ နဥပေတိပဥ္စက၊

http://www.dhammadownload.com



ဥပေတိပဋ္ဌာ၊ ကပ္ပဋ္ဌိပဋ္ဌာ၊ ဥသင်္ကိတပဋ္ဌာ၊ တေလပဋ္ဌာ၊ ဝသပဋ္ဌာ၊ ဗျသနပဋ္ဌာ၊ သမ္ပဒါပဋ္ဌာ၊ နိဿယပဋ္ဋိပဿဒ္ဓိပဋ္ဌာ၊ နုပသမ္ပာဒေတဗ္ဗပုဂ္ဂလပဋ္ဌာ။

သောသာနိကပဋ္ဌာ၊ ဂေါ်လိယိတပဋ္ဌာ၊ ထေယျာဝဟာရပဋ္ဌာ၊ မဟာစောရပဋ္ဌာ ကိုလည်း ဆိုအပ်၏၊ အဝိဿဇ္ဇိကပဋ္ဌာ၊ အဝေဘင်္ဂိယပဋ္ဌာ၊ ကာယတော သမုဋ္ဌာနဋ္ဌိပဋ္ဌာ၊ ကာယဝါစတော သမုဋ္ဌာနဋ္ဌိပဋ္ဌာ။

ဒေသနာဂါမိနီပဋ္ဌာ၊ သံဃပဋ္ဌာ၊ ပါတိမောက္ခုဒ္ဒေသပဋ္ဌာ၊ ပစ္စန္တိမပဋ္ဌာ၊ ကထိနတ္ထာရာနိသံသပဋ္ဌာ၊ ကမ္မပဋ္ဌာ၊ ယာဝတတိယကပဋ္ဌာ၊ ပါရာဇိကပဋ္ဌာ၊ ထုလ္လစ္စယပဋ္ဌာ၊ ဒုက္ကဋပဋ္ဌာ။

အကပ္ပိယပဋ္ဌာ၊ ကပ္ပိယပဋ္ဌာ၊ အပုညပဋ္ဌာ၊ ဒုပ္ပဋိဝိနောဒယပဋ္ဌာ၊ သမ္မဇ္ဇနာနိသံသပဋ္ဌာ၊ အပရသမ္မဇ္ဇနာနိသံသပဋ္ဌာ၊ ဘာသပရိယန္တပဋ္ဌာ၊ အာပတ္တိပဋ္ဌာ။

အဓိကရဏပဋ္ဌာ၊ ဝတ္ထုပဋ္ဌာ၊ ဥ တ္တိပဋ္ဌာ၊ နာပတ္တိပဋ္ဌာ၊ ဥဘယပဋ္ဌာ၊ ရှစ်ခုမြောက်သော လဟုကပဋ္ဌာ၊ ဤပဋ္ဌာကရှစ်ပါးတို့ကို ကဏှပက္ခ သုက္ကပက္ခတို့ ဟူ၍ သိကုန်ရာ၏။

အာရညကင် ခုတင်၊ ပိဏ္ဍပါတ်ခုတင်၊ ပံသုကူ ခုတင်၊ ရုက္ခမူခုတင်၊ သုသာန်ခုတင်၊ အဗ္ဘောကာသိက ခုတင်၊ တိစီဝရိက်ခုတင်၊ သပဒါနစာရိကခုတင်၊ နေသဇ္ဇိကခုတင်။

ယထာသန္ထတိ ခုတင်၊ ခလုပစ္ဆာဘတ္တိခုတင်၊* ပတ္တပိဏ်ခုတင်၊ ဥပေါသထပဋ္ဌာ၊ ပဝါရဏာပဋ္ဌာ၊ အာပတ္တာနာပတ္တိပဋ္ဌာ၊ ဤပဋ္ဌာကသုံးပါးတို့သည်ကား ကဏှပက္ခ သုက္ကပက္ခပုဒ်တို့တည်း၊ ရဟန်းမိန်းမတို့၏လည်း ထိုပဋ္ဌာကသုံးပါးတို့သည် ထိုအတူပင်တည်း။

အပါသာဒိကပဋ္ဌာ၊ ပါသာဒိကပဋ္ဌာ၊ ထိုမှတပါး အပရအပါသာဒိကပဋ္ဌာ၊ အပရပါသာဒိကပဋ္ဌာ နှစ်ပါး၊ ကုလူပကပဋ္ဌာ၊ အတိဝေလပဋ္ဌာ၊ ဗီဇဗာတပဋ္ဌာ၊ သမဏကပ္ပပဋ္ဌာ။

ဝိသုဒ္ဓိပဋ္ဌာ၊ အပရဝိသုဒ္ဓိပဋ္ဌာ၊ ဝိနယဓရပဋ္ဌာ၊ အဓမ္မိကပါတိမောက္ခဋ္ဌပနပဋ္ဌာ၊ ဓမ္မိကပါတိမောက္ခဋ္ဌပနပဋ္ဌာ၊ ထိုသို့သော အခြင်းအရာအားဖြင့် ဟောအပ်ကုန်သော သုဒ္ဓိပဋ္ဌာကတို့သည် ပြီးကုန်၏။

ဤကား အကျဉ်းချုပ်တည်း။

---

## ၆-ဆက္ကဝါရ

၃၂၆။ အဂါရဝတို့သည် ခြောက်ပါးတို့တည်း။ ဂါရဝတို့သည် ခြောက်ပါးတို့တည်း။ ဝိနီတဝတ္ထုတို့သည် ခြောက်ပါးတို့တည်း။ သာမီစိတို့သည် ခြောက်ပါးတို့တည်း။ အာပတ်သင့်ခြင်းအကြောင်းသမုဋ္ဌာန်တို့သည် ခြောက်ပါးတို့တည်း။ ဆေဒနကအာပတ်တို့သည် ခြောက်ပါးတို့တည်း။ ခြောက်ပါးသော အကြောင်းတို့ဖြင့် အာပတ်သို့ ရောက်၏။ ဝိနည်းခိုရ်၌ အကျိုး 'အာနိသင်' တို့သည် ခြောက်ပါးတို့တည်း။ ပရမတို့သည် ခြောက်ပါးတို့တည်း။ ခြောက်ညဉ့်ပတ်လုံး သင်္ကန်းသုံးထည် 'တိစီဝရိက်' နှင့် ကင်း၍ နေအပ်၏၊ သင်္ကန်းတို့သည် ခြောက်ပါးတို့တည်း။ ဆိုးရည်တို့သည် ခြောက်ပါးတို့တည်း။ ခြောက်ပါးသော အာပတ်တို့သည် ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ခြောက်ပါးသော အာပတ်တို့သည် နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ ကိုယ်

---

* ခုတင်အကျဉ်းချုပ်ဂါထာ၌ ကောသနိက်ခုတင်မပါ။

http://www.dhammadownload.com



ကြောင့် မဖြစ်ကုန်။ ခြောက်ပါးသော အာပတ်တို့သည် ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။ ကံတို့သည် ခြောက်ပါးတို့တည်း။ ငြင်းခုံခြင်း 'ဝိဝါဒ'၏ အကြောင်းတို့သည် ခြောက်ပါးတို့တည်း။ စွပ်စွဲခြင်း 'အနုဝါဒ'၏ အကြောင်းတို့သည် ခြောက်ပါးတို့တည်း။ အသက်ထက်ဆုံး မမေ့စေအပ်သော တရားတို့သည် ခြောက်ပါးတို့တည်း။ မြတ်စွာဘုရား အထွာတော်ဖြင့် အလျားခြောက်ထွာ၊ အနံခြောက်ထွာ။ (နိဿရည်း)ဆရာမှ နိဿရည်း ငြိမ်းခြင်းတို့သည် ခြောက်ပါးတို့တည်း။ (လခွဲအတွင်း)ရေချိုးရာ၌ နောက်ထပ်ပညတ် 'အနုပညတ်'တို့သည် ခြောက်ပါးတို့တည်း။ ချုပ်၍ မပြီးသေးသော သင်္ကန်းကို ယူ၍ ဖဲသွား၏။ ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူ၍ ဖဲသွား၏။

ခြောက်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအပ်၏၊ မှီရာ 'နိဿရည်း'ကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန'ဂုဏ်နှင့် ပြည့်စုံ၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။

အခြား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအပ်၏၊ မှီရာ'နိဿရည်း'ကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်၌ ဆောက်တည်စေတတ်၏၊ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်၌ ဆောက်တည်စေတတ်၏၊ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်၌ ဆောက်တည်စေတတ်၏၊ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ဂုဏ်နှင့် ပြည့်စုံ၏၊' သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ဂုဏ်၌ ဆောက်တည်စေတတ်၏၊ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန'ဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန'ဂုဏ်၌ ဆောက်တည်စေတတ်၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်းဖြစ်၏။

အခြားခြောက်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည်လည်း(ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေးအပ်၏၊ မှီရာ'နိဿရည်း'ကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။ ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏၊ အရှက်'ဟိရီ'ရှိ၏၊ ဒုစရိုက်မှ ကြောက်လန့်ခြင်း'ဩတ္တပ္ပ'ရှိ၏၊ လုံ့လဝီရိယရှိ၏၊ သတိ တည်မြဲ၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။

အခြား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေးအပ်၏၊ မှီရာ'နိဿရည်း'ကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏၊ လွန်မြတ်သော သီလပျက်စီးခြင်း မရှိ၊ လွန်မြတ်သော အကျင့်ပျက်စီးခြင်းမရှိ၊ လွန်မြတ်သော အယူပျက်စီးခြင်းမရှိ၊ အကြားအမြင်များ၏၊ ပညာရှိ၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။

http://www.dhammadownload.com



အခြား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေးအပ်၏၊ မှီရာ'နိဿရည်း'ကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။ နာဖျားသော အနီးနေတပည့် အတူနေတပည့်တို့ကို လုပ်ကျွေးခြင်းငှါသော်၎င်း လုပ်ကျွေးစေခြင်းငှါသော်၎င်း စွမ်းနိုင်၏၊ မမွေ့လျော်သော တပည့်ကို အရပ်တပါးသို့ ခေါ်ဆောင်ခြင်းငှါသော်၎င်း ခေါ်ဆောင်စေခြင်းငှါသော်၎င်း စွမ်းနိုင်၏၊ ဖြစ်ပေါ်လာသော တွေးတောမှု'သံသယကုက္ကုစ္စ' ကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ အာပတ်ကို သိ၏၊ အာပတ်မှ ထမြောက်ခြင်းကိုလည်း သိ၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။

အခြား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေးအပ်၏၊ မှီရာ 'နိဿရည်း'ကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။ အနီးနေတပည့် အတူနေတပည့်တို့ကို မြင့်မြတ်သော ကျင့်ဝတ်သိက္ခာ၌ ကျင့်စေခြင်းငှါ စွမ်းနိုင်၏၊ အကျင့်မြတ်၏ အစဖြစ်သော သိက္ခာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ အဘိဓမ္မာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ အလုံးစုံသော ဝိနည်းပိဋကတ် 'အဘိဝိနယ'၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ ဖြစ်ပေါ်လာသော အယူ မှားကို တရားသဖြင့် ဖြေချွတ်စိမ့်သောငှါ စွမ်းနိုင်၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။

အခြား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအပ်၏၊ မှီရာ 'နိဿရည်း'ကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။ အာပတ်သင့်သည်ကို သိ၏။ အာပတ်မသင့်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ ထိုရဟန်းသည် ပါတိမောက် နှစ်ပါးတို့ကို အကျယ်ရ၏၊ ကောင်းစွာ ဝေဖန်နိုင်၏၊ ကောင်းစွာ ဖြစ်ခြင်းရှိ၏၊ ကျေကျေပြွန်ပြွန်ရ၏၊ သုတ် 'မာတိကာ' အားဖြင့်ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း 'ဝိဘင်းအကျယ်' အားဖြင့်ဖြစ်စေ ကောင်းစွာ ဆုံးဖြတ်နိုင်၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။

အဓမ္မိကဖြစ်သော ပါတိမောက်ထားခြင်းတို့သည် ခြောက်ပါးတို့တည်း၊ ဓမ္မိကဖြစ်သော ပါတိမောက် ထားခြင်းတို့သည် ခြောက်ပါးတို့တည်း။

ဆက္က ပြီး၏။

ထိုဆက္က၏ အကျဉ်းချုပ်—

အဂါရဝဆက္က၊ ဂါရဝဆက္က၊ ဝိနီတဝတ္ထုဆက္က၊ သာမိစိဆက္က၊ အာပတ္တိသမုဋ္ဌာနဆက္က၊ ဆေဒနက ဆက္က၊ အာကာရဆက္က၊ အာနိသံသဆက္က။

ပရမဆက္က၊ ဆာရတ္တဆက္က၊ စီဝရဆက္က၊ ရဇနဆက္က၊ ကာယစိတ္တဆက္က၊ ဝါစာစိတ္တဆက္က။ ကာယဝါစာစိတ္တဆက္က၊ ကမ္မဆက္က၊ ဝိဝါဒမူလဆက္က၊ အနုဝါဒမူလဆက္က၊ ဒီဃသောဆက္က၊ တိရိယဆက္က၊ နိဿယပဋိပဿဒ္ဓိဆက္က။

အနုပညတ္တိဆက္က၊ အာဒါယဆက္က၊ သမာဒါယဆက္က၊ ထိုမှတပါးလည်း အသေခဆက္က၊ သမာဒပေတာဆက္က၊ သဋ္ဌါဆက္က၊ အဓိသီလဆက္က၊ ဂိလာနဆက္က၊ အာဘိသမာစာရိကဆက္က၊ အာပတ္တိဆက္က၊ အဓမ္မိက ပါတိမောက္ခဋ္ဌပနဆက္က၊ ဓမ္မိကပါတိမောက္ခဋ္ဌပနဆက္က။

ဤကား အကျဉ်းချုပ်တည်း။

http://www.dhammadownload.com



## ၇-သတ္တကဝါရ

၃၂၇။ အာပတ်တို့သည် ခုနစ်ပါးတို့တည်း။ အာပတ်အစုတို့သည် ခုနစ်ပါးတို့တည်း။ ဝိနီတဝတ္ထုတို့သည် ခုနစ်ပါးတို့တည်း။ သာမိစိတို့သည် ခုနစ်ပါးတို့တည်း။ မတရားသဖြင့် ဝန်ခံခြင်းတို့သည် ခုနစ်ပါးတို့တည်း။ တရားသဖြင့် ဝန်ခံခြင်းတို့သည် ခုနစ်ပါးတို့တည်း။ ခုနစ်ယောက်သောသူတို့၏ ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားခြင်းငှါ (အပ်၏)အာပတ်မသင့်။ ဝိနည်းမိုရ်ပုဂ္ဂိုလ်၌ အကျိုး'အာနိသင်'တို့သည် ခုနစ်ပါးတို့တည်း။ (ဒသာဟပရမစသော)ပရမတို့သည် ခုနစ်ပါးတို့တည်း။ ခုနစ်ရက်မြောက်သော အရုဏ်တက်ခြင်း၌ စွန့်အပ်၏၊ သမထတို့သည် ခုနစ်ပါးတို့တည်း။ ကံတို့သည် ခုနစ်ပါးတို့တည်း။ စပါးစိမ်းတို့သည် ခုနစ်ပါးတို့တည်း။ အနံ့ဖီလာမှ ခုနစ်တောင်။ ဂဏဘောဇဉ်၌ အနုပညတ်တို့သည် ခုနစ်ပါးတို့တည်း။ ဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက်ပတ်လုံး သိုမှီး 'သိမ်းဆည်း'ခြင်းကို ပြု၍ သုံးဆောင်အပ်ကုန်၏။

ပြုပြီးသော သက်နိုးကို ယူ၍ ဖဲသွား၏။ ပြုပြီးသော သက်နိုးကို ဆောက်တည်၍ ဖဲသွား၏။ ရဟန်းအား ရှုအပ်သော အာပတ်သည် မရှိ။ ရဟန်းအား ရှုအပ်သော အာပတ်သည် ရှိ၏။ ရဟန်းအား ရှုအပ်သော အာပတ်သည် ရှိ၏။ အမမ္မိက ဖြစ်သော ပါတိမောက်ထားခြင်းတို့သည် ခုနစ်ပါးတို့တည်း။ ဓမ္မိကဖြစ်သော ပါတိမောက်ထားခြင်းတို့သည် ခုနစ်ပါးတို့တည်း။

ခုနစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းမိုရ် ဖြစ်၏။ အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ သီလရှိ၏၊ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည် ဖြစ်၍ အကျင့်အာစာရ ကျက်စားရာဂေါစရနှင့် ပြည့်စုံသည် ဖြစ်၍ နေ၏၊ အဏုမြူမျှလောက်သော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏၊ အလွန်စင်ကျယ်သောစိတ် 'ဥပစာရဈာန်စိတ်'၌ ဖြစ်သော မျက်မှောက်သော ကိုယ်အဖြစ်၌ ချမ်းသာစွာ နေခြင်းဖြစ်သော လေးပါးသော ဈာန်တို့ကို အလိုရှိတိုင်း ရ၏၊ မဆင်းရဲသဖြင့် ရ၏၊ မငြိုငြင်သဖြင့် ရ၏၊ အာသဝေါတရားတို့သည်လည်း ကုန်ခြင်းကြောင့် အာသဝေါမှ ကင်းသော အရဟတ္တဖိုလ်နှင့်ယှဉ်သောသမာဓိ အရဟတ္တဖိုလ်နှင့်ယှဉ်သော ပညာကို မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေ၏။

အခြား အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း ဝိနည်းမိုရ်ဖြစ်၏၊ အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကိုသိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ များသော အကြားအမြင်ရှိ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏။

အကြင်တရားတို့သည် အစ၌ကောင်းကုန်၏၊ အလယ်၌ ကောင်းကုန်၏၊ အဆုံး၌ ကောင်းကုန်၏၊ အနက်နှင့် ပြည့်စုံကုန်၏၊ သဒ္ဒါနှင့် ပြည့်စုံကုန်၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ဟောတတ်ကုန်၏၊ ထိုသို့ သဘောရှိကုန်သော တရားတို့သည် ထိုရဟန်းအား များသော အကြားအမြင် ရှိကုန်၏၊ ဆောင်အပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ကုန်၏၊ စိတ်ဖြင့် အဖန်တလဲလဲ ဆင်ခြင်အပ်ကုန်၏၊ ဉာဏ်ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။

http://www.dhammadownload.com



အလွန်စင်ကြယ်သောစိတ် 'ဉပစာရစျာန်စိတ်'၌ ဖြစ်သော မျက်မှောက်သော ကိုယ်အဖြစ်၌ ချမ်းသာစွာနေခြင်း ဖြစ်သော လေးပါးသော ဈာန်တို့ကို အလိုရှိတိုင်း ရ၏၊ မဆင်းရဲသဖြင့် ရ၏၊ မငြိုငြင်သဖြင့် ရ၏။

အာသဝေါတရားတို့၏လည်း ကုန်ခြင်းကြောင့် အာသဝေါမှကင်းသော အရဟတ္တဖိုလ်နှင့်ယှဉ်သောသမာဓိ အရဟတ္တဖိုလ်နှင့်ယှဉ်သော ပညာကို မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် မိမိကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေ၏။

အခြားအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော ရဟန်းသည်လည်း ဝိနည်းဓိုရ်ဖြစ်၏၊ အာပတ်ကိုသိ၏၊ အာပတ်မဟုတ်သည်ကိုသိ၏၊ ပေါ့သော အာပတ်ကိုသိ၏၊ လေးသော အာပတ်ကို သိ၏၊ ထိုရဟန်းသည် ပါတိမောက် နှစ်ပါးတို့ကို အကျယ်ရ၏၊ ကောင်းစွာဝေဖန်နိုင်၏၊ ကောင်းစွာဖြစ်ခြင်းရှိ၏၊ 'ကျေကျေပွန်ပွန်ရ၏'၊ သုတ် 'မာတိကာ'အားဖြင့်ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း 'ဝိဘင်းအကျယ်' အားဖြင့်ဖြစ်စေ ကောင်းစွာဆုံးဖြတ်နိုင်၏။

အလွန်စင်ကြယ်သောစိတ် 'ဉပစာရစျာန်စိတ်'၌ဖြစ်သော မျက်မှောက်သော ကိုယ်အဖြစ်၌ ချမ်းသာစွာနေခြင်းဖြစ်သော လေးပါးသော ဈာန်တို့ကို အလိုရှိတိုင်းရ၏၊ မဆင်းရဲသဖြင့် ရ၏၊ မငြိုငြင်သဖြင့် ရ၏၊ အာသဝေါတရားတို့၏လည်း ကုန်ခြင်းကြောင့် အာသဝေါမှ ကင်းသော အရဟတ္တဖိုလ်နှင့် ယှဉ်သောသမာဓိ အရဟတ္တဖိုလ်နှင့်ယှဉ်သော ပညာကို မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေ၏။

အခြားအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော ရဟန်းသည်လည်း ဝိနည်းဓိုရ်ဖြစ်၏၊ အာပတ်ကိုသိ၏၊ အာပတ်မဟုတ်သည်ကိုသိ၏၊ ပေါ့သောအာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ တပါးမက များသောအပြားရှိသော ရှေး၌ဖြစ်ဘူးသော ဘဝကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏၊ ဤရှေး၌ ဖြစ်ဘူးသော ဘဝဟူသည် အဘယ်နည်း၊ တဘဝကိုရှင်း နှစ်ဘဝတို့ကိုရှင်း သုံးဘဝတို့ကိုရှင်း လေးဘဝတို့ကိုရှင်း ငါးဘဝတို့ကိုရှင်း ဆယ်ဘဝတို့ကိုရှင်း ဘဝနှစ်ဆယ်တို့ကိုရှင်း ဘဝသုံးဆယ်တို့ကိုရှင်း ဘဝလေးဆယ်တို့ကိုရှင်း ဘဝငါးဆယ်တို့ကိုရှင်း ဘဝတရာကိုရှင်း ဘဝတထောင်ကိုရှင်း ဘဝတသိန်းကိုရှင်း များပြားသော ပျက်ဆဲ'သံဝဋ္ဋ'ကပ်တို့ကိုရှင်း များပြားသော ဖြစ်ဆဲ 'ဝိဝဋ္ဋ' ကပ်တို့ကိုရှင်း များပြားသော ပျက်ဆဲဖြစ်ဆဲ 'သံဝဋ္ဋဝိဝဋ္ဋ'ကပ်တို့ကိုရှင်း(အစဉ်လျှောက်၍ အောက်မေ့နိုင်၏)။ "ဤမည်သောဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်'အမျိုး'ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် (တတိယ)ဘဝမှ သေခဲ့၍ ဤ(ဒုတိယ)ဘဝ၌ ထင်ရှားဖြစ်ပြန်၏၊ ထို(ဒုတိယ)ဘဝ၌လည်း (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့ အနွယ် 'အမျိုး' ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထို(ဒုတိယ)ဘဝမှ သေခဲ့၍ ဤယခု (ပစ္စုပ္ပန်)ဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့ (အစဉ်လျှောက်၍ အောက်မေ့နိုင်၏)။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်)နှင့်တကွ တပါးမက များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏၊

အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်း

http://www.dhammadownload.com



လှသော သတ္တဝါ အဆင်း မလှသော သတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကိုမြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှင့်ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့်'ဝစီဒုစရိုက်'နှင့်ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ဖရိုဖရဲကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှင့်ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲခြင်းမှ ကင်းကုန်၏၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ လူ့ပြည် နတ်ပြည် 'သုဂတိ'၌ ဖြစ်ပေါ်ကုန်၏၊" ဟု (ဤသို့သိ၏)။

ဤသို့လျှင် အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်နေဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။

အာသဝေါတရားတို့၏လည်း ကုန်ခြင်းကြောင့် အာသဝေါမှ ကင်းသော အရဟတ္တဖိုလ်နှင့် ယှဉ်သော သမာဓိ, အရဟတ္တဖိုလ်နှင့် ယှဉ်သော ပညာကို မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍နေ၏။

အခြား အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည်လည်း တင့်တယ်၏၊ အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏၊ အလွန်စင်ကြယ်သော စိတ်'ဥပစာရစျာန်စိတ်'၌ ဖြစ်သော မျက်မှောက်သောကိုယ်၌ ချမ်းသာစွာ နေခြင်းဖြစ်သော လေးပါးသော ဈာန်တို့ကို အလိုရှိတိုင်းရ၏၊ မဆင်းရဲသဖြင့် ရ၏၊ မငြိုငြင်သဖြင့် ရ၏၊ အာသဝေါတရားတို့၏လည်း ကုန်ခြင်းကြောင့် အာသဝေါမှ ကင်းသော ရာဂမှ လွတ်သော အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိ 'စေတောဝိမုတ္တိ' ကို အဝိဇ္ဇာမှ လွတ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ပညာ 'ပညာဝိမုတ္တိ'ကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေ၏။

အခြား အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည်လည်း တင့်တယ်၏၊ အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ များသော

http://www.dhammadownload.com



အကြားအမြင်ရှိ၏။ပ။ ဉာဏ်ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏၊ အလွန်စင်ကြယ်သော စိတ် 'ဥပစာရရျာန်စိတ်'၌ ဖြစ်သော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေခြင်းဖြစ်သော လေးပါးသော ဈာန်တို့ကို အလိုရှိတိုင်းရ၏၊ မဆင်းရဲသဖြင့် ရ၏၊ မငြိုငြင်သဖြင့်ရ၏၊ အာသဝေါတရား တို့၏ ကုန်ခြင်းကြောင့် အာသဝေါမှ ကင်းသော အရဟတ္တဖိုလ်နှင့် ယှဉ်သော သမာဓိကို အရဟတ္တဖိုလ် နှင့် ယှဉ်သော ပညာကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍နေ၏။

အခြား အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည်လည်း တင့်တယ်၏၊ အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ ထိုဝိနည်းဓိုရ် ပုဂ္ဂိုလ်အား ပါတိမောက် နှစ်ပါးတို့ကို အကျယ်ရ၏၊ ကောင်းစွာ ဝေဖန်နိုင်၏၊ ကောင်းစွာဖြစ်ခြင်းရှိ၏၊ 'ကျေကျေပြွန်ပြွန်ရ၏၊ သုတ်'မာတိကာ'အားဖြင့်ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း 'ဝိဘင်းအကျယ်'အားဖြင့် ဖြစ် စေ ကောင်းစွာ ဆုံးဖြတ်နိုင်၏၊ အလွန်စင်ကြယ်သောစိတ်'ဥပစာရရျာန်စိတ်'၌ဖြစ်သော မျက်မှောက် သော ကိုယ်အဖြစ်၌ ချမ်းသာစွာ နေခြင်း ဖြစ်သော လေးပါးသော ဈာန်တို့ကို အလိုရှိတိုင်းရ၏၊ မဆင်းရဲသဖြင့် ရ၏၊ မငြိုငြင်သဖြင့် ရ၏၊ အာသဝေါတရားတို့၏လည်း ကုန်ခြင်းကြောင့် အာသဝေါ တရားမှ ကင်းသော အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိကို အရဟတ္တဖိုလ်နှင့် ယှဉ်သော ပညာကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍နေ၏။

အခြား အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည်လည်း တင့်တယ်၏၊ အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ များလှ စွာသော ရှေး၌ နေဘူးသော ဘဝကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏၊ ဤရှေး၌နေဘူးသောဘဝ ဟူသည်ကား အဘယ်နည်း၊ တဘဝကိုငင်း နှစ်ဘဝတို့ကိုငင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ဖြစ် သော ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ ဖြစ်သော များလှစွာသော ရှေး၌နေဘူးသော ဘဝကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏။

အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်း သောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။ပ။ ဤသို့ အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု ဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာ ရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားမှ ကင်းသော အရဟတ္တဖိုလ်နှင့် ယှဉ်သော သမာဓိကို အရဟတ္တ ဖိုလ်နှင့်ယှဉ်သော ပညာကို မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသောဉာဏ် ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်၍နေ၏။

မသူတော်တရားတို့သည် ခုနစ်ပါးတို့တည်း။ ယုံကြည်မှု'သဒ္ဓါ'မရှိသူ ဖြစ်၏၊ အရှက်'ဟိရီ'မရှိသူ ဖြစ်၏၊ ကြောက်လန့်ခြင်း 'ဩတ္တပ္ပ'မရှိသူ ဖြစ်၏၊ အကြားအမြင်မရှိသူ ဖြစ်၏၊ ပျင်းရိသူ ဖြစ်၏၊ လွတ် သော သတိရှိသူ ဖြစ်၏၊ ပညာမရှိသူ ဖြစ်၏။

http://www.dhammadownload.com



သူတော်ကောင်းတရားတိသည် ခုနစ်ပါးတို့တည်း။ ယုံကြည်မှု 'သဒ္ဓါ'ရှိ၏၊ အရှက် 'ဟိရီ'ရှိ၏၊ ကြောက်လန့်ခြင်း 'ဩတ္တပ္ပ'ရှိ၏၊ များသော အကြားအမြင်ရှိ၏၊ အားထုတ်အပ်သော လုံ့လရှိ၏၊ ထင်သော သတိရှိ၏၊ ပညာရှိ၏။

သတ္တက ပြီး၏။

ယိုသတ္တက၏ အကျဉ်းချုပ်—

အာပတ္တိသတ္တက၊ အာပတ္တိက္ခန္ဓသတ္တက၊ ဝိနီတဝတ္ထုသတ္တက၊ သာမီစိသတ္တက၊ အဓမ္မိက ပဋိညာတကရဏသတ္တက၊ ဓမ္မိက ပဋိညာတကရဏသတ္တက၊ အနာပတ္တိသတ္တာဟသတ္တက။

အာနိသံသသတ္တက၊ ပရမသတ္တက၊ အရုဏုဂ္ဂမနသတ္တက၊ သမထသတ္တက၊ ကမ္မသတ္တက၊ အာမကဓညသတ္တက၊ တိရိယသတ္တက၊ ဂဏဘောဇနသတ္တက။

သတ္တာဟပရမသတ္တက၊ အာဒိယသတ္တက၊ သမာဒိယသတ္တက၊ ထိုမှတပါးလည်း န ဟောတိ ဒဠှမ္ဗသတ္တက၊ ဟောတိ ဒဠှမ္ဗသတ္တက၊ ဟောတိ ပဋိကာတမ္ဗသတ္တက၊ အဓမ္မိကပါတိမောက္ခဋ္ဌပန သတ္တက၊ ဓမ္မိကပါတိမောက္ခဋ္ဌပနသတ္တက။

လေးယောက်ကုန်သော ဝိနည်းမိုရ် ရဟန်းတို့ကိုင်း၊ တင့်တယ်ကုန်သော လေးယောက်သော ရဟန်းတို့ကိုင်း၊ ခုနစ်ပါးကုန်သော မသူတော်တရားတို့ကိုင်း၊ ဤအတူ ခုနစ်ပါးကုန်သော သူတော်ကောင်းတရားတို့ကိုင်း မြတ်စွာဘုရားကိုသည် ကောင်းစွာ ဟောအပ်ကုန်၏။

ဤကား အကျဉ်းချုပ်တည်း။

---

## ၈-အဋ္ဌကဝါရ

၃၂၈။ ရှစ်ပါးသောအကျိုး'အာနိသင်'တို့ကို ကောင်းစွာ မြင်သော သံဃာသည် ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် မနှင်ထုတ်အပ်။

ရှစ်ပါးကုန်သော အကျိုး 'အာနိသင်'တို့ကို ကောင်းစွာ မြင်သဖြင့်ရင်း တပါးသော ရဟန်းတို့ကို ယုံကြည်သဖြင့်ရင်း ထိုအာပတ်ကို ဒေသနာကြားစေအပ်၏။

ယာဝတတိယ အာပတ်တို့သည် ရှစ်ပါးတို့တည်း။ ရှစ်ပါးသောအခြင်းအရာတို့ဖြင့် ဒါယကာတို့ကို ဖျက်ဆီး၏။ သင်္ကန်း၏ ဖြစ်ပေါ်စေခြင်းငှါ မာတိကာတို့သည် ရှစ်ပါးတို့တည်း။ ကထိန်နုတ်ခြင်း၏ မာတိကာတို့သည် ရှစ်ပါးတို့တည်း။ အဖျော်တို့သည် ရှစ်ပါးတို့တည်း။ ရှစ်ပါးသော မသူတော်တရား တို့သည် အလွန်နှိပ်စက်အပ်သည်ဖြစ်၍ ကုသိုလ်စိတ်ကုန်ခမ်းသောဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့၊ (အဝီစိ)ငရဲ၌ ဖြစ်လတ္တံ့၊ (အာယု)ကပ်ပတ်လုံး တည်လတ္တံ့၊ ကုစား၍ မရနိုင်တော့ချေ။

လောကဓံတရားတို့သည် ရှစ်ပါးတို့တည်း၊ ဂရုဓံတရားတို့သည် ရှစ်ပါးတို့တည်း၊ ပါဋိဒေသနီ အာပတ်တို့သည် ရှစ်ပါးတို့တည်း။ မုသာဝါဒ'မဟုတ်မမှန်ဆိုခြင်း'သည် အင်္ဂါရှစ်ပါးရှိ၏။ ဥပုသ်အင်္ဂါ

http://www.dhammadownload.com



တို့သည် ရှစ်ပါးတို့တည်း။ စေတမန်အင်္ဂါတို့သည် ရှစ်ပါးတို့တည်း။ တိတ္ထိဝတ်အကျင့်တို့သည် ရှစ်ပါးတို့တည်း။ မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ သဘောဖြစ်သော အံ့ဘွယ်တို့သည် ရှစ်ပါးတို့တည်း၊ ဤသာသနာတော် 'ဓမ္မဝိနယ'၌ မဖြစ်ဘူးမြဲသဘောဖြစ်သော အံ့ဘွယ်တို့သည် ရှစ်ပါးတို့တည်း။ အနတိရိတ်တို့သည် ရှစ်ပါးတို့တည်း။ အတိရိတ်တို့သည် ရှစ်ပါးတို့တည်း၊ ရှစ်ရက်မြောက်သော အရုဏ်တက်သောအခါ စွန့်အပ်၏၊ ပါရာဇိကတို့သည် ရှစ်ပါးတို့တည်း၊ ရှစ်ခုမြောက်သော ဝတ္ထုကို ပြည့်စေသော ရဟန်းမိန်းမကို ဖျက်ဆီးအပ်၏။

ရှစ်ခုမြောက်သော ဝတ္ထုကိုပြည့်စေသော ရဟန်းမိန်းမသည် ဒေသနာကြားအပ်သော်လည်း ဒေသနာမကြားအပ်သည် မည်၏၊ အဋ္ဌဝါစိကရဟန်းမိန်းမ၊ ရှစ်ယောက်သော ရဟန်းမိန်းမတို့အား ခရီးဦးကြိုဆိုအပ်၏၊ ရှစ်ယောက်သော ရဟန်းမိန်းမတို့အား နေရာကိုပေးအပ်၏၊ ရတနာသုံးပါးဆည်းကပ်သူ ဝိသာခါသည် ရှစ်ပါးသောဆုတို့ကို တောင်း၏၊ ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား ရဟန်းမိန်းမတို့ကို ဆုံးမတတ်သော 'ဘိက္ခုနောဝါဒက' ရဟန်းဟု သမုတ်အပ်၏၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်၌ အကျိုး 'အာနိသင်'တို့သည် ရှစ်ပါးတို့တည်း။ ပရမတို့သည် ရှစ်ပါးတို့တည်း။ တဿပါပိယသိကကံပြုအပ်သောရဟန်းသည် ရှစ်ပါးသော တရားတို့၌ ကောင်းစွာ ကျင့်အပ်၏။ တရားနှင့်မလျော်သော 'အဓမ္မိက' ပါတိမောက်ထားခြင်းတို့သည် ရှစ်ပါးတို့တည်း။ တရားနှင့်လျော်သော 'ဓမ္မိက'ပါတိမောက်ထားခြင်းတို့သည် ရှစ်ပါးတို့တည်း။

အဋ္ဌက ပြီး၏။

ထိုအဋ္ဌက၏ အကျဉ်းချုပ်—

နသောဘိက္ခုအဋ္ဌက၊ ပရေသံပိအဋ္ဌက၊ ယာဝတတိယကအဋ္ဌက၊ ကုလဒူသနအဋ္ဌက၊ စီဝရုပ္ပါဒ်မာတိကာ အဋ္ဌက၊ ကထိနုဗ္ဘာရမာတိကာ အဋ္ဌက၊ ပါနအဋ္ဌက၊ အသဒ္ဓမ္မအဘိဘူတအဋ္ဌက။

လောကဓမ္မအဋ္ဌက၊ ဂရုဓမ္မ အဋ္ဌက၊ ပါဋိဒေသနီယ အဋ္ဌက၊ မုသာဝါဒ အဋ္ဌက၊ ဥပေါသထင်္ဂ အဋ္ဌက၊ ဒူတေယျင်္ဂ အဋ္ဌက၊ တိတ္ထိယဝတ္တအဋ္ဌက၊ မဟာသမုဒ္ဒ အဗ္ဘုတဓမ္မအဋ္ဌက။

ဓမ္မဝိနယအဗ္ဘုတဓမ္မ အဋ္ဌက၊ အနတိရိတ္တ အဋ္ဌက၊ အတိရိတ္တအဋ္ဌက၊ နိဿဂ္ဂိယ အဋ္ဌက၊ ပါရာဇိက အဋ္ဌက၊ ပဋ္ဌမဝတ္ထုအဋ္ဌက၊ အဒေသိတ အဋ္ဌက၊ ဥပသမ္ပဒ အဋ္ဌက။

ပစ္စုဋ္ဌာတဗ္ဗအဋ္ဌက၊ အာသနအဋ္ဌက၊ဝရအဋ္ဌက၊ ဘိက္ခုနောဝါဒက အဋ္ဌက၊ အာနိသံသအဋ္ဌက၊ ပရမ အဋ္ဌက၊ အဋ္ဌဓမ္မဝတ္တန အဋ္ဌက၊ အဓမ္မိကပါတိမောက္ခဋ္ဌပန အဋ္ဌက၊ ဓမ္မိကပါတိမောက္ခဋ္ဌပနအဋ္ဌက၊ ဤသို့အဋ္ဌကတို့ကို ကောင်းစွာပြအပ်ကုန်၏။

ဤကား အကျဉ်းချုပ်တည်း။

---

## ၉-နဝကဝါရ

၃၂၉။ ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းတို့သည် ကိုးပါးတို့တည်း။ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ခြင်းဘို့သည် ကိုးပါးတို့တည်း။ ဝိနီတဝတ္ထုတို့သည် ကိုးပါးတို့တည်း။ ရှေးဦးစွာလွန်ကျူးဆဲ ခဏ၌ ရောက်သော 'ပဌမာပတ္တိက' အာပတ်တို့သည် ကိုးပါးတို့တည်း။ ပုဂ္ဂိုလ်ကိုးယောက်တို့ဖြင့် သံဃာသည်

http://www.dhammadownload.com



ကွဲပြား၏၊ မွန်မြတ်သော 'ပဏီတ' ဘောဇဉ်တို့သည် ကိုးပါးတို့တည်း။ ကိုးပါးသော အသားတို့ဖြင့် ဒုက္ကဋ်အာပတ် သင့်၏။ ပါတိမောက်ပြခြင်းတို့သည် ကိုးပါးတို့တည်း။ ပရမတို့သည် ကိုးပါးတို့တည်း။ တဏှာအရင်းရှိကုန်သော တရားတို့သည် ကိုးပါးတို့တည်း။ ဝိမာန်တို့သည် ကိုးပါးတို့တည်း။ သက်န်းကိုးထည်တို့ကို အဓိဋ္ဌာန်တင်အပ်ကုန်၏။ ဝိကပ္ပနာမပြုအပ်ကုန်။ အလျားမှ မြတ်စွာဘုရား၏ အထွာတော်ဖြင့် ကိုးထွာတို့တည်း။ အဓမ္မိကဖြစ်သော ပေးလှူခြင်းတို့သည် ကိုးပါးတို့တည်း။ အဓမ္မိကဖြစ်သော ခံယူခြင်းတို့သည် ကိုးပါးတို့တည်း။ အဓမ္မိကဖြစ်သော သုံးဆောင်ခြင်းတို့သည် ကိုးပါးတို့တည်း။ ဓမ္မိကဖြစ်သော ပေးလှူခြင်းတို့သည် သုံးပါးတို့တည်း။ ဓမ္မိကဖြစ်သော ခံယူခြင်းတို့သည် သုံးပါးတို့တည်း။ ဓမ္မိကဖြစ်သောသုံးဆောင်ခြင်းတို့သည် သုံးပါးတို့တည်း။ အဓမ္မိကဖြစ်သော သညတ္တိတို့သည် ကိုးပါးတို့တည်း။ ဓမ္မိကဖြစ်သော သညတ္တိတို့သည် ကိုးပါးတို့တည်း။ အဓမ္မကံ၌ နဝကတို့သည် နှစ်ပါးတို့တည်း။ ဓမ္မကံ၌နဝကတို့သည် နှစ်ပါးတို့တည်း။ အဓမ္မိကဖြစ်သော ပါတိမောက်ထားခြင်းတို့သည် ကိုးပါးတို့တည်း။ ဓမ္မိကဖြစ်သော ပါတိမောက်ထားခြင်းတို့သည် ကိုးပါးတို့တည်း။

နဝက ပြီး၏။

ထိုနဝက၏ အကျဉ်းချုပ်—

အာဃာတဂတ္ထုနဝက၊ အာဃာတပဋိဝိနယနဝက၊ ဝိနီတဝတ္ထုနဝက၊ ပဌမာပတ္တိကနဝက၊ ဘိက္ခုတိနဝက၊ ပဏီတဘောဇနနဝက၊ မံသနဝက၊ ပါတိမောက္ခုဒ္ဒေသနဝက၊ ပရမနဝက။

တဏှာမူလကနဝက၊ ဝိမာနနဝက၊ အဓိဋ္ဌာတဗ္ဗနဝက၊ ဝိကပ္ပေတဗ္ဗနဝက၊ ဝိဒတ္ထိနဝက၊ အဓမ္မိကဒါနနဝက၊ အဓမ္မိကပဋိဂ္ဂဟနဝက၊ အဓမ္မိကပရိဘောဂနဝက၊ တဖန်ဓမ္မိကဖြစ်ကုန်သော ဒါနသုံးပါး၊ ပဋိဂ္ဂဟသုံးပါး ပရိဘောဂသုံးပါး။

အဓမ္မသညတ္တိ နဝက၊ ဓမ္မသညတ္တိ နဝက၊ ဒွေနဝကနှစ်ပါး၊ အဓမ္မိက ပါတိမောက္ခဋ္ဌပန နဝက၊ ဓမ္မိကပါတိမောက္ခဋ္ဌပနနဝက။

ဤကား အကျဉ်းချုပ်တည်း။

---

## ၁၀-ဒသကဝါရ

၃၃၀။ ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းတို့သည် ဆယ်ပါးတို့တည်း။ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ခြင်းတို့သည် ဆယ်ပါးတို့တည်း။ ဝိနီတဝတ္ထုတို့သည် ဆယ်ပါးတို့တည်း။ မိစ္ဆာဒိဋ္ဌိသည် ဆယ်ပါးသော အကြောင်း'ဝတ္ထု'ရှိ၏။ သမ္မာဒိဋ္ဌိသည် ဆယ်ပါးသော အကြောင်း 'ဝတ္ထု'ရှိ၏။ အန္တဂ္ဂါဟိက'လောကသည် မြဲ၏၊ ဤသို့ စသည်ယူခြင်း' ဒိဋ္ဌိတို့သည် ဆယ်ပါးတို့တည်း။ မိစ္ဆတ္တတို့သည် ဆယ်ပါးတို့တည်း။ သမ္မတ္တတို့သည် ဆယ်ပါးတို့တည်း။ အကုသလကမ္မပထတို့သည် ဆယ်ပါးတို့တည်း။ ကုသလကမ္မပထတို့သည် ဆယ်ပါးတို့တည်း။ အဓမ္မိကဖြစ်သော စာရေးတံယူခြင်းတို့သည် ဆယ်ပါးတို့တည်း။ ဓမ္မိကဖြစ်သော စာရေးတံယူခြင်းတို့သည် ဆယ်ပါးတို့တည်း။ သာမဏေတို့၏ သိက္ခာပုဒ်တို့သည် ဆယ်ပါးတို့တည်း။ ဆယ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော သာမဏေကို ဖျက်ဆီးအပ်၏ 'အသွင်ကိုဖျက်အပ်၏'။

http://www.dhammadownload.com



ဆယ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော ဝိနည်းဓိုရ်သည် သူမိုက်ဟူသောအရေအတွက်သို့ ရောက်၏။ မိမိဆိုအပ်သော စကားအပိုင်းအခြားကို မယူနိုင်၊ သူတပါးဆိုအပ်သော စကားအပိုင်းအခြားကို မယူနိုင်၊ မိမိဆိုအပ်သော စကားအပိုင်းအခြားကို မယူမူ၍ သူတပါးဆိုအပ်သော စကားအပိုင်း အခြားကို မယူမူ၍ တရားနှင့် မလျော်သော 'အဓမ္မ'အားဖြင့် ဝန်မခံပဲ (ဆုံးဖြတ်ခြင်းကို) ပြု၏၊ အာပတ်ကိုမသိ၊ အာပတ်၏အရင်း'မူလ'ကို မသိ၊ အာပတ်ဖြစ်ခြင်းအကြောင်းကို မသိ၊ အာပတ် ချုပ်ခြင်းကို မသိ၊ အာပတ်ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ကို မသိ။

ဆယ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိဟူသောအရေအတွက်သို့ရောက်၏။ မိမိဆိုအပ်သော စကားအပိုင်းအခြားကို ယူနိုင်၏၊ သူတပါးဆိုအပ်သော စကားအပိုင်းအခြားကို ယူနိုင်၏၊ မိမိဆိုအပ်သော စကားအပိုင်းအခြားကိုယူ၍ သူတပါးဆိုအပ်သော စကားအပိုင်းအခြား ကိုယူ၍ တရားနှင့်လျော်သော 'ဓမ္မ'အားဖြင့် ဝန်ခံခြင်းဖြင့် (ဆုံးဖြတ်ခြင်းကို)ပြု၏၊ အာပတ်ကို သိ၏၊ အာပတ်၏အရင်း'မူလ'ကိုသိ၏၊ အာပတ်၏ဖြစ်ခြင်းအကြောင်းကို သိ၏၊ အာပတ်၏ချုပ်ခြင်း ကိုသိ၏၊ အာပတ်ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ကိုသိ၏။

အခြားဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည်လည်း သူမိုက်ဟူသော အရေ အတွက်သို့ရောက်၏။ အဓိကရုဏ်းကိုမသိ၊ အဓိကရုဏ်း၏ အရင်း'မူလ'ကို မသိ၊ အဓိကရုဏ်းဖြစ်ခြင်း အကြောင်းကို မသိ၊ အဓိကရုဏ်းချုပ်ခြင်းကိုမသိ၊ အဓိကရုဏ်းချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် ကို မသိ၊ အမှုအကြောင်း 'ဝတ္ထု'ကိုမသိ၊ နိဒါန်းကိုမသိ၊ (ဥဒ္ဒါန်းကိုမသိ)၊ (မူလ)ပညတ်ကိုမသိ၊ အနုပညတ်ကိုမသိ၊ ဆိုအပ်သောစကားအစဉ် အဆုံးအဖြတ်အစဉ်၏ အစွမ်းအားဖြင့် ဝတ္ထုကို မသိ။

ဆယ်ပါးသော အင်္ဂါနှင့်ပြည့်စုံသောဝိနည်းဓိုရ်သည် ပညာရှိဟူသော အရေအတွက်သို့ ရောက် ၏။ အဓိကရုဏ်းကိုသိ၏၊ အဓိကရုဏ်း၏အရင်း 'မူလ'ကိုသိ၏၊ အဓိကရုဏ်းဖြစ်ခြင်း အကြောင်းကို သိ၏၊ အဓိကရုဏ်းချုပ်ခြင်းကိုသိ၏၊ အဓိကရုဏ်းချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့်ကို သိ၏၊ အမှု အကြောင်း'ဝတ္ထု'ကိုသိ၏၊ နိဒါန်းကို သိ၏၊ (မူလ)ပညတ်ကိုသိ၏၊ အနုပညတ်ကိုသိ၏၊ ဆိုအပ် သောစကားအစဉ် အဆုံးအဖြတ်အစဉ်၏ အစွမ်းအားဖြင့် ဝတ္ထုကို သိ၏။

အခြား ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည်လည်း သူမိုက်ဟူသော အရေ အတွက်သို့ ရောက်၏။ ဥတ်ကို မသိ၊ ဥတ်၏ပြုဖွယ်ကိစ္စကို မသိ၊ ရှေးဆိုအပ်သော စကား၌ မလိမ္မာ၊ နောက်ဆိုအပ်သော စကား၌ မလိမ္မာ၊ အခါကိုလည်း မသိ၊ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည် ကို မသိ၊ ပေါ့သော အာပတ် လေးသောအာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရုန့်ရင်း'ကြမ်းတမ်း'သောအာပတ် မရုန့်ရင်း 'မကြမ်းတမ်း'သော အာပတ်ကို မသိ၊ စင်စစ် ထိုဝိနည်းဓိုရ်(ပုဂ္ဂိုလ်)သည် ဆရာအဆက်ဆက် (ဝါဒ)ကို ကောင်းစွာ မသင်ယူခဲ့ရ၊ ကောင်းစွာ နှုတ်လုံးမသွင်းခဲ့ရ၊ ကောင်းစွာ မဆောင်ခဲ့ရ။

ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်(ပုဂ္ဂိုလ်)သည် ပညာရှိ ဟူသော အရေအတွက် သို့ ရောက်၏။ ဥတ်ကို သိ၏၊ ဥတ်၏ပြုဖွယ်ကိစ္စကို သိ၏၊ ရှေးဆိုအပ်သောစကား၌ လိမ္မာ၏၊ နောက် ဆိုအပ်သော စကား၌ လိမ္မာ၏၊ အခါကိုလည်းသိ၏၊ အာပတ် ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သောအာပတ် လေးသောအာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော

http://www.dhammadownload.com



အာပတ်ကို သိ၏၊ ရှုန့်ရင်း'ကြမ်းတမ်း'သော အာပတ် မရှုန့်ရင်း'မကြမ်းတမ်း'သော အာပတ်ကို သိ၏၊ စင်စစ် ထိုဝိနည်းဓိုရ်(ပုဂ္ဂိုလ်)သည် ဆရာအဆက်ဆက် (ဝါဒကို)ကောင်းစွာ သင်ယူခဲ့ရ၏၊ ကောင်းစွာ နှလုံးသွင်းခဲ့ရ၏၊ ကောင်းစွာ ဆောင်ခဲ့ရ၏။

အခြား ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည်လည်း သူမိုက် ဟူသော အရေအတွက်သို့ ရောက်၏။ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သောအာပတ် လေးသော အာပတ်ကို မသိ၊ အကြွင်းရှိသောအာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရှုန့်ရင်း'ကြမ်းတမ်း' သော အာပတ် မရှုန့်ရင်း 'မကြမ်းတမ်း'သော အာပတ်ကို မသိ၊ ထိုဝိနည်းဓိုရ်သည် ပါတိမောက် နှစ်ပါး တို့ကိုမရ၊ ကောင်းစွာ မဝေဖန်နိုင်၊ ကောင်းစွာ ဖြစ်ခြင်းမရှိ 'ကျေကျေပွန်ပွန်မရ'၊ သုတ် 'မာတိကာ' အားဖြင့် ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း'ဝိဘင်းအကျယ်'အားဖြင့် ဖြစ်စေ ကောင်းစွာ မဆုံးဖြတ်နိုင်၊ အာပတ် ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိ၊အကြွင်း ရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကိုမသိ၊ ရှုန့်ရင်း'ကြမ်းတမ်း'သော အာပတ် မရှုန့်ရင်း 'မကြမ်းတမ်း'သော အာပတ်ကို မသိ၊ အဓိကရုဏ်းကို ဆုံးဖြတ်ရာ၌လည်း မလိမ္မာ။

ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် ပညာရှိ ဟူသော အရေအတွက်သို့ ရောက် ၏။ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသော အာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရှုန့်ရင်း 'ကြမ်းတမ်း'သော အာပတ် မရှုန့်ရင်း 'မကြမ်းတမ်း'သော အာပတ်ကို သိ၏၊ ထိုဝိနည်းဓိုရ်သည် ပါတိမောက် နှစ်ပါး တို့ကိုအကျယ်ရ၏၊ ကောင်းစွာ ဝေဖန်နိုင်၏၊ ကောင်းစွာ ဖြစ်ခြင်းရှိ၏၊ 'ကျေကျေပွန်ပွန်ရ၏'၊ သုတ် 'မာတိကာ'အားဖြင့် ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း 'ဝိဘင်းအကျယ်'အားဖြင့် ဖြစ်စေ ကောင်းစွာ ဆုံးဖြတ် နိုင်၏။ အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသော အာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရှုန့်ရင်း'ကြမ်းတမ်း'သော အာပတ် မရှုန့်ရင်း'မကြမ်းတမ်း'သော အာပတ်ကို သိ၏၊ အဓိကရုဏ်းကို ဆုံးဖြတ်ရာ၌လည်း လိမ္မာ၏။

ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် သမုတ်အပ်၏။ ဆယ် ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သား'သာဝက'တို့အား သိက္ခာ ပုဒ်ကို ပညတ်တော်မူအပ်၏။ နန်းတော်သို့ ဝင်ခြင်း၌ အပြစ် 'အာဒီနဝ'တို့သည် ဆယ်ပါးတို့တည်း။ ဒါနဝတ္ထုတို့သည် ဆယ်ပါးတို့တည်း။ ရတနာတို့သည် ဆယ်ပါးတို့တည်း။ ဒသဝဂ်'ဆယ်ယောက်အစု' ဖြစ်သော ရဟန်းအပေါင်း။ ဒသဝဂ်'ဆယ်ယောက်အစု'ဖြစ်သော ဂိုဏ်းဖြင့် ပဥ္စင်းခံအပ်၏။ ပံသုကူတို့ သည် ဆယ်ပါးတို့တည်း။ သက်န်းကိုဆောင်ခြင်းတို့သည် ဆယ်ပါးတို့တည်း။ ဆယ်ရက်အတိုင်းအရှည် ကာလပတ်လုံး အဓိဋ္ဌာန်ဝိကပ္ပနာမပြုအပ်သော (အတိရေက)သင်္ကန်းကို ဆောင်အပ်၏။ သုက် တို့သည် ဆယ်ပါးတို့တည်း။ မိန်းမတို့သည် ဆယ်မျိုးတို့တည်း။ မယားတို့သည် ဆယ်မျိုးတို့တည်း။ ဝေသာလီပြည်၌ ဆယ်ပါးသောဝတ္ထုတို့ကို ပြကုန်၏၊ ရှိမခိုးထိုက်ကုန်သော ပုဂ္ဂိုလ်တို့သည် ဆယ်ပါး တို့တည်း။ အက္ကောသဝတ္ထုတို့သည် ဆယ်ပါးတို့တည်း။ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ကုန်းတိုက် စကားကိုဆောင်၏။ကျောင်းအိပ်ရာနေရာတို့သည် ဆယ်ပါးတို့တည်း။ဆယ်ပါးသောဆုတို့ကို တောင်း ကုန်၏၊အခမ္မိကဖြစ်သောပါတိမောက်ထားခြင်းတို့သည် ဆယ်ပါးတို့တည်း။ဓမ္မိကဖြစ်သောပါတိမောက် ထားခြင်းတို့သည် ဆယ်ပါးတို့တည်း။ ယာဂု၏အကျိုး'အာနိသင်'တို့သည် ဆယ်ပါးတို့တည်း။ မအပ်

http://www.dhammadownload.com



သော အသားတို့သည် ဆယ်ပါးတို့တည်း။ ပရမတို့သည် ဆယ်ပါးတို့တည်း။ ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဆယ်ဝါရ ရဟန်းသည် ရှင်သာမဏေ ပြုပေးနိုင်၏၊ ပဋ္ဌင်းခံပေးနိုင်၏၊ မှီရာ'နိဿရည်း' ကို ပေးနိုင်၏၊ သာမဏေကို လုပ်ကျွေးစေနိုင်၏၊ ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဆယ်ဝါရပြီး ရဟန်းမိန်းမသည် ရှင်သာမဏေ ပြုပေးနိုင်၏၊ ပဋ္ဌင်းခံပေးနိုင်၏၊ မှီရာ'နိဿရည်း'ကို ပေးနိုင်၏၊ သာမဏေမကို လုပ်ကျွေးစေနိုင်၏။ ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဆယ်ဝါရပြီး ရဟန်းမိန်းမသည် ပဋ္ဌင်းခံ သမုတ်ခြင်း 'ဝုဋ္ဌာပနသမ္မုတိ'ကို သာယာအပ်၏။ ဆယ်နှစ်ရှိသော ယောကျ်ားသွားလာဘူးသော မိန်းမအား သိက္ခာကို ပေးအပ်၏။

ဒသက ပြီး၏။

ထိုဒသက၏ အကျဉ်းချုပ်——

အာဃာတဝတ္ထုဒသက၊ အာဃာတပဋိဝိနယဒသက၊ ဝိနီတဝတ္ထုဒသက၊ မိစ္ဆာဒိဋ္ဌိဒသက၊ သမ္မာဒိဋ္ဌိဒသက၊ အန္တဂ္ဂါဟိကဒသက၊ မိစ္ဆတ္တဒသက၊ သမ္မတ္တဒသက၊ အကုသလကမ္မပထဒသက၊ ကုသလကမ္မပထဒသက။

အဓမ္မိကသလာကဂါဟဒသက၊ ဓမ္မိကသလာကဂါဟဒသက၊ သာမဏေရဒသက၊ နာသေတဗ္ဗဒသက၊ ဘာသပရိယန္တဒသက၊ အဓိကရဏဒသက၊ ဥတ္တိဒသက၊ လဟုကဒသက။

ဗာလပဏ္ဍိတအဖြစ်ဖြင့် အပေါ့အလေး ဖြစ်ကုန်သော ထို(ဘာသပရိယန္တစသော) ဒသကတို့ကို ကဏှပက္ခသုက္ကပက္ခတို့ ဟူ၍ သိကုန်ရာ၏၊ ဥဗ္ဗာဟိကဒသက၊ သိက္ခာပဒ ဒသက၊ ရာဇန္တေပုရပဝေသနဒသက၊ ဒါနဝတ္ထုဒသက။

ရတနဒသက၊ ဒသဝဂ္ဂဒသက၊ ထိုမှတပါး ဥပသမ္ပာဒေတဗ္ဗဒသက၊ ပံသုကူလဒသက၊ စီဝရဓာရဏ ဒသက၊ ဒသာဟပရမ ဒသက၊ သုက္ကဒသက၊ ဝုတ္ထိဒသက။

ဘရိယာဒသက၊ ဒသဝတ္ထုဒသက၊ အဝန္ဒိယဒသက၊ အက္ကောသဝတ္ထုဒသက၊ ပေသုညဒသက၊ သေနာသနဒသက၊ ဝရဒသက၊ အဓမ္မိကပါတိမောက္ခဋ္ဌပန ဒသက။

ဓမ္မိကပါတိမောက္ခဋ္ဌပနဒသက၊ ယာဂုဒသက၊ မံသဒသက၊ ပရမဒသက၊ ဒသဝဿာဘိက္ခုဒသက၊ ဒသဝဿာဘိက္ခုနီဒသက၊ ဝုဋ္ဌာပနသမ္မုတိဒသက၊ ဂိဟိဂတဒသက၊ ဤသို့ ဒသကတို့ကို မြတ်စွာဘုရားသည် ကောင်းစွာပြအပ်ကုန်၏။

ဤကား အကျဉ်းချုပ်တည်း။

---

## ၁၁-ဧကာဒသကဝါရ

၃၃၁။ တဆယ့်တယောက်သော (ပဏ္ဍုက်စသော)ပုဂ္ဂိုလ်တို့သည် ပဋ္ဌင်းမခံအပ်ကုန်၊ ပဋ္ဌင်းခံပါမူ ဖျက်ဆီးအပ်ကုန်၏။ တဆယ့်တပါးသောခြေနင်းတို့သည် မအပ်ကုန်၊ တဆယ့်တပါးသော သပိတ်တို့သည် မအပ်ကုန်၊ တဆယ့်တပါးသော သင်္ကန်းတို့သည် မအပ်ကုန်၊ ယာဝတတိယကတို့သည် တဆယ့်တပါးတို့တည်း။ ရဟန်းမိန်းမတို့အား တဆယ့်တပါးသော အန္တရာယ်ပြုတတ်သော တရား

http://www.dhammadownload.com



တို့ကို မေးအပ်ကုန်၏။ တဆယ့်တပါးသော သက်နိုးတို့ကို အစိဋ္ဌာန်တင်အပ်ကုန်၏။ တဆယ့်တပါးသော သက်နိုးတို့ကို ဝိကပ္ပနာ မပြုအပ်ကုန်။ တဆယ့်တပါးသောအရုဏ်တက်သည်ရှိသော် စွန့်အပ်၏။ တဆယ့်တပါးသော ကမ္ပတ်သီးတို့သည် အပ်ကုန်၏၊ တဆယ့်တပါးသော ခါးပန်းသီးကွင်းတို့သည် အပ်ကုန်၏။ တဆယ့်တပါးသော မြေ'ပထဝီ'တို့သည် မအပ်ကုန်။ တဆယ့်တပါးကုန်သော မြေ'ပထဝီ'တို့သည် အပ်ကုန်၏။ မှီရာ'နိဿရည်း'ငြိမ်းခြင်းတို့သည် တဆယ့်တပါးတို့တည်း။ ရှိမခိုးထိုက်သော ပုဂ္ဂိုလ်တို့သည် တဆယ့်တယောက်တို့တည်း။ ပရမတို့သည် တဆယ့်တပါးတို့တည်း။ တဆယ့်တပါးသော ဆုတို့ကို တောင်းကုန်၏၊ သိမ်၏အပြစ်တို့သည် တဆယ့်တပါးတို့တည်း။ ဆဲတတ်ရေရွတ်ဘတ်သော ပုဂ္ဂိုလ်၌ တဆယ့်တပါးသော အပြစ်တို့ကို အလိုရှိအပ်ကုန်၏။

မှီဝဲအပ်သော ပွါးများအပ်သော အဖန်တလဲလဲပြုအပ်သော ကောင်းစွာကသော ယာဉ်ကဲ့သို့ပြုအပ်သော တည်ရာကဲ့သို့ပြုအပ်သော အမြဲဆောက်တည်အပ်သော ထက်ဝန်းကျင်မှပွါးအပ်သော ကောင်းစွာအားထုတ်အပ်သော မေတ္တာစေတောဝိမုတ္တိ၏ တဆယ့်တပါးသော အကျိုး'အာနိသင်'တို့ကို အလိုရှိအပ်ကုန်၏။ချမ်းသာစွာအိပ်ရ၏၊ချမ်းသာစွာနိုး၏၊မကောင်းသောအိမ်မက်ကို မမြင်မက်၊ လူတို့၏ချစ်ခင်ခြင်းဖြစ်၏၊ နတ်တို့၏ချစ်ခင်ခြင်းဖြစ်၏၊ နတ်တို့သည် စောင့်ရှောက်ကုန်၏၊ ထိုမေတ္တာဖြင့်နေလေ့ရှိသူ၏ ကိုယ်၌ မီးသည်၎င်း အဆိပ်သည်၎င်း လက်နက်သည်၎င်း မဝင်နိုင်၊ စိတ်သည် လျင်မြန်စွာ တည်ကြည်၏၊ မျက်နှာအဆင်း ကြည်လင်၏၊ မတွေမဝေသေရ၏၊ (မေတ္တာစျာန်ထက်) လွန်သော အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိပါက ဗြဟ္မာ့ဘုံသို့ ရောက်ရ၏။

မှီဝဲအပ်သော ပွါးစေအပ်သော အဖန်တလဲလဲပြုအပ်သော ကောင်းစွာကသော ယာဉ်ကဲ့သို့ပြုအပ်သော တည်ရာကဲ့သို့ပြုအပ်သော အမြဲဆောက်တည်အပ်သော ထက်ဝန်းကျင်မှ ပွါးအပ်သော ကောင်းစွာအားထုတ်အပ်သော မေတ္တာစေတောဝိမုတ္တိ၏ တဆယ့်တပါးကုန်သော အကျိုး'အာနိသင်'တို့ကို အလိုရှိအပ်ကုန်၏။

ကောဒသက ပြီး၏။

ထိုကောဒသက၏ အကျဉ်းချုပ်—

နာသေတဗ္ဗကောဒသက၊ ပါဒုက ကောဒသက၊ ပတ္တကောဒသက၊ စီဝရကောဒသက၊ ယာဝတတိယက ကောဒသက၊ ပုစ္ဆိတဗ္ဗ ကောဒသက၊ အဓိဋ္ဌာတဗ္ဗ ကောဒသက၊ နဝိကပ္ပေတဗ္ဗ ကောဒသက။

အရုဏုဂ္ဂမန ကောဒသက၊ ဂဏ္ဌိကကောဒသက၊ ဝိဓကောဒသက၊ အကပ္ပိယကောဒသက၊ ကပ္ပိယကောဒသက၊ နိဿယပဋိပဿဒ္ဓိ ကောဒသက၊ အဝန္ဒိယ ကောဒသက၊ ပရမ ကောဒသက၊ ဝရကောဒသက၊ သီမဒေါသကောဒသက၊ အက္ကောသက ကောဒသက၊ မေတ္တာ ကောဒသက၊ ဤသို့ကောဒသကတို့ကို ပြုအပ်ကုန်၏။

ဤကား အကျဉ်းချုပ်တည်း။

ကေတ္တရိကတည်း။

http://www.dhammadownload.com



ထိုကေ့ုတ္တရိက၏ အကျဉ်းချုပ်—

ကေကာ၊ ဒုကာ၊ တိကာ၊ စတုက္ကာ၊ ပဉ္စကာ၊ ဆက္ကာ၊ သတ္တကာ၊ အဋ္ဌကာ၊ နဝကာ၊ ဒသကာ၊ ကောဒသက။

သိအပ်ပြီးသော (ဉေယျမံ) တရားရှိတော်မူသော တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော ကြီးသော လုံ့လဝီရိယ ရှိတော်မူသော မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးကိုပြုခြင်းငှါ ကင်းသော အညစ်အကြေးရှိသော အင်္ဂါတပါးစီ အလွန်ရှိသော 'ကေ့ုတ္တရိက' နည်းကို ဟောတော်မူအပ်၏။

ဤကား အကျဉ်းချုပ်တည်း။

**ကေ့ုတ္တရိက ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ဥပုသ်စသည်ကို မေးဖြေခြင်း

## အစ အလယ် အဆုံး အမေး

၃၃၂။ ဥပုသ်ကံ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊အဆုံးကား အဘယ်နည်း။ပဝါရဏာကံ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊အဆုံးကား အဘယ်နည်း။ တဇ္ဇနီယကံ၏ အစကား အဘယ်နည်း၊အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။နိယဿကံ၏။ပ။ ပဗ္ဗာဇနီယကံ၏။ပ။ ပဋိသာရဏီယကံ၏။ပ။ ဥက္ခေပနီယကံ၏။ပ။ပရိဝါသ်ပေးခြင်း၏။ပ။ အရင်းသို့ငင်ခြင်း၏။ပ။ မာနတ်ပေးခြင်း၏။ပ။ အဗ္ဘာန်သွင်းခြင်း၏။ပ။ ဥပသမ္ပဒကံ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

တဇ္ဇနီယကံငြိမ်းအေးခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။နိယဿကံငြိမ်းအေးခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊အဆုံးကား အဘယ်နည်း။ ပဗ္ဗာဇနီယကံငြိမ်းအေးခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ ပဋိသာရဏီယကံငြိမ်းအေးခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ ဥက္ခေပနီယကံ ငြိမ်းအေးခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ သတိဝိနယ(သမထ)၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ အမူဠှဝိနယ (သမထ) ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ တဿပါပိယသိကာ (သမထ)၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ တိဏဝတ္ထာရက (သမထ) ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

ရဟန်းမိန်းမတို့ကိုဆုံးမခြင်းငှါ သမုတ်ခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ သင်္ကန်းသုံးထည်နှင့်ကင်း၍ နေစိမ့်သောငှါ သမ္မုတိပေးခြင်း 'အဝိပ္ပဝါသသမ္မုတိ'၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊အဆုံးကား အဘယ်နည်း။ သန္ထတသမ္မုတိ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ ရွှေ ငွေ စွန့်သူဟု သမ္မုတိပေးခြင်း 'ရူပိယဆဍ္ဍကသမ္မုတိ'၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ မိုးရေခံသင်္ကန်း အမာလွှမ်းသင်္ကန်းပုဆိုးကို ခံယူစိမ့်သောငှါ သမ္မုတိပေးခြင်း'သာဋိကဂ္ဂါဟာပကသမ္မုတိ'၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ သပိတ်ကို ခံယူစေသူ ဟု သမ္မုတိပေးခြင်း 'ပတ္တဂ္ဂါဟာပကသမ္မုတိ'၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ တောင်ဝှေး ကိုင်စိမ့်သောငှါ သမ္မုတိပေးခြင်း 'ဒဏ္ဍသမ္မုတိ'၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ ဆိုင်းကိုကိုင်ဆောင်စိမ့်သောငှါ သမ္မုတိပေးခြင်း 'သိက္ကာသမ္မုတိ'၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ တောင်ဝှေးဆိုင်း နှစ်ပါးစုံ ကိုင်ဆောင်စိမ့်သောငှါ သမ္မုတိပေးခြင်း 'ဒဏ္ဍသိက္ကာသမ္မုတိ'၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

http://www.dhammadownload.com



## အစ အလယ် အဆုံး အဖြေ

၃၃၃။ ဥပုသ်ကံ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်းဟူသော အမေး၌ ဥပုသ်ကံ၏ ညီညွတ်ခြင်း 'ကာယသာမဂ္ဂီ'သည် အစတည်း၊ ပါတိမောက်ပြခြင်း 'ကိရိယာ'သည် အလယ်တည်း၊ ပါတိမောက်ပြီးဆုံးခြင်းသည် အဆုံးတည်း။

ပဝါရဏာကံ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း ဟူသော အမေး၌ ပဝါရဏာကံ၏ညီညွတ်ခြင်းသည် အစတည်း၊ ပဝါရဏာရွတ်ခြင်း 'ကိရိယာ' သည် အလယ်တည်း၊ ပဝါရဏာပြီးဆုံးခြင်းသည် အဆုံးတည်း။

တဇ္ဇနီယကံ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း ဟူသောအမေး၌ တဇ္ဇနီယကံ၏အကြောင်းဝတ္ထုသည်ငှင်း ပုဂ္ဂိုလ်သည်ငှင်း အစတည်း၊ ဉတ်သည် အလယ်တည်း၊ ကမ္မဝါစာသည် အဆုံးတည်း။

နိယဿကံ၏။ပ။ ပဗ္ဗာဇနီယကံ၏။ပ။ ပဋိသာရဏီယကံ၏။ပ။ ဥက္ခေပနီယကံ၏။ပ။ ပရိဝါသ် ပေးခြင်း၏။ပ။ အရင်းသို့ငင်ခြင်း၏။ပ။ မာနတ်ပေးခြင်း၏။ပ။ အဗ္ဘာန်သွင်းခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊အဆုံးကား အဘယ်နည်း ဟူသောအမေး၌ အဗ္ဘာန်သွင်း ခြင်း၏ ဝတ္ထုသည်ငှင်း ပုဂ္ဂိုလ်သည်ငှင်း အစတည်း၊ ဉတ်သည် အလယ်တည်း၊ ကမ္မဝါစာသည် အဆုံး တည်း။

ပဉ္စင်းခံသော 'ဥပသမ္ပဒ'ကံ၏အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း ဟူသော အမေး၌ ပဉ္စင်းခံသော 'ဥပသမ္ပဒ'ကံ၏ ပုဂ္ဂိုလ်သည် အစတည်း၊ဉတ်သည် အလယ်တည်း၊ ကမ္မဝါစာသည် အဆုံးတည်း။

တဇ္ဇနီယကံငြိမ်းအေးခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း ဟူသော အမေး၌ တဇ္ဇနီယကံငြိမ်းအေးခြင်း၏ ကောင်းစွာကျင့်ခြင်းသည် အစတည်း၊ ဉတ်သည် အလယ်တည်း၊ ကမ္မဝါစာသည် အဆုံးတည်း။

နိယဿကံ။ပ။ ပဗ္ဗာဇနီယကံ။ပ။ ပဋိသာရဏီယကံ။ပ။ ဥက္ခေပနီယကံငြိမ်းအေးခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း ဟူသော အမေး၌ ဥက္ခေပနီယကံငြိမ်းအေးခြင်း၏ ကောင်းစွာကျင့်ခြင်းသည် အစတည်း၊ဉတ်သည် အလယ်တည်း၊ ကမ္မဝါစာသည် အဆုံးတည်း။

သတိဝိနယ (သမထ) ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း အဆုံးကား အဘယ်နည်း ဟူသော အမေး၌ သတိဝိနယ(သမထ)၏ဝတ္ထုသည်ငှင်း ပုဂ္ဂိုလ်သည်ငှင်း အစတည်း ဉတ်သည် အလယ်တည်း၊ ကမ္မဝါစာသည် အဆုံးတည်း။

အမူဠ္ဟဝိနယ(သမထ)၏။ပ။တဿပါပိယသိကာ(သမထ)၏။ပ။တိဏဝတ္ထာရက(သမထ)၏။ပ၊ ဘိက္ခုနောဝါဒကသမ္မုတိ၏။ပ။ သင်္ကန်းသုံးထည်နှင့်ကင်း၍ နေစိမ့်သောငှါသမ္မုတိပေးခြင်း 'အဝိပ္ပဝါသသမ္မုတိ'၏။ပ။ သန္ထတသမ္မုတိ၏။ပ။ ရွှေငွေစွန့်သူဟု သမ္မုတိပေးခြင်း 'ရူပိယဆဍ္ဍကသမ္မုတိ'၏ ။ပ။ မိုးရေခံသင်္ကန်းပုဆိုး အမာလွှမ်းသင်္ကန်းကို ခံယူစိမ့်သောငှါ သမ္မုတိ ပေးခြင်း 'သာဋိကဂ္ဂါဟ

http://www.dhammadownload.com



ပက’ သမ္မုတိ။ပ။ သပိတ်ကိုခံယူစေသူဟုသမ္မုတိပေးခြင်း‘ ပတ္တဂ္ဂါဟာပက‘သမ္မုတိ’၏။ပ။ တောင်ဝေးကိုကိုင်စိမ့်သောငှါ သမ္မုတိပေးခြင်း ‘ဒဏ္ဍသမ္မုတိ’၏ ။ပ။ ဆိုင်းကိုကိုင်ဆောင်စိမ့်သောငှါ သမ္မုတိပေးခြင်း ‘သိက္ကာသမ္မုတိ’၏ ။ပ။ တောင်ဝေးဆိုင်း နှစ်ပါးကိုကိုင်ဆောင်စိမ့်သောငှါ သမ္မုတိပေးခြင်း ‘ဒဏ္ဍသိက္ကာသမ္မုတိ’၏အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း ဟူသောအမေး၌ တောင်ဝေးဆိုင်းနှစ်ပါးကို ကိုင်ဆောင်စိမ့်သောငှါ သမ္မုတိ ပေးခြင်း ‘ဒဏ္ဍသိက္ကာသမ္မုတိ’၏ဝတ္ထုသည်ငှင်း ပုဂ္ဂိုလ်သည်ငှင်း အစတည်း၊ ဉတ်သည်အလယ်တည်း၊ ကမ္မဝါစာသည် အဆုံးတည်း။

ဥပုသ်စသည်ကို မေးဖြေခြင်း ပြီး၏။

---

## အတ္ထဝသပကရဏ

၃၃၄။ အကျိုးထူးဆယ်ပါးတို့ကိုအကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သား ‘သာဝက’ တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏။

သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံ ကျင့်သုံးရန်၊ သံဃာတော်များ ချမ်းသာစေရန်၊ အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်၊ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်၊ မျက်မှောက်၌ဖြစ်ကုန်သော ဆင်းရဲ အထူးတို့ကို စောင့်စည်းရန်၊ နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်၊ မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန်၊ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်၊ သူတော်ကောင်းတရား ‘သာသနာသုံးရပ်’ တည်တန့်ရန်၊ဝိနည်း စည်းမျဉ်း ဥပဒေကို ချီးမြှောက်ရန်၊ ဤအကျိုးထူးဆယ်ပါးတို့ကို ။ပ။ပညတ်တော် မူအပ်၏။

သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးခြင်းသည် သံဃာတော်များ ချမ်းသာစေရန် ဖြစ်၏။ သံဃာတော်များချမ်းသာခြင်းသည် အကျင့်သီလဖောက်ဖျက်သူတို့ကို နှိပ်နင်းရန် ဖြစ်၏။ အကျင့်သီလဖောက်ဖျက်သူတို့ကို နှိပ်နင်းခြင်းသည် အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်ဖြစ်၏။ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ခြင်းသည် မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်ဖြစ်၏။ မျက်မှောက်၌ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းခြင်းသည် နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် ဖြစ်၏။ နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကိုပယ်ရှားခြင်းသည် မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန် ဖြစ်၏။ မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေခြင်းသည် ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်ဖြစ်၏။ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေခြင်းသည် သူတော်ကောင်းတရား‘သာသနာသုံးရပ်’တည်တန့်ရန် ဖြစ်၏။သူတော်ကောင်းတရား ‘သာသနာသုံးရပ်’ တည်တန့်ခြင်းသည် ဝိနည်း ‘စည်းမျဉ်းဥပဒေ’ကို ချီးမြှောက်ရန် ဖြစ်၏။

သံဃာတော်၏ကောင်းပါပြီဟုဝန်ခံကျင့်သုံးခြင်းသည် သံဃာတော်များချမ်းသာစေရန်ဖြစ်၏။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးခြင်းသည် အကျင့်သီလဖောက်ဖျက်သူတို့ကို နှိပ်နင်းရန် ဖြစ်၏။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးခြင်းသည် အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်ဖြစ်၏။ သံဃာတော်၏ ကောင်းပါပြီဟုဝန်ခံကျင့်သုံးခြင်းသည် မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်ဖြစ်၏။သံဃာတော်၏ကောင်းပါပြီဟုဝန်ခံကျင့်သုံးခြင်းသည် နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် ဖြစ်၏။ သံဃာတော်၏

http://www.dhammadownload.com



ကောင်းပါပြီဟု ဝန်ခံကျင့်သုံးခြင်းသည် မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန် ဖြစ်၏။ သံဃာတော်၏ ကောင်းပါပြီဟုဝန်ခံကျင့်သုံးခြင်းသည် ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန် ဖြစ်၏။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံ ကျင့်သုံးခြင်းသည် သူတော်ကောင်းတရား 'သာသနာ သုံးရပ်'တည်တန့်ရန် ဖြစ်၏။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံ ကျင့်သုံးခြင်းသည် ဝိနည်း'စည်းမျဉ်းဥပဒေကို' ချီးမြှောက်ရန်ဖြစ်၏။

သံဃာတော်များ ချမ်းသာခြင်းသည် အကျင့်သီလဖောက်ဖျက်သူတို့ကို နှိပ်နင်းရန်ဖြစ်၏။သံဃာတော်များ ချမ်းသာခြင်းသည် အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန် ဖြစ်၏။ သံဃာတော်များ ချမ်းသာခြင်းသည် မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်ဖြစ်၏။ သံဃာတော်များ ချမ်းသာခြင်းသည် နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် ဖြစ်၏။ သံဃာတော်များ ချမ်းသာခြင်းသည် မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန် ဖြစ်၏။ သံဃာတော်များ ချမ်းသာခြင်းသည် ကြည်ညိုပြီးသောသူတို့ကို တိုး၍ ကြည်ညိုစေရန်ဖြစ်၏။ သံဃာတော်များ ချမ်းသာခြင်းသည် သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တန့်ရန် ဖြစ်၏။ သံဃာတော်များ ချမ်းသာခြင်းသည် ဝိနည်း 'စည်းမျဉ်းဥပဒေ'ကိုချီးမြှောက်ရန် ဖြစ်၏။ သံဃာတော်များ ချမ်းသာခြင်းသည် သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန် ဖြစ်၏။

အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိပ်နင်းခြင်းသည်။ပ။ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ခြင်းသည်။မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲ အထူးတို့ကို စောင့်စည်းခြင်းသည်။ နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားခြင်းသည်။မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေခြင်းသည်။ ကြည်ညိုပြီးသူတို့ကို တိုး၍ ကြည်ညိုစေခြင်းသည်။ သူတော်ကောင်းတရား 'သာသနာသုံးရပ်'တည်တန့်ခြင်းသည်။

ဝိနည်း 'စည်းမျဉ်းဥပဒေကို' ချီးမြှောက်ခြင်းသည် သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန် ဖြစ်၏။ ဝိနည်း'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ခြင်းသည် သံဃာတော်များ ချမ်းသာစေရန် ဖြစ်၏။ ဝိနည်း'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ခြင်းသည် အကျင့်သီလဖောက်ဖျက်သူတို့ကို နှိပ်နင်းရန်ဖြစ်၏။ ဝိနည်း 'စည်းမျဉ်း ဥပဒေ'ကို ချီးမြှောက်ခြင်းသည် အကျင့်သီလကိုချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန် ဖြစ်၏။ ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ခြင်းသည် မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန် ဖြစ်၏။ဝိနည်း'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ခြင်းသည် နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် ဖြစ်၏။ ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ခြင်းသည် မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန် ဖြစ်၏။ ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ခြင်းသည် ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညို စေရန်ဖြစ်၏။ ဝိနည်း 'စည်းမျဉ်း ဥပဒေ' ကိုချီးမြှောက်ခြင်းသည် သူတော်ကောင်းတရား 'သာသနာ သုံးရပ်' တည်တန့်ရန် ဖြစ်၏။

အကျိုးထူး 'အတ္ထဝသ'အရာ၌ အကျိုးတရားကိုရင်း၊ အကြောင်းတရားကိုရင်း၊ သဒ္ဒါ'နိရုတ္တိ' နှစ်ရာတို့ကိုရင်း၊ ဉာဏ်လေးရာတို့ကိုရင်း (သိအပ်ကုန်၏)။

**အတ္ထဝသပကရဏ ပြီး၏။**

**မဟာဝဂ် ပြီး၏။**

http://www.dhammadownload.com



ထိုမဟာဝဂ်၏ အကျဉ်းချုပ်—

ရှေးဦးစွာသော ပုစ္ဆာ၌ (ဝါရ)ရှစ်ပါးတိုင်း တဖန် ပစ္စယမူလပုစ္ဆာတို့၌ (ဝါရ) ရှစ်ပါးတိုင်း ဤသို့ ရဟန်းယောကျ်ားတို့၏ ဝိဘင်း၌ ဤတဆယ့်ခြောက်ဝါရတို့သည် ဖြစ်ကုန်၏၊ ရဟန်းမိန်းမတို့၏ ဝိဘင်း၌လည်း တဆယ့်ခြောက်ဝါရတို့သည် ဖြစ်ကုန်၏။

အန္တရပေယျာလ အပြားတိုင်း ကေ့တ္တရိကရင်း ပဝါရဏာစသည်တို့၏ အစ အလယ် အဆုံး သုံးပါးကို မေးခြင်း ဖြေခြင်း အကျိုးထူးအရာတို့ရင်း ဤသည်တို့ကား မဟာဝဂ်၏အကျဉ်းချုပ်တည်း။

ဤကား အကျဉ်းချုပ်အပြီးတည်း။

http://www.dhammadownload.com

# ဂါထာသင်္ဂဏိက

## ၁-ခုနစ်ပြည်၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်

၃၃၅။ (ဥပါလိ)သင်သည် လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်၍ လက်အုပ်ကို ချီကာ တောင့်တနိုး၏သို့ အဘယ့်ကြောင့် ဤအရပ်သို့ လာသနည်း။

မြတ်စွာဘုရား နှစ်ပါးသော (ရဟန်းယောကျ်ား, ရဟန်းမိန်းမ)ဝိနည်းတို့၌ ပညတ်အပ်ကုန်သော ဥပုသ်နေ့တို့၌ အကျဉ်းပြအပ်သည့် အဖြစ်သို့ ရောက်ကုန်သော သိက္ခာပုဒ်တို့သည် အဘယ်မျှ ဖြစ်ပါကုန်သနည်း၊ အဘယ်မျှလောက်သော မြို့တို့၌ ပညတ်တော်မူအပ်ပါကုန်သနည်း။

(ဥပါလိ)သင်၏ အမေး ပြဿနာသည် ကောင်း၏၊ အသင့်အားဖြင့် (ငါ့ကို)မေးလျှောက်၏၊ ကောင်းပြီ၊ လိမ္မာလောက်သော အခြင်းအရာအားဖြင့် သင့်အား ငါဖြေကြားအံ့။

(ဥပါလိ)နှစ်ပါးသော ဝိနည်းတို့၌ ပညတ်အပ်ကုန်သော ဥပုသ်နေ့တို့၌ အကျဉ်းပြအပ်သည့် အဖြစ်သို့ ရောက်ကုန်သော သိက္ခာပုဒ်တို့သည် သုံးရာငါးဆယ်တို့ ဖြစ်ကုန်၏၊ ခုနစ်ပြည်တို့၌ ပညတ်အပ်ကုန်၏။

(မြတ်စွာဘုရား)အဘယ်ခုနစ်ပြည်တို့၌ပညတ်အပ်ပါကုန်သနည်း၊တောင်းပန်ပါ၏၊အသျှင်ဘုရားသည် ထိုပြဿနာကို အကျွန်ုပ်အား ဖြေကြားတော်မူပါလော့၊ ထိုဖြေကြားသော စကားစဉ်ကို ဝမ်းထည်း၌ သိမ်း၍ ကျင့်ပါကုန်အံ့၊ တပည့်တော်တို့အား စီးပွါးခြင်းငှါ ဖြစ်ရာပါ၏။

(ဥပါလိ)ဝေသာလီ, ရာဇဂြိုဟ်, သာဝတ္ထိ, အာဠဝီ, ကောသမ္ဗီ, သက္ကတိုင်း, ဘဂ္ဂတိုင်းတို့၌ ပညတ်တော် မူအပ်ကုန်၏။

(မြတ်စွာဘုရား)အဘယ်မျှလောက်သော သိက္ခာပုဒ်တို့ကို ဝေသာလီပြည်၌ ပညတ်အပ်ပါကုန်သနည်း၊ အဘယ်မျှလောက်သော သိက္ခာပုဒ်တို့ကို ရာဇဂြိုဟ်ပြည်၌ ပညတ်ခြင်းကို ပြုအပ်ပါကုန်သနည်း၊ သာဝတ္ထိပြည်၌ အဘယ်မျှလောက်သော သိက္ခာပုဒ်တို့ကို ပညတ်အပ်ကုန်သည် ဖြစ်ပါကုန်သနည်း၊ အဘယ်မျှလောက်သော သိက္ခာပုဒ်တို့ကို အာဠဝီပြည်၌ (ပညတ်ခြင်းကို) ပြုအပ်ပါကုန်သနည်း။

အဘယ်မျှလောက်သော သိက္ခာပုဒ်တို့ကို ကောသမ္ဗီပြည်၌ ပညတ်အပ်ပါကုန်သနည်း၊ အဘယ်မျှလောက်သော သိက္ခာပုဒ်တို့ကို သက္ကတိုင်းတို့၌ ဟောအပ်ပါကုန်သနည်း၊ အဘယ်မျှလောက်သော သိက္ခာပုဒ်တို့ကို ဘဂ္ဂတိုင်းတို့၌ ပညတ်အပ်ပါကုန်သနည်း၊ ထိုအမေးပြဿနာကို မေးလျှောက်အပ်သော အသျှင်ဘုရားသည် တပည့်တော်အား ဖြေကြားတော်မူပါလော့။

(ဥပါလိ)သိက္ခာပုဒ် ဆယ်ပါးတို့ကို ဝေသာလီပြည်၌ ပညတ်အပ်ကုန်၏၊ သိက္ခာပုဒ် နှစ်ဆယ့်တပါးတို့ကို ရာဇဂြိုဟ်ပြည်၌ ပညတ်ခြင်းကို ပြုအပ်ကုန်၏၊ ခြောက်ပါးယုတ် သုံးရာ(နှစ်ရာကိုးဆယ့်လေးပါး)သော အလုံးစုံသော သိက္ခာပုဒ်တို့ကို သာဝတ္ထိပြည်၌ (ပညတ်ခြင်းကို)ပြုအပ်ကုန်၏။

သိက္ခာပုဒ် ခြောက်ပါးတို့ကို အာဠဝီပြည်၌ ပညတ်တော်မူအပ်ကုန်၏၊ သိက္ခာပုဒ် ရှစ်ပါးတို့ကို ကောသမ္ဗီပြည်၌ (ပညတ်ခြင်းကို)ပြုအပ်ကုန်၏၊သိက္ခာပုဒ် ရှစ်ပါးတို့ကို သက္ကတိုင်းတို့၌ ဟောအပ်ကုန်၏၊ သိက္ခာပုဒ် သုံးပါးတို့ကို ဘဂ္ဂတိုင်းတို့၌ ပညတ်အပ်ကုန်၏။

http://www.dhammadownload.com



ဝေသာလီပြည်၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ် ဆယ်ပါးတို့ကို ဟုတ်မှန်သော အလျောက် နာလော့။

မေထုနသိက္ခာပုဒ် မနုဿဝိဂ္ဂဟသိက္ခာပုဒ် ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ် အတိရေကစီဝရသိက္ခာပုဒ် သုဒ္ဓကာဠကသိက္ခာပုဒ် ဘူတာရောစနသိက္ခာပုဒ် ပရမ္ပရဘောဇနသိက္ခာပုဒ် ဒန္တပေါဏသိက္ခာပုဒ် နှင့်တကွ အစေလက သိက္ခာပုဒ် ရဟန်းမိန်းမတို့၌လည်း ဟောအပ်သော အဩက္ကောသသိက္ခာပုဒ်၊ ဤ သိက္ခာပုဒ် ဆယ်ပါးတို့ကို ဝေသာလီပြည်၌ (ပညတ်ခြင်းကို )ပြုအပ်ကုန်၏ ။

ရာဇဂြိုဟ်ပြည်၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်နှစ်ဆယ့်တပါးတို့ကို ဟုတ်မှန်သောအလျောက် နာလော့။

အဒိန္နာဒါနသိက္ခာပုဒ် ရာဇဂြိုဟ်ပြည်၌ (ပညတ်အပ်သော)နှစ်ပါးသော ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ် ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ် နှစ်ပါးလည်း ဖြစ်သော သံဃဘေဒက သိက္ခာပုဒ် ဘေဒါနုဝတ္တက သိက္ခာပုဒ်။

အညာတိက စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ် ရူပိယသံဝေါဟာရ သိက္ခာပုဒ် သုတ္တဝိညာပန သိက္ခာပုဒ် ဥဇ္ဈာပနက သိက္ခာပုဒ် နှင့် တကွ ဘိက္ခုနီပရိပါစိတပိဏ္ဍပါတ သိက္ခာပုဒ် ဂဏဘောဇနသိက္ခာပုဒ် ဝိကာလဘောဇန သိက္ခာပုဒ် စာရိတ္တ သိက္ခာပုဒ် ဩရေနဒ္ဓမာသနှာနသိက္ခာပုဒ် ဦနဝီသတိဝဿ သိက္ခာပုဒ်။

စီဝရံ ဒတွာ ခီယနသိက္ခာပုဒ် ဝေါသာသသိက္ခာပုဒ် ဂိရဂ္ဂသမဇ္ဇသိက္ခာပုဒ် အန္တောဝဿ စာရိက စရဏသိက္ခာပုဒ် ဝဿစာရိကပက္ကမနသိက္ခာပုဒ် ပါရိဝါသိကဆန္ဒဒါန သိက္ခာပုဒ်နှင့် တကွ နှစ်ဆယ့် တပါးသော ထိုသိက္ခာပုဒ်တို့ကို ရာဇဂြိုဟ်ပြည်၌ (ပညတ်ခြင်းကို) ပြုအပ်ကုန်၏။

သာဝတ္ထိပြည်၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကို ဟုတ်မှန်သော အလျောက် နာလော့၊ ဘိက္ခုနီပါရာဇိက သိက္ခာပုဒ်လေးပါး သံဃာဒိသိသ် တဆယ့်ခြောက်ပါး။

အနိယတနှစ်ပါး နိဿဂ္ဂိပါစိတ်နှစ်ဆယ့်လေးပါး ခုဒ္ဒကသိက္ခာပုဒ် တရာ့ငါးဆယ့်ခြောက်ပါး။

ပါဋိဒေသနီသိက္ခာပုဒ် ဆယ်ပါး သေခိယခုနစ်ဆယ့်နှစ်ပါးအားဖြင့် ခြောက်ပါးယုတ်သုံးရာ (၂၉၄-ပါး)သော အလုံးစုံသော သိက္ခာပုဒ်တို့ကို သာဝတ္ထိပြည်၌ (ပညတ်ခြင်းကို)ပြုအပ်ကုန်၏။

အာဠဝီပြည်၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ကုဋိကာရသိက္ခာပုဒ် ကောသိယမိဿက သန္ထတသိက္ခာပုဒ် အနုပသမ္ပန္နသဟသေယျ သိက္ခာပုဒ် ပထဝီခဏနသိက္ခာပုဒ် ဘူတဂါမသိက္ခာပုဒ် သပါဏောဒကသိဉ္စနသိက္ခာပုဒ် ဤသိက္ခာပုဒ် ခြောက်ပါး တို့ကို အာဠဝီပြည်၌ ပညတ်ခြင်းကို ပြုအပ်ကုန်၏။

ကောသမ္ဗီပြည်၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကို ဟုတ်မှန်သောအလျောက် နာလော့။

မဟလ္လကဝိဟာရ သိက္ခာပုဒ် ဒုဗ္ဗစသိက္ခာပုဒ် အညဝါဒကသိက္ခာပုဒ် ယာဝဒွါရကောသသိက္ခာပုဒ် သုရာပါနသိက္ခာပုဒ် အနာဒရိယသိက္ခာပုဒ် သဟဓမ္မိကသိက္ခာပုဒ် သုရုသုရုကာရက သိက္ခာပုဒ်နှင့်တကွ ရှစ်ပါးတို့တည်း။

သက္ကတိုင်းတို့၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ဧဠကလောမ ဓောဝါပနသိက္ခာပုဒ် ဦနပဉ္စဗန္ဓနပတ္တသိက္ခာပုဒ် ဘိက္ခုနုပဿယဩဝါဒသိက္ခာပုဒ် ဟတုတ္တရိဘေသဇ္ဇဝိညာပန သိက္ခာပုဒ် သူစိဃရသိက္ခာပုဒ် စတုတ္ထပါဋိဒေသနီသိက္ခာပုဒ် ရဟန်း

http://www.dhammadownload.com



မိန်းမတို့၌ ဟောအပ်သော ဥဒကသုဒ္ဓိ သိက္ခာပုဒ်နှင့်တကွ ဩဝါဒုပဂမန သိက္ခာပုဒ် ဤသိက္ခာပုဒ် ရှစ်ပါးတို့ကို ကပိလဝတ်ပြည်၌ ဟောဆိုအပ်ကုန်၏။

ဘဂ္ဂတိုင်းတို့၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ကောင်းစွာဆောက်တည်၍ ချုပ်သော ဝိသိဗ္ဗနသိက္ခာပုဒ် သာမိသဟတ္ထသိက္ခာပုဒ် သသိတ္ထကသိက္ခာပုဒ်တို့ကို (ဘဂ္ဂတိုင်းတို့၌ ပညတ်အပ်ကုန်၏)။

ပါရာဇိကလေးပါး သံဃာဒိသိသ်ခုနစ်ပါး နိဿဂ္ဂိရှစ်ပါး ခုဒ္ဒကသိက္ခာပုဒ် သုံးဆယ့်နှစ်ပါး။

ပါဋိဒေသနီ သိက္ခာပုဒ်နှစ်ပါး သေခိယသိက္ခာပုဒ်သုံးပါး ဤငါးဆယ့်ခြောက်ပါးသော သိက္ခာပုဒ်တို့ကို နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ခြောက်မြို့၌ ပညတ်တော် မူအပ်ကုန်၏။

ခြောက်ပါးယုတ် သုံးရာသော အလုံးစုံသော သိက္ခာပုဒ်တို့ကို မဟာကရုဏာရှိတော်မူသော များစွာသော အခြံအရံရှိတော်မူသော ဂေါတမမြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ (ပညတ်ခြင်းကို) ပြုအပ်ကုန်၏။

## ၂-ဝိပတ္တိ လေးပါး

၃၃၆။ မြတ်စွာဘုရား အသျှင်ဘုရားအား အကြင် အမေး ပြဿနာကို မေးလျှောက်ပါ၏၊ ထိုထို အမေး ပြဿနာကို တပည့်တော်တို့အား ဟောကြားတော် မူ၏၊မဖောက်မပြန်သော အခြင်းအရာအားဖြင့် ဖြေကြားတော်မူ၏၊ တပါးသော အမေး ပြဿနာကို အသျှင်ဘုရားကို မေးလျှောက်ပါအံ့၊ တိုက်တွန်းပါ၏၊ ထိုအမေးပြဿနာကို ဟောကြားတော်မူပါ။

လေးသောအာပတ် ပေါ့သော အာပတ်ကိုင်း အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကိုင်း ရှုန့်ရင်းသော အာပတ် မရှုန့်ရင်းသော အာပတ်ကိုင်း ယာဝတတိယက အာပတ်တို့ကိုင်း။

ဆက်ဆံသော အာပတ်ကိုင်း မဆက်ဆံသောအာပတ်ကိုင်း ဝေဖန်ခြင်းတို့ကိုင်း ငြိမ်းအေးကြောင်း (သမထ)တို့ကိုင်း ထိုအလုံးစုံတို့ကို ထင်ရှားပြုတော်မူပါလော့၊ ယခုအသျှင်ဘုရား၏ စကားတော်ကို (အကျွန်ုပ်တို့သည်)နာပါကုန်အံ့။

လေးသောအာပတ် သုံးဆယ့်တပါးတို့တွင်- (ပါရာဇိကအာပတ်)ရှစ်ပါးတို့သည် အကြွင်းမရှိသော အာပတ်တို့ မည်ကုန်၏၊ လေးသော အာပတ်တို့သည် ရှုန့်ရင်းသော အာပတ်တို့ မည်ကုန်၏၊ အာပတ်သည် သီလဝိပတ္တိ မည်၏။

ပါရာဇိကကိုင်း သံဃာဒိသိသ်ကိုင်း သီလဝိပတ္တိဟူ၍ ဆိုအပ်၏။

ထုလ္လစ္စဉ်းအာပတ်ငင်း ပါစိတ်အာပတ်ငင်း ပါဋိဒေသနီအာပတ်ငင်း ဒုက္ကဋ်အာပတ်ငင်း ရယ်မြူးလိုသည်ဖြစ်၍ ဆဲရေးသော ရဟန်း၏ ဒုဗ္ဘာသိ အာပတ်ငင်း ဤအာပတ်ငါးမျိုးကို အာစာရဝိပတ္တိဟူ၍ သမုတ်အပ်၏။

မသိတော်တရားတို့သည် ထက်ဝန်းကျင်ခြံရံအပ်ကုန်သည်ဖြစ်၍ ပညာမဲ့သည့် မောဟဖုံးလွှမ်းခံရသူတို့သည်ချွတ်ယွင်းဖောက်ပြန်သော မမှန်သော အယူကို ယူကုန်၏၊မြတ်စွာဘုရားကို စွပ်စွဲကုန်၏၊ ဤသို့ အယူဖောက်ပြန်၍ ယူခြင်း စွပ်စွဲခြင်းကို ဒိဋ္ဌိဝိပတ္တိဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



အသက်မွေးဝမ်းကျောင်း တည်းဟူသော အကြောင်းကြောင့် ယုတ်ညံ့သော အလိုရှိသည်ဖြစ်၍ အလိုရမ္မက်နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှား မရှိပဲ မဟုတ်မမှန်ပဲ (စျာန်မဂ်ဖိုလ် တရား) လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော 'ဥတ္တရိမနုဿဓမ္မ'ကို ပြောဆို၏။

အသက်မွေးဝမ်းကျောင်း တည်းဟူသော အကြောင်းကြောင့် အောင်သွယ်ခြင်းသို့ ရောက်၏။

အသက်မွေးဝမ်းကျောင်း တည်းဟူသော အကြောင်းကြောင့်"သင့်ကျောင်း၌နေသော ရဟန်းသည် ရဟန္တာတည်းဟု" ပြောဆို၏။

အသက်မွေးဝမ်းကျောင်းတည်းဟူသော အကြောင်းကြောင့် ရဟန်းသည် ပဏီတဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍ စား၏။

အသက်မွေး ဝမ်းကျောင်း တည်းဟူသော အကြောင်းကြောင့် ရဟန်းမိန်းမသည် ပဏီတဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍ စား၏။

အသက်မွေးဝမ်းကျောင်း တည်းဟူသော အကြောင်းကြောင့် ဟင်းကိုရင်း ဆွမ်း 'ထမင်း'ကိုရင်း မနာမဖျားပဲ မိမိအကျိုးငှါ တောင်း၍ စား၏။

ဤအာပတ်ခြောက်ပါးတို့ကို အသက်မွေးဝမ်းကျောင်း ပျက်စီးခြင်း 'အာဇီဝဝိပတ္တိ' ဟူ၍ သမုတ်အပ်၏။

(ဥပါလိ)တဆယ့်တပါးသော ယာဝတတိယကတို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ဥက္ခိတ္တာနုဝတ္တကသိက္ခာပုဒ် ယာဝတတိယက သံဃာဒိသိသ်ရှစ်ပါး အရိဋ္ဌသိက္ခာပုဒ် စဏ္ဍကာဠီသိက္ခာပုဒ် ဤသိက္ခာပုဒ် တဆယ့်တပါးတို့သည် ယာဝတတိယကမည်ကုန်၏။

## ၃-ဆေဒနက အာပတ်စသည်

၃၃၇။ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော ဆေဒနကသိက္ခာပုဒ်တို့သည် အဘယ်မျှတို့နည်း။ ဘေဒနကသိက္ခာပုဒ်တို့သည် အဘယ်မျှတို့နည်း။ ဥဒ္ဒါလက သိက္ခာပုဒ်တို့သည် အဘယ်မျှတို့နည်း။ အနည္ပါစိတ်တို့သည် အဘယ်မျှတို့နည်း။ ဘိက္ခုသမ္မုတိတို့သည် အဘယ်မျှတို့နည်း။ သာမီစိတို့သည်အဘယ်မျှတို့နည်း။ ပရမတို့သည် အဘယ်မျှတို့နည်း။ ဇာနံဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်တို့သည် အဘယ်မျှတို့နည်း။

နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော ဆေဒနအာပတ်တို့သည် ခြောက်ပါးတို့တည်း။ ဘေဒနအာပတ်သည် တပါးသာတည်း။ ဥဒ္ဒါလက အာပတ်သည် တပါးသာတည်း။ အနည္ပါစိတ်တို့သည် လေးပါးတို့တည်း။ ဘိက္ခုသမ္မုတိတို့သည် လေးပါးတို့တည်း။ သာမီစိတို့သည် ခုနစ်ပါးတို့တည်း။ ပရမတို့သည် တဆယ့်လေးပါးတို့တည်း။ ဇာနံဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်တို့သည် တဆယ့်ခြောက်ပါးတို့တည်း။

## ၄-အသာဓာရဏ အာပတ်စသည်

၃၃၈။ နှစ်ရာနှစ်ဆယ်သော သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့အား ဥပုသ်နေ့တို့၌ အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်ကုန်၏။

သုံးရာလေးပါးသော သိက္ခာပုဒ်တို့သည် ရဟန်း မိန်းမတို့အား ဥပုသ်နေ့တို့၌ အကျဉ်းပြအပ်သည်အဖြစ်သို့ ရောက်ကုန်၏။

http://www.dhammadownload.com



ရဟန်းယောကျ်ားတို့၏ လေးဆယ့်ခြောက်ပါးသော သိက္ခာပုဒ်တို့သည် ရဟန်းမိန်းမတို့နှင့် မဆက်ဆံကုန်၊ ရဟန်းမိန်းမတို့၏ တရာ့သုံးဆယ်သော သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံကုန်။

ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဦးတို့၏ အသာဓာရဏသိက္ခာပုဒ်တို့သည် တရာ့ခုနစ်ဆယ့်ခြောက်ပါးတို့တည်း၊ တရာ့ခုနစ်ဆယ့်လေးပါးသော သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဦးတို့အား တူသော အကျင့်သိက္ခာပုဒ် ရှိကုန်၏။

(ဥပါလိ) ရဟန်းယောကျ်ားတို့အား ဥပုသ်နေ့တို့၌ အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်ကုန်သော သိက္ခာပုဒ် နှစ်ရာ့နှစ်ဆယ်တို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ပါရာဇိကလေးပါး သံဃာဒိသိသ်တဆယ့်သုံးပါး အနိယတနှစ်ပါး နိဿဂ္ဂိပါစိတ်သုံးဆယ်။

ခုဒ္ဒကသိက္ခာပုဒ် ကိုးဆယ့်နှစ်ပါး ပါဋိဒေသနီ လေးပါး သေခိယခုနစ်ဆယ့်ငါးပါး၊ ဤ နှစ်ရာ့နှစ်ဆယ်သော ရဟန်းယောကျ်ားတို့၏ သိက္ခာပုဒ်တို့သည် ဥပုသ်နေ့တို့၌ အကျဉ်းပြအပ်သည် အဖြစ်သို့ ရောက်ကုန်၏။

(ဥပါလိ)ဥပုသ်နေ့တို့၌ အကျဉ်းပြအပ်သည်အဖြစ်သို့ရောက်သော သိက္ခာပုဒ် သုံးရာလေးပါးတို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ပါရာဇိကရှစ်ပါး သံဃာဒိသိသ်တဆယ့်ခုနစ်ပါး နိဿဂ္ဂိပါစိတ်သုံးဆယ် ခုဒ္ဒကသိက္ခာပုဒ် တရာ့ခြောက်ဆယ့်ခြောက်ပါး။

ပါဋိဒေသနီသိက္ခာပုဒ် ရှစ်ပါး၊ သေခိယသိက္ခာပုဒ်ခုနစ်ဆယ့်ငါးပါး၊ ဤသုံးရာ့လေးပါးသော ရဟန်းမိန်းမတို့၏ သိက္ခာပုဒ်တို့သည် ဥပုသ်နေ့တို့၌ အကျဉ်းပြ အပ်သည် အဖြစ်သို့ ရောက်ကုန်၏။

(ဥပါလိ) ရဟန်းမိန်းမတို့နှင့် မဆက်ဆံသောရဟန်းယောကျ်ားတို့၏ သိက္ခာပုဒ် လေးဆယ့်ခြောက်ပါးတို့ကို ဟုတ်မှန်သော အလျောက် နာလော့။

သံဃာဒိသိသ်ခြောက်ပါး အနိယတနှစ်ပါးတို့နှင့် တကွ ရှစ်ပါး၊ နိဿဂ္ဂိတဆယ့်နှစ်ပါးတို့နှင့် တကွ နှစ်ဆယ်။

ခုဒ္ဒကသိက္ခာပုဒ်နှစ်ဆယ့်နှစ်ပါး ပါဋိဒေသနီသိက္ခာပုဒ် လေးပါး၊ ရဟန်းယောကျ်ားတို့၏ ဤ လေးဆယ် ခြောက်ပါးသော သိက္ခာပုဒ်တို့သည် ရဟန်းမိန်းမတို့နှင့် မဆက်ဆံကုန်။

(ဥပါလိ) ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံသော ရဟန်းမိန်းမတို့၏ တရာ့သုံးဆယ်သော သိက္ခာပုဒ်တို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ပါရာဇိကလေးပါး သံဃာဒိသိသ် ဆယ်ပါး နိဿဂ္ဂိပါစိတ်တဆယ့်နှစ်ပါး ခုဒ္ဒကအာပတ် ကိုးဆယ့်ခြောက်ပါး။

ပါဋိဒေသနီရှစ်ပါး ရဟန်းမိန်းမတို့၏ ဤတရာ့သုံးဆယ်သော အာပတ်တို့သည် ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံကုန်။

(ဥပါလိ) ရဟန်းမိန်းမ ရဟန်းယောကျ်ား နှစ်ဦးတို့၏ အသာဓာရဏဖြစ်ကုန်သော တရာ့ခုနစ်ဆယ့်ခြောက်ပါးသော သိက္ခာပုဒ်တို့ကို ဟုတ်မှန်သော အလျောက် နာလော့။

ပါရာဇိကလေးပါး သံဃာဒိသိသ်တဆယ့်ခြောက်ပါး အနိယတနှစ်ပါး နိဿဂ္ဂိပါစိတ် နှစ်ဆယ့်လေးပါး။

http://www.dhammadownload.com



ခုဒ္ဒကအာပတ်တရာ့တဆယ့်ရှစ်ပါး ပါဋိဒေသနီအာပတ် တဆယ့်နှစ်ပါး၊ ဤတရာ့ခုနစ်ဆယ့်ခြောက်ပါးသော သိက္ခာပုဒ်တို့သည် ရဟန်းမိန်းမ ရဟန်းယောကျ်ားနှစ်ဦးတို့နှင့် မဆက်ဆံကုန်။

(ဥပါလိ)ရဟန်းမိန်းမ ရဟန်းယောကျ်ား နှစ်ဦးတို့အား တူမျှသော အကျင့်သိက္ခာရှိသော တရာ့ခုနစ်ဆယ့် လေးပါးသော ထိုသိက္ခာပုဒ်တို့ကို ဟုတ်မှန်သော အလျှောက် နာလော့။

ပါရာဇိကလေးပါး သံဃာဒိသိသ်ခုနစ်ပါး နိဿဂ္ဂိပါစိတ် တဆယ့်ရှစ်ပါး ခုဒ္ဒကအာပတ် ခုနစ်ဆယ် တိတိ သေခိယခုနစ်ဆယ့်ငါးပါး၊ ဤတရာ့ခုနစ်ဆယ့်လေးပါးတို့သည် နှစ်ဦးသားတို့အား တူမျှသော အကျင့်သိက္ခာ ရှိကုန်၏။

ပါရာဇိက ရှစ်ပါးတို့သည် ဝေးမွာစွန့်အပ်သော တရားတို့ ဖြစ်ကုန်၏၊ နုတ်အပ်ပြီးသော ထန်းပင်ရာနှင့်တူသော ဥပမာရှိကုန်၏၊ ဖက်ရွက်လျှော်ကဲ့သို့ရှိင်း (ကွဲသော) ကျောက်ဖြာကြီးကဲ့သို့ရှိင်း ဦးခေါင်းပြတ်သော လူ (ယောကျ်ား)ကဲ့သို့ရှိင်း လည်ဆစ်ပြတ်ပြီးသော ထန်းပင်ကဲ့သို့ရှိင်း ထို (ပါရာဇိက)သို့ရောက်သောရဟန်းသည် (ပကတိသီလမရှိသဖြင့်)စည်ပင်ပြန့်ပွါးခြင်း မရှိကုန်။

သံဃာဒိသိသ် နှစ်ဆယ့်သုံးပါး အနိယတနှစ်ပါး နိဿဂ္ဂိပါစိတ် လေးဆယ့်နှစ်ပါး ပါစိတ်တရာ့ရှစ်ဆယ့်ရှစ်ပါး ပါဋိဒေသနီ တဆယ့်နှစ်ပါး။

သေခိယ ခုနစ်ဆယ့်ငါးပါးတို့သည် သမ္မုခါဝိနယ ပဋိညာတကရဏ တိဏဝတ္ထာရက ဝိနည်းကံဟူသော သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ဥပုသ်နှစ်ပါး ပဝါရဏာနှစ်ပါး ကံလေးပါးတို့ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏။

ပါတိမောက်ပြခြင်းတို့သည် (ရဟန်းယောကျ်ားတို့အား) ငါးပါးတို့သာ(ရဟန်းမိန်းမတို့အား) လေးပါးတို့သာ ဖြစ်ကုန်၏၊ တပါးသော အပြားအားဖြင့် မဖြစ်ကုန်။ အာပတ်အစုတို့သည်လည်း ခုနစ်ပါးတို့သည် ဖြစ်ကုန်၏။ အဓိကရုဏ်းလေးပါးတို့သည် ခုနစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။ (သမထ) နှစ်ပါးတို့ဖြင့် (ဝိဝါဒါဓိကရုဏ်းသည်) (သမထ) လေးပါးတို့ဖြင့် (အနုဝါဒါဓိကရုဏ်းသည်) (သမထ)သုံးပါးတို့ဖြင့် (အာပတ္တာဓိကရုဏ်းသည်) (သမထ)တပါးဖြင့် ကိစ္စာဓိကရုဏ်းသည် ငြိမ်းအေး၏။

## ၅-ပါရာဇိကအာပတ်စသည်

၃၃၉။ (ဥပါလိ)ပါရာဇိကဟူ၍ ဟောအပ်သော အာပတ်ကို ဟုတ်မှန်သော အလျှောက် နာလော့။ပါရာဇိကကျသော ပုဂ္ဂိုလ်သည်(အကြင့်ကြောင့်)သာသနာတော်မှ ရွေလျော၏၊ ချွတ်ယွင်း၏၊ ပျက်စီး၏၊ (သံဃာမှ)နှင်ထုတ်အပ်၏၊ ထိုပုဂ္ဂိုလ်၌ (ဥပုသ်ပဝါရဏာစသော) ပေါင်းဖော်ခြင်းသည် မရှိ၊ ထို့ကြောင့် ဤအာပတ်ကို ပါရာဇိကဟူ၍ ဆိုအပ်၏။

(ဥပါလိ) သံဃာဒိသိသ်ဟူ၍ ဟောအပ်သော အာပတ်ကို ဟုတ်မှန်သော အလျှောက် နာလော့။ (အကြင့်ကြောင့်)သံဃာသည်သာ ပရိဝါသ်ကို ပေး၏။ အရင်းသို့ ငင်၏၊ မာနတ်ကို ပေး၏ (သံဃာ့ဘောင်သို့)သွင်း၏၊ ထို့ကြောင့် ဤအာပတ်ကို သံဃာဒိသိသ်ဟူ၍ ဆိုအပ်၏။

(ဥပါလိ) အနိယတဟူ၍ ဟောအပ်သော ထိုအာပတ်ကို ဟုတ်မှန်သော အလျှောက် နာလော့၊ (အကြင့်ကြောင့်) မမြဲ၊ မြဲသည်မဟုတ်၊ သိက္ခာပုဒ်ကို အမြဲမရှိသောအားဖြင့် ပြုအပ်၏၊ အာပတ်

http://www.dhammadownload.com



သုံးပါးတို့တွင် တပါးပါးသော အာပတ်တို့ကို ပြုအပ်၏၊ (ထို့ကြောင့်) အနိယတ 'မမြဲသောအာပတ်' ဟူ၍ ဆိုအပ်၏။

(ဥပါလိ) ထုလ္လစ္စဉ်းဟူ၍ ဆိုအပ်သော အာပတ်ကို ဟုတ်မှန်သော အလျောက် နာလော့။ အကြင်ရဟန်းသည်လည်း ရဟန်းတပါး၏ အထံ၌ ကြား၏၊ အကြင်ရဟန်းသည်လည်း ထို အာပတ်ကို ခံ၏၊ ထိုထုလ္လစ္စဉ်းအာပတ်နှင့်တူသော အပြစ်သည် မရှိ၊ ထို့ကြောင့် ထိုအာပတ်ကို ထုလ္လစ္စဉ်းအာပတ် ဟူ၍ ဆိုအပ်၏။

(ဥပါလိ) နိဿဂ္ဂိဟူ၍ ဆိုအပ်သော အာပတ်ကို ဟုတ်မှန်သော အလျောက် နာလော့။ (အကြင့်ကြောင့်) သံဃာ၏ အလယ်၌ရှိုင်း ဂိုဏ်း၏ အလယ်၌ရှိုင်း၊ ရဟန်း တပါး၏ အထံ၌ရှိုင်း၊ တပြိုင်နက် စွန့်၍ ကြား၏ ၊ ထို့ကြောင့် ထို အာပတ်ကို နိဿဂ္ဂိယဟူ၍ ဆိုအပ်၏။

(ဥပါလိ) ပါစိတ်ဟူ၍ ဆိုအပ်သော အာပတ်ကို ဟုတ်မှန်သော အလျောက် နာလော့။ (အကြင့်ကြောင့်) ကုသိုလ်တရားကို ကျစေတတ်၏၊ အရိယာမဂ်ကို ချွတ်ယွင်းစေတတ်၏၊ စိတ်တွေဝေခြင်း၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် ထိုအာပတ်ကို ပါစိတ် အာပတ်ဟူ၍ ဆိုအပ်၏။

(ဥပါလိ) ပါဋိဒေသနီ-ဟူ၍ ဆိုအပ်သော အာပတ်ကို ဟုတ်မှန်သော အလျောက် နာလော့။ ရဟန်းသည် ဆွေမျိုးမတော်သူဖြစ်လျက် ငြိုငြင်ပင်ပန်းစွာ ရသော ရဟန်းမိန်းမ၏ ဘောဇဉ်ကို ကိုယ်တိုင် (မိမိလက်ဖြင့်) ခံယူ၍ စားအံ့၊ ကဲ့ရဲ့အပ်သော (ပါဋိဒေသနီ) အာပတ်ဟူ၍ ဆိုအပ်၏။

ဆွမ်းဖိတ်သော ဒါယကာအိမ်တို့၌ ဆွမ်းစားကုန်လတ်သော် ရဟန်းမိန်းမသည် အလိုဆန္ဒအားဖြင့် စီရင်အံ့၊ ထိုစီရင်ရာ၌ ရဟန်းမိန်းမကို မတားမြစ်ပဲ၊ ထိုအိမ်၌ စားအံ့၊ ကဲ့ရဲ့အပ်သော (ပါဋိဒေသနီ) အာပတ်ဟူ၍ ဆိုအပ်၏။

ယုံကြည်မှု 'သဒ္ဓါ' စိတ်ရှိသော ဥစ္စာနည်းပါး ဆင်းရဲသော ဒါယကာအိမ်သို့ သွား၍ မဖျားမနာပဲ ထိုဒါယကာအိမ်၌ စားအံ့၊ ကဲ့ရဲ့အပ်သော (ပါဋိဒေသနီ) အာပတ်ဟူ၍ ဆိုအပ်၏။

ရွံရှာဖွယ်ရှိသော ကြောက်မက်ဖွယ်နှင့် ကက္ကဖြစ်သော တောကျောင်း၌ နေသော အကြင်ရဟန်းသည် မပန်ကြားပဲ ထိုအရံတွင်း၌ စားအံ့၊ (ထိုရဟန်းသည်) ကဲ့ရဲ့အပ်သော (ပါဋိဒေသနီ) အာပတ်သင့်၏ ဟူ၍ ကြားအပ်၏။

(အကြင်) ရဟန်းမိန်းမသည် ဆွေမျိုးမတော်သည် ဖြစ်လျက် သူတပါးတို့ မြတ်နိုးအပ်သော ထောပတ် ဆီ ပျား တင်လဲ ငါး အမဲကိုရှိုင်း၊ ထိုမှတပါး နို့ ရည် နို့ ဓမ်းကိုရှိုင်း၊ ကိုယ်တိုင်တောင်းငြားအံ့၊ ထိုရဟန်းမိန်းမသည် မြတ်စွာဘုရား၏ သာသနာတော်၌ ကဲ့ရဲ့အပ်သော'ပါဋိဒေသနီ' အာပတ်သို့ ရောက်၏။

(ဥပါလိ) ဒုက္ကဋ်ဟူ၍ ဆိုအပ်သော အာပတ်ကို ဟုတ်မှန်သော အလျောက် နာလော့။အကြင်အမှုသည် ဟောတော်မူတိုင်း မကျင့်သည် ဖြစ်၍ ချွတ်လည်း ချွတ်ယွင်း၏၊ ဆန့်လည်း ဆန့်ကျင်၏၊ ချော်လည်း ချော်ချွတ်၏၊ ထိုအမှုသည် ဒုက္ကဋ် အာပတ်မည်၏။

(ဥပမာ)လူသည် မျက်မှောက်၌ရှိုင်း၊ သို့မဟုတ် မျက်ကွယ်၌ရှိုင်း၊ အကြင် ယုတ်မာသော အမှုကို ပြု၏၊ ထိုယုတ်မာသော အမှုကို မကောင်းသဖြင့် ပြုအပ်သော အမှု 'ဒုက္ကဋ' ဟူ၍ ပြောကြားကုန် သကဲ့သို့တည်း၊ ထို့ကြောင့် ထိုအာပတ်ကို ဒုက္ကဋ်အာပတ် ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



ဒုဋ္ဌုလ္လသိဟူ၍ ဆိုအပ်သော အာပတ်ကို ဟုတ်မှန်သောအလျောက် နာလော့။ မကောင်းသဖြင့် ဆိုအပ်သော စကားသည် ဒုဋ္ဌုလ္လတမည်၏။ အကြင်စကား အဖို့ အစုသည် ညစ်ညူး၏၊ ထိုစကား အဖို့အစုသည်လည်း ဒုဋ္ဌုလ္လတမည်၏။ အကြင့်ကြောင့် စင်စစ်ပညာရှိတို့သည် ကဲ့ရဲ့ကုန်၏၊ ထို့ ကြောင့် ထိုအာပတ်ကို ဒုဋ္ဌုလ္လသိဟူ၍ ဆိုအပ်၏။

(ဥပါလိ) သေခိယဟူ၍ ဆိုအပ်သော သိက္ခာပုဒ်ကို ဟုတ်မှန်သော အလျောက် နာလော့။ ထိုသိက္ခာပုဒ်သည် ကျင့်ဆဲဖြစ်သော ဖြောင့်မတ်သော နိဗ္ဗာန်လမ်းခရီးကို မှီသော သေက္ခပုဂ္ဂိုလ်၏ အစလည်းဖြစ်သော အကျင့်လည်း ဖြစ်သော အဦးလည်း ဖြစ်သော ဣန္ဒြေကို စောင့်သော ဤသို့ သဘောရှိသော အကျင့်သိက္ခာသည် မရှိ၊ ထို့ကြောင့် ထိုသိက္ခာပုဒ်ကို သေခိယဟူ၍ ဆိုအပ်၏။

(အာပတ်ကို) ဖုံးလွှမ်းမှုကား (အာပတ်အသစ်ထပ်၍ သင့်သဖြင့်) အလွန်စိုစွတ်၏၊ (ကုစားသော အားဖြင့်) ဖွင့်ပါမှုကား (အဟောင်းအသစ်ဖြစ်သော အာပတ်တို့ဖြင့်) မစိုစွတ်၊ ထို့ကြောင့် (အာပတ်) ဖုံးလွှမ်းခြင်းကို (ကုစားသော အားဖြင့်) ဖွင့်ကုန်ရာ၏၊ ဤသို့ဖွင့်ပါမှု ထိုအာပတ်သည် မစိုစွတ်။

တောအုပ်သည် သားသမင်တို့၏ မှီခိုရာ(လားရာ)ဖြစ်၏၊ ကောင်းကင်သည် အတောင်ရှိသော ငှက်တို့၏ မှီခိုရာ (လားရာ) ဖြစ်၏၊ ပျက်စီးခြင်းသည် သင်္ခတတရားတို့၏ လားရာ ဖြစ်၏၊ နိဗ္ဗာန်သည် ရဟန္တာပုဂ္ဂိုလ်၏ လားရာဖြစ်၏။

**ဤမျှ ဂါထာသင်္ဂဏိက ပြီး၏။**

ထိုဂါထာသင်္ဂဏိက၏ အကျဉ်းချုပ်—

ခုနစ်ပါးသော ပြည်တို့၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကိုရင်း၊ ပျက်စီးခြင်း လေးပါးတို့ကိုရင်း၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ တို့အားရင်း၊ ဆက်ဆံသော အာပတ် မဆက်ဆံသော အာပတ်တို့ကို ရင်း၊ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ ဤဂါထာတို့ဖြင့် အကျဉ်းပေါင်း၍ ဆိုခြင်း 'ဂါထာသင်္ဂဏိက' ကို ဆိုအပ်၏၊

**ဤကား အကျဉ်းချုပ် အပြီးတည်း။**

## ဂါထာသင်္ဂဏိက ပြီး၏။

http://www.dhammadownload.com

# အဓိကရဏဘေဒ

## ၁-ဥက္ကောဋနဘေဒစသည်

၃၄၀။ အဓိကရုဏ်းတို့သည် လေးပါးတို့တည်း။

ဝိဝါဒါဓိကရုဏ်း၊ အနုဝါဒါဓိကရုဏ်း၊ အာပတ္တာဓိကရုဏ်း၊ ကိစ္စာဓိကရုဏ်း အားဖြင့် အဓိကရုဏ်းတို့သည် ဤလေးပါးတို့တည်း။

ဤလေးပါးသော အဓိကရုဏ်းတို့ကို တားမြစ်ခြင်းတို့သည် အဘယ်မျှတို့နည်း။ ဤလေးပါးသော အဓိကရုဏ်းတို့ကို တားမြစ်ခြင်းတို့သည် ဆယ်ပါးတို့တည်း။

ဝိဝါဒါဓိကရုဏ်းကို တားမြစ်ခြင်း နှစ်ပါး၊

အနုဝါဒါဓိကရုဏ်းကို တားမြစ်ခြင်း လေးပါး၊

အာပတ္တာဓိကရုဏ်းကို တားမြစ်ခြင်း သုံးပါး၊

ကိစ္စာဓိကရုဏ်းကို တားမြစ်ခြင်း တပါး။

ဤလေးပါးသော အဓိကရုဏ်းတို့ကို တားမြစ်ခြင်းတို့သည် ဤဆယ်ပါးတို့တည်း။

ဝိဝါဒါဓိကရုဏ်းကို တားမြစ်သောသူသည် အဘယ်မျှသော သမထတို့ကို တားမြစ်သနည်း။

အနုဝါဒါဓိကရုဏ်းကို တားမြစ်သော သူသည် အဘယ်မျှသော သမထတို့ကို တားမြစ်သနည်း။

အာပတ္တာဓိကရုဏ်းကို တားမြစ်သောသူသည် အဘယ်မျှသော သမထတို့ကို တားမြစ်သနည်း။

ကိစ္စာဓိကရုဏ်းကို တားမြစ်သောသူသည် အဘယ်မျှသော သမထတို့ကို တားမြစ်သနည်း။

ဝိဝါဒါဓိကရုဏ်းကို တားမြစ်သော သူသည် နှစ်ပါးသော သမထတို့ကို တားမြစ်၏။

အနုဝါဒါဓိကရုဏ်းကို တားမြစ်သောသူသည် လေးပါးသော သမထတို့ကို တားမြစ်၏။

အာပတ္တာဓိကရုဏ်းကို တားမြစ်သောသူသည် သုံးပါးသော သမထတို့ကို တားမြစ်၏။

ကိစ္စာဓိကရုဏ်းကို တားမြစ်သောသူသည် တပါးသော သမထကို တားမြစ်၏။

၃၄၁။ တားမြစ်ခြင်းတို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် တားမြစ်ခြင်းသည် ဖြစ်သနည်း။

အဘယ်မျှလောက် အင်္ဂါနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အဓိကရုဏ်းကို တားမြစ်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့သည် အဓိကရုဏ်းကို တားမြစ်သည်ရှိသော် အာပတ်သို့ ရောက်ကုန်သနည်း။

တားမြစ်ခြင်းတို့သည် တဆယ့်နှစ်ပါးတို့တည်း။ ဆယ်ပါးသောအခြင်းအရာတို့ဖြင့် တားမြစ်ခြင်းသည် ဖြစ်၏၊ လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဓိကရုဏ်းကို တားမြစ်၏။ လေးပါးသော ပုဂ္ဂိုလ်တို့သည် အဓိကရုဏ်းကို တားမြစ်သည်ရှိသော် အာပတ်သို့ ရောက်ကုန်၏။

တားမြစ်ခြင်းတဆယ့်နှစ်ပါးတို့သည် အဘယ်တို့နည်း။

ကံသည် ပြု၍ မပြီးသေး၊ ကံသည် မကောင်းသဖြင့် ပြုအပ်သော ကံတည်း၊ တဖန်ပြုထိုက်သော ကံတည်း၊ (ပါဠိတော်စသည်ဖြင့်)မဆောင်အပ်သေး၊ (ပါဠိတော် စသည်ဖြင့်) မကောင်းသဖြင့်

http://www.dhammadownload.com



ဆောင်အပ်၏၊ တဖန်ပါဋ္ဌိတော်စသည်ဖြင့် ဆောင်ထိုက်၏၊ မဆုံးဖြတ်အပ်သေး၊ မကောင်းသဖြင့် ဆုံးဖြတ်အပ်၏။ တဖန်ဆုံးဖြတ်ထိုက်၏၊ မငြိမ်း(စဲ)သေး၊ မကောင်းသဖြင့် ငြိမ်း(စဲ)၏၊ တဖန် ငြိမ်း(စဲ)ထိုက်၏၊ (ဤသို့)တားမြစ်ခြင်းတို့သည် ဤတဆယ့်နှစ်ပါးတို့တည်း။

အဘယ်မျှလောက်သော ဆယ်ပါးသော အခြင်းအရာတို့ဖြင့် တားမြစ်ခြင်းသည် ဖြစ်ပွါးသနည်း။

ထိုကျောင်း၌ဖြစ်သော အဓိကရဏ်းကို တားမြစ်၏။ ထိုကျောင်း၌ ဖြစ်သော ငြိမ်းသော အဓိကရဏ်းကို တားမြစ်၏၊ လမ်းခရီးအကြား၌ အဓိကရဏ်းကို တားမြစ်၏၊ လမ်းခရီးအကြား၌ငြိမ်းသော အဓိကရဏ်းကို တားမြစ်၏၊ ထိုဝိနည်းဓိုရ် ရှိရာသို့ရောက်ပြီးသော အဓိကရဏ်းကို တားမြစ်၏၊ ထိုဝိနည်းဓိုရ်ရှိရာသို့ ရောက်ပြီးသော ငြိမ်းသော အဓိကရဏ်းကို တားမြစ်၏၊ သတိဝိနည်းကို တားမြစ်၏၊ အမူဠှဝိနည်းကို တားမြစ်၏၊ တဿပါပိယသိကာ သမထကို တားမြစ်၏၊တိဏဝတ္ထာရက သမထကို တားမြစ်၏။ ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့် တားမြစ်ခြင်းသည် ဖြစ်ပွါး၏။

အဘယ်မျှသော လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အဓိကရဏ်းကို တားမြစ်သနည်း။

ဆန္ဒာဂတိသို့ လိုက်သည်ဖြစ်၍ အဓိကရဏ်းကို တားမြစ်၏၊ ဒေါသာဂတိသို့ လိုက်သည်ဖြစ်၍ အဓိကရဏ်းကို တားမြစ်၏၊ မောဟာဂတိသို့ လိုက်သည် ဖြစ်၍ အဓိကရဏ်းကို တားမြစ်၏၊ဘယာဂတိသို့ လိုက်သည်ဖြစ်၍ အဓိကရဏ်းကို တားမြစ်၏။ဤလေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဓိကရဏ်းကို တားမြစ်၏။

အဘယ်လေးယောက်သော ပုဂ္ဂိုလ်တို့သည် အဓိကရဏ်းကို တားမြစ်သည် ရှိသော် အာပတ်သို့ ရောက်ကုန်သနည်း။

ထိုနေ့ ပဉ္စင်းခံသော ရဟန်းသည် တားမြစ်အံ့၊ တားမြစ်ခြင်းကြောင့်ဖြစ်သော ပါစိတ်အာပတ်သို့ (ရောက်၏)။

ဧည့်သည် 'အာဂန္တု' ရဟန်းသည် တားမြစ်အံ့၊ တားမြစ်ခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ်သို့ (ရောက်၏)။

ဆုံးဖြတ်သော ဝိနည်းဓိုရ် 'ကာရက'သည် တားမြစ်အံ့၊တားမြစ်ခြင်းကြောင့် ဖြစ်သော ပါစိတ် အာပတ်သို့ ရောက်၏။

ဆန္ဒပေးသော ရဟန်းသည် တားမြစ်အံ့၊ တားမြစ်ခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ်သို့ (ရောက်၏)။

ဤလေးယောက်သော ပုဂ္ဂိုလ်တို့သည် အဓိကရဏ်းကို တားမြစ်သည် ရှိသော် အာပတ်သို့ ရောက်ကုန်၏။

## ၂-အဓိကရဏ်း၏ အကြောင်းစသည်

၃၄၂။ ဝိဝါဒါဓိကရဏ်းသည် အဘယ်အကြောင်း ရှိသနည်း၊ အဘယ် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

အနုဝါဒါဓိကရဏ်းသည် အဘယ်အကြောင်းရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ် ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦရှိသနည်း၊ အဘယ်လျှင်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

http://www.dhammadownload.com



အာပတ္တာဓိကရဏ်းသည် အဘယ်အကြောင်း ရှိသနည်း၊အဘယ်ဖြစ်ကြောင်း ရှိသနည်း၊အဘယ် ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦရှိသနည်း၊ အဘယ်လျှင်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

ကိစ္စာဓိကရဏ်းသည် အဘယ်အကြောင်း ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ် ဇာတ် ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

ဝိဝါဒါဓိကရဏ်းသည် ငြင်းခုံခြင်း ဝိဝါဒလျှင် အကြောင်း ရှိ၏၊ ငြင်းခုံခြင်း ဝိဝါဒလျှင် ဖြစ်ကြောင်း ရှိ၏၊ ငြင်းခုံခြင်း ဝိဝါဒလျှင် ဇာတ်ရှိ၏၊ ငြင်းခုံခြင်း ဝိဝါဒလျှင် အမွန်ရှိ၏၊ ငြင်းခုံခြင်း ဝိဝါဒလျှင် အဆောက်အဦရှိ၏၊ ငြင်းခုံခြင်းဝိဝါဒလျှင် ဖြစ်ကြောင်း'သမုဋ္ဌာန်'ရှိ၏။

အနုဝါဒါဓိကရဏ်းသည် စွပ်စွဲခြင်းအနုဝါဒလျှင် အကြောင်းရှိ၏၊ စွပ်စွဲခြင်းအနုဝါဒလျှင် ဖြစ်ကြောင်း ရှိ၏၊ စွပ်စွဲခြင်းအနုဝါဒလျှင် ဇာတ်ရှိ၏၊ စွပ်စွဲခြင်း အနုဝါဒလျှင် အမွန်ရှိ၏၊ စွပ်စွဲခြင်း အနုဝါဒလျှင် အဆောက်အဦရှိ၏၊ စွပ်စွဲခြင်းအနုဝါဒလျှင် ဖြစ်ကြောင်း'သမုဋ္ဌာန်' ရှိ၏။

အာပတ္တာဓိကရဏ်းသည် အာပတ်လျှင် အကြောင်းရှိ၏၊ အာပတ်လျှင် ဖြစ်ကြောင်းရှိ၏၊ အာပတ်လျှင် ဇာတ်ရှိ၏၊ အာပတ်လျှင် အမွန်ရှိ၏၊ အာပတ်လျှင် အဆောက်အဦရှိ၏၊ အာပတ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

ကိစ္စာဓိကရဏ်းသည် ပြုအပ်သော သံဃာ့ကံ 'ကိစ္စ'လျှင် အကြောင်းရှိ၏၊ ပြုအပ်သော သံဃာ့ကံ 'ကိစ္စ'လျှင် ဖြစ်ကြောင်း ရှိ၏၊ ပြုအပ်သော သံဃာ့ကံလျှင် ဇာတ်ရှိ၏၊ ပြုအပ်သော သံဃာ့ကံလျှင် အမွန်ရှိ၏၊ ပြုအပ်သော သံဃာ့ကံလျှင် အဆောက်အဦရှိ၏၊ ပြုအပ်သော သံဃာ့ကံလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏။

ဝိဝါဒါဓိကရဏ်းသည် အဘယ်အကြောင်း ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ် ဇာတ် ရှိသနည်း၊ အဘယ်အမွန် ရှိသနည်း၊ အဘယ် အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင် ဖြစ် ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

အနုဝါဒါဓိကရဏ်းသည်။ပ။ အာပတ္တာဓိကရဏ်းသည်။ပ။ ကိစ္စာဓိကရဏ်းသည် အဘယ် အကြောင်း ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန် ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

ဝိဝါဒါဓိကရဏ်းသည် ဟိတ်လျှင် အကြောင်းရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း ရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ်လျှင် အဆောက်အဦရှိ၏၊ဟိတ်လျှင် ဖြစ်ကြောင်း'သမုဋ္ဌာန်' ရှိ၏။

အနုဝါဒါဓိကရဏ်းသည် ။ပ။ အာပတ္တာဓိကရဏ်းသည် ။ပ။ ကိစ္စာဓိကရဏ်းသည် ဟိတ်လျှင် အကြောင်းရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း ရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ် လျှင် အဆောက်အဦ ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

ဝိဝါဒါဓိကရဏ်းသည် အဘယ်အကြောင်း ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ် ဇာတ်ရှိသနည်း၊ အဘယ်အမွန် ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

http://www.dhammadownload.com



အနုဝါဒါဓိကရုဏ်းသည်။ပ။ အာပတ္တာဓိကရုဏ်းသည် ။ပ။ ကိစ္စာဓိကရုဏ်းသည် အဘယ် အကြောင်း ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန် ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

ဝိဝါဒါဓိကရုဏ်းသည် ပစ္စည်းလျှင် အကြောင်းရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်းရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏၊ ပစ္စည်းလျှင် အဆောက်အဦ ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏။

အနုဝါဒါဓိကရုဏ်းသည်။ပ။ အာပတ္တာဓိကရုဏ်းသည်။ပ။ ကိစ္စာဓိကရုဏ်းသည် ပစ္စည်းလျှင် အကြောင်းရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း ရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏၊ ပစ္စည်းလျှင် အဆောက်အဦ ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

## ၃-အဓိကရုဏ်း၏ မူလစသည်

၃၄၃။ လေးပါးသော အဓိကရုဏ်းတို့၏ မူလတို့သည် အဘယ်မျှတို့နည်း။ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် အဘယ်မျှတို့နည်း။

လေးပါးသော အဓိကရုဏ်းတို့၏ မူလတို့သည် သုံးဆယ့်သုံးပါးတို့တည်း။ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် သုံးဆယ့်သုံးပါးတို့တည်း။

လေးပါးသောအဓိကရုဏ်းဘို့၏ မူလတို့သည် အဘယ်သုံးဆယ့်သုံးပါးတို့နည်း။

ဝိဝါဒါဓိကရုဏ်း၏ မူလတို့သည် တဆယ့်နှစ်ပါးတို့တည်း၊ အနုဝါဒါဓိကရုဏ်း၏ မူလတို့သည် တဆယ့်လေးပါးတို့တည်း၊အာပတ္တာဓိကရုဏ်း၏ မူလတို့သည် ခြောက်ပါးတို့တည်း၊ ကိစ္စာဓိကရုဏ်း၏ မူလသည် သံဃာဟူသော တပါးသာတည်း။ လေးပါးသော အဓိကရုဏ်းတို့၏ မူလတို့သည် ဤသုံး ဆယ့်သုံးပါးတို့တည်း။

လေးပါးသော အဓိကရုဏ်းတို့၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်"တို့သည် အဘယ် သုံးဆယ့် သုံးပါးတို့နည်း။

ဝိဝါဒါဓိကရုဏ်း၏ ဖြစ်ကြောင်းသမုဋ္ဌာန်တို့သည် တဆယ့်ရှစ်ပါးသော ဘေဒကရဝတ္ထု တို့တည်း။

အနုဝါဒါဓိကရုဏ်း၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်' တို့သည် လေးပါးသော ဝိပတ္တိတို့တည်း။

အာပတ္တာဓိကရုဏ်း၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် ခုနစ်ပါးသော အာပတ်အစုတို့တည်း။

ကိစ္စာဓိကရုဏ်း၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် လေးပါးသောကံတို့တည်း။ လေးပါးသော အဓိကရုဏ်းတို့၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် ဤသုံးဆယ့်သုံးပါးတို့တည်း။

## ၄-အဓိကရုဏ်းဟူသော အကြောင်းကြောင့် သင့်သောအာပတ်

၃၄၄။ ဝိဝါဒါဓိကရုဏ်းသည် အာပတ်လော၊ အာပတ် မဟုတ်သလော။

ဝိဝါဒါဓိကရုဏ်းသည် အာပတ် မဟုတ်။

အသို့နည်း၊ ဝိဝါဒါဓိကရုဏ်း ဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရာသလော။

ဝိဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရာ၏။

http://www.dhammadownload.com



ဝိဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် အဘယ်မျှသော အာပတ်တို့သို့ ရောက်သနည်း။

ဝိဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်း ပဥ္စင်းကို နှုတ်လုံ့ထိုးအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။ လူသာမဏေကို နှုတ်လုံ့ထိုးအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏၊ ဝိဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် ဤနှစ်ပါးသောအာပတ်တို့သို့ ရောက်၏။

ထိုနှစ်ပါးသော အာပတ်တို့သည် လေးပါးသောဝိပတ္တိတို့တွင် အဘယ်မျှသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း၊ လေးပါးသော အဓိကရုဏ်းတို့တွင် အဘယ်အဓိကရုဏ်းနည်း၊ ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း ၊အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ဖြင့် ဖြစ်ကုန်သနည်း၊ အဘယ်မျှသော အဓိကရုဏ်းတို့ဖြင့် အဘယ်မျှသော အရာတို့၌ အဘယ်မျှသော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အာစာရဝိပတ္တိဟုဆိုအပ်သော တပါးသော ဝိပတ္တိသို့ သက်ဝင်ကုန်၏။ လေးပါးသော အဓိကရုဏ်းတို့တွင် အာပတ္တာဓိကရုဏ်းတည်း။ ခုနစ်ပါးသော အာပတ်အစုတို့တွင် နှစ်ပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏၊ ရံခါ ပါစိတ်အာပတ်အစုဖြင့်၊ ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်၏။

အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ကိစ္စာဓိကရုဏ်းဟူသော တပါးသော အဓိကရုဏ်းဖြင့် သံဃာ့အလယ် ဂိုဏ်းအလယ် ပုဂ္ဂိုလ်၏ အထံ ဟူသော သုံးပါးသော အရာတို့၌ သုံးပါးသောသမထတို့ဖြင့် ငြိမ်းအေးကုန်၏၊ ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ ရံခါသမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

၃၄၅။ အနုဝါဒါဓိကရုဏ်းသည် အာပတ်လော၊ အာပတ်မဟုတ်သလော။

အနုဝါဒါဓိကရုဏ်းသည် အာပတ်မဟုတ်။ အသို့နည်း၊ အနုဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရာသလော။ အိမ်း-အနုဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရာ၏။

အနုဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း။

အနုဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် သုံးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းယောကျ်ားကို အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲအံ့၊ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။

အရင်းမရှိသော သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

အရင်းမရှိသော အာစာရဝိပတ္တိဖြင့် စွပ်စွဲအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အနုဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် ဤသုံးပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း လေးပါးသော အဓိကရုဏ်းတို့တွင် အဘယ်အဓိကရုဏ်းနည်း၊ ခုနစ်ပါးသော အာပတ်အစုတို့တွင်

http://www.dhammadownload.com



အဘယ်အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း၊ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်သော အကြောင်းတို့ဖြင့် ဖြစ်ကုန်သနည်း၊ အဘယ်မျှလောက်သော အဓိကရဏ်းတို့ဖြင့် အဘယ်မျှသော အရာတို့၌ အဘယ်မျှသော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။ လေးပါးသော အဓိကရဏ်းတို့တွင် အာပတ္တာဓိကရဏ်းတည်း။

ခုနစ်ပါးသော အာပတ် အစုတို့တွင် သုံးပါးသော အာပတ် အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။ ရံခါ သံဃာဒိသိသ်အာပတ်အစုဖြင့် ရံခါ ပါစိတ်အာပတ်အစုဖြင့် ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် သုံးမျိုးသောအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

လေးသော အာပတ်တို့သည် ကိစ္စာဓိကရဏ်းဟု ဆိုအပ်သော တပါးသော အဓိကရဏ်းဖြင့် သံဃာ့အလယ်ဟု ဆိုအပ်သော တပါးသော အရာ၌ နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း ငြိမ်းအေးကုန်၏။

ပေါ့သော အာပတ်တို့သည် ကိစ္စာဓိကရဏ်းဟု ဆိုအပ်သော တပါးသော အဓိကရဏ်းဖြင့် သံဃာ့အလယ် ဂိုဏ်းအလယ် ပုဂ္ဂိုလ်၏ အထံဟူသော သုံးပါးသော အရာတို့၌ သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်၎င်း ပဋိညာတကရဏဖြင့်၎င်း၊ရံခါ သမ္မုခါဝိနယဖြင့်၎င်း တိဏဝတ္ထာရကဝိနည်းကံဖြင့်၎င်း ငြိမ်းအေးကုန်၏။

၃၄၉။ အာပတ္တာဓိကရဏ်းသည် အာပတ်လော၊ အာပတ်မဟုတ်သလော။

အာပတ္တာဓိကရဏ်းသည် အာပတ် ဟုတ်၏။

အသို့နည်း၊ အာပတ္တာဓိကရဏ်းဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရသလော။

အိမ်း-အာပတ္တာဓိကရဏ်းဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရ၏။

အာပတ္တာဓိကရဏ်းဟူသောအကြောင်းကြောင့် အဘယ်မျှသော အာပတ်တို့သို့ ရောက်သနည်း။

အာပတ္တာဓိကရဏ်းဟူသော အကြောင်းကြောင့် လေးပါးသော အာပတ်တို့သို့ ရောက်၏။

ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ယုံမှားသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ထုလ္လစ္စဥ်းအာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

အာစာရဝိပတ္တိကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

အာပတ္တာဓိကရဏ်းဟူသော အကြောင်းကြောင့် ဤလေးပါးသော အာပတ်တို့သို့ ရောက်၏။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ လေးပါးသော အဓိကရဏ်းတို့တွင် အဘယ် အဓိကရဏ်းနည်း၊ ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း၊ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှသော အကြောင်းတို့ကြောင့် ဖြစ်သနည်း။

http://www.dhammadownload.com



အဘယ်မျှသော အဓိကရဏ်းတို့ဖြင့် အဘယ်မျှသော အရာတို့၌ အဘယ်မျှသော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

လေးပါးသော အဓိကရဏ်းတို့တွင် အာပတ္တာဓိကရဏ်းတည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် လေးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရံခါ ထုလ္လစ္စည်းအာပတ်အစုဖြင့် ရံခါ ပါစိတ်အာပတ်အစုဖြင့် ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင်[၁] တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

အကြွင်းမရှိသော။ပ။ အာပတ်သည် အဘယ်အဓိကရဏ်းမျှဖြင့် အဘယ်မည်သောဌာနၶမျှ အဘယ်မည်သော သမထမျှဖြင့် မငြိမ်းသည်သာတည်း။

ပေါ့သော အာပတ်တို့သည် ကိစ္စာဓိကရဏ်းဟူသော တပါးသော အဓိကရဏ်းဖြင့် သံဃာ့ အလယ် ဂိုဏ်းအလယ် ပုဂ္ဂိုလ်၏ အထံဟူသော သုံးပါးသော အရာတို့၌ သုံးပါးသော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။

၃၄၇။ ကိစ္စာဓိကရဏ်းသည် အာပတ်လော၊ အာပတ်မဟုတ်သလော။

ကိစ္စာဓိကရဏ်းသည် အာပတ်မဟုတ်။

အသို့နည်း၊ ကိစ္စာဓိကရဏ်းဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရာသလော။

အိမ်း-ကိစ္စာဓိကရဏ်းဟူသော အကြောင်းကြောင့် အာပတ်သို့ ရောက်ရာ၏။

ကိစ္စာဓိကရဏ်းဟူသော အကြောင်းကြောင့် အဘယ်မျှသော အာပတ်တို့သို့ ရောက်သနည်း။

ကိစ္စာဓိကရဏ်းဟူသော အကြောင်းကြောင့် ငါးပါးသော အာပတ်တို့သို့ ရောက်၏။

နှင်ထုတ်အပ်သော ရဟန်းမိန်းမသို့ အတုလိုက်သော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် (ဥက္ခိတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက်(အယူကို)မစွန့်အံ့၊ ဉတ်၏အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်း၊ ကမ္မဝါစာ၏ အဆုံး၌ ပါရာဇိကအာပတ်သို့ ရောက်၏။

(သံဃာကို) သင်းခွဲသောရဟန်းသို့ အတုလိုက်သော ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် (ဥက္ခိတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ကုန်အံ့၊ သံဃာဒိသိသ်အာပတ်သို့ ရောက်၏။ ယုတ်ညံ့သော အယူကို သုံးကြိမ်တိုင်အောင်(ဥက္ခိတ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် မစွန့်ကုန်အံ့၊ ပါစိတ် အာပတ်သို့ ရောက်၏။

ကိစ္စာဓိကရဏ်းဟူသော အကြောင်းကြောင့် ဤငါးပါးသော အာပတ်တို့သို့ ရောက်၏။

---

၁။ သမုဋ္ဌာန်ခြောက်ပါးတို့တွင် ကိုယ် နှုတ် စိတ် ဟူသော အင်္ဂါသုံးပါး ရှိသည့် ဆဋ္ဌသမုဋ္ဌာန်ကို ဆိုလိုသည်၊ သမုဋ္ဌာန် ဆိုင်ရာ ရှေ့နောက် အလားတူစကားတို့၌ ဤနည်းပင် မှတ်ယူပါ။

http://www.dhammadownload.com



ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှသော ဝိပတ္တိတို့သို့ သက်ဝင်ကုန် သနည်း။

လေးပါးသော အဓိကရဏ်းတို့တွင် အဘယ်အဓိကရဏ်းနည်း၊ ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှလောက်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း၊ အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း၊ အဘယ်မျှသော အဓိကရဏ်းတို့ဖြင့် အဘယ်မျှသောအရာတို့၌ အဘယ်မျှသော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

ထိုအာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။

ရံခါ သီလဝိပတ္တိသို့ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်ကုန်၏။

လေးပါးသော အဓိကရဏ်းတို့တွင် အာပတ္တာဓိကရဏ်းတည်း။

ခုနစ်ပါးသော အာပတ်အစုတို့တွင် ငါးပါးသော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။

ရံခါ ပါရာဇိကအာပတ်အစုဖြင့် ရံခါ သံဃာဒိသိသ်အာပတ်အစုဖြင့်၊ ရံခါ ထုလ္လစ္စည်းအာပတ် အစုဖြင့်၊ ရံခါ ပါစိတ်အာပတ်အစုဖြင့်၊ ရံခါ ဒုက္ကဋ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။

အာပတ်သင့်ခြင်း အကြောင်း ခြောက်မျိုးတို့တွင် တမျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

အကြွင်းမရှိသော အာပတ်သည် အဘယ်အဓိကရဏ်းမျှဖြင့် အဘယ်မည်သော ဌာန၌မျှ အဘယ် မည်သော သမထမျှဖြင့် မငြိမ်းသည်သာတည်း။

လေးသော အာပတ်တို့သည် ကိစ္စာဓိကရဏ်းဟူသော တပါးသော အဓိကရဏ်းဖြင့် သံဃာ့ အလယ်ဟူသော တပါးသော အရာ၌ နှစ်ပါးသော သမထတို့ဖြင့် ငြိမ်း၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း ငြိမ်းအေး၏။

ပေါ့သော အာပတ်တို့သည် ကိစ္စာဓိကရဏ်းဟူသော တပါးသော အဓိကရဏ်းဖြင့် သံဃာ့ အလယ် ဂိုဏ်းအလယ် ပုဂ္ဂိုလ်၏ အထံဟူသော သုံးပါးသော အရာတို့၌ သုံးပါးသော သမထတို့ဖြင့် ငြိမ်းကုန်၏။

ရံခါ သမ္မုခါဝိနယဖြင့်ရင်း ပဋိညာတကရဏဖြင့်ရင်း၊ ရံခါ သမ္မုခါဝိနယဖြင့်ရင်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်ရင်း ငြိမ်းအေးကုန်၏။

## ၅-အဓိကရဏ်း၏ အဓိပ္ပါယ်

၃၄၈။ ဝိဝါဒါဓိကရဏ်းသည် အနုဝါဒါဓိကရဏ်းဖြစ်အံ့လော၊ အာပတ္တာဓိကရဏ်းဖြစ်အံ့လော၊ ကိစ္စာဓိကရဏ်းဖြစ်အံ့လော။

ဝိဝါဒါဓိကရဏ်းသည် အနုဝါဒါဓိကရဏ်းမဖြစ်၊ အာပတ္တာဓိကရဏ်းမဖြစ်၊ ကိစ္စာဓိကရဏ်းမဖြစ်။

စင်စစ်သော်ကား ဝိဝါဒါဓိကရဏ်းဟူသော အကြောင်းကြောင့် အနုဝါဒါဓိကရဏ်းသည် ဖြစ်၏၊ အာပတ္တာဓိကရဏ်းသည် ဖြစ်၏၊ ကိစ္စာဓိကရဏ်းသည် ဖြစ်၏။

အဘယ်ကဲ့သို့နည်း၊ ဤသာသနာတော်၌ ရဟန်းတို့သည် တရားဟုတ်၏ဟူ၍ရင်း တရားမဟုတ် ဟူ၍ရင်း ရှုန့်ရင်း ကြမ်းတမ်းသော အာပတ်ဟူ၍ရင်း မရှုန့်ရင်းမကြမ်းတမ်းသော အာပတ်ဟူ၍ ရင်း ငြင်းခုံကြကုန်၏။

http://www.dhammadownload.com



ထိုသို့ဖြစ်ရာ၌ မျက်ကွယ်မျက်မှောက်ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်း အသီးအသီးငြင်းခုံခြင်း ဆန့်ကျင်ဖက်ပြောခြင်း၊ ခိုက်ရန်ငြင်းခုံခြင်း ဟူသမျှကို ဝိဝါဒါဓိကရုဏ်းဟု ဆိုအပ်၏။

ဝိဝါဒါဓိကရုဏ်း၌ သံဃာသည် ငြင်းခုံအံ့၊ ဝိဝါဒါဓိကရုဏ်း ဖြစ်၏။ ငြင်းခုံသည် ရှိသော် စွပ်စွဲအံ့၊ အနုဝါဒါဓိကရုဏ်းဖြစ်၏။ စွပ်စွဲသည် ရှိသော် အာပတ်သို့ ရောက်အံ့၊ အာပတ္တာဓိကရုဏ်း ဖြစ်၏။ ထို အာပတ်ဖြင့် သံဃာသည် ကံကို ပြုအံ့၊ ကိစ္စာဓိကရုဏ်း ဖြစ်၏။ ဤသို့ ဝိဝါဒါဓိကရုဏ်း ဟူသော အကြောင်းကြောင့် အနုဝါဒါဓိကရုဏ်းသည် ဖြစ်၏၊ အာပတ္တာဓိကရုဏ်းသည် ဖြစ်၏၊ ကိစ္စာဓိကရုဏ်း သည် ဖြစ်၏။

အနုဝါဒါဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်း ဖြစ်အံ့လော၊ ကိစ္စာဓိကရုဏ်း ဖြစ်အံ့လော၊ ဝိဝါဒါဓိကရုဏ်းဖြစ်အံ့လော။

အနုဝါဒါဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်းမဖြစ်၊ ကိစ္စာဓိကရုဏ်းမဖြစ်၊ ဝိဝါဒါဓိကရုဏ်း မဖြစ်။

စင်စစ်သော်ကား အနုဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် အာပတ္တာဓိကရုဏ်းသည် ဖြစ်၏၊ ကိစ္စာဓိကရုဏ်းသည် ဖြစ်၏၊ ဝိဝါဒါဓိကရုဏ်းသည် ဖြစ်၏။

အဘယ်ကဲ့သို့နည်း၊ဤသာသနာတော်၌ ရဟန်းတို့သည် ရဟန်းကို သီလဝိပတ္တိဖြင့်၎င်း အာစာရ ဝိပတ္တိဖြင့်၎င်း ဒိဋ္ဌိဝိပတ္တိဖြင့်၎င်း အာဇီဝဝိပတ္တိဖြင့်၎င်း စွပ်စွဲကုန်၏။

ထိုသို့ဖြစ်ရာ၌ စွပ်စွဲခြင်း စွပ်စွဲသော အခြင်းအရာ အဖန်ဖန် ပြောဆိုခြင်း အဖန်ဖန်ပြောဆိုသော အခြင်းအရာ အဖန်ဖန်ကောက်ကျစ်ခြင်း သည်းမခံနိုင်ခြင်း အားအဆင့်ပေးခြင်း ဟူသမျှကို အနု ဝါဒါဓိကရုဏ်းဟု ဆိုအပ်၏။

အနုဝါဒါဓိကရုဏ်း၌ သံဃာသည် ငြင်းခုံအံ့၊ ဝိဝါဒါဓိကရုဏ်းဖြစ်၏။ ငြင်းခုံသည်ရှိသော် စွပ်စွဲအံ့၊ အနုဝါဒါဓိကရုဏ်း ဖြစ်၏။ စွပ်စွဲသည်ရှိသော် အာပတ်သို့ရောက်အံ့၊ အာပတ္တာဓိကရုဏ်းဖြစ်၏။ ထို အာပတ်ဖြင့် သံဃာသည် ကံကိုပြုအံ့၊ ကိစ္စာဓိကရုဏ်း ဖြစ်၏။ ဤသို့ အနုဝါဒါဓိကရုဏ်းဟူသော အကြောင်းကြောင့် အာပတ္တာဓိကရုဏ်းသည် ဖြစ်၏၊ ကိစ္စာဓိကရုဏ်းသည် ဖြစ်၏၊ ဝိဝါဒါဓိကရုဏ်း သည် ဖြစ်၏။

အာပတ္တာဓိကရုဏ်းသည် ကိစ္စာဓိကရုဏ်း ဖြစ်အံ့လော၊ ဝိဝါဒါဓိကရုဏ်း ဖြစ်အံ့လော၊ အနုဝါဒါ ဓိကရုဏ်း ဖြစ်အံ့လော။

အာပတ္တာဓိကရုဏ်းသည် ကိစ္စာဓိကရုဏ်းမဖြစ်၊ ဝိဝါဒါဓိကရုဏ်း မဖြစ်၊ အနုဝါဒါဓိကရုဏ်း မဖြစ်။

စင်စစ်သော်ကား အာပတ္တာဓိကရုဏ်းဟူသော အကြောင်းကြောင့် ကိစ္စာဓိကရုဏ်းသည် ဖြစ်၏၊ ဝိဝါဒါဓိကရုဏ်းသည်ဖြစ်၏၊ အနုဝါဒါဓိကရုဏ်းသည် ဖြစ်၏။

အဘယ်ကဲ့သို့နည်း၊ ငါးပါးသော အာပတ်အစုတို့သည်လည်း အာပတ္တာဓိကရုဏ်းမည်၏၊ ခုနစ်ပါးသော အာပတ်အစုတို့သည်လည်း အာပတ္တာဓိကရုဏ်း မည်၏၊ ဤအလုံးစုံကို အာပတ္တာ ဓိကရုဏ်းဟူ၍ ဆိုအပ်၏။

အာပတ္တာဓိကရုဏ်း၌ သံဃာသည် ငြင်းခုံအံ့၊ ဝိဝါဒါဓိကရုဏ်း ဖြစ်၏။ ငြင်းခုံသည် ရှိသော် စွပ်စွဲအံ့၊ အနုဝါဒါဓိကရုဏ်း ဖြစ်၏။ စွပ်စွဲသည် ရှိသော် အာပတ်သို့ ရောက်အံ့၊ အာပတ္တာဓိကရုဏ်း ဖြစ်၏။ ထိုအာပတ်ဖြင့် သံဃာသည် ကံကိုပြုအံ့၊ ကိစ္စာဓိကရုဏ်းဖြစ်၏။ ဤသို့ အာပတ္တာဓိကရုဏ်း

http://www.dhammadownload.com



ဟူသော အကြောင်းကြောင့် ကိစ္စာဓိကရဏ်းသည် ဖြစ်၏၊ ဝိဝါဒါဓိကရဏ်းသည် ဖြစ်၏၊ အနုဝါဒါဓိကရဏ်းသည်ဖြစ်၏။

ကိစ္စာဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း ဖြစ်အံ့လော၊ အနုဝါဒါဓိကရဏ်း ဖြစ်အံ့လော၊ အာပတ္တာဓိကရဏ်း ဖြစ်အံ့လော။

ကိစ္စာဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်းမဖြစ်၊ အနုဝါဒါဓိကရဏ်းမဖြစ်၊ အာပတ္တာဓိကရဏ်းမဖြစ်။

စင်စစ်သော်ကား ကိစ္စာဓိကရဏ်းဟူသော အကြောင်းကြောင့် ဝိဝါဒါဓိကရဏ်းသည် ဖြစ်၏၊ အနုဝါဒါဓိကရဏ်းသည် ဖြစ်၏၊ အာပတ္တာဓိကရဏ်းသည် ဖြစ်၏။

အဘယ်ကဲ့သို့နည်း၊သံဃာ၏ အမှု'ကိစ္စ'၏ အဖြစ် ပြုဖွယ်'ကရဏီယ'၏ အဖြစ် အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိ စတုတ္ထကံဟူသမျှကို ကိစ္စာဓိကရဏ်းဟူ၍ ဆိုအပ်၏။

ကိစ္စာဓိကရဏ်း၌ သံဃာသည် ငြင်းခုံအံ့၊ ဝိဝါဒါဓိကရဏ်းဖြစ်၏။ ငြင်းခုံသည်ရှိသော် စွပ်စွဲအံ့၊ အနုဝါဒါဓိကရဏ်း ဖြစ်၏။ စွပ်စွဲသည်ရှိသော် အာပတ်သို့ ရောက်အံ့၊ အာပတ္တာဓိကရဏ်း ဖြစ်၏။ ထိုအာပတ်ဖြင့် သံဃာသည် ကံကိုပြုအံ့၊ ကိစ္စာဓိကရဏ်းဖြစ်၏။ ဤသို့ ကိစ္စာဓိကရဏ်းဟူသော အကြောင်းကြောင့် ဝိဝါဒါဓိကရဏ်းသည် ဖြစ်၏၊ အနုဝါဒါဓိကရဏ်းသည် ဖြစ်၏၊ အာပတ္တာဓိကရဏ်းသည် ဖြစ်၏။

## ၆-ပစ္စယဝါရ

၃၄၉။ အကြင်အဓိကရဏ်း၌ သတိဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်သလော။ အကြင်အဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ သတိဝိနည်းကို ရအပ်သလော။

အကြင် အဓိကရဏ်း၌ အမူဠ္ဟဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်သလော။ အကြင်အဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ အမူဠ္ဟဝိနည်းကို ရအပ်သလော။

အကြင် အဓိကရဏ်း၌ ပဋိညာတကရဏသမထကို ရအပ်၏၊ ထိုအဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်သလော။ အကြင်အဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ ပဋိညာတကရဏသမထကို ရအပ်သလော။

အကြင်အဓိကရဏ်း၌ ယေဘုယျသိကာ သမထကို ရအပ်၏၊ ထိုအဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်သလော။ အကြင်အဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ ယေဘုယျသိကာ သမထကို ရအပ်သလော။

အကြင်အဓိကရဏ်း၌ တဿပါပိယသိကာ သမထကို ရအပ်၏၊ထိုအဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်သလော။ အကြင်အဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ တဿပါပိယသိကာ သမထကို ရအပ်သလော။

အကြင်အဓိကရဏ်း၌ တိဏဝတ္ထာရကသမထကို ရအပ်၏၊ ထိုအဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်သလော။ အကြင်အဓိကရဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ ထိုအဓိကရဏ်း၌ တိဏဝတ္ထာရက သမထကို ရအပ်သလော။

http://www.dhammadownload.com



## ၇-ဝိသဇ္ဇနာဝါရ

၃၅၀။ အကြင်အခါ၌ သမ္မုခါဝိနည်းဖြင့်၎င်း သတိဝိနည်းဖြင့်၎င်း အဓိကရုဏ်းသည် ငြိမ်းအေး၏၊ အကြင်အဓိကရုဏ်း၌ သတိဝိနည်းကို ရအပ်၏၊ထိုအဓိကရုဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ အကြင်အဓိကရုဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သတိဝိနည်းကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ အမူဠ္ဍ ဝိနည်းကို မရအပ်၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာသမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို မရအပ်။

အကြင်အခါ၌ သမ္မုခါဝိနည်းဖြင့်၎င်း အမူဠ္ဍ ဝိနည်းဖြင့်၎င်း။ပ။ သမ္မုခါဝိနည်းဖြင့်၎င်း ပဋိညာတကရဏသမထဖြင့်၎င်း။ပ။ သမ္မုခါဝိနည်းဖြင့်၎င်း ယေဘုယျသိကာ သမထဖြင့်၎င်း။ပ။ သမ္မုခါဝိနည်းဖြင့်၎င်း တဿပါပိယသိကာ သမထဖြင့်၎င်း။ပ။ သမ္မုခါဝိနည်းဖြင့်၎င်း တိဏဝတ္ထာရကသမထဖြင့်၎င်း အဓိကရုဏ်းသည် ငြိမ်းအေး၏၊ အကြင်အဓိကရုဏ်း၌ တိဏဝတ္ထာရက သမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သမ္မုခါဝိနည်းကို ရအပ်၏၊ အကြင်အဓိကရုဏ်း၌ သမ္မုခါ ဝိနည်းကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ တိဏဝတ္ထာရကသမထကို ရအပ်၏၊ ထိုအဓိကရုဏ်း၌ သတိဝိနည်းကို မရအပ်၊ ထိုအဓိကရုဏ်း၌ အမူဠ္ဍ ဝိနည်းကို မရအပ်၊ ထိုအဓိကရုဏ်း၌ ပဋိညာတကရဏ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ ယေဘုယျသိကာ သမထကို မရအပ်၊ ထိုအဓိကရုဏ်း၌ တဿပါပိယသိကာ သမထကို မရအပ်။

## ၈-သံသဋ္ဌဝါရ

၃၅၁။ သမ္မုခါဝိနည်းဟူ၍၎င်း သတိဝိနည်းဟူ၍၎င်း ဤတရားနှစ်ပါးတို့သည် ရောနှောကုန်အံ့လော၊ သို့မဟုတ် မရောနှောကုန်အံ့လော၊ ဤတရားနှစ်ပါးတို့၏ အထူးကို ခွဲခြမ်းဝေဖန်၍ ခွဲခြမ်းဝေဖန်၍ ပညတ်ခြင်းငှါ ရကောင်းပါအံ့လော။

သမ္မုခါဝိနည်းဟူ၍၎င်း အမူဠ္ဍဝိနည်းဟူ၍၎င်း။ပ။ သမ္မုခါဝိနည်းဟူ၍၎င်း ပဋိညာတကရဏ သမထဟူ၍၎င်း။ သမ္မုခါဝိနည်းဟူ၍၎င်း ယေဘုယျသိကာ သမထဟူ၍၎င်း။ သမ္မုခါဝိနည်းဟူ၍၎င်း တဿပါပိယသိကာ သမထဟူ၍၎င်း။ သမ္မုခါဝိနည်းဟူ၍၎င်း တိဏဝတ္ထာရကသမထဟူ၍၎င်း။ ဤတရားတို့သည် ရောနှောကုန်အံ့လော၊ သို့မဟုတ် မရောနှောကုန်အံ့လော၊ ဤတရားတို့၏ အထူးကို ခွဲခြမ်း ဝေဖန်၍ ခွဲခြမ်းဝေဖန်၍ ပညတ်ခြင်းငှါ ရကောင်းပါအံ့လော။

သမ္မုခါဝိနည်းဟူ၍၎င်း သတိဝိနည်းဟူ၍၎င်း ဤတရားနှစ်ပါးတို့သည် ရောနှောကုန်၏၊ မရောနှောသည် မဟုတ်ကုန်။

ဤတရားတို့၏ အထူးကို ခွဲခြမ်းဝေဖန်၍ ခွဲခြမ်းဝေဖန်၍ ပညတ်ခြင်းငှါ ရကောင်းသည်လည်း မဟုတ်။

သမ္မုခါဝိနည်းဟူ၍၎င်း အမူဠ္ဍ ဝိနည်းဟူ၍၎င်း။ပ။ သမ္မုခါဝိနည်းဟူ၍၎င်း၊ ပဋိညာတကရဏ သမထဟူ၍၎င်း။ သမ္မုခါဝိနည်းဟူ၍၎င်း ယေဘုယျသိကာသမထဟူ၍၎င်း။ သမ္မုခါဝိနည်းဟူ၍၎င်း တဿပါပိယသိကာ သမထဟူ၍၎င်း။ သမ္မုခါဝိနည်းဟူ၍၎င်း တိဏဝတ္ထာရကသမထဟူ၍၎င်း။ ဤတရားတို့သည် ရောနှောကုန်၏၊ မရောနှောသည် မဟုတ်ကုန်၊ ဤတရားတို့၏ အထူးကို ခွဲခြမ်း ဝေဖန်၍ ခွဲခြမ်းဝေဖန်၍ ပညတ်ခြင်းငှါ ရကောင်းသည်လည်း မဟုတ်။

http://www.dhammadownload.com



## ၉-သမထဒုနစ်ပါး၏ နိဒါန်း

၃၅၂။ သမ္ဗုဒ္ဓိဝိနည်းသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ'ရှိသနည်း၊အဘယ်ဇာတ်ရှိသနည်း၊အဘယ်အမွှန်ရှိသနည်း၊အဘယ်အဆောက်အဦရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

သတိဝိနည်းသည် အဘယ်အကြောင်း 'နိဒါန်း' ရှိသနည်း။ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွှန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

အမူဠှဝိနည်းသည် အဘယ်အကြောင်း 'နိဒါန်း' ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွှန်ရှိသနည်း၊ အဘယ်အဆောက်အဦရှိသနည်း၊ အဘယ်ဖြစ်ကြောင်း'သမုဋ္ဌာန်'ရှိသနည်း။

ပဋိညာတကရဏသမထသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွှန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

ယေဘုယျသိကာသမထသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွှန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

တဿပါပိယသိကာသမထသည် အဘယ်အကြောင်း 'နိဒါန်း' ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွှန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

တိဏဝတ္ထာရကသမထသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွှန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

သမ္ဗုဒ္ဓိဝိနယသည် နိဒါန်းလျှင် အကြောင်းရှိ၏၊ နိဒါန်းလျှင်ဖြစ်ကြောင်းရှိ၏၊ နိဒါန်းလျှင် ဇာတ်ရှိ၏၊ နိဒါန်းလျှင် အမွှန်ရှိ၏၊ နိဒါန်းလျှင် အဆောက်အဦ ရှိ၏၊ နိဒါန်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏။

သတိဝိနည်းသည်။ပ။ အမူဠှဝိနည်းသည်။ပ။ပဋိညာတကရဏသည်နိဒါန်းလျှင်အကြောင်းရှိ၏၊ နိဒါန်းလျှင် ဖြစ်ကြောင်းရှိ၏၊ နိဒါန်းလျှင် ဇာတ်ရှိ၏၊ နိဒါန်းလျှင် အမွှန်ရှိ၏၊ နိဒါန်းလျှင် အဆောက်အဦ ရှိ၏၊ နိဒါန်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏။

ယေဘုယျသိကာသည်။ပ။ တဿပါပိယသိကာသည် နိဒါန်းလျှင် အကြောင်းရှိ၏၊ နိဒါန်းလျှင် ဖြစ်ကြောင်း ရှိ၏၊ နိဒါန်းလျှင် ဇာတ်ရှိ၏၊ နိဒါန်းလျှင် အမွှန်ရှိ၏၊ နိဒါန်းလျှင် အဆောက်အဦ ရှိ၏၊ နိဒါန်းလျှင် ဖြစ်ကြောင်း'သမုဋ္ဌာန်' ရှိ၏။

http://www.dhammadownload.com



တိဏဝတ္ထာရကသည် နိဒါန်းလျှင် အကြောင်းရှိ၏၊ နိဒါန်းလျှင် ဖြစ်ကြောင်းရှိ၏၊ နိဒါန်းလျှင် ဇာတ်ရှိ၏၊ နိဒါန်းလျှင် အမွန်ရှိ၏၊ နိဒါန်းလျှင် အဆောက်အဦရှိ၏၊နိဒါန်းလျှင် ဖြစ်ကြောင်း'သမုဋ္ဌာန်' ရှိ၏။

သမ္မုခါဝိနည်းသည် အဘယ်အကြောင်း 'နိဒါန်း' ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊အဘယ် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

သတိဝိနည်းသည် ။ပ။ အမူဠှဝိနည်းသည်။ပ။ ပဋိညာတကရဏသည်။ပ။ ယေဘုယျသိကာ သည်။ပ။ တဿပါပိယသိကာသည်။ပ။ တိဏဝတ္ထာရကသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ် အဆောက်အဦ ရှိသနည်း၊အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

သမ္မုခါ ဝိနည်းသည် ဟိတ်လျှင် အကြောင်း ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း ရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ်လျှင် အဆောက်အဦ ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း'သမုဋ္ဌာန်' ရှိ၏။

သတိဝိနည်းသည် ။ပ။ အမူဠှဝိနည်းသည်။ပ။ ပဋိညာတကရဏသည် ဟိတ်လျှင် အကြောင်း ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း ရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ်လျှင်အဆောက် အဦရှိ၏။ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

ယေဘုယျသိကာသည်။ပ။ တဿပါပိယသိကာသည် ဟိတ်လျှင် အကြောင်းရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း ရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ်လျှင် အဆောက်အဦ ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

တိဏဝတ္ထာရကသည် ဟိတ်လျှင် အကြောင်းရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်းရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ်လျှင် အဆောက်အဦရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

သမ္မုခါဝိနည်းသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ် ရှိသနည်း၊ အဘယ်အမွန် ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း'သမုဋ္ဌာန်' ရှိသနည်း။

သတိဝိနည်းသည်။ပ။ အမူဠှဝိနည်းသည်။ပ။ ပဋိညာတကရဏသည်။ပ။ ယေဘုယျသိကာ သည်။ပ။ တဿပါပိယသိကာသည်။ပ။ တိဏဝတ္ထာရကသည်အဘယ်အကြောင်း'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ'ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ် အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

သမ္မုခါဝိနည်းသည် ပစ္စည်းလျှင် အကြောင်းရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း ရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏၊ ပစ္စည်းလျှင် အဆောက်အဦ ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

http://www.dhammadownload.com



သတိဝိနည်းသည်။ပ။ အမူဠှဝိနည်းသည်။ပ။ ပဋိညာတကရဏသည် ပစ္စည်းလျှင် အကြောင်းရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်းရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏။ ပစ္စည်းလျှင် အဆောက်အဦ ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း'သမုဋ္ဌာန်'ရှိ၏။

ယေဘုယျသိကာသည်။ပ။တဿပါပိယသိကာသည် ပစ္စည်းလျှင် အကြောင်းရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်းရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏၊ ပစ္စည်းလျှင် အဆောက်အဦရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏၊

တိဏဝတ္ထာရကသည် ပစ္စည်းလျှင် အကြောင်းရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း ရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏၊ ပစ္စည်းလျှင် အဆောက်အဦရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏၊

၃၅၃။ ခုနစ်ပါးသော သမထတို့၏ အရင်း 'မူလ'တို့သည် အဘယ်မျှတို့နည်း၊ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် အဘယ်မျှတို့နည်း။

ခုနစ်ပါးသော သမထတို့၏ အရင်း 'မူလ' တို့သည် နှစ်ဆယ့်ခြောက်ပါးတို့တည်း၊ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် သုံးဆယ့်ခြောက်ပါးတို့တည်း။

ခုနစ်ပါးသော သမထတို့၏ နှစ်ဆယ့်ခြောက်ပါးသော အရင်း 'မူလ'တို့သည် အဘယ်နည်း။

သမ္မုခါဝိနည်း၏ မူလတို့သည် လေးပါးတို့တည်း၊ သံဃာ၏ မျက်မှောက် ဖြစ်ခြင်း၊ ဓမ္မ၏ မျက်မှောက်ဖြစ်ခြင်း၊ ဝိနည်း၏မျက်မှောက်ဖြစ်ခြင်း၊ ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း တို့တည်း။

သတိဝိနည်း၏အရင်း 'မူလ'တို့သည် လေးပါးတို့တည်း၊ အမူဠှဝိနည်း၏အရင်း 'မူလ'တို့သည် လေးပါးတို့တည်း၊ ပဋိညာတကရဏသမထ၏အရင်း 'မူလ'တို့သည် နှစ်ပါးတို့တည်း။

ဒေသနာကြားသော ရဟန်းနှင့် ဒေသနာခံသောရဟန်းတို့သည် နှစ်ပါးတို့တည်း။

ယေဘုယျသိကာ သမထ၏ အရင်း'မူလ'တို့သည် လေးပါးတို့တည်း၊တဿပါပိယသိကာ သမထ၏ အရင်း 'မူလ'တို့သည် လေးပါးတို့တည်း၊ တိဏဝတ္ထာရကသမထ၏အရင်း 'မူလ'တို့သည် လေးပါးတို့တည်း။

သံဃာ၏ မျက်မှောက်ဖြစ်ခြင်း၊ ဓမ္မ၏ မျက်မှောက်ဖြစ်ခြင်း၊ ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း၊ ပုဂ္ဂိုလ်၏ မျက်မှောက် ဖြစ်ခြင်းတို့တည်း။

ခုနစ်ပါးသော သမထတို့၏အရင်း 'မူလ' တို့သည် ဤနှစ်ဆယ့်ခြောက်ပါးတို့တည်း။

ခုနစ်ပါးသော သမထတို့၏ သုံးဆယ့်ခြောက်ပါးသော ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် အဘယ်တို့နည်း။

သတိဝိနည်း၏ ကံကိုပြုခြင်း (ဉတ်ရွတ်ခြင်း) ဉတ်တန်သင့်သော ကာလ၌ တန်ခြင်း၊ မိမိပင် ကံပြုခြင်း၊ တိုက်တွန်းခြင်းသို့ ရောက်ခြင်း၊ သည်းခံခြင်း၊ မတားမြစ်ခြင်း။

အမူဠှဝိနည်း၏ကံကို။ပ။ ပဋိညာတကရဏသမထ၏ ကံကို။ ယေဘုယျသိကာသမထ၏ ကံကို။ တဿပါပိယသိကာသမထ၏ကံကို။ တိဏဝတ္ထာရကသမထ၏ကံကို ပြုခြင်း (ဉတ်ရွတ်ခြင်း)၊ ဉတ်တန်သင့်သော ကာလ၌ တန်ခြင်း၊ မိမိပင် ကံပြုခြင်း၊ တိုက်တွန်းခြင်းသို့ ရောက်ခြင်း၊ သည်းခံခြင်း 'နှစ်သက်ခြင်း'၊ မတားမြစ်ခြင်း။

ခုနစ်ပါးသော သမထတို့၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်'တို့သည် ဤသုံးဆယ့်ခြောက်ပါးတို့တည်း။

http://www.dhammadownload.com



## ၁၀-သမထဓခုနစ်ပါး၏ အထူးအပြားစသည်

၃၅၄။ သမ္မုခါဝိနယဟူ၍ ၎င်း သတိဝိနယဟူ၍ ၎င်း ဤတရား (နှစ်ပါး)တို့သည် အနက်လည်း ထူးကုန်သည် ဖြစ်၍ သဒ္ဒါလည်းထူးကုန်သလော၊ ထိုသို့မဟုတ် အနက်တူကုန်သည်ဖြစ်၍ သဒ္ဒါသာ ထူးကုန်သလော။

သမ္မုခါဝိနယဟူ၍ ၎င်း အမူဠ္ဟဝိနယဟူ၍ ၎င်း ။ပ။ သမ္မုခါဝိနယဟူ၍ ၎င်း ပဋိညာတကရဏ ဟူ၍ ၎င်း။ သမ္မုခါဝိနယဟူ၍ ၎င်း ယေဘုယျသိကာဟူ၍ ၎င်း။ သမ္မုခါဝိနယဟူ၍ ၎င်း တဿပါပိယ သိကာဟူ၍ ၎င်း။ သမ္မုခါဝိနယဟူ၍ ၎င်း တိဏဝတ္ထာရကဟူ၍၎င်း။ ဤတရားတို့သည် အနက်လည်း ထူးကုန်သည်ဖြစ်၍ သဒ္ဒါလည်းထူးကုန်သလော၊ ထိုသို့မဟုတ် အနက်တူကုန်သည်ဖြစ်၍ သဒ္ဒါသာ ထူးကုန်သလော။

သမ္မုခါ ဝိနယ ဟူ၍ ၎င်း သတိဝိနယဟူ၍ ၎င်း ဤတရား (နှစ်ပါး) တို့သည် အနက်လည်း ထူးကုန်၏၊ သဒ္ဒါလည်း ထူးကုန်၏။

သမ္မုခါဝိနယဟူ၍ ၎င်း အမူဠ္ဟဝိနယဟူ၍ ၎င်း။ပ။ သမ္မုခါဝိနယဟူ၍ ၎င်း ပဋိညာတကရဏ ဟူ၍ ၎င်း။ သမ္မုခါဝိနယဟူ၍ ၎င်း ယေဘုယျသိကာဟူ၍ ၎င်း။ သမ္မုခါဝိနယဟူ၍ ၎င်း တဿ ပါပိယသိကာ ဟူ၍ ၎င်း။ သမ္မုခါဝိနယဟူ၍ ၎င်း တိဏဝတ္ထာရက ဟူ၍၎င်း။ ဤတရားတို့သည် ထူးသော အနက်လည်းရှိကုန်၏၊ ထူးသော သဒ္ဒါလည်း ရှိကုန်၏။

၃၅၅။ ဝိဝါဒလည်းမည် ဝိဝါဒါဓိကရဏ်းလည်း မည်သလော၊ ဝိဝါဒသာ မည်၍ အဓိကရဏ်း မမည်သလော၊ အဓိကရဏ်းသာမည်၍ ဝိဝါဒ မမည်သလော၊ အဓိကရဏ်းလည်းမည် ဝိဝါဒလည်း မည်သလော။

အချို့သည် ဝိဝါဒလည်းမည်၊ ဝိဝါဒါဓိကရဏ်းလည်းမည်၏၊ အချို့ကား ဝိဝါဒသာမည်၍ အဓိ ကရဏ်းမမည်၊ အချို့ကား အဓိကရဏ်းသာမည်၍ ဝိဝါဒမမည်၊ အချို့ကား အဓိကရဏ်းလည်းမည်၏၊ ဝိဝါဒလည်းမည်၏။

ထိုအမေးလေးပါးတို့တွင် အဘယ်သည် ဝိဝါဒလည်းမည်၊ ဝိဝါဒါဓိကရဏ်းလည်းမည်သနည်း။

ဤသာသနာတော်၌ ရဟန်းတို့သည် တရားဟုတ်၏ ဟူ၍ ၎င်း တရားမဟုတ်ဟူ၍ ၎င်း။ပ။ ရှုန့်ရင်းကြမ်းတမ်းသော အာပတ်ဟူ၍ ၎င်း မရှုန့်ရင်းမကြမ်းတမ်းသော အာပတ်ဟူ၍ ၎င်း ငြင်းခုံ ကုန်၏၊ ထိုသို့ ငြင်းခုံရာ၌ အကြင်မျက်ကွယ် ငြင်းခုံခြင်းသည်ရှိ၏၊ အကြင်ဆန့်ကျင်ခြင်း 'ကလဟ' သည် ရှိ၏၊ အကြင်ငြင်းခုံခြင်း'ဝိဂ္ဂဟ'သည်ရှိ၏၊ အကြင်အထူးထူးငြင်းခုံခြင်း'ဝိဝါဒ'သည်ရှိ၏၊ အကြင် အသီးသီးငြင်းခုံခြင်း'နာနာဝါဒ'သည်ရှိ၏၊ ဆန့်ကျင်သော အကြောင်းကြောင့် အကြင်ခေါ်ဝေါ်ခြင်း 'ဝေါဟာရ'သည် ရှိ၏၊ အကြင်ခိုက်ရန် ငြင်းခုံခြင်း 'မေဓက'သည် ရှိ၏၊ ဤအလုံးစုံ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏ်းမည်၏။

ထိုအမေး လေးပါးတို့တွင် အဘယ်သည် ဝိဝါဒသာမည်၍ အဓိကရဏ်း မမည်သနည်း၊ သား အမိ အချင်းချင်း ငြင်းခုံခြင်း သားအဖအချင်းချင်း ငြင်းခုံခြင်း ညီအကိုအချင်းချင်း ငြင်းခုံခြင်း မောင်နှမအချင်းချင်း ငြင်းခုံခြင်း အဆွေခင်ပွန်း 'မိတ်ဆွေ'အချင်းချင်း ငြင်းခုံခြင်း ဟူသမျှသည် ဝိဝါဒသာမည်၍ အဓိကရဏ်းမမည်။

http://www.dhammadownload.com



ထိုအမေး လေးပါးတို့တွင် အဘယ်သည် အဓိကရုဏ်းသာ မည်၍ ဝိဝါဒမမည်သနည်း။

အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်းတို့သည် အဓိကရုဏ်းသာမည်၍ ဝိဝါဒ မမည်ကုန်။

ထိုအမေးလေးပါးတို့တွင် အဘယ်သည် အဓိကရုဏ်းလည်းမည်၊ ဝိဝါဒလည်းမည်သနည်း။

ဝိဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလည်းမည်၏၊ ဝိဝါဒလည်းမည်၏။

၃၅၆။ အနုဝါဒလည်းမည် အနုဝါဒါဓိကရုဏ်းလည်း မည်သလော၊ အနုဝါဒသာမည်၍ အဓိကရုဏ်း မမည်သလော၊ အဓိကရုဏ်းသာမည်၍ အနုဝါဒမမည်သလော၊ အဓိကရုဏ်းလည်းမည် အနုဝါဒလည်း မည်သလော။

အချို့သည် အနုဝါဒလည်းမည် အနုဝါဒါဓိကရုဏ်းလည်းမည်၏၊ အချို့ကား အနုဝါဒသာ မည်၍ အဓိကရုဏ်းမမည်၊ အချို့ကား အဓိကရုဏ်းသာမည်၍ အနုဝါဒမမည်၊ အချို့ကား အဓိကရုဏ်းလည်း မည် အနုဝါဒလည်းမည်၏။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အနုဝါဒလည်းမည် အနုဝါဒါဓိကရုဏ်းလည်း မည်သနည်း။

ဤသာသနာတော်၌ ရဟန်းတို့သည် ရဟန်းကို သီလပျက်စီးခြင်းဖြင့်၎င်း အကျင့်ပျက်စီးခြင်း ဖြင့်၎င်း အယူပျက်စီးခြင်းဖြင့်၎င်း အသက်မွေး ဝမ်းကျောင်း ပျက်စီးခြင်းဖြင့်၎င်း စွပ်စွဲကုန်၏၊ ထိုသို့ စွပ်စွဲရာ၌ စွပ်စွဲခြင်း စွပ်စွဲသော အခြင်းအရာ အဖန်ဖန် ပြောဆိုခြင်း အဖန်ဖန် ပြောဆိုသော အခြင်း အရာ အဖန်ဖန်ကောက်ကျစ်ခြင်း သည်းမခံနိုင်ခြင်း အားအဆင့်ပေးခြင်းဟူသမျှသည် အနုဝါဒလည်း မည် အနုဝါဒါဓိကရုဏ်းလည်းမည်၏။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အနုဝါဒသာမည်၍ အဓိကရုဏ်း မမည်သနည်း။

အမိသည်လည်း သားကိုစွပ်စွဲ၏၊သားသည်လည်းအမိကိုစွပ်စွဲ၏၊အဖသည်လည်း သားကိုစွပ်စွဲ၏၊ သားသည်လည်း အဖကိုစွပ်စွဲ၏၊ အစ်ကိုသည်လည်း ညီကို စွပ်စွဲ၏၊ ညီသည်လည်း အစ်ကိုကို စွပ်စွဲ၏၊ မောင်သည်လည်း နှမကို စွပ်စွဲ၏၊ နှမသည်လည်း မောင်ကို စွပ်စွဲ၏၊ အဆွေခင်ပွန်း 'မိတ်ဆွေ'သည် လည်း အဆွေခင်ပွန်း 'မိတ်ဆွေ'ကို စွပ်စွဲ၏၊ ဤအလုံးစုံသည် စွပ်စွဲခြင်း 'အနုဝါဒ' သာမည်၍ အဓိ ကရုဏ်းကား မမည်။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အဓိကရုဏ်းသာမည်၍ အနုဝါဒမမည်သနည်း။

အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်း ဝိဝါဒါဓိကရုဏ်းတို့သည် အဓိကရုဏ်းသာမည်၍ အနုဝါဒ မမည်ကုန်။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အဓိကရုဏ်းလည်းမည် အနုဝါဒလည်း မည် သနည်း။

အနုဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလည်း မည်၏၊ အနုဝါဒလည်း မည်၏။

၃၅၇။ အာပတ်လည်းမည် အာပတ္တာဓိကရုဏ်းလည်း မည်သလော၊ အာပတ်သာမည်၍ အဓိ ကရုဏ်း မမည်သလော၊ အဓိကရုဏ်းသာမည်၍ အာပတ်မမည်သလော၊ အဓိကရုဏ်းလည်းမည် အာပတ်လည်း မည်သလော။

http://www.dhammadownload.com



အချို့သည် အာပတ်လည်းမည်၊ အာပတ္တာဓိကရဏ်းလည်းမည်၏၊ အချို့ကား အာပတ်သာ မည်၍ အဓိကရဏ်းမမည်၊ အချို့ကား အဓိကရဏ်းသာမည်၍ အာပတ်မမည်။ အချို့ကား အဓိ ကရဏ်းလည်းမည် အာပတ်လည်းမည်၏။

ထိုအမေးလေးပါးတို့တွင် အဘယ်သည် အာပတ်လည်းမည်၊ အာပတ္တာဓိကရဏ်းလည်း မည် သနည်း။

ငါးပါးလည်းဖြစ်သော အာပတ်အစုတို့သည် အာပတ္တာဓိကရဏ်းမည်၏၊ ခုနစ်ပါးလည်းဖြစ်သော အာပတ်အစုတို့သည် အာပတ္တာဓိကရဏ်းမည်၏၊ဤအလုံးစုံသည် အာပတ်လည်းမည် အာပတ္တာဓိက ရဏ်းလည်းမည်၏။

ထိုအမေးလေးပါးတို့တွင် အဘယ်သည် အာပတ်သာမည်၍ အဓိကရဏ်းမမည်သနည်း။

သောတာပတ္တိ သမာပတ်သည် အာပတ်သာမည်၍ အဓိကရဏ်းမမည်။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အဓိကရဏ်းသာမည်၍ အာပတ်မမည်သနည်း။

ကိစ္စာဓိကရဏ်း ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်းတို့သည် အဓိကရဏ်းသာမည်၍ အာပတ် ကား မမည်ကုန်။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အဓိကရဏ်းလည်းမည်၊ အာပတ်လည်းမည် သနည်း။

အာပတ္တာဓိကရဏ်းသည် အဓိကရဏ်းလည်းမည် အာပတ်လည်းမည်၏။

၃၅၈။ ကိစ္စလည်းမည် ကိစ္စာဓိကရဏ်းလည်း မည်သလော၊ ကိစ္စသာမည်၍ အဓိကရဏ်းမမည် သလော၊ အဓိကရဏ်းသာ မည်၍ ကိစ္စ မမည်သလော၊ အဓိကရဏ်းလည်း မည်၊ ကိစ္စလည်း မည်သလော။

အချို့သည် ကိစ္စလည်းမည် ကိစ္စာဓိကရဏ်းလည်းမည်၏၊အချို့ကား ကိစ္စသာမည်၍ အဓိကရဏ်း မမည်၊ အချို့ကား အဓိကရဏ်းသာမည်၍ ကိစ္စမမည်၊ အချို့ကား အဓိကရဏ်းလည်းမည် ကိစ္စလည်း မည်၏။

ထိုလေးပါးသောအမေးတို့တွင် အဘယ်သည် ကိစ္စလည်းမည်၊ကိစ္စာဓိကရဏ်းလည်းမည်သနည်း။

သံဃာ၏ အမှုကိစ္စ၏အဖြစ် ပြုဖွယ်၏အဖြစ် အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိ စတုတ္ထကံတို့သည် ကိစ္စလည်းမည်၊ကိစ္စာဓိကရဏ်းလည်းမည်ကုန်၏။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် ကိစ္စသာမည်၍ အဓိကရဏ်းမမည်သနည်း။

ဆရာ့ကိစ္စ ဥပဇ္ဈာယ်ကိစ္စ ဥပဇ္ဈာယ်တူကိစ္စ ဆရာတူကိစ္စတို့သည် ကိစ္စသာမည်၍ အဓိကရဏ်း မမည်ကုန်။

ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အဓိကရဏ်းသာမည်၍ ကိစ္စမမည်သနည်း။

ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်း အာပတ္တာဓိကရဏ်းတို့သည် အဓိကရဏ်းသာမည်၍ ကိစ္စ မမည်ကုန်။

http://www.dhammadownload.com



ထိုလေးပါးသော အမေးတို့တွင် အဘယ်သည် အဓိကရုဏ်းလည်းမည်၊ကိစ္စလည်း မည်သနည်း။ ကိစ္စာဓိကရုဏ်းသည် အဓိကရုဏ်းလည်းမည်၏၊ ကိစ္စလည်းမည်၏။

အဓိကရုဏ်း အထူးအပြား ပြီး၏။

ထိုအဓိကရုဏ်း အထူးအပြား အကျဉ်းချုပ်—

အဓိကရုဏ်း တားမြစ်ခြင်း၊ အခြင်းအရာ၊ ပုဂ္ဂိုလ် (အဓိကရဏဘေဒ၏) နိဒါန်း၊ ဟိတ်၊ ပစ္စည်း၊ မူလ၊ သမုဋ္ဌာန်။

အာပတ်လော အာပတ်မဟုတ်သလော၊ (အဓိကရုဏ်း)ဖြစ်သလော မဖြစ်သလော၊ အကြင်အဓိကရုဏ်း၌ ရအပ် မရအပ်၊ ရောနှောသည် မရောနှောသည်၊ (သမထ)၏ နိဒါန်း၊ ဟိတ်၊ ပစ္စည်း၊ မူလ၊ သမုဋ္ဌာန်၊ သဒ္ဒါအထူး၊ ဝိဝါဒသည် အဓိကရုဏ်းမည်သလော၊ ဤသည်ကား အဓိကရုဏ်း၌ အထူး အပြားတည်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com

# တပါးသော ဂါထာသင်္ဂဏိက

## ၁-စောဒနာခြင်းစသည် အမေး အဖြေ

၃၅၉။ စောဒနာခြင်းသည် အဘယ်အကျိုးငှါ ဖြစ်သနည်း၊ (အပြစ်ကို)အောက်မေ့စေခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း၊ [၁]သံဃာစည်းဝေးခြင်းသည် အဘယ်အကျိုးငှါ ဖြစ်သနည်း၊ နှီးနှော၍တိုင်ပင် ဆွေးနွေးခြင်းသည်ကား အဘယ်အကြောင်းကြောင့် ဖြစ်သနည်း။

စောဒနာခြင်းသည် (အပြစ်ကို)အောက်မေ့စေခြင်းငှါ ဖြစ်၏၊ (အပြစ်ကို)အောက်မေ့စေခြင်းသည် (စုဒိတကကို)နှိပ်ခြင်းငှါ ဖြစ်၏၊ သံဃာစည်းဝေးခြင်းသည် (အဆုံးအဖြတ်ကို) သိမ်းဆည်းခြင်းငှါ ဖြစ်၏၊ နှီးနှော တိုင်ပင် ဆွေးနွေးခြင်းသည်ကား အသီးအသီး အဆုံးအဖြတ်ကို နှလုံး၌ ထားခြင်းငှါ ဖြစ်၏။

သင်သည် ဝိနည်းနိုင်ရ် ပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် အဆောတလျင် စကားမဆိုလင့်၊ ကြမ်းကြမ်းတမ်းတမ်း စကားမဆိုလင့်၊ အမျက်ဒေါသကို မဖြစ်စေလင့်၊ အဆောတလျင် ငြင်းခုံခြင်းကို ပြုတတ်သော အကျိုးမဲ့ကို ဖြစ်စေတတ်သော စကားကို မဆိုလင့်။

ဥဘတောဝိဘင်း'သုတ္တ'၌ရှင်း မဟာဝဂ် စူဠဝဂ် အပိုင်းအစု 'ဝိနယ'၌ရှင်း ပရိဝါ 'အနုလောမ'၌ရှင်း အလုံးစုံဝိနည်းပိဋကတ် 'ပညတ်'၌ရှင်း မဟာပဒေသလေးပါး 'အနုလောမိက'၌ ရှင်း ကောင်းသော ပညာရှိတော်မူသော မြတ်စွာဘုရားသည် ပြုတော်မူအပ် ကောင်းစွာ ဟောအပ်သော သိက္ခာပုဒ်တို့အား လျော်သော စိစစ်ခြင်းအစဉ်ကို တမလွန်ဂတိ မဖျက်ဆီးပဲ မှတ်လော့ ၊(နှလုံးသွင်းလော့)။

အစီးအပွါးကို ရှာလျက် သင့်တင့်လျောက်ပတ်သော အခါ၌ အကျိုးစီးပွါးနှင့်စပ်သော စိစစ်ခြင်းကို (မေး)စိစစ်လော့၊ စုဒိတကပုဂ္ဂိုလ်၏ရှင်း စောဒကပုဂ္ဂိုလ်၏ရှင်း အဆောတလျင် ပြောဆိုမိသော စကားကို မတားမြစ်လင့်။

စောဒကပုဂ္ဂိုလ်က (သင်သည်)အာပတ်သင့်၏ ဟု ဆိုအံ့၊ စုဒိတကပုဂ္ဂိုလ်က (ငါသည်) အာပတ်မသင့်ဟု ဆိုအံ့၊ စောဒက စုဒိတကပုဂ္ဂိုလ်နှစ်ပါးတို့ကို မချီးမြှောက်မူ၍ ဝန်ခံခြင်းနှင့် ရှေ့နောက်စပ်သော စကားအစဉ်ဖြင့် (အဆုံးအဖြတ်)ပြုရာ၏။

လဇ္ဇီပုဂ္ဂိုလ်တို့၌ ဝန်ခံခြင်းဖြင့် (အဆုံးအဖြတ်)ပြုအပ်၏၊ အလဇ္ဇီပုဂ္ဂိုလ်တို့၌ ဤသို့ ဝန်ခံခြင်းဖြင့် ဆုံးဖြတ်ခြင်းသည် မရှိ၊ အလဇ္ဇီပုဂ္ဂိုလ်သည် စကားများစွာကိုလည်း ပြောရာ၏၊ ထို့ကြောင့် ကျင့်ဝတ်နှင့်စပ်သော ဝန်ခံခြင်းဖြင့် (ဆုံးဖြတ်မှု)ပြုရာ၏။

ဝန်ခံချက်အရာမရောက်သော အလဇ္ဇီပုဂ္ဂိုလ်သည် အဘယ်သို့သဘောရှိပါသနည်း၊ ဤစကားကိုလည်း အသျှင်ဘုရားကို တပည့်တော် မေးလျှောက်ပါ၏၊ အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ဟု ဆိုအပ်ပါသနည်း။

သိလျက် အာပတ်သို့ ရောက်၏၊ အာပတ်ကို လျှို့ဝှက်၏၊ အဂတိလိုက်ခြင်းသို့လည်း ရောက်၏၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ဟု ဆိုအပ်၏။

---

၁။ အဘယ်အကြောင်းကြောင့် ဖြစ်သနည်းဟူသည် အဘယ်အကျိုးငှါ ဖြစ်သနည်းဟူသည်နှင့် အတူပင်တည်း။

http://www.dhammadownload.com



မှန်ပါသည်၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပါ၏၊ တပည့်တော်လည်း သိပါ၏၊ အခြားစကားကိုလည်း အသျှင်ဘုရားကို တပည့်တော် မေးလျှောက်ပါအံ့၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို လဇ္ဇီပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပါသနည်း။

သိလျက် အာပတ်သို့ မရောက်၊ အာပတ်ကို မလျှို့ဝှက်၊ အဂတိလိုက်ခြင်းသို့ မရောက်၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို လဇ္ဇီပုဂ္ဂိုလ်ဟု ဆိုအပ်၏။

မှန်ပါသည်၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို လဇ္ဇီပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပါ၏၊ တပည့်တော်လည်း သိပါ၏၊ အခြားစကားကိုလည်း အသျှင်ဘုရားကို တပည့်တော်သည် မေးလျှောက်ပါအံ့၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို အဓမ္မစောဒကဟု ဆိုအပ်ပါသနည်း။

(သံဃာ့အလယ်စသော) မလျှောက်ပတ်သော အခါ၌ စောဒနာ၏၊ မဟုတ်မမှန်သဖြင့် စောဒနာ၏၊ ကြမ်းတမ်းသဖြင့် စောဒနာ၏၊ အကျိုးစီးပွါးနှင့် မစပ်သဖြင့် စောဒနာ၏၊ ဒေါသစိတ် ရှိသည်ဖြစ်၍ စောဒနာ၏၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ မစောဒနာ၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အဓမ္မစောဒကဟု ဆိုအပ်၏။

မှန်ပါသည်၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အဓမ္မစောဒကဟူ၍ ဆိုအပ်ပါ၏၊ တပည့်တော်လည်း သိပါ၏၊ အခြားစကားကိုလည်း အသျှင်ဘုရားကို တပည့်တော် မေးလျှောက်ပါအံ့၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို ဓမ္မစောဒကဟု ဆိုအပ်ပါသနည်း။

လျှောက်ပတ်သောအခါ၌ စောဒနာ၏၊ ဟုတ်မှန်သဖြင့် စောဒနာ၏၊ နူးညံ့သိမ်မွေ့သဖြင့် စောဒနာ၏၊ အကျိုးစီးပွါးနှင့် စပ်သဖြင့် စောဒနာ၏၊ မေတ္တာစိတ် ရှိသည် ဖြစ်၍စောဒနာ၏၊ ဒေါသစိတ်ရှိသည် ဖြစ်၍ မစောဒနာ၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို ဓမ္မစောဒကဟု ဆိုအပ်၏။

မှန်ပါသည်၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ဓမ္မစောဒကဟူ၍ ဆိုအပ်ပါ၏၊ တပည့်တော်လည်း သိပါ၏၊ အခြားစကားကိုလည်း အသျှင်ဘုရားကို တပည့်တော်သည် မေးလျှောက်ပါအံ့၊ အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်ကို ဗာလစောဒကဟု ဆိုအပ်ပါသနည်း။

ရှေ့နောက်စကားကို မသိ၊ ရှေ့နောက်စကား၌ မလိမ္မာ၊ စေ့စပ်သော စကားအကြောင်းကို မသိ၊ စေ့စပ်သော စကားအကြောင်း၌လည်း မလိမ္မာ၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို ဗာလစောဒကဟု ဆိုအပ်၏။

မှန်ပါသည်၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို ဗာလစောဒကဟု ဆိုအပ်ပါ၏၊ တပည့်တော်လည်း သိပါ၏၊ အခြားစကားကိုလည်း အသျှင်ဘုရားကို တပည့်တော်သည် မေးလျှောက်ပါအံ့၊ အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်ကို ပဏ္ဍိတစောဒက ဟု ဆိုအပ်ပါသနည်း။

ရှေ့နောက်စကားကို သိ၏၊ ရှေ့နောက် စကား၌ လိမ္မာ၏၊ စေ့စပ်သော စကားအကြောင်းကို သိ၏၊ စေ့စပ်သော စကားအကြောင်း၌ လိမ္မာ၏၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ပဏ္ဍိတစောဒကဟု ဆိုအပ်၏။

မှန်ပါသည်၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ပဏ္ဍိတစောဒကဟု ဆိုအပ်ပါ၏၊ တပည့်တော်လည်း သိပါ၏၊ အခြားစကားကိုလည်း အသျှင်ဘုရားကို တပည့်တော်သည် မေးလျှောက်ပါအံ့၊ အဘယ်ကြောင့် စောဒနာဟု ဆိုအပ်ပါသနည်း။

သီလပျက်စီးခြင်းဖြင့် စောဒနာ၏၊ ထို့မှတပါး အကျင့်ပျက်စီးခြင်း အယူပျက်စီးခြင်းဖြင့် စောဒနာ၏၊ အာဇီဝဖြင့်လည်း စောဒနာ၏၊ ထို့ကြောင့် စောဒနာဟု ဆိုအပ်၏။

**တပါးသော ဂါထာသင်္ဂဏိက ပြီး၏။**

http://www.dhammadownload.com

# စောဒနာအခန်း

## ၁-ဝိနည်းဓိုရ်၏ မေးစိစစ်ခြင်း

၃၆၀။ ဝိနည်းဓိုရ်သည် စောဒကပုဂ္ဂိုလ်ကို "ငါ့သျှင် စောဒက သင်သည် ဤရဟန်းကို ယင်းသို့ စောဒနာ၏၊ အဘယ်အပြစ်ကြောင့် ထိုရဟန်းကို စောဒနာသနည်း၊ သီလပျက်စီးခြင်းကြောင့် စောဒနာ သလော၊ အကျင့်ပျက်စီးခြင်းကြောင့် စောဒနာသလော၊ အယူပျက်စီးခြင်းကြောင့် စောဒနာ သလောဟု မေးအပ်၏။

ထိုစောဒက ပုဂ္ဂိုလ်သည် သီလပျက်စီးခြင်းကြောင့်လည်း စောဒနာ၏၊ အကျင့်ပျက်စီးခြင်း ကြောင့်လည်း စောဒနာ၏၊ အယူပျက်စီးခြင်းကြောင့်လည်း စောဒနာ၏ ဟု အကယ်၍ ဆိုအံ့၊ ထိုစောဒကပုဂ္ဂိုလ်ကို "အသျှင်(စောဒက)သည် သီလပျက်စီးခြင်းကို သိပါသလော၊ အကျင့် ပျက်စီးခြင်းကို သိပါသလော၊ အယူပျက်စီးခြင်းကို သိပါသလော" ဟု မေးအပ်၏။

ထိုစောဒကပုဂ္ဂိုလ်သည် "ငါ့သျှင် ဝိနည်းဓိုရ် ငါသည် သီလပျက်စီးခြင်းကို သိ၏၊ အကျင့် ပျက်စီးခြင်းကို သိ၏၊ အယူပျက်စီးခြင်းကို သိ၏" ဟု အကယ်၍ ဆိုအံ့။

ထိုစောဒက ပုဂ္ဂိုလ်ကို "ငါ့သျှင်စောဒက သီလပျက်စီးခြင်းသည် အဘယ်ပါနည်း၊ အကျင့် ပျက်စီးခြင်းသည် အဘယ်ပါနည်း၊ အယူပျက်စီးခြင်းသည် အဘယ်ပါနည်း"ဟု မေးအပ်၏။

ထိုစောဒကပုဂ္ဂိုလ်သည် "(ငါ့သျှင်ဝိနည်းဓိုရ်) ပါရာဇိကလေးပါးတို့သည်၎င်း သံဃာဒိသိသ် တဆယ့်သုံးပါးတို့သည်၎င်း ရှိကုန်၏၊ ဤအလုံးစုံသည် သီလဝိပတ္တိမည်၏။ ထုလ္လစ္စဉ်း အာပတ်သည် ၎င်း ပါစိတ်အာပတ်သည်၎င်း ပါဋိဒေသနီအာပတ်သည်၎င်း ဒုက္ကဋ်အာပတ်သည်၎င်း ဒုဗ္ဘာသီ အာပတ်သည်၎င်း ရှိ၏၊ ဤအလုံးစုံသည် အာစာရဝိပတ္တိမည်၏။

မိစ္ဆာဒိဋ္ဌိသည်၎င်း အန္တဂ္ဂါဟိက ဒိဋ္ဌိသည်၎င်း ရှိ၏၊ ဤအလုံးစုံသည် ဒိဋ္ဌိဝိပတ္တိမည်၏" ဟု အကယ်၍ ဆိုအံ့။

ထိုစောဒက ပုဂ္ဂိုလ်ကို "ငါ့သျှင် သင်သည် ရဟန်းကို ယင်းသို့ စောဒနာ၏၊ မြင်ခြင်းဖြင့် စောဒနာသလော၊ ကြားခြင်းဖြင့် စောဒနာသလော၊ ရွံရှာခြင်းဖြင့် စောဒနာသလော" ဟု မေးအပ်၏။

ထိုစောဒက ပုဂ္ဂိုလ်သည် "မြင်ခြင်းဖြင့်လည်း စောဒနာ၏၊ ကြားခြင်းဖြင့်လည်း စော ဒနာ၏၊ ရွံရှာခြင်းဖြင့်လည်း စောဒနာ၏"ဟု အကယ်၍ ဆိုအံ့။

ထိုစောဒကပုဂ္ဂိုလ်ကို"ငါ့သျှင် စောဒက သင်သည် ဤရဟန်းကို ယင်းသို့ မြင်ခြင်းဖြင့် စောဒနာ အံ့၊ သင်သည် အဘယ်ကို မြင်သနည်း၊ သင်သည် အဘယ်သို့လျှင် မြင်သနည်း၊ သင်သည် အဘယ်အခါ ၌ မြင်သနည်း၊ သင်သည် အဘယ်အရပ်၌ မြင်သနည်း၊ ပါရာဇိကသို့ ရောက်သည်ကို မြင်သလော၊ သံဃာဒိသိသ်သို့ ရောက်သည်ကို မြင်သလော၊ ထုလ္လစ္စဉ်း အာပတ်သို့။ ပါစိတ်အာပတ်သို့။ ပါဋိ

http://www.dhammadownload.com



ဒေသနီအာပတ်သို့။ဒုက္ကဋ အာပတ်သို့။ ဒုဗ္ဘာသိ အာပတ်သို့ ရောက်သည်ကို မြင်သလော၊ သင်သည်ကား အဘယ်အရပ်၌ ဖြစ်သနည်း၊ ဤရဟန်းသည်ကား အဘယ်အရပ်၌ ဖြစ်သနည်း၊ သင်သည်ကား အဘယ်ကို ပြုသနည်း၊ ဤရဟန်းသည်ကား အဘယ်ကို ပြုသနည်း”ဟု မေးအပ်၏။

ထိုစောဒက ပုဂ္ဂိုလ်သည်“ငါ့သျှင် ဤရဟန်းကို မြင်ခြင်းဖြင့် မစောဒနာ၊ စင်စစ်မှာမူ ကြားခြင်းဖြင့် စောဒနာ၏” ဟု အကယ်၍ ဆိုအံ့။

ထိုစောဒကပုဂ္ဂိုလ်ကို “ငါ့သျှင် သင်သည် ဤရဟန်းကို ယင်းသို့ ကြားခြင်းဖြင့် စောဒနာအံ့၊ သင်သည် အဘယ်ကို ကြားသနည်း၊ သင်သည် အဘယ်သို့လျှင် ကြားသနည်း၊ သင်သည် အဘယ် အခါ၌ ကြားသနည်း၊ သင်သည် အဘယ်အရပ်၌ ကြားသနည်း၊ ‘ပါရာဇိကသို့ ရောက်သည်’ဟု ကြားသလော။ သံဃာဒိသိသ် အာပတ်သို့။ ထုလ္လစ္စဉ်းအာပတ်သို့။ ပါစိတ်အာပတ်သို့။ ပါဋိဒေသနီအာပတ်သို့။ ဒုက္ကဋ်အာပတ်သို့။ ‘ဒုဗ္ဘာသိ အာပတ်သို့ ရောက်သည်’ဟု ကြားသလော၊ ရဟန်းယောကျ်ား၏ အထံမှ ကြားသလော၊ ရဟန်းမိန်းမ၏ အထံမှ ကြားသလော၊ သိက္ခမာန်မ၏ အထံမှ ကြားသလော၊ သာမဏေယောကျ်ား၏ အထံမှ ကြားသလော၊ သာမဏေမိန်းမ၏ အထံမှ ကြားသလော၊ ဥပါသကာယောကျ်ား၏ အထံမှ ကြားသလော၊ ဥပါသိကာမိန်းမ၏ အထံမှ ကြားသလော၊ မင်းတို့၏ အထံမှ ကြားသလော၊ မင်းအမတ်ကြီးတို့၏ အထံမှ ကြားသလော၊ တိတ္ထိတို့၏ အထံမှ ကြားသလော၊ တိတ္ထိတပည့်တို့၏ အထံမှ ကြားသလော” ဟု မေးအပ်၏။

ထိုစောဒကသည်“ငါ့သျှင် ဝိနည်းဓိုရ် ငါသည် ဤရဟန်းကို ကြားသဖြင့် မစောဒနာ၊စင်စစ်မှာမူ ရွံရှာသဖြင့် စောဒနာ၏”ဟု အကယ်၍ ဆိုအံ့၊ ထိုစောဒကပုဂ္ဂိုလ်ကို “ငါ့သျှင် သင်သည် ဤရဟန်းကို ယင်းသို့ ရွံရှာသဖြင့် စောဒနာအံ့၊ အဘယ်ကို ရွံရှာသနည်း၊ အဘယ်သို့လျှင် ရွံရှာသနည်း၊ အဘယ် အခါ၌ ရွံရှာသနည်း၊ အဘယ်အရပ်၌ ရွံရှာသနည်း၊ ‘ပါရာဇိကသို့ ရောက်သည်’ဟု ရွံရှာသလော၊ သံဃာဒိသိသ် အာပတ်သို့ ရောက်သည်ဟု ရွံရှာသလော၊ ထုလ္လစ္စဉ်း အာပတ်သို့။ ပါစိတ်အာပတ်သို့။ ပါဋိဒေသနီ အာပတ်သို့။ ဒုက္ကဋ် အာပတ်သို့။ ‘ဒုဗ္ဘာသိ အာပတ်သို့ ရောက်သည်’ဟု ရွံရှာသလော၊ ရဟန်းယောကျ်ား၏ အထံမှ ကြား၍ ရွံရှာသလော၊ ရဟန်းမိန်းမ၏ အထံမှ ကြား၍ ရွံရှာသလော၊ သိက္ခမာန်မ၏ အထံမှ ကြား၍ ရွံရှာသလော၊ သာမဏေ ယောကျ်ား၏ အထံမှ ကြား၍ ရွံရှာသလော၊ သာမဏေ မိန်းမ၏ အထံမှ ကြား၍ ရွံရှာသလော၊ ဥပါသကာ ယောကျ်ား၏ အထံမှ ကြား၍ ရွံရှာသလော၊ ဥပါသိကာ မိန်းမ၏ အထံမှ ကြား၍ ရွံရှာသလော၊ မင်းတို့၏ အထံမှ ကြား၍ ရွံရှာသလော၊ မင်းအမတ်ကြီးတို့၏ အထံမှ ကြား၍ ရွံရှာသလော၊ တိတ္ထိတို့၏ အထံမှ ကြား၍ ရွံရှာသလော၊ တိတ္ထိတပည့်တို့၏ အထံမှ ကြား၍ ရွံရှာသလော” ဟု မေးအပ်၏။

၃၆၁။ မြင်အပ်သော ဝတ္ထုသည် (စောဒက၏)မြင်သည် ဟူသော စကားနှင့် ညီညွတ်၏၊ မြင်အပ်သော ဝတ္ထုသည် (စောဒက၏)မြင်သည် ဟူသော စကားနှင့် နှီးနှော၏၊ မြင်သည်ကို စွဲ၍ (ပါရာဇိက စသည်သို့)မရောက်၊ (ထို့ကြောင့်)ထိုပုဂ္ဂိုလ်သည် အရင်းမရှိ ရွံရှာ အပ်သူ ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဝန်ခံခြင်းဖြင့် ထိုပုဂ္ဂိုလ်နှင့်အတူ ဥပုသ်ပြုအပ်၏။

ကြားအပ်သော ဝတ္ထုသည် (စောဒက၏) ကြားသည် ဟူသော စကားနှင့် ညီညွတ်၏၊ ကြားအပ်သော ဝတ္ထုသည် (စောဒက၏)ကြားသည် ဟူသော စကားနှင့် နှီးနှော၏၊ ကြား

http://www.dhammadownload.com



သည်ကို စွဲ၍ (ပါရာဇိကစသည်သို့) မရောက်၊ (ထို့ကြောင့်)ထိုပုဂ္ဂိုလ်သည် အရင်းမရှိ ရှုံ့ရှာအပ်သူ ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဝန်ခံခြင်းဖြင့် ထိုပုဂ္ဂိုလ်နှင့်အတူ ဥပုသ်ပြုအပ်၏။

တွေ့အပ်သော ဝတ္ထုသည် (စောဒက၏)တွေ့သည်ဟူသော စကားနှင့် ညီညွတ်၏၊ တွေ့အပ်သော ဝတ္ထုသည် (စောဒက၏)တွေ့သည်ဟူသော စကားနှင့် နီးနှော၏၊ တွေ့သည်ကို စွဲ၍ (ပါရာဇိက စသည်သို့)မရောက်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် အရင်းမရှိ ရှုံ့ရှာအပ်သူ ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဝန်ခံခြင်းဖြင့် ထိုပုဂ္ဂိုလ်နှင့် အတူ ဥပုသ်ပြုအပ်၏။

၃၆၂။ စောဒနာခြင်း၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

အခွင့်တောင်းခြင်း အမှုသည် စောဒနာခြင်း၏ အစတည်း၊ ပြုခြင်းသည် အလယ်တည်း၊ ငြိမ်းကြောင်း (သမထ)သည် အဆုံးတည်း။

စောဒနာခြင်း၏ အရင်း'မူလ'တို့သည် အဘယ်မျှတို့နည်း၊ ဝတ္ထုတို့သည် အဘယ်မျှတို့နည်း၊ ဘုံတို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် စောဒနာသနည်း။

စောဒနာခြင်း၏ အရင်းမူလတို့သည် နှစ်ပါးတို့တည်း၊ ဝတ္ထုတို့သည် သုံးပါးတို့တည်း၊ ဘုံတို့သည် ငါးပါးတို့တည်း၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် စောဒနာ၏။

စောဒနာခြင်း၏ နှစ်ပါးသော မူလတို့သည် အဘယ်တို့နည်း။

အရင်းရှိသောစောဒနာခြင်းငှင်း၊အရင်းမရှိသောစောဒနာခြင်းငှင်း၊ဤသည်တို့ကား စောဒနာခြင်း၏ အရင်း မူလနှစ်ပါး တို့တည်း။

စောဒနာခြင်း၏ သုံးပါးသော ဝတ္ထုတို့သည် အဘယ်တို့နည်း။

မြင်ခြင်း ကြားခြင်း ရှုံ့ရှာခြင်း၊ ဤသည်တို့ကား စောဒနာခြင်း၏ သုံးပါးသော ဝတ္ထုတို့တည်း။

စောဒနာခြင်း၏ ငါးပါးသော ဘုံတို့သည် အဘယ်တို့နည်း။

သင့်လျော်သော အခါ၌ ဆို၏၊မသင့်သော အခါ၌ မဆို၊ဟုတ်မှန်သည်ကို ဆို၏၊ မဟုတ်မမှန်သည်ကို မဆို၊ သိမ်မွေ့နူးညံ့သဖြင့် ဆို၏၊ ကြမ်းတမ်းသဖြင့် မဆို။ အကျိုးစီးပွါးနှင့် စပ်သဖြင့် ဆို၏၊ အကျိုးစီးပွါးနှင့်မစပ်သဖြင့် မဆို။ မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆို၏၊ ဒေါသစိတ်ရှိသည်ဖြစ်၍ မဆို။ ဤသည်တို့ကား စောဒနာခြင်း၏ ငါးပါးသော ဘုံတို့တည်း။

အဘယ်အခြင်းအရာ နှစ်ပါးတို့ဖြင့် စောဒနာသနည်း။ ကိုယ်ဖြင့်လည်း စောဒနာ၏၊ နှုတ်ဖြင့်လည်း စောဒနာ၏၊ ဤအခြင်းအရာ နှစ်ပါးတို့ဖြင့် စောဒနာ၏။

## ၂-စောဒကစသည်တို့၏ ကျင့်ဝတ်

၃၆၃။ စောဒကပုဂ္ဂိုလ်သည် အဘယ်သို့ ကျင့်အပ်သနည်း။

စုဒိတကပုဂ္ဂိုလ်သည် အဘယ်သို့ ကျင့်အပ်သနည်း။

http://www.dhammadownload.com



သံဃာသည် အဘယ်သို့ ကျင့်အပ်သနည်း။

ဝိနည်းဓိုရ်သည် အဘယ်သို့ ကျင့်အပ်သနည်း။

စောဒက ပုဂ္ဂိုလ်သည် အဘယ်သို့ ကျင့်အပ်သနည်း ဟူသော အမေး၌ စောဒကပုဂ္ဂိုလ်သည် သင့်လျော်သော အခါ၌ ဆိုအပ်၊ မသင့်လျော်သော အခါ၌ မဆိုအပ်။

ဟုတ်မှန်သည်ကို ဆိုအပ်၊ မဟုတ်မှန်သည်ကို မဆိုအပ်။

သိမ်မွေ့နူးညံ့သဖြင့် ဆိုအပ်၊ ကြမ်းတမ်းသဖြင့် မဆိုအပ်။

အကျိုးစီးပွါးနှင့်စပ်သဖြင့် ဆိုအပ်၊ အကျိုးစီးပွါးနှင့် မစပ်သဖြင့် မဆိုအပ်။

မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအပ်၊ ဒေါသစိတ်ရှိသည်ဖြစ်၍ မဆိုအပ် ဟု ငါးပါးသော တရားတို့၌ တည်၍ သူတပါးကို စောဒနာအပ်၏။ စောဒကပုဂ္ဂိုလ်သည် ဤသို့ ကျင့်အပ်၏။

စုဒိတက ပုဂ္ဂိုလ်သည် အဘယ်သို့လျှင် ကျင့်အပ်သနည်း ဟူသော အမေး၌ စုဒိတက ပုဂ္ဂိုလ်သည် မှန်သောစကား၌၎င်း၊ အမျက်မထွက်ခြင်း၌၎င်း၊ နှစ်ပါးသော တရားတို့၌ (တည်သော အားဖြင့်)ကျင့်အပ်၏။ စုဒိတက ပုဂ္ဂိုလ်သည် ဤသို့ ကျင့်အပ်၏။

သံဃာသည် အဘယ်သို့ ကျင့်အပ်သနည်း ဟူသော အမေး၌ သံဃာသည် သက်သောစကား မသက်သောစကားကို သိအပ်၏။ သံဃာသည် ဤသို့ကျင့်အပ်၏။

ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် အဘယ်သို့ ကျင့်အပ်သနည်းဟူသော အမေး၌ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် အကြင်ဟုတ်မှန်သောဝတ္ထုဖြင့် အကြင်စောဒနာ သာဓာရဏာဝိနည်းဖြင့် အကြင်မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့် ထိုအဓိကရုဏ်းသည် ငြိမ်း၏၊ ထိုအခြင်းအရာဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းအေး စေအပ်၏။ ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည် ဤသို့ ကျင့်အပ်၏။

၃၆၄။ ဥပုသ်သည် အဘယ်အကျိုးငှါ ဖြစ်သနည်း၊ ပဝါရဏာသည် အဘယ်အကြောင်း ကြောင့် ဖြစ်သနည်း၊ ပရိဝါသ်သည် အဘယ်အကျိုးငှါ ဖြစ်သနည်း၊ အရင်းသို့ငင်ခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း၊ မာနတ်သည် အဘယ်အကျိုးငှါ ဖြစ်သနည်း၊ အဗ္ဘာန် သွင်းခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း။

ဥပုသ်သည် ညီညွတ်ခြင်း အကျိုးငှါ ဖြစ်၏၊ ပဝါရဏာသည် စင်ကြယ်ခြင်းအကျိုးငှါ ဖြစ်၏၊ပရိဝါသ်သည် မာနတ်အကျိုးငှါ ဖြစ်၏၊အရင်းသို့ ငင်ခြင်းသည် နိုပ်ခြင်းအကျိုးငှါ ဖြစ်၏၊ မာနတ်သည် အဗ္ဘာန်(သွင်းခြင်း)အကျိုးငှါဖြစ်၏၊ အဗ္ဘာန်(သွင်းခြင်း)သည် စင်ကြယ်ခြင်း အကျိုးငှါ ဖြစ်၏။

ချစ်သဖြင့်၎င်း မုန်းသဖြင့်၎င်း ကြောက်သဖြင့်၎င်း တွေဝေသဖြင့်၎င်း မထေရ်ကြီးတို့ကိုလည်း ဆဲရေးသော ပဋိသန္ဓေပညာမဲ့သော (မိမိသည်ပင်လျှင် မိမိကိုယ်ကို)တူးဖို့သော(သဒ္ဓါစသော) ကုသိုလ်ကို ဖျက်ဆီးသော ပဝတ္တိပညာမရှိသော သိက္ခာသုံးပါး၌ မရိုသေသော ရဟန်းသည် ခန္ဓာကိုယ်၏ ပျက်စီးခြင်းကြောင့် ငရဲသို့ လားရာ၏။

(တံစိုးလက်ဆောင်) အာမိသကို မှီ၍ မဆုံးဖြတ်ရာ၊ (ဥပဇ္ဈာယ်စသော) ပုဂ္ဂိုလ်ကို မှီ၍ မဆုံးဖြတ်ရာ၊ထို(အာမိသပုဂ္ဂလ)နှစ်ပါးတို့ကို ကြဉ်၍ ဟုတ်မှန်သောသဘော တည်နိုင်လောက် သော အခြင်းအရာဖြင့် ဆုံးဖြတ်ရာ၏။

http://www.dhammadownload.com



## ၃-စောဒကၡ မိမိကိုယ်ကို ရှုမြှုက်ခြင်း

(အကြင် စောဒကပုဂ္ဂိုလ်သည်) အမျက်လည်းကြီး၏၊ ရန်ငြိုးလည်း ဖွဲ့တတ်၏၊ ခက်လည်း ခက်ထန်၏၊ ဆဲလည်းဆဲရေးတတ်၏၊အာပတ် မသင့်ပဲလျက် အာပတ် သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

နားရင်း၌ တိုင်ပင်၏၊ အပြစ်ကိုသာ ရှာ၏၊ အဆုံးအဖြတ်ကို ယုတ်စေ၏၊ ကောက်သောခရီးကို မှီဝဲ၏၊ အာပတ် မသင့်ပဲလျက် အာပတ်သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

အခါမဟုတ်သဖြင့် စောဒနာ၏၊ မဟုတ်မမှန်သဖြင့် စောဒနာ၏၊ ကြမ်းတမ်းသဖြင့် စောဒနာ၏၊ အကျိုးစီးပွါးနှင့် မစပ်သဖြင့် စောဒနာ၏၊ ဒေါသစိတ် ရှိသည်ဖြစ်၍ စောဒနာ၏၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ မစောဒနာ၊ အာပတ် မသင့်ပဲလျက် အာပတ် သင့်၏ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒက ပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ဓမ္မ အဓမ္မကို မသိ၊ဓမ္မ အဓမ္မ၌ မလိမ္မာ၊ အာပတ်မသင့်ပဲလျက် အာပတ် သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ဝိနည်း ဟုတ်သည် မဟုတ်သည်ကို မသိ၊ ဝိနည်းဟုတ်သည် ဝိနည်းမဟုတ်သည်၌ မလိမ္မာ၊ အာပတ်မသင့်ပဲလျက် အာပတ်သင့်၏ ဟူ၍ တင်တတ်၏။ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ဆိုအပ်သည် မဆိုအပ်သည်ကို မသိ၊ ဆိုအပ်သည် မဆိုအပ်သည်၌ မလိမ္မာ၊ အာပတ် မသင့်ပဲလျက် အာပတ်သင့်၏ဟု တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

လေ့ကျက်အပ်သည် မလေ့ကျက်အပ်သည်ကို မသိ၊ လေ့ကျက်အပ်သည် မလေ့ကျက်အပ်သည်၌ မလိမ္မာ၊ အာပတ် မသင့်ပဲလျက် အာပတ်သင့်၏ဟု တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ပညတ် ဟုတ်သည် ပညတ်မဟုတ်သည်ကို မသိ၊ ပညတ် ဟုတ်သည် ပညတ်မဟုတ်သည်၌ မလိမ္မာ၊ အာပတ်မသင့်ပဲလျက် အာပတ်သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

အာပတ်သင့်သည် အာပတ်မသင့်သည်ကို မသိ၊ အာပတ်သင့်သည် အာပတ်မသင့်သည်၌ မလိမ္မာ၊ အာပတ် မသင့်ပဲလျက် အာပတ်သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒက ပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ပေါ့သော အာပတ် လေးသော အာပတ်ကို မသိ၊ ပေါ့သော အာပတ် လေးသော အာပတ်၌ မလိမ္မာ၊ အာပတ် မသင့်ပဲလျက် အာပတ် သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

http://www.dhammadownload.com



အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်၌ မလိမ္မာ၊ အာပတ်မသင့်ပဲလျက် အာပတ် သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ကြမ်းတမ်းသော အာပတ် မကြမ်းတမ်းသော အာပတ်ကို မသိ၊ ကြမ်းတမ်းသော အာပတ် မကြမ်းတမ်းသော အာပတ်၌ မလိမ္မာ၊ အာပတ်မသင့်ပဲလျက် အာပတ်သင့်၏ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ရှေ့နောက်စကားကို မသိ၊ ရှေ့နောက်စကား၌ မလိမ္မာ၊ အာပတ် မသင့်ပဲလျက် အာပတ် သင့်၏ ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

ရှေ့နောက်စပ်သော စကားအစဉ်ကို မသိ၊ ရှေ့နောက်စပ်သော စကားအစဉ်၌ မလိမ္မာ၊ အာပတ်မ သင့်ပဲလျက် အာပတ်သင့်၏ဟူ၍ တင်တတ်၏၊ ထိုသို့ သဘောရှိသော စောဒကပုဂ္ဂိုလ်သည် မိမိကိုယ်ကို လောင်စေ၏။

စောဒနာအခဏ်း ပြီး၏။

ထိုစောဒနာအခဏ်း၏ အကျဉ်းချုပ်—

စောဒနာအပ်သော၊ ဝိနည်းဓိုရ်ပြုအပ်သော ကိစ္စ၊ စောဒနာ၏အစ၊ စောဒနာ၏မူလ၊ ဥပုသ်၊ စောဒက၏ လားရာဂတိ၊ ဤသည်ကား စောဒနာ ကဏ္ဍ၌ သာသနာကိုတည်စေတတ်သော အကျဉ်းချုပ်တည်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com

# စူဠသင်္ဂါမ

## ၁-ဝိနည်းဓိုရ် ပုဂ္ဂိုလ်၏ ကျင့်ဝတ်

၃၆၅။ စစ်မြေပြင် (အဓိကရုဏ်းကို ဆုံးဖြတ်အံ့သောငှါ သံဃာစည်းဝေးရာ)သို့ သက်ဝင်သော သံဃာသို့ ချဉ်းကပ်သော ရဟန်းသည် နှိမ့်ချသော စိတ်ဖြင့် ခြေသုတ်ပုဆိုး ခြေသုတ်ကြိုးဝန်းနှင့် တူသော စိတ်ဖြင့် သံဃာသို့ ချဉ်းကပ်အပ်၏၊ နေရာ၌ လိမ္မာသူ ထိုင်ခြင်း၌ လိမ္မာသူ ဖြစ်ရာ၏၊ မထေရ်ကြီး ရဟန်းတို့ကို မတိုးဝှေ့ပဲ သီတင်းငယ်ရဟန်းတို့ကို နေရာဖြင့် မတားမြစ်ပဲ မိမိအား သင့်လျော် လျောက်ပတ်သော နေရာ၌ နေရာ၏၊ အထူးထူး အပြားပြား အကျိုးမရှိသော စကားကို မဆိုသူ(ရာဇကထာစသော)မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားကို မဆိုသူ ဖြစ်ရာ၏၊ ကိုယ်တိုင်လည်း တရားကို ပြောဟောရာ၏၊ သူတပါးကိုလည်း တိုက်တွန်းရာ၏၊ မြတ်သော ဆိတ်ဆိတ်နေခြင်းကို မထီမဲ့မြင် မပြုရာ၊ သံဃာခွင့်ပြုသဖြင့် မေးစိစစ်ခြင်းငှါ အလိုရှိသော ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည် ဥပဇ္ဈာယ်ဆရာကို မမေးအပ်၊ ဆရာကို မမေးအပ်၊ အတူနေတပည့်ကို မမေးအပ်၊ အနီးနေတပည့်ကို မမေးအပ်၊ ဥပဇ္ဈာယ်တူ တပည့်ကို မမေးအပ်၊ ဆရာတူ တပည့်ကို မမေးအပ်၊ အမျိုးကို မမေးအပ်၊ အမည်ကို မမေးအပ်၊ အနွယ်ကို မမေးအပ်၊ (ဒီဃဘာဏက စသော)အာဂမကို မမေးအပ်၊ အမျိုးအထူးကို မမေးအပ်၊ ဇာတိချက်ကြွေ အရပ်မြေကို မမေးအပ်၊ ထိုမမေးရခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ထိုဝိနည်းဓိုရ် ပုဂ္ဂိုလ်၌ ချစ်ခြင်းသည်ရှင်း မုန်းခြင်းသည်ရှင်း ဖြစ်ရာ၏၊ ချစ်ခြင်းသည်ရှင်း မုန်းခြင်းသည်ရှင်း ရှိပါက ချစ်သဖြင့်လည်း (အဂတိသို့) လိုက်ရာ၏၊ မုန်းသဖြင့်လည်း (အဂတိသို့) လိုက်ရာ၏၊ တွေဝေသဖြင့်လည်း (အဂတိသို့)လိုက်ရာ၏၊ ကြောက်သဖြင့်လည်း (အဂတိသို့)လိုက်ရာ၏။

သံဃာခွင့်ပြုသဖြင့် မေးစိစစ်ခြင်းငှါ အလိုရှိသော ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည် သံဃာကို အလေးပြုသူ ဖြစ်ရာ၏၊ ပုဂ္ဂိုလ်ကို အလေးပြုသူ မဖြစ်ရာ၊ သူတော်ကောင်းတရားကို အလေးပြုသူ ဖြစ်ရာ၏၊ အာမိသကို အလေးပြုသူ မဖြစ်ရာ၊ အနက်အားဖြင့် ဆုံးဖြတ်သူ ဖြစ်ရာ၏၊ ပရိသတ်တို့ လိုအပ်သော အကြောင်းနှင့် အတူလိုက်၍ စီရင်သူ မဖြစ်ရာ၊ လျောက်ပတ်သော အခါ၌ မေးစိစစ်ရာ၏၊ မလျောက်ပတ်သော အခါ၌ မမေးမစိစစ်ရာ၊ ဟုတ်မှန်သဖြင့် မေးစိစစ်ရာ၏၊ မဟုတ်မမှန်သဖြင့် မမေးမစိစစ်ရာ၊ နူးညံ့သိမ်မွေ့သဖြင့် မေးစိစစ်ရာ၏၊ ကြမ်းတမ်းသဖြင့် မမေးမစိစစ်ရာ၊ အကျိုးစီးပွါးနှင့် စပ်သဖြင့် မေးစိစစ်ရာ၏၊ အကျိုးစီးပွါးနှင့် မစပ်သဖြင့် မမေးမစိစစ်ရာ၊ မေတ္တာစိတ်ဖြင့် မေးစိစစ်ရာ၏၊ ဒေါသစိတ်ဖြင့် မမေးမစိစစ်ရာ၊ နားရင်း၌ တိုင်ပင်သူ မဖြစ်ရာ၊ အကောက်မကြံအပ်၊ မျက်စိကို မမှိတ်အပ်၊ မျက်မှောင် မကြုတ်အပ်၊ ဦးခေါင်းကို မချီအပ်၊ လက်ဖောက်ပြန်ခြင်းကို မပြုအပ်၊ လက်ဆုပ်ကို မပြအပ်၊ နေရာ၌ လိမ္မာသူ ထိုင်ခြင်း၌ လိမ္မာသူ ဖြစ်ရာ၏၊ ထမ်းပိုးတပြန်မျှကို ကြည့်သဖြင့် (ဆုံးဖြတ်အပ်သော)အနက်ကို မှတ်သဖြင့် မိမိအား ရောက်သော နေရာ၌ နေရာ၏၊နေရာမှ မထရာ၊ အဆုံးအဖြတ်ကို မယုတ်စေအပ်၊ ကောက်သောခရီးကို မမှီဝဲအပ်၊ လက်ရုံးကို ခါလျက် မပြောဆိုအပ်၊ အဆောတလျင် မဆုံးဖြတ်အပ်၊ ရှောင်တခင်ပြုလေ့မရှိသူ ဖြစ်ရာ၏၊ မကြမ်းတမ်းသူ ဖြစ်ရာ၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားကို သည်းခံလေ့ရှိသူ ဖြစ်ရာ၏၊ မေတ္တာစိတ်ရှိသူ အစီးအပွါးကို စောင့်ရှောက်သူ ဖြစ်ရာ၏၊သနားခြင်းရှိသူ အစီးအပွါးကို ရှာလေ့ရှိသူ ဖြစ်ရာ၏၊ပြိန်ဖျင်းသော စကားကို မဆိုသူ အဆုံး အပိုင်းအခြား ရှိသော စကားကို ဆိုသူ ဖြစ်ရာ၏၊ မုန်းသူတို့၏ အလိုသို့ မလိုက်သူ

http://www.dhammadownload.com



မပြင်းခိုးသော စကားရှိသူ ဖြစ်ရာ၏၊ မိမိကိုယ်ကို စုံစမ်းဆင်ခြင်အပ်၏၊ သူတပါးကို စုံစမ်း ဆင်ခြင်အပ်၏၊ စောဒကပုဂ္ဂိုလ်ကို စုံစမ်း ဆင်ခြင်အပ်၏၊စုဒိတက ပုဂ္ဂိုလ်ကို စုံစမ်း ဆင်ခြင်အပ်၏၊မတရားသဖြင့် စောဒနာသော ပုဂ္ဂိုလ်ကို စုံစမ်းဆင်ခြင်အပ်၏၊မတရားသော စုဒိတကပုဂ္ဂိုလ်ကို စုံစမ်းဆင်ခြင်အပ်၏၊ တရားသဖြင့် စောဒနာသော ပုဂ္ဂိုလ်ကို စုံစမ်းဆင်ခြင်အပ်၏၊တရားသော စုဒိတက ပုဂ္ဂိုလ်ကို စုံစမ်းဆင်ခြင်အပ်၏၊(စောဒက စုဒိတကတို့ဆိုသော)စကားကို မယုတ်စေသဖြင့် မဆိုသော စကားကို မပြုသဖြင့် (သံဃာ့ဘောင်သို့)သက်ကုန်သော ပုဒ်ဝါကျတို့ကို ကောင်းစွာ (မှတ်သား)ကောက်ယူ၍ သူတပါးကို မေးမြန်း၍ ဝန်ခံသည့်အလျောက် ဆုံးဖြတ်ရာ၏၊ တွေဝေမိန်းမောသော သူကို ရှင်စေရာ၏၊ကြောက်ရွံ့တတ်သောသူကိုသက်သာစေရာ၏၊ကြမ်းသောသူကို တားမြစ်အပ်၏၊မစင်ကြယ်သော အလဇ္ဇီကို ထင်စွာ ပြုအပ်၏၊ ဖြောင့်မတ်သူကို နူးညံ့စွာ ပြောဆိုအပ်၏၊ ဆန္ဒာဂတိသို့ မလိုက်အပ်၊ ဒေါသာဂတိသို့ မလိုက်အပ်၊မောဟာဂတိသို့ မလိုက်အပ်၊ ဘယာဂတိသို့ မလိုက်အပ်၊ တရားတို့၌ရှင်း ပုဂ္ဂိုလ်တို့၌ရှင်း လျစ်လျူရှုသူဖြစ်ရာ၏၊ ဤသို့ မေးစိစစ်သော ဝိနည်းမိုရ်သည် မြတ်စွာဘုရား၏ သာသနာတော်ကို ပြုသူလည်းဖြစ်၏၊ ပညာရှိ သီတင်းသုံးဖော်တို့ကလည်း ချစ်အပ် နှစ်သက်အပ် အလေးပြုအပ် (မေတ္တာဖြင့်)ပွါးစေအပ်သူလည်း ဖြစ်၏။

၃၆၆။ (ဝိနည်းမိုရ် ဆောင်သော)ပါဠိတော်သည် နှီးနှောခြင်း အကျိုးငှါ ဖြစ်၏၊ ဥပမာ ဥပမေယျသည် ထင်ရှားစွာ ပြခြင်း အကျိုးငှါ ဖြစ်၏၊ အနက်သည် သိစေခြင်း အကျိုးငှါ ဖြစ်၏၊ မေးမြန်းခြင်းသည် (အာပတ် သင့်မသင့်၌)ထားခြင်း အကျိုးငှါ ဖြစ်၏၊အခွင့်တောင်းခြင်း အမှုသည် စောဒနာခြင်း အကျိုးငှါ ဖြစ်၏၊ စောဒနာခြင်းသည် အောက်မေ့စေခြင်း အကျိုးငှါ ဖြစ်၏၊ အောက်မေ့စေခြင်းသည် ဆိုဖွယ်စကား ရှိသည်ကို ပြုခြင်းအကျိုးငှါ ဖြစ်၏၊ ဆိုဖွယ်စကား ရှိသည်ကို ပြုခြင်းသည် တားမြစ်လွယ်ခြင်း အကျိုးငှါ ဖြစ်၏၊ တားမြစ်ခြင်းသည် အဆုံးအဖြတ်သို့ ရောက်စေခြင်း အကျိုးငှါ ဖြစ်၏၊ အဆုံးအဖြတ်သို့ ရောက်စေခြင်းသည် အပြစ်ရှိသည် မရှိသည်ကို စုံစမ်းနှိုင်းချိန်ခြင်း အကျိုးငှါ ဖြစ်၏၊ စုံစမ်း နှိုင်းချိန်ခြင်းသည် အရာဟုတ်သည် မဟုတ်သည်ကို သိစေခြင်းအကျိုးငှါ ဖြစ်၏၊ အရာဟုတ်သည် မဟုတ်သည်ကို သိစေခြင်းသည် သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်း သီလချစ်ခင် သူတော်စင်ရဟန်းတို့ကို ချီးမြှောက်ခြင်းငှါ ဖြစ်၏။

သံဃာသည် (အဆုံးအဖြတ်ကို)ဝန်ခံခြင်း (ကောင်းစွာ ဆုံးဖြတ်အပ်သည် မကောင်းသဖြင့် ဆုံးဖြတ်အပ်သည်ကို)သိစေခြင်း အကျိုးငှါ ဖြစ်၏၊ သံဃာ ခွင့်ပြုအပ်သော ပုဂ္ဂိုလ်တို့သည် အသီးအခြား(အကြီးအကဲအရာ၌)တည်ကုန်၏၊ မချွတ်မယွင်းသော စကားရှိသော အရာ၌ တည်ကုန်၏။

ဝိနည်းပညတ်သည် စောင့်စည်းခြင်း အကျိုးငှါ ဖြစ်၏၊ စောင့်စည်းခြင်းသည် စိတ်မကြည်မသာ မရှိခြင်း အကျိုးငှါ ဖြစ်၏၊ စိတ်မကြည်မသာမရှိခြင်းသည် ဝမ်းမြောက်ခြင်းအကျိုးငှါ ဖြစ်၏၊ ဝမ်းမြောက်ခြင်းသည် နှစ်သက်ခြင်း အကျိုးငှါ ဖြစ်၏၊ နှစ်သက်ခြင်းသည် (ပူပန်မှု)ငြိမ်းအေးခြင်း အကျိုးငှါ ဖြစ်၏၊ ငြိမ်းအေးခြင်းသည် (ကိုယ်စိတ်)ချမ်းသာခြင်းအကျိုးငှါ ဖြစ်၏၊ ချမ်းသာခြင်းသည် (စိတ်၏)တည်ကြည်ခြင်း အကျိုးငှါ ဖြစ်၏၊ (စိတ်၏)တည်ကြည်ခြင်းသည် ယထာဘူတဉာဏ်အမြင် အကျိုးငှါ ဖြစ်၏၊ ယထာဘူတ ဉာဏ်အမြင်သည် နိဗ္ဗိဒါဉာဏ် အကျိုးငှါ ဖြစ်၏၊ နိဗ္ဗိဒါ ဉာဏ်သည် အရိယာ မဂ်အကျိုးငှါ ဖြစ်၏၊ အရိယာမဂ်သည် အရဟတ္တဖိုလ် အကျိုးငှါ ဖြစ်၏၊ အရဟတ္တဖိုလ်သည် ပစ္စဝေက္ခဏာဉာဏ် အကျိုးငှါ ဖြစ်၏၊ ပစ္စဝေက္ခဏာ ဉာဏ်သည် အနုပါဒါ ပရိနိဗ္ဗာန်အကျိုးငှါ ဖြစ်၏၊ ဝိနယကထာသည် ထိုပရိနိဗ္ဗာန် အကျိုးရှိ၏၊ (ဝိနည်းကို)တိုင်ပင်ခြင်းသည် ထိုပရိနိဗ္ဗာန် အကျိုးရှိ၏။

http://www.dhammadownload.com



အဆင့်ဆင့်သော အကြောင်း၏ အဖြစ်သည် ထိုပရိနိဗ္ဗာန် အကျိုးရှိ၏၊ နားထောင်ခြင်းသည် ထိုပရိနိဗ္ဗာန် အကျိုးရှိ၏၊ဥပါဒါန် လေးပါးတို့ဖြင့် မစွဲလမ်းမူ၍ စိတ်၏(အရဟတ္တဖိုလ်ဟု ဆိုအပ်သော) လွတ်ခြင်းသည် ထိုပရိနိဗ္ဗာန် အကျိုး၌ ဖြစ်၏။

ဤမျှ အပြီးတည်း။

---

၃၆၇။ ကောင်းသော ပညာရှိတော်မူသော မြတ်စွာဘုရားသည် ပြုတော်မူအပ် ကောင်းစွာ ဟောတော်မူအပ်သော သိက္ခာပုဒ်တို့အားလျော်သော စိစစ်ခြင်း အစဉ်ကို တမလွန်ဂတိ မဖျက်ဆီးပဲ မှတ်သားနာယူလော့။

ဝတ္ထု ဝိပတ္တိ အာပတ် နိဒါန်း ရှေ့နောက်စကားကို မသိသည့်ပြင် ပြုအပ်သည် မပြုအပ်သည်ကိုလည်း အညီအညွတ်မသိ၊ အခြင်းအရာ၌ မလိမ္မာ။

ကံကိုလည်း မသိ၊ အဓိကရုဏ်းကိုလည်း မသိ၊ သမထတို့၌လည်း မလိမ္မာ၊ (ရာဂစသည် တို့ဖြင့်)တပ်ဟတ်၏၊ ဖျက်ဆီးတတ်၏၊ တွေဝေတတ်၏၊ ဘယာဂတိ မောဟာဂတိသို့ လိုက်၏။

သိစေအပ်သောအရာ၌လည်း မလိမ္မာ၊ ဆုံးဖြတ်ခြင်း၌လည်း မလိမ္မာ၊ (မိမိနှင့်တူသော) ပရိသတ်အပင်း အသင်းကို ရ၏၊ မရှက်တတ်၊ မည်းညစ်သော အမှုရှိ၏၊ (မေ့ပုဂ္ဂိုလ်ဘို့၌) ရိုသေခြင်းမရှိ၊စင်စစ် ထိုသို့သဘောရှိသော ရဟန်းကို မကြည့်အပ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ဝတ္ထု ဝိပတ္တိ အာပတ် နိဒါန်း ရှေ့နောက်စကားကို သိသည့်ပြင် ပြုအပ်သည် မပြုအပ်သည်ကိုလည်း အညီ အညွတ်သိ၏၊ အခြင်းအရာ၌လည်း လိမ္မာ၏။

ကံကိုလည်းသိ၏၊ အဓိကရုဏ်းကိုလည်း သိ၏၊ သမထ၌လည်း လိမ္မာ၏၊ (ရာဂစသည် တို့ဖြင့်)မတပ်တတ်၊ မဖျက်ဆီးတတ်၊ မတွေဝေတတ်၊ ဘယာဂတိ မောဟာဂတိသို့ မလိုက်။

သိစေအပ်သောအရာ၌လည်း လိမ္မာ၏၊ ဆုံးဖြတ်ခြင်း၌လည်း လိမ္မာ၏၊ (မိမိနှင့်တူသော) ပရိသတ်ကို ရှက်တတ်သော စိတ်ရှိ၏၊ ဖြူစင်သော အမှုရှိ၏၊ (မေ့ပုဂ္ဂိုလ်တို့၌)ရိုသေခြင်းရှိ၏၊ စင်စစ် ထိုသို့သဘောရှိသော ရဟန်းကို ကြည့်အပ်သော ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

စူဠသင်္ဂါမ ပြီး၏။

ထိုစူဠသင်္ဂါမ၏ အကျဉ်းချုပ်ကား—

နှိမ့်ချသောစိတ်ဖြင့် သံဃာသို့ ချဉ်းကပ်အပ်၏၊ဥပဇ္ဈာယ်စသည်ကို မမေးရာ၊ သံဃာ၌အလေး ပြုသည်ဖြစ်ရာ၏၊ ပုဂ္ဂိုလ်၌ အလေးမပြုရာ၊ ပါဠိကိုနှိုးနှောခြင်း အကျိုး၌(ဆိုအပ်၏)၊ ဝိနည်းကို ချီးမြှောက်ခြင်း ပရိနိဗ္ဗာန် အကျိုးတပါးကို ညွှန်းပြခြင်း စူဠသင်္ဂါမ၌ ဤဥဒ္ဒါန်းကို ပြုအပ်၏။

ဤမျှ အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com

# မဟာဝဂ်ပါဠိ

## ၁-ဆုံးဖြတ်သော ရဟန်း သိအပ်သော အရာစသည်

၃၆၇။ စစ်မြေပြင် အဓိကရုဏ်းကို ဆုံးဖြတ်အံ့သောငါ သံဃာသည် (စည်းဝေးရာ)သို့သက်ဝင်သော သံဃာ၌ တရားဆုံးဖြတ်သော ရဟန်းသည် ဝတ္ထုကို သိထိုက်၏၊ ဝိပတ္တိကို သိထိုက်၏၊ အာပတ်ကို သိထိုက်၏၊ နိဒါန်းကို သိထိုက်၏၊ အခြင်းအရာကို သိထိုက်၏၊ ရှေ့နောက် စကားကို သိထိုက်၏၊ ပြုအပ်သည် မပြုအပ်သည်ကို သိထိုက်၏၊ ကံကိုသိထိုက်၏၊ အဓိကရုဏ်းကို သိထိုက်၏၊ ငြိမ်းအေးကြောင်း သမထကို သိထိုက်၏၊ဆန္ဒာဂတိသို့ မလိုက်အပ်၊ဒေါသာဂတိသို့ မလိုက်အပ်၊ မောဟာဂတိသို့ မလိုက်အပ်၊ဘယာဂတိသို့ မလိုက်အပ်၊ သိစေအပ်သော အရာ၌ သိစေအပ်၏၊ ရှုစေအပ်သော အရာ၌ ရှုစေအပ်၏၊ ငဲ့အပ်သော အရာ၌ ငဲ့အပ်၏၊ ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေအပ်၏၊ "အသင်းအပင်းကို ငါရသည်"ဟု သူတပါး အသင်းအပင်းကို မထီမဲ့မြင် မပြုအပ်၊ "ငါ များသော အကြားအမြင်ရှိသည်"ဟု နည်းသောအကြားအမြင်ရှိသူကို မထီမဲ့မြင်မပြုအပ်၊ "ငါ မထေရ်ကြီး ဖြစ်သည်"ဟု သီတင်းငယ်ကို မထီမဲ့မြင် မပြုအပ်၊ မရောက်သေးသော အဓိကရုဏ်းကို မဆိုအပ်၊ ရောက်သော အဓိကရုဏ်းကို ဓမ္မမှ ဝိနည်းမှ မယုတ်စေအပ်၊ အကြင်တရားဖြင့် အကြင်ဝိနည်းဖြင့် အကြင်မြတ်စွာဘုရား အဆုံးအမတော်ဖြင့် ထိုအဓိကရုဏ်းသည် ငြိမ်း၏၊ ထိုအခြင်းအရာအားဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းစေအပ်၏။

၃၆၉။ **ဝတ္ထုကို သိထိုက်၏** ဟူသည်ကား ရှစ်ပါးသော ပါရာဇိကတို့၏ ဝတ္ထုကို သိထိုက်၏၊ နှစ်ဆယ့်သုံးပါးသော သံဃာဒိသိသ်တို့၏ ဝတ္ထုကို သိထိုက်၏၊ နှစ်ပါးသော အနိယတတို့၏ ဝတ္ထုကို သိထိုက်၏၊ လေးဆယ့်နှစ်ပါးသော နိဿဂ္ဂိပါစိတ်တို့၏ ဝတ္ထုကို သိထိုက်၏၊ တရာ့ရှစ်ဆယ့်ရှစ်ပါးသော ပါစိတ်တို့၏ ဝတ္ထုကို သိထိုက်၏၊ တဆယ့်နှစ်ပါးသော ပါဋိဒေသနီတို့၏ ဝတ္ထုကို သိထိုက်၏၊ ဒုက္ကဋ်အာပတ်တို့၏ ဝတ္ထုကို သိထိုက်၏၊ ဒုဗ္ဘာသိအာပတ်တို့၏ ဝတ္ထုကို သိထိုက်၏။

၃၇၀။ **ဝိပတ္တိကို သိထိုက်၏** ဟူသည်ကား သီလပျက်စီးခြင်းကိုသိထိုက်၏၊ အကျင့် ပျက်စီးခြင်းကို သိထိုက်၏၊အယူပျက်စီးခြင်းကို သိထိုက်၏၊ အသက်မွေးဝမ်းကြောင်း ပျက်စီးခြင်းကို သိထိုက်၏။

၃၇၁။ **အာပတ်ကို သိထိုက်၏** ဟူသည်ကား ပါရာဇိကအာပတ်ကို သိထိုက်၏၊ သံဃာဒိသိသ်အာပတ်ကို သိထိုက်၏၊ ထုလ္လစ္စဥ်း အာပတ်ကို သိထိုက်၏၊ ပါစိတ်အာပတ်ကို သိထိုက်၏၊ ပါဋိဒေသနီအာပတ်ကို သိထိုက်၏၊ ဒုက္ကဋ်အာပတ်ကို သိထိုက်၏၊ ဒုဗ္ဘာသိ အာပတ်ကို သိထိုက်၏။

၃၇၂။ **နိဒါန်းကို သိထိုက်၏** ဟူသည်ကား ရှစ်ပါးသော ပါရာဇိကတို့၏ နိဒါန်းကို သိထိုက်၏၊ နှစ်ဆယ့်သုံးပါးသော သံဃာဒိသိသ်တို့၏ နိဒါန်းကို သိထိုက်၏၊ နှစ်ပါးသော အနိယတတို့၏ နိဒါန်းကို သိထိုက်၏၊ လေးဆယ့်နှစ်ပါးသော နိဿဂ္ဂိပါစိတ်တို့၏ နိဒါန်းကို သိထိုက်၏၊ တရာ့ရှစ်ဆယ့် ရှစ်ပါးသော ပါစိတ်အာပတ်တို့၏ နိဒါန်းကို သိထိုက်၏၊ တဆယ့်နှစ်ပါးသော ပါဋိဒေသနီတို့၏ နိဒါန်းကို သိထိုက်၏၊ ဒုက္ကဋ်အာပတ်တို့၏ နိဒါန်းကို သိထိုက်၏၊ ဒုဗ္ဘာသိအာပတ်တို့၏ နိဒါန်းကို သိထိုက်၏။

၃၇၃။ **အခြင်းအရာကို သိထိုက်၏** ဟူသည်ကား သံဃာကို အခြင်းအရာအားဖြင့် သိထိုက်၏၊ ဂိုဏ်းကို အခြင်းအရာအားဖြင့် သိထိုက်၏၊ ပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏၊ စောဒက ပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏၊ စုဒိတကပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏။

http://www.dhammadownload.com



**သံဃာကို အခြင်းအရာအားဖြင့် သိထိုက်၏** ဟူသည်ကား ဤသံဃာသည် ဤအဓိကရဏ်းကို တရားတော်ဖြင့် ဝိနည်းဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့် ငြိမ်းစေခြင်းငှါ စွမ်းနိုင်အံ့လော၊ သို့မဟုတ် မစွမ်းနိုင်အံ့လော ဟု သံဃာကို အခြင်းအရာအားဖြင့် သိထိုက်၏။

**ဂိုဏ်းကို အခြင်းအရာအားဖြင့် သိထိုက်၏** ဟူသည်ကား ဤဂိုဏ်းသည် ဤအဓိကရဏ်းကို တရားတော်ဖြင့် ဝိနည်းဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့် ငြိမ်းစေခြင်းငှါ စွမ်းနိုင်အံ့လော၊ သို့မဟုတ် မစွမ်းနိုင်အံ့လော ဟု ဂိုဏ်းကို အခြင်းအရာအားဖြင့် သိထိုက်၏။

**ပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏** ဟူသည်ကား ဤပုဂ္ဂိုလ်သည် ဤအဓိကရဏ်းကို တရားတော်ဖြင့် ဝိနည်းဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့် ငြိမ်းစေခြင်းငှါ စွမ်းနိုင်အံ့လော၊ သို့မဟုတ် မစွမ်းနိုင်အံ့လော ဟု ပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏။

**စောဒကပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏** ဟူသည်ကား အသို့နည်း၊ ဤအသျှင်သည် ငါးပါးသော တရားတို့၌ တည်၍ သူတပါးကို စောဒနာသလော၊ သို့မဟုတ် မစောဒနာသလော ဟု စောဒကပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏။

**စုဒိတကပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏** ဟူသည်ကား အသို့နည်း၊ ဤအသျှင်သည် မှန်သောတရား၌၎င်း အမျက်မထွက်ခြင်း၌၎င်း ဤနှစ်ပါးသောတရားတို့၌ တည်လေသလော၊ သို့မဟုတ် မတည်လေသလော ဟု စုဒိတက ပုဂ္ဂိုလ်ကို အခြင်းအရာအားဖြင့် သိထိုက်၏။

၃၇၄။ **ရွှေနောက်စကားကို သိထိုက်၏** ဟူသည်ကား အသို့နည်း၊ ဤအသျှင်သည် ဝတ္ထုတခုမှလည်း ဝတ္ထုတခုသို့ ပြောင်းရွှေအံ့လော၊ ပျက်စီးခြင်း တခုမှလည်း ပျက်စီးခြင်း တခုသို့ ပြောင်းရွှေအံ့လော၊ အာပတ် တခုမှလည်း အာပတ်တခုသို့ ပြောင်းရွှေအံ့လော၊ ပယ်ပြီး၍ ဝန်ခံအံ့လော၊ ဝန်ခံပြီး၍ ပယ်အံ့လော၊ အဖြင်းဖြင်းလည်း ဆိုအံ့လော၊ သို့မဟုတ် (ဆိုအပ်ပြီးအရာအားလုံးကို) မပြုပဲ ရှိအံ့လောဟု ရွှေနောက်စကားကို သိထိုက်၏။

၃၇၅။ **ပြုအပ်သည် မပြုအပ်သည်ကို သိထိုက်၏** ဟူသည်ကား မေထုန်အကျင့်ကို သိထိုက်၏၊ မေထုန်အကျင့်အားလျော်သည်ကို သိထိုက်၏၊ မေထုန်အကျင့်၏ ရှေ့ အဖို့ကို သိထိုက်၏။

**မေထုန်အကျင့်ကို သိထိုက်၏** ဟူသည်ကား နှစ်ယောက်နှစ်ယောက်သော သူတို့၏ ရောက်အပ်သော အကျင့်ကို သိထိုက်၏။

**မေထုန်အားလျော်သည်ကို သိထိုက်၏** ဟူသည်ကား ရဟန်းသည် မိမိ၏ခံတွင်းဖြင့် သူတပါး၏ အင်္ဂါဇာတ်ကို (စုတ်)ယူ၏။

**မေထုန်၏ရှေ့အဖို့ကို သိထိုက်၏** ဟူသည်ကား အဆင်းရှိသော သုက်လွှတ်ခြင်း အဆင်းမရှိသော သုက်လွှတ်ခြင်းကို ကိုယ်လက်နှီးနှောခြင်းရုန့်ရင်းသောစကားဆိုခြင်းကို မိမိအကျိုးငှါ ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်းကို စကားအဆင့်ပေးခြင်းကို သိထိုက်၏။

၃၇၆။ **ကံကို သိထိုက်၏** ဟူသည်ကား တဆယ့်ခြောက်ပါးသော ကံတို့ကို သိထိုက်ကုန်၏၊ လေးပါးသော အပလောကနကံတို့ကို သိထိုက်ကုန်၏၊ လေးပါးသော ဉတ္တိကံတို့ကို သိထိုက်ကုန်၏၊ လေးပါးသော ဉတ္တိဒုတိယကံတို့ကို သိထိုက်ကုန်၏၊ လေးပါးသော ဉတ္တိစတုတ္ထကံတို့ကို သိထိုက်ကုန်၏။

http://www.dhammadownload.com



၃၇၇။ **အဓိကရုဏ်းကို သိထိုက်၏**ဟူသည်ကား လေးပါးသော အဓိကရုဏ်းတို့ကို သိထိုက်ကုန်၏၊ ဝိဝါဒါဓိကရုဏ်းကို သိထိုက်၏၊ အနုဝါဒါဓိကရုဏ်းကို သိထိုက်၏၊ အာပတ္တာဓိကရုဏ်းကို သိထိုက်၏၊ ကိစ္စာဓိကရုဏ်းကို သိထိုက်၏။

၃၇၈။ **ငြိမ်းအေးကြောင်း သမထကို သိထိုက်၏** ဟူသည်ကား ခုနစ်ပါးသော ငြိမ်းအေးကြောင်း 'သမထ'တို့ကို သိထိုက်ကုန်၏၊ သမ္မုခါဝိနယသမထကို သိထိုက်၏၊ သတိဝိနယသမထကို သိထိုက်၏၊အမူဠ ဝိနယသမထကို သိထိုက်၏၊ ပဋိညာတကရဏ သမထကို သိထိုက်၏၊ယေဘုယျသိကာ သမထကို သိထိုက်၏၊ တဿပါပိယသိကာ သမထကို သိထိုက်၏၊ တိဏဝတ္ထာရက သမထကို သိထိုက်၏။

## ၂-အဂတိသို့ မလိုက်သင့်ပုံ

၃၇၉။ **ဆန္ဒာဂတိသို့ မလိုက်အပ်** ဟူသည့်၌ ဆန္ဒာဂတိသို့ လိုက်သော သူသည် အဘယ်သို့ ဆန္ဒာဂတိသို့ လိုက်သနည်း။

ဤသာသနာတော်၌ အချို့သောသူသည် ဤသူသည် ငါ၏ ဥပဇ္ဈာယ်ဟူ၍ငင်း ဆရာဟူ၍ငင်း အတူနေတပည့် ဟူ၍ငင်း အနီးနေ တပည့်ဟူ၍ငင်း ဥပဇ္ဈာယ် တူသူဟူ၍ငင်း ဆရာတူသူဟူ၍ငင်း မြင်ဘူးသူ(အဆွေခင်ပွန်း)ဟူ၍ငင်း အတူတကွ စားသောက်ဘူးသူ (အဆွေခင်ပွန်း)ဟူ၍ ငင်း ဆွေမျိုးသားချင်းတော်သူဟူ၍ငင်း ထိုသူကို အစဉ်သနားခြင်းငှါ ထိုသူကို စောင့်ရှောက်ခြင်းငှါ တရား မဟုတ်သည်ကို တရားဟုတ်သည်ဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ် သည်ကို ဝိနည်း ဟုတ်သည်ဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြ၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်အပ်သည်ကို မြတ်စွာဘုရား ဟောအပ် မိန့်အပ်၏ဟု ပြ၏၊ မြတ်စွာဘုရား ဟောအပ် မိန့်အပ်သည်ကို မြတ်စွာဘုရား မဟောအပ် မမိန့်အပ်ဟု ပြ၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို မြတ်စွာဘုရား လေ့ကျက်အပ်၏ဟု ပြ၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို မြတ်စွာဘုရား မလေ့ ကျက်အပ်ဟု ပြ၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု ပြ၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြ၏၊ အာပတ် မသင့်သည်ကို အာပတ်သင့်၏ဟု ပြ၏၊ အာပတ်သင့်သည်ကို အာပတ်မသင့်ဟု ပြ၏၊ပေါ့သော အာပတ်ကို လေးသော အာပတ်ဟု ပြ၏၊ လေးသော အာပတ်ကို ပေါ့သော အာပတ်ဟု ပြ၏၊ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြ၏၊အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ် ဟု ပြ၏၊ ကြမ်းတမ်းသော အာပတ်ကို မကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ မကြမ်းတမ်း သော အာပတ်ကို ကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ ဤတဆယ့်ရှစ်ပါးသော ဝတ္ထုတို့ဖြင့် ဆန္ဒာဂတိ သို့ လိုက်သော သူသည် များစွာသော လူတို့၏ စီးပွါးမဲ့ကို ပြုခြင်းငှါ များစွာသော လူတို့၏ မချမ်းသာ ခြင်းကို ပြုခြင်းငှါ များစွာသော လူတို့၏ အကျိုးမဲ့ကို ပြုခြင်းငှါ နတ်လူတို့၏ စီးပွါးမဲ့ကို ပြုခြင်းငှါ ဆင်းရဲခြင်းကို ပြုခြင်းငှါ ကျင့်၏။

ဤတဆယ့်ရှစ်ပါးသော ဝတ္ထုတို့ဖြင့် ဆန္ဒာဂတိသို့ လိုက်သော သူသည် (မိမိကိုယ်ကို)တူးဖြို သည် ဖြစ်၍ (သဒ္ဓါစသော)ဂုဏ်ကို ဖျက်ဆီးသည်ဖြစ်၍ မိမိကိုယ်ကို ဆောင်၏၊ အပြစ်နှင့်တကွလည်း ဖြစ်၏၊ ပညာရှိတို့၏ ကဲ့ရဲ့ခြင်းနှင့် တကွလည်း ဖြစ်၏၊ များစွာသော မကောင်းမှုသည်လည်း ပွါး၏။ ဆန္ဒာဂတိသို့ လိုက်သောသူသည် ဤသို့ ဆန္ဒာဂတိသို့ လိုက်၏။

http://www.dhammadownload.com



၃၈၀။ **ဒေါသာဂတိသို့ မလိုက်အပ်** ဟူသည်၌ ဒေါသာဂတိသို့ လိုက်သော သူသည် အဘယ်သို့ **ဒေါသာဂတိသို့ လိုက်သနည်း**။

ဤသာသနာတော်၌ အချို့သော သူသည် "ငါ၏ အကျိုးမဲ့ကို ကျင့်ဘူး၏"ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏ အကျိုးမဲ့ကို ကျင့်၏"ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏အကျိုးမဲ့ကို ကျင့်လိမ့်မည်"ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏ ချစ်သူ ငါ၏နှလုံးကို ပွါးစေအပ်သူ၏ အကျိုးမဲ့ကို ကျင့်ဘူး၏၊ ငါ၏ချစ်သူ ငါ၏နှလုံးကို ပွါးစေအပ်သူ၏ အကျိုးမဲ့ကို ကျင့်၏၊ ငါ၏ ချစ်သူ ငါ၏နှလုံးကို ပွါးစေအပ်သူ၏ အကျိုးမဲ့ကို ကျင့်လိမ့်မည်" ဟု ရန်ငြိုးဖွဲ့၏။ "ငါ၏ မချစ်သူ ငါ၏နှလုံးကို မပွါးစေအပ်သူ၏ အကျိုးကို ကျင့်ဘူး၏၊ အကျိုးကို ကျင့်၏၊ အကျိုးကို ကျင့်လိမ့်မည်"ဟု ရန်ငြိုးဖွဲ့၏။

ဤကိုးပါးသော အာဃာတဝတ္ထုတို့ဖြင့် ရန်ငြိုးဖွဲ့သည်ဖြစ်၍ အဖန်တလဲလဲ ရန်ငြိုးဖွဲ့သည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ အမျက်နှိပ်စက်သည်ဖြစ်၍ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏။ပ။ ကြမ်းတမ်းသော အာပတ်ကို မကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ မကြမ်းတမ်းသော အာပတ်ကို ကြမ်းတမ်းသော အာပတ်ဟု ပြ၏။ ဤတဆယ့် ရှစ်ပါးသော ဝတ္ထုတို့ဖြင့် ဒေါသာဂတိသို့ လိုက်သောသူသည် များစွာသော လူတို့၏ စီးပွါးမဲ့ကို ပြုခြင်းငှါ များစွာသော လူတို့၏ မချမ်းသာကို ပြုခြင်းငှါ များစွာသော လူတို့၏ အကျိုးမဲ့ကို ပြုခြင်းငှါ နတ်လူတို့၏ စီးပွါးမဲ့ကို ပြုခြင်းငှါ ဆင်းရဲကို ပြုခြင်းငှါ ကျင့်၏။

ဤတဆယ့်ရှစ်ပါးသော ဝတ္ထုတို့ဖြင့် ဒေါသာဂတိသို့ လိုက်သော သူသည် (မိမိကိုယ်ကို)တူးဖြိုသည်ဖြစ်၍ (သဒ္ဓါစသော)ဂုဏ်ကို ဖျက်ဆီးသည်ဖြစ်၍ မိမိကိုယ်ကို ဆောင်၏၊ အပြစ်နှင့်တကွလည်း ဖြစ်၏၊ ပညာရှိတို့၏ ကဲ့ရဲ့ခြင်းနှင့် တကွလည်း ဖြစ်၏၊ များစွာသော မကောင်းမှုသည်လည်း ပွါး၏။ ဒေါသာဂတိသို့ လိုက်သော သူသည် ဤသို့ ဒေါသာဂတိသို့ လိုက်၏။

၃၈၁။ **မောဟာဂတိသို့ မလိုက်အပ်** ဟူသည်၌ မောဟာဂတိသို့ လိုက်သောသူသည် အဘယ်သို့ **မောဟာဂတိသို့ လိုက်သနည်း**။

တပ်သောသူသည် ရာဂ၏ အစွမ်းအားဖြင့် လိုက်၏၊ ဖျက်ဆီးပြစ်မှားသူသည် ဒေါသ၏ အစွမ်းအားဖြင့် လိုက်၏၊ တွေဝေသောသူသည် မောဟ၏ အစွမ်းအားဖြင့် လိုက်၏၊ မှားသောအားဖြင့် သုံးသပ်သူသည် အယူ'ဒိဋ္ဌိ'၏ အစွမ်းအားဖြင့် လိုက်၏။

တွေဝေသည်ဖြစ်၍ ပြင်းစွာတွေဝေသည်ဖြစ်၍ မောဟနှိပ်စက်အပ်သည် ဖြစ်၍ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြ၏။ တရားဟုတ်သည်ကို တရားမဟုတ်ဟုပြ၏။ပ။ ကြမ်းတမ်းသော အာပတ်ကို မကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ မကြမ်းတမ်းသော အာပတ်ကို ကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ ဤတဆယ့်ရှစ်ပါးသောဝတ္ထုတို့ဖြင့် မောဟာဂတိသို့ လိုက်သောသူသည် များစွာသောလူတို့၏ စီးပွါးမဲ့ကိုပြုခြင်းငှါ များစွာသောလူတို့၏ မချမ်းသာခြင်းကို ပြုခြင်းငှါ များစွာသော လူတို့၏အကျိုးမဲ့ကို ပြုခြင်းငှါ နတ်လူတို့၏စီးပွါးမဲ့ကိုပြုခြင်းငှါ ဆင်းရဲခြင်းကို ပြုခြင်းငှါ ကျင့်၏။

ဤတဆယ့်ရှစ်ပါးသော ဝတ္ထုတို့ဖြင့် မောဟာဂတိသို့လိုက်သောသူသည် (မိမိကိုယ်ကို)တူးဖြိုသည် ဖြစ်၍ (သဒ္ဓါစသော)ဂုဏ်ကို ဖျက်ဆီးသည် ဖြစ်၍ မိမိကိုယ်ကို ဆောင်၏၊ အပြစ်နှင့်တကွလည်း ဖြစ်၏၊ ပညာရှိတို့၏ ကဲ့ရဲ့ခြင်းနှင့်တကွလည်း ဖြစ်၏၊ များစွာသော မကောင်းမှုသည်လည်း ပွါး၏။ မောဟာဂတိသို့ လိုက်သော သူသည် ဤသို့ မောဟာဂတိသို့ လိုက်၏။

http://www.dhammadownload.com



၃၇၂။ **ဘယာဂတိသို့ မလိုက်အပ်** ဟူသည်၌ ဘယာဂတိသို့ လိုက်သော သူသည် အဘယ်သို့ ဘယာဂတိသို့ လိုက်သနည်း။

ဤသာသနာတော်၌ အချို့သော သူသည် "ဤသူသည်-မညီမညွတ်သော ကာယကံ စသည်ကို မှီ၍ ဟူ၍ငင်း (မိစ္ဆာဒိဋ္ဌိ အန္တဂ္ဂါဟိကဒိဋ္ဌိ)အယူကို မှီ၍ ဟူ၍ငင်း အားရှိသူ ရဟန်းများကို မှီ၍ဟူ၍ငင်း ခက်ထန်ကြမ်းတမ်း၍၊အသက်အန္တရာယ်ကိုငင်း သာသနာတော်၏ အန္တရာယ်ကိုငင်း ပြုလိမ့်မည်" ဟု ထိုသူမှ ကြောက်သဖြင့် ကြောက်သည်ဖြစ်၍ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်အပ်သည်ကို မြတ်စွာဘုရား ဟောအပ် မိန့်အပ်၏ ဟု ပြ၏၊ မြတ်စွာဘုရား ဟောအပ် မိန့်အပ်သည်ကို မြတ်စွာဘုရား မဟောအပ် မမိန့်အပ်ဟု ပြ၏၊ မြတ်စွာဘုရား မလေ့ကျက် အပ်သည်ကို မြတ်စွာဘုရား လေ့ကျက်အပ်သည်ဟု ပြ၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို မြတ်စွာဘုရား မလေ့ကျက်အပ်ဟု ပြ၏၊ မြတ်စွာဘုရား မပညတ် အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်သည်ဟု ပြ၏။ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြ၏၊ အာပတ် မသင့်သည်ကို အာပတ်သင့်၏ဟု ပြ၏၊ အာပတ်သင့်သည်ကို အာပတ်မသင့်ဟု ပြ၏၊ ပေါ့သော အာပတ်ကို လေးသော အာပတ်ဟု ပြ၏၊ လေးသော အာပတ်ကို ပေါ့သော အာပတ်ဟု ပြ၏၊ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြ၏၊ အကြွင်း မရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြ၏၊ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြ၏။ ဤတဆယ့်ရှစ်ပါးသော ဝတ္ထုတို့ဖြင့် ဘယာဂတိသို့ လိုက်သော သူသည် များစွာသော လူတို့၏ စီးပွါးမဲ့ကို ပြုခြင်းငှါ များစွာသော လူတို့၏ မချမ်းသာခြင်းကို ပြုခြင်းငှါ များစွာသော လူတို့၏ အကျိုးမဲ့ကို ပြုခြင်းငှါ နတ်လူတို့၏ စီးပွါးမဲ့ကိုပြုခြင်းငှါ ဆင်းရဲခြင်းကို ပြုခြင်းငှါ ကျင့်၏။

ဤတဆယ့်ရှစ်ပါးသော ဝတ္ထုတို့ဖြင့် ဘယာဂတိသို့ လိုက်သောသူသည် (မိမိကိုယ်ကို) တူးဖြိုသည် ဖြစ်၍ (သဒ္ဓါစသော) ဂုဏ်ဒြေကို ဖျက်ဆီးသည်ဖြစ်၍ မိမိကိုယ်ကို ဆောင်၏၊ အပြစ်နှင့်တကွလည်း ဖြစ်၏၊ ပညာရှိတို့၏ ကဲ့ရဲ့ခြင်းနှင့် တကွလည်း ဖြစ်၏၊ များစွာသော မကောင်းမှုသည်လည်း ပွါး၏။ ဘယာဂတိသို့ လိုက်သောသူသည် ဤသို့ ဘယာဂတိသို့ လိုက်၏။

အကြင်သူသည် ချစ်သဖြင့်ငင်း မုန်းသဖြင့်ငင်း ကြောက်သဖြင့်ငင်း တွေဝေမိုက်မဲသဖြင့်ငင်း တရားကို လွန်၍ကျင့်၏၊ ထိုသူ၏ အခြံအရံ ဂုဏ်သတင်း ကျော်ကြားခြင်း စသည်သည် လသည် လဆုတ်ပက္ခ၌ (တနေ့တခြား)ဆုတ်ယုတ်သကဲ့သို့ ဆုတ်ယုတ်၏။

## ၃-အဂတိသို့ မလိုက်ခြင်း

### ၃၇၃။ အဘယ်သို့ ဆန္ဒာဂတိသို့ မလိုက်သနည်း။

တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ တရားဟုတ်သည် ကို တရားဟုတ်သည်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ မြတ်စွာဘုရား မဟောအပ် မမိန့်အပ်သည်ကို မြတ်စွာဘုရား မဟောအပ် မမိန့်အပ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ မြတ်စွာဘုရား ဟောအပ် မိန့်အပ်သည်ကို

http://www.dhammadownload.com



မြတ်စွာဘုရား ဟောအပ် မိန့်အပ်သည်ဟု ပြသော သူသည် ဆန္ဒာဂတိသို့ မလိုက်၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို မြတ်စွာဘုရား မလေ့ကျက်အပ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို မြတ်စွာဘုရားလေ့ကျက်အပ်၏ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြသော သူသည် ဆန္ဒာဂတိသို့ မလိုက်၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု ပြသော သူသည် ဆန္ဒာဂတိသို့ မလိုက်၊ အာပတ်မသင့်သည်ကို အာပတ်မသင့်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ အာပတ်သင့်သည်ကို အာပတ်သင့်သည်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ ပေါ့သော အာပတ်ကို ပေါ့သော အာပတ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ လေးသော အာပတ်ကို လေးသော အာပတ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်၊ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ဟု ပြသော သူသည် ဆန္ဒာဂတိသို့ မလိုက်၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြသောသူသည် ဆန္ဒာဂတိသို့ မလိုက်။ ဤသို့ ဆန္ဒာဂတိသို့ မလိုက်။

၃၈၄။ **အဘယ်သို့ ဒေါသာဂတိသို့ မလိုက်သနည်း။** တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသော သူသည် ဒေါသာဂတိသို့ မလိုက်၊ တရားဟုတ်သည်ကို တရားဟုတ်သည်ဟု ပြသောသူသည် ဒေါသာဂတိသို့ မလိုက်။ပ။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြသော သူသည် ဒေါသာဂတိသို့ မလိုက်၊ မရုန့်ရင်းမကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်း တမ်းသော အာပတ်ဟု ပြသောသူသည် ဒေါသာဂတိသို့ မလိုက်။ ဤသို့ ဒေါသာဂတိသို့ မလိုက်။

၃၈၅။ **အဘယ်သို့ မောဟာဂတိသို့ မလိုက်သနည်း။**

တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသောသူသည် မောဟာဂတိသို့ မလိုက်၊ တရားဟုတ်သည်ကို တရားဟုတ်သည်ဟု ပြသောသူသည် မောဟာဂတိသို့ မလိုက်။ပ။ ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြသောသူသည် မောဟာဂတိသို့ မလိုက်၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြသောသူသည် မောဟာဂတိသို့ မလိုက်။ ဤသို့ မောဟာဂတိသို့ မလိုက်။

၃၈၆။ **အဘယ်သို့ ဘယာဂတိသို့ မလိုက်သနည်း။**

တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသော သူသည် ဘယာဂတိသို့ မလိုက်၊ တရားဟုတ်သည်ကို တရားဟုတ်သည်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ်ဟုပြသောသူသည် ဘယာဂတိသို့ မလိုက်၊ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ပြသော သူသည် ဘယာဂတိသို့ မလိုက်၊ မြတ်စွာဘုရား မဟောအပ် မမိန့်အပ်သည်ကို မြတ်စွာဘုရား မဟော အပ် မမိန့်အပ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ မြတ်စွာဘုရား ဟောအပ် မိန့်အပ်သည်ကို မြတ်စွာဘုရား ဟောအပ် မိန့်အပ်၏ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ မြတ်စွာဘုရား မလေ့ ကျက်အပ်သည်ကို မြတ်စွာဘုရား မလေ့ကျက်အပ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ မြတ်စွာ ဘုရား လေ့ကျက်အပ်သည်ကို မြတ်စွာဘုရား လေ့ကျက်အပ်၏ဟုပြသောသူသည် ဘယာဂတိသို့မလိုက်၊

http://www.dhammadownload.com



မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ အာပတ်မသင့်သည်ကို အာပတ်မသင့်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ အာပတ်သင့်သည်ကို အာပတ်သင့်သည်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ ပေါ့သောအာပတ်ကို ပေါ့သောအာပတ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ လေးသောအာပတ်ကို လေးသော အာပတ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ အကြွင်းရှိသောအာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ အကြွင်းမရှိသောအာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသောအာပတ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်၊ မရုန့်ရင်းမကြမ်းတမ်း သော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြသောသူသည် ဘယာဂတိသို့ မလိုက်။ ဤ သို့ ဘယာဂတိသို့ မလိုက်။

အကြင်သူသည် ချစ်သဖြင့်၎င်း မုန်းသဖြင့်၎င်း ကြောက်သဖြင့်၎င်း တွေဝေမိုက်မဲသဖြင့် ၎င်း တရားကိုလွန်၍ မကျင့်၊ ထိုသူ၏ အခြံအရံ ဂုဏ်သတင်း ကျော်စောခြင်း စသည်သည် လသည် လဆန်းပက္ခ၌ (တနေ့တခြား) တိုးပွါးပြည့်သကဲ့သို့ ပြည့်၏။

## ၄-သိစေအပ်သော အရာစသည်

### ၃၇၇။ အဘယ်သို့ သိစေအပ်သော အရာ၌ သိစေသနည်း။

တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသောသူသည် သိစေအပ်သော အရာ၌ သိစေ၏၊ တရားဟုတ်သည်ကို တရားဟုတ်သည်ဟု ပြသောသူသည် သိစေအပ်သော အရာ၌ သိစေ၏။ပ။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြသောသူသည် သိစေ အပ်သော အရာ၌ သိစေ၏၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်း သော အာပတ်ဟု ပြသောသူသည် သိစေအပ်သော အရာ၌ သိစေ၏။ ဤသို့ သိစေအပ်သော အရာ၌ သိစေ၏။

### ၃၇၈။ အဘယ်သို့ ရှုစေအပ်သော အရာ၌ ရှုစေသနည်း။

တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသောသူသည် ရှုစေအပ်သောအရာ၌ ရှုစေ၏။ တရားဟုတ်သည်ကို တရားဟုတ်သည်ဟု ပြသောသူသည် ရှုစေအပ်သော အရာ၌ ရှုစေ၏ ။ပ။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသောအာပတ်ဟု ပြသောသူသည် ရှုစေအပ် သောအရာ၌ ရှုစေ၏၊ မရုန့်ရင်း မကြမ်းတမ်းသောအာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ် ဟု ပြသောသူသည် ရှုစေအပ်သောအရာ၌ ရှုစေ၏။ ဤသို့ ရှုစေအပ်သော အရာ၌ ရှုစေ၏။

### ၃၇၉။ အဘယ်သို့ ငဲ့အပ်သောအရာ၌ ငဲ့သနည်း။

တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသောသူသည် ငဲ့အပ်သော အရာ၌ ငဲ့၏၊ တရား ဟုတ်သည်ကို တရားဟုတ်၏ဟု ပြသောသူသည် ငဲ့အပ်သော အရာ၌ ငဲ့၏။ပ။ ရုန့်ရင်းကြမ်းတမ်း သော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြသောသူသည် ငဲ့အပ်သော အရာ၌

http://www.dhammadownload.com



ငဲ့၏၊ မရုန့်ရင်းမကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်းမကြမ်းတမ်းသော အာပတ်ဟု ပြသေ၁သူသည် ငဲ့အပ်သော အရာ၌ ငဲ့၏။ ဤသို့ ငဲ့အပ်သော အရာ၌ ငဲ့၏။

၃၉၀။ **အဘယ်သို့ ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေသနည်း။**

တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြသောသူသည် ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေ၏၊ တရားဟုတ်သည်ကို တရားဟုတ်သည်ဟု ပြသောသူသည် ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေ၏။ပ။ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသောအာပတ်ဟု ပြသောသူသည် ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေ၏၊ မရုန့်ရင်းမကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်းမကြမ်းတမ်းသော အာပတ်ဟု ပြသောသူသည် ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေ၏။ ဤသို့ ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေ၏။

## ၅-သူတပါး အသင်းအပင်းစသည်ကို မထီမဲ့မြင်ပြုခြင်း

၃၉၁။ **"သူတပါး အသင်း အပင်းကို ငါရ၏"ဟု အသင်းအပင်းကို အဘယ်သို့ မထီမဲ့မြင် ပြုသနည်း။**

ဤသာသနာတော်၌ အချို့သောသူသည် အသင်းအပင်းကို ရ၏၊ အခြံအရံကို ရ၏၊ အသင်း အပင်းရှိ၏၊ ဆွေမျိုးရှိ၏။

"ဤသူသည်ကား အသင်းအပင်းကိုမရ၊ အခြံအရံကိုမရ၊ အသင်းအပင်းမရှိ၊ ဆွေမျိုးလည်း မရှိ"ဟု ထိုသူကို မထီမဲ့မြင်ပြု၍ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏။ပ။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ဟု ပြ၏။ ဤသို့ အသင်းအပင်းကို ငါရ၏ ဟု သူတပါးအသင်းအပင်းကို မထီမဲ့မြင် ပြု၏။

၃၉၂။ **"ငါသည် များသော အကြားအမြင်ရှိသူဖြစ်၏"ဟု အကြားအမြင်နည်းသူကို အဘယ်သို့ မထီမဲ့မြင် ပြုသနည်း။**

ဤသာသနာတော်၌ အချို့သောသူသည် များသော အကြားအမြင်ရှိ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး (သိုမှီး)၏၊ "ဤသူသည်ကား အကြားအမြင်နည်း၏၊ အာဂုံ နည်း၏၊ အရဆောင်နည်း၏" ဟု ထိုသူကို မထီမဲ့မြင်ပြု၍ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏။ပ။ ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသောအာပတ်ဟု ပြ၏၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသေ အာပတ်ဟု ပြ၏၊ ဤသို့ ငါသည် များသော အကြားအမြင်ရှိသည် (အကြားအမြင်များသည်)ဟု အကြားအမြင်နည်းသူကို မထီမဲ့မြင် ပြု၏။

၃၉၃။ **"ငါသည် မထေရ်ကြီးဖြစ်၏"ဟု သိတင်းငယ်ကို အဘယ်သို့ မထီမဲ့မြင် ပြုသနည်း။**

ဤသာသနာတော်၌ အချို့သောသူသည် မထေရ်ကြီးဖြစ်၏၊ညဉ့်အပိုင်းအခြားကိုသိ၏၊ရဟန်းပြု၍ ကြာမြင့်သူ ဖြစ်၏။"ဤသူသည် သိတင်းငယ်တည်း၊ မထင်ရှားသူတည်း၊မလိမ္မာသူတည်း၊ ဤသူ၏ စကားကို မလိုက်နာအပ်သည် ဖြစ်လတ္တံ့"ဟု ထိုသူကို မထီမဲ့မြင်ပြု၍ တရားမဟုတ်သည်ကို

http://www.dhammadownload.com



တရားဟုတ်သည်ဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏။ပ။ ရှုန့်ရင်း ကြမ်းတမ်းသော အာပတ်ကို မရှုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြ၏၊ မရှုန့်ရင်းမကြမ်းတမ်းသော အာပတ်ကို ရှုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြ၏။ ဤသို့ ငါသည် မထေရ်ကြီးဖြစ်၏ ဟု သီတင်းငယ်ကို မထီမဲ့မြင် ပြု၏။

၃၉၄။ **မရောက်သေးသော အဓိကရုဏ်းကို မဆိုအပ်** ဟူသည်ကား (သံဃာ့ဘောင်သို့) မသက်သေးသော ဝန်ကို မချအပ်။ **ရောက်ပြီးသော အဓိကရုဏ်းကို ဓမ္မမှ ဝိနည်းမှ မယုတ်စေအပ်** ဟူသည်ကား အကြင်(အဓိကရုဏ်းကို ငြိမ်းစေခြင်း)အကျိုးငှါ သံဃာစည်းဝေး၏၊ ထို(အဓိကရုဏ်းကို ငြိမ်းစေခြင်း)အကျိုးကို ဓမ္မမှဝိနည်းမှ မယုတ်စေအပ်။

၃၉၅။ **အကြင်တရားဖြင့်** ဟူသည်ကား ဟုတ်မှန်သော ဝတ္ထုဖြင့်။ **အကြင်ဝိနည်းဖြင့်** ဟူသည်ကား စောဒနာ၍ အောက်မေ့စေ၍။ **အကြင်မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့်** ဟူသည်ကား ဉတ်၏ပြည့်စုံခြင်းဖြင့် ကမ္မဝါစာ၏ ပြည့်စုံခြင်းဖြင့်။

အကြင်တရားဖြင့် အကြင်ဝိနည်းဖြင့် အကြင်မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့် ထို အဓိကရုဏ်းသည် ငြိမ်း၏၊ ထိုအခြင်းအရာဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းစေအပ်၏။

## ၆-ဝိနည်းဓိုရ်၏ မေးစိစစ်ခြင်း

၃၉၆။ ဝိနည်းဓိုရ်သည်စောဒကကို“ငါ့ချင် သင်သည် ဤရဟန်းအားပဝါရဏာကို တန့်ထား၏၊ အဘယ်ကြောင့် ထိုရဟန်းကို တန့်ထားသနည်း၊သီလပျက်စီးခြင်းကြောင့် တန့်ထားသလော၊အကျင့်ပျက်စီးခြင်းကြောင့် တန့်ထားသလော၊ အယူပျက်စီးခြင်းကြောင့် တန့်ထားသလော ”ဟု မေးအပ်၏၊ ထိုရဟန်းသည် “သီလပျက်စီးခြင်းကြောင့်လည်းတန့်ထား၏၊ အကျင့်ပျက်စီးခြင်းကြောင့်လည်း တန့်ထား၏၊ အယူပျက်စီးခြင်းကြောင့်လည်း တန့်ထား၏” ဟု အကယ်၍ ဆိုအံ့။

ထိုစောဒကကို “အသျှင်သည် သီလပျက်စီးခြင်းကို သိသလော၊ အကျင့်ပျက်စီးခြင်းကို သိသလော၊ အယူပျက်စီးခြင်းကို သိသလော” ဟု မေးအပ်၏။

ထိုစောဒက ရဟန်းသည်“ငါ့သျှင် ငါသည် သီလပျက်စီးခြင်းကို သိ၏၊ အကျင့်ပျက်စီးခြင်းကို သိ၏၊ အယူပျက်စီးခြင်းကို သိ၏”ဟု အကယ်၍ ဆိုအံ့။

ထိုစောဒကကို “ငါ့သျှင် သီလပျက်စီးခြင်းသည် အဘယ်နည်း၊ အကျင့်ပျက်စီးခြင်းသည် အဘယ်နည်း၊ အယူပျက်စီးခြင်းသည် အဘယ်နည်း” ဟု မေးအပ်၏။

ထိုစောဒကသည် လေးပါးသော ပါရာဇိကနှင့် တဆယ့်သုံးပါးသော သံဃာဒိသိသ်တို့သည် သီလပျက်စီးခြင်း မည်ကုန်၏၊ ထုလ္လစ္စဉ်း ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသိ အာပတ်တို့သည် အကျင့်ပျက်စီးခြင်း မည်ကုန်၏၊ မိစ္ဆာဒိဋ္ဌိနှင့် အန္တဂ္ဂါဟိက ဒိဋ္ဌိတို့သည် အယူပျက်စီးခြင်း မည်ကုန်၏ ဟု အကယ်၍ ဆိုအံ့။

ထိုစောဒကရဟန်းကို“ငါ့သျှင် သင်သည် ဤရဟန်းအား ပဝါရဏာကို တန့်ထား၏၊ မြင်သဖြင့် တန့်ထားသလော၊ ကြားသဖြင့် တန့်ထား သလော၊ ရွံရှာသဖြင့် တန့်ထား သလော”ဟု မေးအပ်၏။

http://www.dhammadownload.com



ထိုစောဒကသည် "မြင်သဖြင့်လည်း တန့်ထား၏၊ ကြားသဖြင့်လည်း တန့်ထား၏၊ ရှိရှာခြင်းဖြင့်လည်း တန့်ထား၏"ဟု အကယ်၍ ဆိုအံ့။

ထိုစောဒကကို"ငါ့သျှင် သင်သည် ဤရဟန်းအား မြင်သဖြင့် ပဝါရဏာကို တန့်ထားအံ့၊ သင်သည် အဘယ်ကို မြင်သနည်း၊ အဘယ်သို့ မြင်သနည်း၊ သင်သည် အဘယ်အခါ၌ မြင်သနည်း၊ အဘယ်အရပ်၌ မြင်သနည်း၊ ပါရာဇိကသို့ ရောက်သည်ကို မြင်သလော။ သံဃာဒိသိသ်သို့။ ထုလ္လစ္စဉ်းသို့။ ပါစိတ်သို့။ ပါဋိဒေသနီသို့။ ဒုက္ကဋ်သို့။ ဒုဗ္ဘာသီသို့ ရောက်သည်ကို မြင်သလော၊ သင်စောဒကသည် အဘယ်အရပ်၌ ဖြစ်သနည်း၊ ဤရဟန်းသည် အဘယ်အရပ်၌ ဖြစ်သနည်း၊ သင်(စောဒက)သည် အဘယ်အမှုကို ပြုသနည်း၊ ဤရဟန်းသည် အဘယ် အမှုကို ပြုသနည်း"ဟု မေးရာ၏။

ထိုစောဒကသည် "ငါ့သျှင် ဤရဟန်းအား မြင်သဖြင့် ပဝါရဏာကို မတန့်ထား၊ စင်စစ်မှာမူ ကြားသဖြင့် ပဝါရဏာကို တန့်ထား၏" ဟု ဆိုအံ့။

ထိုစောဒကကို "ငါ့သျှင် သင်သည် ဤရဟန်းအား ကြားသဖြင့် ပဝါရဏာကို တန့်ထားအံ့၊ သင်သည် အဘယ်ကို ကြားသနည်း၊ သင်သည် အဘယ်သို့ ကြားသနည်း၊ သင်သည် အဘယ်အခါ၌ ကြားသနည်း၊ သင်သည် အဘယ်အရပ်၌ ကြားသနည်း၊ 'ပါရာဇိကသို့ ရောက်သည်'ဟု ကြားသလော၊ သံဃာဒိသိသ်သို့ ရောက်သည်ဟု ကြားသလော။ထုလ္လစ္စဉ်းသို့။ ပါစိတ်သို့။ ပါဋိဒေသနီသို့။ ဒုက္ကဋ်သို့။ 'ဒုဗ္ဘာသီသို့ ရောက်သည်' ဟု ကြားသလော။

ရဟန်းယောကျ်ား၏ အထံမှ ကြားသလော၊ ရဟန်းမိန်းမ၏အထံမှ ကြားသလော၊ သိက္ခမာန်၏ အထံမှ ကြားသလော၊ သာမဏေယောကျ်ား၏ အထံမှ ကြားသလော၊ သာမဏေမိန်းမ၏ အထံမှ ကြားသလော၊ ဥပါသကာယောကျ်ား၏ အထံမှ ကြားသလော၊ ဥပါသိကာမိန်းမ၏ အထံမှ ကြားသလော၊မင်းတို့၏ အထံမှ ကြားသလော၊မင်းအမတ်ကြီးတို့၏ အထံမှ ကြားသလော၊ တိတ္ထိတို့၏ အထံမှ ကြားသလော၊ တိတ္ထိတပည့်တို့၏အထံမှ ကြားသလော"ဟု မေးရာ၏။

ထိုစောဒကသည် "ငါ့သျှင် ငါသည် ဤရဟန်းအား ကြားသဖြင့် ပဝါရဏာကို မတန့်ထား၊ စင်စစ်မှာမူ ရှိရှာသဖြင့် ပဝါရဏာကို တန့်ထား၏" ဟု အကယ်၍ ဆိုအံ့။

ထိုစောဒကကို "ငါ့သျှင် သင်သည် ဤရဟန်းအား ရှိရှာသဖြင့် ပဝါရဏာကို တန့်ထားအံ့၊ အဘယ်ကို ရှိရှာသနည်း၊ အဘယ်သို့ ရှိရှာသနည်း၊ အဘယ်အခါ၌ ရှိရှာသနည်း၊ အဘယ်အရပ်၌ ရှိရှာသနည်း၊ 'ပါရာဇိကသို့ ရောက်သည်' ဟု ရှိရှာသလော။ သံဃာဒိသိသ်သို့။ ထုလ္လစ္စဉ်းသို့။ ပါစိတ်သို့။ ပါဋိဒေသနီသို့။ ဒုက္ကဋ်သို့။ 'ဒုဗ္ဘာသီသို့ ရောက်သည်'ဟု ရှိရှာသလော'၊ ရဟန်းယောကျ်ား အထံမှ ကြား၍ ရှိရှာသလော၊ ရဟန်းမိန်းမ အထံမှ ကြား၍ ရှိရှာသလော၊ သိက္ခမာန်အထံမှ ကြား၍ ရှိရှာသလော၊ သာမဏေယောကျ်ား အထံမှ ကြား၍ ရှိရှာသလော၊ သာမဏေမိန်းမ အထံမှကြား၍ ရှိရှာသလော၊ ဥပါသကာ ယောကျ်ားအထံမှ ကြား၍ ရှိရှာသလော၊ ဥပါသိကာ မိန်းမ အထံမှ ကြား၍ ရှိရှာသလော၊ မင်းတိုအထံမှ ကြား၍ ရှိရှာသလော၊ မင်းအမတ်ကြီးတို့ အထံမှကြား၍ ရှိရှာသလော၊ တိတ္ထိတို့ အထံမှ ကြား၍ ရှိရှာသလော၊ တိတ္ထိတပည့်တို့ အထံမှ ကြား၍ ရှိရှာသလော"ဟု မေးရာ၏။

၃၉၇။ မြင်အပ်သော ဝတ္ထုသည် (စောဒက၏) မြင်သည်ဟူသောစကားနှင့် ညီညွတ်၏၊ မြင်အပ်သော ဝတ္ထုသည် (စောဒက၏) မြင်သည်ဟူသော စကားနှင့် နီးနှော၏၊ မြင်သည်ကို

http://www.dhammadownload.com



စွဲ၍ (ပါရာဇိကစသည်သို့)မရောက်၊ (ထို့ကြောင့်)ထိုပုဂ္ဂိုလ်သည် အရင်းမရှိ ရှုံးရှာအပ်သူဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဝန်ခံ ခြင်းဖြင့် ထိုပုဂ္ဂိုလ်နှင့် အတူ ပဝါရဏာကို ပြုအပ်၏။

ကြားအပ်သော ဝတ္ထုသည် (စောဒက၏) ကြားသည်ဟူသော စကားနှင့် ညီညွတ်၏၊ ကြားအပ်သော ဝတ္ထုသည် (စောဒက၏)ကြားသည်ဟူသော စကားနှင့် နှီးနှော၏၊ ကြားသည်ကို စွဲ၍ (ပါရာဇိကစသည်သို့)မရောက်၊ (ထို့ကြောင့်) ထိုပုဂ္ဂိုလ်သည် အရင်းမရှိ ရှုံးရှာအပ်သူ ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဝန်ခံခြင်းဖြင့် ထိုပုဂ္ဂိုလ်နှင့်အတူ ပဝါရဏာကို ပြုအပ်၏။

တွေ့အပ်သော ဝတ္ထုသည် (စောဒက၏)တွေ့သည်ဟူသော စကားနှင့် ညီညွတ်၏၊ တွေ့အပ်သော ဝတ္ထုသည် (စောဒက၏) တွေ့သည်ဟူသော စကားနှင့် နှီးနှော၏၊ တွေ့သည်ကို စွဲ၍ (ပါရာဇိကစသည်သို့) မရောက်၊ (ထို့ကြောင့်) ထိုပုဂ္ဂိုလ်သည် အရင်းမရှိ ရှုံးရှာအပ်သူဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဝန်ခံခြင်းဖြင့် ထိုပုဂ္ဂိုလ်နှင့် အတူ ပဝါရဏာကို ပြုအပ်၏။

## ၇-အမေးပုစ္ဆာကို ဝေဖန်ခြင်း

၃၉၈။ သင်သည် အဘယ်ကို မြင်သနည်း ဟူသော အမေးသည် အဘယ် အမေးနည်း၊ သင်သည် အဘယ်သို့ မြင်သနည်းဟူသော အမေးသည် အဘယ် အမေးနည်း၊ သင်သည် အဘယ်အခါ၌ မြင်သနည်းဟူသော အမေးသည် အဘယ် အမေးနည်း၊ သင်သည် အဘယ်အရပ်၌ မြင်သနည်း ဟူသော အမေးသည် အဘယ် အမေးနည်း။

၃၉၉။ သင်သည် အဘယ်ကို မြင်သနည်းဟူသော အမေးသည် ဝတ္ထုကိုမေးသော အမေးတည်း၊ ပျက်စီးခြင်းကို မေးသော အမေးတည်း၊ အာပတ်ကိုမေးသော အမေးတည်း၊ လွန်ကျူး၍ ကျင့်ခြင်းကို မေးသော အမေးတည်း။

ဝတ္ထုကို မေးသော အမေးဟူသည်ကား ရှစ်ပါးသော ပါရာဇိကတို့၏ဝတ္ထုကို မေးသော အမေးတည်း၊ နှစ်ဆယ့်သုံးပါးသော သံဃာဒိသိသ်တို့၏ ဝတ္ထုကို မေးသော အမေးတည်း၊ နှစ်ပါးသော အနိယတတို့၏ ဝတ္ထုကို မေးသော အမေးတည်း၊ လေးဆယ့်နှစ်ပါးသော နိဿဂ္ဂိတို့၏ ဝတ္ထုကို မေးသော အမေးတည်း၊ တရာ့ရှစ်ဆယ့်ရှစ်ပါးသော ပါစိတ်တို့၏ ဝတ္ထုကို မေးသော အမေးတည်း၊ တဆယ့်နှစ်ပါးသော ပါဋိဒေသနီတို့၏ ဝတ္ထုကို မေးသော အမေးတည်း၊ ဒုက္ကဋ်အာပတ်တို့၏ ဝတ္ထုကို မေးသော အမေးတည်း၊ ဒုဗ္ဘာသီ အာပတ်တို့၏ ဝတ္ထုကို မေးသော အမေးတည်း။

ပျက်စီးခြင်းကို မေးသော အမေးဟူသည်ကား သီလပျက်စီးခြင်းကို မေးသော အမေးတည်း၊ အကျင့်ပျက်စီးခြင်းကို မေးသော အမေးတည်း၊ အယူပျက်စီးခြင်းကို မေးသော အမေးတည်း၊ အသက်မွေးဝမ်းကျောင်း ပျက်စီးခြင်းကို မေးသော အမေးတည်း။

အာပတ်ကို မေးသော အမေးဟူသည်ကား ပါရာဇိကအာပတ်ကို မေးသော အမေးတည်း၊ သံဃာဒိသိသ် အာပတ်ကို မေးသော အမေးတည်း၊ ထုလ္လစ္စည်း အာပတ်ကို မေးသော အမေးတည်း၊ ပါစိတ်အာပတ်ကို မေးသောအမေးတည်း၊ ပါဋိဒေသနီအာပတ်ကို မေးသော အမေးတည်း၊ ဒုက္ကဋ် အာပတ်ကို မေးသော အမေးတည်း။ ဒုဗ္ဘာသီအာပတ်ကို မေးသော အမေးတည်း။

လွန်ကျူး၍ ကျင့်ခြင်းကို မေးသော အမေးဟူသည်ကား နှစ်ယောက် နှစ်ယောက်သော သူတို့ ရောက်အပ် (ကျင့်အပ်) သည်ကို မေးသော အမေးတည်း။

http://www.dhammadownload.com



၄၀၀။ သင်သည် အဘယ်သို့ မြင်သနည်း ဟူသော အမေးသည် အသွင်ကို မေးသော အမေးတည်း၊ ဣရိယာပုထ်ကို မေးသော အမေးတည်း၊ အခြင်းအရာကို မေးသော အမေးတည်း၊ ဖောက်လွဲဖောက်ပြန်ခြင်းကို မေးသော အမေးတည်း။

အသွင်ကို မေးသော အမေးဟူသည်ကား အရှည်ကိုသော်၎င်း အတိုကိုသော်၎င်း အမည်းကိုသော်၎င်း အဖြူကိုသော်၎င်း (မြင်သလော)။

ဣရိယာပုထ်ကို မေးသော အမေးဟူသည်ကား သွားသည်ကိုသော်၎င်း ရပ်သည်ကိုသော်၎င်း ထိုင်သည်ကိုသော်၎င်း လျောင်းသည်ကိုသော်၎င်း (မြင်သလော)။

အခြင်းအရာကို မေးသော အမေးဟူသည်ကား လူအသွင်၌သော်၎င်း တိတ္ထိအသွင်၌သော်၎င်း ရဟန်းအသွင်၌သော်၎င်း(မြင်သလော)။

ဖောက်လွဲဖောက်ပြန်ခြင်းကို မေးသော အမေးဟူသည်ကား သွားသည်ကိုသော်၎င်း ရပ်သည်ကိုသော်၎င်း ထိုင်သည်ကိုသော်၎င်း လျောင်းသည်ကိုသော်၎င်း(မြင်သလော)။

၄၀၁။ သင်သည် အဘယ်အခါ၌ မြင်သနည်း ဟူသည်ကား ကာလကို မေးသောအမေးတည်း၊ အခါကို မေးသော အမေးတည်း၊ နေ့ကို မေးသော အမေးတည်း၊ ဥတုကို မေးသော အမေးတည်း။

ကာလကို မေးသော အမေး ဟူသည်ကား နံနက်ကာလ၌သော်၎င်း မွန်းတည့် ကာလ၌သော်၎င်း ညချမ်းကာလ၌သော်၎င်း (မြင်သလော)။

အခါကို မေးသော အမေး ဟူသည်ကား နံနက်အခါ၌သော်၎င်း မွန်းတည့်အခါ၌သော်၎င်း ညချမ်းအခါ၌သော်၎င်း (မြင်သလော)။

နေ့ကို မေးသော အမေး ဟူသည်ကား နံနက်၌သော်၎င်း နေလွဲ၌သော်၎င်း ည၌သော်၎င်း နေ့၌ သော်၎င်း လဆုတ်၌သော်၎င်း လဆန်း၌သော်၎င်း (မြင်သလော)။

ဥတုကို မေးသော အမေး ဟူသည်ကား ဆောင်းဥတု၌သော်၎င်း နွေဥတု၌သော်၎င်း မိုးဥတု၌သော်၎င်း (မြင်သလော)။

၄၀၂။ သင်သည် အဘယ်အရပ်၌ မြင်သနည်းဟူသော အမေးသည် တည်ရာကို မေးသော အမေးတည်း၊ ဘုံကိုမေးသော အမေးတည်း၊ နေရာကို မေးသော အမေးတည်း၊ အရပ်ကို မေးသော အမေးတည်း။

တည်ရာကို မေးသော အမေးဟူသည်ကား ဘူမိ'မြေ'၌သော်၎င်း ပထဝီ'မြေ'၌သော်၎င်း ဓရဏီ'မြေ'၌သော်၎င်း ဇဂတိ'မြေ'၌သော်၎င်း (မြင်သလော)။

ဘုံကို မေးသော အမေးဟူသည်ကား ဘုံ၌သော်၎င်း မြေ၌သော်၎င်း တောင်၌သော်၎င်း ကျောက်၌သော်၎င်း ပြာသာဒ်၌သော်၎င်း (မြင်သလော)။

နေရာကို မေးသော အမေးဟူသည်ကား အရှေ့နေရာ၌သော်၎င်း အနောက်နေရာ၌သော်၎င်း မြောက်နေရာ၌သော်၎င်း တောင်နေရာ၌သော်၎င်း (မြင်သလော)။

အရပ်ကို မေးသော အမေးဟူသည်ကား အရှေ့အရပ်၌သော်၎င်း အနောက်အရပ်၌သော်၎င်း မြောက်အရပ်၌သော်၎င်း တောင်အရပ်၌သော်၎င်း (မြင်သလော)။

**မဟာသင်္ဂါမ ပြီး၏။**

http://www.dhammadownload.com



ထိုမဟာသင်္ဂါမ၏ အကျဉ်းချုပ်—

ဝတ္ထုကို(သိအပ်၏)၊ နိဒါန်းကို (သိအပ်၏)၊အာကာရကို (သိအပ်၏)၊ရှေ့နောက်စကားကို (သိအပ်၏)၊ ပြုအပ်သည် မပြုအပ်သည်ကို (သိအပ်၏)၊ ကံကို (သိအပ်၏)၊ အဓိကရုဏ်းကို (သိအပ်၏)၊ ငြိမ်းအေးကြောင်းကို (သိအပ်၏)၊ ဆန္ဒာဂတိသို့ လိုက်ခြင်းကို သိအပ်၏၊ ဒေါသာဂတိသို့ လိုက်ခြင်းကို (သိအပ်၏)၊ မောဟာဂတိသို့ လိုက်ခြင်းကို သိအပ်၏၊ ဘယာဂတိသို့ လိုက်ခြင်းကို(သိအပ်၏)၊ သိအပ်သည်ကို သိစေခြင်း ရှုအပ်သည်ကို ရှုစေခြင်း ငဲ့အပ်သည်ကို ငဲ့စေခြင်း ကြည်အပ်သည်ကို ကြည်စေခြင်း ရအပ်သော ပရိသတ်ရှိ၏၊ အကြားအမြင်များခြင်း မထေရ်ကြီးသည် ဖြစ်၏။

မရောက်သော အဓိကရုဏ်းကို မဆိုခြင်း၊ ရောက်သော အဓိကရုဏ်းကို တရားသဖြင့် မယုတ်စေခြင်း၊ တရားသဖြင့်၎င်း ဝိနည်းဖြင့်၎င်း မြတ်စွာဘုရား သာသနာတော်ဖြင့်၎င်း မယုတ်စေခြင်း။ ဤသည်ကား မဟာသင်္ဂါမကို သိစေတတ်သော ဂါထာတည်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com

# ကထိနခန္ဓက

## ၁-ကထိန်ခင်းခြင်းစသည်

၄၄၃။ အဘယ်ပုဂ္ဂိုလ်အား ကထိန်မခင်းအပ်သနည်း၊ အဘယ်ပုဂ္ဂိုလ်အား ကထိန်ခင်းအပ်သနည်း၊ အဘယ်သို့ ကထိန်မခင်းအပ်သနည်း၊ အဘယ်သို့ ကထိန်ခင်းအပ်သနည်း။

အဘယ်ပုဂ္ဂိုလ်အား ကထိန်မခင်းအပ်သနည်း ဟူသည်၌ နှစ်ပါးသော ပုဂ္ဂိုလ်တို့အား ကထိန်မခင်းအပ်။

(ကထိန်)မခင်းသော ပုဂ္ဂိုလ်အားရင်း၊ အနုမောဒနာ မပြုသော ပုဂ္ဂိုလ်အားရင်း၊ ဤနှစ်ပါးသော ပုဂ္ဂိုလ်တို့အား ကထိန်မခင်းအပ်။

အဘယ်ပုဂ္ဂိုလ်အား ကထိန်ခင်းအပ်သနည်း ဟူသည်၌ နှစ်ပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းအပ်၏။

(ကထိန်)ခင်းသော ပုဂ္ဂိုလ်အားရင်း အနုမောဒနာပြုသော ပုဂ္ဂိုလ်အားရင်း၊ ဤနှစ်ပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းအပ်၏။

အဘယ်သို့ ကထိန်မခင်းအပ်သနည်း ဟူသည်၌ နှစ်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ကထိန်ကို မခင်းအပ်။

(ရေးခြစ်ကာမျှ)အလျား အနံ ယူကာမျှဖြင့် ကထိန်မခင်းအပ်၊ ဖွပ်လျှော်ကာမျှဖြင့် ကထိန်မခင်းအပ်၊ သင်္ကန်းကို စိစစ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ဖြတ်(တိုင်း) ကာမျှဖြင့် ကထိန်မခင်းအပ်၊ ဖွဲ့ကာမျှ 'အပ်တည်းကာမျှ'ဖြင့် ကထိန်မခင်းအပ်၊ တဲစပ်ကြောင်းကို အစဉ်လိုက်သဖြင့် အလျားချုပ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ (မြောင်းငယ်)တလုပ်အုပ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ အလွှာ နှစ်လွှာကို စပ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ အလျား အနားပတ် တင်ကာမျှဖြင့် ကထိန်မခင်းအပ်၊ အနံ အနားပတ် တင်ကာမျှဖြင့် ကထိန်မခင်းအပ်၊ အပေါ်လွှာကို တင်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ဖြော့တော့သော အဆင်းဖြင့် ကထိန်မခင်းအပ်၊ နိမိတ်ပြုသော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ ပရိယာယ်ဆို၍ ဖြစ်စေအပ်သော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ အခိုက်အတန့်မျှ ငှါးသော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ ရောက်သော နေ့ပင် မချုပ်မပေးသော သင်္ကန်းဖြင့်(သိုမှီးခြင်း ပြုသော သင်္ကန်းဖြင့်)ကထိန် မခင်းအပ်၊ ညဉ့်ကို စွန့်သဖြင့် ကထိန်မခင်းအပ်၊ ကပ္ပဗိန္ဒုမထိုးသော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ ဒုကုဋ်ကို ထား၍ ကထိန်မခင်းအပ်၊ ကိုယ်ဝတ်ကိုထား၍ ကထိန်မခင်းအပ်၊ သင်းပိုင်ကိုထား၍ ကထိန်မခင်းအပ်၊ ထိုနေ့ပင် ကောင်းစွာ ဖြတ်အပ်သော အိမ်ငါးပါးရှိသည် အိမ်တို့နှင့် တကွ ဖြစ်သော ငါးခဏ်း ငါးခဏ်းထက် အလွန်ကို ထား၍ ကထိန်မခင်းအပ်၊ ပုဂ္ဂိုလ်၏ ကထိန်ခင်းခြင်းကို ကြဉ်၍ ကထိန် မခင်းအပ်၊ ကထိန်ကောင်းစွာ ခင်းအပ်သည် ဖြစ်၍ သိမ်ပ၌ တည်သော ရဟန်းသည် ဝမ်းမြောက်စေကာမူ (ထိုရဟန်းအတွက်)ကထိန်ခင်းခြင်း မဖြစ်။

နိမိတ်ပြုခြင်း မည်သည်ကား "ဤသင်္ကန်းဖြင့် ကထိန်ခင်းအံ့"ဟု နိမိတ်ပြု၏။

ပရိယာယ်စကား မည်သည်ကား "ဤပရိယာယ်စကားဖြင့် ကထိန်သင်္ကန်းကို ဖြစ်စေအံ့" ဟု ပရိယာယ်စကားကို ပြု၏။

http://www.dhammadownload.com



ငါးသည် မည်သည်ကား မတော်မလျော် ပေးခြင်းကို ဆိုအပ်၏။

သိုမှီးခြင်း မည်သည်ကား ထိုနေ့မချုပ်ပဲ ထား၍ သိုမှီးခြင်းငှင်း ယနေ့ကထိန်သင်္ကန်းရ၍ နောက်နေ့၌ သံဃာပေးသော (နိစယသန္နိဓိ) သိုမှီးခြင်းငှင်း။ ဤသို့ သိုမှီးခြင်းတို့သည် နှစ်ပါးတို့တည်း။

စွန့်ခြင်း မည်သည်ကား၊ (ချုပ်ဆိုးခြင်းကို)ပြုစဉ် အရုဏ် တက်၏။

ဤနှစ်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ကထိန်ကိုမခင်းအပ်။

အဘယ်သို့ ကထိန်ခင်းအပ်သနည်း ဟူသည်၌ တဆယ့်ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ကထိန်ခင်းအပ်၏။

သင်္ကန်းသစ်ဖြင့် ကထိန်ခင်းအပ်၏၊ အသစ်နှင့်တူသော မသုံးဆောင်သေးသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ သင်္ကန်းဟောင်းဖြင့် ကထိန်ခင်းအပ်၏၊ ပံသုကူ သင်္ကန်းဖြင့် ကထိန် ခင်းအပ်၏၊ အိမ်ဈေးတံခါး၌ ကျသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ နိမိတ်မပြုသော သင်္ကန်းဖြင့် ကထိန် ခင်းအပ်၏၊ ပရိယာယ်ဆို၍ မဖြစ်စေအပ်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ မငှါးသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ မသိုမှီးသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ (ချုပ်ဆိုးစဉ် ညဉ့်ကို)မစွန့်သဖြင့် ကထိန်ခင်းအပ်၏၊ ကပ္ပဗိန္ဒုထိုးသောသင်္ကန်းဖြင့် ကထိန်းခင်းအပ်၏၊ ဒုကုဋ်သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ကိုယ်တော်သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ သင်းပိုင်ဖြင့် ကထိန်ခင်းအပ်၏၊ ထိုနေ့ပင် ကောင်းစွာ ဖြတ်အပ်သောအိမ်ရှည်အိမ်တိုနှင့် တကွ ဖြစ်သော ငါးခဏ်းသင်္ကန်းဖြင့်ငှင်း ငါးခဏ်းထက် လွန်သော သင်္ကန်းဖြင့်ငှင်း ကထိန်ခင်းအပ်၏၊ ပုဂ္ဂိုလ်၏ ခင်းခြင်းဖြင့် ကထိန်ခင်းအပ်၏၊ ကထိန်ကောင်းစွာ ခင်းအပ်သည် ဖြစ်၍ သိမ်တွင်း၌ တည်သောရဟန်းက အနုမောဒနာပြုအံ့၊ ဤသို့လည်း ကထိန်ခင်းခြင်း ဖြစ်၏။

ဤတဆယ့်ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ကထိန်ကို ခင်းအပ်၏။

ကထိန်ခင်းသည်နှင့် တပြိုင်နက် အဘယ်မျှသော တရားတို့သည် ဖြစ်ကုန်သနည်း။

ကထိန်ခင်းသည်နှင့်တပြိုင်နက် တဆယ့်ငါးပါးသော တရားတို့သည် ဖြစ်ကုန်၏။

မာတိကာ ရှစ်ပါးတို့သည်ငှင်း၊ ပလိဗောဓ နှစ်ပါးတို့သည်ငှင်း အကျိုးအာနိသင် ငါးပါး တို့သည် ငှင်း ကထိန်ခင်းသည်နှင့်တပြိုင်နက် ဤတဆယ့်ငါးပါးသော တရားတို့သည် ဖြစ်ကုန်၏။

## ၂-ကထိန်၏ အနန္တရပစ္စည်းစသည်

၄၄၄။ လုံ့လပြုခြင်း'ပယောဂ'အား အဘယ်တရားတို့သည် အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း။

(သင်္ကန်း ဖွပ်လျှော်ခြင်း စသော)ပုဗ္ဗကရဏအား အဘယ်တရားတို့သည် အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း။ပ။

ပစ္စုဒ္ဓိရ်ပြုခြင်းအား အဘယ်တရားတို့သည်။ အဓိဋ္ဌာန်တင်ခြင်းအား အဘယ်တရားတို့သည်။ ကထိန်ခင်းခြင်းအား အဘယ်တရားတို့သည်။ မာတိကာတို့အားငှင်း ပလိဗောဓတို့အားငှင်း အဘယ်

http://www.dhammadownload.com



တရားတို့သည်။ ဝတ္ထု'သက်နီးလျှာပုဆိုး'အား အဘယ်တရားတို့သည် အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ ပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း၊ သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း။

ပုဗ္ဗကရဏသည် လုံ့လပြုခြင်း 'ပယောဂ'အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

လုံ့လပြုခြင်း 'ပယောဂ'သည် ပုဗ္ဗကရဏအား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

ပုဗ္ဗကရဏသည် ပယောဂအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏၊ တဆယ့်ငါးပါးသောတရားတို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

ပစ္စုဒ္ဓါရသည် ပုဗ္ဗကရဏအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ပုဗ္ဗကရဏသည် ပစ္စုဒ္ဓါရအား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

ပစ္စုဒ္ဓါရသည် ပုဗ္ဗကရဏအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

တဆယ့်ငါးပါးသော တရားတို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

အဓိဋ္ဌာန်သည် ပစ္စုဒ္ဓါရအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ပစ္စုဒ္ဓါရသည် အဓိဋ္ဌာန်အား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

အဓိဋ္ဌာန်သည် ပစ္စုဒ္ဓါရအား ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

တဆယ့်ငါးပါးသော တရားတို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

ကထိန်ခင်းခြင်းသည် အဓိဋ္ဌာန်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

အဓိဋ္ဌာန်သည် ကထိန်ခင်းခြင်းအား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

ကထိန်ခင်းခြင်းသည် အဓိဋ္ဌာန်အား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

တဆယ့်ငါးပါးသော တရားတို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

မာတိကာတို့သည်၎င်း ပလိဗောဓတို့သည်၎င်း ကထိန်ခင်းခြင်းအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

ကထိန်ခင်းခြင်းသည် မာတိကာတို့အား၎င်း ပလိဗောဓတို့အား၎င်း ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏၊ မာတိကာ သည်၎င်း ပလိဗောဓသည်၎င်း ကထိန်ခင်းခြင်းအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

တဆယ့်ငါးပါးသော တရားတို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

http://www.dhammadownload.com



သက်န်းရနိုးခြင်းသည်ရင်း သက်န်းမရနိုးခြင်းသည်ရင်း ဝတ္ထုအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဝတ္ထုသည် သက်န်းရနိုးခြင်းတို့အားရင်း သက်န်း မရနိုးခြင်းတို့အားရင်း ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

သက်န်းရနိုးခြင်းသည်ရင်း သက်န်းမရနိုးခြင်းသည်ရင်း ဝတ္ထုအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

တဆယ့်ငါးပါးသော တရားတို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

## ၃-ပုဗ္ဗကရဏနိဒါန်း စသည် ဝေဖန်ခြင်း

၄၀၅။ ပုဗ္ဗကရဏသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

ပစ္စုဒ္ဓိုရ်သည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ'ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

အဓိဋ္ဌာန်သည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန် ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

ကထိန်ခင်းခြင်းသည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင်ဖြစ်ကြောင်း'သမုဋ္ဌာန်'ရှိသနည်း။

မာတိကာသည်ရင်း ပလိဗောဓသည်ရင်း အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦရှိသနည်း၊ အဘယ်လျှင်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

သက်န်းရနိုးခြင်းသည်ရင်း သက်န်းမရနိုးခြင်းသည်ရင်း အဘယ်အကြောင်း 'နိဒါန်း' ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ'ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်လျှင်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

ပုဗ္ဗကရဏသည် လုံ့လပြုခြင်း'ပယောဂ'လျှင် အကြောင်း 'နိဒါန်း'ရှိ၏၊ လုံ့လပြုခြင်း'ပယောဂ' လျှင် ဖြစ်ကြောင်း 'သမုဒယ' ရှိ၏၊ လုံ့လပြုခြင်း 'ပယောဂ'လျှင် ဇာတ်ရှိ၏၊ လုံ့လပြုခြင်း 'ပယောဂ'လျှင် အမွန်ရှိ၏၊လုံ့လပြုခြင်း 'ပယောဂ'လျှင် အဆောက်အဦ ရှိ၏၊လုံ့လပြုခြင်း 'ပယောဂ' လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

http://www.dhammadownload.com



ပစ္စုဒ္ဓိုရ်သည် ပုဗ္ဗကရဏလျှင်အကြောင်း 'နိဒါန်း'ရှိ၏၊ ပုဗ္ဗကရဏလျှင် ဖြစ်ကြောင်း 'သမုဒယ' ရှိ၏၊ ပုဗ္ဗကရဏလျှင် ဇာတ်ရှိ၏၊ ပုဗ္ဗကရဏလျှင် အမွန်ရှိ၏၊ ပုဗ္ဗကရဏလျှင် အဆောက်အဦ ရှိ၏၊ ပုဗ္ဗကရဏလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

အဓိဋ္ဌာန်သည် ပစ္စုဒ္ဓိုရ်လျှင် အကြောင်း 'နိဒါန်း'ရှိ၏၊ ပစ္စုဒ္ဓိုရ်လျှင် ဖြစ်ကြောင်း 'သမုဒယ' ရှိ၏၊ ပစ္စုဒ္ဓိုရ်လျှင် ဇာတ်ရှိ၏၊ ပစ္စုဒ္ဓိုရ်လျှင် အမွန်ရှိ၏၊ ပစ္စုဒ္ဓိုရ်လျှင် အဆောက်အဦ ရှိ၏၊ ပစ္စုဒ္ဓိုရ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏။

ကထိန်ခင်းခြင်းသည် အဓိဋ္ဌာန်လျှင် အကြောင်း 'နိဒါန်း'ရှိ၏၊ အဓိဋ္ဌာန်လျှင် ဖြစ်ကြောင်း 'သမုဒယ'ရှိ၏၊ အဓိဋ္ဌာန်လျှင် ဇာတ်ရှိ၏၊ အဓိဋ္ဌာန်လျှင် အမွန်ရှိ၏၊ အဓိဋ္ဌာန်လျှင် အဆောက်အဦ ရှိ၏၊ အဓိဋ္ဌာန်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

မာတိကာတို့သည်၎င်း ပလိဗောဓတို့သည်၎င်း ကထိန်ခင်းခြင်းလျှင် အကြောင်း 'နိဒါန်း'ရှိကုန်၏၊ ကထိန်ခင်းခြင်းလျှင် ဖြစ်ကြောင်း 'သမုဒယ' ရှိကုန်၏၊ ကထိန်ခင်းခြင်းလျှင် ဇာတ်ရှိကုန်၏၊ ကထိန်ခင်းခြင်းလျှင် အမွန် ရှိကုန်၏၊ ကထိန်ခင်းခြင်းလျှင် အဆောက်အဦ ရှိကုန်၏၊ ကထိန်ခင်းခြင်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိကုန်၏။

သက်နံရနိုးခြင်းသည်၎င်း သက်နံမရနိုးခြင်းသည်၎င်း ဝတ္ထုလျှင်အကြောင်း 'နိဒါန်း'ရှိ၏၊ ဝတ္ထုလျှင်ဖြစ်ကြောင်း 'သမုဒယ'ရှိ၏၊ ဝတ္ထုလျှင် ဇာတ်ရှိ၏၊ ဝတ္ထုလျှင် အမွန်ရှိ၏၊ ဝတ္ထုလျှင် အဆောက်အဦ ရှိ၏၊ ဝတ္ထုလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏။

၄၀၆။ ပယောဂသည် အဘယ်အကြောင်း 'နိဒါန်း' ရှိသနည်း၊ အဘယ် အဖြစ်ကြောင်း 'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ်ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

ပုဗ္ဗကရဏသည် ။ပ။

ပစ္စုဒ္ဓိုရ်သည်။

အဓိဋ္ဌာန်သည်။

ကထိန်ခင်းခြင်းသည်။

မာတိကာတို့သည်၎င်း၊ ပလိဗောဓတို့သည်၎င်း။

ဝတ္ထုသည်။

သက်နံရနိုးခြင်းသည်၎င်း သက်နံပရနိုးခြင်းသည်၎င်း အဘယ်အကြောင်း 'နိဒါန်း' ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဒယ'ရှိသနည်း၊ အဘယ်ဇာတ် ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ် အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိသနည်း။

လုံ့လပြုခြင်း'ပယောဂ'သည် သက်နံ ခြောက်ထည်ဟူသော ဟိတ်လျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဒယ'ရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ်လျှင် အဆောက်အဦ ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်'ရှိ၏။

ပုဗ္ဗကရဏသည် ။ပ။

ပစ္စုဒ္ဓိုရ်သည်။ အဓိဋ္ဌာန်သည်။

http://www.dhammadownload.com



ကထိန်ခင်းခြင်းသည်။

မာတိကာတို့သည်၎င်း၊ ပလိဗောဓတို့သည်၎င်း။

ဝတ္ထုသည်။

သင်္ကန်းရနိုးခြင်းသည်၎င်း သင်္ကန်းမရနိုးခြင်းသည်၎င်း ဟိတ်လျှင် အကြောင်း 'နိဒါန်း'ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဒယ' ရှိ၏၊ ဟိတ်လျှင် ဇာတ်ရှိ၏၊ ဟိတ်လျှင် အမွန်ရှိ၏၊ ဟိတ်လျှင် အဆောက်အဦ ရှိ၏၊ ဟိတ်လျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

၄၀၇။ လုံ့လပြုခြင်း 'ပယောဂ'သည် အဘယ်အကြောင်း 'နိဒါန်း'ရှိသနည်း၊ အဘယ် ဖြစ်ကြောင်း'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ် ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ်အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

ပစ္စယကရဏသည်။ပ။

ပစ္စုဒ္ဓိုရ်သည်။

အဓိဋ္ဌာန်သည်။

ကထိန်ခင်းခြင်းသည်။

မာတိကာတို့သည်၎င်း၊ ပလိဗောဓတို့သည်၎င်း။

ဝတ္ထုသည်။

သင်္ကန်း ရနိုးခြင်းသည်၎င်း သင်္ကန်းမရနိုးခြင်းသည်၎င်း၊ အဘယ်အကြောင်း'နိဒါန်း'ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း'သမုဒယ' ရှိသနည်း၊ အဘယ်ဇာတ် ရှိသနည်း၊ အဘယ်အမွန်ရှိသနည်း၊ အဘယ် အဆောက်အဦ ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိသနည်း။

လုံ့လပြုခြင်း ပယောဂသည် သင်္ကန်း ခြောက်ထည်ဟူသော ပစ္စည်းလျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း'သမုဒယ'ရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏၊ ပစ္စည်းလျှင် အဆောက်အဦ ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

ပစ္စယကရဏသည်။ပ။

ပစ္စုဒ္ဓိုရ်သည်။

အဓိဋ္ဌာန်သည်။

ကထိန်ခင်းခြင်းသည်။

မာတိကာတို့သည်၎င်း၊ ပလိဗောဓတို့သည်၎င်း။

ဝတ္ထုသည်။

သင်္ကန်း ရနိုးခြင်းသည်၎င်း သင်္ကန်းမရနိုးခြင်းသည်၎င်း ပစ္စည်းလျှင် အကြောင်း'နိဒါန်း'ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဒယ'ရှိ၏၊ ပစ္စည်းလျှင် ဇာတ်ရှိ၏၊ ပစ္စည်းလျှင် အမွန်ရှိ၏၊ ပစ္စည်းလျှင် အဆောက်အဦ ရှိ၏၊ ပစ္စည်းလျှင် ဖြစ်ကြောင်း 'သမုဋ္ဌာန်' ရှိ၏။

၄၀၈။ ပစ္စယကရဏကို အဘယ်မျှသော တရားတို့ဖြင့် ရေတွက်အပ်သနည်း၊ ပစ္စယကရဏကို ခုနစ်ပါးသော တရားတို့ဖြင့် ရေတွက်အပ်၏။

http://www.dhammadownload.com



ဖွပ်လျှော်ခြင်းဖြင့်၊ စီရင်ခြင်းဖြင့်၊ ဖြတ်ခြင်းဖြင့်၊ ဖွဲ့ခြင်းဖြင့်၊ ချုပ်ခြင်းဖြင့်၊ ဆိုးခြင်းဖြင့်၊ ကပ္ပဗိန္ဒုထိုးခြင်းဖြင့်၊ ပုဗ္ဗကရဏကို ဤခုနစ်ပါးသော တရားတို့ဖြင့် ရေတွက်အပ်၏။

ပစ္စုဒ္ဓိရိုက်ကို အဘယ်မျှသော တရားတို့ဖြင့် ရေတွက်အပ်သနည်း။

ပစ္စုဒ္ဓိရိုက်ကို ဒုကုဋ္ဌသက်န်း ကိုယ်ဝတ်သက်န်း သင်းပိုင်ဟူသော သုံးပါးသော တရားတို့ဖြင့် ရေတွက်အပ်၏။

အဓိဋ္ဌာန်ကို အဘယ်မျှသော တရားတို့ဖြင့် ရေတွက်အပ်သနည်း။

အဓိဋ္ဌာန်ကို ဒုကုဋ္ဌသက်န်း ကိုယ်ဝတ်သက်န်း သင်းပိုင်ဟူသော သုံးပါးသော တရားတို့ဖြင့် ရေတွက်အပ်၏။

ကထိန်ခင်းခြင်းကို အဘယ်မျှသော တရားတို့ဖြင့် ရေတွက်အပ်သနည်း၊ ကထိန်ခင်းခြင်းကို နှုတ်မြွက်ခြင်းဟု ဆိုအပ်သော တပါးသော တရားဖြင့် ရေတွက်အပ်၏။

ကထိန်၏ အရင်း'မူလ'တို့သည် အဘယ်မျှတို့နည်း၊ ဝတ္ထုတို့သည် အဘယ်မျှတို့နည်း၊ ဘုံတို့သည် အဘယ်မျှတို့နည်း။

ကထိန်၏ အရင်း'မူလ'သည် သံဃာဟူသော တပါးသာတည်း။

ဝတ္ထုတို့သည် သုံးပါးတို့တည်း၊ ဒုကုဋ္ဌသက်န်း ကိုယ်ဝတ်သက်န်း သင်းပိုင်သက်န်းတို့တည်း။

ဘုံတို့သည် ခြောက်ပါးတို့တည်း၊ ခေါမသက်န်း ဝါချည်သက်န်း ပိုးချည်သက်န်း သိုးမွေးစသည်ဖြင့် ယက်သောသက်န်း 'သားမွေးသက်န်း' ပိုက်ဆံလျှော်သက်န်း ဘန်ချည်သက်န်းတို့တည်း။

ကထိန်၏အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

ကထိန်၏အစသည် ရှေးဦးစွာ ပြုခြင်း'ပုဗ္ဗကရဏ'တည်း၊ အလယ်သည် ပစ္စုဒ္ဓိရိုက်အဓိဋ္ဌာန်ပြုခြင်းတည်း၊ အဆုံးသည် ကထိန်ခင်းခြင်းတည်း။

၄၀၉။ အဘယ်မျှလောက်သော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ မထိုက်သနည်း။ အဘယ်မျှလောက်သော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ ထိုက်သနည်း။

ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ မထိုက်၊ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ ထိုက်၏။

အဘယ်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ မထိုက်သနည်း။

ရှေးဦးစွာပြုခြင်း'ပုဗ္ဗကရဏ'ကို မသိ၊ ပစ္စုဒ္ဓိရိုက်ကို မသိ၊ အဓိဋ္ဌာန်ကို မသိ၊ ကထိန်ခင်းခြင်းကို မသိ၊ မာတိကာကို မသိ၊ ပလိဗောဓကို မသိ၊ ကထိန် နုတ်ခြင်းကို မသိ၊ အကျိုးအာနိသင်ကို မသိ။ ဤရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ မထိုက်။

အဘယ်ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ ထိုက်သနည်း။

ရှေးဦးစွာပြုခြင်း 'ပုဗ္ဗကရဏ'ကို သိ၏၊ ပစ္စုဒ္ဓိရိုက်ကို သိ၏၊ အဓိဋ္ဌာန်ကို သိ၏၊ ကထိန်ခင်းခြင်းကို သိ၏၊ မာတိကာကို သိ၏၊ ပလိဗောဓကို သိ၏၊ ကထိန်နုတ်ခြင်းကို သိ၏၊ အကျိုးအာနိသင်ကို သိ၏။ ဤရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ ထိုက်၏။

http://www.dhammadownload.com



၄၁၀။ အဘယ်မျှသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်သနည်း။

သုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်၊ သုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

အဘယ်သုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်သနည်း။

သိမ်ပ၌ တည်လျက် အနုမောဒနာပြု၏၊ အနုမောဒနာပြုသည် ရှိသော် နှုတ်မမြွက်၊ နှုတ်မြွက်သည်ရှိသော် သူတပါးကို မကြားမသိစေ။

ဤသုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။

အဘယ် သုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်သနည်း။

သိမ်အတွင်း၌ တည်လျက် အနုမောဒနာပြု၏၊ အနုမောဒနာ ပြုသည်ရှိသော် နှုတ်မြွက်၏၊ နှုတ်မြွက်သည်ရှိသော် သူတပါးကို ကြားသိစေ၏။

ဤသုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

၄၁၁။ အဘယ်မျှသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်သနည်း၊ အဘယ်မျှသော ကထိန်ခင်းခြင်းတို့ သည် ရောက်ကုန်သနည်း။

သုံးပါးသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။ သုံးပါးသော ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

အဘယ်သုံးပါးသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်သနည်း။

ကထိန်သင်္ကန်းလည်း ပျက်၏၊ ကာလလည်း ပျက်၏၊ အပြုလည်း ပျက်၏။

ဤသုံးပါးသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။

အဘယ်သုံးပါးသော ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်သနည်း။

ကထိန်သင်္ကန်းလည်း ပြည့်စုံ၏၊ ကာလလည်း ပြည့်စုံ၏၊ အပြုလည်း ပြည့်စုံ၏။

ဤသုံးပါးသော ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

## ၄-ကထိန်စသည် သိအပ်ပုံကို ဝေဖန်ခြင်း

၄၁၂။ ကထိန်ကို သိအပ်၏၊ ကထိန်ခင်းခြင်းကို သိအပ်၏၊ ကထိန်၏ ခင်းရသော ကာလကို သိအပ်၏၊ ကထိန်ခင်း ပျက်ခြင်းကို သိအပ်၏၊ ကထိန်ခင်းပြည့်စုံခြင်းကို သိအပ်၏၊ နိမိတ်ပြုခြင်းကို သိအပ်၏၊ ပရိယာယ်ဆိုခြင်းကို သိအပ်၏၊ ငှါးသည်ကို သိအပ်၏၊ သိုမှီးခြင်းကို သိအပ်၏၊ စွန့်ခြင်းကို သိအပ်၏။

**ကထိန်ကို သိအပ်၏** ဟူသည်ကား ထို (အဆင်းစသော) တရားတို့ကိုသာ ပေါင်းခြင်းတည်း၊ ရောနှောခြင်းတည်း၊ ကထိန်ဟူသောအမည်သည် ထို(အဆင်းစသော တရားတို့၏သာ)အမည်တည်း၊ အမည်မှည့်ခြင်းတည်း၊ အမည်ထားခြင်းတည်း၊ မာဂဓဘာသာတည်း၊ အနက်ကို ပြတတ်သော သဒ္ဒါတည်း၊ ဝေါဟာရ ပညတ်စကားတည်း။

http://www.dhammadownload.com



**ကထိန်၏ ခင်းရာသော လကို သိအပ်၏** ဟူသည်ကား မိုးလ၏ နောက်ဆုံး ဖြစ်သော လကို သိအပ်၏။

**ကထိန်ခင်း ပျက်ခြင်းကို သိအပ်၏** ဟူသည်ကား နှစ်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ကထိန်ခင်း ပျက်ခြင်းကို သိအပ်၏။

**ကထိန်ခင်း ပြည့်စုံခြင်းကို သိအပ်၏** ဟူသည်ကား တဆယ့်ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ကထိန်ခင်း ပြည့်စုံခြင်းကို သိအပ်၏။

**နိမိတ်ပြုခြင်းကို သိအပ်၏** ဟူသည်ကား "ဤသင်္ကန်းဖြင့် ကထိန်ခင်းအံ့" ဟု နိမိတ်ကို ပြု၏။

**ပရိယာယ် ဆိုခြင်းကို သိအပ်၏** ဟူသည်ကား "ဤပရိယာယ် ဆိုခြင်းဖြင့် ကထိန်သင်္ကန်းကို ဖြစ်စေအံ့" ဟု ပရိယာယ်စကားကို ပြု၏။

**ငှါးသည်ကို သိအပ်၏** ဟူသည်ကား မတော်မလျော်ပေးခြင်းကို သိအပ်၏။

**သိုမှီးခြင်းကို သိအပ်၏** ဟူသည်ကား ထိုနေ့မချုပ်ပဲ ထား၍ သိုမှီးခြင်းငှင်း၊ ယနေ့ ကထိန်သင်္ကန်းရ၍ နောက်နေ့၌ သံဃာပေးသော (နိစယသန္နိဓိ)သိုမှီးခြင်းငှင်း၊ ဤသို့ နှစ်ပါးသော သိုမှီးခြင်းတို့ကို သိအပ်ကုန်၏။

**စွန့်ခြင်းကို သိအပ်၏** ဟူသည်ကား ချုပ်ဆိုးခြင်းကို ပြုစဉ် အရုဏ်တက်၏။

**ကထိန်ခင်းခြင်းကို သိအပ်၏** ဟူသည်ကား သံဃာအား ကထိန်သင်္ကန်းဖြစ်မူ သံဃာသည် အဘယ်သို့ ကျင့်အပ်သနည်း၊ ကထိန်ခင်းသော ပုဂ္ဂိုလ်သည် အဘယ်သို့ ကျင့်အပ်သနည်း၊ အနုမောဒနာ ပြုသော ပုဂ္ဂိုလ်သည် အဘယ်သို့ ကျင့်အပ်သနည်း။

၄၁၃။ သံဃာသည် ဉတ္တိဒုတိယကံဖြင့် ကထိန်ခင်းသော ရဟန်းအား ပေးအပ်၏၊ ထိုကထိန်ခင်းတတ်သော ရဟန်းသည် ထို(သင်္ကန်း)ရသောနေ့၌ပင် ဖွပ်လျှော်၍ ပွတ်သပ်၍ စိစစ်၍ ဖြတ်၍ ချုပ်၍ ဆိုး၍ ကပ္ပဗိန္ဒုထိုး၍ ကထိန်ကို ခင်းအပ်၏။

ဒုကုဋ် သင်္ကန်းဖြင့် ကထိန်ကို ခင်းခြင်းငှါ အလိုရှိမူ ဒုကုဋ် သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ် ပြုအပ်၏၊ ဒုကုဋ် သင်္ကန်းသစ်ကို အဓိဋ္ဌာန်တင်အပ်၏၊ "ဤဒုကုဋ်သင်္ကန်းဖြင့် ကထိန်ကို ခင်းပါ၏" ဟု နှုတ်မြွက်အပ်၏။

ကိုယ်ဝတ်သင်္ကန်းဖြင့် ကထိန်ကို ခင်းခြင်းငှါ အလိုရှိမူ ကိုယ်ဝတ်သင်္ကန်း 'ကေသီ'ဟောင်းကို ပစ္စုဒ္ဓိုရ် ပြုအပ်၏။

ကိုယ်ဝတ် သင်္ကန်း 'ကေသီ'သစ်ကို အဓိဋ္ဌာန်တင်အပ်၏၊ "ဤကိုယ်ဝတ် သင်္ကန်း 'ကေသီ'ဖြင့် ကထိန်ကို ခင်းပါ၏" ဟု နှုတ်မြွက်ဆိုအပ်၏။

သင်းပိုင်ဖြင့် ကထိန်ခင်းခြင်းငှါ အလိုရှိမူ သင်းပိုင်ဟောင်းကို ပစ္စုဒ္ဓိုရ် ပြုအပ်၏၊ သင်းပိုင်သစ်ကို အဓိဋ္ဌာန်တင်အပ်၏၊ "ဤသင်းပိုင်ဖြင့် ကထိန်ကို ခင်းပါ၏" ဟု နှုတ်မြွက်အပ်၏။

ထိုကထိန်ခင်းသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် အရှိအသေပြုကာ—

"အသျှင်ဘုရားတို့ သံဃာသည် ကထိန်ကို ခင်းအပ်ပါ၏၊ ကထိန်ခင်းခြင်းသည် တရားနှင့် လျော်ပါ၏၊ အနုမောဒနာပြုပါကုန်လော့"ဟု ဆိုရာ၏။

http://www.dhammadownload.com



အနုမောဒနာ ပြုသော ထိုရဟန်းတို့သည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ အရှိအသေပြုကာ—

"ငါ့သျှင်တို့ သံဃာသည် ကထိန်ကို ခင်းအပ်ပြီ၊ ကထိန်ခင်းခြင်းသည် တရားနှင့် လျော်၏၊ (ငါတို့သည်)အနုမောဒနာ ပြုပါကုန်၏"ဟု ဆိုရာ၏။

ထိုကထိန်ခင်းသော ရဟန်းသည် များစွာသော ရဟန်းတို့သို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် အရှိအသေပြုကာ—

"အသျှင်ဘုရားတို့ သံဃာသည် ကထိန်ကို ခင်းအပ်ပါ၏၊ ကထိန်ခင်းခြင်းသည် တရားနှင့် လျော်ပါ၏၊ အသျှင်ဘုရားတို့သည် အနုမောဒနာ ပြုကြပါကုန်လော့" ဟု ဆိုရာ၏။

အနုမောဒနာပြုသော ထိုရဟန်းတို့သည် လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် အရှိအသေပြုကာ—

"ငါ့သျှင်တို့ သံဃာသည် ကထိန်ကို ခင်းအပ်ပြီ၊ ကထိန်ခင်းခြင်းသည် တရားနှင့် လျော်၏၊ (ငါတို့သည်)ဝမ်းမြောက်ပါကုန်၏"ဟု ဆိုရာ၏။

ထိုကထိန်ခင်းသော ရဟန်းသည် တပါးသော ရဟန်းသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် အရှိအသေပြုကာ—

"ငါ့သျှင် သံဃာသည် ကထိန်ကို ခင်းအပ်ပြီ၊ ကထိန်ခင်းခြင်းသည် တရားနှင့် လျော်၏၊ (သင်သည်)အနုမောဒနာ ပြုလော့"ဟု ဆိုရာ၏။

ထိုအနုမောဒနာပြုသော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် အရှိအသေပြုကာ—

"ငါ့သျှင် သံဃာသည် ကထိန်ကို ခင်းအပ်ပြီ၊ ကထိန်ခင်းခြင်းသည် တရားနှင့် လျော်၏၊ (ငါသည်)ဝမ်းမြောက်ပါ၏"ဟု ဆိုရာ၏။

## ၅-ပုဂ္ဂိုလ်၏သာလျှင် ကထိန်ခင်းခြင်း

၄၁၄။ သံဃာသည် ကထိန်ကို ခင်းသလော၊ ဂိုဏ်းသည် ကထိန်ကို ခင်းသလော၊ ပုဂ္ဂိုလ်သည် ကထိန်ကို ခင်းသလော။

သံဃာသည် ကထိန်ကို မခင်း၊ ဂိုဏ်းသည် ကထိန်ကို မခင်း၊ ပုဂ္ဂိုလ်သည် ကထိန်ကို ခင်း၏။

သံဃာနှင့် ဂိုဏ်းက ကထိန်ကို မခင်းပဲ ပုဂ္ဂိုလ်ကသာ ကထိန်ကိုခင်းမူ ကထိန်သည် သံဃာနှင့် ဂိုဏ်းက ခင်းအပ်သည် မဟုတ်ပဲ ပုဂ္ဂိုလ်ကသာ ခင်းအပ်သည် ဖြစ်ခဲ့၏။

သံဃာသည် ပါတိမောက်ကို ပြသလော၊ ဂိုဏ်းသည် ပါတိမောက်ကို ပြသလော၊ ပုဂ္ဂိုလ်သည် ပါတိမောက်ကို ပြသလော။

သံဃာသည် ပါတိမောက်ကို မပြ၊ ဂိုဏ်းသည် ပါတိမောက်ကို မပြ၊ ပုဂ္ဂိုလ်သည် ပါတိမောက်ကို ပြ၏။

သံဃာနှင့် ဂိုဏ်းက ပါတိမောက်ကို မပြပဲ ပုဂ္ဂိုလ်ကသာ ပါတိမောက်ကိုပြမူ ပါတိမောက်သည် သံဃာနှင့် ဂိုဏ်းက ပြအပ်သည် မဟုတ်ပဲ ပုဂ္ဂိုလ်ကသာ ပြအပ်သည် ဖြစ်ခဲ့၏၊ သံဃာ၏ ညီညွတ်ခြင်း

http://www.dhammadownload.com



ဖြင့် ဂိုဏ်း၏ ညီညွတ်ခြင်းဖြင့် ပုဂ္ဂိုလ်၏ ပြုခြင်းကြောင့် ပါတိမောက်သည် သံဃာက ပြအပ်သည် ဖြစ်၏၊ ဂိုဏ်းက ပြအပ်သည်ဖြစ်၏၊ ပုဂ္ဂိုလ်က ပြအပ်သည် ဖြစ်၏၊ ဤအတူသာလျှင် သံဃာသည် ကထိန်ကို မခင်း၊ ဂိုဏ်းသည် ကထိန်ကို မခင်း၊ ပုဂ္ဂိုလ်သည် ကထိန်ကို ခင်း၏၊ သံဃာ၏ ဝမ်းမြောက်ခြင်းဖြင့် ဂိုဏ်း၏ ဝမ်းမြောက်ခြင်းဖြင့် ပုဂ္ဂိုလ်၏ ခင်းခြင်းကြောင့် ကထိန်ကို သံဃာက ခင်းအပ်သည် ဖြစ်၏၊ ဂိုဏ်းက ခင်းအပ်သည် ဖြစ်၏။ ပုဂ္ဂိုလ်က ခင်းအပ်သည် ဖြစ်၏။

## ၆-ပလိဗောဓ အမေးအဖြေ

၄၁၅။ ဖဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ အမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ် ပလိဗောဓသည် ရှေးဦးစွာ ပြတ်သနည်း။

ဖဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကို ငါသည် သင့်အား ဖြေအံ့၊ စီဝရပလိဗောဓသည် ရှေးဦးစွာ ပြတ်၏၊ ထိုဖဲသွားခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း၏ သိမ်ပသို့ ရောက်သည်နှင့် တကွ အာဝါသ ပလိဗောဓသည် ပြတ်၏။ (၁)၊

ပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ်ပလိဗောဓသည် ရှေးဦးစွာ ပြတ်သနည်း။

ပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား ဖြေအံ့၊ အာဝါသပလိဗောဓသည် ရှေးဦးစွာ ပြတ်၏၊ သင်္ကန်းသည် ပြီးသည်ရှိသော် စီဝရပလိဗောဓသည် ပြတ်၏။ (၂)

ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ်ပလိဗောဓသည် ရှေးဦးစွာ ပြတ်သနည်း။

ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား ဖြေအံ့၊ နှစ်ပါးသော ပလိဗောဓတို့သည် မရှေးမနှောင်း ပြတ်ကုန်၏။ (၃)

ပျောက်ပျက်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ်ပလိဗောဓသည် ရှေးဦးစွာ ပြတ်သနည်း။

ပျောက်ပျက်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား ဖြေအံ့၊ အာဝါသပလိဗောဓသည် ရှေးဦးစွာ ပြတ်၏၊ သင်္ကန်း ပျောက်ပျက်သည်ရှိသော် စီဝရ ပလိဗောဓသည် ပြတ်၏။ (၄)

http://www.dhammadownload.com



ကြွားခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ်ပလိဗောဓသည် ရှေးဦးစွာ ပြတ်သနည်း။

ကြွားခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား ဖြေအံ့၊ စီဝရပလိဗောဓသည် ရှေးဦးစွာ ပြတ်၏၊ ထိုကြွားခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း၏ ကြွားခြင်းနှင့်တကွ အာဝါသပလိဗောဓသည် ပြတ်၏။ (၅)

အာသာပြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ်ပလိဗောဓသည် ရှေးဦးစွာ ပြတ်သနည်း။

အာသာပြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား ဖြေအံ့၊ အာဝါသပလိဗောဓသည် ရှေးဦးစွာ ပြတ်၏၊ သင်္ကန်းရနိုးခြင်းသည် ပြတ်သည်ရှိသော် စီဝရပလိဗောဓသည် ပြတ်၏။ (၆)

အပိုင်းအခြားကို လွန်ခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ်ပလိဗောဓသည် ရှေးဦးစွာ ပြတ်သနည်း။

အပိုင်းအခြားကို လွန်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား ဖြေအံ့၊ စီဝရပလိဗောဓသည် ရှေးဦးစွာ ပြတ်၏၊ ထိုအပိုင်းအခြားကို လွန်ခြင်းရှိသော ကထိန်နုတ်ခြင်း၏ အပိုင်းအခြား၌ အာဝါသပလိဗောဓသည် ပြတ်၏။ (၇)

ရဟန်းတို့နှင့် အတူ နုတ်ခြင်းရှိသော (သဥဗ္ဘာရ)ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား မေးအံ့၊ အဘယ် ကြောင့်ကြခြင်း 'ပလိဗောဓ'သည် ရှေးဦးစွာ ပြတ်သနည်း။

ရဟန်းတို့နှင့် အတူ နုတ်ခြင်းရှိသော (သဥဗ္ဘာရ)ကထိန်နုတ်ခြင်းကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤအမေးကိုလည်း ငါသည် သင့်အား ဖြေအံ့၊ နှစ်ပါးသော ကြောင့်ကြခြင်း 'ပလိဗောဓ'တို့သည် မရှေးမနှောင်း ပြတ်ကုန်၏။ (၈)

၄၁၆။ အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့သည် သံဃာနှင့် စပ်ကုန်သနည်း။ အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့သည် ပုဂ္ဂိုလ်နှင့် စပ်ကုန်သနည်း။ အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့သည် သံဃာနှင့် မစပ်ကုန်သနည်း၊ ပုဂ္ဂိုလ်နှင့် မစပ်ကုန်သနည်း။

အန္တရုဗ္ဘာရဟု ဆိုအပ်သော တပါးသော ကထိန်နုတ်ခြင်းသည် သံဃာနှင့် စပ်၏။

ဖဲသွားခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း ပြီးဆုံးခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း အပိုင်းအခြားကို လွန်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းဟူသော လေးပါးသော ကထိန်နုတ်ခြင်းတို့သည် ပုဂ္ဂိုလ်နှင့်စပ်ကုန်၏။

http://www.dhammadownload.com



ပျောက်ပျက်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း ကြားခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း အာသာပြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း ရဟန်းတို့နှင့် အတူ နုတ်ခြင်းရှိသော ကထိန်နုတ်ခြင်း ဟူသော လေးပါးသော ကထိန်နုတ်ခြင်းတို့သည် သံဃာနှင့် မစပ်ကုန်၊ ပုဂ္ဂိုလ်နှင့် မစပ်ကုန်။

အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့ကို သိမ်အတွင်း၌ နုတ်အပ်ကုန်သနည်း။ အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့ကို သိမ်ပ၌ နုတ်အပ်ကုန်သနည်း။

အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့ကို ရံခါ သိမ်အတွင်း၌ နုတ်အပ်ကုန်သနည်း။ အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့ကို ရံခါ သိမ်ပ၌ နုတ်အပ်ကုန်သနည်း။

အကြား၌ အားထုတ်၍ ကထိန်နုတ်ခြင်း 'အန္တရုဗ္ဘာရ'ငှင်း ရဟန်းတို့နှင့် အတူ နုတ်ခြင်းရှိသော ကထိန်နုတ်ခြင်းဟူသော နှစ်ပါးသော ကထိန် နုတ်ခြင်းတို့ကို သိမ်အတွင်း၌ နုတ်အပ်ကုန်၏။

ဖဲသွားခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း ကြားခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း သိမ်ကို လွန်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းဟူသော သုံးပါးသော ကထိန်နုတ်ခြင်းတို့ကို သိမ်ပ၌ နုတ်အပ်ကုန်၏။

ပြီးဆုံးခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း ပျောက်ပျက်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း အာသာပြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းဟူသော လေးပါးသော ကထိန်နုတ်ခြင်းတို့ကို ရံခါ သိမ်တွင်း၌ နုတ်အပ်ကုန်၏။ ရံခါ သိမ်ပ၌ နုတ်အပ်ကုန်၏။ အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့သည် (ကထိန်ခင်းသည်နှင့်) တကွနက်ဖြစ်ကုန်သနည်း၊ တကွနက်ချုပ်ကုန်သနည်း။ အဘယ်မျှလောက်သော ကထိန်နုတ်ခြင်းတို့သည် တကွနက်ဖြစ်ကုန်သနည်း၊ အထူးထူး ချုပ်ကုန်သနည်း။

အကြား၌ အားထုတ်၍ ကထိန်နုတ်ခြင်း 'အန္တရုဗ္ဘာရ'ရဟန်းတို့နှင့် အတူ နုတ်ခြင်းရှိသော ကထိန်နုတ်ခြင်းဟူသော နှစ်ပါးသော ကထိန်နုတ်ခြင်းတို့သည် တကွနက်ဖြစ်ကုန်၏၊ တကွနက်ချုပ်ကုန်၏၊ ကြွင်းကျန်သော ကထိန်နုတ်ခြင်းတို့သည် တကွနက် ဖြစ်ကုန်၏၊ အထူးထူးချုပ်ကုန်၏။

## ကထိနဘေဒ ပြီး၏။

ထိုကထိနဘေဒ၏ အကျဉ်းချုပ်—

အဘယ်ပုဂ္ဂိုလ်အားဟူသော အမေး၊ အဘယ်သို့ ဟူသော အမေး၊ တဆယ့်ငါးပါး တရားအမေး၊ နိဒါန်း အမေး၊ ဟိတ်အမေး၊ ပစ္စည်းအမေး၊ ရေတွက်ခြင်းအမေး၊ အရင်းမူလအမေး၊ အစအမေး၊ ခင်းထိုက် မခင်းထိုက်သော ပုဂ္ဂိုလ်။

အပြားအားဖြင့် ပုဂ္ဂိုလ်သုံးယောက် သုံးယောက်တို့ကို သိအပ်၏၊ ကထိန်ခင်းခြင်း၊ ပါတိမောက် ပြခြင်း၊ ကြောင့်ကြခြင်း၊ သံဃာမိန 'သံဃာနှင့် စပ် မစပ်'၊ သိမ်တွင်း သိမ်ပ ဖြစ်ခြင်း ချုပ်ခြင်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com

# ဥပါလိ ပဉ္စက

## ၁-အနိဿိတဝဂ်

၄၁၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူသော အခါ အသျှင် ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ကာ—

"အသျှင်ဘုရား အဘယ် အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ မနေအပ်ပါသနည်း"ဟု လျှောက်၏။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ မနေအပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဥပုသ်ကို မသိ၊ ဥပုသ်ကံကို မသိ၊ ပါတိမောက်ကို မသိ၊ပါတိမောက် ပြခြင်းကို မသိ၊ ငါးဝါမပြည့်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ မနေအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ နေအပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဥပုသ်ကိုသိ၏၊ ဥပုသ်ကံကိုသိ၏၊ ပါတိမောက်ကိုသိ၏၊ ပါတိမောက် ပြခြင်းကို သိ၏၊ ငါးဝါ ငါးဝါထက် အလွန်ရှိ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ နေအပ်၏၊

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အသက်ထက်ဆုံး အမှီဆရာမရှိပဲ မနေအပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ပဝါရဏာကိုမသိ၊ ပဝါရဏာကံကိုမသိ၊ ပါတိမောက်ကိုမသိ၊ ပါတိမောက်ပြခြင်းကို မသိ၊ ငါးဝါမပြည့်။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ မနေအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ နေအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

ပဝါရဏာကို သိ၏၊ ပဝါရဏာကံကို သိ၏၊ ပါတိမောက်ကို သိ၏၊ ပါတိမောက်ပြခြင်းကို သိ၏၊ ငါးဝါ ငါးဝါထက် အလွန်ရှိ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ နေအပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အသက်ထက်ဆုံး အမှီဆရာမရှိပဲ မနေအပ်။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

အာပတ်ဟုတ်သည်၊ အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သောအာပတ် လေးသော အာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရှုန့်ရင်းကြမ်းတမ်းသော အာပတ်

http://www.dhammadownload.com



မရှုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မသိ၊ ငါးဝါမပြည့်။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ မနေအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ နေအပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အာပတ် ဟုတ်သည် မဟုတ်သည်ကို သိ၏၊ ပေါ့သောအာပတ် လေးသောအာပတ်ကို သိ၏၊ အကြွင်းရှိသောအာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို သိ၏။ ငါးဝါ ငါးဝါထက် အလွန်ရှိ၏။ ဥပါလိ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီဆရာမရှိပဲ နေအပ်၏ ဟု (မိန့်တော်မူ၏)။

၄၁၈။ အသျှင်ဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်း ခံမပေးအပ်ပါသနည်း၊ နိဿရည်းကို မပေးအပ်ပါသနည်း၊ သာမဏေကို မလုပ်ကျွေးစေအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံမပေးအပ်၊ နိဿရည်း မပေးအပ်၊ သာမဏေကို မလုပ်ကျွေးစေအပ်။

အဘယ် အင်္ဂါငါးပါးတို့နှင့်နည်း။

အနီးနေတပည့်ကိုရင်း အတူနေတပည့်ကိုရင်း ဖျားနာသည်ကို မိမိလုပ်ကျွေးခြင်းငှါရင်း သူတပါး ကို လုပ်ကျွေးစေခြင်းငှါရင်း မစွမ်းနိုင်။

မမွေ့လျော်ခြင်းကို ငြိမ်းခြင်းငှါရင်း ငြိမ်းစေခြင်းငှါရင်း မစွမ်းနိုင်။

ဖြစ်ပေါ်လာသော တွေးတောမှု 'သံသယကုက္ကုစ္စ'ကို တရားတော်ဖြင့် ပယ်ဖျောက်ခြင်းငှါရင်း ပယ်ဖျောက်စေခြင်းငှါရင်း မစွမ်းနိုင်။

အဘိဓမ္မာ၌ ဆုံးမခြင်းငှါ မစွမ်းနိုင်၊ ဝိနည်း 'အဘိဝိနယ'၌ ဆုံးမခြင်းငှါ မစွမ်းနိုင်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံမပေးအပ်၊ နိဿရည်း မပေးအပ်၊ သာမဏေကို မလုပ်ကျွေးစေအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအပ်၏၊နိဿရည်း ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

ဖျားနာသော အနီးနေ တပည့်ကိုရင်း၊ အတူနေ တပည့်ကိုရင်း၊ လုပ်ကျွေးခြင်းငှါရင်း၊လုပ်ကျွေး စေခြင်းငှါရင်း စွမ်းနိုင်၏။

မမွေ့လျော်ခြင်းကို ငြိမ်းခြင်းငှါရင်း ငြိမ်းစေခြင်းငှါရင်း စွမ်းနိုင်၏။

ဖြစ်ပေါ်လာသော တွေးတောမှု 'သံသယကုက္ကုစ္စ'ကို တရားတော်ဖြင့် ပယ်ဖျောက်ခြင်းငှါရင်း ပယ်ဖျောက်စေခြင်းငှါရင်း စွမ်းနိုင်၏။

အဘိဓမ္မာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏။ ဝိနည်း 'အဘိဝိနယ'၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအပ်၏၊ နိဿရည်း ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။

http://www.dhammadownload.com



ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံမပေးအပ်၊ မှီရာနိဿရည်းကို မပေးအပ်၊ သာမဏေကို မလုပ်ကျွေးစေအပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အနီးနေတပည့်ကိုရင်း အတူနေ တပည့်ကိုရင်း ထူးမြတ်သော အကျင့် 'ခန္ဓကဝတ်'ဖြစ်သော အကျင့် 'သိက္ခာ'၌ သင်စေခြင်းငှါ မစွမ်းနိုင်။

မဂ်ဟူသော အကျင့်၏အစ 'အာဒိဗြဟ္မစရိယက' ဖြစ်သော အကျင့် 'သိက္ခာ'၌ ဆုံးမခြင်းငှါ မစွမ်းနိုင်။

လွန်ကဲသောသီလ'အဓိသီလ'၌ ဆုံးမခြင်းငှါ မစွမ်းနိုင်။

လွန်ကဲသောစိတ်'အဓိစိတ္တ'၌ ဆုံးမခြင်းငှါ မစွမ်းနိုင်။

လွန်ကဲသောပညာ 'အဓိပညာ'၌ ဆုံးမခြင်းငှါ မစွမ်းနိုင်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံမပေးအပ်၊ မှီရာနိဿရည်းကို မပေးအပ်၊ သာမဏေကို မလုပ်ကျွေးစေအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေးအပ်၏၊ မှီရာနိဿရည်းကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

အနီးနေ တပည့်ကိုရင်း အတူနေ တပည့်ကိုရင်း ထူးမြတ်သော အကျင့်'ခန္ဓကဝတ်'ဖြစ်သော အကျင့်'သိက္ခာ'၌ သင်စေခြင်းငှါ စွမ်းနိုင်၏။

မဂ်ဟူသော အကျင့်၏အစ 'အာဒိဗြဟ္မစရိယက' ဖြစ်သော အကျင့်'သိက္ခာ'၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏။

လွန်ကဲသော သီလ'အဓိသီလ'၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏။

လွန်ကဲသောစိတ် 'အဓိစိတ္တ'၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏။

လွန်ကဲသောပညာ 'အဓိပညာ'၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအပ်၏၊ မှီရာနိဿရည်းကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏ ဟု (မိန့်တော်မူ၏)။

၄၁၉။ အသျှင်ဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

အရှက်မရှိသူ 'အလဇ္ဇီ'လည်း ဖြစ်၏၊ မိုက်သူလည်း ဖြစ်၏၊ ပကတိ သီလမရှိသူလည်း ဖြစ်၏၊ မှားသော အယူရှိသူလည်း ဖြစ်၏။

အသက်မွေးဝမ်းကျောင်း ပျက်စီးသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

http://www.dhammadownload.com



အဘယ် အင်္ဂါ ငါးပါးတို့နှင့်နည်း။

လွန်ကဲသော သီလ၌ သီလပျက်စီး၏၊ လွန်ကဲသော အကျင့်၌ အကျင့်ပျက်စီး၏၊ လွန်ကဲသော အယူ၌ အယူပျက်စီး၏၊ မှားသောအယူရှိသူ ဖြစ်၏၊ အသက်မွေးဝမ်းကျောင်း ပျက်စီးသူ ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အဘယ် အင်္ဂါငါးပါးတို့နှင့်နည်း။

ကိုယ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏။

နှုတ်၌ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏။

ကိုယ်နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏။

မှားသော အယူရှိသူ ဖြစ်၏။

အသက်မွေး ဝမ်းကျောင်း ပျက်စီးသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

ကိုယ်၌ ဖြစ်သော မကောင်းသော အကျင့်နှင့် ပြည့်စုံ၏။

နှုတ်၌ ဖြစ်သော မကောင်းသော အကျင့်နှင့် ပြည့်စုံ၏။

ကိုယ်နှုတ်၌ဖြစ်သော မကောင်းသောအကျင့်နှင့် ပြည့်စုံ၏။

မှားသော အယူရှိသူလည်း ဖြစ်၏။

အသက်မွေးဝမ်းကျောင်း ပျက်စီးသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

ကိုယ်၌ဖြစ်သော ကပ်၍သတ်တတ်သော 'ဥပဃာတက' ကံနှင့် ပြည့်စုံ၏။

နှုတ်၌ ဖြစ်သော ကပ်၍ သတ်တတ်သော 'ဥပဃာတက'ကံနှင့် ပြည့်စုံ၏။

ကိုယ်နှုတ်၌ ဖြစ်သော ကပ်၍ သတ်တတ်သော 'ဥပဃာတက'ကံနှင့် ပြည့်စုံ၏။

မှားသော အယူရှိသူလည်း ဖြစ်၏။

အသက်မွေးဝမ်းကျောင်း ပျက်စီးသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

ကိုယ်၌ ဖြစ်သော မှားသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏။

http://www.dhammadownload.com



နှုတ်၌ ဖြစ်သော မှားသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏။

ကိုယ်နှုတ်၌ ဖြစ်သော မှားသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏။

မှားသော အယူရှိသူလည်း ဖြစ်၏။

အသက်မွေးဝမ်းကျောင်း ပျက်စီးသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

အာပတ်သို့ ရောက်သောကြောင့် ကံပြုအပ်လျက် (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေး၏၊ မှီရာနိဿရည်းကို ပေး၏၊ သာမဏေကို လုပ်ကျွေးစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမခြင်း သမ္မုတိကို သာယာ၏၊ သမ္မုတိရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

သံဃာက ကံပြုကြောင်း ဖြစ်သော အာပတ်သို့ ရောက်၏။

အခြား ထိုသို့သဘောရှိသော အာပတ်သို့လည်း ရောက်၏။

ထိုအာပတ်အောက် အလွန်ယုတ်ညံ့သော အာပတ်သို့လည်း ရောက်၏။

ကံကို ကဲ့ရဲ့၏၊ ကံပြုသော ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို ပြုအပ်၏။

အဘယ် အင်္ဂါငါးပါးတို့နှင့်နည်း။

မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ မှားသော အယူရှိသူလည်း ဖြစ်၏၊ အသက်မွေးဝမ်းကျောင်း ပျက်စီးသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့်လည်း ပြည့်စုံသော ရဟန်းအား ကံကို ပြုအပ်၏ ဟု (မိန့်တော်မူ၏)။

**ပဌမအနိယတိတဝဂ် ပြီး၏။**

ထိုပဌမအနိယတိတဝဂ်၏ အကျဉ်းချုပ်—

ဥပုသ်ပဝါရဏာ အာပတ်သင့်ခြင်း မသင့်ခြင်း နာဖျားခြင်း ကောင်းစွာ ကျင့်ခြင်း မရှက်ခြင်း လွန်မြတ်သော သီလ မြူးထူးခြင်း ပဉ္စက။

မကျင့်အပ်သည်ကို ကျင့်ခြင်း ကပ်၍ သတ်ခြင်း မှားသော အသက်မွေးခြင်း အာပတ်သို့ ရောက်ခြင်း အကြင်သို့သောအာပတ် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကိုပြောခြင်း၊ ဤကား ရှေးဦးစွာသော အနိယတိတဝဂ် အရေအတွက်တည်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com



## ၂-နပ္ပဋိပ္ပဿမ္ဘနဝဂ်

၄၂၀။ အသျှင်ဘုရား အဘယ်မျှသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ကံကို မငြိမ်းစေအပ် ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို မငြိမ်းစေအပ်။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

အာပတ်သို့ရောက်သောကြောင့် ကံပြုအပ်လျက် (ဥပဇ္ဈာယ်ပြု၍)ပဉ္စင်းခံပေး၏။

မှီရာနိဿရည်းကို ပေး၏။

သာမဏေကို လုပ်ကျွေးစေ၏။

ရဟန်းမိန်းမတို့အား ဆုံးမခြင်း သမ္မုတိကို သာယာ၏။

သမ္မုတိရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ကံကို မငြိမ်းစေအပ်။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို မငြိမ်းစေအပ်။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

သံဃာက ကံပြုကြောင်း ဖြစ်သော အာပတ်သို့ ရောက်၏။

အခြား ထိုသို့သဘောရှိသော အာပတ်သို့လည်း ရောက်၏။

ထိုအာပတ်အောက် အလွန် ယုတ်ညံ့သော အာပတ်သို့လည်း ရောက်၏။

ကံကို ကဲ့ရဲ့၏၊ ကံပြုသော ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့၏။

ဥပါလိ ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို မငြိမ်းစေအပ်။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို မငြိမ်းစေအပ်။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏။

တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။

သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။

မှားသော အယူရှိသူလည်း ဖြစ်၏။

အသက်မွေးဝမ်းကျောင်း ပျက်စီးသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို မငြိမ်းစေအပ်။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို မငြိမ်းစေအပ်။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

အရှက်မရှိသူလည်း ဖြစ်၏၊ မိုက်သူလည်း ဖြစ်၏၊ ပကတိ သီလမရှိသူလည်း ဖြစ်၏၊ နှိပ်စက်၍ ပြုတတ်သူလည်း ဖြစ်၏၊ ကျင့်ဝတ်တို့၌ရင်း အကျင့်'သိက္ခာ'၌ရင်း ဖြည့်ကျင့်ခြင်းကို ပြုလေ့မရှိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ကံကို မငြိမ်းစေအပ် ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၂၁။ အသျှင်ဘုရား စစ်မြေပြင်(အဓိကရုဏ်းကို ဆုံးဖြတ်အံ့သောငှါ သံဃာစည်းဝေးရာ)သို့ သက်ဝင်သော ရဟန်းသည် အဘယ်မျှလောက်သော တရားတို့ကို မိမိသန္တာန်၌ ထား၍ သံဃာသို့ ချဉ်းကပ်အပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ စစ်မြေပြင် (အဓိကရုဏ်းကို ဆုံးဖြတ်အံ့သောငှါ သံဃာစည်းဝေးရာ)သို့ သက်ဝင်သော ရဟန်းသည် ငါးပါးသော တရားတို့ကို မိမိသန္တာန်၌ ထား၍ သံဃာသို့ ချဉ်းကပ်အပ်၏။

အဘယ်ငါးပါးတို့နည်း။

ဥပါလိ စစ်မြေပြင် (သံဃာအစည်းအဝေး)သို့ သက်ဝင်သော ရဟန်းသည် နှိမ့်ချသော စိတ်ဖြင့် ခြေသုတ်ကြိုးဝန်းနှင့်တူသော စိတ်ရှိသည်ဖြစ်၍ သံဃာသို့ ချဉ်းကပ်အပ်၏၊ နေရာ၌ လိမ္မာသူ ထိုင်ခြင်း၌ လိမ္မာသူ ဖြစ်ရာ၏၊ မထေရ်ကြီး ရဟန်းတို့ကို မတိုးဝှေ့မူ၍ သီတင်းငယ်ရဟန်းတို့ကို နေရာဖြင့် မတားမြစ်မူ၍ သင့်တင့်လျောက်ပတ်သောနေရာ၌ နေရာ၏၊ အထူးထူးသော စကားကို ဆိုသူ မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားကို ဆိုသူ မဖြစ်ရာ၊ ကိုယ်တိုင်လည်း တရားကို ဟောရာ၏၊ သူတပါးကိုလည်း တိုက်တွန်းရာ၏၊ မြတ်သော ဆိတ်ဆိတ်နေခြင်းကိုလည်း မထီမဲ့မြင် မပြုရာ။

ဥပါလိ သံဃာသည် အညီအညွတ် ပြုအပ်သော ကံကို ပြုရာ၌ မနှစ်သက်စေကာမူ (မိမိ)အယူကို ကင်းစွာပြု၍ ညီညွတ်ခြင်းသို့ ကပ်အပ်၏။

ထိုသို့ ကပ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ငါသည် သံဃာနှင့်ထူးသော သဘော ရှိသူ မဖြစ်ပါစေလင့်ဟု နှလုံးသွင်းထိုက်သော ကြောင့်တည်း။

ဥပါလိ စစ်မြေပြင် (သံဃာအစည်းအဝေး)သို့ သက်ဝင်သော ရဟန်းသည် ဤငါးပါးသော တရားတို့ကို မိမိသန္တာန်၌ ထား၍ သံဃာသို့ ချဉ်းကပ်အပ်၏ ဟု (မိန့်တော်မူ၏)။

၄၂၂။ အသျှင်ဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည် ရှိသော် လူအများ မနှစ်သက်အပ် လူအများမနှစ်မြို့အပ် လူအများ မကြိုက်အပ်သူ ဖြစ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူအများ မနှစ်သက်အပ် လူအများမနှစ်မြို့အပ် လူအများ မကြိုက်အပ်သူ ဖြစ်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့်နည်း။

ထောင်လွှားသော စကားကို ဆိုတတ်သူလည်း ဖြစ်၏။

(ထင်ပေါ်ကျော်စောသူကို)မှီ၍ ဆိုတတ်သူလည်း ဖြစ်၏။

စကားစပ် အနုသန္ဓေ၌ လိမ္မာသူလည်း မဖြစ်။

ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း စောဒနာတတ်သူ မဖြစ်။

ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း ဆုံးဖြတ်တတ်သူ မဖြစ်။

http://www.dhammadownload.com



ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူအများ မနှစ်သက်အပ်၊ လူအများ မနှစ်မြို့အပ်၊ လူအများမကြိုက်အပ်သူ ဖြစ်၏။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူအများ နှစ်သက်အပ် လူအများ နှစ်မြို့အပ် လူအများ ကြိုက်အပ်သူ ဖြစ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ထောင်လွှားသော စကားကို ဆိုတတ်သူလည်း မဖြစ်။

(ထင်ပေါ်ကျော်စောသူကို) မှီ၍ ဆိုတတ်သူလည်း မဖြစ်။

စကားစပ် အနုသန္ဓေ၌ လိမ္မာသူလည်း ဖြစ်၏။

ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သောဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း စောဒနာ တတ်သူ ဖြစ်၏။

ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်း အတိုင်း ဟုတ်မှန်သော အာပတ် အတိုင်း ဆုံးဖြတ်တတ်သူ ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရား ဆုံးဖြတ်သည် ရှိသော် လူအများ နှစ်သက်အပ်၊ လူအများ နှစ်မြို့အပ် လူအများ ကြိုက်အပ်သူ ဖြစ်၏။

ဥပါလိ အခြားအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူအများမနှစ်သက်အပ်၊ လူအများ မနှစ်မြို့အပ်၊ လူအများ မကြိုက်အပ်သူ ဖြစ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

(သူအချို့ကို) ချီးမြှောက်တတ်သူလည်း ဖြစ်၏။

(သူအချို့ကို) မောင်းမဲတတ်သူလည်း ဖြစ်၏။

တရားမဟုတ်သည်ကို ယူတတ်၏။

တရားဟုတ်သည်ကို တားမြစ်တတ်၏။

ပြိန်ဖျင်းသော စကားကိုလည်း များစွာ ပြောဆိုတတ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူအများ မနှစ်သက်အပ်၊ လူအများမနှစ်မြို့အပ်၊ လူအများ မကြိုက်အပ်သူ ဖြစ်၏။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူအများ နှစ်သက်အပ် လူအများနှစ်မြို့အပ် လူအများ ကြိုက်အပ်သူ ဖြစ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

(သူအချို့ကို) ချီးမြှောက်တတ်သူလည်း မဖြစ်၊ (သူအချို့ကို) မောင်းမဲ'ကြိမ်းမောင်း'တတ်သူလည်း မဖြစ်၊ တရားမဟုတ်သည်ကို မယူတတ်၊ တရားဟုတ်သည်ကို မတားမြစ်တတ်၊ ပြိန်ဖျင်းသော စကားကိုလည်း များစွာမဆိုတတ်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူအများ နှစ်သက်အပ်၊ လူအများနှစ်မြို့အပ်၊ လူအများ ကြိုက်အပ်သူ ဖြစ်၏။

http://www.dhammadownload.com



ဥပါလိ အခြားအင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားဆုံးဖြတ်သည် ရှိသော် လူအများမနှစ်သက်အပ်၊ လူအများမနှစ်မြို့အပ်၊ လူအများ မကြိုက်အပ်သူ ဖြစ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

လွှမ်းမိုး၍ ဆိုတတ်သူ ဖြစ်၏၊ ခွင့်ပေးမှု မပြုစေမူ၍ ဆိုတတ်သူ ဖြစ်၏၊ ဟုတ်မှန်သောဝတ္ထု အတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း စောဒနာတတ်သူ မဖြစ်၊ ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း ဆုံးဖြတ် တတ်သူ မဖြစ်၊ မိမိအယူအတိုင်း ဆိုတတ်သူ မဖြစ်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူ အများ မနှစ်သက်အပ်၊ လူအများ မနှစ်မြို့အပ်၊ လူအများ မကြိုက်အပ်သူ ဖြစ်၏။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည် ရှိသော် လူ အများနှစ်သက်အပ်၊ လူအများနှစ်မြို့အပ်၊ လူအများ ကြိုက်အပ်သူ ဖြစ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

လွှမ်းမိုး၍ ဆိုတတ်သူ မဖြစ်၊ ခွင့်ပေးမှု ပြုစေ၍ ဆိုတတ်သူ ဖြစ်၏၊ ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း စောဒနာတတ်သူ ဖြစ်၏၊ ဟုတ်မှန် သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း ဆုံးဖြတ်တတ်သူ ဖြစ်၏၊ မိမိအယူအတိုင်း ဆိုတတ်သူ ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်သည်ရှိသော် လူ အများနှစ်သက်အပ်၊ လူအများနှစ်မြို့အပ်၊ လူအများ ကြိုက်အပ်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

၄၂၃။ အသျှင်ဘုရား ဝိနည်းကို သင်ခြင်း၏အကျိုး'အာနိသင်'တို့သည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)။

ဥပါလိ ဝိနည်းကို သင်ခြင်း၏ အကျိုးတို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

မိမိ၏ သီလကျေးဇူးကို ကောင်းစွာ လုံခြုံစေအပ်၏၊ ကောင်းစွာစောင့်ရှောက်အပ်၏။

ကုက္ကုစ္စနှိပ်စက်သော ရဟန်းတို့၏ ကိုးကွယ်ရာ ဖြစ်၏။

ရဲရဲရင့်ရင့် သံဃာ့အလယ်၌ ပြောဆိုဆုံးဖြတ်နိုင်၏။

ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာနှိမ်နင်းနိုင်၏။

သူတော်ကောင်း တရား တည်ခြင်းငှါ ကျင့်၏။

ဥပါလိ ဝိနည်းကို သင်ခြင်း၏အကျိုးသည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

**နှစ်ခုမြောက် နုပ္ပဋိပ္ပဿမ္ဘနဝဂ် ပြီး၏။**

http://www.dhammadownload.com



ထိုဝဂ်၏ အကျဉ်းချုပ်—

အာပတ်သို့ ရောက်ခြင်း ပဥ္စက၊ အကြင်အာပတ်ပဥ္စက၊ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ခြင်း ပဥ္စက၊ (မကောင်းမှုမှ)မရှောက်ခြင်း ပဥ္စက၊ သံဃာအစည်းအဝေးသို့ သက်ဝင်သော ရဟန်း ပဥ္စက၊ (အလိုကြီးခြင်းစသော)စကားများခြင်း ပဥ္စက၊ (သူအချို့ကို)မောင်းမဲခြင်း ပဥ္စက၊ အနိုင်အထက်ပြုခြင်း ပဥ္စက၊ ဝိနည်းကို သင်ခြင်း အကျိုးပဥ္စက။

ဤကား အကျဉ်းချုပ် အပြီးတည်း၊ ရှေးဦးအစု ပညတ်တည်း။

---

## ၃–ဝေါဟာရဝဂ်

၄၂၄။ အသျှင်ဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌တရားမဆုံးဖြတ် အပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အာပတ်ကို မသိ၊ အာပတ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို မသိ၊ အာပတ်၏ ပယောဂကို မသိ၊ အာပတ်၏ ငြိမ်းခြင်းကို မသိ၊ အာပတ်အဆုံးအဖြတ်၌ မလိမ္မာ။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အာပတ်ကို သိ၏၊ အာပတ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို သိ၏၊ အာပတ်၏ ပယောဂကို သိ၏၊ အာပတ်၏ ငြိမ်းခြင်းကို သိ၏၊ အာပတ် အဆုံးအဖြတ်၌ လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆုံးဖြတ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အဓိကရုဏ်းကို မသိ၊ အဓိကရုဏ်း ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို မသိ၊ အဓိကရုဏ်း၏ ပယောဂကို မသိ၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို မသိ၊ အဓိကရုဏ်း၏ အဆုံးအဖြတ်၌ မလိမ္မာ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အဓိကရုဏ်းကို သိ၏၊ အဓိကရုဏ်း ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို သိ၏၊ အဓိကရုဏ်း၏ ပယောဂကို သိ၏၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို သိ၏၊ အဓိကရုဏ်း၏ အဆုံးအဖြတ်၌ လိမ္မာ၏။

http://www.dhammadownload.com



ဥပါလိ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆုံးဖြတ်အပ်။

အဘယ် အင်္ဂါ ငါးပါးတို့နှင့်နည်း။

လွှမ်းမိုး၍ ဆိုတတ်သူ ဖြစ်၏၊ ခွင့်ပေးမှု မပြုစေမူ၍ ဆိုတတ်သူ ဖြစ်၏၊ ဟုတ်မှန်သောဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း မစောဒနာတတ်။

ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း မဆုံးဖြတ်တတ်။

မိမိအယူအတိုင်း မဆိုတတ်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

လွှမ်းမိုး၍ ဆိုတတ်၏၊ ခွင့်ပေးမှု ပြုစေ၍ ဆိုတတ်၏၊ ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း၊ ဟုတ်မှန်သော အာပတ်အတိုင်း စောဒနာတတ်၏၊ ဟုတ်မှန်သော ဝတ္ထုအတိုင်း ဟုတ်မှန်သော ဝိနည်းအတိုင်း ဟုတ်မှန်သော အာပတ်အတိုင်း ဆုံးဖြတ်တတ်၏၊ မိမိအယူအတိုင်း ဆိုတတ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆုံးဖြတ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အာပတ် ဟုတ်သည် အာပတ်မဟုတ်သည်ကို မသိ၊ ပေါ့သော အာပတ် မလေးသော အာပတ်ကို မသိ၊ အကြွင်းရှိသောအာပတ် အကြွင်းမရှိသော အာပတ်ကို မသိ၊ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မသိ၊ ကုစားကောင်း မကုစားကောင်းသောအာပတ်ကို မသိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရား ဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အာပတ်ဟုတ်သည် အာပတ်မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသော အာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်းမကြမ်းတမ်းသော အာပတ်ကို သိ၏၊ ကုစားကောင်း မကုစားကောင်းသော အာပတ်ကို သိ၏။

ဥပါလိ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆုံးဖြတ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

http://www.dhammadownload.com



ကံကို မသိ၊ ကံပြုခြင်းကို မသိ၊ ကံ၏ ဝတ္ထုကို မသိ၊ ကံ၏ ကျင့်ဝတ်ကို မသိ၊ ကံ၏ ငြိမ်းခြင်းကို မသိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆိုးဖြစ်တအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆိုးဖြစ်တအပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ကံကို သိ၏၊ ကံပြုခြင်းကို သိ၏၊ ကံ၏ ဝတ္ထုကို သိ၏၊ ကံ၏ ကျင့်ဝတ်ကို သိ၏၊ ကံ၏ ငြိမ်းခြင်းကို သိ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆိုးဖြစ်တအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆိုးဖြစ်တအပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဝတ္ထုကိုမသိ၊ နိဒါန်းကိုမသိ၊ ပညတ်ကိုမသိ၊ မျက်မှောက်ပြုအပ်သော ပုဒ်ကိုမသိ၊ ရှေ့နောက် စကားအစပ်ကို မသိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆိုးဖြစ်တအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆိုးဖြစ်တအပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဝတ္ထုကို သိ၏၊ နိဒါန်းကို သိ၏၊ ပညတ်ကို သိ၏၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိ၏၊ ရှေ့နောက်စကား အစပ်ကို သိ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆိုးဖြစ်တအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆိုးဖြစ်တအပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ချစ်သဖြင့် အဂတိသို့ လိုက်၏၊ မုန်းသဖြင့် အဂတိသို့ လိုက်၏၊ တွေဝေသဖြင့် အဂတိသို့ လိုက်၏၊ ကြောက်သဖြင့် အဂတိသို့ လိုက်၏၊ အရှက်မရှိသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရား မဆိုးဖြစ်တအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆိုးဖြစ်တအပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ချစ်သဖြင့် အဂတိသို့ မလိုက်၊ မုန်းသဖြင့် အဂတိသို့ မလိုက်၊ တွေဝေသဖြင့် အဂတိသို့ မလိုက်၊ ကြောက်သဖြင့် အဂတိသို့ မလိုက်၊ ရှက်တတ်သူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆိုးဖြစ်တအပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆိုးဖြစ်တအပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ချစ်သဖြင့် အဂတိသို့ လိုက်၏၊ မုန်းသဖြင့် အဂတိသို့ လိုက်၏၊ တွေဝေသဖြင့် အဂတိသို့ လိုက်၏၊ ကြောက်သဖြင့် အဂတိသို့ လိုက်၏၊ ဝိနည်း၌လည်း မလိမ္မာ။

http://www.dhammadownload.com



ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းသည် သံဃာ၌ တရား ဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ချစ်သဖြင့် အဂတိသို့ မလိုက်၊ မုန်းသဖြင့် အဂတိသို့ မလိုက်၊ တွေဝေသဖြင့် အဂတိသို့ မလိုက်၊ ကြောက်သဖြင့် အဂတိသို့ မလိုက်၊ ဝိနည်း၌လည်း လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆုံးဖြတ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဥတ်ကိုမသိ၊ ဥတ်ဖြင့် ပြုခြင်းကို မသိ၊ ဥတ်နှင့် ကမ္မဝါစာကို မသိ၊ ဥတ်ဖြင့် ငြိမ်းကြောင်း 'သမထ'ကို မသိ၊ ဥတ်ဖြင့် (အဓိကရုဏ်း)ငြိမ်းခြင်းကို မသိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရား မဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဥတ်ကို သိ၏၊ ဥတ်ဖြင့် ပြုခြင်းကို သိ၏၊ ဥတ်နှင့်ကမ္မဝါစာကို သိ၏၊ ဥတ်ဖြင့် ငြိမ်းကြောင်း 'သမထ'ကို သိ၏၊ ဥတ်ဖြင့် (အဓိကရုဏ်း)ငြိမ်းခြင်းကို သိ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

ဥပါလိ အခြားအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆုံးဖြတ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

သုတ်'ဥဘတောဝိဘင်း'ကို မသိ၊ သုတ်အားအလျော် 'မဟာပဒေသလေးပါး'ကို မသိ၊ ဝိနည်း 'ခန္ဓကပရိဝါ'ကို မသိ၊ ဝိနည်းအားအလျော် 'မဟာပဒေသလေးပါး'ကို မသိ၊ အကြောင်း ဟုတ်သည် မဟုတ်သည်၌ မလိမ္မာ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရား မဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

သုတ် 'ဥဘတောဝိဘင်း'ကို သိ၏၊ သုတ်အားအလျော် 'မဟာပဒေသလေးပါး'ကို သိ၏၊ ဝိနည်း 'ခန္ဓကပရိဝါ'ကို သိ၏၊ ဝိနည်းအားအလျော် 'မဟာပဒေသလေးပါး'ကို သိ၏၊ အကြောင်း ဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သံဃာ၌ တရားမဆုံးဖြတ်အပ်။

http://www.dhammadownload.com



အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

တရား 'သုတ်အဘိဓမ္မာ'ကို မသိ၊ တရားအားအလျော် 'သုတ္တန်လာ မဟာပဒေသလေးပါး'ကို မသိ၊ ဝိနည်း'ခန္ဓကပရိဝါ'ကို မသိ၊ ဝိနည်းအားအလျော် 'မဟာပဒေသလေးပါး'ကို မသိ၊ ရှေ့နောက် စကား၌လည်း မလိမ္မာ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

တရား 'သုတ်အဘိဓမ္မာ'ကို သိ၏၊ တရားအားအလျော် 'သုတ္တန်လာ မဟာပဒေသလေးပါး'ကို သိ၏၊ ဝိနည်း'ခန္ဓကပရိဝါ'ကို သိ၏၊ ဝိနည်းအားအလျော် 'မဟာပဒေသလေးပါး'ကို သိ၏၊ ရှေ့နောက် စကား၌လည်း လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားဆုံးဖြတ်အပ်၏ ဟု (မိန့်တော်မူ၏)။

သုံးခုမြောက် ဝေါဟာရဝဂ် ပြီး၏။

ထိုဝေါဟာရဝဂ်၏ အကျဉ်းချုပ်—

အာပတ်သို့ ရောက်ခြင်း ပဉ္စက၊ အဓိကရုဏ်း ပဉ္စက၊ လွှမ်းမိုးနှိပ်စက်၍ဆိုခြင်း ပဉ္စက၊ အာပတ် သင့်သည် မသင့်သည်ကို သိခြင်း ပဉ္စက၊ ပြုအပ်သော ကမ္မပဉ္စက၊ ဝတ္ထုပဉ္စက၊ မရှက်ခြင်း ပဉ္စက၊ မလိမ္မာခြင်း ပဉ္စက၊ ဥတ်ထားခြင်း ပဉ္စက၊ သုတ်ကို မသိခြင်း ပဉ္စက၊ မွေကို မသိခြင်း ပဉ္စက၊ ဤသည်ကား သုံးခုမြောက် ဝေါဟာရဝဂ် အရေအတွက်တည်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

## ၄-ဒိဋ္ဌာဝိကမ္မဝဂ်

၄၂၅။ မြတ်စွာဘုရား တရားနှင့် မလျော်သော (အာပတ်သင့်၏ ဟူသော) အယူကို ထင်စွာ ပြုခြင်းတို့သည် အဘယ်မျှတို့ပါနည်းဟု (လျှောက်၏)။

ဥပါလိ တရားနှင့် မလျော်သော အယူကို ထင်စွာပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

အာပတ် မသင့်သည်၌ (အာပတ် သင့်သည်ဟူသော)အယူကို ထင်စွာပြု၏၊ ဒေသနာဂါမိ် မဟုတ်သော အာပတ်ဖြင့် အယူကို ထင်စွာပြု၏၊ ဒေသနာကြားအပ်ပြီးသော အာပတ်ဖြင့် အယူကို ထင်စွာပြု၏၊ ရဟန်းလေးယောက် ငါးယောက်တို့ဖြင့် အယူကို ထင်စွာပြု၏၊ မနဟုဆိုအပ်သော စိတ်ဖြင့် အယူကို ထင်စွာပြု၏။

http://www.dhammadownload.com



ဥပါလိ တရားနှင့် မလျော်သော အယူကို ထင်စွာပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

ဥပါလိ တရားနှင့်လျော်သော အယူကို ထင်စွာပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

အာပတ်သင့်သည်၌ အယူကို ထင်စွာပြု၏၊ ဒေသနာဂါမိ ဟုတ်သော အာပတ်ဖြင့် အယူကို ထင်စွာပြု၏၊ ဒေသနာမကြားအပ်သေးသော အာပတ်ဖြင့် အယူကို ထင်စွာပြု၏၊ ရဟန်းလေးယောက် ငါးယောက် တို့ဖြင့် အယူကို ထင်စွာ မပြု ၊ မနဟုဆိုအပ်သော စိတ်ဖြင့် အယူကို ထင်စွာမပြု ။

ဥပါလိ တရားနှင့်လျော်သော အယူကို ထင်စွာပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

ဥပါလိ အခြားတရားနှင့်မလျော်သော အယူကို ထင်စွာပြုခြင်းတို့သည်လည်း ငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

အသီးအသီးပေါင်းသင်းခြင်းရှိသူ 'နာနာသံဝါသက'၏ အထံ၌ အယူကို ထင်စွာပြု၏၊အသီးအသီးသော သိမ်၌ တည်သူ၏ အထံ၌ အယူကို ထင်စွာ ပြု၏၊ ပကတိ သီလမရှိသူ၏ အထံ၌ အယူကို ထင်စွာ ပြု၏၊ ရဟန်းလေးယောက် ငါးယောက်တို့ဖြင့် အယူကို ထင်စွာ ပြု၏၊ မနဟု ဆိုအပ်သော စိတ်ဖြင့် အယူကို ထင်စွာ ပြု၏။

ဥပါလိ တရားနှင့် မလျော်သော အယူကို ထင်စွာပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

ဥပါလိ တရားနှင့် လျော်သော အယူကို ထင်စွာပြုခြင်းတို့သည် ငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

တူသော ပေါင်းသင်းခြင်းရှိသူ၏ အထံ၌ အယူကို ထင်စွာ ပြု၏၊ တူသောသိမ်၌ တည်သောသူ၏ အထံ၌ အယူကို ထင်စွာပြု၏၊ ပကတိသီလရှိသူ၏ အထံ၌ အယူကို ထင်စွာပြု၏၊ ရဟန်းလေးယောက် ငါးယောက်တို့ဖြင့် အယူကို ထင်စွာ မပြု ၊ မနဟုဆိုအပ်သော စိတ်ဖြင့် အယူကို ထင်စွာမပြု။

ဥပါလိ တရားနှင့်လျော်သော အယူကို ထင်စွာ ပြုခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၂၆။ အသျှင်ဘုရား တရားနှင့်မလျော်သော အကပ်ခံခြင်းတို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ တရားနှင့် မလျော်သော အကပ်ခံခြင်းတို့သည် ငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

ကိုယ်ဖြင့်ပေးအပ်သည်ကို ကိုယ်ဖြင့် မခံယူ၊ ကိုယ်ဖြင့်ပေးအပ်သည်ကို ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် မခံယူ၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် မခံယူ၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် မခံယူ၊ စွန့်လွှတ်၍ ပေးအပ်သည်ကို ကိုယ်ဖြင့်ရင်း ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်ရင်း မခံယူ။

ဥပါလိ တရားနှင့် မလျော်သော အကပ်ခံခြင်းတို့သည် ဤငါးပါးတို့တည်း။

ဥပါလိ တရားနှင့်လျော်သော အကပ်ခံခြင်းတို့သည် ငါးပါးတို့တည်း။

http://www.dhammadownload.com



အဘယ် ငါးပါးတို့နည်း။

ကိုယ်ဖြင့်ပေးအပ်သည်ကို ကိုယ်ဖြင့် ခံယူ၏၊ ကိုယ်ဖြင့်ပေးအပ်သည်ကို ကိုယ်နှင့်စပ်သော အရာဝတ္ထုဖြင့် ခံယူ၏၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် ခံယူ၏၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ခံယူ၏၊ စွန့်လွှတ်၍ ပေးအပ်သည်ကို ကိုယ်ဖြင့်ရင်း ကိုယ်နှင့်စပ်သော အရာဝတ္ထုဖြင့်ရင်း ခံယူ၏။

ဥပါလိ တရားနှင့်လျော်သော အကပ်ခံခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၂၇။ အသျှင်ဘုရား အနတိရိတ်တို့သည် အဘယ်မျှတို့ပါနည်းဟု (လျှောက်၏)။

ဥပါလိ အနတိရိတ်တို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

မအပ်သော သစ်သီးစသည်ကို အတိရိတ်ပြု၏၊ အကပ်မခံအပ်သော ဝတ္ထုကို အတိရိတ်ပြု၏၊ မချီ မကြွ မ,မနိုင်သော ဝတ္ထုကို အတိရိတ်ပြု၏၊ ဟတ္ထပါသ် အတွင်း မဟုတ်သည်၌ အတိရိတ်ပြု၏၊ ဤအလုံးစုံကို တော်ပြီ ဟု မဆို။

ဥပါလိ အနတိရိတ်တို့သည် ဤငါးပါးတို့တည်း။

ဥပါလိ အတိရိတ်တို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

အပ်သော သစ်သီးစသည်ကို အတိရိတ်ပြု၏၊ အကပ်ခံအပ်သော ဝတ္ထုကို အတိရိတ်ပြု၏၊ ချီနိုင် မနိုင်သော ဝတ္ထုကို အတိရိတ်ပြု၏၊ ဟတ္ထပါသ် အတွင်း၌ အတိရိတ်ပြု၏၊ ဤအလုံးစုံကို တော်ပြီဟု ဆို၏။

ဥပါလိ အတိရိတ်တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော် မူ၏)။

၄၂၈။ အသျှင်ဘုရား အဘယ်မျှသော အခြင်းအရာတို့ဖြင့် ပဝါရိတ်သင့်ခြင်းသည် ထင်ရှားပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ငါးပါးသော အခြင်းအရာတို့ဖြင့် ပဝါရိတ်သင့်ခြင်းသည် ထင်ရှား၏။

အဘယ် ငါးပါးတို့နည်း။

စားဆဲသည် ထင်ရှား၏၊ ဘောဇဉ်သည် ထင်ရှား၏၊ ဟတ္ထပါသ် အတွင်း၌ တည်၏၊ ရှေးရှု ဆောင်၏၊ မြစ်ပယ်ခြင်းသည် ထင်ရှား၏။

ဥပါလိ ဤငါးပါးသော အခြင်းအရာတို့ဖြင့် ပဝါရိတ်သင့်ခြင်းသည် ထင်ရှား၏ ဟု (မိန့်တော်မူ၏)။

၄၂၉။ မြတ်စွာဘုရား တရားနှင့် မလျော်သော ဝန်ခံသဖြင့် ပြုခြင်းတို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ တရားနှင့်မလျော်သော ဝန်ခံသဖြင့် ပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

http://www.dhammadownload.com



အဘယ် ငါးပါးတို့နည်း။

ရဟန်းသည် ပါရာဇိကသို့ရောက်၏၊ ပါရာဇိကဖြင့် စောဒနာအပ်သည်ရှိသော် သံဃာဒိသိသ် သို့ရောက်၏ ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် သံဃာဒိသိသ်အာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့် မလျော်သော ဝန်ခံသဖြင့် ပြုခြင်းမည်၏။

ရဟန်းသည် ပါရာဇိကအာပတ်သို့ ရောက်၏၊ ပါရာဇိကအာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် ပါစိတ်သို့။ပ။ ပါဋိဒေသနီသို့။ ဒုက္ကဋ်သို့ ရောက်၏ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ဒုက္ကဋ်အာပတ် ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့်မလျော်သော ဝန်ခံသဖြင့် ပြုခြင်းမည်၏။

ရဟန်းသည် သံဃာဒိသိသ်သို့။ပ။ ပါစိတ်သို့။ ပါဋိဒေသနီသို့။ ဒုက္ကဋ်သို့ ရောက်၏၊ ဒုက္ကဋ်ဖြင့် စောဒနာအပ်သော် ပါရာဇိကသို့ ရောက်၏ဟုဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့် မလျော်သော ဝန်ခံသဖြင့် ပြုခြင်းမည်၏။

ရဟန်းသည် ဒုက္ကဋ်သို့ ရောက်၏။ ဒုက္ကဋ်ဖြင့် စောဒနာအပ်သော် သံဃာဒိသိသ်သို့။ပ။ ပါစိတ်သို့။ ပါဋိဒေသနီသို့ ရောက်၏ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ပါဋိဒေသနီအာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့်မလျော်သော ဝန်ခံသဖြင့် ပြုခြင်းမည်၏။

ဤပါလိ တရားနှင့် မလျော်သော ဝန်ခံသဖြင့် ပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

ဤပါလိ တရားနှင့်လျော်သော ဝန်ခံသဖြင့် ပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့ပါနည်း။

ရဟန်းသည် ပါရာဇိကသို့ရောက်၏၊ ပါရာဇိကဖြင့် စောဒနာအပ်သော် ပါရာဇိကသို့ ရောက်၏ ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ပါရာဇိက အာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့်လျော်သော ဝန်ခံသဖြင့် ပြုခြင်းမည်၏။

ရဟန်းသည် သံဃာဒိသိသ်သို့။ပ။ ပါစိတ်သို့။ ပါဋိဒေသနီသို့။ ဒုက္ကဋ်သို့ ရောက်၏၊ ဒုက္ကဋ်ဖြင့် စောဒနာအပ်သည်ရှိသော် ဒုက္ကဋ်သို့ ရောက်၏ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ဒုက္ကဋ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့်လျော်သော ဝန်ခံသဖြင့် ပြုခြင်းမည်၏။

ဤပါလိ တရားနှင့်လျော်သော ဝန်ခံသဖြင့် ပြုခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၃၀။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား အခွင့်ပေးခြင်း အမှုကို ပြုစေသည်ရှိသော် အခွင့်ပေးခြင်း အမှုကို ပြုခြင်းငှါ မထိုက်ပါသနည်းဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အခွင့်ပေးခြင်း အမှုကို ပြုစေသည်ရှိသော် အခွင့်ပေးခြင်းအမှုကို ပြုခြင်းငှါ မထိုက်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အရှက်လည်း မရှိ၊ မိုက်လည်း မိုက်၏၊ ပကတိသော သီလလည်း မရှိ၊ သာသနာတော်မှ ရွေ့လျောစေလိုသည်ဖြစ်၍လည်း ဆိုတတ်၏၊ အာပတ်မှ ထစေလိုသည်ဖြစ်၍လည်း မဆိုတတ်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အခွင့်ပေးခြင်းအမှုကို ပြုစေသည်ရှိသော် အခွင့်ပေးခြင်း အမှုကို ပြုခြင်းငှါ မထိုက်။

http://www.dhammadownload.com



ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အခွင့်ပေးခြင်းအမှုကို ပြုစေသည်ရှိသော် အခွင့်ပေးခြင်းအမှုကို ပြုခြင်းငှါ ထိုက်၏။

အဘယ် အင်္ဂါငါးပါးတို့နှင့်နည်း။

ရှက်လည်း ရှက်တတ်၏၊ ပညာလည်း ရှိ၏၊ ပကတိသီလလည်းရှိ၏၊ အာပတ်မှ ထစေလိုသည် ဖြစ်၍လည်း ဆိုတတ်၏၊ သာသနာတော်မှ ရွေ့လျောစေလိုသည်ဖြစ်၍ လည်း မဆိုတတ်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အခွင့်ပေးခြင်း အမှုကို ပြုစေသည် ရှိသော် အခွင့်ပေးခြင်း အမှုကို ပြုခြင်းငှါ ထိုက်၏ဟု (မိန့်တော်မူ၏)။

၄၃၁။ မြတ်စွာဘုရား အဘယ်မျှသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းနှင့် အတူ ဝိနည်းကို မဆွေးနွေး မမေးမြန်းအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းနှင့်အတူ ဝိနည်းကိုမဆွေးနွေး မမေးမြန်းအပ်။

အဘယ် ငါးပါးတို့နှင့်နည်း။

ဝတ္ထုကို မသိ၊ နိဒါန်းကို မသိ၊ ပညတ်ကို မသိ၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို မသိ၊ ရှေ့နောက် စကားစပ်ကို မသိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဝိနည်းကို မဆွေးနွေး မမေးမြန်းအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းနှင့် အတူ ဝိနည်းကို ဆွေးနွေး မေးမြန်းအပ်၏။

အဘယ် ငါးပါးတို့နှင့်နည်း။

ဝတ္ထုကို သိ၏၊ နိဒါန်းကို သိ၏၊ ပညတ်ကို သိ၏၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိ၏၊ ရှေ့နောက်စကားစပ်ကို သိ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဝိနည်းကို ဆွေးနွေး မေးမြန်းအပ်၏ ဟု (မိန့်တော်မူ၏)။

၄၃၂။ မြတ်စွာဘုရား အမေးပြဿနာ မေးခြင်းတို့သည် အဘယ်မျှတို့ပါနည်း ဟု(လျှောက်၏။)

ဥပါလိ အမေးပြဿနာ မေးခြင်းတို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နှင့်နည်း။

နုံ့သည် အဖြစ်ကြောင့် တွေဝေသည်အဖြစ်ကြောင့် အမေးပြဿနာကို မေး၏။

ယုတ်ညံ့သော အလိုဆိုးရှိသည်ဖြစ်၍ အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ အမေးပြဿနာကို မေး၏၊

နှိပ်စက်လိုသည်ဖြစ်၍ အမေးပြဿနာကို မေး၏။

သိလိုသည် ဖြစ်၍ အမေးပြဿနာကို မေး၏။

"ငါက ပြဿနာ အမေးခံရသူသည် ကောင်းစွာ ဖြေဆိုမည် ဖြစ်မူ ကောင်း၏၊ ပြဿနာ အမေး ခံရသူသည် ကောင်းစွာဖြေဆိုမည် မဟုတ်မူ ငါသည် ထိုသူအား ကောင်းစွာပင် ဖြေဆိုအံ့"ဟု နှလုံး သွင်းကာ အမေးပြဿနာကို မေး၏။

ဥပါလိ အမေးပြဿနာ မေးခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)

http://www.dhammadownload.com



၄၃၃။ မြတ်စွာဘုရား အရဟတ္တဖိုလ်ကို ပြောကြားခြင်းတို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ အရဟတ္တဖိုလ်ကို ပြောကြားခြင်းတို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

နုံ့သည် အဖြစ်ကြောင့် တွေဝေသည် အဖြစ်ကြောင့် အရဟတ္တဖိုလ်ကို ပြောကြား၏။

ယုတ်ညံ့သော အလိုဆိုး ရှိသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည် ဖြစ်၍ အရဟတ္တဖိုလ်ကို ပြောကြား၏။

ရူးသောကြောင့် စိတ်ပျံ့လွင့်သောကြောင့် အရဟတ္တဖိုလ်ကို ပြောကြား၏။

အထင်ကြီးခြင်းဖြင့် အရဟတ္တဖိုလ်ကို ပြောကြား၏။

ဟုတ်မှန်သော အရဟတ္တဖိုလ်ကို ပြောကြား၏။

ဥပါလိ အရဟတ္တဖိုလ်ကို ပြောကြားခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၃၄။ မြတ်စွာဘုရား စင်ကြယ်ခြင်း 'ဝိသုဒ္ဓိ'တို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ စင်ကြယ်ခြင်း 'ဝိသုဒ္ဓိ'တို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့ပါနည်း။

နိဒါန်းကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၏၊ ဤသည်ကား ပဌမဖြစ်သော စင်ကြယ်ခြင်းတည်း။

နိဒါန်းနှင့် ပါရာဇိကလေးပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၏၊ ဤသည်ကား နှစ်ခုမြောက် စင်ကြယ်ခြင်းတည်း။

နိဒါန်း ပါရာဇိကလေးပါးနှင့် သံဃာဒိသိသ် တဆယ့်သုံးပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၏၊ ဤသည်ကား သုံးခုမြောက် စင်ကြယ်ခြင်းတည်း။

နိဒါန်း ပါရာဇိကလေးပါး သံဃာဒိသိသ် တဆယ့်သုံးပါးနှင့် အနိယတနှစ်ပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၏၊ ဤသည်ကား လေးခုမြောက် စင်ကြယ်ခြင်းတည်း။

အကျယ်ပြခြင်းဖြင့်ပင်လျှင် ငါးခုမြောက် စင်ကြယ်ခြင်းတည်း။

ဥပါလိ စင်ကြယ်ခြင်း 'ဝိသုဒ္ဓိ'တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၃၅။ မြတ်စွာဘုရား စားဖွယ် 'ဘောဇဉ်'တို့သည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)။

ဥပါလိ စားဖွယ် 'ဘောဇဉ်'တို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း။

ထမင်း၊ မုယောမုံ့၊ မုံ့ဆုပ် မုံ့လုံး၊ ငါး၊ အမဲ။

ဥပါလိ စားဖွယ် 'ဘောဇဉ်'တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

လေးခုမြောက် ဒိဋ္ဌာဝိကမ္မဝဂ် ပြီး၏။

http://www.dhammadownload.com



ထိုဒိဋ္ဌာဝိကမ္မဝဂ်၏ အကျဉ်းချုပ်—

ထင်စွာပြုခြင်း ပဉ္စက၊ တပါးသောအာပတ်ကို ဒေသနာကြားခြင်း ပဉ္စက၊အကပ်ခံခြင်း ပဉ္စက၊ အနတိရိတ်ပဉ္စက၊ ပဝါရိတ်သင့်ခြင်း ပဉ္စက၊ ဝန်ခံသဖြင့်ပြုခြင်း ပဉ္စက၊အခွင့်ပြုခြင်း ပဉ္စက၊ ဝိနည်းကို ဆွေးနွေးမေးမြန်းခြင်း ပဉ္စက။

အမေးပြဿနာကိုမေးခြင်း ပဉ္စက၊ အရဟတ္တဖိုလ်ကိုဖြေကြားခြင်း ပဉ္စက၊ စင်ကြယ်ခြင်း ပဉ္စက၊ စားဖွယ်ဘောဇဉ် ပဉ္စက။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၅-အတ္တာဒါနဝဂ်

၄၃၆။ မြတ်စွာဘုရား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် မိမိသန္တာန်၌ အဘယ်မျှသော တရားတို့ကို ဆင်ခြင်၍ သူတပါးကို စောဒနာအပ်ပါသနည်း ဟု (လျှောက်၏) ။

ဥပါလိ သူတပါးကို စောဒနာလိုသော မစောဒကရဟန်းသည် မိမိသန္တာန်၌ ငါးပါးသော တရားတို့ကို ဆင်ခြင်၍ သူတပါးကို စောဒနာအပ်၏။

အဘယ် ငါးပါးတို့နည်း။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် "(ငါသည်)စင်ကြယ်သော ကိုယ်အကျင့်ရှိသူ ဖြစ်၏လော၊ စင်ကြယ်သော အပေါက် မရှိသော လိုရာသို့ ဆွဲငင်ခြင်းငှါ စွမ်းနိုင်သော ကိုယ်အကျင့်နှင့် ပြည့်စုံသူ ဖြစ်၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် စင်ကြယ်သော ကိုယ်အကျင့်ရှိသူ မဖြစ်အံ့၊ အပေါက်မရှိ လိုရာသို့ ဆွဲငင်ခြင်းငှါ စွမ်းနိုင်သော စင်ကြယ်သော ကိုယ်အကျင့်နှင့် ပြည့်စုံသူ မဖြစ်အံ့၊ ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုတတ်သူတို့သည် ရှိတတ်ကုန်၏၊ "တိုက်တွန်းပါ၏၊ အသျှင်သည် ကိုယ်ကျင့်(တရား)ကို ကျင့်ပါဦး"ဟု ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုတတ်သူတို့ ရှိတတ်ကုန်၏။

ဥပါလိ နောက်တမျိုးကား နောက်လိုက်သော သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် "ငါသည် စင်ကြယ်သော နှုတ်အကျင့်ရှိသူ ဖြစ်၏လော၊ အပေါက်မရှိ လိုရာသို့ ဆွဲငင်ခြင်းငှါ စွမ်းနိုင်သည့် စင်ကြယ်သော နှုတ်အကျင့်နှင့် ပြည့်စုံသူ ဖြစ်၏လော၊ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် စင်ကြယ်သော နှုတ်အကျင့်ရှိသူ မဖြစ်အံ့၊အပေါက်မရှိ လိုရာသို့ ဆွဲငင်ခြင်းငှါ စွမ်းနိုင်သည့် စင်ကြယ်သော နှုတ်အကျင့်နှင့် ပြည့်စုံသူ မဖြစ်အံ့၊ ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုတတ်သူတို့သည် ရှိတတ်ကုန်၏၊ "တိုက်တွန်းပါ၏ အသျှင်သည် နှုတ်အကျင့် (တရား)ကို ကျင့်ပါဦး"ဟု ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုတတ်သူတို့သည် ရှိတတ်ကုန်၏။

http://www.dhammadownload.com



ဥပါလိ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည် "ငါ့အား သီတင်းသုံးဖော်တို့၌ ရန်ငြိုးကင်းသော မေတ္တာစိတ်သည် ရှေးရှုတည်၏လော၊ ငါ့အား ဤတရား သည် ရှိသလော၊ သို့မဟုတ် မရှိသလော" ဟု ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းအား သီတင်းသုံးဖော်တို့၌ ရန်ငြိုးကင်းသော မေတ္တာစိတ်သည် ရှေးရှုမတည် သည် ဖြစ်အံ့၊ ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုတတ်သူတို့သည် ရှိတတ်ကုန်၏၊ "တိုက်တွန်းပါ၏ အသျှင် သည် သီတင်းသုံးဖော်တို့၌ မေတ္တာစိတ်ကို ဖြစ်စေပါဦး"ဟု ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုတတ်သူတို့ ရှိတတ်ကုန်၏။

ဥပါလိ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည် "ငါသည် များသော အကြားအမြင် ရှိပါ၏လော၊ အကြားအမြင်ကို ဆောင်ပါ၏လော၊ အကြားအမြင်ကို စုဆောင်းပါ၏လော၊ အစ၌ ကောင်းခြင်း အလယ်၌ကောင်းခြင်း အဆုံး၌ ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသည် ဖြစ်၍ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြတတ်သော တရားတို့ကို များစွာ ကြားနာဘူးပါ၏လော၊ နှုတ်ဖြင့်ဆောင်ဘူးပါ၏လော၊ စိတ်ဖြင့် ဆင်ခြင်ဘူးပါ၏လော၊ ပညာဖြင့် ထိုးထွင်း၍ သိဘူးပါ၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် များသော အကြားအမြင်ရှိသည် အကြားအမြင်ကိုဆောင်သည် အကြား အမြင်ကို ဆည်းပူးသည် အကယ်၍ မဖြစ်အံ့။ အကြင်တရားတို့သည် အစ၌ကောင်းခြင်း အလယ်၌ ကောင်းခြင်း အဆုံး၌ကောင်းခြင်း ရှိကုန်၏၊ အနက်သဒ္ဒါနှင့် ပြည့်စုံကုန်၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ဟောကုန်၏၊ ထိုရဟန်းအား ထိုသို့သဘောရှိသော ဤတရား တို့ကို များသော အကြားအမြင် ရှိကုန်သည် မဖြစ်အံ့၊ နှုတ်ဖြင့် ဆောင်အပ်ကုန်သည် လေ့ကျက် အပ်ကုန်သည် မဖြစ်ကုန်အံ့၊ စိတ်ဖြင့် ရှုအပ်ကုန်သည် ပညာဖြင့် ထိုးထွင်း၍ သိအပ်ကုန်သည် မဖြစ်ကုန်အံ့၊ ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုသူတို့သည် ရှိတတ်ကုန်၏၊ "တိုက်တွန်းပါ၏၊ အသျှင်သည် အာဂုမ် (ပိဋကတ်)ကို သင်ပါဦး"ဟု ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုသူတို့ ရှိတတ်ကုန်၏။

ဥပါလိ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် "ငါ့အား ကောင်းစွာ ဝေဖန်အပ် ကောင်းစွာ နှုတ်တက်ရ ပါဠိ အဋ္ဌကထာ အားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ် ကုန်သည် ဖြစ်၍ နှစ်ပါးသော ပါတိမောက်တို့သည် အကျယ်အားဖြင့် ကောင်းစွာ လာကုန်၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းအား ကောင်းစွာ ဝေဖန်အပ် ကောင်းစွာ နှုတ်တက်ရ ပါဠိ အဋ္ဌကထာအားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ်ကုန်သည် ဖြစ်၍ နှစ်ပါးသော ပါတိမောက်တို့သည် အကျယ်အားဖြင့် ကောင်းစွာ မလာကုန်မူ ငါ့သျှင် ဤသိက္ခာပုဒ်ကို မြတ်စွာဘုရားသည် အဘယ်ပြည်၌ ဟောအပ် သနည်း ဟု မေးအပ်သော် ပြည့်ပြည့်စုံစုံ မဖြေနိုင်။ ထိုရဟန်းအား ကဲ့ရဲ့ပြောဆိုတတ်သူတို့ ရှိတတ် ကုန်၏၊ "တိုက်တွန်းပါ၏၊ အသျှင်သည် ဝိနည်းကိုသင်ပါဦးလော"ဟု ကဲ့ရဲ့ပြောဆိုတတ်သူတို့ ရှိတတ် ကုန်၏။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤငါးပါးသော တရားတို့ကို မိမိသန္တာန်၌ ဆင်ခြင်၍ စောဒနာ အပ်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၃၇။ မြတ်စွာဘုရား သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည် အဘယ်တရား တို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ငါးပါးသော တရားတို့ကို မိမိ သန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာအပ်၏။

အဘယ် ငါးပါးတို့နည်း။

လျောက်ပတ်သော အခါ၌ ဆိုအံ့၊ မလျောက်ပတ်သော အခါ၌ မဆိုအံ့။

ဟုတ်မှန်သဖြင့် ဆိုအံ့၊ မဟုတ်မှန်သဖြင့် မဆိုအံ့။

နူးညံ့သိမ်မွေ့သဖြင့် ဆိုအံ့၊ ကြမ်းတမ်းသဖြင့် မဆိုအံ့။

အကျိုးစီးပွါးနှင့် စပ်သဖြင့် ဆိုအံ့၊ အကျိုးစီးပွါးနှင့် မစပ်သဖြင့် မဆိုအံ့။

မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ ဒေါသစိတ် ရှိသည်ဖြစ်၍ မဆိုအံ့။

ဥပါလိ သူတပါးကို စောဒနာသော စောဒကရဟန်းသည် ဤငါးပါးသော တရားတို့ကို မိမိ သန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာအပ်၏ ဟု (မိန့်တော်မူ၏)။

၄၃၈။ မြတ်စွာဘုရား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် အဘယ်တရားတို့ကို မိမိသန္တာန်၌ နှလုံးသွင်း၍ သူတပါးကို စောဒနာအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ငါးပါးသော တရားတို့ကို မိမိ သန္တာန်၌ နှလုံးသွင်း၍ သူတပါးကို စောဒနာအပ်၏။

အဘယ် ငါးပါးတို့နည်း။

သနားခြင်း၊အစီးအပွါးကိုရှာခြင်း၊ အစီးအပွါးနှင့် ယှဉ်ခြင်း၊ အာပတ်မှ ထစေလိုခြင်း၊ ဝိနည်းကို ရှေးရှုခြင်း။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည် ဤငါးပါးသော တရားတို့ကို မိမိသန္တာန်၌ နှလုံးသွင်း၍ သူတပါးကို စောဒနာအပ်၏ ဟု (မိန့်တော်မူ၏)။

၄၃၉။ မြတ်စွာဘုရား အဘယ်မျှသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ခွင့်ပေးခြင်း အမှု ပြုစေသည်ရှိသော် ခွင့်ပေးခြင်း အမှုကို ပြုခြင်းငှါ မထိုက်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ခွင့်ပေးခြင်း အမှုကို ပြုစေသည်ရှိသော် ခွင့်ပေးခြင်း အမှုကို ပြုခြင်းငှါ မထိုက်။

အဘယ် ငါးပါးတို့နှင့်နည်း။

မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ မစင်ကြယ်သော အသက် မွေးခြင်း ရှိ၏၊ မိုက်၏ မလိမ္မာ၊ မေးစိစစ်အပ်သည်ရှိသော် မေးစိစစ်ခြင်းကို ပေးခြင်းငှါ မစွမ်းနိုင်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ခွင့်ပေးခြင်း အမှုကို ပြုစေသည်ရှိသော် ခွင့်ပေးခြင်း အမှုကို ပြုခြင်းငှါ မထိုက်။

ဥပါလိ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ခွင့်ပေးခြင်း အမှုကို ပြုစေသည်ရှိသော် ခွင့်ပေးခြင်း အမှုကို ပြုခြင်းငှါ ထိုက်၏။

http://www.dhammadownload.com



အဘယ် ငါးပါးတို့နှင့်နည်း။

စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ စင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ စင်ကြယ်သော အသက်မွေးခြင်းရှိ၏၊ ပညာရှိ၏၊ လိမ္မာ၏၊ မေးစိစစ်အပ်သည်ရှိသော် မေးစိစစ်ခြင်းကို ပေးခြင်းငှါ စွမ်းနိုင်၏။

ဥပါလိ ဤငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား ခွင့်ပေးခြင်းအမှုကို ပြုစေသည်ရှိသော် ခွင့်ပေးခြင်းအမှုကို ပြုခြင်းငှါ ထိုက်၏ ဟု (မိန့်တော်မူ၏)။

၄၄၀။ မြတ်စွာဘုရား မိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အလိုရှိသော ရဟန်းသည် အဘယ်အင်္ဂါနှင့် ပြည့်စုံသော မိမိယူအပ်သော အဓိကရဏ်းကို ယူအပ်ပါသနည်း။

ဥပါလိ မိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အလိုရှိသော ရဟန်းသည် ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော မိမိယူအပ်သော အဓိကရဏ်းကို ယူအပ်၏။

အဘယ် ငါးပါးတို့နည်း။

ဥပါလိ မိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အလိုရှိသော ရဟန်းသည် "ငါသည် အကြင် မိမိယူအပ်သော အဓိကရဏ်း ကို ယူခြင်းငှါ အလိုရှိ၏၊ ဤမိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အခါလော၊ သို့မဟုတ် အခါမဟုတ်သလော"ဟု ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ဤမိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အခါမဟုတ်၊ အခါသည် မဖြစ်"ဟု အကယ်၍ ဤသို့ သိအံ့၊ ဥပါလိ ထို မိမိယူအပ်သော အဓိကရဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ဤမိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အခါတည်း၊ အခါမဟုတ်သည် မဖြစ်"ဟု အကယ်၍ သိအံ့၊ ဥပါလိ ထိုရဟန်းသည် "ငါသည် အကြင် မိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အလိုရှိ၏၊ ဤမိမိယူအပ်သော အဓိကရဏ်းသည် ထင်ရှားဟုတ်မှန်လေသလော၊ သို့မဟုတ် မထင်ရှား မဟုတ်မှန်လေသလော" ဟု အလွန်ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ဤမိမိယူအပ်သော အဓိကရဏ်းသည် မထင်ရှား မဟုတ်မှန်၊ ထင်ရှားဟုတ်မှန်သည် မဖြစ်"ဟု အကယ်၍ သိအံ့၊ ဥပါလိ ထို မိမိယူအပ်သော အဓိကရဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ဤမိမိယူအပ်သော အဓိကရဏ်းသည် ထင်ရှားဟုတ်မှန်၏၊ မထင်ရှား မဟုတ်မှန်သည် မဖြစ်"ဟု အကယ်၍ သိအံ့၊ ဥပါလိ ထိုရဟန်းသည် "ငါသည် အကြင် မိမိယူအပ်သော အဓိကရဏ်းကို ယူခြင်းငှါ အလိုရှိ၏၊ ဤမိမိယူအပ်သော အဓိကရဏ်းသည် အကျိုးစီးပွါးနှင့် စပ်လေသလော၊ သို့မဟုတ် မစပ်လေသလော"ဟု အလွန် ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည် ရှိသော် "ဤမိမိယူအပ်သော အဓိကရဏ်းသည် အကျိုးစီးပွါးနှင့် မစပ်၊ အကျိုးစီးပွါးနှင့်စပ်သည် မဖြစ်"ဟု အကယ်၍ သိအံ့၊ ဥပါလိ ထိုမိမိယူအပ်သော အဓိကရဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ဤမိမိယူအပ်သော အဓိကရဏ်းသည် အကျိုးစီးပွါးနှင့် စပ်၏၊ အကျိုးစီးပွါးနှင့် မစပ်သည် မဖြစ်"ဟု အကယ်၍ သိအံ့၊ ဥပါလိ ထိုရဟန်းသည် "ငါ

http://www.dhammadownload.com



သည် ဤမိမိယူအပ်သော အဓိကရုဏ်းကို ယူသည်ရှိသော် တရားအားဖြင့် ဝိနည်းအားဖြင့် မြင်ဘူးကာမျှ အဆွေခင်ပွန်း စားသောက်ဖက် အဆွေခင်ပွန်း ဖြစ်ကုန်သော အပင်း အသင်း ရဟန်းတို့ကို ရအံ့လော၊ သို့မဟုတ် မရအံ့လော”ဟု အလွန်ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် ဤမိမိယူအပ်သော အဓိကရုဏ်းကို ယူသည်ရှိသော် တရားအားဖြင့် ဝိနည်းအားဖြင့် မြင်ဘူးကာမျှ အဆွေခင်ပွန်း စားသောက်ဖက် အဆွေခင်ပွန်း ဖြစ်ကုန်သော အပင်းအသင်း ရဟန်းတို့ကို မရအံ့”ဟု အကယ်၍ သိအံ့၊ ဥပါလိ ထိုမိမိယူအပ်သော အဓိကရုဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ငါသည် ဤ မိမိယူအပ်သော အဓိကရုဏ်းကို ယူသည်ရှိသော် တရားအားဖြင့် ဝိနည်းအားဖြင့် မြင်ဘူးကာမျှ အဆွေခင်ပွန်း စားသောက်ဖက် အဆွေခင်ပွန်း ဖြစ်ကုန်သော အပင်းအသင်း ရဟန်းတို့ကို ရအံ့”ဟု အကယ်၍ သိအံ့၊ ဥပါလိ ထိုရဟန်းသည် “ဤမိမိယူအပ်သော အဓိကရုဏ်းကို ယူသော ငါ၏(ယူခြင်း)အကြောင်းကြောင့် သံဃာ၏ ငြင်းခုံခြင်းသည် ခိုက်ရန် ဖြစ်ခြင်းသည် ဆန့်ကျင်ခြင်းသည် အထူးထူးကို ပြောဆိုခြင်းသည် သံဃာ ကွဲပြားခြင်းသည် သံဃာအရေးအကြောင်းသည် သံဃာ၏ ပိုင်းခြားခြင်းသည် သံဃာ၏ အသီးသီး ဥပုသ်စသည်ပြုခြင်းသည် ဖြစ်လတ္တံ့လော၊ သို့မဟုတ် မဖြစ်လတ္တံ့လော”ဟု အလွန် ဆင်ခြင်အပ်၏။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ဤမိမိယူအပ်သော အဓိကရုဏ်းကို ယူသော ငါ၏ ထိုယူခြင်း အကြောင်းကြောင့် သံဃာ၏ငြင်းခုံခြင်းသည် ခိုက်ရန် ဖြစ်ခြင်းသည် ဆန့်ကျင်ခြင်းသည် အထူးထူးကို ပြောဆိုခြင်းသည် သံဃာကွဲပြားခြင်းသည် သံဃာအရေးအကြောင်းသည် သံဃာ၏ ပိုင်းခြားခြင်းသည် သံဃာ၏ အသီးသီး ဥပုသ် စသည် ပြုခြင်းသည် ဖြစ်လတ္တံ့”ဟု အကယ်၍သိအံ့၊ ဥပါလိ ထိုမိမိယူအပ်သော အဓိကရုဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်သည်ရှိသော် “ဤမိမိယူအပ်သော အဓိကရုဏ်းကို ယူသောငါ၏ ထိုယူခြင်းအကြောင်းကြောင့် သံဃာ၏ ငြင်းခုံခြင်းသည် ခိုက်ရန်ဖြစ်ခြင်းသည် ဆန့်ကျင်ခြင်းသည် အထူးထူးကို ပြောဆိုခြင်းသည် သံဃာ ကွဲပြားခြင်းသည် သံဃာအရေးအကြောင်းသည် သံဃာ၏ ပိုင်းခြားခြင်းသည် သံဃာ၏ အသီးသီး ဥပုသ်စသည် ပြုခြင်းသည် မဖြစ်လတ္တံ့”ဟု အကယ်၍ သိအံ့၊ ဥပါလိ ထို မိမိယူအပ်သော အဓိကရုဏ်းကို ယူအပ်၏၊ ဥပါလိ ဤသို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော မိမိယူအပ်သော အဓိကရုဏ်းကို ယူခြင်းသည် နောင်အခါ၌လည်း နှစ်လို ဝမ်းမြောက်ခြင်းကို ပြုလတ္တံ့ဟု (မိန့်တော်မူ၏)။

၄၄၁။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်း ဖြစ်ကြသော ရဟန်းတို့အား ကျေးဇူးများပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်း ဖြင်ကြသော ရဟန်းတို့အား ကျေးဇူးများ၏။

အဘယ် အင်္ဂါ ငါးပါးတို့နှင့်နည်း။

သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်၍ နေ၏၊ အကျင့် ကျက်စားရာ အရပ်နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိ၏၊သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍

http://www.dhammadownload.com



ကျင့်၏။ များသော အကြားအမြင်ရှိသည်၊ အကြားအမြင်ကိုဆောင်သည်၊ အကြားအမြင်ကို ဆည်းပူးသည် ဖြစ်၏။

အကြင်တရားတို့သည် အစ၌ ကောင်းခြင်း အလယ်၌ ကောင်းခြင်း အဆုံး၌ ကောင်းခြင်း ရှိကုန်၏၊ အနက်သဒ္ဒါနှင့် ပြည့်စုံကုန်၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ဟောပြကုန်၏၊ ထိုရဟန်းအား ထိုသို့သဘောရှိသော တရားတို့ကို များသော အကြားအမြင် ရှိကုန်သည်၊ နှုတ်ဖြင့် ဆောင်အပ်ကုန်သည် လေ့ကျက်အပ်ကုန်သည် စိတ်ဖြင့် ရှုအပ်ကုန်သည် ပညာဖြင့် ထိုးထွင်း၍ သိအပ်ကုန်သည် ဖြစ်ကုန်၏။

ထိုရဟန်းအား နှစ်ပါးကုန်သော ပါတိမောက်တို့သည် အကျယ်အားဖြင့် ကောင်းစွာ နှုတ်၌ လာကုန်သည် ပါဠိတော်အားဖြင့် အဋ္ဌကထာအားဖြင့် ကောင်းစွာ ဝေဘန်အပ်ကုန်၏၊ ကောင်းစွာ လေ့ကျက်အပ်ကုန်သည် ကောင်းစွာ ဆုံးဖြတ်နိုင်ကုန်သည် ဖြစ်ကုန်၏၊ စင်စစ် ဝိနည်း၌ တည်၏၊ တွန့်တိုခြင်း(ညည်းတွားခြင်း)မရှိ၊ (သပိတ်သက်နိုးစသော)အကြောင်းကြောင့် ဆန့်ကျင်ဖက် ဖြစ်သူ နှစ်ဦးတို့ကို သက်သာစေခြင်းငှါ သိစေခြင်းငှါ ကြည့်စေခြင်းငှါ ရှုစေခြင်းငှါ ကြည်လင်စေခြင်းငှါ စွမ်းနိုင်၏။

ဥပါလိ ဤငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းဖြစ်ကြသော ရဟန်းတို့အား ကျေးဇူးများ၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်း ဖြစ်ကြသော ရဟန်းတို့အား ကျေးဇူးများ၏။

အဘယ် ငါးပါးတို့နှင့်နည်း။

စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ စင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ စင်ကြယ်သော အသက်မွေးခြင်း ရှိ၏၊ ပညာရှိ၏၊ လိမ္မာ၏၊ မေးစိစစ်အပ်သည်ရှိသော် မေးစိစစ်ခြင်းကို ပေးခြင်းငှါ စွမ်းနိုင်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်း ဖြစ်ကြသော ရဟန်းတို့အား ကျေးဇူးများ၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်း ဖြစ်ကြသော ရဟန်းတို့အား ကျေးဇူးများ၏။

အဘယ် ငါးပါးတို့နှင့်နည်း။

ဝတ္ထုကို သိ၏၊ နိဒါန်းကို သိ၏၊ ပညတ်ကို သိ၏၊ မျက်မှောက်ဖြစ်သော ပုဒ်ကို သိ၏၊ ရှေ့နောက် စကားအစပ်ကို သိ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်း ဖြစ်ကြသော ရဟန်းတို့အား ကျေးဇူးများ၏ ဟု (မိန့်တော်မူ၏)။

၄၄၂။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် မမေးမစိစစ်အပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် မမေးမစိစစ်အပ်။

http://www.dhammadownload.com



အဘယ် အင်္ဂါ ငါးပါးတို့နှင့်နည်း။

သုတ်ကိုမသိ၊ သုတ်အား အလျော်ကို မသိ၊ ဝိနည်းကို မသိ၊ ဝိနည်းအား အလျော်ကို မသိ၊ အကြောင်း ဟုတ်သည် မဟုတ်သည်၌ မလိမ္မာ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မမေးမစိစစ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

အဘယ် အင်္ဂါ ငါးပါးတို့နှင့်နည်း။

သုတ်ကို သိ၏၊ သုတ်အားအလျော်ကို သိ၏၊ ဝိနည်းကို သိ၏၊ ဝိနည်းအား အလျော်ကို သိ၏၊ အကြောင်း ဟုတ်သည် မဟုတ်သည်၌လည်း လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း မမေးမစိစစ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

တရားကို မသိ၊ တရားအားအလျော်ကို မသိ၊ ဝိနည်းကို မသိ၊ ဝိနည်းအား အလျော်ကို မသိ၊ ရှေ့နောက်စကား၌လည်း မလိမ္မာ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မမေးမစိစစ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

တရားကို သိ၏၊ တရားအား အလျော်ကို သိ၏၊ ဝိနည်းကို သိ၏၊ ဝိနည်းအား အလျော်ကို သိ၏၊ ရှေ့နောက်စကား၌လည်း လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း မမေးမစိစစ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဝတ္ထုကိုမသိ၊ နိဒါန်းကို မသိ၊ ပညတ်ကို မသိ၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို မသိ၊ ရှေ့နောက် စကားစပ်ကို မသိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မမေးမစိစစ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

ဝတ္ထုကိုသိ၏၊ နိဒါန်းကို သိ၏၊ ပညတ်ကို သိ၏၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိ၏၊ ရှေ့နောက် စကားစပ်ကို သိ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း မမေးမစိစစ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အာပတ်ကို မသိ၊ အာပတ်၏ဖြစ်ကြောင်းကို မသိ၊ အာပတ်၏ ပယောဂကို မသိ၊ အာပတ်၏ ငြိမ်းခြင်းကို မသိ၊ အာပတ်အဆုံးအဖြတ်၌ မလိမ္မာ။

http://www.dhammadownload.com



ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မမေးမစိစစ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးပိစစ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အာပတ်ကို သိ၏၊ အာပတ်၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို သိ၏၊ အာပတ်၏ ပယောဂကို သိ၏၊ အာပတ်၏ ငြိမ်းခြင်းကို သိ၏၊ အာပတ်အဆုံးအဖြတ်၌ လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း မမေးမစိစစ်အပ်။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အဓိကရုဏ်းကို မသိ၊ အဓိကရုဏ်းဖြစ်ကြောင်း'သမုဋ္ဌာန်'ကို မသိ၊ အဓိကရုဏ်း၏ ပယောဂကို မသိ၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို မသိ၊ အဓိကရုဏ်း၏အဆုံးအဖြတ်၌ မလိမ္မာ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မမေးမစိစစ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏။

အဘယ်အင်္ဂါ ငါးပါးတို့နှင့်နည်း။

အဓိကရုဏ်းကို သိ၏၊ အဓိကရုဏ်း၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို သိ၏၊ အဓိကရုဏ်း၏ ပယောဂကို သိ၏၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို သိ၏၊ အဓိကရုဏ်း၏ အဆုံးအဖြတ်၌ လိမ္မာ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မေးစိစစ်အပ်၏ ဟု (မိန့်တော်မူ၏)။

ငါးခုမြောက် အတ္တာဒါနဝဂ် ပြီး၏။

ထိုအတ္တာဒါနဝဂ်၏ အကျဉ်းချုပ်—

စင်ကြယ်ခြင်း ပဉ္စက၊ ကာလ ပဉ္စက၊ သနားခြင်း ပဉ္စက၊ ခွင့်ပေးမှုပြုခြင်း ပဉ္စက၊မိမိယူအပ်သော အဓိကရုဏ်း ပဉ္စက၊အဓိကရုဏ်းဖြစ်သော ပဉ္စက၊ တပါးလည်း ဖြစ်သော အဓိကရုဏ်းဖြစ်သော ပဉ္စက၊ ဝတ္ထုကို မသိပဉ္စက၊ သုတ်ကို မသိပဉ္စက၊ တရားကို မသိပဉ္စက၊ တဖန်ဝတ္ထုကို မသိပဉ္စက၊ အာပတ်ကို မသိပဉ္စက၊ အဓိကရုဏ်းကို မသိပဉ္စက။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၆-ခုတင်္ဂဝဂ်

၄၄၃။ မြတ်စွာဘုရား အာရညကင်ခုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ အာရညကင် ခုတင်ဆောင်တို့သည် ဤငါးပါးတို့တည်း။

http://www.dhammadownload.com



အဘယ်ငါးပါးတို့နည်း ဟူမူ—

ပညာနုံ့သည်၏ အဖြစ်ကြောင့် မိုက်မဲတွေဝေသည်၏ အဖြစ်ကြောင့် တောသ္မိ နေ၏။

ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ တောသ္မိ နေ၏။

ရူးသောကြောင့် စိတ်ပျံ့လွင့်သောကြောင့် တောသ္မိ နေ၏။

"မြတ်စွာဘုရားတို့သည်ငှင်း [မြတ်စွာဘုရား တပည့်သားတို့သည်ငှင်း ချီးမွမ်းအပ်၏" ဟု (နှလုံးသွင်း၍) တောသ္မိ နေ၏။

စင်စစ်မှာမူ အလိုနည်းသည်ကိုသာ မှီ၍ ရောင့်ရဲသည်ကိုသာ မှီ၍ ခေါင်းပါးသည်ကိုသာ မှီ၍ (ကာယစိတ္တဥပဓိတို့၏) ဆိတ်ငြိမ်ခြင်းကိုသာ မှီ၍ ဤကောင်းသော အကျင့်ဖြင့် အလိုရှိသော တောနေပုဂ္ဂိုလ်၏ အဖြစ်ကိုသာ မှီ၍ တောသ္မိ နေ၏။

ဥပါလိ အာရညကင် ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ပိဏ္ဍပါတ်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား ပံသုကူဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း ။ပ။

မြတ်စွာဘုရား ရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား အဗ္ဘောကာသိ ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား တိစီဝရိက် ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား သပဒါနစာရိကဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား နေသဇ္ဇိက ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား ယထာသန္တတိ ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား ကောသနိက် ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား ခလုပစ္ဆာဘတ္တိက ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း။ပ။

မြတ်စွာဘုရား ပတ္တပိဏ်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)။

ဥပါလိ ပတ္တပိဏ်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း ဟူမူ—

ပညာနုံ့သည်၏ အဖြစ်ကြောင့် မိုက်မဲတွေဝေသည်၏အဖြစ်ကြောင့် ပတ္တပိဏ်ဓုတင် ဆောက်တည်၏။

ယုတ်မာသော အလိုရှိသည် ဖြစ်၍ အလိုဆိုးနှိပ်စက်အပ်သည် ဖြစ်၍ ပတ္တပိဏ်ဓုတင် ဆောက်တည်၏။

ရူးသောကြောင့် စိတ်ပျံ့လွင့်သောကြောင့် ပတ္တပိဏ်ဓုတင် ဆောက်တည်၏။

"မြတ်စွာဘုရားတို့သည်ငှင်း မြတ်စွာဘုရား တပည့်သားတို့သည်ငှင်း ချီးမွမ်းအပ်၏"ဟု (နှလုံးသွင်း၍) ပတ္တပိဏ်ဓုတင် ဆောက်တည်၏။

http://www.dhammadownload.com



စင်စစ်မှာမူ အလိုနည်းသည်ကိုသာ မှီ၍ ရောင့်ရဲသည်ကိုသာ မှီ၍ ခေါင်းပါးသည်ကိုသာ မှီ၍ (ကာယ စိတ္တ ဥပဓိတို့၏) ဆိတ်ငြိမ်ခြင်းကိုသာ မှီ၍ ဤကောင်းသော အကျင့်ဖြင့် အလိုရှိသော ပတ္တပိုဏ်ဓုတင်ဆောင် ပုဂ္ဂိုလ်၏ အဖြစ်ကိုသာ မှီ၍ ပတ္တပိုဏ်ဓုတင် ဆောက်တည်၏။

ဥပါလိ ပတ္တပိုဏ် ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

ခြောက်ခုမြောက် ဓုတင်္ဂဝဂ် ပြီး၏။

ထိုဓုတင်္ဂဝဂ်၏ အကျဉ်းချုပ်—

အာရညကင် ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ ရုက္ခမူ ဓုတင်၊ ငါးခုမြောက် သုသာန်ဓုတင် လွှင်တီးခေါင်၌ ဆောက်တည်သော ဓုတင်၊ တိစီဝရိက်ဓုတင်၊ အိမ်စဉ်ဆွမ်းခံသော ဓုတင်၊ ထိုင်၍ ဆောက်တည်သော ဓုတင်၊ ယထာသန္တတိ ဓုတင်၊ တနေရာတည်းသာ စားသောက်သော ဓုတင်၊ ခလုပစ္ဆာဘတ္တိကဓုတင်၊ ပတ္တပိုဏ်ဓုတင်။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၇-မုသာဝါဒဝဂ်

၄၄၄။ မြတ်စွာဘုရား မဟုတ်မမှန်ပြောခြင်း 'မုသာဝါဒ'တို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ မဟုတ်မမှန်ပြောခြင်း 'မုသာဝါဒ'တို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း ဟူမူ—

ပါရာဇိကသို့ ရောက်ကြောင်း မုသာဝါဒသည် ရှိ၏။

သံဃာဒိသိသ်သို့ ရောက်ကြောင်း မုသာဝါဒသည် ရှိ၏။

ထုလ္လစ္စဉ်းသို့ ရောက်ကြောင်း မုသာဝါဒသည် ရှိ၏။

ပါစိတ်သို့ ရောက်ကြောင်း မုသာဝါဒသည် ရှိ၏။

ဒုက္ကဋ်သို့ ရောက်ကြောင်း မုသာဝါဒသည် ရှိ၏။

ဥပါလိ မဟုတ်မမှန်ပြောခြင်း 'မုသာဝါဒ' တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၄၅။ မြတ်စွာဘုရား သံဃာ့အလယ်၌ ဥပုသ်ကိုရင်း ပဝါရဏာကိုရင်း တန့်ထားသော အဘယ်မျှသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား "ရဟန်း မသင့်၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားမများလင့်" ဟု နှိပ်နင်း၍ သံဃာသည် ဥပုသ်ကိုရင်း ပဝါရဏာကိုရင်း ပြုအပ်ပါသနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com


ဥပါလိ သံဃာ့ အလယ်၌ ဥပုသ်ကိုင်း ပဝါရဏာကိုင်း တန့်ထားသော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား "ရဟန်း မသင့်၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြားစကား မများလင့်" ဟု နှိပ်နင်း၍ သံဃာသည် ဥပုသ်ကိုင်း ပဝါရဏာကိုင်း ပြုအပ်၏။

အဘယ် ငါးပါးတို့နည်း ဟူမူ—

အရှက်လည်း မရှိ၊ မိုက်လည်း မိုက်၏၊ ပကတိသော သီလလည်း မရှိ၊ (သာသနာမှ)ရွေ့လျော စေလိုသည်ဖြစ်၍ ဆိုတတ်၏၊ (အာပတ်မှ) ထစေလိုသည်ဖြစ်၍ မဆိုတတ်။

ဥပါလိ သံဃာ့အလယ်၌ ဥပုသ်ကိုင်း ပဝါရဏာကိုင်း တန့်ထားသော ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား"ရဟန်း မသင့်၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြားစကားမများလင့်"ဟု နှိပ်နင်း၍ သံဃာသည် ဥပုသ်ကိုင်း ပဝါရဏာကိုင်း ပြုအပ်၏။

ဥပါလိ သံဃာ့အလယ်၌ ဥပုသ်ကိုင်း ပဝါရဏာကိုင်း တန့်ထားသော အခြားအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း "ရဟန်း မသင့်၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားမများလင့်"ဟု နှိပ်နင်း၍ သံဃာသည် ဥပုသ်ကိုင်း ပဝါရဏာကိုင်း ပြုအပ်၏။

အဘယ် ငါးပါးတို့နည်း ဟူမူ—

မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ မစင်ကြယ်သော အသက်မွေးခြင်း ရှိ၏၊ မိုက်၏ မလိမ္မာ၊ ငြင်းခုံခြင်းကို ပြုတတ်၏၊ ခိုက်ရန်ကို ပြုတတ်၏။

ဥပါလိ သံဃာ့ အလယ်၌ ဥပုသ်ကိုင်း ပဝါရဏာကိုင်း တန့်ထားသော ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား "ရဟန်း မသင့်၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားမများလင့်"ဟု နှိပ်နင်း၍ သံဃာသည် ဥပုသ်ကိုင်း ပဝါရဏာကိုင်း ပြုအပ်၏ ဟု (မိန့်တော်မူ၏)။

၄၄၆။ မြတ်စွာဘုရား အဘယ်မျှသော အင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား မေးစိစစ်ခြင်းကို မပေးအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား မေးစိစစ်ခြင်းကို မပေးအပ်။

အဘယ်ငါးပါးတို့နည်း ဟူမူ—

အာပတ်ဟုတ်သည် မဟုတ်သည်ကို မသိ၊ ပေါ့သောအာပတ် လေးသောအာပတ်ကို မသိ၊ အကြွင်းရှိသော အာပတ် အကြွင်း မရှိသော အာပတ်ကို မသိ၊ ရှုန့်ရင်းကြမ်းတမ်းသော အာပတ် မရှုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မသိ၊ ကုစား၍ရသော အာပတ် ကုစား၍ မရသော အာပတ်ကို မသိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား မေးစိစစ်ခြင်းကို မပေးအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား မေးစိစစ်ခြင်းကို ပေးအပ်၏။

အဘယ် အင်္ဂါငါးပါးတို့နည်း ဟူမူ—

အာပတ် ဟုတ်သည် မဟုတ်သည်ကို သိ၏၊ ပေါ့သော အာပတ် လေးသော အာပတ်ကို သိ၏၊ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိ၏၊ ရှုန့်ရင်းကြမ်းတမ်းသော အာပတ်

http://www.dhammadownload.com



မဝှန့်ရင်း မကြမ်းတမ်းသော အာပတ်ကို သိ၏၊ ကုစားရ၍ရသောအာပတ် ကုစား၍မရသော အာပတ်ကို သိ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအား မေးစိစစ်ခြင်းကို ပေးအပ်၏ဟု (မိန့်တော်မူ၏)။

၄၄၇။ မြတ်စွာဘုရား အဘယ်မျှသော အခြင်းအရာတို့ဖြင့် ရဟန်းသည် အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ငါးပါးသော အခြင်းအရာတို့ဖြင့် ရဟန်းသည် အာပတ်သို့ ရောက်၏။

အဘယ် ငါးပါးတို့နည်း ဟူမူ—

အရှက်မရှိခြင်း၊ မသိခြင်း၊ တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်ခြင်း၊ မအပ်သည်၌ အပ်၏ဟု အမှတ်ရှိခြင်း၊ အပ်သည်၌ မအပ်ဟု အမှတ်ရှိခြင်း။

ဥပါလိ ဤငါးပါးသော အခြင်းအရာတို့ဖြင့် ရဟန်းသည် အာပတ်သို့ ရောက်၏။

ဥပါလိ အခြားငါးပါးသော အခြင်းအရာတို့ဖြင့် ရဟန်းသည် အာပတ်သို့ ရောက်၏။

အဘယ်ငါးပါးတို့နည်း ဟူမူ—

(ဝိနည်းခိုရ်ကို) မတွေ့(မမြင်)သဖြင့်၊ (အပ်မအပ်ကို) မကြားဘူးသဖြင့်၊ အိပ်ပျော်သည်၏ အဖြစ်ဖြင့်၊ ထိုသို့ မအပ်သည်၌ အပ်၏ဟု အမှတ်ရှိသဖြင့် ၊သတိမေ့လျော့ခြင်းဖြင့်။

ဥပါလိ ဤငါးပါးသော အခြင်းအရာတို့ဖြင့် ရဟန်းသည် အာပတ်သို့ ရောက်၏ဟု (မိန့်တော်မူ၏)။

၄၄၈။ မြတ်စွာဘုရား ရန်တို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ ရန်တို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်း ဟူမူ—

သူ့အသက်သတ်ခြင်း၊ မပေးသည်ကိုယူခြင်း၊ ကာမတို့၌ အမှားကျင့်ခြင်း၊ မဟုတ်မမှန် ပြောခြင်း၊ ရစ်မူးကြောင်းဖြစ်သော သေအရက်သောက်ခြင်း။

ဥပါလိ ရန်တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ကြဉ်ရှောင်ခြင်းတို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ ကြဉ်ရှောင်ခြင်းတို့သည် ဤငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်းဟူမူ—

သူ့အသက်သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမတို့၌ အမှားကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ မဟုတ်မမှန် ပြောခြင်းမှ ကြဉ်ရှောင်ခြင်း၊ ယစ်မူးကြောင်း ဖြစ်သော သေအရက် သောက်ခြင်းမှ ကြဉ်ရှောင်ခြင်း။

ဥပါလိ ကြဉ်ရှောင်ခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၄၉။ မြတ်စွာဘုရား ပျက်စီးခြင်းတို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။
ဥပါလိ ပျက်စီးခြင်းတို့သည် ငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်းဟူမူ—

ဆွေမျိုး ပျက်စီးခြင်း၊ စည်းစိမ်ချမ်းသာပျက်စီးခြင်း၊ အနာရောဂါ (နှိပ်စက်၍)ပျက်စီးခြင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်း။

ဥပါလိ ပျက်စီးခြင်းတို့သည် ငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ပြည့်စုံခြင်းတို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။

ဥပါလိ ပြည့်စုံခြင်းတို့သည် ငါးပါးတို့တည်း။

အဘယ် ငါးပါးတို့နည်းဟူမူ—

ဆွေမျိုးပြည့်စုံခြင်း၊ စည်းစိမ်ပြည့်စုံခြင်း၊ ရောဂါ ကင်းခြင်း၏ ပြည့်စုံခြင်း၊ သီလပြည့်စုံခြင်း၊ အယူပြည့်စုံခြင်း။

ဥပါလိ ပြည့်စုံခြင်းတို့သည် ငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

ခုနစ်ခုမြောက် မုသာဝါဒဝဂ် ပြီး၏။

ထိုမုသာဝါဒဝဂ်၏ အကျဉ်းချုပ်—

မုသားပြောခြင်း ပဉ္စက၊ နှိပ်နင်း၍ ဥပုသ်ပြုခြင်းပဉ္စက၊ တပါးလည်း ဖြစ်သော နှိပ်နင်း၍ ဥပုသ်ပြုခြင်း ပဉ္စက၊ မေးစိစစ်ခြင်း ပဉ္စက၊ အာပတ်သို့ ရောက်ခြင်း ပဉ္စက၊ တပါးလည်း ဖြစ်သောအာပတ်သို့ ရောက်ခြင်း ပဉ္စက၊ ရန်ငါးပါး ကြဉ်ရှောင်ခြင်း ပဉ္စက၊ ပျက်စီးခြင်း ပဉ္စက၊ ပြည့်စုံခြင်း ပဉ္စက။

ခုနစ်ခုမြောက် မုသာဝါဒဝဂ် အရေအတွက်တည်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၈-ဘိက္ခုနောဝါဒဝဂ်

၄၅၀။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ဘိက္ခုနီသံဃာသည်သာ ကံပြုအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ဘိက္ခုနီသံဃာသည်သာ ကံပြုအပ်၏၊ ထိုရဟန်းကို ဘိက္ခုနီမသံဃာသည် ရှိမခိုးအပ်။

အဘယ် ငါးပါးတို့ နည်းဟူမူ—

ကိုယ်ကို ဖွင့်လှစ်၍ ရဟန်းမိန်းမတို့အား ပြ၏၊ ပေါင်ကို ပြ၏၊ အင်္ဂါဇာတ်ကို ပြ၏၊ ပခုံးစွန်း နှစ်ဖက်တို့ကို ပြ၏၊ ပြက်ရယ်ပြု၏၊ လူတို့ကို (မေထုန်မှီဝဲစိမ့်သောငှါ)ယှဉ်စေ၏။

http://www.dhammadownload.com



ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ဘိက္ခုနီသံဃာသည်သာ ကံပြုအပ်၏၊ ထိုရဟန်းကို ဘိက္ခုနီသံဃာသည် ရှိမခိုးအပ်။

ဥပါလိ အခြား ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအားလည်း ဘိက္ခုနီသံဃာသည်သာ ကံပြုအပ်၏၊ ထိုရဟန်းကို ဘိက္ခုနီသံဃာသည် ရှိမခိုးအပ်။

အဘယ် ငါးပါးတို့ နည်းဟူမူ—

ရဟန်းမိန်းမတို့အား လာဘ်မရစေခြင်းငှါ လုံ့လပြု၏၊ ရဟန်းမိန်းမတို့အား အကျိုးမဲ့စေခြင်းငှါ လုံ့လပြု၏၊ ရဟန်းမိန်းမတို့အား နေရာမရစေခြင်းငှါ လုံ့လပြု၏၊ရဟန်းမိန်းမတို့ကို ဆဲရေး၏၊ရေရွတ်၏၊ ရဟန်းယောကျ်ားတို့ကို ရဟန်းမိန်းမတို့နှင့် ကွဲပြားစေ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ဘိက္ခုနီသံဃာသည်သာ ကံပြုအပ်၏၊ ထိုရဟန်းကို ဘိက္ခုနီသံဃာသည် ရှိမခိုးအပ်။

ဥပါလိ အခြား ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအားလည်း ဘိက္ခုနီသံဃာသည်သာ ကံကို ပြုအပ်၏၊ ထိုရဟန်းကို ဘိက္ခုနီသံဃာသည် ရှိမခိုးအပ်။

အဘယ် ငါးပါးတို့ နည်းဟူမူ—

ရဟန်းမိန်းမတို့အား လာဘ်မရစေခြင်းငှါ လုံ့လပြု၏၊ ရဟန်းမိန်းမတို့အား အကျိုးမဲ့စေခြင်းငှါ လုံ့လပြု၏၊ ရဟန်းမိန်းမတို့အား နေရာမရစေခြင်းငှါ လုံ့လပြု၏၊ ရဟန်းမိန်းမတို့ကို ဆဲရေး၏၊ ရေရွတ်၏၊ ရဟန်းယောကျ်ားတို့ကို ရဟန်းမိန်းမတို့နှင့် ယှဉ်စေ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ဘိက္ခုနီသံဃာသည်သာ ကံပြုအပ်၏၊ ထိုရဟန်းကို ဘိက္ခုနီသံဃာသည် ရှိမခိုးအပ် ဟု (မိန့်တော်မူ၏)။

၄၅၁။ မြတ်စွာဘုရား အဘယ် အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမအား ကံပြုအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းမိန်းမအား ကံပြုအပ်၏။

အဘယ် ငါးပါးတို့ နည်းဟူမူ—

ကိုယ်ကို ဖွင့်လှစ်၍ ရဟန်းယောကျ်ားတို့အား ပြ၏၊ ပေါင်ကို ပြ၏၊ အင်္ဂါဇာတ်ကို ပြ၏၊ ပခုံးစွန်းနှစ်ဖက်တို့ကို ပြ၏၊ ပြက်ရယ်ပြု၏၊ လူတို့ကို (မေထုန်မှီဝဲစိမ့်သောငှါ)ယှဉ်စေ၏။

ဥပါလိ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းမိန်းမအား ကံပြုအပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းမိန်းမအားလည်း ကံပြုအပ်၏။

အဘယ် ငါးပါးတို့ နည်းဟူမူ—

ရဟန်းယောကျ်ားတို့အား လာဘ်မရစေခြင်းငှါ လုံ့လပြု၏၊ရဟန်းယောကျ်ားတို့အား အကျိုးမဲ့စေခြင်းငှါ လုံ့လပြု၏၊ ရဟန်းယောကျ်ားတို့အား နေရာမရစေခြင်းငှါ လုံ့လပြု၏၊ ရဟန်းယောကျ်ားတို့အား ဆဲရေး၏၊ ရေရွတ်၏၊ ရဟန်းမိန်းမတို့ကို ရဟန်းယောကျ်ားတို့နှင့် ကွဲပြားစေ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းမိန်းမအား ကံကို ပြုအပ်၏။

ဥပါလိ အခြား ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းမိန်းမအားလည်း ကံပြုအပ်၏။

http://www.dhammadownload.com



အဘယ် ငါးပါးတို့နည်းဟူမူ—

ရဟန်းယောကျ်ားတို့အား လာဘ်မရစေခြင်းငှါ လုံ့လပြု၏၊ရဟန်းယောကျ်ားတို့အား အကျိုးမဲ့စေခြင်းငှါ လုံ့လပြု၏၊ ရဟန်းယောကျ်ားတို့အား နေရာမရစေခြင်းငှါ လုံ့လပြု၏၊ ရဟန်းယောကျ်ားတို့ကို ဆဲရေး၏၊ ရေရွတ်၏၊ ရဟန်းမိန်းမတို့ကို ရဟန်းယောကျ်ားတို့နှင့် ယှဉ်စေ၏။

ဉပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းမိန်းမအား ကံကို ပြုအပ်၏ ဟု (မိန့်တော်မူ၏)။

၄၅၂။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်ပါသနည်း ဟု (လျှောက်၏)။

ဉပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်။

အဘယ် အင်္ဂါငါးပါးတို့ နည်းဟူမူ—

အရှက်လည်းမရှိ၊ မိုက်လည်း မိုက်၏၊ ပကတိ သီလလည်း မရှိ၊ (သာသနာမှ) ရွေ့လျောစေလိုသည်ဖြစ်၍ ဆိုတတ်၏၊ (အာပတ်မှ) ထစေလိုသည် ဖြစ်၍ မဆိုတတ်။

ဉပါလိ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်။

ဉပါလိ အခြား ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည်လည်း ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်။

အဘယ် ငါးပါးတို့ နည်းဟူမူ—

မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မစင်ကြယ်သော နှုတ်အကျင့် ရှိ၏၊ မစင်ကြယ်သော အသက်မွေးခြင်း ရှိ၏၊ မိုက်၏၊ မလိမ္မာ၊ မေးစိစစ်အပ်သည်ရှိသော် မေးစိစစ်ခြင်းကို ပေးခြင်းငှါ မစွမ်းနိုင်။

ဉပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်။

ဉပါလိ အခြားငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည်လည်း ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်။

အဘယ် ငါးပါးတို့နည်း ဟူမူ—

ကိုယ်၌ ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏၊ နှုတ်၌ ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏၊ ကိုယ်နှုတ်၌ ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏၊ ရဟန်းမိန်းမတို့အား ဆဲရေးတတ် ရေရွတ်တတ်၏၊ ရဟန်းမိန်းမတို့နှင့် အတူ မလျော်သော ရောနှောခြင်းဖြင့် ရောနှော၍ နေ၏။

ဉပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်။

ဉပါလိ အခြား ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည်လည်း ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ်။

http://www.dhammadownload.com



အဘယ် ငါးပါးတို့နည်းဟူမူ—

အရှက်လည်း မရှိ၊ မိုက်လည်း မိုက်၏၊ ပကတိသီလလည်း မရှိ၊ ငြင်းခုံခြင်းကိုရင်း ခိုက်ရန်ကိုရင်း ပြုတတ်၏၊ သိက္ခာသုံးပါး၌ ဖြည့်ကျင့်လေ့လည်း မရှိ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မတန့်ထားအပ် ဟု (မိန့်တော်မူ၏)။

၄၅၃။ မြတ်စွာဘုရား အဘယ်မျှသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မယူအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မယူအပ်။

အဘယ် ငါးပါးတို့နည်းဟူမူ—

ကိုယ်၌ ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏၊ နှုတ်၌ ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏၊ ကိုယ်နှုတ်၌ဖြစ်သော မကျင့်အပ်သော အကျင့်နှင့်ပြည့်စုံ၏၊ ရဟန်းမိန်းမတို့အား ဆဲရေး ရေရွတ်တတ်၏၊ရဟန်းမိန်းမတို့နှင့် အတူ မလျော်သော ရောနှောခြင်းဖြင့် ရောနှော၍ နေ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မယူအပ်။

ဥပါလိ အခြား ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည်လည်း ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မယူအပ်။

အဘယ် ငါးပါးတို့နည်းဟူမူ—

အရှက်လည်းမရှိ၊ မိုက်လည်း မိုက်၏၊ ပကတိသီလလည်း မရှိ၊ ခရီးသွားလည်း ဖြစ်၏၊ နာဖျားသူလည်း ဖြစ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းမိန်းမတို့အား ဆုံးမခြင်းကို မယူအပ် ဟု (မိန့်တော်မူ၏)။

၄၅၄။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ မဆွေးနွေးအပ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့် အတူ မဆွေးနွေးအပ်။

အဘယ် ငါးပါးတို့နည်းဟူမူ—

အသေက္ခဖြစ်သော သီလဂုဏ်ကျေးဇူးနှင့် မပြည့်စုံ၊ အသေက္ခ ဖြစ်သော သမာဓိဂုဏ်ကျေးဇူးနှင့် မပြည့်စုံ၊ အသေက္ခ ဖြစ်သော ပညာဂုဏ်ကျေးဇူးနှင့် မပြည့်စုံ၊ အသေက္ခဖြစ်သော အရဟတ္တဖိုလ် 'ဝိမုတ္တိ'ဂုဏ်ကျေးဇူးနှင့် မပြည့်စုံ၊ အသေက္ခဖြစ်သော အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ် 'ဝိမုတ္တိဉာဏဒဿန'ဂုဏ်ကျေးဇူးနှင့် မပြည့်စုံ။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ မဆွေးနွေးအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဆွေးနွေးအပ်၏။

http://www.dhammadownload.com



အဘယ် ငါးပါးတို့နည်းဟူမူ—

အသေက္ခ ဖြစ်သော သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ အသေက္ခ ဖြစ်သော သမာဓိဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ အသေက္ခ ဖြစ်သော ပညာဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ အသေက္ခ ဖြစ်သော အရဟတ္တဖိုလ် 'ဝိမုတ္တိ'ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ အသေက္ခ ဖြစ်သော အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ် 'ဝိမုတ္တိဉာဏဒဿန'ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဆွေးနွေးအပ်၏။

ဥပါလိ အခြား ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းနှင့်လည်းအတူ မဆွေးနွေးအပ်။

အဘယ် ငါးပါးတို့နည်းဟူမူ—

အဋ္ဌကထာ၌ အထူးအပြားကို သိသောဉာဏ်'အတ္ထပဋိသမ္ဘိဒါ'သို့ မရောက်၊ ပါဠိတော် 'ဓမ္မ'၌ အထူးအပြားကို သိသောဉာဏ် 'ဓမ္မပဋိသမ္ဘိဒါ'သို့ မရောက်၊ ဝေါဟာရ သဒ္ဒါအထူးအပြားကို သိသောဉာဏ်'နိရုတ္တိပဋိသမ္ဘိဒါ'သို့ မရောက်၊ အောက်ဉာဏ်သုံးပါး 'ပဋိဘာန'၌ အထူးအပြားကို သိသောဉာဏ် 'ပဋိဘာန ပဋိသမ္ဘိဒါ'သို့ မရောက်၊ လွတ်မြောက်တိုင်းသော စိတ်ကို မဆင်ခြင်တတ်။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ မဆွေးနွေးအပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့် အတူ ဆွေးနွေးအပ်၏။

အဘယ် ငါးပါးတို့နည်းဟူမူ—

အဋ္ဌကထာ၌ အထူးအပြားကို သိသောဉာဏ်သို့ ရောက်၏၊ ပါဠိတော်'ဓမ္မ'၌ အထူးအပြားကို သိသောဉာဏ်သို့ ရောက်၏၊ ဝေါဟာရသဒ္ဒါ အထူးအပြားကို သိသော ဉာဏ်သို့ ရောက်၏၊ အောက်ဉာဏ် သုံးပါး 'ပဋိဘာန'၌ အထူးအပြားကို သိသောဉာဏ်သို့ ရောက်၏၊ လွတ်မြောက်တိုင်းသော စိတ်ကို ဆင်ခြင်တတ်၏။

ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဆွေးနွေးအပ်၏ ဟု (မိန့်တော်မူ၏)။

ရှစ်ခုမြောက် ဘိက္ခုနောဝါဒဝဂ် ပြီး၏။

ထိုဘိက္ခုနောဝါဒဝဂ်၏ အကျဉ်းချုပ်—

ရဟန်းမိန်းမ သံဃာသည်သာ ကံပြုအပ်သော ပဉ္စကၢထိုမှတပါးလည်း ဖြစ်သော ရဟန်းမိန်းမ သံဃာသည်သာ ကံပြုအပ်သော ပဉ္စကနှစ်ပါး၊ ရဟန်းမိန်းမတို့အား ကံပြုခြင်း ပဉ္စကသုံးပါး၊ မတန်ထားအပ် ဟူသော ဒုက်နှစ်ပါး၊ မယူအပ်ဟူသော ပဉ္စက နှစ်ပါးတို့ကို ဟောတော်မူအပ်ကုန်၏၊ ဆွေးနွေးခြင်း ပဉ္စကတို့၌ကား နှစ်ပါးသော ဒုက်တို့ကို ဟောတော်မူအပ်ကုန်၏။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၉-ဥဗ္ဗာဟိကဝဂ်

၄၅၅။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ) ဖြင့် မသမုတ်အပ်ပါသနည်းဟု (လျှောက်၏)။

http://www.dhammadownload.com



ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။ အဘယ်ငါးပါးတို့နည်း ဟူမူ—အဋ္ဌကထာ၌ မလိမ္မာ၊ ပါဠိတော်၌ မလိမ္မာ၊ သဒ္ဒါ၌ မလိမ္မာ၊ အက္ခရာ၌ မလိမ္မာ၊ ရှေ့နောက် စကား၌ မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—အဋ္ဌကထာ၌ လိမ္မာ၏၊ ပါဠိတော်၌ လိမ္မာ၏၊ သဒ္ဒါ၌ လိမ္မာ၏၊ အက္ခရာ၌ လိမ္မာ၏၊ ရှေ့နောက်စကား၌ လိမ္မာ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကိုလည်း ဥဗ္ဗာဟိက (ကမ္မဝါစာ) ဖြင့် မသမုတ်အပ်။ အဘယ်ငါးပါးတို့နည်း ဟူမူ—အမျက်ထွက်တတ်၏အမျက်ဒေါသသည် နှိပ်စက်အပ်၏၊ သူ့ကျေးဇူးကို ချေဖျက်တတ်၏၊ သူ့ကျေးဇူးကို ချေဖျက်မှုသည် နှိပ်စက်အပ်၏၊ ဂုဏ်ပြိုင်တတ်၏၊ ဂုဏ်ပြိုင်မှုသည် နှိပ်စက်အပ်၏၊ မနာလိုတတ်၊မနာလိုမှုသည် နှိပ်စက်အပ်၏၊ မိမိအယူကိုအမှားသုံးသပ်လေ့ရှိ၍ စွဲမြဲစွာယူလေ့ရှိသည့်ပြင် ပြန်လည်၍လည်း စွန့်လွှတ်နိုင်ခဲ၏။ ဥပါလိ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—အမျက်မထွက်တတ်၊အမျက်ဒေါသသည် မနှိပ်စက်အပ်၊ သူ့ကျေးဇူးကို မချေဖျက်တတ်၊သူ့ကျေးဇူးကို ချေဖျက်မှုသည် မနှိပ်စက်အပ်၊ ဂုဏ်မပြိုင်တတ်၊ ဂုဏ်ပြိုင်မှုသည် မနှိပ်စက်အပ်၊မနာလိုခြင်းမရှိ၊မနာလိုမှုသည် မနှိပ်စက်အပ်၊မိမိအယူကို အမှားသုံးသပ်လေ့ မရှိ၊စွဲမြဲစွာ ယူလေ့မရှိသည့်ပြင် ပြန်လည်၍လည်း စွန့်လွှတ်နိုင်လွယ်၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကိုလည်း ဥဗ္ဗာဟိက (ကမ္မဝါစာ) ဖြင့် မသမုတ်အပ်။ အဘယ်ငါးပါးတို့နည်း ဟူမူ—အမျက်ထွက်တတ်၏၊ စောင်းမြောင်းတတ်၏၊ ဆန့်ကျင်တတ်၏၊ အမျက်ကို ဖြစ်စေတတ်၏၊ဆုံးမစကားကို သည်းမခံသည်ဖြစ်၍ ကောင်းခြက်သော အားဖြင့် မနာယူတတ်။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ) ဖြင့် မသမုတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။ အဘယ်ငါးပါးတို့နည်းဟူမူ—အမျက်မထွက်တတ်၊ မစောင်းမြောင်းတတ်၊ မဆန့်ကျင်တတ်၊ အမျက်ကို မဖြစ်စေတတ်၊ ဆုံးမစကားကို သည်းခံသည် ဖြစ်၍ ကောင်းမြတ်သောအားဖြင့် နာယူတတ်၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကိုလည်း ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။ အဘယ်ငါးပါးတို့နည်း ဟူမူ—တွေဝေစေတတ်၏၊ မအောက်မေ့စေဟတ်၊ ခွင့်မပေးစေပဲ ဆိုတတ်၏၊ တရားအတိုင်း ဝိနည်းအတိုင်း အာပတ်အတိုင်း မစောဒနာတတ်၊ တရားအတိုင်း ဝိနည်းအတိုင်း အာပတ်အတိုင်း မဆုံးဖြတ်တတ်၊ အယူအတိုင်း မဆိုတတ်။ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။

http://www.dhammadownload.com



ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—အောက်မေ့စေတတ်၏၊ မတွေဝေစေတတ်၊ ခွင့်ပေးစေ၍ ဆိုတတ်၏၊ တရားအတိုင်း ဝိနည်းအတိုင်း အာပတ်အတိုင်း စောဒနာတတ်၏၊ တရားအတိုင်း ဝိနည်းအတိုင်း အာပတ်အတိုင်း ဆုံးဖြတ်တတ်၏၊ အယူအတိုင်း ဆိုတတ်၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကိုလည်း ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။အဘယ်ငါးပါးတို့နည်း ဟူမူ—ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ ဘယာဂတိသို့ လိုက်၏၊ အရှက်လည်း မရှိ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ ရှက်လည်း ရှက်တတ်၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကိုလည်း ဥဗ္ဗာဟိက(ကမ္မဝါစာ) ဖြင့် မသမုတ်အပ်။ အဘယ်ငါးပါးတို့နည်း ဟူမူ—ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ဘယာဂတိသို့ လိုက်၏၊ ဝိနည်း၌လည်း မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် မသမုတ်အပ်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်။ ဝိနည်း၌လည်း လိမ္မာ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏ ဟု (မိန့်တော်မူ၏)။

၄၅၆။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်ပါသနည်း ဟု(လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် သူမိုက်ဟူသော ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်းဟူမူ—သုတ်ကို မသိ၊ သုတ်အားအလျော်ကို မသိ၊ ဝိနည်းကို မသိ၊ ဝိနည်းအား အလျော်ကို မသိ၊ အကြောင်း ဟုတ်သည် အကြောင်းမဟုတ်သည်၌လည်း မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—သုတ်ကို သိ၏၊သုတ်အား အလျော်ကို သိ၏၊ဝိနည်းကို သိ၏၊ဝိနည်းအား အလျော်ကို သိ၏၊အကြောင်း ဟုတ်သည် အကြောင်း မဟုတ်သည်၌လည်း လိမ္မာ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍ သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—တရားကို မသိ၊ တရားအားအလျော်ကို မသိ၊ ဝိနည်းကို မသိ၊ ဝိနည်းအား အလျော်ကို မသိ၊ ရှေ့နောက်စကား၌လည်း မလိမ္မာ။ ဥပါလိဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သူမိုက်ဟူ၍သာ ရေတွက်ခြင်း သို့ ရောက်၏။

http://www.dhammadownload.com



ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် ပညာရှိ ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ တရားကို သိ၏၊ တရားအား အလျော်ကို သိ၏၊ ဝိနည်းကို သိ၏၊ ဝိနည်းအား အလျော်ကို သိ၏၊ ရှေ့နောက် စကားဥ်လည်း လိမ္မာ၏။ ဥပါလိ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်း သည်လည်း သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဝတ္ထုကို မသိ၊ နိဒါန်းကို မသိ၊ ပညတ်ကို မသိ၊ မျက်မှောက် ပြုအပ်သော ပုဒ်ကို မသိ၊ ရှေ့နောက် စကားစပ်ကို မသိ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဝတ္ထုကို သိ၏၊ နိဒါန်းကို သိ၏၊ ပညတ်ကို သိ၏၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိ၏၊ ရှေ့နောက်စကားစပ်ကို သိ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အခြား အင်္ဂါ ငါးပါးနှင့် ပြည့်စုံသောရဟန်းသည်လည်း သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ အာပတ်ကို မသိ၊ အာပတ် ဖြစ်ခြင်းအကြောင်းကို မသိ၊ အာပတ်၏ ပယောဂကို မသိ၊ အာပတ်၏ ငြိမ်းခြင်းကို မသိ၊ အာပတ်အဆုံးအဖြတ်၌ မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ် ငါးပါးတို့နည်း ဟူမူ။ အာပတ်ကို သိ၏၊ အာပတ်ဖြစ်ခြင်းအကြောင်းကို သိ၏၊ အာပတ်၏ ပယောဂကို သိ၏၊ အာပတ်၏ ငြိမ်းခြင်းကို သိ၏၊ အာပတ်အဆုံးအဖြတ်၌ လိမ္မာ၏။ ဥပါလိ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ အဓိကရုဏ်းကို မသိ၊ အဓိကရုဏ်း၏ ဖြစ်ကြောင်း'သမုဋ္ဌာန်'ကို မသိ၊ အဓိကရုဏ်း၏ ပယောဂကို မသိ၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို မသိ၊ အဓိကရုဏ်း၏ အဆုံးအဖြတ်၌ မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ အဓိကရုဏ်းကို သိ၏၊ အဓိကရုဏ်း၏ ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို သိ၏၊ အဓိကရုဏ်း၏ ပယောဂကို သိ၏၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို သိ၏၊ အဓိကရုဏ်း၏ အဆုံးအဖြတ်၌ လိမ္မာ၏။ ဥပါလိ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပညာရှိဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏ ဟု (မိန့်တော်မူ၏)။

**ကိုးခုမြောက် ဥပ္ပါဟိကဝဂ် ပြီး၏။**

**ဝိ မြန် ၅-၂၉**

http://www.dhammadownload.com



ထိုဥဗ္ဗာဟိက ဝဂ်၏ အကျဉ်းချုပ်—

အဋ္ဌကထာ၌ မလိမ္မာခြင်း ပဉ္စက၊ အမျက်ထွက်ခြင်း ပဉ္စက၊ စိတ်ဆိုးခြင်း ပဉ္စက၊ အကြင် ရဟန်းသည် မိုက်စေတတ်၏၊ ထိုသို့ သဘောရှိသော ပဉ္စက၊ ဆန္ဒာဂတိသို့ လိုက်ခြင်း ပဉ္စက၊ ဝိနည်း၌ မလိမ္မာခြင်း ပဉ္စက၊ ထိုမှတပါးလည်း—

သုတ်ကို သိခြင်းပဉ္စက၊ ဓမ္မကို သိခြင်း ပဉ္စက၊ ဝတ္ထုကိုသိခြင်း ပဉ္စက၊ အာပတ်ကို သိခြင်း ပဉ္စက၊ အဓိကရုဏ်းကို သိခြင်းပဉ္စက၊ အလုံးစုံတို့ကို နှစ်ပါး နှစ်ပါး ဟူ၍ ပြအပ်ကုန်၏၊ ကဏှ ပက္ခ သုက္ကပက္ခကို သိကုန်ရာ၏။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၁၀-အဓိကရဏ ဝူပသမဝဂ်

၄၅၇။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်ပါသနည်း ဟု (လျှောက်၏)။ ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့နည်း ဟူမူ၊ အာပတ်ကို မသိ၊ အာပတ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို မသိ၊ အာပတ်၏ပယောဂကို မသိ၊ အာပတ်၏ငြိမ်းခြင်းကို မသိ၊အာပတ် အဆုံးအဖြတ်၌ မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့ နည်းဟူမူ။ အာပတ်ကို သိ၏၊ အာပတ်ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို သိ၏၊ အာပတ်၏ ပယောဂကို သိ၏၊ အာပတ်၏ ငြိမ်းခြင်းကို သိ၏၊ အာပတ် အဆုံးအဖြတ်၌ လိမ္မာ၏။ ဥပါလိ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့နည်းဟူမူ။ အဓိကရုဏ်းကို မသိ၊ အဓိကရုဏ်း ဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို မသိ၊ အဓိကရုဏ်း၏ ပယောဂကို မသိ၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို မသိ၊ အဓိကရုဏ်း အဆုံး အဖြတ်၌ မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေ ခြင်းငှါ မသင့်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့ နည်းဟူမူ။အဓိကရုဏ်းကို သိ၏၊ အဓိကရုဏ်းဖြစ်ကြောင်း 'သမုဋ္ဌာန်'ကို သိ၏၊ အဓိ ကရုဏ်း၏ ပယောဂကို သိ၏၊ အဓိကရုဏ်း၏ ငြိမ်းခြင်းကို သိ၏၊ အဓိကရုဏ်း အဆုံးအဖြတ်၌ လိမ္မာ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ ဘယာဂတိသို့ လိုက်၏၊ အရှက်လည်းမရှိ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်း သည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။

http://www.dhammadownload.com



ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ဆန္ဒာဂတိသို့ မလိုက်၊ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ ရှက်လည်း ရှက်တတ်၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့နည်းဟူမူ။ ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ ဘယာဂတိသို့ လိုက်၏၊ အကြားအမြင်လည်း နည်းပါး၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့နည်းဟူမူ။ ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ အကြားအမြင်လည်း များ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့ နည်းဟူမူ။ဝတ္ထုကိုမသိ၊ နိဒါန်းကို မသိ၊ ပညတ်ကို မသိ၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို မသိ၊ ရှေးနောက် စကားစပ်ကို မသိ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့နည်းဟူမူ။ဝတ္ထုကို သိ၏၊ နိဒါန်းကို သိ၏၊ ပညတ်ကို သိ၏၊ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိ၏၊ ရှေးနောက်စကားစပ်ကို သိ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ ဘယာဂတိသို့ လိုက်၏၊ ဝိနည်း၌လည်း မလိမ္မာ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့နည်းဟူမူ။ ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ ဝိနည်း၌လည်း လိမ္မာ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ ဘယာဂတိသို့ လိုက်၏၊ ပုဂ္ဂိုလ်ကိုသာ အလေးပြု၍ သံဃာကို အလေးမပြု။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊

http://www.dhammadownload.com



ဘယာဂတိသို့ မလိုက်၊ သံဃာကိုသာ အလေးပြု၍ ပုဂ္ဂိုလ်ကို အလေးမပြု။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။ အဘယ်ငါးပါးတို့နည်းဟူမူ။ ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ ဘယာဂတိသို့ လိုက်၏၊ အာမိသကိုသာ အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြု။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မသင့်။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ သူတော်ကောင်း တရားကိုသာ အလေးပြု၍ အာမိသကို အလေးမပြု။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သင့်၏ ဟု (မိန့်တော်မူ၏)။

၄၅၈။ မြတ်စွာဘုရား အဘယ် အခြင်းအရာတို့ဖြင့် သံဃာသည် ကွဲပြားပါသနည်း ဟု (လျှောက်၏)။ ဥပါလိ ငါးပါးသော အခြင်းအရာတို့ဖြင့် သံဃာသည် ကွဲပြား၏။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ကံဖြင့် ကွဲ၏၊ (ပါတိမောက်)ပြခြင်းဖြင့် ကွဲ၏၊ (ဘေဒကရဝတ္ထုကို)ပြောကြားသည် ဖြစ်၍ ကွဲ၏၊ ထပ်ကာ ထပ်ကာ ကြားသဖြင့် ကွဲ၏၊ စာရေးတံမဲ ယူစေသဖြင့် ကွဲ၏။ ဥပါလိ ဤငါးပါးသော အခြင်းအရာတို့ဖြင့် သံဃာသည် ကွဲပြား၏ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား သံဃာ့အရေး သံဃာ့အရေး[၁] ဟူ၍ ဆိုအပ်ပါ၏၊ မြတ်စွာဘုရား အဘယ်မျှဖြင့် သံဃာ့အရေးသာ ဖြစ်၍ သံဃာကွဲပြားခြင်း မဖြစ်ပါသနည်း၊ အဘယ်မျှဖြင့်ကား သံဃာ့အရေးလည်း ဖြစ် သံဃာကွဲပြားခြင်းလည်း ဖြစ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ငါသည် အာဂန္တု 'ဧည့်သည်' ရဟန်းတို့အား အာဂန္တုက ဝတ်ကို ပညတ်ခဲ့၏၊ ဥပါလိ ငါသည် ဤသို့ သိက္ခာပုဒ်ကို ကောင်းစွာ ပညတ်ပါလျက် အာဂန္တု ရဟန်းတို့သည် အာဂန္တုက ဝတ်၌ မကျင့်ကုန်။ ဥပါလိ ဤသို့ မကျင့်ခြင်းသည်လည်းသံဃာ့အရေးသာ ဖြစ်၍ သံဃာ ကွဲပြားခြင်း မဖြစ်။ ဥပါလိ ငါသည် အာဝါသိက 'ကျောင်းနေ'ရဟန်းတို့အား အာဝါသိက ဝတ်ကို ပညတ်ခဲ့၏၊ ဥပါလိ ငါသည် ဤသို့ သိက္ခာပုဒ်ကို ကောင်းစွာ ပညတ်ပါလျက် ကျောင်းနေ ရဟန်းတို့သည် အာဝါသိက ဝတ်၌ မကျင့်ကုန်။ ဥပါလိ ဤသို့ မကျင့်ခြင်းသည်လည်း သံဃာ့အရေးသာ ဖြစ်၍ သံဃာကွဲပြားခြင်း မဖြစ်။

ဥပါလိ ငါသည် ရဟန်းတို့အား ဆွမ်းစားစရပ်၌ သီတင်းကြီးစဉ်အားလျော်စွာ ညဥ့်အတိုင်းအရှည် အားလျော်စွာ တင့်အပ်လျောက်ပတ်သည် အားလျော်စွာ ဒနရာဦး ရေဦး ဆွမ်းဦး (ခံယူရမည့်)ဆွမ်းစားစရပ် ကျင့်ဝတ်ကို ပညတ်ခဲ့၏၊ ဥပါလိ ငါသည် ဤသို့ သိက္ခာပုဒ်ကို ကောင်းစွာ ပညတ်ပါလျက် ရဟန်းငယ်တို့သည် ဆွမ်းစားစရပ်၌ မထေရ်ကြီး ရဟန်းတို့၏ နေရာကို တားမြစ်ကုန်၏။ ဥပါလိ ဤသို့ တားမြစ်ခြင်းသည်လည်း သံဃာ့အရေးသာ ဖြစ်၍ သံဃာကွဲပြားခြင်း မဖြစ်။

ဥပါလိ ငါသည် ရဟန်းတို့အား ကျောင်း(အိပ်ရာ နေရာ)၌ သီတင်းကြီးစဉ်အား လျော်စွာ ညဥ့်အတိုင်းအရှည်အားလျော်စွာ တင့်အပ်လျောက်ပတ်သည်အားလျော်စွာ သေနာသနဝတ်ကို ပညတ်ခဲ့၏၊ ဥပါလိ ငါသည် ဤသို့ သိက္ခာပုဒ်ကို ကောင်းစွာ ပညတ်ပါလျက် ရဟန်းငယ်တို့သည်

---

၁. ရာဇီ-အရေးဟူသည် အက်ကြောင်း ကွဲပြားမည့် အရိပ်အရောင်ကို ဆိုလိုသည်။

http://www.dhammadownload.com



မထေရ်ကြီး ရဟန်းတို့၏ ကျောင်း(အိပ်ရာနေရာ)ကို တားမြစ်ကြကုန်၏။ ဥပါလိ ဤသို့ တားမြစ်ခြင်း သည်လည်း သံဃာ့အရေးသာ ဖြစ်၍ သံဃာကွဲပြားခြင်း မဖြစ်။

ဥပါလိ ငါသည် ရဟန်းတို့အား သိမ်အတွင်း၌ ဥပုသ်အတူ ပဝါရဏာအတူ သံဃကံအတူ ကံကြီး ကံငယ်အတူ ပြုခြင်းကို ပညတ်ခဲ့၏၊ ဥပါလိ ငါသည် ဤသို့ သိက္ခာပုဒ်ကို ကောင်းစွာ ပညတ်ပါလျက် ထိုသိမ်အတွင်း၌ပင် အသီးအခြားပြု၍ ဂိုဏ်းဖွဲ့၍ အသီးအခြား ဥပုသ်ကို ပြုကုန်၏၊ အသီးအခြား ပဝါရဏာကို ပြုကုန်၏၊ အသီးအခြား သံဃကံကို ပြုကုန်၏၊ အသီးအခြား ကံကြီးကံငယ်တို့ကို ပြုကုန်၏။ ဥပါလိ ဤသို့ အသီးအခြားပြုခြင်းသည်သာလျှင် သံဃာ့အရေးလည်းဖြစ်၍ သံဃာကွဲပြား ခြင်းလည်း ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆယ်ခုမြောက် အဓိကရဏဝူပသမဝဂ် ပြီး၏။

ထိုအဓိကရဏဝူပသမဝဂ်၏ အကျဉ်းချုပ်—

အာပတ်ကို သိခြင်းပဥ္စက၊ အဓိကရုဏ်းကို သိခြင်းပဥ္စက၊ ဆန္ဒာဂတိသို့ လိုက်ခြင်းပဥ္စက၊ နည်းသော အကြားအမြင်ရှိခြင်း ပဥ္စက၊ ဝတ္ထုကို သိခြင်း ပဥ္စက၊ ဝိနည်းပိဋကတ်၌ မလိမ္မာခြင်း ပဥ္စက၊ ပုဂ္ဂိုလ်ကို အလေးပြုခြင်း ပဥ္စက၊ အာမိသကို အလေးပြုခြင်း ပဥ္စက၊ သံဃာကွဲပြားခြင်း ပဥ္စက၊ သံဃာ့အရေး ထို့မှတပါး သံဃာကွဲပြားခြင်း။

ဤကား အကျဉ်းချုပ် အပြီးတည်း။

## ၁၁-သံဃဘေဒကဝဂ်

၄၅၉။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ ဖြစ်လတ္တံ့ပါနည်း၊ ငရဲ၌ ဖြစ်လတ္တံ့ပါနည်း၊ အာယုကပ် ပတ်လုံး တည်လတ္တံ့ပါနည်း၊ ကုစားခြင်းငှါ မတတ်ကောင်းပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ် လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဥပါလိ ဤ သာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြ၏၊ (အဓမ္မစသော)အယူကို ဆောက်တည်၍ (အသီးအခြား)ကံ ပြု၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ဖြစ်လတ္တံ့၊ ငရဲ၌ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည်လည်း အပါယ်၌ဖြစ် လတ္တံ့၊ ငရဲ၌ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ် ငါးပါးတို့နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရား မဟုတ်သည်ကို တရားဟု ပြ၏၊

http://www.dhammadownload.com



တရား ဟုတ်သည်ကိုတရားမဟုတ်ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်း ဟု ပြ၏၊ဝိနည်း ဟုတ်သည်ကို ဝိနည်းမဟုတ်ဟုပြ၏၊(အဓမ္မစသော)အယူကို ဆောက်တည်၍ (အသီးအခြား)ပါတိမောက်ပြ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံးတည်လတ္တံ့၊ကုစားခြင်းငှါ မတတ်ကောင်း။

ဥပါလိ အခြားအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော သံဃာ သင်းခွဲသောသူသည်လည်း အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ဖြစ်လတ္တံ့၊အာယုကပ်ပတ်လုံး တည်လတ္တံ့၊ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ်ငါးပါးတို့နည်းဟူမူ၊ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟုပြ၏၊ တရားဟုတ်သည်ကိုတရားမဟုတ်ဟု ပြ၏၊ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ဝိနည်း ဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊(အဓမ္မစသော)အယူကို ဆောက်တည်၍ ပြောဆို၏။ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောသံဃာသင်းခွဲသော သူသည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည်လည်း အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ (အဓမ္မစသော)အယူကို ဆောက်တည်၍ ထပ်ကာထပ်ကာ ကြား၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံးတည်လတ္တံ့၊ကုစားခြင်းငှါ မတတ်ကောင်း။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည်လည်း အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊(အဓမ္မစသော)အယူကို ဆောက်တည်၍ စာရေးတံမဲယူစေ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည်လည်း အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ နှစ်သက်ခြင်းကို ဆောက်တည်၍ ကံပြု၏။ပ။

နှစ်သက်ခြင်းကို ဆောက်တည်၍ အသီးအခြား ပါတိမောက်ပြ၏။ပ။ နှစ်သက်ခြင်းကို ဆောက်တည်၍ ပြောဆို၏။ပ။ နှစ်သက်ခြင်းကို ဆောက်တည်၍ ထပ်ကာထပ်ကာ ကြား၏။ပ။ နှစ်သက်ခြင်းကို ဆောက်တည်၍ စာရေးတံမဲယူစေ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။

http://www.dhammadownload.com



ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည်လည်း အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်းမဟုတ်ဟုပြ၏၊ အားရှိသော နှစ်သက်ခြင်းကို ဆောက်တည်၍ ကံပြု၏။ပ။ အားရှိသော နှစ်သက်ခြင်းကို ဆောက်တည်၍ အသီးအခြား ပါတိမောက်ပြ၏။ပ။ အားရှိသော နှစ်သက်ခြင်းကို ဆောက်တည်၍ ပြောဆို၏ ။ပ။ အားရှိသော နှစ်သက်ခြင်းကို ဆောက်တည်၍ ထပ်ကာထပ်ကာ ကြား၏။ပ။ အားရှိသော နှစ်သက်ခြင်းကို ဆောက်တည်၍ စာရေးတံမဲယူစေ၏။ပ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည်လည်း အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ် ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြ၏၊ အမှတ်သညာကိုဆောက်တည်၍ ကံပြု၏။ပ။ အမှတ်ကိုဆောက်တည်၍ အသီးအခြား ပါတိမောက်ပြ၏။ပ။ အမှတ်ကို ဆောက်တည်၍ ပြောဆို၏။ပ။အမှတ်ကိုဆောက်တည်၍ ထပ်ကာထပ်ကာ ကြား၏။ပ။ အမှတ်ကို ဆောက်တည်၍ စာရေးတံမဲယူစေ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ ဖြစ်လတ္တံ့၊ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစားခြင်းငှါ မတတ်ကောင်း ဟု (မိန့်တော်မူ၏)။

တဆယ့်တခုမြောက် သံဃဘေဒကဝဂ် ပြီး၏

ထိုသံဃဘေဒကဝဂ်၏ အကျဉ်းချုပ်—

အယူကို ဆောက်တည်၍ ကံပြုခြင်း ပဉ္စက၊ အသီးအခြား ပါတိမောက် ပြခြင်း ပဉ္စက၊ ဆိုခြင်း ပဉ္စက၊ ထပ်ကာထပ်ကာကြားခြင်း ပဉ္စက၊ စာရေးတံမဲယူစေခြင်း ပဉ္စက၊ ဤငါးပါးသော ပဉ္စကနည်းတို့သည် အယူကို မှီကုန်၏၊ နှစ်သက်ခြင်းကိုလည်း အားရှိသော နှစ်သက်ခြင်းကိုလည်း အမှတ်ကိုလည်း (မှီကုန်သော) သုံးပါးသော ထိုနည်းတို့သည် ငါးပါးစီ အပြားရှိကုန်၏။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၁၂-ဒုတိယသံဃဘေဒကဝဂ်

၄၆၀။ မြတ်စွာဘုရား အဘယ် အင်္ဂါနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ မဖြစ်လတ္တံ့ပါနည်း၊ ငရဲ၌ မဖြစ်လတ္တံ့ပါနည်း၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့ပါနည်း၊ ကုစားကောင်းပါသနည်းဟု (လျှောက်၏)။

http://www.dhammadownload.com



ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။အဘယ်ငါးပါးတို့နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကိုတရားဟုပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ (အမွေစသော)အယူကို မဆောက်တည်မူ၍ ကံပြု၏။ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည် လတ္တံ့၊ ကုစားကောင်း၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည်လည်း အပါယ်၌ မဖြစ် လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။ အဘယ်ငါးပါး တို့နည်း ဟူမူ။ ဟရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်း ဟုပြ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြ၏၊ အယူကို မဆောက်တည် မူ၍ အသီးအခြား ပါတိမောက်ပြ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစား ကောင်း၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည်လည်း အပါယ်၌ မဖြစ် လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။ အဘယ်ငါးပါးတို့ နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရား ဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြ၏၊ အယူကို မဆောက်တည်မူ၍ ဆို၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည် လတ္တံ့၊ ကုစားကောင်း၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့်ပြည့်စုံသော သံဃာသင်းခွဲသော သူသည်လည်း အပါယ်၌ မဖြစ် လတ္တံ့၊ငရဲ၌မဖြစ်လတ္တံ့၊အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။အဘယ်ငါးပါးတို့ နည်းဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ အယူကို မဆောက်တည်မူ၍ ထပ်ကာ ထပ်ကာ ကြား၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံ သော သံဃာသင်းခွဲသောသူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။

ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည်လည်း, အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။ အဘယ်ငါးပါး တို့ နည်းဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟုပြ၏၊ တရား ဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း ဟုပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ အယူကို မဆောက်တည်မူ၍ စာရေးတံမဲ ယူစေ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ် ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။

http://www.dhammadownload.com



ဥပါလိ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသော သူသည်လည်း အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။ အဘယ်ငါးပါး တို့ နည်းဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရား ဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ နှစ်သက်ခြင်းကို မဆောက်တည်မူ၍ ကံပြု၏။ပ။ နှစ်သက်ခြင်းကို မဆောက် တည်မူ၍ အသီးအခြား ပါတိမောက် ပြ၏။ပ။ နှစ်သက်ခြင်းကို မဆောက်တည်မူ၍ ဆို၏။ပ။ နှစ်သက်ခြင်းကို မဆောက်တည်မူ၍ ထပ်ကာ ထပ်ကာ ကြား၏။ပ။ နှစ်သက်ခြင်းကို မဆောက်တည် မူ၍ စာရေးတံမဲ ယူစေ၏။ပ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည်လည်း အပါယ်၌ မဖြစ် လတ္တံ့၊ ငရဲ၌မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။ အဘယ်ငါးပါး တို့နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြ၏၊ အားရှိသော နှစ်သက်ခြင်းကို မဆောက်တည်မူ၍ ကံပြု၏။ ပ ။ အားရှိသော နှစ်သက်ခြင်းကို မဆောက်တည်မူ၍ အသီးအခြား ပါတိမောက်ပြ၏။ပ။ အားရှိသော နှစ်သက်ခြင်းကို မဆောက်တည်မူ၍ ဆို၏။ပ။ အားရှိသော နှစ်သက်ခြင်းကို မဆောက်တည်မူ၍ ထပ်ကာ ထပ်ကာ ကြား၏။ပ။ အားရှိသော နှစ်သက်ခြင်းကို မဆောက်တည်မူ၍ စာရေးတံမဲ ယူစေ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲသောသူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။

ဥပါလိ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာ သင်းခွဲသောသူသည်လည်း အပါယ်၌ မဖြစ် လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစားကောင်း၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ တရားမဟုတ်သည်ကို တရားဟု ပြ၏၊ တရားဟုတ်သည်ကို တရား မဟုတ်ဟု ပြ၏၊ ဝိနည်းမဟုတ်သည် ကို ဝိနည်းဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြ၏၊ အမှတ်သညာကို မဆောက်တည်မူ၍ ကံပြု၏။ပ။ အမှတ်ကို မဆောက်တည်မူ၍ အသီးအခြား ပါတိမောက်ပြ၏။ပ။ အမှတ်ကို မဆောက် တည်မူ၍ ဆို၏။ပ။ အမှတ်ကို မဆောက်တည်မူ၍ ထပ်ကာ ထပ်ကာ ကြား၏။ပ။ အမှတ်ကို မဆောက်တည်မူ၍ စာရေးတံမဲ ယူစေ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သံဃာသင်းခွဲ သော သူသည် အပါယ်၌ မဖြစ်လတ္တံ့၊ ငရဲ၌ မဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး မတည်လတ္တံ့၊ ကုစား ကောင်း၏ ဟု (မိန့်တော်မူ၏)။

တဆယ့်နှစ်ခုမြောက် ဒုတိယသံဃဘေဒကဝဂ် ပြီး၏။

ထိုဒုတိယသံဃဘေဒကဝဂ်၏ အကျဉ်းချုပ်—

(အမှေ့မှုစသော)အယူကို မဆောက်တည်မူ၍ ကံပြုခြင်း ပဉ္စက၊ အသီးအခြား ပါတိမောက် ပြခြင်း ပဉ္စက၊ ပြောဆိုခြင်း ပဉ္စက၊ ထပ်ကာ ထပ်ကာ ကြားခြင်း ပဉ္စက၊ စာရေးတံမဲယူစေခြင်း

http://www.dhammadownload.com



ပဥ္စက၊ ထိုငါးပါးတို့သည် အယူကို မှီကုန်၏၊ နှစ်သက်ခြင်းကိုင်း အားရှိသော နှစ်သက်ခြင်း ကိုင်း အမှတ်ကိုင်း သုံးပါးသော ထိုနည်းတို့သည် ငါးပါး အပြားရှိကုန်၏။

အောက်ကဏ္ဍပက္ခ အမျှနှစ်ဆယ်သော အစီအရင်တို့သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူပင် သုက္ကပက္ခ၌ အမျှ နှစ်ဆယ်သော အစီအရင်တို့ကို သိလင့်ကုန်။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၁၃-အာဝါသိကဝဂ်

၄၆၁။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့် ပြည့်စုံသော ကျောင်းနေ ရဟန်းကို (တစုံတယောက်က) ဆောင်ယူ ပစ်ချအပ်သကဲ့သို့ ငရဲ၌ ချထားအပ်ပါသနည်းဟု (လျှောက်၏)။ ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်းနေ ရဟန်းကို (တစုံတယောက်က) ဆောင်ယူပစ်ချအပ်သကဲ့သို့ ငရဲ၌ ချထား အပ်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ဆန္ဒာဂတိသို့ လိုက်၏၊ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ဘယာဂတိသို့ လိုက်၏၊သံဃိကပစ္စည်းကို ပုဂ္ဂလိကသုံးဆောင်ခြင်းဖြင့် သုံးဆောင်၏။ဥပါလိ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်းနေရဟန်းကို (တစုံတယောက်က) ဆောင်ယူ ပစ်ချအပ် သကဲ့သို့ ငရဲ၌ ချထားအပ်၏။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ကျောင်းနေရဟန်းကို(တစုံတယောက်က)ဆောင်ယူထား အပ်သကဲ့သို့ ဤအတူ နတ်ပြည်၌ ထားအပ်၏၊ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ သံဃိကပစ္စည်းကို ပုဂ္ဂလိက သုံးဆောင်ခြင်းဖြင့် မသုံးဆောင်။ ဥပါလိ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ကျောင်းနေ ရဟန်းကို (တစုံတယောက်က)ဆောင်ယူထားအပ်သကဲ့သို့ နတ်ပြည်၌ ထားအပ်၏ဟု (မိန့်တော်မူ၏)။

၄၆၂။ မြတ်စွာဘုရား တရားနှင့်မလျော်သော ဝိနည်းကို ဖြေဆိုခြင်းတို့သည် အဘယ်မျှတို့ပါ နည်းဟု(လျှောက်၏)။ ဥပါလိ တရားနှင့် မလျော်သော ဝိနည်းကို ဖြေဆိုခြင်းတို့သည် ဤငါးပါးတို့ တည်း။အဘယ်ငါးပါးတို့နည်း ဟူမူ။ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု မှတ်စေ၏၊(ဆို၏)၊တရားဟုတ်သည်ကို တရားမဟုတ်ဟု မှတ်စေ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု မှတ်စေ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်းမဟုတ်ဟု မှတ်စေ၏၊ မပညတ်ရသေးသည်ကို ပညတ်၏၊ ပညတ်ထားပြီးကို ဖြတ်၏ (နုတ်ပယ်၏)။ ဥပါလိ တရားနှင့်မလျော်သော ဝိနည်းကို ဖြေဆိုခြင်းတို့သည် ဤငါးပါးတို့တည်း။

ဥပါလိ တရားနှင့်လျော်သော ဝိနည်းကို ဖြေဆိုခြင်းတို့သည် ဤငါးပါးတို့တည်း။အဘယ်ငါးပါး တို့နည်း ဟူမူ။ ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားမဟုတ်ဟု မှတ်စေ၏၊ (ဆို၏)၊ တရားဟုတ်သည်ကို တရား ဟုတ်သည်ဟု မှတ်စေ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်း မဟုတ်ဟု မှတ်စေ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်း ဟုတ်သည်ဟု မှတ်စေ၏၊ မပညတ်ရသေး သည်ကို မပညတ်၊ ပညတ်ထားပြီးသည်ကို မဖြတ် (မနုတ်ပယ်)။ ဥပါလိ တရားနှင့်လျော်သော ဝိနည်းကို ဖြေဆိုခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၆၃။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့်ပြည့်စုံသော ဆွမ်းညွှန်းရဟန်းကို (တစုံတယောက်က) ဆောင်ယူပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ ချထားအပ်ပါသနည်း ဟု (လျှောက်၏)။ ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဆွမ်းညွှန်းရဟန်းကို (တစုံတယောက်က)ဆောင်ယူပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ ချထားအပ်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဆန္ဒာဂတိသို့ လိုက်၏၊ ဒေါသာဂတိသို့ လိုက်၏၊ မောဟာဂတိသို့ လိုက်၏၊ ဘယာဂတိသို့ လိုက်၏၊ ညွှန်းအပ်သည် မညွှန်းအပ်သည်ကို မသိ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ဆွမ်းညွှန်းရဟန်းကို (တစုံတယောက်က)ဆောင်ယူပစ်ချအပ်သကဲ့သို့ ငရဲ၌ ချထားအပ်၏။

ဥပါလိ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဆွမ်းညွှန်းရဟန်းကို (တစုံတယောက်က) ဆောင်၍ ထားအပ်သကဲ့သို့ နတ်ပြည်၌ ထားအပ်၏။အဘယ်ငါးပါးတို့နည်း ဟူမူ။ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ ညွှန်းအပ်သည် မညွှန်းအပ်သည်ကို သိ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ဆွမ်းညွှန်း ရဟန်းကို (တစုံတယောက်က)ဆောင်၍ ထားအပ်သကဲ့သို့ နတ်ပြည်၌ ထားအပ်၏ ဟု (မိန့်တော်မူ၏)။

၄၆၄။ မြတ်စွာဘုရား အဘယ်မျှသော အင်္ဂါနှင့်ပြည့်စုံသော အိပ်ရာနေရာခင်းသော ရဟန်းကို ။ပ။ဘဏ္ဍာစိုးရဟန်းကို။ပ။သင်္ကန်းခံသော ရဟန်းကို။ပ။သင်္ကန်းဝေဘန်သော ရဟန်းကို။ပ။ ယာဂုဝေဘန်သော ရဟန်းကို။ပ။ သစ်သီးဝေဘန်သော ရဟန်းကို။ပ။ ခဲဖွယ်ဝေဘန်သော ရဟန်းကို။ပ။ အသေးအဖွဲ့စွန့်သော ရဟန်းကို။ပ။ ပုဆိုးကိုယူစေသော ရဟန်းကို ။ပ။ နိသီဒနသပိတ်ကို ယူစေသော ရဟန်းကို။ပ။ အရံစောင့်အား စေခိုင်းသော ရဟန်းကို။ပ။ သာမဏေအား စေခိုင်းသော ရဟန်းကို (တစုံတယောက်က)ဆောင်ယူပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ ချထားအပ်ပါသနည်းဟု (လျှောက်၏)။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သာမဏေအား စေခိုင်းသော ရဟန်းကို(တစုံတယောက်က) ဆောင်ယူပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ ချထားအပ်၏။ အဘယ်ငါးပါးတို့နည်းဟူမူ။ ဆန္ဒာဂတိသို့ လိုက်၏၊ဒေါသာဂတိသို့ လိုက်၏၊မောဟာဂတိသို့ လိုက်၏၊ဘယာဂတိသို့ လိုက်၏၊ စေခိုင်းအပ်သည် မစေခိုင်းအပ်သည်ကို မသိ။ ဥပါလိ ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော သာမဏေအား စေခိုင်းသော ရဟန်းကို (တစုံတယောက်က)ဆောင်ယူပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ ချထားအပ်၏။

ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သာမဏေအား စေခိုင်းသော ရဟန်းကို(တစုံတယောက်က) ဆောင်၍ ထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်၌ ထားအပ်၏။ အဘယ်ငါးပါးတို့နည်းဟူမူ။ ဆန္ဒာဂတိသို့ မလိုက်၊ ဒေါသာဂတိသို့ မလိုက်၊ မောဟာဂတိသို့ မလိုက်၊ ဘယာဂတိသို့ မလိုက်၊ စေခိုင်းအပ်သည် မစေခိုင်းအပ်သည်ကို သိ၏။ ဥပါလိ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သာမဏေကို စေခိုင်းသော ရဟန်းကို (တစုံတယောက်က) ဆောင်၍ ထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်၌ ထားအပ်၏ ဟု (မိန့်တော်မူ၏)။

**တဆယ့်သုံးခုမြောက် အာဝါသိကဝဂ် ပြီး၏။**

http://www.dhammadownload.com



ထိုအာဝါသိကဝဂ်၏ အကျဉ်းချုပ်—

ကျောင်းနေရဟန်းပဉ္စက၊ ဝိနည်း၌ အမေးကို ဖြေဆိုခြင်း ပဉ္စက၊ ဆွမ်းညွှန်းရဟန်းပဉ္စက၊ ကျောင်းအိပ်ရာ နေရာခင်းသော ရဟန်းပဉ္စက၊ ဘဏ္ဍာစိုးရဟန်းပဉ္စက၊ သင်္ကန်းကို ခံယူသော ရဟန်းပဉ္စက၊ သင်္ကန်းကို ဝေဘန်သော ရဟန်းပဉ္စက။

ယာဂုကို ဝေဘန်သော ရဟန်းပဉ္စက၊ သစ်သီးကို ဝေဘန်သော ရဟန်းပဉ္စက၊ ခဲဖွယ်ကို ဝေဘန်သော ရဟန်းပဉ္စက၊ အသေးအဖွဲ့ပရိက္ခရာကို စွန့်သော ရဟန်းပဉ္စက၊ သာဃာ၍ ခံသော ရွှေငွေကို ယူစေခိုင်းသော ရဟန်းပဉ္စက၊ သပိတ်ကို ခံယူသော ရဟန်းပဉ္စက၊ အရံစောင့် စေခိုင်းသော ရဟန်းပဉ္စက၊ သာမဏေကို စေခိုင်းသော ရဟန်းပဉ္စက။

ဤကား အကျဉ်းချုပ် အပြီးတည်း။

---

## ၁၄ – ကထိနတ္ထာရဝဂ်

၄၆၅။ မြတ်စွာဘုရား ကထိန်ခင်းခြင်း၌ အကျိုးတို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။ ဥပါလိ ကထိန်ခင်းခြင်း၌ အကျိုးတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ သွားရခြင်း၊ သင်္ကန်းကို မယူပဲ သွားရခြင်း၊ ဂဏဘောဇဉ်ကို စားရခြင်း၊ အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ အလိုရှိတိုင်း သင်္ကန်းကို ထားရခြင်း၊ ထိုကထိန်ခင်းသော ကျောင်း၌ ဖြစ်သော သံဃိကသင်္ကန်းသည် ထိုကထိန်ခင်းသော ရဟန်းတို့အား ဖြစ်လတ္တံ့။ ဥပါလိ ကထိန်ခင်းခြင်း၌ အကျိုးတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၆၆။ မြတ်စွာဘုရား သတိ လွတ်ကင်း ဆင်ခြင်ခြင်း မရှိသည်ဖြစ်၍ အိပ်ပျော်သောသူ၏ အပြစ်တို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။ ဥပါလိ သတိလွတ်ကင်း ဆင်ခြင်ခြင်း မရှိသည် ဖြစ်၍ အိပ်ပျော်သောသူ၏ အပြစ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ဆင်းဆင်းရဲရဲအိပ်ရ၏၊ ဆင်းဆင်းရဲရဲနိုးရ၏၊ မကောင်းသော အိပ်မက်ကို မြင်မက်၏၊ နတ်တို့သည် မစောင့်ရှောက်ကုန်၊ သုက်လွှတ်၏။ ဥပါလိ သတိ လွတ်ကင်း ဆင်ခြင်ခြင်း မရှိသည်ဖြစ်၍ အိပ်ပျော်သော သူ၏ အပြစ်တို့သည် ဤငါးပါးတို့တည်း။

ဥပါလိ သတိ ထင်လင်း ဆင်ခြင်ခြင်း ရှိသည်ဖြစ်၍ အိပ်ပျော်သူ၏ အကျိုးတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာ နိုးရ၏၊ မကောင်းသော အိပ်မက်ကို မမြင်မက်၊ နတ်တို့သည် စောင့်ရှောက်ကုန်၏၊ သုက်မလွှတ်။ ဥပါလိ သတိထင်လင်း ဆင်ခြင်ခြင်း ရှိသည်ဖြစ်၍ အိပ်ပျော်သောသူ၏ အကျိုးတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၆၇။ မြတ်စွာဘုရား ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။ ဥပါလိ ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ။ ရွာတွင်း ဝင်သောသူကို ရှိမခိုးအပ်၊ လမ်းခရီးသွားသူကို ရှိမခိုးအပ်၊ အမိုက်မှောင်၌နေသောသူကို ရှိမခိုးအပ်၊ အမှုပြုဆဲ ဖြစ်၍ နှလုံးမသွင်းသော သူကို ရှိမခိုးအပ်၊ အိပ်သောသူကို ရှိမခိုးအပ်။ ဥပါလိ ရှိမခိုးအပ် သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း။

http://www.dhammadownload.com



ဥပါလိ အခြား ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည်လည်း ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ယာဂုသောက်ရာ၌ ရှိမခိုးအပ်၊ ဆွမ်းစားစရပ်၌ ရှိမခိုးအပ်၊ တဖက်သော ရန်သူအဖို့၌ ကည်သော သူကို ရှိမခိုးအပ်၊ တပါးကို ကြံအောက်မေ့သူကို ရှိမခိုးအပ်၊ အဝတ်အချည်းနှီး နေသော သူကို ရှိမခိုး အပ်။ ဥပါလိ ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း။

ဥပါလိ အခြား ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည်လည်း ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ခဲဆဲသော သူကို ရှိမခိုးအပ်၊ စားဆဲသော သူကို ရှိမခိုးအပ်၊ ကျင်ကြီး စွန့်ဆဲသောသူကို ရှိမခိုး အပ်၊ ကျင်ငယ်စွန့်ဆဲသော သူကို ရှိမခိုးအပ်၊ ဥက္ခိတ္တက ရဟန်းကို ရှိမခိုးအပ်။ ဥပါလိ ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း။

ဥပါလိ အခြား ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည်လည်း ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့ နည်းဟူမူ။ ရှေးဦးပဥ္စင်းခံသော သူသည် နောက်မှ ပဥ္စင်းခံသောသူကို ရှိမခိုးအပ်၊ သာမဏေကို ရှိမခိုး အပ်၊ အဓမ္မကို ဆိုလေ့ရှိသော သီတင်းကြီး ဖြစ်သော နာနာသံဝါသက ရဟန်းကို ရှိမခိုးအပ်၊ မိန်းမကို ရှိမခိုးအပ်၊ ပဏ္ဍုက်ကို ရှိမခိုးအပ်။ ဥပါလိ ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း။

ဥပါလိ အခြား ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည်လည်း ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ပရိဝါသ်နေသောသူကို ရှိမခိုးအပ်၊ အရင်းသို့ ငင်ထိုက်သော သူကို ရှိမခိုးအပ်၊ မာနတ်ထိုက် သော သူကို ရှိမခိုးအပ်၊ မာနတ်ကျင့်သော သူကို ရှိမခိုးအပ်၊ အဗ္ဘာန်ထိုက်သော သူကို ရှိမခိုးအပ်။ ဥပါလိ ရှိမခိုးအပ်သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၄၆၈။ မြတ်စွာဘုရား ရှိခိုးအပ်သော ပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့ပါနည်း ဟု (လျှောက်၏)။ ဥပါလိ ရှိခိုးအပ်သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ။ နောက်မှ ရဟန်းခံသူသည် ရှေးဦးရဟန်းခံသူကို ရှိခိုးအပ်၏၊ ဓမ္မကိုဆိုလေ့ရှိသော သီတင်းကြီးဖြစ်သော နာနာ သံဝါသက ရဟန်းကို ရှိခိုးအပ်၏၊ ဆရာကို ရှိခိုးအပ်၏၊ ဥပဇ္ဈာယ်ကို ရှိခိုးအပ်၏၊ နတ်မာရ်ဗြဟ္မာနှင့် တကွသော ဤသြကာသလောက၌ရင်း သမဏဗြာဟ္မဏ မင်းများလူများနှင့်တကွသော ဤသတ္တ လောက၌ရင်း ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို ရှိခိုးအပ်၏၊ ဥပါလိ ရှိခိုးအပ်သော ပုဂ္ဂိုလ်တို့သည် ဤငါးပါးတို့ တည်းဟု (မိန့်တော်မူ၏)။

၄၆၉။ မြတ်စွာဘုရား သီတင်းကြီးရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ်ရဟန်းသည် အဘယ်မျှသော တရားတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ ခြေတို့ကို ရှိခိုးအပ်ကုန်သနည်းဟု (လျှောက်၏)။ ဥပါလိသီတင်းကြီး ရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ်ရဟန်းသည် ငါးပါးသောတရားတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ ခြေတို့ကို ရှိခိုးအပ်ကုန်၏။ အဘယ်ငါးပါးတို့နည်း ဟူမူ။ ဥပါလိ သီတင်းကြီး ရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ်ရဟန်းသည် လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ဝတ်ကိုစမ္ပယ် ဘင်၍ လက်အုပ်ကို ချီလျက် လက်ဝါးပြင် နှစ်ဖက်တို့ဖြင့် ခြေတို့ကို ဆုပ်နယ်ကာ ချစ်ခြင်းကိုရင်း ရိုသေခြင်းကိုရင်း ဖြစ်စေ၍ ခြေတို့ကို ရှိခိုးအပ်ကုန်၏။ ဥပါလိ သီတင်းကြီး ရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ် ရဟန်းသည် ဤငါးပါးသော တရားတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ ခြေတို့ကို ရှိခိုးအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

တဆယ့်လေးခုမြောက် ကထိနက္ခန္ဓက ပြီး၏။

http://www.dhammadownload.com



ထိုကထိနတ္ထာရဝဂ်၏ အကျဉ်းချုပ်—

ကထိန်ခင်းခြင်းပဥ္စက၊ အိပ်ခြင်းပဥ္စက၊ ရွာတွင်းသို့ ဝင်ခြင်းပဥ္စက၊ ယာဂုသောက်ခြင်းပဥ္စက၊ ခဲဖွယ်ကို ခဲခြင်းပဥ္စက၊ ရှေး၌ ပဋ္ဌင်းခံသော ရဟန်းပဥ္စက၊ ပရိဝါသ်ဓနေသော ရဟန်းပဥ္စက၊ ရှိခိုး အပ်သော ပုဂ္ဂိုလ်ပဥ္စက၊ ရှိမခိုးအပ်သော ပုဂ္ဂိုလ်ပဥ္စက၊ ရှိမခိုးအပ်သော ပုဂ္ဂိုလ်ပဥ္စက။

ဤကား အကျဉ်းချုပ် အပြီးတည်း။

## ဥပါလိပဥ္စက ပြီး၏။

ထိုဝဂ်တို့၏ အကျဉ်းချုပ်—

အနိဿိတဝဂ်၊ ကမ္မဝဂ်၊ ဝေါဟာရဝဂ်၊ ဒိဋ္ဌာဝိကမ္မဝဂ်၊ စောဒနာဝဂ်၊ ဓုတင်ဝဂ်၊ မုသာဝါဒဝဂ်၊ ဘိက္ခုနီ ဩဝါဒဝဂ်၊ ဥဗ္ဗာဟိကဝဂ်၊ အဓိကရဏဝူပသမဝဂ်၊ ထို့မှတပါး သံဃဘေဒကဝဂ်နှစ်ပါး၊ အာဝါသိကဝဂ်၊ ကထိနတ္ထာရဝဂ်၊ ဤတဆယ့်လေးပါးသော ပဥ္စကဝဂ်တို့ကို ကောင်းစွာ ပြအပ်ကုန်၏။

ဤကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com

# အညာပဉ္စသမုဋ္ဌာန်

## ၁-ပါရာဇိက

၄၇၀။ စိတ်မရှိပဲ သင့်၍ စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ စိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် စိတ်မရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ စိတ်မရှိပဲ သင့်၍ စိတ်မရှိပဲ လွတ်သော အာပတ်သည် ရှိ၏၊ စိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏။

ကုသိုလ်စိတ်ရှိ၍ သင့်ပြီးလျှင် ကုသိုလ်စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ ကုသိုလ်စိတ် ရှိသည်ဖြစ်၍ သင့်ပြီးလျှင် အကုသိုလ်စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ ကုသိုလ်စိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် အဗျာကတစိတ် ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏။

အကုသိုလ်စိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် ကုသိုလ်စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ အကုသိုလ်စိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် အကုသိုလ်စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ အကုသိုလ်စိတ် ရှိသည်ဖြစ်၍ သင့်ပြီးလျှင် အဗျာကတစိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏။

အဗျာကတစိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် ကုသိုလ်စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ အဗျာကတစိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် အကုသိုလ်စိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏၊ အဗျာကတစိတ်ရှိသည်ဖြစ်၍ သင့်ပြီးလျှင် အဗျာကတစိတ်ရှိသည်ဖြစ်၍ လွတ်သော အာပတ်သည် ရှိ၏။

ပဌမပါရာဇိကသည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။ ပဌမပါရာဇိကသည် တပါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

ဒုတိယပါရာဇိကသည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။ ဒုတိယပါရာဇိကသည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ ကိုယ်ကြောင့်မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။

တတိယပါရာဇိကသည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။ တတိယပါရာဇိကသည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။

စတုတ္ထပါရာဇိကသည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

စတုတ္ထပါရာဇိကသည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်၏။

ပါရာဇိက လေးပါး ပြီး၏။

http://www.dhammadownload.com



## ၂-သံဃာဒိသိသ်

၄၇၁။ လွှဲသပြု၍ သုက်ကို လွှတ်သော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

လွှဲလပြု၍ သုက်ကို လွှတ်သော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် တပါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

မာတုဂါမနှင့် အတူတကွ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်သော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

မာတုဂါမနှင့်အတူ ကိုယ်လက်နှီးနှောခြင်း သို့ရောက်သော ရဟန်း၏သံဃာဒိသိသ်အာပတ်သည် တပါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏။ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

မာတုဂါမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြက်ရယ် ပြောဆိုသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

မာတုဂါမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုသော ရဟန်း၏ သံဃာဒိသိသ်အာပတ်သည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်။ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

မာတုဂါမ၏ အထံ၌ မိမိသည် အလိုရှိအပ်သော ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ကျေးဇူးကို ပြောဆိုသော ရဟန်း၏ သံဃာဒိသိသ်အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

မာတုဂါမ၏ အထံ၌ မိမိသည် အလိုရှိအပ်သော ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ကျေးဇူးကို ပြောဆိုသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ပ။

အောင်သွယ်ခြင်းသို့ ရောက်သော ရဟန်း၏ သံဃာဒိသိသ်အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

အောင်သွယ်ခြင်းသို့ ရောက်သော ရဟန်း၏ သံဃာဒိသိသ်အာပတ်သည် ခြောက်ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ စိတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်၊ စိတ်ကြောင့် မဖြစ်။ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်၏၊ စိတ်ကြောင့် မဖြစ်။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။ ရံခါ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ကိုယ်ကြောင့် မဖြစ်။ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

ကိုယ်တိုင်တောင်းအပ်သော (တံစဉ်းပဲကွပ် စသော)အဆောက်အဦဖြင့် ကုဋိကို ပြုစေသော ရဟန်း၏ သံဃာဒိသိသ်အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

ကိုယ်တိုင် တောင်းအပ်သော (တံစဉ်း ပဲကွပ် စသော) အဆောက်အဦဖြင့် ကုဋိကို ပြုစေသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် ခြောက်ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ပ။

http://www.dhammadownload.com



ကြီးသော ကျောင်းကို ပြုစေသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

ကြီးသောကျောင်းကို ပြုစေသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် ခြောက်ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ပ။

ရဟန်းကို (မြင်ခြင်း ကြားခြင်း ရှိရှာခြင်း) အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

ရဟန်းကို (မြင်ခြင်း ကြားခြင်း ရှိရှာခြင်း) အရင်းမရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ပ။

ရဟန်းကို တပါးသော အဖို့ရှိသော အဓိကရုဏ်း၏ တခုခု ညွှန်းပြအပ်သော အမြွက်မျှကို စွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

ရဟန်းကို တပါးသော အဖို့ရှိသော အဓိကရုဏ်း၏ တခုခု ညွှန်းပြအပ်သော အမြွက်မျှကိုစွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်း၏ သံဃာဒိသိသ်အာပတ်သည် သုံးပါးသော အကြောင်း 'သမုဋ္ဌာန်'တို့ကြောင့် ဖြစ်၏။ပ။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော သံဃာသင်းခွဲသော ရဟန်း၏ သံဃာဒိသိသ်အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော သံဃာသင်းခွဲသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် တပါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော သံဃာသင်းခွဲသော ရဟန်းသို့ အတုလိုက်သော ရဟန်းတို့၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော သံဃာသင်းခွဲသော ရဟန်းသို့ အတုလိုက်သော ရဟန်းတို့၏ သံဃာဒိသိသ် အာပတ်သည် တပါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော ဆုံးမခက်သော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော ဆုံးမခက်သော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် တပါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

သုံးကြိမ်တိုင်အောင် (ဉတ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

http://www.dhammadownload.com



သုံးကြိမ်တိုင်အောင် (နှ ဟ်ကမ္ဗဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်သော ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်း၏ သံဃာဒိသိသ် အာပတ်သည် တပ်ါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏။ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏။

သံဃာဒိသိသ် တဆယ့်သုံးပါး ပြီး၏။

---

၄၇၂။ပ။ မရှိသေခြင်းကို စွဲ၍ ရေခ္ဓ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံတွေးကိုရင်း ပြုသော ရဟန်း၏ ဒုက္ကဋ်အာပတ်သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။

မရှိသေခြင်းကို စွဲ၍ ရေ္ခ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံတွေးကိုရင်း ပြုသော ရဟန်း၏ ဒုက္ကဋ်အာပတ်သည် တပါးသော သမုဋ္ဌာန်ကြောင့် ဖြစ်၏။ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်။

သေခိယ ပြီး၏။

---

## ၃-ပါရာဇိက စသည်

၄၇၃။ လေးပါးသောပါရာဇိကတို့သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။

လေးပါးသော ပါရာဇိကတို့သည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့် ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

တဆယ့်သုံးပါးသော သံဃာဒိသိသ်တို့သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန် သနည်း။

တဆယ့်သုံးပါးသော သံဃာဒိသိသ်တို့သည် ခြောက်ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ရံခါ နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါနှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ် ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

နှစ်ပါးသော အနိယတတို့သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။

နှစ်ပါးသော အနိယတတို့သည် သုံးပါးသော သမုဋ္ဌာန်တို့ ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့် ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့်မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း ဖြစ်ကုန်၏။

http://www.dhammadownload.com



သုံးဆယ်သောစွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်တို့သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။

သုံးဆယ်သော စွန့်ခြင်းဝိနည်းကံ ရှိသော ပါစိတ်တို့သည် ခြောက်ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ ရခါ နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

ကိုးဆယ့်နှစ်ပါးသော ပါစိတ်အာပတ်တို့သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။

ကိုးဆယ့်နှစ်ပါးသော ပါစိတ်အာပတ်တို့သည် ခြောက်ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

လေးပါးသော ပါဋိဒေသနီ အာပတ်တို့သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။

လေးပါးသော ပါဋိဒေသနီ အာပတ်တို့သည် လေးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်၏။ ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

ခုနစ်ဆယ့် ငါးပါးသော သေခိယတို့သည် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။

ခုနစ်ဆယ့် ငါးပါးသော သေခိယတို့သည် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်၏။

ရံခါ ကိုယ်ကြောင့် ၎င်းစိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်။ ရံခါ နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်။ ရံခါ ကိုယ်ကြောင့်၎င်း နှုတ်ကြောင့်၎င်း စိတ်ကြောင့်၎င်း ဖြစ်ကုန်၏။

**သမုဋ္ဌာန်ပြီး၏။**

ထိုသမုဋ္ဌာန်၏အကျဉ်းချုပ်—

စိတ်မရှိသည်ဖြစ်၍ အာပတ်သို့ ရောက်ခြင်း၊ ကုသိုလ်စိတ်ရှိသည်ဖြစ်၍ အာပတ်သို့ ရောက်ခြင်း၊ အာပတ်သင့်ကြောင်း သမုဋ္ဌာန် ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာပတ်အား လျော်သော နည်းအားဖြင့် သမုဋ္ဌာန်ကို သိကုန်ရာ၏။

**ဤကား အကျဉ်းချုပ် အပြီးတည်း။**

http://www.dhammadownload.com

# ဒုတိယဂါထာသင်္ဂဟ

## ၁-ကာယဒွါရစသည်၌ ဖြစ်သောအာပတ်

၄၇၄။ ကာယဒွါရ၌ ဖြစ်သော အာပတ်တို့ကို အဘယ်မျှတို့ဟူ၍ ဝစီဒွါရ၌ ဖြစ်သော အာပတ်တို့ကို အဘယ်မျှတို့ဟူ၍ ဟောအပ်ကုန်သနည်း၊ ဖုံးလွှမ်းသော ရဟန်းအား အဘယ်မျှသော အာပတ်တို့ကို နှီးနှောခြင်း အကြောင်းကြောင့် အဘယ်မျှသော အာပတ်တို့ကို ဟောအပ်ကုန်သနည်း။

ကာယဒွါရ၌ ဖြစ်သောအာပတ်တို့ကို ခြောက်ပါးတို့ဟူ၍ ဝစီဒွါရ၌ ဖြစ်သော အာပတ်တို့ကို ခြောက်ပါးတို့ဟူ၍ ဟောအပ်ကုန်၏။ ဖုံးလွှမ်းသောရဟန်းအား သုံးပါးသော အာပတ်တို့ကို နှီးနှောခြင်းအကြောင်းကြောင့် ငါးပါးသော အာပတ်တို့ကို ဟောအပ်ကုန်၏။

အရုဏ်တက်သည်၌ အဘယ်မျှသော အာပတ်တို့သို့ ရောက်သနည်း၊ ယာဝတတိယကအာပတ်တို့သည် အဘယ်မျှတို့နည်း၊ ဤသာသနာတော်၌ အဋ္ဌဝတ္ထုကအာပတ်တို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှတို့ဖြင့် အလုံးစုံတို့ကို အကျဉ်းရေတွက်ခြင်း ဖြစ်သနည်း။

အရုဏ်တက်သည်၌ သုံးပါးသော အာပတ်တို့သို့ ရောက်၏၊ ယာဝတတိယက အာပတ်တို့သည် နှစ်ပါးတို့တည်း၊ ဤသာသနာတော်၌ အဋ္ဌဝတ္ထုက အာပတ်သည် တပါးသာတည်း၊ (နိဒါနုဒ္ဒေသ) တပါးဖြင့် (သိက္ခာပုဒ်ပါတိမောက္ခုဒ္ဒေသ) အလုံးစုံတို့ကို အကျဉ်းရေတွက်ခြင်းသည် ဖြစ်၏။

မြတ်စွာဘုရားသည် ပညတ်အပ်သောဝိနည်း၏ အရင်း'မူလ'တို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှသော ဝိနည်း၌ ဂရုကအာပတ်တို့ကို ဟောအပ်ကုန်သနည်း၊ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ဖုံးလွှမ်းခြင်းတို့သည် အဘယ်မျှတို့နည်း။

မြတ်စွာဘုရားသည် ပညတ်အပ်သော ဝိနည်း၏အရင်း 'မူလ'တို့သည် နှစ်ပါးတို့တည်း၊ နှစ်ပါးသော ဝိနည်း၌ ဂရုကအာပတ်တို့ကို ဟောအပ်ကုန်၏၊ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ဖုံးလွှမ်းခြင်းတို့သည် နှစ်ပါးတို့တည်း။

ရွာတပါးသွားခြင်း၌ အာပတ်တို့သည် အဘယ်မျှတို့နည်း၊ မြစ်တဖက်သို့ ကူးခြင်းတည်းဟူသော အကြောင်းကြောင့် အာပတ်တို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှသော အသားတို့၌ ထုလ္လစ္စဉ်းအာပတ်ကို ဟောအပ်သနည်း၊ အဘယ်မျှသော အသားတို့၌ ဒုက္ကဋ်အာပတ်ကို ဟောအပ်သနည်း။

ရွာတပါးသွားခြင်း၌ အာပတ်တို့သည် လေးပါးတို့တည်း၊ မြစ်တဖက်သို့ ကူးခြင်းတည်းဟူသော အကြောင်းကြောင့် အာပတ်တို့သည် လေးပါးတို့တည်း၊ လူအသားတမျိုး၌ ထုလ္လစ္စဉ်းအာပတ်ကို ဟောအပ်၏၊ ကိုးပါးသော အသားတို့၌ ဒုက္ကဋ်အာပတ်ကို ဟောအပ်၏။

ညဥ့်အခါ နှုတ်၌ဖြစ်သော အာပတ်တို့သည် အဘယ်မျှတို့နည်း၊ နေ့အခါနှုတ်၌ဖြစ်သော အာပတ်တို့သည် အဘယ်မျှတို့နည်း၊ ပေးသောသူအား အာပတ်တို့သည် အဘယ်မျှတို့နည်း၊ ခံယူသောသူအား အဘယ်မျှသော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

ညဥ့်အခါ နှုတ်၌ဖြစ်သော အာပတ်တို့သည် နှစ်ပါးတို့တည်း၊ နေ့အခါနှုတ်၌ ဖြစ်သော အာပတ်တို့သည် နှစ်ပါးတို့တည်း၊ ပေးသောသူအား အာပတ်တို့သည် သုံးပါးတို့တည်း၊ ခံယူခြင်းကြောင့် (အာပတ်တို့သည်) လေးပါးတို့တည်း။

http://www.dhammadownload.com



## ၂-ဒေသနာဂါမိစသော အာပတ်

၄၇၅။ ဒေသနာဂါမိအာပတ်တို့ကို အဘယ်မျှတို့ဟူ၍ ဟောအပ်ကုန်သနည်း၊ ကုစားကောင်းသော သပ္ပဋိကမ္မအာပတ်တို့ကို အဘယ်မျှတို့ဟူ၍ ဟောအပ်ကုန်သနည်း၊ ဤအာပတ်တို့တွင် မကုစားကောင်းသော အပ္ပဋိကမ္မအာပတ်တို့ကို အဘယ်မျှတို့ဟူ၍ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်ကုန်သနည်း။

ဒေသနာဂါမိအာပတ်တို့ကို ငါးပါးတို့ဟူ၍ ဟောအပ်ကုန်၏၊ ကုစားကောင်းသော သပ္ပဋိကမ္မအာပတ်တို့ကို ခြောက်ပါးတို့ဟူ၍ ဟောအပ်ကုန်၏၊ ဤအာပတ်တို့တွင် မကုစားကောင်းသော အပ္ပဋိကမ္မအာပတ်ကို နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် (ပါရာဇိကအာပတ်) တပါးဟူ၍ ဟောအပ်၏။

အဘယ်မျှသော ဝိနယဂရုက အာပတ်တို့ကို ဟောအပ်ကုန်သနည်း၊ ကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော သိက္ခာပုဒ်တို့ကား အဘယ်မျှတို့နည်း၊ အဘယ်မျှသောစပါး 'ကောက်'၏ အရည်သည် နေလွဲသောအခါ၌ အပ်သနည်း၊ ဥတ္တိစတုတ္ထကံဖြင့် သမုတ်ခြင်းတို့သည် အဘယ်မျှတို့နည်း။

နှစ်ပါးသော ဝိနယ ဂရုက အာပတ်တို့ကို ဟောအပ်ကုန်၏၊ ကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော သိက္ခာပုဒ်တို့သည် (အလုံးစုံသော သိက္ခာပုဒ်တို့ပင်တည်း)၊ နေလွဲသော အခါ၌ အပ်သောစပါး 'ကောက်'၏အရည်သည် (လောဏသောဝီရကဆေး) တပါးသာတည်း၊ ဥတ္တိစတုတ္ထကံဖြင့် သမုတ်ခြင်းသည် (ဘိက္ခုနောဝါဒကသမ္မုတိ) တပါးသာတည်း။

ကာယဒွါရ၌ဖြစ်သော ပါရာဇိကတို့သည် အဘယ်မျှတို့နည်း၊ သံဝါသဘူမိတို့သည် အဘယ်မျှတို့နည်း၊ အဘယ်ပုဂ္ဂိုလ်တို့အား ညဉ့်ပြတ်သနည်း၊ ဒွင်္ဂုလပညတ်တို့သည် အဘယ်မျှတို့နည်း။

ကာယဒွါရ၌ဖြစ်သော ပါရာဇိကတို့သည် နှစ်ပါးတို့တည်း၊ သံဝါသဘူမိတို့သည် နှစ်ပါးတို့တည်း၊ နှစ်ပါးသော ပုဂ္ဂိုလ်တို့အား ညဉ့်ပြတ်၏၊ ဒွင်္ဂုလပညတ်တို့သည် နှစ်ပါးတို့တည်း။

မိမိကိုယ်ကို ညှဉ်းဆဲခြင်းကြောင့် အဘယ်မျှသော အာပတ်တို့သို့ ရောက်သနည်း၊ အဘယ်မျှသော အကြောင်းတို့ဖြင့် သံဃာသည် ကွဲပြားသနည်း၊ ဤဝိနည်းပိဋကတ်၌ အဘယ်မျှကုန်သော ပဌမာပတ္တိကအာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဉတ်ကိစ္စတို့သည် အဘယ်မျှတို့နည်း။

မိမိကိုယ်ကို ညှဉ်းဆဲခြင်းကြောင့် နှစ်ပါးသော အာပတ်တို့သို့ ရောက်၏၊ နှစ်ပါးသော အကြောင်းတို့ဖြင့် သံဃာသည် ကွဲပြား၏။ ဤဝိနည်းပိဋကတ်၌ ပဌမာပတ္တိကအာပတ်တို့သည် နှစ်ပါးတို့တည်း၊ ဉတ်ကိစ္စတို့သည် နှစ်ပါးတို့တည်း။

သူ့အသက်ကိုသတ်ခြင်းကြောင့် အာပတ်တို့သည် အဘယ်မျှတို့နည်း၊ ဝစီဒွါရ၌ ဖြစ်သော ပါရာဇိကတို့သည် အဘယ်မျှတို့ဟူ၍ ဟောအပ်ကုန်သနည်း၊ ပြယ်ဆိုခြင်းကြောင့် အဘယ်မျှသော အာပတ်တို့ကို ဟောအပ်ကုန်သနည်း၊ အောင်သွယ်ခြင်းကြောင့် အဘယ်မျှသော အာပတ်တို့ကို ဟောအပ်ကုန်သနည်း။

သူ့အသက်ကိုသတ်ခြင်းကြောင့် အာပတ်တို့သည် သုံးပါးတို့တည်း၊ ဝစီဒွါရ၌ ဖြစ်သော ပါရာဇိက အာပတ်တို့သည် သုံးပါးတို့တည်း၊ ပြယ်ဆိုခြင်းကြောင့် သုံးပါးသော အာပတ်တို့ကို ဟောအပ်ကုန်၏၊ အောင်သွယ်ခြင်းကြောင့် (အာပတ်တို့သည်) သုံးပါးတို့တည်း။

http://www.dhammadownload.com



အဘယ်မျှသော ပုဂ္ဂိုလ်တို့ကို ပဋ္ဌင်းမခံအပ်ကုန်သနည်း၊ ကံတို့၏ ရေတွက်ခြင်းတို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှသော ဖျက်ဆီးခြင်းတို့ကို ဟောအပ်ကုန်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အား တပြိုင်နက် (ကမ္မဝါ)ရွတ်ခြင်းသည် အပ်သနည်း။

သုံးပါးသော ပုဂ္ဂိုလ်တို့ကို ပဋ္ဌင်းမခံအပ်ကုန်၊ ကံတို့၏ ရေတွက်ခြင်းတို့သည် သုံးပါးတို့တည်း၊ ဖျက်ဆီးခြင်းတို့ကို သုံးပါးတို့ဟူ၍ ဟောအပ်ကုန်၏၊သုံးပါးသော ပုဂ္ဂိုလ်တို့အား တပြိုင်နက် (ကမ္မဝါ) ရွတ်ခြင်းသည် အပ်၏။

မပေးအပ်သည်ကို ယူခြင်းကြောင့် အာပတ်တို့သည် အဘယ်မျှတို့နည်း၊ မေထုန်တည်းဟူသော အကြောင်းကြောင့် အာပတ်တို့သည် အဘယ်မျှတို့နည်း၊ ဖြတ်သောသူအား အာပတ်တို့သည် အဘယ်မျှတို့နည်း၊ စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် အာပတ်တို့သည် အဘယ်မျှတို့နည်း။

မပေးအပ်သည်ကို ယူခြင်းကြောင့် အာပတ်တို့သည် သုံးပါးတို့တည်း၊ မေထုန်တည်းဟူသော အကြောင်းကြောင့် အာပတ်တို့သည် လေးပါးတို့တည်း၊ ဖြတ်သော သူအား အာပတ်တို့သည် သုံးပါး တို့တည်း၊ စွန့်ခြင်းတည်းဟူသော အကြောင်းကြောင့် အာပတ်တို့သည် ငါးပါးတို့တည်း။

ဘိက္ခုနောဝါဒကဝဂ်၌ ပါစိတ်အာပတ်နှင့်တကွ ဒုက္ကဋ်အာပတ်ကို ပညတ်အပ်သလော၊ ဤ ဘိက္ခုနောဝါဒကဝဂ်၌ အဘယ်မျှသော နဝကတို့ကို ဟောအပ်ကုန်သနည်း၊ အဘယ်မျှသော ရဟန်း မိန်းမတို့အား သင်္ကန်းပေးခြင်းဖြင့် အာပတ်တို့ကို ဟောအပ်ကုန်သနည်း။

ဘိက္ခုနောဝါဒကဝဂ်၌ ပါစိတ်အာပတ်နှင့်တကွ ဒုက္ကဋ်အာပတ်တို့ကို ပညတ်အပ်သည်သာတည်း။ ဤဘိက္ခုနောဝါဒကဝဂ်၌ လေးပါးသော နဝကတို့ကို ဟောအပ်ကုန်၏၊ နှစ်ပါးသော ရဟန်းမိန်းမ တို့အား သင်္ကန်းပေးခြင်းကြောင့် (ပါစိတ်အာပတ် ဒုက္ကဋ်အာပတ်ကို ဟောအပ်၏)။

ရဟန်းမိန်းမတို့အား အဘယ်မျှလောက်သော ပါဋိဒေသနီအာပတ်တို့ကို ဟောအပ်ကုန်သနည်း၊ စပါး'ကောက်'စိမ်းကို(တောင်း၍) စားသောရဟန်းမိန်းမအား အဘယ်မျှသော ပါစိတ်အာပတ်နှင့် တကွ ဒုက္ကဋ်အာပတ်ကို ဟောအပ်သနည်း။

ရဟန်းမိန်းမတို့အား ရှစ်ပါးသော ပါဋိဒေသနီအာပတ်တို့ကို ဟောအပ်ကုန်၏၊ စပါး'ကောက်' စိမ်းကို (တောင်း၍) စားသော ရဟန်းမိန်းမအား ပါစိတ်အာပတ်နှင့်တကွ ဒုက္ကဋ်အာပတ်ကို ဟောအပ်၏။

သွားသော ရဟန်းအား အဘယ်မျှသော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ရပ်သော ရဟန်း အားလည်း အဘယ်မျှသော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ထိုင်သော ရဟန်းအားလည်း အဘယ် မျှသော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ အိပ်လျောင်းသော ရဟန်းအားလည်း အဘယ်မျှသော အာပတ်တို့သည် ဖြစ်ကုန်သနည်း။

သွားသော ရဟန်းအား လေးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ရပ်သော ရဟန်းအား လည်း ထိုမျှလောက် လေးပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ ထိုင်သော ရဟန်းအားလည်း လေး ပါးသော အာပတ်တို့သည် ဖြစ်ကုန်၏၊ အိပ်လျောင်းသော ရဟန်းအားလည်း ထိုမျှလောက် လေးပါး သော အာပတ်တို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



## ၃-ပါစိတ်

၄၇၆။ အလုံးစုံသော အထူးထူးသော ဝတ္ထုရှိသော အဘယ်မျှသော ပါစိတ်အာပတ်တို့သို့ မရွေးမနှောင်း တပြိုင်နက် ရောက်ရာသနည်း။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော ငါးပါးသော ပါစိတ်အာပတ်တို့သို့ မရွေးမနှောင်း တပြိုင်နက် ရောက်ရာ၏။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော အဘယ်မျှသော ပါစိတ်အာပတ်တို့သို့ မရွေးမနှောင်း တပြိုင်နက် ရောက်ရာသနည်း။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော ကိုးပါးသော ပါစိတ်အာပတ်တို့သို့ မရွေးမနှောင်း တပြိုင်နက် ရောက်ရာ၏။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော အဘယ်မျှသော ပါစိတ်အာပတ်တို့ကို အဘယ်မျှသော စကားခွန်းဖြင့် ဒေသနာကြားရာ၏ဟု နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟော အပ်သနည်း။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော ငါးပါးသော ပါစိတ်အာပတ်တို့ကို စကားတခွန်းတည်း ဖြင့် ဒေသနာကြားရာ၏ဟု နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော အဘယ်မျှသော ပါစိတ်အာပတ်တို့ကို အဘယ်မျှသော စကားခွန်းဖြင့် ဒေသနာကြားရာ၏ဟု နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်သနည်း။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိကုန်သော ကိုးပါးသော ပါစိတ်အာပတ်တို့ကို စကားတခွန်း တည်းဖြင့် ဒေသနာကြားရာ၏ဟု နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိကုန်သော အဘယ်မျှသော ပါစိတ်အာပတ်တို့ကို အဘယ်ကို ကြား၍ ဒေသနာကြားရာ၏ဟု နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ် သနည်း။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိကုန်သော ငါးပါးသော ပါစိတ် အာပတ်တို့ကို ဝတ္ထုကိုကြား၍ ဒေသနာကြားရာ၏ဟု နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိကုန်သော အဘယ်မျှသော ပါစိတ်အာပတ်တို့ကို အဘယ်ကို ကြား၍ ဒေသနာကြားရာ၏ဟု နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ် သနည်း။

အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော ကိုးပါးသော ပါစိတ်အာပတ်တို့ကို ဝတ္ထုကိုကြား၍ ဒေသနာကြားရာ၏ဟု နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောအပ်၏။

ယာဝတတိယကဥ္စ အာပတ်တို့သည် အဘယ်မျှတို့နည်း၊ (ဝိညတ်နှင့်စပ်သော)စကားဟူသော အကြောင်းကြောင့် အာပတ်တို့သည် အဘယ်မျှတို့နည်း၊ ခဲသောသူအား အာပတ်တို့သည် အဘယ်မျှ တို့နည်း၊ ဘောဇဉ်ဟူသော အကြောင်းကြောင့် အာပတ်တို့သည် အဘယ်မျှတို့နည်း။

http://www.dhammadownload.com



ယာဝတတိယကၵ၌ အာပတ်တို့သည် သုံးပါးတို့တည်း။ (ဝိညတ်နှင့်စပ်သော)စကားဟူသော အကြောင်းကြောင့် (အာပတ်တို့သည်)ခြောက်ပါးတို့တည်း၊ ခဲသောသူအား အာပတ်တို့သည် သုံးပါးတို့တည်း၊ ဘောဇဉ်ဟူသော အကြောင်းကြောင့် (အာပတ်တို့သည်)ငါးပါးတို့တည်း။

အလုံးစုံသော ယာဝတတိယကတို့သည် အဘယ်မျှသော အရာတို့သို့ ရောက်ကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့အားလည်း အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့အား အဓိကရုဏ်းသည် ဖြစ်သနည်း။

အလုံးစုံသော ယာဝတတိယကတို့သည် ငါးပါးသော ဌာနတို့သို့ ရောက်ကုန်၏၊ ငါးပါးသော သီတင်းသုံးဖော်ပုဂ္ဂိုလ်တို့အား သာလျှင် အာပတ်သည် ဖြစ်၏၊ ငါးပါးသော သီတင်းသုံးဖော်ပုဂ္ဂိုလ်တို့အား အဓိကရုဏ်းသည် ဖြစ်၏။

အဘယ်မျှသော ပုဂ္ဂိုလ်တို့အား အဆုံးအဖြတ်သည် ဖြစ်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အား ငြိမ်းခြင်းသည် ဖြစ်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အားသာလျှင် အာပတ်မသင့်သနည်း၊ အဘယ်မျှသော အကြောင်းတို့ဖြင့် တင့်တယ်သနည်း။

ငါးပါးသောသီတင်းသုံးဖော်ပုဂ္ဂိုလ်တို့အား အဆုံးအဖြတ်သည် ဖြစ်၏၊ ငါးပါးသော ပုဂ္ဂိုလ်တို့အား ငြိမ်းခြင်းသည် ဖြစ်၏၊ ငါးပါးသော ပုဂ္ဂိုလ်တို့အား သာလျှင် အာပတ်မသင့်၊ သုံးပါးသော အကြောင်းတို့ဖြင့် တင့်တယ်၏။

အဘယ်မျှသော ကာယဒွါရ၌ ဖြစ်သော အာပတ်တို့သို့ ညဉ့်အခါ၌ ရောက်သနည်း၊ အဘယ်မျှသော ကာယဒွါရ၌ ဖြစ်သော အာပတ်တို့သို့ နေ့အခါ၌ ရောက်သနည်း၊ တစိမ့်စိမ့်ကြည့်သော ရဟန်းအား အဘယ်မျှသော အာပတ်သည် ဖြစ်သနည်း၊ ဆွမ်းတည်းဟူသော အကြောင်းကြောင့် အဘယ်မျှသော အာပတ်သည် ဖြစ်သနည်း။

နှစ်ပါးသော အာပတ်တို့သည် ကာယဒွါရ၌ ဖြစ်သော အာပတ်တို့သို့ ညဉ့်အခါ၌ ရောက်၏၊ နှစ်ပါးသော အာပတ်တို့သည် ကာယဒွါရ၌ဖြစ်သော အာပတ်တို့သို့ နေ့အခါ၌ ရောက်၏၊ တစိမ့်စိမ့်ကြည့်သော ရဟန်းအား တပါးသော အာပတ်သည် ဖြစ်၏၊ ဆွမ်းတည်းဟူသော အကြောင်းကြောင့် တပါးသော အာပတ်သည် ဖြစ်၏။

အဘယ်မျှသော အကျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် သူတပါးတို့ကို ယုံကြည်၍ ဒေသနာကြားသနည်း၊ နှင်ထုတ်အပ်သော ပုဂ္ဂိုလ်တို့ကို အဘယ်မျှတို့ဟူ၍ ဟောအပ်သနည်း၊ ကောင်းစွာကျင့်အပ်သော ဝတ်တို့ကို အဘယ်မျှတို့ဟူ၍ ဟောအပ်သနည်း။

ရှစ်ပါးသော အကျိုးအာနိသင်တို့ကို ကောင်းစွာမြင်သော ရဟန်းသည် သူတပါးတို့ကို ယုံကြည်၍ ဒေသနာကြားရာ၏၊ နှင်ထုတ်အပ်သော ပုဂ္ဂိုလ်တို့ကို သုံးပါးတို့ဟူ၍ ဟောတော်မူအပ်၏၊ ကောင်းစွာကျင့်အပ်သော ဝတ်တို့ကို လေးဆယ့်သုံးပါးတို့ဟူ၍ ဟောတော်မူအပ်၏။

အဘယ်မျှသော အရာ၌ မုသားပြောခြင်းသည် ဖြစ်သနည်း၊ အတိုင်းအရှည်'ပရမ'ကို အဘယ်မျှတို့ဟူ၍ ဆိုအပ်သနည်း၊ ပါဠိဒေသနီအာပတ်တို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အား အပြစ်ကိုကြားခြင်းငှါ ဖြစ်သနည်း။

http://www.dhammadownload.com



ငါးပါးသော အရာ၌ မုသားပြောခြင်းသည် ဖြစ်၏၊ အတိုင်းအရှည်'ပရမ'ကို တဆယ့်လေးပါး တို့ဟူ၍ ဆိုအပ်၏၊ ပါဠိဒေသနီအာပတ်တို့သည် တဆယ့်နှစ်ပါးတို့တည်း၊ လေးပါးသော ပုဂ္ဂိုလ်အား အပြစ်ကိုကြားခြင်းငါ ဖြစ်၏။

မုသားပြောခြင်းသည် အင်္ဂါငါးမည်မျှ ရှိသနည်း၊ ဥပုသ်၏ အင်္ဂါတို့သည် အဘယ်မျှတို့နည်း၊ တမန်၏အင်္ဂါတို့သည် အဘယ်မျှတို့နည်း၊ (သာသနာတော်သို့ ဝင်လိုသော) တိတ္ထိကျင့်ဝတ်တို့သည် အဘယ်မျှတို့နည်း။

မုသားပြောခြင်းသည် အင်္ဂါရှစ်ပါးရှိ၏၊ ဥပုသ်၏ အင်္ဂါတို့သည် ရှစ်ပါးတို့တည်း၊ တမန်၏အင်္ဂါ တို့သည် ရှစ်ပါးတို့တည်း၊ (သာသနာတော်သို့ ဝင်လိုသော)တိတ္ထိကျင့်ဝတ်တို့သည် ရှစ်ပါးတို့တည်း။

ရဟန်းမိန်းမ ဥပသမ္ပဒကံသည် အကြိမ်မည်မျှ ကမ္မဝါစာရွတ်ခြင်းရှိသနည်း၊ အဘယ်မျှသော ရဟန်းမိန်းမတို့အား ခရီးဦးကြိုဆိုအပ်သနည်း၊ အဘယ်မျှသော ရဟန်းမိန်းမတို့အား နေရာ ပေးအပ်သနည်း၊ အဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမသော ရဟန်း ဟူ၍ သမုတ်အပ်သနည်း။

ရဟန်းမိန်းမ ဥပသမ္ပဒကံသည် ရှစ်ကြိမ်ကမ္မဝါစာ ရွတ်ခြင်းရှိ၏၊ (ဆွမ်းစားစရပ်၌) ရှစ်ယောက် သော ရဟန်းမိန်းမတို့အား ခရီးဦးကြိုဆိုအပ်၏၊ ရှစ်ယောက်သော ရဟန်းမိန်းမတို့အား နေရာပေး အပ်၏၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမသော ရဟန်းဟူ၍ သမုတ် အပ်၏။

အဘယ်မျှသော ပုဂ္ဂိုလ်တို့အား ပါရာဇိကအာပတ်သည် ဖြစ်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ် တို့အား ထုလ္လစ္စည်း အာပတ်သည် ဖြစ်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အားသာလျှင် အာပတ် မသင့်သနည်း၊ အလုံးစုံသော သူတို့အား တခုတည်းသော ဝတ္ထုရှိကုန်သလော။

(ပုဂ္ဂိုလ်)တယောက်အား ပါရာဇိကအာပတ်သည် ဖြစ်၏၊ (ပုဂ္ဂိုလ်)လေးယောက်တို့အား ထုလ္လစ္စည်း အာပတ်သည် ဖြစ်၏၊ (ပုဂ္ဂိုလ်)လေးယောက်တို့အားသာလျှင် အာပတ်မသင့်၊ အလုံးစုံ သော ပုဂ္ဂိုလ်တို့အား (သံဃဘေဒက ဟူသော)တခုတည်းသော ဝတ္ထုရှိကုန်၏။

ရန်ငြိုးဖွဲ့ခြင်း အကြောင်းဝတ္ထုတို့သည် အဘယ်မျှတို့နည်း၊ အဘယ်မျှသော ရဟန်းတို့ဖြင့် သံဃာသည် ကွဲပြားသနည်း၊ ဤအာပတ်တို့တွင် ပဌမာပတ္တိက အာပတ်တို့သည် အဘယ်မျှတို့နည်း၊ ဥတ်ဖြင့် ပြုအပ်သော ကံတို့သည် အဘယ်မျှတို့နည်း။

ရန်ငြိုးဖွဲ့ခြင်း အကြောင်းတို့သည် ကိုးပါးတို့တည်း၊ ကိုးယောက်သော ရဟန်းတို့ဖြင့် သံဃာ သည် ကွဲပြား၏၊ ဤအာပတ်တို့တွင် ပဌမာပတ္တိကအာပတ်တို့သည် ကိုးပါးတို့တည်း၊ ဥတ်ဖြင့် ပြုအပ် သော ကံတို့သည် ကိုးပါးတို့တည်း။

## ၄-ရှိမခိုးအပ်သော ပုဂ္ဂိုလ်စသည်

၄၇၇။ အဘယ်မျှသော ပုဂ္ဂိုလ်တို့ကို ရှိမခိုးအပ်သနည်း၊ အရိုအသေပြုခြင်းနှင့် တကွ လက်အုပ် ချီခြင်းကို မပြုအပ်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အား ဒုက္ကဋ်အာပတ်သည် ဖြစ်သနည်း၊ အဘယ် မျှသော ရက်တို့ပတ်လုံး (အဝိရေက)သင်္ကန်းဆောင်ခြင်းကို ခွင့်ပြုအပ်သနည်း။

http://www.dhammadownload.com



ဆယ်ပါးသော ပုဂ္ဂိုလ်တို့ကို ရှိမခိုးအပ်ကုန်၊ အရိုအသေပြုခြင်းနှင့်(တကွ) လက်အုပ်ချီခြင်းကို မပြုအပ်ကုန်၊ ဆယ်ပါးသော ပုဂ္ဂိုလ်တို့အား ဒုက္ကဋ် အာပတ်သည် ဖြစ်၏၊ ဆယ်ရက်တို့ ပတ်လုံး (အတိရေက) သင်္ကန်းဆောင်ခြင်းကို ခွင့်ပြုအပ်၏။

ဤကျောင်း၌ ဝါကျွတ်ကုန်သော အဘယ်မျှသော ပုဂ္ဂိုလ်တို့အား သင်္ကန်းကို ပေးအပ်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့အား ခံယူသူရှိသော် ပေးအပ်သနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အားသာလျှင် မပေးအပ်သနည်း။

ဤကျောင်း၌ ဝါကျွတ်သော သီတင်းသုံးဖော် ငါးယောက်တို့အား သင်္ကန်းကို ပေးအပ်၏၊ ခုနစ်ယောက်သော ပုဂ္ဂိုလ်တို့အား ခံယူသူရှိသော် ပေးအပ်၏၊ တဆယ့်ခြောက်ယောက်သော ပုဂ္ဂိုလ်တို့အား မပေးအပ်။

ပရိဝါသ် နေသော ရဟန်းသည် အဘယ်မျှ အရာသော အာပတ်တို့ကို ညဥ့်တရာ ဖုံးလွှမ်း၍ အဘယ်မျှ ညဥ့်တို့ပတ်လုံး ပရိဝါသ်နေ၍ (ယင်းအာပတ်မှ)လွတ်ရသနည်း။

ပရိဝါသ်နေသော ရဟန်းသည် တထောင်သော အာပတ်တို့ကို ညဥ့်တရာ ဖုံးလွှမ်း၍ ဆယ်ညဥ့် ပတ်လုံး ပရိဝါသ် နေ၍ (ယင်းအာပတ်မှ)လွတ်ရာ၏။

နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ အဘယ်မျှသော ကံအပြစ်တို့ကို ဟောအပ်ကုန်သနည်း၊ အလုံးစုံသော ကံတို့ကိုပင် အဓမ္မိကကံတို့ဟူ၍ ဟောတော်မူအပ်ကုန်သလော။

နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ တဆယ့်နှစ်ပါးသော ကံအပြစ်တို့ကို ဟောအပ်ကုန်၏၊ အလုံးစုံသော ကံတို့ကိုပင် အဓမ္မိကကံတို့ဟူ၍ ဟောအပ်ကုန်၏။

နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ အဘယ်မျှသောကံ ပြည့်စုံခြင်းတို့ကို ဟောအပ်ကုန်သနည်း၊ အလုံးစုံသော ဓမ္မိကကံတို့သည် အဘယ်မျှတို့နည်း။

နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ လေးပါးသော ကံ ပြည့်စုံခြင်းတို့ကို ဟောအပ်ကုန်၏၊ အလုံးစုံသော ကံတို့ကိုပင် ဓမ္မိကကံတို့ဟူ၍ ဟောအပ်ကုန်၏။

နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ အဘယ်မျှသော ကံတို့ကို ဟောအပ်ကုန်သနည်း၊ ဓမ္မိကကံ အဓမ္မိကကံတို့သည် အဘယ်မျှတို့နည်း။

နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ ခြောက်ပါးသော ကံတို့ကို ဟောအပ်ကုန်၏၊ နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤကံခြောက်ပါး တို့တွင် ကံတပါးကိုသာ တရားနှင့် လျော်၏ ဟူ၍ ဟောအပ်ကုန်၏၊ ကံငါးပါးတို့ကို တရားနှင့် မလျော် ဟူ၍ ဟောအပ်ကုန်၏။

နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ အဘယ်မျှသောကံ တို့ကို ဟောအပ်ကုန်သနည်း၊ ဓမ္မိကကံ အဓမ္မိကကံတို့သည် အဘယ်မျှတို့နည်း။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် စမ္ပေယျက္ခန္ဓက၌ လေးပါးသောကံတို့ကို ဟောအပ်ကုန်၏၊ နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤကံလေးပါးတို့တွင် ကံတပါးကိုသာ တရားနှင့် လျော်၏ ဟူ၍ ဟောအပ်၏၊ ကံသုံးပါးတို့ကို တရားနှင့် မလျော်ဟူ၍ ဟောအပ်ကုန်၏။

http://www.dhammadownload.com



အနန္တမည်သော နိဗ္ဗာန်ကို အောင်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဝိဝေကကို မြင်တော်မူသော မြတ်စွာဘုရားသည် အကြင်ခုနစ်ပါးသော အာပတ်အစုတို့ကို ဟောတော်မူအပ်ကုန်၏၊ ဤခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်မျှသော 'အာပတ်တို့သည် ငြိမ်းအေးကြောင်း 'သမထ'တို့နှင့် ကင်း၍ ငြိမ်းအေးကုန်သနည်း၊ ဝိဘင်းနှစ်ဖြာ၌ လိမ္မာသောသူ သင့်ကို ငါမေး၏၊ ဖြေကြားပါးလော့။

အနန္တမည်သော နိဗ္ဗာန်ကို အောင်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဝိဝေကကို မြင်တော်မူသော မြတ်စွာဘုရားသည် အကြင်အာပတ်အစု (ခုနစ်ပါး)တို့ကို ဟောတော်မူအပ်ကုန်၏။ ဤအာပတ်အစု (ခုနစ်ပါး)တို့တွင် တပါးသော အာပတ်မျှလည်း ငြိမ်းအေးကြောင်းတို့နှင့် ကင်း၍ မငြိမ်း၊ ဝိဘင်းနှစ်ဖြာ၌ လိမ္မာသောသူ သင့်အား ထိုအမေးကို ငါသည် ဖြေဆိုပါ၏။

နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အပါယ်၌ ဖြစ်လတ္တံ့ကုန်သော ပုဂ္ဂိုလ်တို့ကို အဘယ်မျှတို့ဟူ၍ ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော သင်ဝိနည်းခိုရ်၏ (အထံမှ)ဝိနည်းတို့ကို ငါတို့နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အပါယ်၌ ဖြစ်လတ္တံ့ကုန်သော ငရဲ၌ ဖြစ်လတ္တံ့ကုန်သော အာယုကပ်ပတ်လုံး တည်လတ္တံ့ကုန်သော သံဃာကို သင်းခွဲတက်သော ပုဂ္ဂိုလ်တို့ကို ခြောက်ယောက်ယုတ် တရာ့ငါးကျိပ် (၁၄၄-ယောက်)တို့ ဟူ၍ ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ)ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အပါယ်၌ မဖြစ်လတ္တံ့ကုန်သော ပုဂ္ဂိုလ်တို့ကို အဘယ်မျှတို့ ဟူ၍ ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းခိုရ်၏ (အထံမှ)ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အပါယ်၌ မဖြစ်လတ္တံ့ကုန်သော ပုဂ္ဂိုလ်တို့ကို တဆယ့်ရှစ်ယောက်တို့ဟူ၍ ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏(အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် အဋ္ဌကတို့ကို အဘယ်မျှတို့ ဟူ၍ ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော သင်ဝိနည်းခိုရ်၏ (အထံမှ)ဝိနည်းကို နာပါကုန်အံ့။

နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် အဋ္ဌကတို့ကို တဆယ့်ရှစ်ပါးတို့ဟူ၍ ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ)ဝိနည်းတို့ကို နာလော့။

## ၅-သောဠသ ကံ စသည်

၄၇၈။ နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှလောက်သော ကံတို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းခိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

http://www.dhammadownload.com



နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တဆယ့်ခြောက်ပါးသော ကံတို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟု ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှလောက်သော ကံအပြင်တို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းဓိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တဆယ့်နှစ်ပါးသော ကံ အပြစ်တို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှလောက်သော ကံပြည့်စုံခြင်းတို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းဓိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးပါးသော ကံပြည့်စုံခြင်းတို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော ကံတို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းဓိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခြောက်ပါးသော ကံတို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော ကံတို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းဓိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးပါးသော ကံတို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော ပါရာဇိကတို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းဓိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရှစ်ပါးသော ပါရာဇိကတို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော သံဃာဒိသိသ်တို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော သင်ဝိနည်းဓိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် နှစ်ဆယ့်သုံးပါးသော သံဃာဒိသိသ်တို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော အနိယတတို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းဓိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

http://www.dhammadownload.com



နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် နှစ်ပါးသော အနိယတတို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော နိဿဂ္ဂိပါစိတ်တို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းမိုရ်၏ (အထံမှ) ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးဆယ့် နှစ်ပါးသော နိဿဂ္ဂိပါစိတ်တို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ)ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော ပါစိတ် အာပတ်တို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းမိုရ်၏ (အထံမှ)ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တရာ့ရှစ်ဆယ့်ရှစ်ပါးသော ပါစိတ် အာပတ်တို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ) ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော ပါဋိဒေသနီအာပတ်တို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော သင်ဝိနည်းမိုရ်၏ (အထံမှ)ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တဆယ့်နှစ်ပါးသော ပါဋိဒေသနီ အာပတ်တို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ ဟူ၍ ဝန်ခံသော ငါ၏ (အထံမှ)ဝိနည်းတို့ကို နာလော့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မျှသော သေခိယတို့ကို ဟောအပ်ကုန်သနည်း၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော သင်ဝိနည်းမိုရ်၏ (အထံမှ)ဝိနည်းတို့ကို နာပါကုန်အံ့။

နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခုနစ်ဆယ့်ငါးပါးသော သေခိယတို့ကို ဟောအပ်ကုန်၏၊ ဝိနည်းကို ငါသိ၏ဟူ၍ ဝန်ခံသော ငါ၏(အထံမှ)ဝိနည်းတို့ကို နာလော့။

သင်သည် အကြင်ရွှေလောက် ကောင်းစွာ မေးအပ်၏၊ ငါသည် အကြင်ရွှေလောက် ကောင်းစွာ ဖြေအပ်၏၊ ထိုရွှေလောက် အမေးတွင်ငရင်း အဖြေတွင်ငရင်း ပါဠိတော်မှ ကင်းလွတ်သော တစုံတခု သော အမေးအဖြေသည် မရှိ။

ဤကား ဒုတိယ ဂါထာသင်္ဂဟ အပြီးသတ်တည်း။

**ဒုတိယ ဂါထာသင်္ဂဟ ပြီး၏။**

http://www.dhammadownload.com

# သေဒမောစနဂါထာ

## ၁-အဝိပ္ပဝါသပဉှာ

၄၇၉။ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့နှင့် (ဥပုသ် ပဝါရဏာစသော)ပေါင်းဖော်ခြင်း မရှိသည့်ပြင် အချို့သော (အကပ္ပိယ)အသုံးအဆောင်ကို မရအပ်သည့် ပုဂ္ဂိုလ်နှင့် (တမိုးတရံတည်းသော ကျောင်း၌)အတူတကွ အိပ်ခြင်းကြောင့် အာပတ်မသင့်၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (သားငယ်ရှိသော ရဟန်းမိန်းမ ဟု ကြံ)။

မစွန့်အပ် မဝေဘန်အပ် ဟူ၍ မြတ်စွာဘုရား ဟောအပ်သော ဂရုဘဏ် ငါးပါးကို စွန့်သော သုံးဆောင်သော ရဟန်းအား အာပတ်မသင့်၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ကျောင်းစောင့် ရဟန်း ဟု ကြံ)။

ရှိမခိုးအပ်သော ပုဂ္ဂိုလ်ခါယ်ပါးတို့ဟူ၍လည်း မဆိုအပ်၊ (ပဏ္ဍုက်စသော)အဘဗ္ဗဝဇ္ဇနီယ ပုဂ္ဂိုလ်တဆယ့်တယောက်တို့ဟူ၍လည်း မဆိုအပ်သော သိတင်းကြီးကို ရှိခိုးသော သူအား အာပတ်သင့်၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (အဝတ်မရှိ ရဟန်းကြီး ဟု ကြံ)။

နှင်ထုတ်ထားသော ရဟန်းလည်းမဟုတ်၊ ပရိဝါသ်နေသော ရဟန်းလည်းမဟုတ်၊ သံဃာသင်းခွဲသော ရဟန်းလည်းမဟုတ်၊ တိတ္ထိဘောင်သို့ ပြောင်းသော ရဟန်းလည်းမဟုတ်၊ တူသော သံဝါသက အရာ၌လည်း တည်သောရဟန်းသည် အဘယ်သို့လျှင် သိက္ခာပုဒ်ဖြင့် အခြား ရဟန်းတို့နှင့် မဆက်ဆံသူ ဖြစ်ရအံ့နည်း၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ဆတ္တာသည် ဖြစ်ဘူးသော ရဟန်း ဟု ကြံ)

အကျိုးစီးပွါးနှင့် စပ်သော ကုသိုလ်ဖြစ်သော တရားကို မေးမြန်းလျက် (ပရိသတ်သို့)ကပ်သည့်ပြင် အသက်ရှင်သည်လည်းမဟုတ် သေသည်လည်းမဟုတ်၊ ပရိနိဗ္ဗာန်ပြုသည်လည်း မဟုတ်သော ပုဂ္ဂိုလ်ကို အဘယ်ပုဂ္ဂိုလ်ဟူ၍ ဘုရားသျှင်တို့သည် ဟောကုန်သနည်း၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (နိမ္မိတဘုရား ဟု ကြံ)။

ညှပ်ရိုးမှ အထက် ဦးခေါင်း၌ တည်သော မုခမင်္ဂ၌လည်း ပါရာဇိကကို ရည်၍မဆို၊ ချက်မှ အောက်၌ တည်သော ဝစ္စမဂ် ပဿာဝမဂ်ကိုလည်း ကြဉ်၍(ယင်းမှ တပါးသော ကိုယ်အရပ်၌)မေထုန်မှီဝဲခြင်း တည်းဟူသော အကြောင်းကြောင့် အဘယ်သို့လျှင် ပါရာဇိက အာပတ်သည် ဖြစ်ရာအံ့နည်း၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ဦးခေါင်းမရှိသော ကဗန္ဓပြိတ္တာ ဟု ကြံ)။

အကြင်ရဟန်းသည် ကိုယ်ဘိုင်တောင်းအပ်သော အဆောက်အဦဖြင့် မကြားအပ်သော ကုဋီရာ ရှိသော ပမာဏကို လွန်သော ဘေးရန်ရှိသော နွားနှစ်ကောင် တပ်သော လှည်းဘီးလှည့်လောက်ရာ ဥပစာမရှိသော ကုဋီကို ပြု၏၊ ထိုရဟန်းအား အာပတ်မသင့်၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏၊ (မြက်မိုးကုဋီ ဟု ကြံ)။

အကြင်ရဟန်းသည် ကိုယ်တိုင်တောင်းအပ်သော အဆောက်အဦဖြင့် ကြားအပ်သော ကုဋီရာ ရှိသော ပမာဏရှိသော ဘေးရန်မရှိသော နွားနှစ်ကောင် တပ်သော လှည်းဘီးလှည့်လည်လောက်ရာ

---

၁-ချွေးထွက်အောင် ကြံရသော ဂါထာ။

http://www.dhammadownload.com



ဥပစာရှိသော ကုဋိကို ပြု၏၊ ထိုရဟန်းအား အာပတ်သင့်၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (မြေကုဋီ ဟု ကြံ)။

(အကြင်ရဟန်းသည်) ကာယဒွါရ၌ ဖြစ်သော တစုံတရာသော လွန်ကျူးခြင်း (ပယောဂ)ကို မကျင့်၊ နှုတ်ဖြင့်လည်း သူတပါးတို့ကို မဆို၊ ထိုရဟန်းသည် ဂရုကဖြစ်သော ပါရာဇိကသို့ ရောက်ရာ၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏၊ (အပြစ်ကို ဖုံးလွှမ်းသော ရဟန်းမိန်းမ ဟု ကြံ)။

ကာယဒွါရ၌ ဖြစ်သော မကောင်းမှု တစုံတခုကိုမျှ မပြု၊ ဝစီဒွါရ၌ ဖြစ်သော မကောင်းမှု တစုံတခုကိုမျှ မပြု၊ စိတ်ဖြင့်လည်း မကောင်းမှု တစုံတခုကိုမျှ မပြုသော ပုဂ္ဂိုလ်ကို ဖျက်ဆီးအပ်သည်ရှိသော် အဘယ်သို့လျှင် ကောင်းစွာ ဖျက်ဆီးအပ်သည် ဖြစ်ရာသနည်း၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (အဘဗ္ဗပုဂ္ဂိုလ် တဆယ့်တယောက် ဟု ကြံ)။

(အကြင်ရဟန်းသည်) တစုံတယောက်သောသူနှင့် နှုတ်ဖြင့် မပြောမဆို၊ ပုဂ္ဂိုလ်တပါးတို့ကို ရည်၍ အသံကိုလည်း မမြွက်ဆို၊ ထိုရဟန်းသည် နှုတ်ကြောင့် ဖြစ်သော အာပတ်သို့ ရောက်ရာ၏၊ ကိုယ်ကြောင့် ဖြစ်သော အာပတ်သို့ မရောက်ရာ၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။

(ဥပုသ်ကံအရာဝယ် ဝစီဒွါရ၌ ပြုသင့်သည်ကို မပြုခြင်းကြောင့် သင့်သော မုသာဝါဒဒုက္ကဋ် အာပတ် ဟု ကြံ)။

ဘုရားမြတ်သည် ဟောအပ်သော အလုံးစုံသော လေးပါးသော သံဃာဒိသိသ်တို့သို့ တခုတည်းသော ပယောဂဖြင့် ရောက်ရာအံ့လော၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။

(အရှုဏ်တက်သော အခါ ရွာတပါး၌အကျုံးဝင်သော ထိုမှာဘက်ကမ်းသို့ သက်ဝင်သော ရဟန်းမိန်းမ ဟု ကြံ)။

တဖက်ဖက်မှ ပဋ္ဌင်းဖြစ်သော ရဟန်းမိန်းမနှစ်ဦးတို့၏ လက်မှ သင်္ကန်းကို ခံယူသော ရဟန်းအား အထူးထူးသော အာပတ်တို့သည် ဖြစ်ကုန်ရာအံ့လော၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏၊ (ဘိက္ခုကေတော ဥပသမ္ပန္န, ဘိက္ခုနီကေတော ဥပသမ္ပန္န ရဟန်းမိန်းမ နှစ်ယောက် ဟု ကြံ)။

လေးယောက်သော ရဟန်းတို့သည် ညီညွတ်ဝိုင်းပင်၍ ဂရုဘဏ်ကို ခိုးယူကုန်၏ ၊ ရဟန်းသုံးယောက်တို့သည် ပါရာဇိကသို့ ရောက်ကုန်၏၊ ရဟန်းတယောက်သည် ပါရာဇိကသို့ မရောက်၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။

(အသပြာ ခြောက်ပဲကို ခိုးသော ဆရာတပည့် လေးယောက်တို့တွင် သာဟတ္ထိကသုံးပဲ အာဏတ္တိကသုံးပဲကို ခိုး၍ ထုလ္လစ္စည်း သင့်သော ဆရာ၊ သာဟတ္ထိကတပဲ အာဏတ္တိက ငါးပဲကို ခိုး၍ ပါရာဇိက ကျသော တပည့်သုံးဦး ဟု ကြံ)။

## ၂-ပါရာဇိကာဒိပဥှာ

၄၈၀။ မိန်းမသည် အတွင်း၌ ရှိပြီးလျှင် ရဟန်းက အပြင်ရှိလျက် အပေါက် မရှိသော မေထုန်တည်းဟူသော အကြောင်းကြောင့် အဘယ်သို့လျှင် ပါရာဇိက ကျရာအံ့နည်း၊ ဤအမေးကို ပညာရှိသူတို့သည် ကြံအပ်၏။ (ဒုဿကုဋီ စသည် ဟု ကြံ)။

http://www.dhammadownload.com



ဆီကိုင်း ပျားကိုင်း တင်လဲကိုင်း ထောပတ်ကိုင်း ကိုယ်တိုင်အကပ်ခံ၍ ထားရာ၏၊ ခုနစ်ရက် မလွန်မီ အကြောင်းရှိသော် သုံးဆောင်သော ရဟန်းအား အာပတ်သင့်၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (လိင်ပြန်၍ သုံးဆောင်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ ဟု ကြံ)။

နိဿဂ္ဂိပါစိတ်အာပတ်နှင့် တကွ သုဒ္ဓပါစိတ် ဟု ဆိုအပ်သော အာပတ်သို့ တပြိုင်နက် ရောက်ရာ၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (သံဃာအား ရည်စူးပြီး လာဘ်မှ အချို့ကို မိမိသို့ အချို့ကို သူတပါးသို့ ညွတ်စေခြင်း ဟု ကြံ)။

နှစ်ဆယ်သော ရဟန်းတို့သည် အညီအညွတ် စည်းဝေးကုန်ရာ၏၊ ညီညွတ်၏ဟု အမှတ်ရှိသည် ဖြစ်၍ ကံကို ပြုကုန်ရာ၏၊ ရဟန်းတယောက်သည် တဆယ့် နှစ်ယူဇနာ ရှိသော အရပ်၌ တည်ရာ၏၊ ထိုကံသည်ကား ဝဂ်ဖြစ်ခြင်း တည်းဟူသော အကြောင်းကြောင့် ပျက်ရာအံ့လော၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ဗာရာဏသီပြည် စသည်၌ တည်သော တဆယ့် နှစ်ယူဇနာ ကျယ်သော ဂါမသိမ် ဟု ကြံ)။

ဖဝါးဖြန့်၍ သွားကာမျှဖြင့်ငင်း နှုတ်မြွက်၍ ဆိုသဖြင့်ငင်း အလုံးစုံ ဂရုကချည်း ဖြစ်သော ကုစားကောင်းသည်ချည်း ဖြစ်သော ခြောက်ဆယ့်လေးပါးသော (သံဃာဒိသိသ်) အာပတ်တို့သို့ တပြိုင်နက် ရောက်ရာအံ့လော၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏၊ (ခြောက်ဆယ့်လေးယောက်သော မိန်းမတို့အား အောင်သွယ်သူ ဟု ကြံ)။

**ဝတ်သော သင်းပိုင် ကိုယ်ဝတ်နှင့် နှစ်ထပ်ပြု၍ ရုံသော ဒုကုဋ်အားဖြင့် အလုံးစုံသော သင်္ကန်း သုံးထည်တို့သည် နိဿဂ္ဂိ ဖြစ်ကုန်၏၊ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။(အဆွေမတော်သော ရဟန်း မိန်းမကို ဖွပ်လျှော်စေခြင်း ဟု ကြံ)။**

ဥတ်လည်းမထား၊ ကမ္မဝါစာလည်း မရွတ်၊ မြတ်စွာဘုရားကလည်း ဟောဘိက္ခု မခေါ်၊သရဏဂုံ ဆောက်တည်ခြင်းလည်းမရှိ သူ၏ ပဥ္စင်းအဖြစ်သည်လည်း မပျက်စီး၊ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။(မဟာပဇာပတိဂေါတမီ၏ အဋ္ဌဂရုခံဖြင့် ပဥ္စင်းအဖြစ် ဟူ၍ ကြံ)။

အမိမဟုတ်သော မိန်းမကိုဖြစ်စေ၊အဖမဟုတ်သော ယောကျ်ားကိုဖြစ်စေ အရိယာမဟုတ်သော မိန်းမ ယောကျ်ားတို့ကို ဖြစ်စေ၊သတ်ခြင်းကြောင့် မိုက်သောသူသည် အာနန္တရိယကံသို့ရောက်၏၊ ဤ အမေးကို ပညာရှိတို့သည် ကြံအပ်၏၊(လိင်ပြန်သော အမိအဖ ဟု ကြံ)။

အမိရင်းဖြစ်သော မိန်းမကိုဖြစ်စေ၊ အဖရင်းဖြစ်သော ယောကျ်ားကိုဖြစ်စေ၊အမိရင်း အဖရင်း တို့ကိုဖြစ်စေ သတ်ခြင်းကြောင့် အာနန္တရိယကံသို့ မရောက်၊ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (တိမုစ္ဆာန် အမိအဖ ဟု ကြံ)။

မစောဒနာပဲ မအောက်မေ့စေပဲ မျက်မှောက် မရောက်သူအား ကံကို ပြုရာ၏၊ ပြုအပ်သော ကံသည်လည်း ကောင်းစွာပြုအပ်ပြီး ဖြစ်ရာ၏၊ ကံပြုသော သံဃာသည်လည်း အာပတ် မသင့်ရာ၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ဒူတေနုပသမ္ပဒါကံဟုကြံ)။

စောဒနာ၍ အောက်မေ့စေ၍ မျက်မှောက်ရောက်သူအား ကံကို ပြုရာ၏၊ပြုအပ်သောကံသည် လည်း ပြုသည် မမည်ရာ၊ကံပြုသော သံဃာသည်လည်း အာပတ်သင့်ရာ၏၊ဤအမေးကိုပညာရှိတို့ သည် ကြံအပ်၏။ (ပဏ္ဍုက်စသော သူကို ပဥ္စင်းခံခြင်း ဟု ကြံ)။

http://www.dhammadownload.com



ဖြတ်သော ရဟန်းအား အာပတ်သင့်၏၊ဖြတ်သော ရဟန်းအား အာပတ်မသင့်၊ဖုံးလွှမ်းသော ရဟန်းအား အာပတ်သင့်၏၊ ဖုံးလွှမ်းသော ရဟန်းအား အာပတ်မသင့်၊ ဤ အမေးကိုပညာရှိတို့သည် ကြံအပ်၏။

(သစ်ပင်,အင်္ဂါဇာတ်ကို ဖြတ်သော ရဟန်းစသည် ခေါင်းရိတ်သော ရဟန်းစသည် အာပတ်ကို ဖုံးလွှမ်းသော ရဟန်း ကျောင်းမိုးသော ရဟန်းစသည် ဟု ကြံ)။

အမှန်ကို ဆိုသော ရဟန်းသည် ဂရုကအာပတ်သို့ရောက်၏၊မုသားဆိုသော ရဟန်းသည်ကား လဟုကအာပတ်သို့ ရောက်၏၊မုသားဆိုသော ရဟန်းသည် ဂရုကအာပတ်သို့ ရောက်၏၊ အမှန်ကို ဆိုသော ရဟန်းသည် လဟုကအာပတ်သို့ ရောက်၏၊ ဤ အမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ဒုဋ္ဌုလ္လဝါစာနှင့် ဥတ္တရိမနုဿဓမ္မတို့ ဟု ကြံ)။

## ၃-ပါစိတ္တိယာဒိပဥှာ

၄ဂ၁။ အဓိဋ္ဌာန်တင်ပြီးသော ဆိုးရည် ဆိုးပြီးသော ကပ္ပဗိန္ဒုထိုးပြီးသော သင်္ကန်းကို ဝတ်ရုံ သုံးဆောင်သော ရဟန်းအား အာပတ်သင့်၏၊ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (နိဿဂ္ဂီ သင်္ကန်းကို မစွန့်ပဲ သုံးဆောင်သူ ရဟန်း ဟု ကြံ)။

(အကြင်)ရဟန်းသည် နေဝင်သည်ရှိသော် အသားတို့ကို စား၏၊ ထိုရဟန်းသည် အရူးလည်း မဟုတ်၊စိတ်ပျံ့လွင့်သူလည်း မဟုတ်၊ဝေဒနာနှိပ်စက်သည်လည်း မဟုတ်ရာ၊ထိုရဟန်းအား အာပတ်လည်းမသင့်၊ ထိုတရားကို မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤ အမေးကို ပညာရှိတို့သည် ကြံအပ်၏။(စမြုံ့ပြန်သော ရဟန်း ဟု ကြံ)။

(အကြင်ရဟန်းသည်)တပ်မက်သော စိတ်မရှိ၊ခိုးလိုသော စိတ်မရှိ၊ထိုရဟန်းသည် သူတပါးကို သေစိမ့်သောငှါ စေ့ဆော်တိုက်တွန်းသည်လည်း မဟုတ်၊ စာရေးတံမဲကို ပေးသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏၊ခံယူသော ရဟန်းအား ထုလ္လစ္စဉ်းအာပတ်သင့်၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။(သံဃာသင်းခွဲသော ရဟန်းသို့ အဝသုလိုက် ရဟန်း ဟု ကြံ)။

ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သော တောကျောင်းလည်းမဟုတ်၊ သံဃာသည်လည်း (စီဝရ အဝိပ္ပဝါသ)သမ္မုတိကို မပေးအပ်၊ ထို ရဟန်းအား ကထိန်ခင်းအပ်သည်လည်း မဟုတ်၊ထိုအရပ်၌ ပင်လျှင် သင်္ကန်းကို ထား၍ ယူဇနာခွဲ အရပ်သို့ သွားရာ၏၊ထိုအရပ်၌ပင် အရုဏ်တက်စေသော ရဟန်းအား အာပတ်မသင့်၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။(သုပ္ပတိဋ္ဌိတပညောင်ပင်နှင့် တူသော တဦးသော အမျိုး၏ သစ်ပင်ရင်း ဟု ကြံ)။

ကာယဒွါရ၌ ဖြစ်၍ ဝစီဒွါရ၌ မဖြစ်ကုန်သော ဝတ္ထု အထူးထူးရှိသော အာပတ်အားလုံးတို့သို့ မရှေးမနှောင်း တပြိုင်နက် ရောက်ရာ၏၊ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (မိန်းမ အများတို့၏ ဆံပင် လက်ချောင်း စသည်ကို တပေါင်းတည်း ကိုင်ဆွဲသော ရဟန်း ဟု ကြံ)။

ဝစီဒွါရ၌ဖြစ်၍ ကာယဒွါရ၌ မဖြစ်ကုန်သော ဝတ္ထုအထူးထူးရှိသော အာပတ်အားလုံးတို့သို့ မရှေးမနှောင်း တပြိုင်နက် ရောက်ရာ၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (မိန်းမများတို့အား ကြမ်းတမ်းသော စကားကို ဆိုသော ရဟန်း ဟု ကြံ)။

http://www.dhammadownload.com



(လှုနတ်တိရစ္ဆာန်အားဖြင့်) သုံးဦးစီ ဖြစ်ကုန်သော မိန်းမ ယောကျ်ား ဥဘတောဗျည်း ပဏ္ဍုက်တို့ကိုလည်း မေထုန်မမှီဝဲ၊ မိမိမဂ်၌လည်း မေထုန်ကို မမှီဝဲ မကျင့်၊ မေထုန်မှီဝဲခြင်း တည်းဟူသော အကြောင်းကြောင့်ပင် ပါရာဇိကအာပတ်သင့်ရာ၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (အဋ္ဌဝတ္ထုကပါရာဇိက ဟု ကြံ)။

သံဃာအား မညွှတ်ရသေးသော သက်န်းကို အမိအား ဆောင်းသော ရဟန်းအား အဘယ် သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သည် သင့်သနည်း၊ အမျိုးတော်သူ၌(ဆောင်းသော ထိုရဟန်းအား) အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်မသင့်သနည်း၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (မိုးရေခံ သင်္ကန်း အခါမဟုတ်ရာ၌ အခါ၌ဆောင်းသော် အာပတ်မသင့်)။

အမျက်ထွက်သောသူသည် သံဃာကို နှစ်သက်စေတတ်၏၊ အမျက်ထွက်သောသူကို သံဃာက ကဲ့ရဲ့၏၊ ထိုသို့ ဖြစ်သော် အမျက်ထွက်သူကို ချီးမွမ်းကြောင်းဖြစ်သော သဘောကား အဘယ်အမည် ရှိသနည်း၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (တိတ္ထိယဝတ်ဟူ၍ကြံ)

ဝမ်းမြောက်သောသူသည် (သံဃာကို)နှစ်သက်စေတတ်၏၊ ဝမ်းမြောက်သောသူကို သံဃာက ကဲ့ရဲ့အပ်၏၊ ထိုသို့ ဖြစ်သော် ဝမ်းမြောက်သူကို ကဲ့ရဲ့ကြောင်း ဖြစ်သော ထိုသဘောသည် အဘယ် အမည်ရှိသနည်း၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (တိတ္ထိယ ဝတ်ဟူ၍ကြံ)။

သံဃာဒိသိသ် အာပတ်သို့ရင်း ထုလ္လစ္စည်း အာပတ်သို့ရင်း ပါစိတ် အာပတ်သို့ရင်း ပါဋိဒေသနီ အာပတ်သို့ရင်း ဒုက္ကဋ် အာပတ်သို့ရင်း တပြိုင်နက် ရောက်ရာ၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ် ၏။ (ကိလေသာ စိုစွတ်သော ယောကျ်ားလက်မှ ဆွမ်းခံယူ၍ လူသား ကြက်သွန် ပဏီတဘောဇဉ် ကြွင်းသော အကပ္ပိယအသားတို့နှင့် ရော၍ စားသော ရဟန်းမိန်းမ ဟု ကြံ)။

နှစ်ယောက်သော သာမဏေတို့သည် အနှစ်နှစ်ဆယ် ပြည့်ကြသည့်ပြင် နှစ်ယောက်သော သာမဏေတို့၏ ဥပဇ္ဈာယ်လည်း တယောက်တည်း၊ ကမ္မဝါဆရာလည်း တယောက်တည်း၊ ကမ္မဝါစာ လည်း တပြိုင်တည်း ဖြစ်ကြလျက် သာမဏေတယောက်သည် ပဥ္စင်းဖြစ်၏၊ သာမဏေတယောက်သည် ပဥ္စင်းမဖြစ်၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (မြေ၌ တည်သော သာမဏေ ကောင်းကင်၌ တည်သော သာမဏေဟုကြံ)။

အကြင်ရဟန်းသည် ကပ္ပဗိန္ဒုလည်းမထိုး၊ ဆိုးရည်လည်း မဆိုးသော အဝတ်ကိုဝတ်၍ သွားလိုရာ အရပ်သို့ သွားရာ၏၊ ထိုရဟန်းအား အာပတ်မသင့်၊ ထိုအာပတ်မသင့်သော သဘောကိုလည်း မြတ်စွာ ဘုရားသည် ဟောအပ်၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (သင်္ကန်းလုယက်ခံရသော ရဟန်း ဟု ကြံ)။

မပေးမခံယူ၊ ထိုကြောင့် အကပ်ခံခြင်းသည် မရှိ၊ သို့သော် ဂရုကအာပတ်သို့ ရောက်၏၊ လဟုက အာပတ်သို့ မရောက်၊ ထိုဂရုကအာပတ်သို့လည်း သုံးဆောင် စားသောက်ခြင်း ဟူသော အကြောင်း ကြောင့် ရောက်၏၊ ဤ အမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ပိဏ္ဍပါတဂဟဏဥယျောဇနဘိက္ခုနီ ဟုကြံ)။

မပေးမခံယူ၊ ထိုကြောင့် အကပ်ခံခြင်းသည် မရှိ၊ (သို့သော်လည်း)လဟုက အာပတ်သို့ ရောက် ၏၊ ဂရုကအာပတ်သို့ မရောက်၊ ထိုလဟုကအာပတ်သို့လည်း သုံးဆောင် စားသောက်ခြင်း ဟူသော

http://www.dhammadownload.com



အကြောင်းကြောင့် ရောက်၏၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ကိလေသာ စိုစွတ်သော ယောကျ်ားလက်မှ ရေဒန်ပူကို ခံယူရန် တိုက်တွန်းသော ဘိက္ခုနီမ ဟု ကြံ)။

အကြင်သူသည် အကြွင်းရှိသော ဂရုကအာပတ်သို့ ရောက်၏၊ မရှိသေခြင်းကို စွဲ၍ ဖုံးလွှမ်း၏၊ ထိုသူသည် ရဟန်းမိန်းမလည်း မဟုတ်ရာ၊ (ဖုံးလွှမ်းခြင်းကြောင့်) အာပတ်သို့ မရောက်ရာ၊ ဤအမေးကို ပညာရှိတို့သည် ကြံအပ်၏။ (ဉက္ခိတ္တကရဟန်း ဟု ကြံ)။

**သေဒမောစနဂါထာ ပြီး၏။**

ထိုသေဒမောစနဂါထာ၏ အကျဉ်းချုပ်—

အသံဝါသဂါထာ၊ မဝေဘန်အပ်သော ဂါထာ၊ ဆယ်ယောက်သော ပုဂ္ဂိုလ်ဂါထာ၊ မနှင်ထုတ်အပ်သော ပုဂ္ဂိုလ်ဂါထာ၊ တရားကို မေးမြန်း၍ ပရိသတ်သို့ ကပ်သော ဂါထာ၊ ညှပ်ရိုးမှ အထက်ဆိုသော ဂါထာ၊ ထိုနောက် ကိုယ်တိုင် တောင်းအပ်သော အဆောက်အဦ နှစ်ဂါထာ။

နကာယိကံ ဂရုကံ ဂါထာ၊ ဝါစသိကံ ဟူသော သဒ္ဒါဖြင့် မှတ်အပ်သော နကာယိကံဂါထာ၊ စကားမဆိုသော ဂါထာ၊ သိက္ခာပုဒ် ဂါထာ၊ ဥဘောကေတော ဂါထာ၊ ရဟန်းလေးပါးဂါထာ။

မိန်းမကို ဆိုသော ဂါထာ၊ ဆီကို ဆိုသော ဂါထာ၊ စွန့်အပ်သော ဂါထာ၊ ရဟန်းယောကျ်ားကို ဆိုသော ဂါထာ၊ ဖဝါးလှမ်းကာမျှဖြင့် ဆိုသော ဂါထာ၊ သင်းပိုင်ဝတ်သော ဂါထာ၊ ဥ တ်မထားသော ဂါထာ၊ အမိမဟုတ်သည်ကို သတ်သော ဂါထာ၊ အဖကို သတ်သော ဂါထာ။

မစောဒနာသော ဂါထာ၊ စောဒနာသော ဂါထာ၊ ဖြတ်သော ရဟန်းဂါထာ၊ ဟုတ်မှန်သော စကားကို ဆိုသောဂါထာ၊ အဓိဋ္ဌာန်တင်သော ဂါထာ၊ နေဝင်သော ဂါထာ၊ တပ်မက်သော စိတ်မရှိသော ဂါထာ၊ တောကျောင်း မဟုတ်သော ဂါထာ။

ကာယဒွါရ၌ ဖြစ်သော ဂါထာ၊ ဝစီဒွါရ၌ ဖြစ်သော ဂါထာ၊ မိန်းမသုံးယောက် ဂါထာ၊ အမိကိုဆိုသော ဂါထာ၊ အမျက်ထွက်သော နှစ်သက်သော ဂါထာ၊ ဝမ်းမြောက်သော ဂါထာ၊ သံဃာဒိသိသ်ကို ဆိုသော ဂါထာ၊ နှစ်ပါးကို ဆိုသော ဂါထာ၊ ကပ္ပဗိန္ဒု မထိုးသော ဂါထာ၊ မပေးသော ဂါထာ၊ (လဟုကသိက္ခာပုဒ်ဖြင့် မှတ်သော) မပေးသော ဂါထာ၊ ဂရုကအာပတ်သို့ ရောက်သော ဂါထာ၊ ချွေးထွက်အောင် ကြံရသောကြောင့် သေဒမောစန အမည်ရှိသော (လေးဆယ့်သုံး)ဂါထာ၊ အမေးပြဿနာကို ပညာရှိတို့သည် ထင်စွာပြအပ်၏။

ဤကား အကျဉ်းချုပ် အပြီးတည်း။

http://www.dhammadownload.com

# ပဋ္ဌဝဂ်

## ၁-ကမ္မဝဂ်

၄၇၂။ ကံတို့သည် အပလောကနကံ ဥက္ခိတ္တကံ ဥက္ခိတ္တဒုတိယကံ ဥက္ခိတ္တစတုတ္ထကံ အားဖြင့် လေးပါး တို့တည်း။ ဤလေးပါးသော ကံတို့သည် အဘယ်မျှသော အကြောင်းတို့ကြောင့် ပျက်ကုန်သနည်း။

ဤလေးပါးသော ကံတို့သည်၊ ဝတ္ထုကြောင့်ရင်း၊ ဉတ်ကြောင့်ရင်း၊ ကမ္မဝါစာကြောင့်ရင်း၊ သိမ်ကြောင့်ရင်း၊ ပရိသတ်ကြောင့်ရင်း။ ဤငါးပါးသော အကြောင်းတို့ကြောင့် ပျက်ကုန်၏။

၄၇၃။ အဘယ်သို့လျှင် ဝတ္ထုကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

မျက်မှောက်ပြုအပ်သော ကံကို မျက်ကွယ်၌ ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

မေးမြန်း၍ ပြုအပ်သောကံကို မမေးမြန်းပဲ ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

ဝန်ခံခြင်းဖြင့် ပြုအပ်သော ကံကို ဝန်မခံပဲ ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

သတိဝိနည်းထိုက်သူအား အမူဠ္ဌဝိနည်းကို ပေးအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

အမူဠ္ဌဝိနည်းထိုက်သူအား တဿပါပိယသိကာကံကို ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

တဿပါပိယသိကာကံထိုက်သူအား တဇ္ဇနီယကံကို ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

တဇ္ဇနီယကံထိုက်သူအား နိယဿကံကို ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

နိယဿကံထိုက်သူအား ပဗ္ဗာဇနီယကံကို ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

ပဗ္ဗာဇနီယကံထိုက်သူအား ပဋိသာရဏီယကံကို ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

ပဋိသာရဏီယကံထိုက်သူအား ဥက္ခေပနီယကံကို ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

ဥက္ခေပနီယကံထိုက်သူအား ပရိဝါသ်ကို ပေးအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

ပရိဝါသ် ထိုက်သူအား အရင်းသို့ ငင်ခြင်းကို ပေးအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

အရင်းသို့ ငင်ထိုက်သူအား မာနတ်ကို ပေးအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

မာနတ်ထိုက်သူကို အဗ္ဘာန်သွင်းအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

အဗ္ဘာန်ထိုက်သူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

ဥပုသ်နေ့မဟုတ်သော နေ့၌ ဥပုသ်ကို ပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။

ပဝါရဏာ မဟုတ်သောနေ့၌ ပဝါရဏာပြုအံ့၊ ဝတ္ထုပျက်သော အဓမ္မကံတည်း။ ဤသို့လျှင် ဝတ္ထုကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၇၄။ အဘယ်သို့လျှင် ဉတ်ကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

ငါးပါးသော အခြင်းအရာတို့ဖြင့် ဉတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

ဝတ္ထုကို မသုံးသပ်၊ သံဃာကို မသုံးသပ်၊ ပုဂ္ဂိုလ်ကို မသုံးသပ်၊ ဉတ်ကို မသုံးသပ်၊ နောက်မှလည်း ဉတ်ကိုထား၏။ ဤငါးပါးသော အခြင်းအရာတို့ဖြင့် ဉတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

http://www.dhammadownload.com



၄၇၅။ အဘယ်သို့လျှင် ကမ္မဝါစာကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

ငါးပါးသော အခြင်းအရာတို့ဖြင့် ကမ္မဝါစာကြောင့် ကံတို့သည် ပျက်ကုန်၏။

ဝတ္ထုကို မသုံးသပ်၊ သံဃာကို မသုံးသပ်၊ ပုဂ္ဂိုလ်ကို မသုံးသပ်၊ ကမ္မဝါစာကို ယုတ်စေ၏၊ အခါ မဟုတ်သည်၌လည်း ကြား၏။ ဤငါးပါးသော အခြင်းအရာတို့ဖြင့် ကမ္မဝါစာကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၇၆။ အဘယ်သို့လျှင် သိမ်ကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

တဆယ့်တပါးသော အခြင်းအရာတို့ဖြင့် သိမ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

အလွန်ငယ်သော သိမ်ကို သမုတ်၏၊ အလွန်ကြီးသော သိမ်ကို သမုတ်၏၊ နိမိတ်ပြတ်သော သိမ်ကို သမုတ်၏၊ အရိပ်လျှင် နိမိတ်ရှိသော သိမ်ကို သမုတ်၏၊ နိမိတ် မရှိသော သိမ်ကို သမုတ်၏၊ သိမ်ပ၌တည်လျက် သိမ်ကို သမုတ်၏၊ မြစ်၌ သိမ်ကို သမုတ်၏၊ သမုဒ္ဒရာ၌ သိမ်ကို သမုတ်၏၊ ထုံးအိုင် 'ဇာတဿရအိုင်'၌ သိမ်ကို သမုတ်၏၊ သိမ်တပါးနှင့် သိမ်တပါးကို စပ်၏၊ သိမ်တပါးဖြင့် သိမ်တပါးကို လွှမ်းမိုး၏။ ဤတဆယ့်တပါးသော အခြင်းအရာတို့ဖြင့် သိမ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၇၇။ အဘယ်သို့လျှင် ပရိသတ်ကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

တဆယ့် နှစ်ပါးသော အခြင်းအရာတို့ဖြင့် ပရိသတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

စတုဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျော်ကပ်လောက်သော ရဟန်းတို့သည် မလာကုန်၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက် ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

စတုဝဂ် သံဃာသည် ပြုအပ်သော ကံအား လျော်ကပ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက် ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

စတုဝဂ် သံဃာသည် ပြုအပ်သောကံ၌ ကံအား လျော်ကပ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်၏၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

ပဉ္စဝဂ် သံဃာသည် ပြုအပ်သောကံ၌။ပ။ ဒသဝဂ်သံဃာသည် ပြုအပ်သောကံ၌။ပ။ ဝီသတိဝဂ် သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျော်ကပ်လောက်သော ရဟန်းတို့သည် မလာကုန်။ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

ဝီသတိဝဂ် သံဃာသည် ပြုအပ်သောကံ၌ ကံအားလျော်ကပ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

ဝီသတိဝဂ်သံဃာသည် ပြုအပ်သော ကံအား လျော်ကပ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်၏၊ မျက်မှောက် ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

ဤတဆယ့် နှစ်ပါးသော အခြင်းအရာတို့ဖြင့် ပရိသတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

http://www.dhammadownload.com



၄၇၇။ စတုဝဂ် သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော လေးပါးသော ရဟန်းတို့သည် ကံအားလျောက်ပတ်ကုန်၏၊ ကြွင်းသော ပကတိ သီလရှိသော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊ သံဃာက ကံပြုခံရသည့် ရဟန်းသည် ကံအား မလျောက်ပတ် (ကံသို့ မရောက်)၊ဆန္ဒလည်းမထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

ပဉ္စဝဂ်သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော ငါးပါးသော ရဟန်းတို့သည် ကံအားလျောက်ပတ်ကုန်၏၊ ကြွင်းသော ပကတိ သီလရှိသော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊ သံဃာက ကံပြုခံရသည့် ရဟန်းသည် ကံအားမလျောက်ပတ်၊ ဆန္ဒလည်းမထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

ဒသဝဂ် သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော ဆယ်ပါးသော ရဟန်းတို့သည် ကံအားလျောက်ပတ်ကုန်၏၊ ကြွင်းသော ပကတိ သီလရှိသော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊ သံဃာက ကံပြုခံရသည့် ရဟန်းသည် ကံအားမလျောက်ပတ်၊ ဆန္ဒလည်းမထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

ဝီသတိဝဂ် သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော နှစ်ဆယ်သော ရဟန်းတို့သည် ကံအားလျောက်ပတ်ကုန်၏၊ ကြွင်းသော ပကတိ သီလရှိသော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊ သံဃာကကံပြုခံရသည့် ရဟန်းသည် ကံအားမလျောက်ပတ်၊ ဆန္ဒလည်းမထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

၄၇၉။ ကံတို့သည် အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံ အားဖြင့် လေးပါးတို့တည်း။

ဤလေးပါးသော ကံတို့သည် အဘယ်မျှသော အခြင်းအရာတို့ကြောင့် ပျက်ကုန်သနည်း။

ဤလေးပါးသော ကံတို့သည် ဝတ္ထုကြောင့်ဧင်း ဉတ်ကြောင့်ဧင်း၊ ကမ္မဝါစာကြောင့်ဧင်း၊ သိမ်ကြောင့်ဧင်း၊ ပရိသတ်ကြောင့်ဧင်း။ ဤငါးပါးသော အခြင်းအရာတို့ကြောင့် ပျက်ကုန်၏။

၄၈၀။ အဘယ်သို့လျှင် ဝတ္ထုကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

ပဏ္ဍုက်ကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ ခိုး၍ ပေါင်းသောသူ 'ထေယျသံဝါသက' ကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ တိတ္ထိဘောင်သို့ ပြောင်းသူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ တိရစ္ဆာန်ကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ အမိသတ်သူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ အဖသတ်သူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ ရဟန္တာသတ်သူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ ရဟန်းမိန်းမ ဖျက်ဆီးသူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ သံဃာသင်းခွဲသူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် ပြုသူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ ဉဘတောဗျည်းကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ အနှစ်နှစ်ဆယ် မပြည့်သူကို ပဉ္စင်းခံအံ့၊ ဝတ္ထုပျက်သော အစမ္မကံတည်း၊ ဤသို့လျှင် ဝတ္ထုကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၈၁။ အဘယ်သို့လျှင် ဉတ်ကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

ငါးပါးသော အခြင်းအရာတို့ဖြင့် ဉတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

http://www.dhammadownload.com



ဝတ္ထုကို မသုံးသပ်၊ သံဃာကို မသုံးသပ်၊ ပုဂ္ဂိုလ်ကို မသုံးသပ်၊ဉတ်ကို မသုံးသပ်၊ နောက်မှလည်း ဉတ်ကို ထား၏။ ဤငါးပါးသော အခြင်းအရာတို့ဖြင့် ဉတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၉၂။ အဘယ်သို့လျှင် ကမ္မဝါစာကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

ငါးပါးသော အခြင်းအရာတို့ဖြင့် ကမ္မဝါစာကြောင့် ကံတို့သည် ပျက်ကုန်၏။

ဝတ္ထုကို မသုံးသပ်၊ သံဃာကို မသုံးသပ်၊ ပုဂ္ဂိုလ်ကို မသုံးသပ်၊ ကမ္မဝါစာကို ယုတ်စေ၏၊ အခါ မဟုတ်သည်၌လည်း ကြား၏။ ဤငါးပါးသော အခြင်းအရာတို့ဖြင့် ကမ္မဝါစာကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၉၃။ အဘယ်သို့လျှင် သိမ်ကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

တဆယ့်တပါးသော အခြင်းအရာတို့ဖြင့် သိမ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

အလွန်ငယ်သောသိမ်ကို သမုတ်၏၊ အလွန်ကြီးသော သိမ်ကို သမုတ်၏၊ နိမိတ်ပြတ်သော သိမ်ကို သမုတ်၏၊ အရိပ်လျှင် နိမိတ်ရှိသော သိမ်ကို သမုတ်၏၊ နိမိတ်မရှိသော သိမ်ကို သမုတ်၏၊ သိမ်ပ၌ တည်လျက် သိမ်ကို သမုတ်၏၊ မြစ်၌ သိမ်ကို သမုတ်၏၊ သမုဒ္ဒရာ၌ သိမ်ကို သမုတ်၏၊ ထုံးအိုင် 'ဇာတဿရအိုင်'၌ သိမ်ကို သမုတ်၏၊ သိမ်နှင့် သိမ်ကို စပ်၏၊ သိမ်တပါးဖြင့် သိမ်တပါးကို ဖုံးလွှမ်း၏။ ဤ တဆယ့်တပါးသော အခြင်းအရာတို့ဖြင့် သိမ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၉၄။ အဘယ်သို့လျှင် ပရိသတ်ကြောင့် ကံတို့သည် ပျက်ကုန်သနည်း။

တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ပရိသတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

စတုဝဂ်သံဃာသည် ပြုအပ်သောကံ၌ ကံအားလျော်ကပတ်လောက်သော ရဟန်းတို့သည် မလာကုန်၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက် ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

စတုဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျော်ကပတ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

စတုဝဂ်သံဃာသည် ပြုအပ်သောကံ၌ ကံအားလျော်ကပတ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်၏၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

ပဉ္စဝဂ်သံဃာသည် ပြုအပ်သောကံ၌။ပ။ ဒသဝဂ် သံဃာသည် ပြုအပ်သောကံ၌။ပ။ ဝီသတိဝဂ် သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျော်ကပတ်လောက်သော ရဟန်းတို့သည် မလာကုန်၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

ဝီသတိဝဂ်သံဃာသည် ပြုအပ်သောကံ၌ ကံအားလျော်ကပတ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏။

http://www.dhammadownload.com



ဝိသတိဝဂ်သံဃာသည် ပြုအပ်သောကံ၌ ကံအားလျှောက်ပတ်လောက်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်၏၊ မျက်မှောက်ဖြစ်သော ရဟန်းတို့ သည် တားမြစ်ကုန်၏။

ဤတဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ပရိသတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

၄၉၅။ အပလောကနကံသည် အဘယ်မျှသော အရာတို့သို့ ရောက်သနည်း။ ဉတ္တိကံသည် အဘယ်မျှသော အရာတို့ သို့ ရောက်သနည်း။ ဉတ္တိဒုတိယကံသည် အဘယ်မျှသော အရာတို့သို့ ရောက်သနည်း၊ ဉတ္တိစတုတ္ထကံသည် အဘယ်မျှသော အရာတို့သို့ ရောက်သနည်း။

အပလောကနကံသည် ငါးပါးသော အရာတို့သို့ ရောက်၏။ဉတ္တိကံသည် ကိုးပါးသော အရာတို့သို့ ရောက်၏။ ဉတ္တိဒုတိယကံသည် ခုနစ်ပါးသော အရာတို့သို့ရောက်၏။ ဉတ္တိစတုတ္ထကံသည် ခုနစ်ပါး သော အရာတို့သို့ ရောက်၏။

၄၉၆။ အပလောကနကံသည် အဘယ်ငါးပါးသော အရာတို့သို့ ရောက်သနည်း။

ထုတ်သောသူကို သွင်းခြင်းကံ၊ ထုတ်ခြင်းကံ၊ ဆုံးရိတ်ခြင်းကံ၊ ဗြဟ္မဒဏ် ပေးခြင်းကံ၊ ငါးခု မြောက်သော ကံသည်သာ လက္ခဏာ ဖြစ်သော (အဝန္တိယ စသော)ကံ။

အပလောကနကံသည် ဤငါးပါးသော အရာတို့သို့ ရောက်၏။

ဉတ္တိကံသည် အဘယ်ကိုးပါးသော အရာတို့သို့ ရောက်သနည်း။

သွင်းခြင်းကံ၊ ထုတ်ခြင်းကံ၊ ဥပုသ်ကံ၊ ပဝါရဏာကံ၊ သမုတ်ခြင်းကံ၊ (သင်္ကန်းစသည်ကို)ပေး ခြင်းကံ၊ (အာပတ်ကို)ခံခြင်း၊ (ပဝါရဏာကို)ငင်ခြင်း၊ ကိုးခုမြောက်သော ကံသည်သာ လက္ခဏာ ဖြစ်သောကံ။

ဉတ္တိကံသည် ဤကိုးပါးသော အရာတို့သို့ ရောက်၏။

ဉတ္တိဒုတိယကံသည် အဘယ်ခုနစ်ပါးသော အရာတို့သို့ ရောက်သနည်း။

သွင်းခြင်းကံ၊ ထုတ်ခြင်းကံ၊ သမုတ်ခြင်းကံ၊ (သင်္ကန်းစသည်ကို)ပေးခြင်းကံ၊ ကထိန်နုတ်ခြင်းကံ၊ (ကုဋီကျောင်းရာကို)ကြားခြင်းကံ၊ ခုနစ်ခုမြောက်သော ကံသည်သာ လက္ခဏာဖြစ်သောကံ။

ဉတ္တိဒုတိယကံသည် ဤခုနစ်ပါးသော အရာတို့သို့ ရောက်၏။

ဉတ္တိစတုတ္ထကံသည် အဘယ်ခုနစ်ပါးသော အရာတို့သို့ ရောက်သနည်း။

သွင်းခြင်းကံ၊ ထုတ်ခြင်းကံ၊ သမုတ်ခြင်းကံ၊ (သင်္ကန်းစသည်ကို)ပေးခြင်းကံ၊ နှိပ်ခြင်းကံ၊ ဆုံးမခြင်းကံ၊ ခုနစ်ခုမြောက်သော ကံသည်သာ လက္ခဏာ ဖြစ်သောကံ။

ဉတ္တိစတုတ္ထကံသည် ဤခုနစ်ပါးသော အရာတို့သို့ ရောက်၏။

၄၉၇။ စတုဝဂ်သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော လေးပါးသော ရဟန်း တို့သည် ကံအားလျှောက်ပတ်ကုန်၏၊ ပကတိ သီလရှိကုန်သော ကြွင်းကျန်သော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊ သံဃာက ကံပြုခံရသည့် ရဟန်းသည် ကံအားမလျှောက်ပတ်၊ ဆန္ဒလည်းမထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

ပဉ္စဝဂ်သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော ငါးပါးသော ရဟန်းတို့သည် ကံအားလျှောက်ပတ်ကုန်၏၊ ပကတိ သီလရှိကုန်သော ကြွင်းသော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊

http://www.dhammadownload.com



သံဃာက ကံပြုခံရသည့် ရဟန်းသည် ကံအား မလျောက်ပတ်၊ ဆန္ဒလည်း မထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

ဒသဝဂ်သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော ဆယ်ပါးသော ရဟန်းတို့သည် ကံအားလျောက်ပတ်ကုန်၏၊ ပကတိ သီလရှိကုန်သော ကြွင်းကျန်သော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊ သံဃာက ကံပြုခံရသည့် ရဟန်းသည် ကံအား မလျောက်ပတ်၊ ဆန္ဒလည်းမထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

ဝီသတိဝဂ်သံဃာသည် ပြုအပ်သောကံ၌ ပကတိ သီလရှိကုန်သော နှစ်ဆယ်သော ရဟန်းတို့သည် ကံအားလျောက်ပတ်ကုန်၏၊ ပကတိ သီလရှိကုန်သော ကြွင်းကျန်သော ရဟန်းတို့သည် ဆန္ဒထိုက်ကုန်၏၊ သံဃာက ကံပြုခံရသည့် ရဟန်းသည် ကံအားမလျောက်ပတ်၊ ဆန္ဒလည်းမထိုက်၊ စင်စစ်မှာမူ ကံထိုက်၏။

ပဌမ ကမ္မဝဂ် ပြီး၏။

---

## ၂-အတ္ထဝသဝဂ်

၄၉၈။ နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်။

သံဃာတော်များ ချမ်းသာစေရန်။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

အကျင့်သီလဖောက်ဖျက်သူတို့ကို နှိပ်နင်းရန်။

အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်။

နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မျက်မှောက် ဘေးရန်တို့ကို ပိတ်ပင် တားမြစ်ခြင်းငှါ၊ အပါယ် ငရဲ စသည်၌ ကျရောက်စေတတ်သော ဘေးရန်တို့ကို (တမလွန်ဘေးရန်တို့ကို) ပယ်ဖျောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မျက်မှောက် အပြစ်တို့ကို ပိတ်ပင် တားမြစ်ခြင်းငှါ၊ အပယ်ငရဲ စသည်၌ ကျရောက်စေတတ်သော အပြစ်တို့ကို (တမလွန် အပြစ်တို့ကို) ပယ်ဖျောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မျက်မှောက်ဘေးတို့ကို ပိတ်ပင်တားမြစ်ခြင်းငှါ၊ တမလွန်ဘေးတို့ကို ပယ်ဖျောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို စွဲ၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မျက်မှောက် အကုသိုလ်တရားတို့ကို ပိတ်ပင်ခြင်းငှါ၊ တမလွန် အကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

လူတို့ကို စောင့်ရှောက်ခြင်းငှါ၊ ယုတ်မာသော အလိုရှိသော ရဟန်းတို့၏ အသင်းအပင်းကို ဖြတ်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေခြင်းငှါ၊ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေခြင်းငှါ။

http://www.dhammadownload.com



ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တန့်စေခြင်းငှါ၊ ဝိနည်း 'စည်းမျဉ်း ဥပဒေ'ကို ချီးမြှောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

နှစ်ခုမြောက် အတ္ထဝသဝဂ် ပြီး၏။

---

## ၃-ပညတ္တဝဂ်

၄၉၉။ နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား ပါတိမောက်ကို ပညတ်တော်မူ၏။ပ။ ပါတိမောက် ပြခြင်းကို ပညတ်တော်မူ၏။ ပါတိမောက် ထားခြင်းကို ပညတ်တော်မူ၏။ ပဝါရဏာကို ပညတ်တော်မူ၏။ ပဝါရဏာ ထားခြင်းကို ပညတ်တော်မူ၏။ တဇ္ဇနီယကံကို ပညတ်တော်မူ၏။ နိယဿကံကို ပညတ်တော်မူ၏။ ပဗ္ဗာဇနီယကံကို ပညတ်တော်မူ၏။ ပဋိသာရဏီယကံကို ပညတ်တော်မူ၏။ ဥက္ခေပနီယကံကို ပညတ်တော်မူ၏။ ပရိဝါသ် ပေးခြင်းကို ပညတ်တော်မူ၏။ အရင်းသို့ ငင်ခြင်းကို ပညတ်တော်မူ၏။ မာနတ်ပေးခြင်းကို ပညတ်တော်မူ၏။ အဗ္ဘာန်သွင်းခြင်းကို ပညတ်တော်မူ၏။ ဩသာရဏီယကံကို ပညတ်တော်မူ၏။ နိဿာရဏီယကံကို ပညတ်တော်မူ၏။ ဥပသမ္ပဒကံကို ပညတ်တော်မူ၏။အပလောကနကံကို ပညတ်တော်မူ၏။ဉတ္တိကံကို ပညတ်တော်မူ၏။ ဉတ္တိဒုတိယကံကို ပညတ်တော်မူ၏။ ဉတ္တိစတုတ္ထကံကို ပညတ်တော်မူ၏။ပ။

သုံးခုမြောက် ပညတ္တဝဂ် ပြီး၏။

---

## ၄-အပညတ္တေပညတ္တဝဂ်

၅၀၀။ပ။ မပညတ်အပ်သည်၌ ပညတ်တော်မူ၏၊ ပညတ်အပ်ပြီးသည်၌ နောက်ထပ် ပညတ်တော်မူ၏။ပ။ သမ္မုခါ ဝိနည်းကို ပညတ်တော်မူ၏။ပ။ သတိဝိနည်းကို ပညတ်တော်မူ၏။ပ။ အမူဠ္ဟဝိနည်းကို ပညတ်တော်မူ၏။ပ။ ပဋိညာတကရဏသမထကို ပညတ်တော်မူ၏။ပ။ ယေဘုယျသိကာသမထကို ပညတ်တော်မူ၏။ပ။ တဿပါပိယသိကာသမထကို ပညတ်တော်မူ၏။ပ။ တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏၊ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန် သံဃာတော်များ ချမ်းသာစေရန် ဤအကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

http://www.dhammadownload.com



နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရက သမထကို ပညတ်တော်မူ၏။

အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိပ်နင်းရန်၊ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန် ။

ဤအကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရက သမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏာဝတ္ထာရက သမထကို ပညတ်တော်မူ၏။

မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်၊ နောင် ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

မျက်မှောက်ဘေးရန်တို့ကို ပိတ်ပင်ခြင်းငှါ၊ တမလွန်ဘေးရန်တို့ကို ပယ်ဖျောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရက သမထကို ပညတ်တော်မူ၏။

မျက်မှောက် အပြစ်တို့ကို ပိတ်ပင် တားမြစ်ခြင်းငှါ၊ တမလွန် အပြစ်တို့ကို ပယ်ဖျောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

မျက်မှောက်ဘေးတို့ကို ပိတ်ပင် တားမြစ်ခြင်းငှါ၊ တမလွန်ဘေးတို့ကို ပယ်ဖျောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

မျက်မှောက် အကုသိုလ်တရားတို့ကို ပိတ်ပင်တားမြစ်ခြင်းငှါ၊ တမလွန် အကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်းငှါ။

http://www.dhammadownload.com



ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိက္ခဝတ္ထာရက သမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရက သမထကို ပညတ်တော်မူ၏။

လူတို့ကို စောင့်ရှောက်ခြင်းငှါ၊ ယုတ်မာသော အလိုရှိသော ရဟန်းတို့၏ အသင်းအပင်းကို ဖြတ်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရက သမထကို ပညတ်တော်မူ၏။

မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေခြင်းငှါ၊ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တန့်စေခြင်းငှါ၊ ဝိနည်း'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ခြင်းငှါ။

ဤနှစ်ပါးသော အကျိုးထူးတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တပည့်သားတို့အား တိဏဝတ္ထာရကသမထကို ပညတ်တော်မူ၏။

လေးခုမြောက် အပညတ္တေပညတ္တဝဂ် ပြီး၏။

---

## ၅-နဝသင်္ဂဟဝဂ်

၅၀၁။ ရေတွက်ခြင်းတို့သည် ကိုးပါးတို့တည်း။

ဝတ္ထုဖြင့် ရေတွက်ခြင်း၊ ပျက်စီးခြင်းဖြင့် ရေတွက်ခြင်း၊ အာပတ်ဖြင့် ရေတွက်ခြင်း၊ နိဒါန်းဖြင့် ရေတွက်ခြင်း၊ ပုဂ္ဂိုလ်ဖြင့် ရေတွက်ခြင်း၊ အာပတ်အစုဖြင့် ရေတွက်ခြင်း၊ သမုဋ္ဌာန်ဖြင့် ရေတွက်ခြင်း၊ အဓိကရုဏ်းဖြင့် ရေတွက်ခြင်း၊ သမထဖြင့် ရေတွက်ခြင်း။ ဤကိုးပါးတို့တည်း။

အဓိကရုဏ်း ဖြစ်သည်ရှိသော် စီးပွါးဥစ္စာကြောင့် ရန်သူ ဖြစ်သော နှစ်ပါးသော ရဟန်းတို့သည် အကယ်၍ လာကုန်အံ့၊ နှစ်ပါးသော ရဟန်းတို့အားလည်း ဝတ္ထုကို ကြားစေအပ်၏၊ နှစ်ပါးသော ရဟန်းတို့အားလည်း ဝတ္ထုကို ကြားစေပြီး၍ နှစ်ပါးသော ရဟန်းတို့အားလည်း ဝန်ခံစေအပ်၏။

http://www.dhammadownload.com



နှစ်ပါးသော ရဟန်းတို့၏လည်း ဝန်ခံခြင်းကို ကြား၍ နှစ်ပါးသော ရဟန်းတို့ကိုလည်း "ငါတို့၏ ဤအဓိကရုဏ်းကို ငြိမ်းရာ၌ သင်ရဟန်းနှစ်ပါးတို့သည်လည်း နှစ်သက်ကုန်သည် ဖြစ်ကြကုန်အံ့လော" ဟု ဆိုအပ်ကုန်၏။

ရဟန်းနှစ်ပါးတို့သည်လည်း "နှစ်သက်ကုန်သည် ဖြစ်ပါကုန်အံ့"ဟု အကယ်၍ ဆိုကုန်အံ့၊ သံဃာသည် ထိုအဓိကရုဏ်းကို ဝန်ခံအပ်၏၊ အလဇ္ဇီများသော ပရိသတ်သည် အကယ်၍ ဖြစ်အံ့၊ (ဤသို့ ဖြစ်သော်)ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် ငြိမ်းစေအပ်၏။

လူမိုက်များသော ပရိသတ်သည် အကယ်၍ ဖြစ်အံ့၊ (ဤသို့ ဖြစ်သော်)ဝိနည်းဓိုရ်ကို ရှာမှီးအပ်၏၊ အကြြင်တရားသဘောဖြင့် အကြင်ဝိနည်းဖြင့် အကြင် မြတ်စွာဘုရား အဆုံးအမဖြင့် ထို အဓိကရုဏ်းသည် ငြိမ်း၏၊ ထို(တရားသဘော ဝိနည်း မြတ်စွာဘုရား အဆုံးအမဖြင့်)ထိုအဓိကရုဏ်းကို ငြိမ်းစေအပ်၏။

ဝတ္ထုကို သိအပ်၏၊ အနွယ်ကိုသိအပ်၏၊ အမည်ကို သိအပ်၏၊ အာပတ်ကို သိအပ်၏။

မေထုန်အကျင့် ဟူသည်ကား ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။

ပါရာဇိကဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။

မပေးသည်ကို ယူခြင်းဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။

ပါရာဇိက ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။

လူကိုယ်ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။

ပါရာဇိကဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။

လူတို့၏ ကုသိုလ်ကမ္မပထတရားထက် မြတ်သော တရားဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။

ပါရာဇိက ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။

သုက်လွှတ်ခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ ကိုယ်လက်နှီးနှောခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ ကြမ်းတမ်းသော စကားဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ မိမိအလိုရှိအပ်သော ကာမဂုဏ် ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏၊ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ အောင်သွယ်ခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ ကိုယ်တိုင်တောင်းအပ်သော အဆောက်အဦ ဖြင့် ကုဋီကို ပြုစေခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ ကြီးသောကျောင်းကို ပြုစေခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ်ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ ရဟန်းကို အရင်းမရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ်ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ ရဟန်းကို တပါးသော အဖို့ရှိသော အဓိကရုဏ်း၏

http://www.dhammadownload.com



တစုံတရာ ညွှန်းအပ်သော အမြွက်မျှကို စွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏။ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ သံဃာသင်းခွဲသော ရဟန်းအား သုံးကြိမ်တိုင်အောင် (ဉ တ်ကမ္မဝါစာဖြင့်) ဆုံးမပါလျက် (အယူကို) မစွန့်ခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ သင်းခွဲသော ရဟန်းသို့ အတုလိုက်သော ရဟန်းတို့အား သုံးကြိမ်တိုင် အောင် (ဉ တ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ် လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ ဆုံးမခက်သော ရဟန်းအား သုံးကြိမ်တိုင်အောင် (ဉ တ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။

သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏၊ အမျိုးကို ဖျက်သော ရဟန်းအား သုံးကြိမ်တိုင်အောင် (ဉ တ်ကမ္မဝါစာဖြင့်)ဆုံးမပါလျက် (အယူကို)မစွန့်ခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ သံဃာဒိသိသ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။ပ။ မရှိသေခြင်းကိုစွဲ၍ ရေ၌ ကျင်ကြီးကိုငင်း ကျင်ငယ်ကိုငင်း တံထွေးကိုငင်း ပြုခြင်း ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်း ဖြစ်၏။ ဒုက္ကဋ် ဟူသည် အမည်လည်း ဖြစ်၏၊ အာပတ်လည်း ဖြစ်၏။

ငါးခုမြောက် နဝသင်္ဂဟဝဂ် ပြီး၏။

ထိုကမ္မဝဂ် အစရှိသောဝဂ်၏ အကျဉ်းချုပ်—

အပလောကနကံ၊ ဉ တ္တိကံ၊ ဉ တ်လျှင် နှစ်ခုမြောက်သောကံ၊ ဉ တ်လျှင် လေးကြိမ် မြောက်သောကံ၊ ဝတ္ထု၊ ဉ တ်၊ ကမ္မဝါစာ၊ သိမ်၊ ပရိသတ်၊ မျက်မှောက်ပြုအပ်သောကံ၊ မေး၍ ပြုအပ်သောကံ၊ ဝန်ခံသဖြင့် ပြုအပ်သောကံ၊ သတိဝိနည်းထိုက်သောပုဂ္ဂိုလ်၊ ဝတ္ထု သံဃာ ပုဂ္ဂိုလ် ဉ တ်ကို မသုံးသပ်ခြင်း၊ နောက်မှ ဉ တ်ထားခြင်း၊ ဝတ္ထုသံဃာ ပုဂ္ဂိုလ်ကြားခြင်းမှ ယုတ်ခြင်း၊ အခါမဟုတ်သည်၌ ကြားခြင်း၊ အလွန်ငယ်သောသိမ်၊ အလွန်ကြီးသောသိမ်၊ နိမိတ်ပြတ်သော သိမ်၊ အရိပ်လျှင် နိမိတ်ရှိသောသိမ်၊ သိမ်ပဉ္စ တည်လျက် သမုတ်သော သိမ်၊ မြစ်သိမ်၊ သမုဒ္ဒရာ သိမ်၊ ထုံးအိုင်သိမ်၊သိမ်ချင်းချင်းစပ်သောသိမ်၊ မိမိသိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုးသောသိမ်၊ လေးပါး ငါးပါးဝဂ် သံဃာသည် ပြုအပ်သောကံ။

ဆယ်ပါးသောဝဂ်သံဃာ နှစ်ဆယ်သောဝဂ်သံဃာသည် ပြုအပ်သော ကံ၊ ဆန္ဒကို မဆောင် ခြင်း ဆန္ဒကို ဆောင်ခြင်း ကံအားလျှောက်ပတ်ခြင်း (ကံထိုက်ရဟန်း)ဆန္ဒထိုက်သော ရဟန်း ကံထိုက်သောပုဂ္ဂိုလ်၊ အပလောကနကံသည် ငါးပါးသော အရာသို့ ရောက်၏၊ ဉ တ္တိကံသည် ကိုးပါးသော အရာသို့ ရောက်၏၊ ဉ တ်လျှင်နှစ်ကြိမ်မြောက်သော ကံသည် ခုနစ်ပါးသော အရာသို့ ရောက်၏၊ ဉ တ်လျှင် လေးကြိမ်မြောက်သော ကံသည် ခုနစ်ပါးသော အရာသို့ ရောက်၏၊(သံဃာ)ကောင်းသည်၏ အဖြစ်၊ ချမ်းသာသည်၏အဖြစ်၊ သီလမရှိသည်၏ အဖြစ်၊ သီလချစ်ခင်သည်၏အဖြစ်၊ အာသဝေါတရားတို့ကို စောင့်ရှောက်ခြင်း၊ ရန်အပြစ်ဘေးကိုငင်း အကုသိုလ် လူတို့အား စောင့်ရှောက်ခြင်း၊ ယုတ်မာသော အလိုရှိသောရဟန်း၊ မကြည်ညိုသူ တို့ကို ကြည်ညိုစေခြင်း၊ ကြည်ညိုပြီးသူတို့ကို တိုး၍ ကြည်ညိုစေခြင်း၊ သူတော်ကောင်း တရားကို

http://www.dhammadownload.com



ရှည်စွာ တည်စေခြင်း၊ ဝိနည်းလေးပါးကို ချီးမြှောက်ခြင်း၊ပါတိမောက်ကို ပြခြင်း၊ပါတိမောက်ကို ထားခြင်း၊ ပဝါရဏာကို ထားခြင်း၊ တဇ္ဇနီယကံ၊ နိယဿကံ၊ပဗ္ဗာဇနီယကံ၊ ပဋိသာရဏီယကံ၊ ဥက္ခေပနီယကံ၊ ပရိဝါသ်ပေးခြင်း၊ အရင်းသို့ ငင်ခြင်း၊ မာနတ်ကို ပေးခြင်း၊ အဗ္ဘာန်သွင်းခြင်း၊ သွင်းခြင်း ဩသာရဏီယ၊ထုတ်ခြင်း နိဿာရဏီယ၊ထိုမှ တပါး ပဥ္စင်းခံခြင်း၊ အပလောကနကံ၊ ဉတ္တိကံ၊ ဉတ်လျှင် နှစ်ကြိမ်မြောက်ကံ၊ ဉတ်လျှင်လေးကြိမ်မြောက်ကံ၊ မပညတ်သည်၌ တဖန် ပညတ်ခြင်း၊ သမ္မုခါဝိနည်း၊ သတိဝိနည်း၊ အမူဠှဝိနည်း၊ ယေဘုယျသိကာ ဝိနည်းကံ၊ တဿပါပိယသိကာဝိနည်းကံ၊ တိဏဝတ္ထာရကဝိနည်းကံ၊ ဝတ္တ ပျက်စီးခြင်း၊ အာပတ်၊ နိဒါန်း၊ ပုဂ္ဂိုလ်၊ အစု၊ ဖြစ်ကြောင်း၊ အဓိကရုဏ်း၊ ငြိမ်းခြင်းတို့ကို ရေတွက်ခြင်း၊ အမည်၊ ထိုမှ တပါး အာပတ်။

ဤကား အကျဉ်းချုပ် အပြီးတည်း။

ပရိဝါ ပြီး၏။

# ပရိဝါပါဠိတော် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

## ပရိဝါပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကာလသက်န်း | ၂၅ |
| အကျိုးထူးဆယ်ပါး | ၃၄၅ |
| အကြောင်းရင်းနှင့်တကွ | ၂၉၁ |
| အခွဲနှင့်တကွ သုံးကံသထက် | ၁၅၄ |
| အချည်းနှီးရေချိုးသော | ၂၀၁ |
| အဂါရဝတို့သည် ခြောက်ပါး | ၃၂၇ |
| အညဝါဒက ကံ | ၉၆ |
| အတိရိတ်ဝိနည်းကံ | ၄၉ |
| အတူမဆွေးနွေးအပ် | ၄၄၅ |
| အတွင်းသုံးဆောင်ခြင်း | ၃၀၀ |
| အထူးစီရင်ခြင်းသို့ | ၉၁ |
| အဓိကရုဏ်းလေးမျိုး | ၃ |
| အနုပညတ် | ၁ |
| အနုပညတ်လေးပါး ရှိ၏ | ၄၈ |
| အနုပ္ပန္နပညတ်ရှိသလော | ၁၃၉ |
| အန္တဂ္ဂါဟိက ဒိဋ္ဌိ | ၃၉၃ |
| အဖွဲ့ငါးခု မပြည့်သေးသော | ၃၂ |
| အဘိဝိနယ | ၃ |
| အမိရင်းဖြစ်သော မိန်းမ | ၄၈၀ |
| အမိသည်လည်း သားကို စွပ်စွဲ၏ | ၃၇၁ |
| အမေးဟူသည်ကား | ၃၉၆ |
| အမြွက်မျှကိုစွဲ၍ | ၁၃၁ |
| အရင်းမရှိ ရွှံရှာအပ်သူ | ၃၉၅ |
| အရုံကို ဆောင်စေသော | ၁၉၈ |
| အလွန်စင်ကြယ်သောစိတ် | ၃၃၁ |
| အသင်းအပင်း ရှိ၏ | ၃၉၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာဇီဝဝိပတ္တိဟူသော | ၂၆၁ |
| အာပတ်ကိုသိ၏ | ၄၃၇ |
| အာပတ်ငါးပါးအစု | ၂၄၃ |
| အာပတ္တာဓိကရုဏ်း | ၃ |
| အာပတ်သာ ထူး၍ | ၃၁၄ |
| အာပတ်သင့်ခြင်းအကြောင်း | ၁၇ |
| အာယုကပ်ပတ်လုံး | ၄၅၇ |
| အာသာပြတ်ခြင်း | ၄၀၉ |
| အိမ်သို့ကပ်သောရဟန်း | ၃၂၅ |
| အောင်သွယ်ခြင်းသို့ ရောက်သော | ၄၆၄ |
| **[ ဤ ]** | |
| ဤမေတ္တာဝစီကံ | ၂၄၇ |
| **[ ဥ ]** | |
| ဥတုနှီးသက်န်း | ၁၇၁ |
| ဥဒ္ဒါလကအာပတ် | ၃၅၁ |
| ဥပစာမရှိသော | ၄၇၈ |
| ဥပစာရသိမ်အတွင်း | ၃၁၆ |
| ဥပဇ္ဈာယ်ပုံ၍ ပဋ္ဌင်းခံပေးခြင်း | ၁၈၁ |
| ဥပါလိမထေရ် | ၂၁ |
| ဥပုသ်ကို သိ၏ | ၄၁၁ |
| ဥဗ္ဗာဟိကကမ္မဝါစာ | ၄၄၆ |
| ဥဘတောပညတ် | ၁ |
| ဥဿယဝါဒိက | ၁၄၅ |
| **[ ဦး ]** | |
| ဦးခေါင်းကို လှုပ်ကာ | ၁၁၀ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ ဧ ]

ဧကေတောပညတ် ၁
ဧဠကလောမသမုဋ္ဌာန် ၅၁
ဧည့်သည်တို့ တည်းခိုရာ ၄၇

[ က ]

ကံ၏ဝတ္ထု ၄၂၂
ကံကို သိထိုက်၏ ၃၀၆
ကထိန်နုတ်ခြင်းကို ၁၆၅
ကမ္ဗလပါစာနှစ်ကြိမ် ၁၉၅
ကုသိုလ်ကမ္မပထတရား ၁၂၉
ကုန်ရောင်းကုန်ဝယ် သိက္ခာပုဒ် ၃၆
ကိုယ်နှင့်စပ်သောဝတ္ထု ၈၈
ကိုယ်လက်နှိုးနှော့ခြင်း ၁၂၉
ကျေးဇူးမဲ့ကို ပြောဆိုခြင်း ၃၀၈
ကျင်ကြီးစွန့်သောအခါ ၃၁၀
ကြက်သွန်ကို ဆောင်စေခြင်း ၁၅၅
ကြည်ညိုဖွယ်ရှိသော ၃၂၅

[ ခ ]

ခုနစ်ပါးသောသမထ ၂၅၁
ခံမည် စားမည်ဟု ၂၂၀
ခါးတော်တန်ဆာ ၁၈၅
ခက်မဲ့ပေါက်ရောက်သော ၁၇၅
ချိတက်သော စစ်တပ် ၅၃
ချိပ်တောင့်ကိုယူသော ၁၅၆
ချိုင်းထိုး ကစားခြင်း ၅၅
ခြေနင်းစီးသောသူ ၁၀၃
ခွေးစသည် စ းအပ်ပြီးသော ၁၃၅

[ ဂ ]

ဂိုဏ်း၏အလိုကို မသိပဲ ၂၂၇
ဂိုဏ်းသည် ကထိန်ကို မခင်း ၄၀၇

[ င ]

ငါးပဲထိုက်သောဥစ္စာ ၈၇
ငါးပါးသောအင်္ဂါ ၃၁၉
ငါးဖွဲ့ အဖွဲ့အစပ်ငါးခု ၉၃
ငြင်းခုံခြင်းမေဓက ၃၇၀

[ စ ]

စဏ္ဍကာဠီဘိက္ခုနီမ ၁၆၁
စပါးစိမ်းကိုတောင်း၍ ၁၅၇
စာရေးတံမဲ ယူစေခြင်း ၄၅၅
စူးရှကျယ်လောင်သော ၁၁၀
စောဒက ရဟန်း ၄၃၁
စပ်စပ်မြည်အောင် ၈၁
စိမ်းသောမြက်သစ်ပင် ၁၁၄
စိုစွတ်သည်ဖြစ်၍ ၁၉၃

[ ဆ ]

ဆန္ဒပေးပြီးနောက် ၆၄
ဆန္ဒပေးသောရဟန်း ၃၅၇
ဆဗ္ဗဂ္ဂီရဟန်း ၂၄
ဆေးအပိုင်းအခြား ၅၃
ဆဲရေးခြင်းငါ့ အလိုမရှိ ၂၅၅
ဆဲရေးရေရွတ်သော ၂၀၅
ဆွေမျိုးပျက်စီးခြင်း ၄၄၂
ဆင်းဆင်းရဲရဲ အိပ်ရ၏ ၄၆၀
ဆယ်နှစ်ရှိသော ယောကျ်ား ၃၃၉
ဆွမ်းလုပ်နှင့်တကွသော ၈၀
ဆိတ်ငြိမ်ခြင်း ငါးပါး ၂၅၉

[ ဇ ]

ဇီဝိတိန္ဒြေမှ ချခြင်း ၅၈

[ ဥ ]

ဥ ယျမံတရား ငါးပါး ၂၅၇
ဥ တ်၏အဆုံး၌ ၉၀

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ည ]** | |
| ညီညွတ်စွာ ဖြစ်ခြင်း | ၂၄၀ |
| ညဥ့်အပိုင်းအခြား | ၅၃ |
| ညွတ်စေပြီးသည်ရှိသော် | ၉၄ |
| ညောင်စောင်းတခုတည်း | ၁၆၅ |
| **[ တ ]** | |
| တရားဆုံးဖြတ်သည်ရှိသော် | ၄၁၉ |
| တူသောပေါင်းသင် ခြင်း | ၄၂၅ |
| တွင်းကို ကူးအံ့ | ၁၀၃ |
| တောင်း၍စားသောရဟန်း | ၅၀ |
| **[ ထ ]** | |
| ထီးကိုင်ထားသူ | ဂ၂ |
| ထူးအောင် ပညတ်ခြင်းငှါ | ၂၇၉ |
| ထေယျသတ္တကသမုဋ္ဌာန် | ၁၅၉ |
| ထောပတ်ကိုတောင်း၍စားကြခြင်း | ၁၉၀ |
| ထင်ရှားရှိသော ခိုးသူကြီး | ၃၂၀ |
| ထုတ်ချင်းမထွင်းသော | ၁၆၀ |
| ထောင်လွှားသော စကား | ၄၁၇ |
| **[ ဒ ]** | |
| ဒါယကာတို့အိမ် | ၂၀၀ |
| ဒါယကာတို့ လှူသောသင်္ကန်း | ၂၉၉ |
| ဒိဋ္ဌိဝိပတ္တိဟူသော | ၂၆၀ |
| ဒုတိယအာပတ္တိသမုဋ္ဌာန် | ၂၄၉ |
| ဒွေနဝက နှစ်ပါး | ၃၃၆ |
| **[ ဓ ]** | |
| ဓမ္မဒေသနာသိက္ခာပုဒ် | ၂၄၀ |
| ဓမ္မကပါတိမောက်ထားခြင်း | ၃၃၅ |
| ဓုရနိက္ခေပသမုဋ္ဌာန် | ၁၄၉ |
| ဓားသန်လျက် ကိုင်ထားသူ | ဂ၃ |
| **[ န ]** | |
| နိဒါန်း၌အကျုံးဝင်၏ | ၁၄၅ |
| နိသီဒိုင်အခင်း | ၉၂ |
| နေမင်း၏အဆွေ | ၃၅၁ |
| နေလွဲသောအခါ | ၆၇ |
| နှစ်တောင့်ထွာ ဟတ္ထပါသ် | ၂၂၇ |
| နှိုင်းချိန်ခြင်းသည် | ၃ဂ၃ |
| နှို့တိုက်သောမိန်းမ | ၁၇၆ |
| နို့ဓမ်းကို တောင်း၍ | ၁၉၂ |
| **[ ပ ]** | |
| ပကတိသီလမရှိသူ | ၄-၆ |
| ပကတတ်ရဟန်းလည်း မဟုတ် | ၃၀၉ |
| ပစ္စုဒ္ဓိုရ် မပြုပဲ | ၅ဂ |
| ပညာရှိတို့သည် ကြံအပ်၏ | ၄၇ဂ |
| ပဋိညာတကရဏ | ၁၃၅ |
| ပဋ္ဌမ ဖဝါးလှမ်း | ၉၇ |
| ပဒသောဓမ္မသမုဋ္ဌာန် | ၁၇၂ |
| ပမာဏကို လွန်သော | ၆ဂ |
| ပရိက္ခရာကို လဲလှယ် | ၁၅၂ |
| ပရိဗိုဇ်ယောကျ်ားအား | ၂၀၄ |
| ပရိယာယ်ကေားမည့်သည် | ၃၉ဂ |
| ပရိဝါသ်ကို ပေး၏ | ၃၅၃ |
| ပရိသတ်ဖျက်ဆီးတတ်သော | ၃၁၄ |
| ပဿာဝမက်အနီး | ၁၅၅ |
| ပါတိမောက်ပြခြင်းငါးမျိုး | ၁၁၉ |
| ပါရာဇိကသို့ ရောက်၏ | ၄၂၇ |
| ပိဏ္ဍပါတ်ခုတင် | ၃၂၃ |
| ပုဆိုးအာယောဂပတ် | ၇ဂ |
| ပုထုဇဉ်ဖြင်သော ရဟန်း | ၂၉ဂ |
| ပေါ့သောအာပတ်သင့်ခြင်း | ၂၉၇ |
| ပွတ်သပ်ဆုပ်နယ်စေသော | ၁ဂ၆ |
| ပိုးချည်နှင့်ရောသော | ၂ဂ |
| ပိုးရှိသော ရေ | ၄၃ |
| ပြုပြီးသော သင်္ကန်း | ၃၃၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဖ ]** | |
| ဖုံးလွှမ်းခြင်းတို့သည် | ၃၀၅ |
| ဖြားယောင်းသော ရဟန်း | ၆၁ |
| **[ ဘ ]** | |
| ဘဏ္ဍတိုင်းတို့၌ ပညတ်အပ်ကုန်၏ | ၃၄၀ |
| ဘယာဂတိသို့ လိုက်သော | ၃၀၉ |
| ဘိနပ်စီးသောသူ | ၁၁၃ |
| ဘုရားတည်းဟူသော လမင်း | ၂၃၄ |
| ဘူတဂါမ် ဗီဇဂါမ် | ၄၀ |
| ဘေးရှိသော တိုင်းပြည်အတွင်း | ၁၆၇ |
| ဘုံတို့ကား အဘယ်မျှတို့နည်း | ၂၆၀ |
| **[ မ ]** | |
| မအောက်မေ့စေပဲ | ၄၀၀ |
| မချမ်းသာခြင်းကို ပြုသော | ၂၀၂ |
| မတွေ့ဝေခြင်း၏ အကြောင်း | ၂၄၁ |
| မနုဿဇာတ် | ၁၂၅ |
| မရှိသေခြင်းကို စွဲ၍ | ၁၃၃ |
| မဟိန္ဒမထေရ် | ၃၁ |
| မာတုဂါမနှင့် အတူတကွ | ၃၀ |
| မိမိအားညွှတ်စေသော | ၃၅ |
| မေတ္တာစေတောဝိမုတ္တိ | ၃၄၀ |
| မေတ္တိယဘုမ္မဇက | ၁၅ |
| မောဟာဂတိသို့ လိုက်သော | ၃၀၀ |
| မှီရာနိဿရည်း | ၃၂၉ |
| မင်း၏နန်းတော်တွင်း | ၁၀၆ |
| မျိုးတိုင်းမျိုးတိုင်း | ၉၉ |
| မြေကိုတူးသောရဟန်း | ၉၆ |
| မြင်အပ်သောဝတ္ထု | ၃၇၇ |
| မြင့်သောညောင်စောင်း | ၆၇ |
| မြတ်စွာဘုရား သင်္ကန်းတော် | ၁၀၇ |
| **[ ယ ]** | |
| ယာဝတတိယကအာပတ် | ၃၃၅ |
| ယေဘုယျသိကာသမထ | ၂၇၁ |
| ယစ်မူးကြောင်းဖြစ်သော သေအရက် | ၄၄၁ |
| ယောကျ်ား၏ ဦးခေါင်းမလွှတ် | ၄၃ |
| ယောကျ်ားသွားလာဘူးသော | ၁၇၇ |
| **[ ရ ]** | |
| ရုံခါအာစာရဝိပတ္တိ | ၁၉ |
| ရုံခါသီလဝိပတ္တိ | ၁၉ |
| ရောဟနဇနပုဒ် | ၁၁ |
| ရွာတွင်း ဂေါစရဂါမ် | ၇၅ |
| ရှရှ ရှရှ မြည်အောင် | ၁၁၂ |
| ရွှေနောက်စကားကို မသိ | ၃၇၅ |
| ရွှေမှု မပန်ကြားပဲ | ၁၀၀ |
| ရန်ငါးပါး ကြဉ်ရှောင်ခြင်း | ၄၄၂ |
| ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်း | ၃၃၆ |
| ရှစ်ခုမြောက်သော ဝတ္ထု | ၁၄၄ |
| **[ လ ]** | |
| လူဇာတ်ဖြစ်သောသူ | ဂ၇ |
| လူသာမဏေအား | ၉၅ |
| လေးသော အာပတ် သင့်ခြင်း | ၂၉၆ |
| လဲသွတ်သော ညောင်စောင်း | ၆ဂ |
| လက်အာယောဂပတ် | ၇ဂ |
| လိုင်ပြန်သော ရဟန်း | ၃၁၃ |
| လွန်ကဲသော သီလ | ၄၁၃ |
| လျှောက်ပတ်သောအခါ | ၃၇၅ |
| **[ ဝ ]** | |
| ဝဂ္ဂုမုဒါမြစ်ကမ်း | ၇ |
| ဝတ္ထုကို မသိ | ၄၃၆ |
| ဝါကျွတ်သောအခါ | ၂၀၃ |
| ဝိနယဂရုကအာပတ် | ၄၆၉ |
| ဝိနီတဝတ္ထုငါးပါး | ၂၄၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝိနည်းကိုကဲ့ရဲ့သော | ၆၂ |
| ဝိနည်းဓိုရ်ပုဂ္ဂိုလ် | ၃၂၆ |
| ဝိပတ္တိလေးမျိုး | ၉ |
| ဝိဝါဒမူလခြောက်ပါး | ၂၄၄ |
| ဝစ္စမဂ်္ဂ ပဿာဝမဂ် | ၁၃၀ |
| ဝန်ခံအုံ့ စုံစမ်းအုံ့ | ၇၉ |
| **[ သ ]** | |
| သံဃာ့အလယ်၌ | ၄၃၉ |
| သံဃာ၏ဥစ္စာ | ၆၅ |
| သံဃာကို ညှဉ်းဆဲခြင်း | ၄၁ |
| သံဃာ ခွင့်ပြုသဖြင့် | ၃၇၂ |
| သာ သင်းခွဲသောသူ | ၄၅၃ |
| သံဃာဒိသိသ်အာပတ် | ၁၂၁ |
| သက်န်းရနိုးခြင်း | ၄၀၂ |
| သညာဝိမောက္ခအာပတ် | ၂၀၆ |
| သတ္တရသဝဂ္ဂိရဟန်း | ၅၅ |
| သဒ္ဒါနိရုတ္တိနှစ်ရာ | ၃၄၆ |
| သဒ္ဒါတရားကို ဖျက်ဆီးသော | ၄၆၅ |
| သဒ္ဒါပွါးများ ဥစ္စာပါးသော | ၈၃ |
| **[ သ ]** | |
| သဗ္ဗတ္ထပညတ်လော | ၂ |
| သမထနှင့်တူသော | ၂၈၃ |
| သမုဒယရှိသနည်း | ၄၀၁ |
| သမ္မိန္နသမုဋ္ဌာန် | ၂၃၄ |
| သမ္မုခါဝိနယ | ၁၁၆ |
| သာဓာရဏပညတ်လော | ၁၉ |
| သာရဏီယတရား | ၂၄၈ |
| သိက္ခမာန်မ | ၁၇၀ |
| သီကုံးဖွဲ့ပါကုန်မူကား | ၂၃၄ |
| သီလချစ်ခင်သော ရဟန်း | ၃၈ |
| သုတသဒ္ဒါဖြင့် ကြား၏ | ၄၂၉ |
| သုန္ဒရီနန္ဒာ ဘိက္ခုနီမ | ၁၄၈ |
| သေအရက်ကို သောက်သော | ၂၀၂ |
| သေစေလိုသောစိတ် | ၇၈ |
| သိုးလေပြီးသော ဆန္ဒ | ၂၀၉ |
| သုံးညဉ့်ထက် အလွန် | ၅၄ |
| **[ ဟ ]** | |
| ဟင်းလင်းပွင့်ပါမူ | ၃၀၅ |
| ဟင်းလင်းပွင့်သောခံတွင်း | ၁၁၈ |
| ဟုတ်မှန်သောဝတ္ထု | ၄၁၈ |

http://www.dhammadownload.com

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်